www.burmeseclassic.com

လာဘ်မိုးရွာ စာပေ  မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း



ရှင်သီဝလိမထေရ်မြတ်

(စာ - ၁၂၁)



မင်းသိခ် ၏ ဥုမ်

(စာ - ၄၇)



မိုင်းဖုန်းဆရာတော်

(စာ - ၈၉)



ဆရာကြီးမင်းသိခ် ၏

မသိကြလျှင် မေးကြည့်ဦး(၄)(စာ - ၄၃)

- ယတြာကောင်းလျှင် (စာ - ၈၅)
- ရှင်သီဝလိအစီအရင် (စာ - ၁၀၅)
- ပုဏ္ဏားအကြောင်း (စာ - ၁၃၉)

ရဲစိုး၊ မင်းသိခ်၊ ကျော်မြသန်း၊ နန္ဒာမိုးကြယ်၊
မနဿကျော်ဝင်း တို့၏ အခန်းဆက်ရသဝတ္ထုများ

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရောင်ပြန် မဂ္ဂဇင်း

၂၀၁၈ - ခုနှစ်၊ ဖေဖော်ဝါရီလ၊ အမှတ် (၂၈၉)


# မာတိကာ

## ရောင်ပြန် ကဗျာ

နန္ဒာမိုးကြယ်၊ မင်းထက်သားညီ၊ ချစ်မှန်းငြိမ်း၊ ခြယ်မှုန်းသီ၊ အင်ကြင်းမေ၊ လူတူလူ(အေ၊ ဗိုင်၊ ဇက်)၊ အေးမြပိုင်စိုး(ချောက်)၊ သွေးရည်


## ရောင်ပြန် လူ့ဂုဏ်ဆန်းကြယ်

ပြည်တွင်းပြည်ပ ဝိညာဉ်လောက ယုံကြည်ချက်များ(၆)
လှတိုး(စိတ်ပညာ) ---------------- ၅၄




## ရောင်ပြန် အခန်းဆက်ရသ


တစ်နဲ့ကိုး(၁၂)
ရဲစိုး ----------------
ဘိုးသောဘီဘင်(၂)
မင်းသိခ် ----------------
စီရင်ချက်(၂)
ကျော်မြသန်း ----------------
ဘုရင်မကြီး ရှင်စောပု(၄)
နန္ဒာမိုးကြယ် ----------------
သေပြီးသော်မှ ပြန်ရှင်ရ၏(ဇာတ်သိမ်း)
မနသသကျော်ဝင်း ----------------
မာယာဒေဝီနှင့် ကျောက်စိမ်းရုပ် အရုပ်တော်ပုံ(၁၇)
မောင်ယဉ်မွှန်(မောင်နေခြည်) ----------------






www.burmeseclassic.com

- ၇၄




## မြန်မာ့ရေးရာ


...သာသနာနှင့် ဣန္ဒာသသယအဘယမုနိ
...လှမျိုး(B.Sc) ---------- ၁၇
... ဗျာဒိတ်တော်ရ နဝင်းဂုဏ်ရည် ရွှေအံတော်စေတီ
... ကျုံမငေး) ---------- ၂၂
...ကီရဲ့ သမိုင်းဝင်ကောင်းမှုတော်စေတီတော်မြတ်ကြီး
...သားညီ(တောင်ငူ) ---------- ၂၆
...ရေးကဲ ကြီးမားသူ
...နှင်း(ကန္တာရဝတီ) ---------- ၃၉
...ရာတော်၏ အကျင့်မြတ်နှင့် ဖြစ်ရပ်ဆန်းများ
...ဟိန်း(နံ့သာ) ---------- ၇၉



...ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး

**လာဘ်မိုးရွာ စာပေ**

တိုက်-၂၇၊ အခန်း-၁၂(မြေညီထပ်)
...လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
၀၉-၄၂၁၀၀၅၉၂၅၊ ၀၉-၅၀၉၂၄၇၇


## ရောင်ပြန် ရသ



ဂမ္ဘီရမမ
ပီတာမြဦး ---------- ၁၆၂
စံမပီတော့သည့်အချစ်
မြမြလှိုင် ---------- ၁၈၂
ဘ၀တစ်ပါးရောက်တဲ့တိုင် ခွင့်မလွှတ်နိုင်
ဝင်းသောင်(ရမည်းသင်း) ---------- ၂၂၆
တန်မြန်ဝင့်
အမ်နိုင်း(Oasis) ---------- ၂၄၆






၈ - ၂၄၆

၈ - ၁၀၅





www.burmeseclassic.com

www.burmeseclassic.com




## လောကီရေးရာ


ကျွန်ုပ်တွေ့ဆုံခဲ့ရသည့် နိဗ္ဗာန်ဆော်ရသေ့သူတော်စင်
ဦးအောင်(ယုဇနဥယျာဉ်မြို့တော်) ---------- ၃၂
ထူးမြတ်လွန်ကဲ တပို့တွဲ
တက္ကသိုလ်သျှင်ဥက္ကာ ---------- ၄၁
မသိကြလျှင် မေးကြည့်ဦး(၄)
မင်းသိခ် ---------- ၄၇
ဉမ်
မင်းသိခ် ---------- ၄၇
ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ---------- ၆၀
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ---------- ၆၁
စိုက်ပျိုးရေးရာ သည်လမှာ
တောကကိုရင် ---------- ၆၃
သည်တစ်လမှာ ဆောင်ရွက်ပါ
နေမျိုးထွင့်ခေါင် ---------- ၆၄
အလုပ်အကိုင် အောင်မြင်နိုင်ဖို့
မပဟိဒ္ဓိကျော်ခေါင် ---------- ၆၅
သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ---------- ၆၆
ပီတိမျက်ရည်လျှမ်းသောနေ့
ကောင်းဆက်ဟိန်း ---------- ၆
နယူးယောက်မှ နယူးယောက်သို့(၁)
မောင်ကောင်းမြင့် ---------- ၇
ခက်မာသော နလုံးသားတို့ ပျော့ပျောင်းစေလိုလျှင်
တက္ကသိုလ်သခ် ---------- ၇
ချစ်သူ့လက်စွဲ(၃)
ကိုတိုး(ရန်ကင်း) ---------- ၇
မြေးလေးဖတ်ဖို့(၂)
ဘိုးဘိုးကြီး ---------- ၈
ယတြာကောင်းလျှင်
မောင်မောင်မြင့်အေး ----------
ကိုယ့်ကိုယ်ကိုနှိမ့်ချ မာန်မာနကင်းမှုအနုပညာ
မောင်ကျေးရှု ---------- ၁


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာ - ၁၁၁



# ဝင်လာမစဲ တသဲသဲ ရှင်သီဝလိ ပူဇော်ပွဲ

မောင်မောင်မြင့်အေး


ဗေဒင်ပညာနှင့် ကံ-ဉာဏ်-ဝီရိယ ဇာတာအမှတ်(၃)
ဂုရုအောင် ---------- ၁၅၄
သူတော်ပွားရဲ့ ရှိပြီးရင်းရှိ
မြင့်မြတ်ကျော်ခေါင် ---------- ၁၅၈
ငါးဘုရင်
မောင်အောင်မြင်(မိတ္ထီလာ) ---------- ၂၄၉
ဈေးရောင်းကောင်းစေရာ နယ်ကိုးလုံးစမဆောင်ပါ
ဝင်းဇော်(သုံးဆယ်) ---------- ၂၅၃
ကျန်းမာကြစေ ဆုမွန်ခြွေ
သိဒ္ဓိစံ(မင်္ဂလာကုန်း) ---------- ၂၅၅
ထူးတဲ့ဘူးသီးထမင်း
မော်တင်သိန်းဇော်ဇ ---------- ၂၇၁
ကိတ္တဂုရုတ်
အောင်(ပညာရေး-လင်းတကော) ---------- ၂၇၄
ကိုယ့်ကိုချစ်တဲ့သူ သူများယူ စိတ်ထဲက အလွန်ပူတာ
သစ္စာဝါဒီဆရာမြတ်စောလင်း ---------- ၂၇၉


စာ - ၁၅၆



## လောကီရေးရာ



...သည်
... ---------- ၁၂၉
...ရောင်းနည်း မဖြစ်ရလေအောင်
...န်းမောင် ---------- ၁၃၁
...ပြ ဝိပဿနာတရားတော်(၁၃)
... ---------- ၁၃၃
...သ့်ကံ ကိုယ့်ထံသို့ပြန်
...အေး(မန္တလေး) ---------- ၁၃၇
...ကြောင်း သိကောင်းစရာများ(၂)
...ကြီးဦးအောင်သူ ---------- ၁၃၉
...ပြည့်စေတီ ပုတီးစိပ်နည်း
...B.A) ---------- ၁၄၂
...မိ မြို့တော်ဆီသို့(၆)
...သန့် ---------- ၁၄၅
... သုမ
...န် ---------- ၁၄၉


www.burmeseclassic.com

www.burmeseclassic.com

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး

လာဘ်လာဘဘွဲ့သခင် တေဒဂ်တော်ဝင် ရှင်သီဝလိမထေရ်မြတ်
ပထမံဆရာကြီးဦးအောင်သူ ---------- ၉၇
မိဘာကျေးဌူးဆပ်ဂါထာ ---------- ၁၀၂
ထီပေါက်စေနိုင်သော လာဘသိဒ္ဓိရှင်သီဝလိဒိပ် အစီအရင်
စိုးဝင်းထွဏ်း(တာမွေ) ---------- ၁၀၃
စီးပွားဥစ္စာတိုးတက်၍ လာဘ်လာဘပေါ်များစေသော
ရှင်သီဝလိအစီအရင် ---------- ၁၀၅
ရှင်သီဝလိရုပ်တော် စီရင်နည်းနှင့် အဆောင်လက်ဖွဲ့
ထွန်းလှ(တောင်တွင်းကြီး) ---------- ၁၀၇
ရှင်သီဝလိအင်းတော် ---------- ၁၁၀








ဝင်လာမစဲ တသဲသဲ ရှင်သီဝလိပူဇော်ပွဲ ၁၁၁
မောင်မောင်မြင့်အေး ----------
စီးပွားလာဘ်လာဘ ပေါ်ကြွယ်ဝသည့်
ပြည့်ဝင်ပြည့်ထွက် ရှင်သီဝလိ
အင်ကြင်းဖြူဖြူ(တောင်ငူ) ----------
ရှင်သီဝလိပရိတ်တော် ၁၁၇
နတ်တလင်းဆရာဦးအုန်းမောင် ----------
ရှင်သီဝလိဆယ်ဂါထာနှင့် အနက်အဓိပ္ပာယ်
နတ်တလင်းဆရာဦးအုန်းမောင် ----------
လာဘ်သပ္ပကာပေါ်များသောအရာ၌ အမြတ်ဆုံးတေဒ
အရှင်သီဝလိမထေရ်မြတ်
ကိုမောင်သန်းဝင်း ----------

လစဉ်ထုတ် ရောင်ပြန်မဂ္ဂဇင်းသို့ စာမူပေးပို့ခြင်း၊ စာမူခထုတ်ယူခြင်းတို့ကို နံနက်(၁၀း၀၀)နာရီမှ
မွန်းလွဲ(၂း၀၀)နာရီအတွင်း (စနေ၊ တနင်္ဂနွေနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ)
ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ကြပါ
စာမူပေးပို့ရာ၌ မဂ္ဂဇင်းတိုက်သို့ တိုက်ရိုက်ပေးပို့ခြင်း မရှိပါက တာဝန်ယူမည် မဟုတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



စာ - ၂၂၀

ပီတိမျက်ရည် လွှမ်းသောနေ့

ကောင်းဆက်ဟိန်း




...ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး

လာဘ်မိုးဇွေ စာပေ

တိုက် - ၂၇၊ အခန်း - ၁၂ (မြေညီထပ်)

...(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၀၉ - ၄၂၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇


## ရောင်ပြန် တိုင်းရင်းဆေး


ကြောင်မီးကူးပင်

ဦးကုန်း-ဇော်ဝင်းမောင် ---------- ၂၅၈

လက်တွေ့အသုံးချ မြန်မာ့ရိုးရာဆေးမြီးတိုများ

သုတေသီဆရာငြိမ်း ---------- ၂၅၉


အံ့ဖွယ်ထူးဆန်း ဆေးစွမ်းကောင်းများ

မျိုးသန်းထွန်းကို(ရေစကြို) ---------- ၂၆၅

ကျန်းမာရေးရာ ကျမ်းထွက်စကား ဗဟုသုတဖြစ်ဖွယ်ရာများ

မြဂုဏ်ရည် ---------- ၂၇၅


စာ - ၂၂၆



## ရောင်ပြန်ဗေဒင်


သီသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာစောယုနွယ် ---------- ၂၈၅


## ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း


ဒေါက်တာစောယုနွယ် ---------- ၂၉၄


## လူတွေသိ နတ်တွေကြားစေ


လူတွေသိ၍ နတ်တွေကြားစေ ---------- ၂၉၆


www.burmeseclassic.com

ဤရှင်သီဝလိမျည်းကျေး စ မ ပုံတော်ကိုပူဇော်ရသောကြောင့် ရေ့ချင်းညချင်းချမ်းသာပါစေ၊ အောင်ပွဲကြီးလာဘ်ပွင့်ကြီးတောင်၊



— ၊ ဖဒုံးသိခ —

ဤရှင်သီဝလိမျည်းကျေး စ မ ပုံတော်ကိုပူဇော်ရသောကြောင့် ရေ့ချင်းညချင်းချမ်းသာပါစေ ။ ။

www.burmeseclassic.com

# STOP

နှင်းမိုးကြယ်

- ထိုးလိုက်တဲ့ လက်ကိုကြည့်ပ
သွေးတွေက နီလွင်ဖြာ။

- အထိုးခံ မှန်ချပ်ကျပြန်လည်း
ကွဲရှကာ လွင့်ကြေမွ
ဩချဖွယ်ပါ။

- ဘယ်သူမှ မသက်သာ
ဒဏ်ရာတွေ အသီးသီး။

- သူ့…ကိုယ်သတ်
ကိုယ့်…သူသတ်နဲ့
ပြည်တွင်းမှာ တရစပ်ပေါ့
ပစ်ခတ်ကာ ဝုန်းဒိုင်းကြဲလေတဲ့
စစ်ပွဲတွေ အနားသတ်လို့
ရပ်စေသတည်း။ ။



www.burmeseclassic.com

# ဆောင်းကိုကြည့်ခြင်း

မင်းထက်သားညီ

- ရပ်ရှင်ထဲမှာ

ဆောင်းဟာ လှပတဲ့ ပန်းချီကား
နှင်းမှုန်များ လေနုအေးများနဲ့
အပျိုစင်ရဲ့ အပြုံးဖြစ်လို့
ကြည့်သူတွေက သဘောကျရယ်ပြုံးကြ
လက်မထောင်ပြကြ။

- မြင်ပလောကမှာ
ဆောင်းကိုလိုက်ရှာတော့
ရာသီတစ်ကွေ့မှာ မျက်နှာချင်းဆိုင်တွေ့မြင်ရ
ဆောင်းက ခပ်မာမာမိန်းမသား
လေကြမ်းများ ပြင်းထန်တဲ့ ရေခဲရိုက်အအေးဓာတ်များနဲ့
ခါးထောက်ရင်ကော့ ခေါင်းမော့ထား
ကြည့်ရင်း ကြည့်ရင်း
နှလုံးသားထဲ ဝမ်းနည်းခြင်းမီးခိုးငွေ့တွေ အုံ့မှိုင်းလာကြ။

- ဆောင်းကိုကြည့်ရင်း
အတွေးစိတ်မှာ ဝင်းလက်ရ
စိတ်ကူးယဉ်နဲ့ လက်တွေ့ကမ္ဘာဟာ
ဆီနဲ့ရေလို ကွာခြား
အရာရာဟာ အိပ်မက်မက်နေလို့ မဖြစ်တဲ့ကမ္ဘာ။




www.burmeseclassic.com

www.burmeseclassic.com


# တရားအသိတူပါမှ

ချစ်မှုန်းငြိမ်း

● ပညာနည်းပါး မိုက်ထောင်လွှားကာ
အဝိဇ္ဇာနှင့် တဏှာပေါင်းယှက်
သံသာခက်၌၊ တစ်ရက်တစ်မနက်
တစ်စက္ကန့်မျှ ရပ်တန့်မနေ
ဝေဒနာတွေကို လျစ်လျူရှု။

● နှစ်ဆယ့်ခြောက်ဘုံ၊ ပေထုံထုံနှင့်
စုန်ဆန်ကူးကာ၊ ဘာဝနာလမ်းခွဲ
အလွဲကြံဆောင်၊ အမိုက်မှောင်ထဲ
ဆွဲငင်ခေါ်ယူ၊ မောဟပူနှင့် ပျော်မွေ့သူ။

● သုံးဝတဏှာ၊ ဝဋ်သုံးဖြာနှင့်
ခါခါလှည့်စား၊ မနေနားအောင်
အကြိုက်ဆောင်လျက်
ဘဝင်ကမြဲပဲ့တော်
နရက်ရွာကို
ဆွဲကာခေါ်ယူသွားနိုင်သည်။ ။




www.burmeseclassic.com

www.burmeseclassic.com

# လွမ်းတမာ

မြယ်မှုန်းသဲ

- ဪ…
တမာတွေ ပွင့်ကြပြန်ပေါ့။
- တစ်နှစ်တစ်ခါ ဖူးပွင့်ရာတဲ့
စိမ်းဝါဝါ အရောင်အသွေးနဲ့
နွေဦးကြို ရနံ့မွှေး
တမာပန်းခိုင်ကလေး။
- သဇင်,စံပယ်,မြတ်လေးစွယ်တို့လို
ဗွားစွင့်စွင့် မကြွားဝင့်ပေမဲ့
တို့အညာမြေရဲ့ အငွေ့အသက်
စွဲမက်ရတဲ့ ပန်းခက်ကလေးမို့
ရင်မှာပွေ့ပိုက်၊ နမ်းရှိုက်မဝခဲ့။
- တို့တစ်သက်မှာ…
ဝင်းထိန်ကြိုင်လှောက်
ပန်းပိတောက်ကလေးတွေ…
အရောင်သွေးစုံညီတဲ့ နှင်းဆီပန်းလေးတွေ…
ပင်ယံမြင့်က သဇင်ခက်ဖြူလွလွလေးတွေ…
နွမ်းခြောက်လည်းမွှေး ကံ့ကော်ပန်းလေးတွေကို…
ဆံမြည္ဘာမှာ
နစ်ခြိုက်စွာ ပန်ဆင်ခဲ့ဖူးတယ်။
- သို့ပေမဲ့လည်း…
တို့နှလုံးသားထဲမှာ ဟိုး…ငယ်စဉ်ကာလ
မွေးရပ်မြေရဲ့ နွေလယ်ညတွေမှာ
လေညင်းနဲ့အတူ ဆောင်ယူလာတဲ့
လတ်ဆတ်ပျံ့မွှေး
တမာပန်းရနံ့လေးကိုတော့
ထာဝစဉ်အမြဲတမ်းတနေဆဲပါပဲကွယ်။




www.burmeseclassic.com

www.burmeseclassic.com

# လရိပ်ထဲက အိပ်မက်ချို

**အင်ကြင်းဝေ**

- လခြမ်းပေါ် မှေးအိပ်
  ချစ်အရိပ် ခိုရအောင်။

- အမှောင်ပြယ် အလင်းပါး
  ချစ်စကားတွေ ဖောင်။

- ချစ်ခြင်း ဖွဲ့နှောင်
  သစ္စာသောင် ထွန်းဖို့တွေး။

- နှောင်ရေးမျှော်
  လအကွေး လှေလှော်လို့
  ဘဝပေး ဆွေအဖော်ရယ်နဲ့
  မေတ္တာတော် ကမ်းကိုမှန်းကာ
  တမ်းတမိသေး။ ။




www.burmeseclassic.com

www.burmeseclassic.com

# အရှိတရား

## လူထုလူ(အေးဝိုင်းဂျက်)

- သုံးနှင့်လေးကြည့်
အလှည့်ဆန်းကျင်၊ သဏ္ဍာန်သွင်တူ
တန်ဖိုးမူကွဲ၊ အယူလွဲကွာ
သုံးဟာသုံးပင်၊
လေးမမြင်ကြ၊ မညှိကြသို့။

- ထိုနည်းတူစွာ
လူချင်းသာတူ၊ အကျင့်မူလွဲ
တန်ဖိုးကွဲပြား။ ပိုင်းခြားသတ်မှတ်
အယုတ်မြတ်ခြင်း
ပြုဗွတ်ယွင်းဖို့
လုပ်ဇာတ်ခင်း၍ မရပြီ။ ။



www.burmeseclassic.com

www.burmeseclassic.com

# နှင်းဆီသို့ ဝန်ခံချက်
## အေးမြမိုင်စိုး(ချောက်)

- အဆင်းအလှ
မင်းဘဝ
တုပမမီ
အို…နှင်းဆီ။
- အချင်းရနံ့
ဝန်းကျင်နှံ့
ဆွတ်ပျံ့သင်းကြည်
အို…နှင်းဆီ။
- အဆင်း အချင်း
ပြည့်စုံခြင်းနောက်
စိတ်ရောက်လက်ကမ်း
ခူးခြွေလှမ်းခိုက်
ဆူးစိုက်တိုးဝင်
သွေးစက်မြင်မှ
ဆင်ခြင်သတိ
ကိုယ်ရရှိခဲ့…။
- ခူးချင်မိတာ
လောဘတရားစေခဲ့တာမို့
ကျူးလွန်သည့်အရာ
ပြောပြစကား မခြွေတော့ပါဘူး
ဆူးချွန်ရှိတာ
လောကတရားပါတယ် နှင်းဆီရယ်။ ။




www.burmeseclassic.com

www.burmeseclassic.com

# အရှင်အင်္ဂုလိမာလ

## ဆွေးရည်

● အခါတစ်ပါး၌
ဘဂဝါဘုရားလျှင်
အရှင်အင်္ဂုလိမာလအား
ညှာသနားဝင်မိပေ။

● ဝမ်းသန္ဓေ လွယ်ကာထွေး
မွေးမယ့် အမေ။

● ဘေးမသန်း အေးချမ်းစေ
မေမေတွ့ာန မုန်မယွင်း။

● သေခြင်း သတ်ခြင်းနဲ့
မထေရ်မြတ် အကြင်ယင်းမှာ
အလျှင်းမသိချေ
သစ္စေန စံမယွင်း။

● သုတ္တန် နှုတ်ကမွတ်ကိုဖြင့်
ဗုဒ္ဓံ ထုတ်အံရွှတ်လို့ရယ်
တုလွတ်ဆောင်နှင်း။ ။




www.burmeseclassic.com

www.burmeseclassic.com

# စံပယ်ဂူသာသနာ နှင့် ကုဏ္ဍာသယအဘယမုနိ

ဂမ္ဘီရဆရာလှမျိုး(B.Sc)




စံပယ်ဂူမှ ကုဏ္ဍာသယ အဘယမုနိ

ကျွန်ုပ် စာရေးသူသည် ကျိုက်မရောမြို့သို့ လွန်ခဲ့ [illegible]နှစ်ခန့်မှစ၍ မကြာခဏ ရောက်ရှိခဲ့ပါသည်။ ကျိုက်[illegible]ဘုရားကြီးဝင်းအတွင်း ကျင်းပပြုလုပ်သော ဘုရားပွဲ၊ [illegible]သိုက်ပွဲ၊ အလှူမင်္ဂလာပွဲ စသည့် ပွဲကျင်းပသောအခါ [illegible]ဆရာတော်မှ ဖိတ်ကြား၍ သွားရောက်ရခြင်း [illegible] သီတင်းကျွတ်လ နဂါးသိုက်ချုပ် ဘုရားပွဲ အလွန်စည်ပါသည်။ ဘုရားကို အာရုံပြုပြီး မယ်တော်ကြီးများကို လှူဒါန်းဒါနပြုသော ပွဲတော်ဖြစ်ပါသည်။

ကျိုက်မရောရောက်တိုင်း စံပယ်ဂူတောရသို့သွားရန် စီစဉ်သည်။ အချိန်အခြေအနေအရ ရာသီဥတု လမ်းပန်းဆက်သွယ်ရေး အခြေအနေအရ မသွားဖြစ် မရောက်ဖြစ်ခဲ့ပါ။ ခရီးမဝေးသော်လည်း ရောက်ရမည့်အချိန် မကျသေးသောကြောင့်ဟု မှတ်ယူလိုက်ပါသည်။ ကျိုက်မရောမှ ဆိုင်ကယ်ကယ်ရီဖြင့် ဖြစ်စေ၊ ကားအသေးလေးစီး၍ဖြစ်စေ သွားရောက်နိုင်ပါသည်။

လွန်ခဲ့သော ကဆုန်လက ကျိုက်မရောဆရာတော် မွေးနေ့ပူဇော်ပွဲ သွားသောအခါ အိပ်မက်တောင် တောရဆရာတော်မှ သူ၏ကျောင်းကို ဆိုင်ကယ်ဖြင့်ခေါ်၍ လိုက်ပါသွားပါသည်။ အိပ်မက်တောင်တောရတွင် ၁ နာရီခန့် နားနားနေနေ နေပြီး ဘုရားနှင့် ဂူများ လှည့်လာပြီး အိပ်မက်တောင်မှတစ်ဆင့် စံပယ်ဂူသို့ သွားရောက်ခဲ့ပါသည်။ ယခင်က လမ်းမကောင်းဘူး သတင်းကြားသော်လည်း ယခု ကွန်ကရစ်လမ်းခင်းထား၍ လမ်းမှာ ဖြူး၍ဖြောင့်နေပါသည်။ ဦးပဥ္စင်းမှ ဆိုင်ကယ် ကယ်ရီဖြင့် လိုက်ပို့ပေးပါသည်။

စံပယ်ဂူတောရဆရာတော်ကို ဖူးမြော်ကန်တော့ကြသည်။ ဆရာတော်မှ အအေးဖျော်ရည်တိုက် ဧည့်ခံသည်။ ယခင်က စံပယ်ဂူဘုရားမှာ နာမည်ကျော်ထင်ရှားခဲ့သည်။ ယခု ကျိုက်မရောမှ ဘုရင်မကြီးရှင်စောပုဘုရားပေါ်လာ၍ စံပယ်ဂူတောရ သိပ်မထင်ရှားတော့။ မေးမှိန်သွား ပင့်ခေါင်သူ နည်းသွားသည်ဟု ဆိုကြသည်။




www.burmeseclassic.com

www.burmeseclassic.com

ရုပ်ပွားတော်များဟု ကျိုက်မရောမြို့မှ ရှေးမီနောက်မီ သက်ကြီးပုဂ္ဂိုလ်များက ပြောကြသည်။ စံပါယ်ဂူအတွင်း ထိုင်တော်မူ၊ လျောင်းတော်မူ ရှေးဟောင်းလက်ရာ အင်္ဂတေဖြင့်ထုလုပ်ထားသည့် ရုပ်ပွားတော်များတည်ရှိကာ တပေါင်းလပြည့်နေ့သည် စံပယ်ဂူဘုရားပွဲတော်နေ့လည်း ဖြစ်သည်။ စံပယ်ဂူသည် ဗြိတိသျှအစိုးရ အုပ်ချုပ်စဉ်ကာလကပင် မှတ်တမ်းဝင်ဂူတစ်ဂူဖြစ်ပြီး စံပယ်ဂူဘုရားပွဲသည် အစိုးရအသိအမှတ်ပြုပွဲတော်လည်းဖြစ်ခဲ့သည်ဟု သိရသည်။ နောက်ပိုင်းတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းနှင့် နယ်မြေအခြေအနေအရ လူသိနည်းကာ စံပယ်ဂူကို ပထမံစံပယ်ဂူဆရာတော် ဦးလာဘသိဒ္ဓိ ပြန်လည်မတွေ့ရှိမီ အချိန်ကာလအထိ နှစ်ပေါင်းများစွာ တိမ်မြုပ်နေခဲ့ရသည်။

**စံပါယ်ဂူရှာဖွေတွေ့ရှိခြင်း**


ရန်ကုန်မြို့တွင် ရန်ကင်း(ဘောက်ထော်) သာသနာ့ဗိမာန်ကျောင်းတွင် သီတင်းသုံးနေသည့် သာသနာပြုဆရာတော် ဦးလာဘသိဒ္ဓိသည် ၁၉၇၅ ခုနှစ် ဒီဇင်ဘာလတွင် ဗိုလ်ကြီးသန်း ကျိုက်မရောဘုရားကြီး၏ ခြေတော်ကို သံကြိုး ခတ်ထားခြင်းရှိမရှိ စကားပြောဆိုခဲ့ကြရာမှ ကျိုက် မရောမြို့ သို့ သွားရောက်ကြရန် အကြံအစည်ပေါ်ပေါက်ခဲ့သည်။ ဆရာတော်သည် တပည့်ဒကာများနှင့်အတူ ကျိုက်မရောမြို့သို့ ကြွရောက်ခဲ့ပြီး ဘုရားကြီးအား ဖူးမြော်ကာ မြို့ခံဒကာတစ်ဦးဖြစ်သူ ဦးစိုးသိန်းအိမ်တွင် သီတင်းသုံး ကျိန်းစက်နေစဉ် တောင်စဉ်တောင်တန်းတစ်ခုနှင့် ချုံနွယ်များ ပိတ်ပုံးနေသော ဂူကြီးတစ်ဂူတွင်' မြတ်စွာဘုရားရုပ်ပွားတော်များအား ဖူးမြင်ရကြောင်း အိပ်မက်မက်သည်။ ထိုအကြောင်းကို မြို့ခံ ဒကာဒကာမများအား မိန့်ကြားခဲ့ရာ မြို့အရှေ့ဘက်တွင် တောင်တန်းတစ်ခုရှိပြီး ယင်းတောင်တန်းအတွင်း ရှေးဟောင်းဘုရားငါးဆူ သီတင်းသုံးရာ ပုဂံဂူရှိသဖြင့် သွားရောက်ဖူးမြော်လိုပါက လိုက်ပို့ပေးမည်ဟု လျှောက်ထားကြသည်။



ဂူအတွင်းရှိ ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်များ

www.burmeseclassic.com

www.burmeseclassic.com



စံပယ်ဂူတောရအတွင်း တစ်နေရာ

အမှန်တော့ မည်သည့်ဘုရားကိုမဆို ဂုဏ်တော်တင် ဘော်ကိုးကွယ်ဆည်းကပ်ကြရမည်ဖြစ်ပါသည်။ ထိုသို့မဟုတ် ဘဲ ရုပ်ပွားတော်၊ စေတီတော်ပုံစံကြည့် တည်ထားသူကိုကြည့် ကိုးကွယ်နေကြပါက ကိုးကွယ်မှုမှားနေသည်ဟု ဆိုရပေမည်။ ဂုဏ်တော်ကိုးပါးဘုရား ငုပ်သွား၊ မေးမှိန်သွားတာ မရှိနိုင်ပါ။ သူတွေ၊ ကိုးကွယ်ပင့်ဆောင်သူတွေ၊ ဘုရားဒကာ၊ ဒကာမ ချို့ အထင်အမြင်မှားနေမှုသာ ဖြစ်ပါသည်။

ဆရာတော်ကို ကန်တော့ပြီးသောအခါ ကျောင်းပေါ် ဘက် ဘုရားဖူးကြသည်။ ဆရာတော်မှ သမိုင်းစာရွက်တစ် ရွက်ပေးသည်။ အပြန် ဂူထဲ ဝင်ကြည့်သည်။ အေးချမ်းတိတ် ဆိတ်နေ၍ ပုတီးစိပ်၊ တရားထိုင်ရန် အလွန်ကောင်းပါသည်။ အချို့နေရာတွေ မှောင်နေ၍ မီးခြစ်ခြစ် ဖယောင်းတိုင် ထွန်း သွားရသည်။ ရေစီးသံကိုလည်း ကြားရသည်။ အထက်နား တွင် အကာယ်ဒမီ ရုပ်ရှင်မင်းသမီးကြီး ဒေါ်ဝါဝါဝင်းရွှေ လှူ ဒါန်းထားသော သိုက်နန်းနှင့် လှပသော သိုက်နန်းရှင် ရုပ်တု ပုံများကို တွေ့မြင်ရသည်။ မူလ ပထမဆရာတော်ကြီးမှာ ပျံလွန်တော်မူသွား၍ ဒုတိယဆရာတော် ဆက်လက်တာဝန် ယူ ထိန်းသိမ်းထားပါသည်။

စံပယ်ဂူ - စံပယ်ဂူသည် ကျိုက်မရောမြို့မှ အရှေ့ ဘက်သုံးမိုင်ခန့်အကွာတွင် တည်ရှိကာ အတ္တရံမြစ်ကမ်းနံ ဘေး ကျိုက်မရောမြို့နှင့် အတ္တရံမြစ်ကမ်းကြားတွင် တည်ရှိ သည်။ သဘာဝထုံးကျောက်လိုဏ်ဂူ ဖြစ်သည်။ ဂူအကျယ်မှာ ၁၉ ပေရှိပြီး ဂူအရှည်မှာ ပေ ၆၀ ကျော်ရှိသည်။ စံပါယ်ဂူ အတွင်း ထင်ရှားသည့် ရုပ်ပွားတော်ကြီးနှစ်ဆူမှာ လျောင်း တော်မူနှင့် ထိုင်ဒတော်မူ ရုပ်ပွားတော်ကြီးတို့ဖြစ်သည်။ ထိုင် တော်မူ ရုပ်ပွားတော်ကြီးမှာ ခြေဆင်းထိုင်တော်မူနေဟန် ပြလမ္ဗဝါဟန်ပါလိပေယျပုံတော်ဖြစ်ကာ ကျိုက်မရောမြို့မှ ကျိုက်မရောဘုရားကြီးနှင့် ပုံသဏ္ဌာန်တူဖြစ်သဖြင့် ညီနောင်



www.burmeseclassic.com


www.burmeseclassic.com

ဆရာတော်သည် ဆွမ်းဘုဉ်းပေးပြီးနောက် မြို့ခံဒကာ ဒကာမများ စီစဉ်ပေးသော နွားလှည်းဖြင့် ပုဂံဂူသို့ ကြွသွားခဲ့ရာ၊ ပုဂံဂူရှိရာသို့ ရောက်ခါနီး နွားများမှာ လှည်းကို ရှေ့သို့ မဆွဲပဲ ရုန်းကန်နေကြသဖြင့် ဆရာတော်က နွားများ သွားလိုရာသွားပါစေဟု မိန့်ကြားသဖြင့် လှည်းမောင်းသည့် ဒကာက နွားများ၏ နဖားကြိုးကို လျှော့ပေးလိုက်ရာ နွားများသည် လှည်းကို ယခု စံပယ်ဂူတည်ရှိရာသို့ ဦးတည်ကာ ဆွဲသွားခဲ့ကြသည်။ နွားများသည် ချုံနွယ်များပိတ်ဖုံးနေသည့် လှေကားပျက်ကြီးတစ်ခုရှေ့သို့ ရောက်သည့်အခါ ဆက်မသွားတော့ဘဲ ရပ်တန့်နေသည့်အတွက် ချုံနွယ်များကို ရှင်းလင်းစေပြီး လှေကားပျက်အတိုင်း တက်ခဲ့ရာ တစ်နေရာတွင် သဖန်းပင်ကြီးကာဆီးထားကာ လှေကားများမှာလည်း မရှိတော့သဖြင့် သဖန်းပင်ကြီးကို ဖက်တွယ်လျက် ဆက်လက်တက်ခဲ့ရာ ဂူဝကို တွေ့ရှိခဲ့ကြသည်။

ဂူအတွင်းတွင် ဆရာတော်အိပ်မက်သည့်အတိုင်း ထိုင်တော်မူ၊ လျောင်းတော်မူ၊ ခြေဆင်းထိုင်တော်မူဟန် ရေးခေတ်လက်ရာ အင်္ဂတေရုပ်ပွားတော်များ ဖူးတွေ့ကြရသည်။ အင်္ဂတေရုပ်ပွားတော်ကြီးများနှင့် ဂူချောင်ကြိုချောင်ကြားတွင် ကျွန်းဖိုသားဖြင့် ထုဆစ်ထားသည့် ရှေးခေတ်လက်ရာ ရုပ်ပွားတော်များ၊ ပလ္လင်တော်များ၊ ဓာတ်တော်များကို တွေ့ရှိရပ်သည်။ ရုပ်ပွားတော်အများစုမှာ နှစ်ကြာမြင့်စွာ ဂူအတွင်းထား ရှိသောကြောင့် ဖြစ်ပေါ်သော သဘာဝဘေးဒဏ်ကြောင့် ယို ယွင်းပျက်စီးမှုများ ဖြစ်ပေါ်နေသည်ကိုလည်း တွေ့ရှိခဲ့ကြသည်။ ဆရာတော်သည် ထိုအချိန်မှစတင်ကာ စံပါယ်ဂူတွင်း တစ်ပါး တည်း သီတင်းသုံးနေထိုင်ခဲ့ပြီး စံပယ်ဂူသာသနာကို စတင်ခဲ့ ပါသည်။ ဆရာတော်သည် စံပယ်ဂူအတွင်း နေထိုင်သီတင်း သုံးနေစဉ်အတွင်း ဂူ၏အမည်နာမကို မည်သို့ပေးရမည်ကို သမိုင်းအထောက်အထားများ၊ မြို့နေသက်ကြီးဝါကြီးများ၏ ပြောစကား မှတ်ချက်များသာမက ဂူအတွင်း အထောက် အထားများကို လိုက်လံရှာဖွေခဲ့ရာ ဂူတစ်နေရာတွင် မွန်ဘာ သာဖြင့် မြတ်စွာဘုရား ကိန်းဝပ်စံပယ်တော်မူရာ စံပါယ်ဂူ ဟု ရေးသားထားသည်ကို တွေ့ရှိရသဖြင့် စံပါယ်ဂူဟူသည့် အမည်ကို အတည်ပြုခဲ့သည်။

### ဣန္ဒာသယ အဘယမုနိ

ဣန္ဒာသယ အဘယမုနိကို စံပါယ်ဂူတောရဆရာ



သိုက်နန်းရှင် ရုပ်တုများ

www.burmeseclassic.com

www.burmeseclassic.com

တော် ဦးလာဘသိဒ္ဓိသည် စံပယ်ဂူအတွင်း တစ်ပါးတည်း သီတင်းသုံး တောရဆောက်တည်စဉ်အတွင်း ၁၉၇၀ ပြည့်နှစ်ခန့်တွင် တွေ့ရှိခဲ့ရခြင်းဖြစ်ပြီး စတင်တွေ့ရှိခဲ့စဉ်က ပလ္လင်တော်နှင့် တစ်ဆက်တည်း ဉာဏ်တော်မှာ ခုနစ်ပေခန့်ရှိသည်ဟု ဆိုသည်။ ဣန္ဒာသယ အဘယမုနိကို ဂူအတွင်းပိုင်းတစ်နေရာတွင် ဆရာတော်နှင့်အတူ ရန်ကုန်မြို့မှ ဒကာများဖြစ်သည့် ဦးစိန်လှိုင်၊ ဦးသန်းလှတို့က တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ ပလ္လင်အောက်ခြေမှ သဘာဝဘေးဒဏ်ကြောင့် ဆွေးမြည့်ပျက်စီးနေပြီဖြစ်သဖြင့် ဖြတ်တောက်ထားခဲ့ရသည်။ ဆရာတော်သည် ဣန္ဒာသယ အဘယမုနိကို တွေ့ရှိပြီးနောက် မိမိကိုယ်တိုင် ကိုးကွယ်မည်ဟု အဓိဋ္ဌာန်ပြုခဲ့ပြီးသည့်နောက်ပိုင်းတွင် ဘွဲ့အမည်တော်အတွက် သမိုင်းအထောက်အထားများ ရှာဖွေရ မတွေ့ရှိရသဖြင့် ငယ်ဆရာဖြစ်သူ ရာကျော်ဘုန်းဘုရားကြီး ဦးသဒ္ဒမ္မဒေဝကိတ္တိထံတွင် အဓိဋ္ဌာန်ပြုကာ ဘွဲ့အမည် တောင်းခဲ့သည်ဟု မိန့်ကြားခဲ့သည်။ ရာကျော်ဘုရားကြီးက ဣန္ဒာသယ အဘယမုနိ ဓာတ်ရှင်တော်မြတ်ဟု အိပ်မက်ဖြင့် အမည်ပေးခဲ့ရာ ပိုမိုတိကျစေရန် ထိုစဉ်က သက်ရှိထင်ရှားရှိနေသေးသည့် မန္တလေး ရွှေတံခွန်တောင် မုနိအောင်မြေကျောင်း ဆရာတော်ဘုရားကြီး ဦးသီလစာရ(ရွှေနတ်တောင်ဆရာတော်ဘုရား)အား လျှောက်ထားပြန်ရာ ဣန္ဒာသယ အဘယမုနိ ဓာတ်ရှင်တော်မြတ်ဟုပင် ဘွဲ့အမည်ဆက်ကပ်ပါရန် မိန့်ကြားခဲ့သည်ဟု ဆိုပါသည်။

ဣန္ဒာသယ အဘယမုနိ ဓာတ်ရှင်တော်မြတ်နှင့်ပတ်သက်ပြီး ရွှေနတ်တောင်ဘုရား ဆရာတော်ဘုရားက ဣန္ဒာသယ အဘယမုနိ ဘုရားကြီး၏ ဦးခေါင်းတော်တွင် မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်များ၊ မင်း၊ မိဖုရား မှူးမတ်သေနာပတိတို့၏ လက်ဝတ်ရတနာများ ဌာပနာထားကာ ဒူးတော်နှင့် ပလ္လင်တော်တွင် ရှေးမွန်တို့၏ လောကီ အစီအရင် အင်းစမများကို စီရင်ထားကြောင်း။ ဗုဒ္ဓသာသနာတော် သုဝဏ္ဏဘူမိ သထုံပြည်သို့ ရောက်ရှိစဉ် ရှေးဟောင်းသက်ရာဖြစ်သည့်အတွက် မျက်နှာတော်မှာ ကိုယ်လုံးတော်ထက် ကြီးမားသည်ဟုလည်း မိန့်ခဲ့ပါသည်။ သည့်အပြင် ဣန္ဒာသယ အဘယမုနိ ပထမဦးဆုံးအကြိမ် ဗုဒ္ဓဘိသေကအနေကဇာသဘင် ကျင်းပစဉ်ကလည်း ရဟန္တာအရှင်မြတ်များ ကြွရောက်ကာ အနေကဇာတင်ခဲ့ကြသည့်အတွက် ယုံကြည်သဒ္ဓါတရားဖြင့် ကိုးကွယ်ဆည်းကပ်ပါက ဆုတောင်းပြည့်နိုင်သည့် အကျိုးထူးများ ရရှိနိုင်သည်ဟုလည်း မိန့်ခဲ့ပါသည်။ အမှန်တကယ်လည်း ဆုတောင်းပြည့်ကြောင်း ကိုယ်တွေ့ကြုံသူများမှ ပြောပြကြပါသည်။ (စာရေးသူ)

## ဒုတိယ စံပယ်ဂူဆရာတော်နှင့် သာသနာပြုလုပ်ငန်း

ပထမ စံပယ်ဂူဆရာတော် ပျံလွန်တော်မူပြီးနောက် တပည့်ရင်းဖြစ်သူ ဒုတိယစံပယ်ဂူဆရာတော် ဘဒ္ဒန္တဉာဏိန္ဒက စံပယ်ဂူသာသနာကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။ ပထမ စံပယ်ဂူဆရာတော် အုတ်ဂူရှိရာ ကုန်းတော်အနီးတွင် တံခွန်တိုင်ပါ ဣန္ဒာသယကုန်းမြေကို တည်ဆောက်ကာ ဣန္ဒာသယ အဘယမုနိဘုရားကြီး ကိန်းဝပ်စံပယ်တော် မူရန် ဂန္ဓကုဋီတိုက်တော်ကြီးကို ရွှေတိဂုံပုံတူစေတီ တည်ထားပါသည်။ လူသွားလမ်း ကွန်ဂရစ်ခင်းခြင်း၊ တံတားများ၊ ရေကားများ တည်ဆောက်ခြင်း၊ လင်းနို့ဂူကို ပြန်လည်ဆောက်တည်ခြင်း၊ မပြီးပြတ်သေးသည့် သာသနာအဆောက်အဦးများအား အပြီးသတ်ခြင်း၊ လျှပ်စစ်မီးလင်းရေး လုပ်ငန်းများ၊ သာသနိက အဆောက်အဦများ ပြင်ဆင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်လျက် သာသနာပြုနေပါသည်။

သို့ပါ၍ ဘုရားဖူးလာ ဓမ္မမိတ်ဆွေများ ဣန္ဒာသယ အဘယမုနိ ဘုရားကြီးနှင့် ဆွေစဉ်မျိုးဆက် ပဋ္ဌာန်းဆက်ရှိခဲ့ဖူးသူများ အနေဖြင့် ပင့်ဆောင်ကိုးကွယ်ရန်နှင့် စံပယ်ဂူသာသနာပြုလုပ်ငန်းများတွင် ပါဝင်လှူဒါန်းလိုပါက ဆရာတော်ထံ ဆက်သွယ်နိုင်ပါသည်။

စံပယ်ဂူဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ(စံပယ်ဂူတောရ) ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ် ဖုန်း ၀၉-၄၂၅၃၃၅၃၁၆ သို့ ဆက်သွယ်နိုင်ပါသည်။ ကျိုက်မရော ဘုရားကြီး ရောက်ပါကလည်း စံပါယ်ဂူသို့ ဆက်လက်သွားကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

**ဂမ္ဘီရဆရာလှမျိုး(B.Sc)**



www.burmeseclassic.com

www.burmeseclassic.com

ရေးအခေါ် ရခိုင်ကမ်းမြှောင်ဒေသ၊ ယခု ရခိုင်ပြည်နယ်သည် ဗုဒ္ဓသာသနာအတွက် ဂုဏ်တက်စရာများနှင့် သာသနာ့သမိုင်းကောင်းများနှင့် ရှေးအစဉ်အဆက်ဆက်မှစ၍ တည်ရှိကိန်းဝပ်နေသော ဘုရားစေတီများဖြင့် ထည်ဝါနေသော ပြည်နယ်ဖြစ်ပါသည်။

အထူးသဖြင့် ဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်အခါက ဘုရားရှင်၏ ရင်ငွေ့တော်လှုံ ရုပ်ပွားဆင်းတုနှင့် ဘုရားရှင်ကြွရောက်ခဲ့ရာမှ သာသနာအကျိုးအတွက် အဖိုးအနဂ္ဃထိုက်တန်သော ပါဒခြေတော်ရာအစစ်တို့ ကိန်းဝပ်နေမှုဖြင့် သာသနာထွန်းလင်းနေသော ပြည်နယ်ပါတည်း။ ထို့အပြင် သမိုင်းကြောင်းခိုင်မာစွာဖြင့် ယနေ့ဖူးတွေ့ကြရသည်။

- ဗျာဒိပ်ပေး ဘုရားစေတီ
- ရွှေအံတော်စေတီ
- ရွှေဆံတော်စေတီ
- ရွှေနံ့တော်စေတီ


ဆိုသော ဘုရားစေတီများလည်း ကိန်းဝပ်တော်မူနေပါသည်။ ထိုဘုရားလေးဆူသည် ရခိုင်ပြည်နယ် သံတွဲမြို့နယ်တွင်း၌ တစည်းတစ်လုံးတည်း ကိန်းဝပ်နေသောကြောင့် ဘုရားဖူးများအတွက် လွှန်စွာမှပင် အဆင်ပြေနေပါသည်။

စာရေးသူအနေဖြင့် သံတွဲမြို့သို့ ဘုရားဖူးခရီးသာမက ဆွေမျိုးရင်းချာများပါ ရှိနေသောကြောင့် ထိုဘုရားစေတီလေးဆူနှင့် အခါခါပင် ဖူးမြော်ခွင့်ရခဲ့ပါသည်။ ဘုရားစေတီတစ်ဆူချင်းသည်လည်း သူ့သမိုင်းနှင့်သူ ခိုင်ခိုင်မာမာရှိနေသည်ကို သိရှိမှတ်သားခဲ့ရပြီးဖြစ်၍ စာဖတ်သူများထံသို့ ကုသိုလ်ဝေငှ ရေးသားလိုက်ပါသည်။

သံတွဲမြို့ကို ဒေသခံများက "လေပေါ်ပျံ့ဝဲ မြို့သံတွဲ"

# သံတွဲမြို့မှ ဗျာဒိတ်တော်ရ နှဝင်းဂုကျက်ရည် ရွှေအံတော်စေတီ


မြမဥ္ဇူဝေ(ကျုံ့မငေး)





www.burmeseclassic.com

www.burmeseclassic.com



အနီးမှ
ဖူးတွေ့ရသော
ရွှေအံတော်စေတီ

ဘု တင်စားခေါ်ဆိုပါသည်။ ဟိုးယခင်အခါကလည်း "ဒွါရဝတီ ဘိမ်ဆီပုံ့ရဲ့ မြို့သံတွဲ"ဟု ခေါ်ခဲ့ကြပြီး တောင်သုံးလုံးရှိ စေတီ သဲဆု တည်ရာအလယ်၌ ရှိသောမြို့ ဆိုခဲ့ကြ၏။

စေတီလေးဆူသို့ ဘုရားဖူးရန် ဒေသခံဆွေမျိုးများနှင့် ခင်ဥ့်လိုက်ကြပြီး ဦးစွာ "ရွှေအံတော်"စေတီသို့ ခရီးစခဲ့ပါ သည်။ ဒေသခံများ၏ ထက်သန်သော စေတနာဖြင့် ဘုရား စေတီမရောက်မီပင် သမိုင်းကြောင်းကို မှတ်သားနိုင်သမျှ ခေါ်သားရန် ပြောကြဆိုကြသောကြောင့် ရွှေအံတော်စေတီ သမိုင်းကို သိမှတ်ခဲ့ရပါသည်။

ထိုအချိန်က ဘုရားရှင်၏ ဗျာဒိတ်စကားတော်အရ သံတွဲမြို့စား အမတ်ကြီး မေ့သူရသည် ရခိုင်ပြည့်ရှင် သူရိယ ဘွှမင်းကြီးအား လျှောက်ထား၍ ရှင်လူပရိသတ်၊ မင်း အမ်းသတ်များ ခြံရံလျက် သံတွဲမြို့ခေါ် ထိုနေရာမြတ်၌

၁။ အံတော်မြတ်ကို ဝါသုရတောင်တွင်


၂။ နံတော်မြတ်ကို ရောပကျှုင္ဂတောင်တွင်

၃။ ဆံတော်မြတ်ကို မဏိကေသတောင်တွင်

စေတီတည်၍ ဌာပနာ၍ တည်ထားခဲ့ပါသည်။ ဌာပနာ သွင်းရာ၌လည်း ဓာတ်တော်မြတ်များကို ဖန်ကြုတ်၊ စန္ဒကူး နီကြုတ်၊ ရွှေကြုတ်၊ ငွေကြုတ်၊ ဆင်စွယ်ကြုတ်၊ ကြေးနီ ကြုတ်တို့တွင် အဆင့်ဆင့်ထည့်သွင်းပြီးမှ ဌာပနာပြုခဲ့ပါသည်။

ဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်အခါက သံတွဲမြို့နှင့် နှစ်ဂါဝုတ်ခန့်အကွာ ကုန်းမြင့်တစ်ခုဖြစ်သော "ဝါသုရ"တောင်တော်၌ ရပ်တန့်တော်မူပြီး အနောက်အရပ်သို့ ကြည့်၍ ပြုံးတော်မူပြီး ဗျာဒိတ်စကား မိန့်ကြားခဲ့သည်မှာ-

"ငါဘုရား ရပ်တော်မူပြီးသော တောင်မှ အနောက် မြောက်ဘက်နှင့် ဥသအကွာတွင် ဝါသုရတောင်ရှိ၏။ ထို တောင်၌ ငါဘုရား နှစဉ်အခါက မြွေငန်းဖြစ်ခဲ့ဖူးပြီး ငါဘုရား



ရွှေအံတော်စေတီ၏ ဒုတိယထီးတော်ဟောင်း



www.burmeseclassic.com

www.burmeseclassic.com



**အံတော်တောင် သခင်မ**

ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ငါဘုရား၏ အံတော်ဓာတ်ကို ဌာပနာပြု၍ အံတော်စေတီ တည်ထားကိုးကွယ်ကြလိမ့်မည်"

ထိုဗျာဒိတ်စကားအရ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးနောက် သက္ကရာဇ် ၂၃၆ ခုတွင် သီရိဓမ္မာသောကမင်းကြီးသည် အဇာတသတ်မင်းကြီး အမိဋ္ဌာန်ပြုထားခဲ့သော မြေထဲတိုက်ကိုတူးဖော်၍ ဓာတ်တော်များကို ပင့်ဆောင်ခဲ့၏။ ထို့နောက် သူရိယစက္ကမင်းကြီးအား ဓာတ်တော်များကို ပေးအပ်လိုက်၏။

ဤသို့ဖြင့် ပထမဒါယကာ၏ ကောင်းမှုအလှူအဖြစ် သက္ကရာဇ် ၂၃၆ ခုနှစ်၊ တန်ခောင်မုန်းလပြည့်နေ့တွင် တည်ထားခဲ့ပါသည်။ စေတီ၏ ဉာဏ်တော်အမြင့်မှာ သုံးတောင်နှစ်မိုက် လက်လေးသစ်(ငါးပေခန့်) ဖြစ်သောကြောင့် ဒေသခံများက နွားတမော့ဟု ခန့်မှန်းကြပါသည်။


စေတီတော်၏ ပန်းတင်ခုံပတ်လည်သည် တစ်ဖက်လျှင် ၄၅ တောင်စီရှိပြီး မျက်နှာစာလေးဖက်ဖြစ်၍ အတောင်ပေါင်း ၁၀၈ တောင် ရှိ၏။ လုံးတော်ပတ်လည်မှာ ရှစ်တောင်ရှိပြီး ယနေ့ဖူးတွေ့ရသော ဉာဏ်တော်အမြင့်မှာ ၆၃ တောင်ဖြစ်၏။ နဝင်းကိုက်ဖြစ်သောကြောင့် ဒေသခံအချို့က "နဝင်းစုံညီ ရွှေအံတော်စေတီ"ဟုလည်း ခေါ်ကြပြန်၏။

ရွှေအံတော်စေတီကို ရခိုင်မင်းဆက် ၁၁ ဆက်က အဆင့်ဆင့် ငုံ၍တည်ထားကြောင်း သိရသောကြောင့် မှတ်သားနိုင်ရန် မေးမြန်းလိုက်၍ သိခဲ့ရသည်မှာ···

ပထမ ဒါယကာမှာ သံတွဲမြို့စား ဓမ္မသူရအမတ်ကြီးဖြစ်၏။

ဒုတိယ ဒါယကာမှာ ကောဇာသက္ကရာဇ် ၁၄၁ ခုနှစ် သံတွဲဘုရင်မင်းဆက်ချုပ်မှ ပြုပြင်၍ မွမ်းမံကာ ငုံထားသည့်ပုံဖြင့် တည်ခဲ့၏။

တတိယဒါယကာမှာ ရခိုင် ဝေသာလီခေတ် ဝေသာ



**ရွှေပေါင်းခေါင်းလောင်းနှင့် ကျေးလက်လူငယ်နှစ်ဦးအသွင်**



www.burmeseclassic.com

www.burmeseclassic.com




**ရွှေအံတော်စေတီတွင် စာရေးသူတို့ အမှတ်တရ**

လိပြည့်ရှင် နိတိစန္ဒြားမင်းကြီး၏ မိဖုရားကြီး စန္ဒသီရိသည် အေဒီ ၅၂၀ ခုတွင် ပြုပြင်ခဲ့၏။

စတုတ္ထ ဒါယကာမှာ ကောဇာသက္ကရာဇ် ၆၇၅ ခုနှစ် သောင်းကြက်ခေတ်တွင် သံတွဲဘုရင် မင်းမဟာစိုးမှ ပြုပြင်မွမ်းမံခဲ့၏။

ပဉ္စမ ဒါယကာမှာ ကောဇာသက္ကရာဇ် ၇၉၆ ခုနှစ်တွင် ပထမမြောက်ဦးခေတ်၏ မင်းကြီး မင်းခရီးမှ ပြုပြင်ခဲ့၏။

ဆဋ္ဌမ ဒါယကာမှာ ပထမမြောက်ဦးခေတ်၌ပင် ဘုရင်မင်းညီမှ ကောဇာနှစ် ဂ၅၄ ခုနှစ်တွင် ပြုပြင်ခဲ့၏။

သတ္တမ ဒါယကာမှာ ဒုတိယမြောက်ဦးခေတ်တွင် ကောဇာနှစ် ဂ၉၄ ခုနှစ်တွင် မင်းပါကြီးမှ ပြုပြင်ခဲ့၏။

အဋ္ဌမ ဒါယကာမှာ ကောဇာနှစ် ၉၃၃ ခုတွင် မြောက်ဦး ဒုတိယခေတ်၌ မင်းဖလောင်းက ပြုပြင်ခဲ့၏။

နဝမ ဒါယကာမှာ ဒုတိယမြောက်ဦးခေတ် မင်းလောင်း၏မိဖုရား ပဒ္မာမြားဒေဝီ စောမဲကြည်မှ ကောဇာနှစ် ၉၅ ခုတွင် ပြုပြင်ခဲ့၏။

ဒသမ ဒါယကာမှာဒုတိယမြောက်ဦးခေတ် ကုန်ခါနီး ကောဇာနှစ် ၉၆၉ ခုတွင် မင်းရာဇာကြီးက ပြုပြင်ခဲ့၏။

ကောဒသမ ဒါယကာမှာ တတိယမြောက်ဦးခေတ် ကောဇာနှစ် ၁၀၁၉ ခုတွင် စန္ဒသုဓမ္မမင်းက ပြုပြင်ခဲ့၏။

ယခုအခါ ရွှေအံတော်စေတီသည် နဝင်းကိုက်ဖြင့် တည်ထားပြီး မင်းဆက်အများဆုံးမှ ပြုပြင်ကိုးကွယ်ခဲ့၏။ နောက်ဆုံးဒါယကာ စန္ဒသုဓမ္မမင်းလက်ထက်၌ ရှေးဟောင်းမူလ လက်ရာအတိုင်း ပြုပြင်ခဲ့ခြင်းကို ယနေ့ ထိန်းသိမ်းစောင့်ရှောက်နေသော ဒါယကာ ဥပသကာနှင့် အလှူရှင်များ၏ ကောင်းမှုကုသိုလ်ပြုခြင်းများနှင့် ဖူးတွေ့ရခြင်းဖြစ်ပါသည်။

သမိုင်းဝင်ဆောင် သာသနာ့အမွေအနှစ်များနှင့် ရခိုင်ပြည်နယ်အတွင်းမှ ဘုရားစေတီများကို ဘုရားဖူးလာ ရှင်လူအများဖြင့် ဒေသခံရှင်လူအများမှ ဟန်ချက်ညီစွာ ထိန်းသိမ်းစောင့်ရှောက်ကြဖို့ လိုအပ်ပါသည်။

**မြမဥ္ဇူဝေ(ကျုံမငေး)**
09-421062068

**မှီငြမ်းမှု** ။ စာရေးသူ၏ သံတွဲမြို့သို့ ခါသကြံန် ဘုရားဖူးခရီး မှတ်တမ်း။ (၂၀-၄-၂၀၁၆/ ၂၀၁၇)




www.burmeseclassic.com

www.burmeseclassic.com

# ကေတုမတီရဲ့
# သမိုင်းဝင် ကောင်းမှုတော် စေတီတော်မြတ်ကြီး

မင်းထက်သားညီ(တောင်ငူ)



ကောင်းမှုတော်စေတီတော်မြတ်ကြီး

မြန်မာ့သမိုင်းရာဇဝင်တွင် ကေတုမတီ (တောင်ငူမြို့)ဆိုသည်မှာ ရွှေနန်းရှင်များ နန်းစိုက်ရာ သာယာစည်ပင်သော မြို့အဖြစ် အထင်အရှားတည်ရှိနေပါသည်။ ကေတုမတီ(တောင်ငူ)၏ ရာဇဝင်ကိုကြည့်လျှင် သမိုင်းဝင် ကောင်းမှုတော်စေတီတော်မြတ်ကြီးဆိုသည်မှာ ဂုဏ်ယူဖွယ်ရာ တွေ့မြင်ရမည် ဖြစ်သည်။ ကောင်းမှုတော်စေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းကို လေ့လာကြည့်လျှင် ရွှေနန်းရှင် ဘုရင့်နောင်မင်းတရားကြီးသည် အဓိက ဦးဆောင်သူအဖြစ် တွေ့ရှိနိုင်သည်။

ကေတုမတီ၏ ထူးမြတ်လှသော မင်းတရား တပင်ရွှေထီး ခေါင်းဖြတ်အသတ်ခံရသည်ဟု ကြားလျှင်ကြားချင်း ဘုရင့်နောင်မင်းတရားကြီးသည် ကေတုမတီ၏ အနာဂတ်ကို ‌‌‌ မျှော်တွေးပြီး များစွာ စိုးရိမ်ပူပန်ခဲ့ရပါသည်။ ဘုရင့်နောင်မင်းတရားကြီး စိုးရိမ်ပူပန်ခဲ့သည့်အတိုင်းပင် တပင်ရွှေထီး ပျံလွန်တော်မူပြီးသည်နှင့် တစ်တိုင်းပြည်လုံးသည် ဝါးအစည်းပြေသကဲ့သို့ ကသောင်းကနင်း ဖြစ်ကုန်ကြ၏။ မြို့စောင့်သီဟသူမှာ မြို့တော်တွင်ရှိသော ဆင်တပ်၊ မြင်းတပ်တို့နှင့် ကေတုမတီသို့ အပြင်းချီကာ ‘ဘုရင်မင်းခေါင်’ ဘွဲ့ ခံယူပြီး ကေတုမတီဘုရင်အဖြစ် စံမြန်းနေတော့၏။ စစ်တောင်းမှ ပဲခူးရာဇာကလည်း ‘သတိုးသူ’ဘွဲ့ခံယူကာ ပြည်ကို သိမ်းပိုက်လေတော့၏။ သမိန်စောထွတ်သည်လည်း ‘သမိန်စက ဝေါ’ဟူသောဘွဲ့ကို ခံယူကာ စစ်တောင်းကို တိုက်ခိုက်ရယူတော့၏။ ထိုသို့ ကသောင်းကနင်းဖြစ်နေမှုများကြောင့် ဘုရင့်နောင်မင်းတရားကြီးသည် အမတ်ကြီး ‘ရန်အောင်ဘီလူး’ထံမှ အကြံဉာဏ်များ ရယူကာ ကေတုမတီကို တိုက်ခိုက်သိမ်းပိုက်ရန် ကြံစည်ခဲ့လေ၏။ ထို့ကြောင့် ပဲခူးမှ ထွက်ခွာလာသော မိဖုရားကြီး သီရိမဟာရာဇာဒေဝီနှင့် ရွာသစ်ကြီးတွင် စခန်းချကာ ‘ဇေယျဝတီ’ဟု သမုတ် နှစ်လခန့် လူသူအင်အာ စုဆောင်းကာ နားနေခဲ့သည်။ သို့သော် ‘သီရိဇေယျနော်ရထာ’အမည်ရှိ အမတ်ကြီးတစ်ဦး၏ လျှောက်ထားချက်အရ ဤအရပ်သည် ဖြည်းဖြည်းနှေးနှေး ကိစ မဟုတ်ကြောင်း၊ ကေတုမတီ

www.burmeseclassic.com



ဗုဒ္ဓမြတ်စွယ်တော်ပွားပုံ




မှ ညီတော် ဘုရင်မင်းခေါင် မတည်ငြိမ်သေးခင် အရသိမ်းပိုက်ရမည်ဖြစ်ကြောင်း မင်းတရားကြီး သိမြင်ခဲ့ရပေသည်။

ထို့ကြောင့် ရေအား၊ ကြည်းအား နှစ်ဖက်ညှ ပ် အေဒီ ၁၅၅၀၊ မြန်မာသက္ကရာဇ် ၉၁၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက် (အင်္ဂါနေ့)တွင် ကေတုမတီသို့ ချီတော်မူပြီး စစ်သည်အင်အား နှစ်သောင်းငါးထောင်ဖြင့် ကေတုမတီ၏ အစွန်အဖျား (လောကုတ ရာမြို့ကြီးအရပ်)တွင် ခံတပ်တည်ပြီး စတင်တိုက်လေသ်ည။ ဘုရင်မင်းခေါင်က တပ်မတည်နိုင်စေရန် တိုက်ခိုက်သော်လည်း မအောင်မြင်သဖြင့် လေးလတိတိ စစ်ဘေးဒဏ်ခံရလေတော့သည်။ လေးလတိတိ စည်းစိမ်ပျက်၊ အစာငတ်ပြီး ဒုက္ခရောက်ရနေကြသော ကေတုမတီသားတို့သည် မခံနိုင်ကြတော့သဖြင့် ကေတုမတီ၏ ဘုန်းတန်ခိုးကြီးမားသော ဆရာတော်ကြီးကို လျှောက်တင်ကြလေသည်။ ထိုဆရာတော်ကြီး၏ ညှိနှိုင်းပေးမှုကြောင့် တပို့တွဲလဆန်း ၇ ရက်နေ့ (တနင်္ဂနွေနေ့) ဘုရင်မင်းခေါင်သည် နန်းစည်းစိမ်ကို ဘုရင့်နောင်မင်းတရားကြီးထံသို့ လွှဲပြောင်းပေးရလေသည်။

မင်းတရားကြီးသည် ကေတုမတီ(တောင်ငူ)ကို ရပြီးလျှင် အသားကျအောင် စနစ်တကျ စီမံပြီးလျှင် ဝါးအစည်းပြေသကဲ့သို့ ဖြစ်နေသော တစ်နိုင်ငံလုံးကို ရရှိရန်အတွက် စစ်တိုက်ထွက်ရလေသည်။ မြန်မာအများဆုံး နေထိုင်သော ပြည်မြို့ (သရေခေတ္တရာ)ကို ရရှိရန်အတွက် အေဒီ ၁၅၅၀ ခု၊ တန်ခူးလဆန်း ၂ ရက်နေ့တွင် ပြည်မြို့သို့ ပထမအကြိမ် ချီတက်တော်မူသည်။ သို့သော် ပြည်မြို့ကို မရချေ။ ပြည်မြို့သည် လူအင်အား၊ လက်နက်အင်အားကောင်းလှသဖြင့် မင်းတရားကြီး၏ တပ်များက အဝေးကသာ ဝန်းရံထားရလေ. ည်။ ရဲမက်များ အထိအခိုက်များလှသဖြင့် မြေတဲ၊ သရက် စသော မြို့များကိုသာ သိမ်းပိုက်ပြီး မင်းတရားကြီးသည် ကေတုမတီသို့ ပြန်လာရလေသည်။ မင်းတရားကြီး ကေတုမတီသို့ရောက်တစ်လကျော်ခန့်ရှိလျှင် ပြည်သတိုးသူ၏ ကျွန်ဖြစ်သော 'ရာဇမနော်'ဆိုသူသည် ပြည်မှ ထွက်ပြေးလာပြီး ကေတုမတီသို့ လက်နက်ချ ပူးပေါင်းလေသည်။ မင်းတရားကြီးက ၎င်းအား ခေါ်ယူစစ်မေးသောအခါ ဘုရင်သတိုးသူနှင့်



www.burmeseclassic.com

www.burmeseclassic.com



သစ်တော်ရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့်
မြန်မာသံအမတ်ကြီးဗိုလ်မှူးချုပ်တင်ဦးလွင်တို့မှ စွယ်တော်ပွါးများ
ပြန်လည်ပင့်ဆောင်စဉ် (၂၉-၈-၀၇)


မှူးမတ်များ စိတ်ဝမ်းကွဲနေကြကြောင်း၊ သတိုးသူ ရခိုင်ကို ထွက်ပြေးလိုနေကြောင်း ပြောပြလေသည်။ ထို့ကြောင့် မင်းတရားကြီးသည် ပြည်မြို့သို့ နောက်တစ်ခေါက် ထပ်မံ တိုက်ခိုက်လျှင် မညီညွတ်သော ပြည်မြို့ကို ရရှိနိုင်ကြောင်း တွေးမိကာ ချီတက်ရန် ပြင်ဆင်လေတော့သည်။

စစ်မထွက်မီ ကောင်းမှုတော်ဘုရားကြီးကို စီမံဆောင်ရွက် အောင်မြေနင်းပြီး အေဒီ ၁၅၅၁ ခု၊ တော်သလင်းလပြည့်ကျော် ၆ ရက် (ကြာသပတေး)နေ့တွင် ပြည်မြို့သို့ ဒုတိယအကြိမ် ချီတက်ခဲ့လေသည်။ ပြည်သို့ ရောက်လျှင် 'မာန်မထူ'ဟူသော နေရာတွင် တပ်စွဲထားခိုက် ညီတော်မင်းခေါင်နှင့် သီရိဇေယျနော်ရထာတို့နှစ်ဦးသည် ပြည်မြို့တောင်ဘက်တံခါးကို ဆင်နှင့်တိုက်ဖောက် သတိုးသူ၏ အိမ်ကို ဝင်ရောက်စီးနင်းပြီး မင်းတရားကြီးထံ သတိုးသူအား ဆက်သလေသည်။ သို့သော် သတိုးသူသည် မင်းတရားကြီး၏ ကျွန်မခံလိုပါ။ ရခိုင်ကျွန်သာ ခံလိုပါသည်ဟု လျှောက်တင်ခဲ့သဖြင့် ကွပ်မျက်ခံရလေသည်။ ထိုသို့ ဒုတိယအကြိမ် ပြည်မြို့သို့ ချီတက်ခဲ့ရသည်မှာ ခက်ခဲမှုမရှိဘဲ လွယ်လင့်တကူ အောင်မြင်ခဲ့သည်ဖြစ်သောကြောင့် ကောင်းမှုတော်ဘုရားကြီးရှိ 'အောင်မြေ'ကို မင်းတရားကြီးသည် အထင်ကြီး ယုံကြည်ခဲ့လေသည်။ ဟံသာဝတီကို သိမ်းပိုက်ရန် ချီတက်သောအခါတွင်လည်း မင်းတရားကြီးသည် ကောင်းမှုတော်ဘုရား အောင်မြေကို နင်းကာ ထွက်ခွာခဲ့သဖြင့် ဟံသာဝတီ၏ သူရဲကောင်း သမိန်ထောရာမကို ဆင်ချင်းယှဉ်ရာတွင် အနိုင်ရရှိခဲ့သည်။ ထို့နောက် မင်းတရားကြီးသည် နိုင်ငံအဝှမ်းသိမ်းပိုက်ပြီး ကေရာဇ်မင်းဖြစ်ရန် ကြံစည်ပါတော့သည်။ မင်းတရားကြီး ကေရာဇ်မဖြစ်မီ ကေတုမတီကို ရရှိစဉ်ကပင် ကောင်းမှုတော်စေတီတော်ကြီးကို မိဖုရားကြီးအား လွှဲအပ်ဆောင်ရွက်စေသည့်အတွက် ကောင်းမှုတော်ဘုရားကြီး၏ ဒါယိကာမမှာ 'အတုလသီရိမဟာရာဇဒေဝီ' မိဖုရားကြီးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မဟာအောင်မြေနေရာ
(အောင်မြေနင်း ဆုတောင်းနိုင်သည်)

...ကြောင်း သိမြင်ကြရပါသည်။

## ...ယအကြိမ် ကောင်းမှုတော်စေတီတော်မြတ်ကြီးကို ပြုပြင်မွမ်းမံခြင်း

သက ရာဇ် ၉၄၆ ခုနှစ်၊ အေဒီ ၁၅၈၄ ခုနှစ်တွင် ...တော် ဒါယိကာ တောင်ငူဘုရင် မဟာသီဟသူရ ...မင်း နတ်ရွာစံသဖြင့် သားတော်ကြီး အိမ်ရှေ့ ... မင်းရဲသီဟသူသည် ခမည်းတော် အိုက်အရာကို ...လေသည်။ မင်းရဲသီဟသူသည် ကေတုမတီ ...၍ ရွှေနန်းတော်ကြီးကို အသစ်တစ်ဖန် တည် ...ခဲ့သဖြင့် 'ရွှေနန်းတည်မင်း'ဟု ခေါ်ကြပေသည်။ ...ဇ် ၉၆၄ ခုနှစ်၊ အေဒီ ၁၆၀၂ ခုနှစ်တွင် ကေတုမတီ ...တော်ကြီးကို အသစ်ပြန်လည် တည်ဆောက်ပေးခဲ့လေသည်။ ထိုမင်းကြီးသည် နန်းတော်ကြီးကို မွမ်းမံသာမက ကောင်းမှုတော်ဘုရားကြီးကိုလည်း မူလရှိသည့် ဓာတ်တော်နိမ့်နေတာကို သိမြင်သောကြောင့် ဓာတ်တော်ကို ငါးတောင်နှစ်မိုက် မြင့်တင် ပြန်လည်ပြုပြင် တည်ထားတော်မူခဲ့လေသည်။ ထိုအခါ မင်းကြီး ပဲခူးကို သိမ်းပိုက်စဉ်က ရရှိခဲ့သော ဓာတ်တော်များ၊ ဆင်းတုတော်များ၊ ရွှေငွေများကိုလည်း ထည့်သွင်းပူဇော်ခဲ့ကြောင်း သိရလေသည်။ ဘုရားပရိဝုဏ်မြေနေရာကိုလည်း သတ်သတ်မှတ်မှတ် ပြုပြင်ထိန်းသိမ်းခဲ့လေသည်။ ဘုရားကုန်းတော်ပတ်ဝန်းကျင်တွင် တန်ဆောင်းကြီးများ ဆောက်လုပ်စေပြီး ဆရာတော်ကြီးများအား ပစ္စည်းလေးပါး လှူဒါန်းကာ အကျဉ်းကျနေသော အကျဉ်းသားများအားလည်း လွတ်ငြိမ်းခွင့်ပေးကာ အနုမောဒနာ ပြုတော်မူခဲ့လေသည်။




မဟာအောင်မြေအကြောင်း သိကောင်းစရာ



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်တွေ့ဆုံခဲ့ရသည့် နိဗ္ဗာန်ဆော် ရသေ့သူတော်စင်

■ ဦးအောင် (ယုဇနဥယျာဉ်မြို့တော်)

ကျွန်ုပ်သည် ရောင်ပြန်မဂ္ဂဇင်း အယ်ဒီတာချုပ် ကိုမောင်မောင်မြင့်အေးနှင့် လွန်ခဲ့သော ၃၈ နှစ် ကျော်ကပင် ညီရင်းအစ်ကိုကဲ့သို့ ရင်းနှီးခင်မင်ခဲ့ကြပြီး စာပေလုပ်ငန်းများကို အတူတကွ လုပ်ကိုင်ခဲ့ကြရာမှ အသက်အရွယ်ရရှိလာပြီးနောက်တွင် ဝတ္ထု ကဗျာများအစား ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ဂမ္ဘီရဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးများဆိုင်ရာ ဆောင်းပါးများကိုသာ အရေးများလာခဲ့ရပြီး ယင်းဆောင်းပါး အများစုမှာလည်း ကိုမောင်မောင်မြင့်အေးနှင့် ဦးသန့်တို့ ထုတ်ဝေသော ရောင်ပြန်မဂ္ဂဇင်း၊ မနုစာရီမဂ္ဂဇင်းများတွင်သာ အရေးများခဲ့ပါသည်။

ကျွန်ုပ်ရေးသားခဲ့သော ဆောင်းပါးအများစုမှာလည်း မဂ္ဂဇင်းအများစုတွင် အဖန်တလဲလဲ ပါရှိနေသည့် ဂါထာမန္တန်များ၏ ကိုယ်တွေ့ဖြစ်ရပ်များထက် ကိုယ်တိုင်လုပ်ကိုင်ဆောင်ရွက်ခဲ့ရသော အချိန်များ၌ တွေ့ရှိရရှိခဲ့သည့် အတွေ့အကြုံများ ဖြစ်ရပ်များကိုသာ အရေးများခဲ့ပါသည်။ ထိုသို့ ရေးသားရခြင်း၏ အနှစ်သာရမှာလည်း အများနှင့်မတူ ဆန်းသစ်သော အတွေ့အကြုံဖြစ်ရပ်များ၊ သမိုင်းကြောင်းများကို စာဖတ်ပရိသတ်များသို့ ပေးလိုသောဆန္ဒအရသာဖြစ်ပြီး ဤဖြစ်ရပ်များနှင့်အတူ မိမိ၏ ထင်မြင်ယူဆမှု ဒဿနများကို ဖော်ပြခြင်းသာဖြစ်ပြီး အခြား မည်သည့်ရည်ရွယ်ချက်မျှ မရှိပါ။

ကျွန်ုပ်တွင် ကျွန်ုပ်ဘဝသက်တမ်း နှစ်ပေါင်း ၆၀ ကျော်ကာလအတွင်း၌ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ပုဂ္ဂိုလ်တချို့နှင့် ဂမ္ဘီရဆန်သော အဖြစ်အပျက်အကြောင်းအရာတို့ကို ရေးသားလိုစိတ်များ ရှိနေခဲ့သည်မှာ ကြာခဲ့ပြီ ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလထုတ် ရောင်ပြန်မဂ္ဂဇင်းတွင် ရှယ်လီသိန်းမောင်၏ ထူးဆန်းစွာ ကြွလာတော်မူသော ဗုဒ္ဓရုပ်ပွားတော်ဆောင်းပါးကို ဖတ်မိရသောအချိန်တွင် ကျွန်ုပ် ငယ်စဉ်ကပင် ကြုံတွေ့ခဲ့ရသော ပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်သည့် ယောဂီဝတ်ရသေ့တစ်ပါးသည် ရှယ်လီသိန်းမောင် ဆောင်းပါး၌ ပါရှိသည့် ယောဂီဝတ်ရသေ့သာလျှင် ဖြစ်လိမ့်မည်ဟု ကျွန်ုပ် ထင်မိရပါသည်။ ထင်မိရသည်ဆိုခြင်းထက် တစ်ဦးတည်းသာ ဖြစ်သည်ဟူ၍ပင် ဆိုပါရစေ။

ထိုစဉ်က ကျွန်ုပ်အသက်မှာ ၁၇ နှစ်၊ ၁၈ နှစ်မျှပင် ရှိပါလိမ့်ဦးမည်။ ကျွန်ုပ်တို့အိမ်၏ မျက်နှာချင်းဆိုင်အိမ်ဖြစ်သော အမြတ်တော်ဝန်ထောက် ဦးလှမြင့်၏အိမ်သို့ တစ်နေ့တွင် ယောဂီဝတ်ရသေ့တစ်ပါး ကြွလာပါသည်။ ထိုရသေ့မှာ အရွယ်အားဖြင့်ကြည့်လျှင် အသက် ၄၀ ခန့်သာ ရှိနိုင်ပြီး အလွန်စိုပြည်၍ ဝါဝင်းစိမ်းဖန့်သော အသားအရေ ရှိပြီးလျှင် ဦးခေါင်းတွင် သျှောင်တစောင်းကိုလည်း လှပသေသပ်စွာ မင်းသားဟန်ဖြင့် ထုံး၍ထားပါသည်။ ထုံးထားသော သျှောင်မှာလည်း နက်မှောင်ရှန်းစိုလျက်ရှိပြီး ရသေ့ပုဂ္ဂိုလ်နှင့် သျှောင်မှာ လွန်စွာလိုက်ဖက်ခြင်းရှိပါသည်။ မျက်ခုံးမှာ နက်မှောင်၍ စင်ရော်တောင်ပံသဏ္ဌာန်ရှိပြီး မျက်လုံးမှာ ကြည်လင်တောက်ပ၍နေကာ မျက်နှာမှာလည်း အလွန်မှ ကြည်လင်လှပါသည်။ တွေ့လိုက်ရသည်နှင့် သူတော်စင်ရသေ့တစ်ပါးအဖြစ် ယုံကြည်မှုအပြည့် ဖြစ်ရပါသည်။

ထိုသူတော်စင်ရသေ့ ကြွလာပြီးနောက်တွင် ဦးလှမြင့်၏အိမ်သို့ လူကြီးများဖြစ်ကြသည့် ကျွန်ုပ်၏အဘိုး၊ အဘွားအဖေနှင့် အမေတို့သည်လည်းကောင်း၊ အခြားအိမ်များမှ လူကြီးသူမများသည်လည်းကောင်း အသီးသီး သွားရောက်၍ ဖူးမြော်ကြပါသည်။ ကျွန်ုပ်မှာလည်း မိသားစုတွင် သားအကြီး ဖြစ်ပြီး ထိုအချိန်က ကောလိပ်ကျောင်းသားတစ်ဦး ဖြစ်နေ

www.burmeseclassic.com

သည်နှင့် မိဘများမှ ဘာသာတရားဘက်သို့ စိတ်ပါဝင်စားလာအောင်လည်းကောင်း၊ ကျွန်ုပ်၏ အနာဂတ်ရေးရေးအတွက် ရသေ့သူတော်စင်အား မေးမြန်းရန် ရည်ရွယ်၍လည်းကောင်း လိုက်ခဲ့ရန် အမြဲလိုလို ခေါ်ယူခဲ့ကြ၍ ကျွန်ုပ် ကျောင်းမှအပြန် ညနေပိုင်းတွင် ဦးလှမြင့်တို့အိမ်၌သာ ရှိခဲ့ရပြီး ဝေယျာဝစ္စများ ဆောင်ရွက်ပေးရခြင်း၊ တစ်ခါတစ်ရံ ညဘက်တွင် သူတော်စင်ရသေ့အား ကူညီရန် ညအိပ်ပေးရခြင်းများ လုပ်ဆောင်ပေးခဲ့ရပါသည်။

ထိုသူတော်စင်ရသေ့ ဟောပြောသော တရားမှာလည်း ဂေါတမဗုဒ္ဓ၏ အဆုံးအမများသာဖြစ်ပြီး ယခုကဲ့သို့ မိမိနှင့် ပဋ္ဌာန်းဆက်ရှိကြသော ပုဂ္ဂိုလ်များအိမ်သို့ ကြွရောက်ခြင်းအလုပ်မှာ ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်စွာ တည်တံ့စောင့်ရှောက်ကြဖို့နှင့် သာသနာအတွင်းကာလ၌ ဆုံတွေ့ရသော ဆွေတော်မျိုးတော်များ၊ ဘာသာ သာသနာအပေါ်၌ ဆတက်ထမ်းပိုးတိုး၍ သက်ဝင်ယုံကြည်စေရန်လည်းကောင်း၊ အနန္တော အနန္တ ငါးပါးကို ထာဝရမပြတ် ယုံကြည်အားထားပူဇော်ဆည်းကပ်စေပြီး ခင်ပွန်းကြီး ၁၀ ပါးတို့အား ပြစ်မှားခြင်းမရှိကြစေရန်လည်းကောင်း၊ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲကြစေပြီး အဋ္ဌင်္ဂသီလ၊ နဝင်္ဂသီလတို့ကိုလည်း တတ်နိုင်သလောက် စောင့်ထိန်းခြင်းပြုကြရန် သတိပေးဆုံးမလို၍ဖြစ်ကာ တစ်နည်းအားဖြင့် မိမိမှာ နံနက်အရုဏ်တွင် ဆွမ်းခေါက်ချက်ရန် သတိပေးနှိုးဆော်ရသည့်အလုပ်ကို လုပ်နေသော နိဗ္ဗာန်ဆော်တစ်ဦးကဲ့သို့သာ လုပ်ဆောင်နေသူတစ်ဦးဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောကြားသည်များသာ ဖြစ်ပါသည်။

ထိုသူတော်စင်အတွက် နံနက်အရုဏ်နှင့် နေ့ဆွမ်းများကို လမ်းထဲမှ ပုဂ္ဂိုလ်များမှ စုပေါင်း၍ တစ်အိမ်တစ်ခွက်နှုန်းဖြင့် ယူဆောင်ကပ်လှူကြပြီး ဆွမ်းစားသောအခါတွင်လည်း ပန်းကန်စုံမှ ဟင်းများကို ဇွန်းလေးဖြင့် ပါရုံသာ စုံအောင်စွာခပ်ယူပြီး ဆွမ်းထမင်းပေါ်၌ ပုံကာ တစ်ပန်းကန်သာ ဘုဉ်းပေးသည်ကို တွေ့ရပါသည်။ လှူဒါန်းသူများ ဒါနမြောက်အောင်သာ ဘုဉ်းပေးခြင်းဖြစ်ပြီး တကူးတက ဖွယ်ဖွယ်ရာရာ မပြုကြရန်ကိုလည်း အမြဲပြောဆိုပါသည်။ မွန်းလွဲနှင့် ညစာ သောက်ခြင်းကိုမူ မပြုလုပ်တော့ဘဲ လက်ဖက်ခြောက်အနှစ်ရည်ကိုသာ သောက်ပါသည်။

တချို့ လူမှုရေး၊ စီးပွားရေး၊ ပညာရေးကိစ္စများ လာရောက်မေးမြန်းကြသူများကို အာရုံခံ၍သာ ဟောပြောပေးပြီး မည်သည့်ယတြာမှ မလုပ်နိုင်းပါ။ ရှိနေသည့် အခက်အခဲများအတွက် သင့်လျော်သည့် ဘုရားဂုဏ်တော်တစ်ပါးပါးကိုသာ ပုတီးစိပ်နိုင်းပြီး ဗုဒ္ဓရှင်တော်ကိုသာ အားကိုးရာ၊ ဆည်းကပ်ရာ၊ ပူဇော်ရာအဖြစ် မှတ်ယူ၍ နေ့စဉ် ဝတ်မပျက် ဘုရားရှိခိုးရန်၊ ပေးလိုက်သော ဂုဏ်တော်ကိုသာ ပုတီးစိပ်ရန် မှာကြားပြီး ဗုဒ္ဓယတြာမှလွဲ၍ မည်သည့်ယတြာကိုမျှ အားမကိုးရန် မှာကြားတတ်ပါသည်။ မည်သူ့ တစ်ဦးတစ်ယောက်ဆီကမျှ အလှူခံခြင်း မရှိပါ။

ည ၈ နာရီခန့်တွင် ပရိသတ်များကို ပြန်စေပြီး မိမိမှာလည်း ကိုယ့်အတွက် ကိုယ်လုပ်ကိုင်စရာ စရဏလုပ်ငန်းများရှိသေးကြောင်း၊ အများအတွက် ဗုဒ္ဓအဆုံးအမများကို နေ့ဘက်တွင် ပြောဆိုဆုံးမပြီး ညဖက်မှာမူ မိမိအတွက်လည်း ဘတ္တရီအိုးကဲ့သို့ အားပြန်သွင်းရန် ဆောင်ရွက်ရသေးကြောင်း တောက်လျှောက် ပရိသတ်နှင့်သာနေပါက ဘတ္တရီအားကုန်သကဲ့သို့ ဖြစ်သွားနိုင်ကြောင်း၊ မပြန်လို၍ နေကြပါကလည်း တရားအားထုတ်မှု ပြုလုပ်၍ နေကြစေလိုကြောင်း ပြောဆို၍ ပရိသတ်ကို ရှင်းလင်းမှုပြုပါသည်။

ညစဉ် ၉ နာရီမှ ၁၀ နာရီခန့်အထိ ဘုရားကျောင်းဆောင်ရှေ့တွင် ဘုရားရှိခိုးခြင်း၊ အမျှပေးဝေခြင်းတို့ကို ပြုလုပ်ရာ သူတော်စင်ရသေ့ ရွတ်ဖတ်ပူဇော်သံမှာ လွန်စွာမှ သာယာငြိမ့်ညောင်း၍ နားတွင် စွဲထင်စေပါသည်။ တေးသီဆိုနေသကဲ့သို့လည်း မဟုတ်ပါ။ သံပြတ်ဖြင့် ရွတ်ဖတ်ခြင်းလည်း မဟုတ်ပါ။ နရီစည်းကျ နားထောင်၍ အလွန်ကောင်းပြီး ကြားရသူများ၏ စိတ်အစဉ်သည် ကြည်လင်အေးချမ်း၍ နေပါတော့သည်။

ဘုရားဝတ်ပြုပြီးနောက် ရေနွေးကြမ်းပူပူတစ်ခွက်ကို ကပ်ပေးရပြီး ရေနွေးကြမ်းကို ဖြည်းညင်းစွာ မှုတ်၍သောက်အပြီးတွင် တင်ပျဉ်ခွေကာ ဖြောင့်မတ်သော ကိုယ်နေဟန်ထားဖြင့် တရားရှုမှတ်နေတော့ရာ ညဉ့်တစ်နာခန့်ထိဖြစ်ပြီး တစ်ခါတစ်ရံ နံနက် ၃ နာရီခန့်အထိ ကြာတတ်ပါသည်။ ၃ နာရီခန့်တွင် ကျိန်းစက်၍ နံနက် ၅ နာရီခန့်တွင် အမြဲလိုလို ပြန်နိုးတတ်ပါသည်။ ကိုယ်လက်သန့်စင်ပြီး နံနက်တွင် တစ်ကြိမ် တစ်နာရီခန့် ဘုရားဝတ်ပြုခြင်း ပြုလုပ်ပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မှတ်မှတ်ရရ ဦးလှမြင့်အိမ်တွင် ငါးရက်မြောက်သော ည စနေ့နေ့ညနေစောင်းတွင် သူတော်စင်ရသေ့မှ ပရိသတ်များသို့ ဒီညတွင် မိမိပရိသတ်များကို မျက်လှည့်ပြမည်။ ကြည့်လိုသူများ ညဘက်၌ ဒီမှာအိပ်ကြရမည်။ ည ၁ နာရီအထိ တရားရှုမှတ်ရမည်။ ၁ နာရီတွင် တရားရှုမှတ်မှု ဖြုတ်သိမ်းကြ၍ နားနေကြ။ ၁ နာရီကျော်လျှင် မျက်လှည့်ကြည့်ကြရမည်ဟု ပြောဆိုပါသည်။

ထိုညတွင် ည ၇ နာရီခန့်၌ပင် ညအိပ်မည့်သူများ အစီအရီ ရောက်လာကြရာ လူ ၃၀ ခန့် ရှိပါသည်။ ဦးလှမြင့်အိမ်ရှေ့ခန်းမှာ ခေါင်းရင်းတွင် ဘုရားကျောင်းဆောင်ရှိပြီး အကျယ်မှာ ၁၅ ပေ × ပေ ၃၀ မျှရှိရာ လူ ၃၀ အတွက် သက်သက်သာသာ နေနိုင်ကြပါသည်။ ထုံးစံအတိုင်း ည ၉ နာရီတွင် သူတော်စင်ရသေ့မှ ဘုရားဝတ်ပြုပြီး ခေတ္တနားကာ ၁၁ နာရီတိတိတွင် ညအိပ်ကြသူများအားလုံး တရားရှုမှတ်ကြရပါသည်။ သံစုံနာရီမှ ည ၁ နာရီတီးသည်နှင့် သူတော်စင်ရသေ့မှလွဲ၍ အားလုံး တရားဖြုတ်ကာ နားနေကြပါသည်။ အားလုံးမှာ အသံတိတ်ဆိတ်လျက် အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်လှပါတော့သည်။ အားလုံးမှာလည်း သူတော်စင်ရသေ့ရှိရာသို့ အာရုံစိုက်၍ ရှိနေကြပြီး မည်သည့်အချိန်တွင် သူတော်စင်ရသေ့မှ မျက်လှည့်ပြမည်ဆိုသည်ကို စူးစိုက်၍ ရှိနေကြပါတော့သည်။

ထိုသို့ အာရုံစူးစိုက်၍ နေနေကြရာမှ နံနက် ၁ နာရီ ၃၀ ခန့်တွင် သူတော်စင်ရသေ့၏ **မျက်နှာတော်ရှေ့ဖက်**တွင် စိမ်းဖန့်ဖန့်အရောင်များ၊ **ရင်ခွင်(ရင်ဘတ်)ထဲမှ** ထွက်လာသည်ကို ရှေ့တန်းတွင် ရှိနေသူများမှ **စတင်တွေ့ကြ**ရပါသည်။ လူအများ ရုတ်တရက် အသံထွက်ကာ လှုပ်ရှားမှုရှိလာကြ၍ လူကြီးပိုင်းမှ အသံမထွက်ရန် အရိပ်အရောင်ဖြင့် ဟန့်တားမှုပြုလုပ်ကာ တဖြည်းဖြည်းချင်း သူတော်စင်ရသေ့နားသို့ တိုးကပ်သွားကြပါသည်။ စိမ်းဖန့်ဖန့်အရောင်များမှ တစ်ဆင့် အဝါရောင်၊ အပြာနုရောင်၊ အနီရောင်၊ အဖြူရောင်၊ လိမ္မော်ရောင် စသဖြင့် ရင်ဘတ်တော်မှ လေထဲသို့ ပျံ့လွင့်ထွက်လာကြသည်ကို တွေ့ကြရပြီး သုံးမိနစ်ခန့်အကြာတွင် သူတော်စင်ရသေ့သည် ဘုရားကျောင်းဆောင်ဖက် မျက်နှာပြု၍ ထိုင်နေရာမှ ပရိသတ်ဖက်သို့ တဖြည်းဖြည်းချင်းလှည့်၍ လာပါသည်။ တရားမှတ်ရှုနေမှု အနေအထားနှင့် မျက်လွှာချကာ ရှုမှတ်နေသည့်ပုံသဏ္ဌာန်ကိုမူ ပြောင်းလဲခြင်းမပြုပါ။ ပရိသတ်အားလုံးမှာ သူတော်စင်ရသေ့နှင့် မျက်နှာချင်းဆိုင် အနေအထားသို့ ရောက်ရှိသွားကြပြီး အံ့ဩစွာ တိတ်ဆိတ်ငြိမ်သက်လျက် သူတော်စင်ရသေ့၏ နှလုံးသားရှိရာ ရင်ခွင်သို့ မျက်တောင်မခတ် ကြည့်နေကြရပါတော့သည်။

ရင်ဘတ်ရှိ နှလုံးသားနေရာမှ အစိမ်း၊ အဖြူ၊ အပြာ၊ အဝါ၊ အနီ စသော အရောင်များ တစ်လှည့်စီဖြာထွက်နေသည်မှာ နှစ်မိနစ်ကျော်မျှကြာပြီးနောက် ရင်ခွင်တော်တွင် ရွှေဝါရောင်အလင်းတန်းလေးသာ ကျန်ပြီး ရင်ခွင်ထဲသို့ ဝင်သွားလိုက်၊ ထွက်လာ၍ ဖြာသွားလိုက်နှင့် ရှိနေပြီး တစ်ချိန်တွင် ထိုရွှေဝါရောင်အလင်းတန်းလေးထဲတွင် လက်ဖဝါးတစ်ခုစာမျှရှိကြသော ညောင်ရွက်ပုံသဏ္ဌာန်အတွင်းတွင် ပဥ္စဝဂ္ဂီငါးပါးတို့အား တရားဦးဟောနေပုံ မှန်ြာရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ပရိသတ်အားလုံး ထင်ရှားစွာ ဖူးတွေ့ရပါသည်။ သူတော်စင်ရသေ့ရင်ခွင်မှ လက်တစ်ထွာခန့်အထိ အဝါရောင်အလင်းတန်း ဖြာထွက်လာချိန်တွင် အလင်းတန်းနှင့်အတူ ညောင်ရွက်နှင့် ဗုဒ္ဓရုပ်ပွားတော်မှာပါရှိသည့် အလင်းတန်း ပြန်ဝင်သွားချိန်တွင် ဗုဒ္ဓရုပ်ပွားတော်မှာလည်း ရသေ့သူတော်စင်၏ နှလုံးသားထဲသို့ ပြန်ဝင်သွားပါတော့သည်။ ထိုသို့ ၃၀ စက္ကန့်လောက်အတွင်း ကိုးကြိမ်ခန့်မျှ ပေါ်လာပြီးနောက် အရောင်မျိုးစုံ ဖြာထွက်လာကာ နောက်ဆုံးအကြိမ် ဖူးမြော်လိုက်ရပြီး အလင်းတန်းများနှင့်အတူ ဗုဒ္ဓရုပ်ပွားတော်မှာလည်း သူတော်စင်ရသေ့၏ နှလုံးသားထဲသို့ ပြန်ကြွသွားပါတော့သည်။

ပရိသတ်များမှာ မျက်တောင်မခတ် လက်အုပ်ချီကာ နေလျက်ရှိကြပြီး သူတော်စင်ရသေ့မှာလည်း မျက်လုံးပွင့်လာကာ တရားရှုမှတ်မှုကို ဖြုတ်သိမ်းလိုက်ပါတော့သည်။ ထို့နောက် ပရိသတ်များသို့ မျက်လုံးထဲတွင် စွဲထင်နေလောက်သည့် အပြုံးတစ်မျိုးဖြင့် ပြုံးကာကြည့်လိုက်ပြီး မျက်လှည့်ကြည့်လိုက်ရတာ တင်းတိမ်ကြရဲ့လားဟု မေးမြန်းပါသည်။ ဆက်လက်ပြီး ဆွေတော်မျိုးတော်များအားလုံးကို ဖူးမြင်စေချင်တဲ့ ဆန္ဒနဲ့ မျက်လှည့်ပြမည်ဟု ခေတ်စကားနှင့် ပြောလိုက်မှ မျက်လှည့်ကြည့်ချင်၍ လာကြမှာဖြစ်ကြောင်း သိရ၍ ပြောလိုက်ရကြောင်း၊ အံ့ဩထူးဆန်းစရာလည်းမဟုတ်ကြောင်း၊ မိမိတို့နှလုံးသားထဲမှာ ဗုဒ္ဓရှင်တော်မြတ်ကို စိုက်နှင်



www.burmeseclassic.com

www.burmeseclassic.com

ကာကာ သက်ဝင်ယုံကြည်၍ ထာဝရကိန်းအောင်းနိုင်အောင် ကြည်ညိုအားထား ပူဇော်ဆည်းကပ်ကြလျှင် သင်တို့၏ နှလုံးသားမှာလည်း ဗုဒ္ဓမြတ်စွာဘုရားရှင် ထာဝရ ကိန်းဝပ်စံနေတော်မှာ ဖြစ်ကြောင်းကို လက်တွေ့ကျကျ ပြသလိုက်ခြင်းသာဖြစ်ကြောင်း၊ ပူဇော်မှု၊ ဆည်းကပ်မှု၊ ယုံကြည်အားထားမှု၊ သဒ္ဓါထက်သန်မှန်ကန်မှုများ ရှိလာခဲ့ရင် ကျွန်ုပ်၏ရင်၌ ဗုဒ္ဓရုပ်ပွားတော် ကိန်းဝပ်တော်မူသကဲ့သို့ သင်တို့နှလုံးသား၌လည်း ကိန်းဝပ်တော်မူလာမှုဖြစ်ကြောင်းတို့ကို ပြောဆိုဆုံးမပါသည်။ မယုံကြည်နိုင်၊ မဖြစ်နိုင်ဟု ပြောကြလျှင်လည်း သင်တို့အားလုံး မျက်မြင်ကိုယ်တွေ့ တွေ့ကြရပြီဖြစ်၍ ဗုဒ္ဓအပေါ် လေးနက်ယုံကြည်စွာ အားကိုးဖို့လိုအပ်ကြောင်း ထပ်မံပြောဆိုကာ တရားအနည်းငယ်ဟောပြီး အားလုံးကို တစ်ရေးအိပ်ခိုင်းကာ သူတော်စင်ရသေ့လည်း ကျိန်းစက်တော်မူပါတော့သည်။

နောက်နေ့နံနက် တနင်္ဂနွေနေ့တွင် အရုဏ်ဆွမ်းဘုဉ်းပေးပြီးသည့်နောက် ပရိသတ်များအား ဆွေတော်မျိုးတော်များအဖြစ် ပဋ္ဌာန်းဆက်အလျောက် ယခုလို ဆုံတွေ့ရတာကို ဝမ်းမြောက်ကြောင်း၊ ရက်သတ္တပတ် ခုနစ်ရက်ပြည့်ပြီမို့ ဒီညတွင် ချီးမြှင့်ရမည့် ပုဂ္ဂိုလ်များအတွက် ချီးမြှင့်ပူဇော်နိုင်ရန် ဆောင်ရွက်ပေးမှာဖြစ်ကြောင်း၊ အိမ်ရှင်ဦးလုမြင့်မိသားစု၊ ဦးထွန်းလွင်မိသားစုတို့အား ညဖက်တွင် စားပွဲဝိုင်းတစ်လုံးစီခင်း၍ ဆီမီး၊ ရေချမ်း၊ အမွှေးတိုင်၊ တံခွန်ကုက္ကား မှလေးပွားများ စုံလင်စွာဖြင့် ပြင်ဆင်ထားကြစေရန်နှင့် ကျွန်ုပ် အဘိုးနှင့် အဖေဖြစ်သူတို့အား ငှက်ပျောသုံးဖီး၊ အုန်းတစ်လုံး၊ လက်ဖက် ကွမ်းယာ စုံလင်စွာဖြင့် တစ်ပွဲစီ ယူလာကြရန် ညွှန်ကြားမှု ပြုပါသည်။

ထိုနေ့ညနေ ၆ နာရီခန့်မှစ၍ စားပွဲဝိုင်းနှစ်လုံးတွင် သူတော်စင်ရသေ့ ညွှန်ကြားထားသည့်အတိုင်း ပြုလုပ်စီမံကြကာ စားပွဲတစ်လုံးစီတွင် ကျွန်တော်တို့၏ ကန်တော့ပွဲတစ်ပွဲစီအား ကပ်လှူထားရှိစေပါသည်။ ပရိသတ်များကို ရတနာသုံးပါး၊ အနန္တငါးပါး၊ ခင်ပွန်းကြီး ၁၀ ပါးတို့အား မေ့မြစ်မှားမိစေရန်လည်းကောင်း၊ ငါးပါးသီလမြဲအောင် ကြိုးစားနေထိုင်ကြမှ ကပ်ကြီးသုံးပါးဘေးမှ လွှန်မြောက်နိုင်မှာဖြစ်ကြောင်း၊ ဗုဒ္ဓရှင်တော်မြတ်ကို နှလုံးသည်းပွတ်ထဲအထိ စိမ့်ဝင်လာအောင် ဆည်းကပ်ပူဇော် ကြည်ညိုအားထားမှုမျိုးဖြစ်အောင် ကြိုးစားဆည်းကပ်ကြစေလိုကြောင်း၊ မိမိမှာ နိဗ္ဗာန်ဆော်သာဖြစ်၍ ကြုံကြိုက်တုန်း ဆွေတော်မျိုးတော်တို့အား သတိပေးခြင်း၊ တိုက်တွန်းခြင်း ဆုံးမခြင်းများကိုသာ ပြုလုပ်နိုင်ပြီး ကိုယ်တိုင်ကျင့်ကြံအားထုတ်မှုကို မိမိတို့ကိုယ်တိုင် ပြုလုပ်ကြရမှာဖြစ်ကြောင်း၊ နက်ဖြန်တွင် ခုနစ်ရက်မြောက်ပြီမို့ အခြားနေရာများသို့ နိဗ္ဗာန်ဆော်ခရီး ထွက်ရတော့မှာဖြစ်ကြောင်းတို့ကို ပြောဆိုဆုံးမ၍ ဆုများစုံလင်အောင်ပေးခြင်းကို ပြုလုပ်ပါသည်။

ထုံးစံအတိုင်း ည ၉ နာရီမှ ၁၀ နာရီအထိ ဘုရားရှိခိုး ဝတ်ပြုမှုများကို ပြုလုပ်ပြီး ပရိသတ်အားလုံးကို လက်အုပ်ချီကာ မျက်စိမှိတ်၍ အာရုံပြုခိုင်းထားပါသည်။ မျက်စိဖွင့်ရန် မပြောမချင်း အားလုံး အသေအချာ မျက်စိမှိတ်၍ အာရုံပြုထားကြစေလိုကြောင်း ထပ်မံသတိပေးကာ ကြိုတင်၍ ပြုလုပ်ထားသော လိုက်ကာခန်းဆီးကို စားပွဲနှစ်လုံးအား မမြင်စေအောင် ကာထားစေပြီး အမွှေးတိုင်၊ ဖယောင်းတိုင်၊ သောက်တော်ရေများကို ကပ်လှူပူဇော်စေကာ သူတော်စင်ရသေ့မှာလည်း ပရိသတ်များနှင့်အတူ ခန်းဆီးလိုက်အပြင်မှနေ၍ ပဋ္ဌာန်းဆက်ဆိုင်ရာ ပုဂ္ဂိုလ်များမှ ထိုက်သင့်ရာ ထိုက်သင့်ရာတို့ကို ချီးမြှင့်ပေးပါရန် နှုတ်မှ ရွတ်ဆိုပြောကြားနေပါတော့သည်။ မကြာခင်၌ပင် အိပ်ခန်းတစ်ခန်းလုံးမှာ သင်းပျံ့သော အမွှေးရနံ့များဖြင့် ဖြာလွှင့်၍လာပြီးနောက် ခန်းဆီးအတွင်းမှာလည်း လှုပ်ရှားသံများ၊ ခြေသံများကို ကြားနေရပါသည်။ လှုပ်ရှားမှုများ သုံးမိနစ်ခန့်ကြာပြီးနောက် ငြိမ်သက်သွားပြီး အမွှေးရနံ့များလည်း ပျက်ပြယ်သွားပါတော့သည်။

ခဏမျှကြာလျှင် သူတော်စင်ရသေ့မှ ပရိသတ်အားလုံးကို မျက်စိဖွင့်ခိုင်းကာ ကာရံထားသော ခန်းဆီးလိုက်ကာကိုလည်း ဖွင့်လှစ်စေလိုက်ပါသည်။ စားပွဲတစ်လုံးပေါ်တွင် ဉာဏ်တော်တစ်တောင်ခန့်ရှိပြီး ရွှေများဝင်းနှစ်နေသော ဘုရား ရုပ်ပွားတော်တစ်ဆူကို ဖူးတွေ့ကြရပြီး ဤစားပွဲပေါ်တွင် စစ်ဆေးသုတ်ထားသကဲ့သို့ မည်းနက်ပြောင်လက်နေသော ဟင်္သာစီးနေသည့် ပိဋကတ်မယ်တော် (သူရဿတီမယ်တော်)ပုံတော်ကို တွေ့ကြရပါသည်။ ကန်တော့ပွဲ အုန်းသီးနှစ်လုံးပေါ်တွင် သင်္ဘောဆေးအဖြူနှင့် သုတ်ထားသကဲ့သို့ "ဝ"(ဝတစ်လုံးစီ)ကို ထင်ရှားစွာ တွေ့ရှိရပြီးလျှင် ပရိသတ်အားလုံးကို အနားသို့ တစ်လှည့်စီ အသုတ်လိုက် ကြည်ညို၍

www.burmeseclassic.com

ကို ပြုစေပါသည်။

ရသေ့သူတော်စင်မှ ဘုရားဆင်းတုတော်မှာ ဦးလှမြင့် မိသားစု ပူဇော်ရန်ဖြစ်ပြီး သူ့ရသသတီမယ်တော်မှာ ဆေးမယ်တော်အဖြစ် ဦးထွန်းလွင်မိသားစုမှ ပူဇော်ကာ သောက်တော်ရေကပ်ပြီးလျှင် ကျန်းမာရေးချို့တဲ့နေသော ဦးထွန်းလွင်၏ ယောက္ခမ မယ်တော်ကြီးအား ဆေးဝါးအဖြစ် တိုက်ရန် ညွှန်ကြားပါသည်။ ကန်တော့ပွဲနှစ်ပွဲမှာ ကျွန်ုပ်၏ အဘိုးနှင့် အဖေတို့အား တစ်ပွဲစီပေးပြီး မိမိတို့ဘုရားကျောင်းဆောင်တွင် ကပ်လှူပူဇော်ထားရန်နှင့် အုန်းသီးကို စွန့်မပစ်ဘဲ လပြည့်နေ့တွင် ပွဲစွန့်ကာ ခွဲ၍ အုန်းရေနှင့်အသားကို ဆေးဖြစ်ဝါးဖြစ် မိသားစုစားကြစေရန် အမိန့်ရှိပြန်ပါသည်။

ထိုရသေ့သူတော်စင်ကြွလာသည့် နေ့ရက်မှာ သီတင်းကျွတ်လပြည့်ကျော်ပြီး ၁၀ ရက်ခန့်က ဖြစ်ကြောင်း ကျွန်ုပ် မှတ်မှတ်သားသား သတိရရှိနေပါသည်။ သူတော်စင် ရသေ့ ပြန်ကြွသွားပြီး တန်ဆောင်မုန်းလပြည့်နေ့ နံနက်၌ ကန်တော့ပွဲများ အသက်လဲရန် ပြင်ဆင်ပြီး သူတော်စင်ရသေ့ မှာကြားခဲ့သည့်အတိုင်း အုန်းသီးများကို လပြည့်နေ့ညတွင် ဆေးဝါးအဖြစ် ခွဲ၍စားကြရန် ကျွန်ုပ်၏အဘိုးနှင့် အဖေတို့မှ စီစဉ်ဆောင်ရွက်ကြပါသည်။ ညဘက် ၉ နာရီခန့် လူစုံချိန်တွင် မိသားစုအားလုံး စုံလင်စေ၍ ကျွန်ုပ်၏ဖခင် ဘုရားပွဲမှ အုန်းသီးကို ဓားဖြင့်ခွဲကာ အုန်းရည်ရရန် ဓားဖြင့်ကလန့်၍ ဇလုံထဲသို့ကျစေရာ အုန်းရေများနှင့်အတူ ဇလုံထဲသို့ အရာဝတ္ထုတစ်ခု အုန်းသီးလုံးထဲမှ ထွက်ကျလာပါသည်။ ကျွန်ုပ်၏ ဖခင်မှ ဆယ်ယူ၍ကြည့်လိုက်ရာ သစ်သားဖြင့် ထုလုပ်ထားသည့် လေးလက်မ ငါးလက်မခန့်ရှိ အဘဘိုးဘိုးအောင် တောင်ဝှေးထောက်၍ ရပ်နေသော ရုပ်ထုပုံတော်လေးဖြစ်ကြောင်း ထူးဆန်းစွာ တွေ့ရပါသည်။ ပုံတော်မှာလည်း လွန်စွာ လက်ရာကောင်းမွန်လှပါသည်။ အုန်းတွင်းဆံ၏ အတွင်းဘက်မှာ မည်သို့မှ လေးလက်မ ငါးလက်မ မရှိနိုင်သော်လည်း အုန်းသီးထဲမှ ထွက်လာသော အဘဘိုးဘိုးအောင် ပုံတော်မှာ ငါးလက်မခန့်ရှိနေသည်ကို မိသားစုအားလုံး၏ မျက်စိအောက်တွင် တွေ့လိုက်ရသောအခါ ကျွန်ုပ်သည် သူတော်စင်ရသေ့ကို ချက်ချင်းပင် သတိရမိပါတော့သည်။

ဖခင်၏ အုန်းသီးကိုခွဲပြီးသောအခါ၌ အဘိုးဖြစ်သူ၏ ကန်တော့ပွဲအုန်းသီးကို ထပ်မံ၍ ခွဲစိတ်ကြည့်ကြပြန်ပါသည်။ အဘိုး၏ အုန်းသီးမှာမူ သာမန်အတိုင်း အုန်းရည်များသာ ကျလာပြီး ထူးထူးခြားခြား မည်သည့်အရာမျှ ကျမလာပါ။ အုန်းရည်များ ကုန်ပြီးသောအခါတွင် ထက်ခြမ်းခွဲလိုက်သော အခါ အုန်းသီး၏ တစုတွေးနေရာ၌ ဝင်းဝါနေသော ကွမ်းသီးလုံး အသေးတစ်လုံးအရွယ်ရှိ ပုံသဏ္ဌာန်တစ်ခုကို တွေ့ကြရပါသည်။ ဓားဦးချွန်ဖြင့် ထိုအလုံးကလေးအား ကော်ချလိုက်သောအခါတွင်မူ မျက်စိနှစ်လုံး ပါးစပ်တစ်ပေါက်ပုံသဏ္ဌာန် ထင်ထင်ရှားရှားပါသော ရွှေရောင်ဓာတ်လုံးတစ်လုံး ဖြစ်နေကြောင်း တွေ့ရပြန်ရာ အားလုံး ထပ်မံ၍ တအံ့တသြဖြစ်ကြရပြန်ပါသည်။ ဓာတ်လုံး၏ ရွှေရောင်မှာ ပွတ်တိုက်လေ ဝင်းလက်လေ ဖြစ်လာပါသည်။

အဘိုးဖြစ်သူမှာ ထိုသူတော်စင်ရသေ့ချီးမြှင့်သော ဓာတ်လုံးကို ကတ္တီပါအိတ်ငယ်ဖြင့် ထည့်၍ အိတ်ကပ်အတွင်း အမြဲဆောင်ထားကာ အားလပ်နေသည့်အချိန်တိုင်းတွင် ထုတ်၍ လက်ညှိုးနှင့်လက်မညှပ်ကာ သရဏဂုံသုံးပါးကို အစဉ်ပွားများ၍ နေပါတော့သည်။ အဘိုးဆုံးသည့်အချိန်တွင်မူ အိတ်ကပ်ထဲမှ ထုတ်ယူ၍ အဘိုး၏သားဖြစ်သူ ကျွန်ုပ်၏ ဘကြီးမှ အမွေအဖြစ် ဆက်ခံရယူသွားခဲ့ပါသည်။ ကျွန်ုပ်၏ ဖခင်ရရှိသော အဘဘိုးဘိုးအောင်ပုံတော်မှာ ကျွန်ုပ်မိသားစု နှစ်ပါးမှ ဖန်ပေါင်းချောင်ဖြင့် ပူဇော်ထားရှိခဲ့ရာ မိဘများ ကွယ်လွန်သွားပြီးနောက်တွင် ကျွန်ုပ်မှာ သားအကြီးဆုံးဖြစ်၍ ပင့်ဆောင်ကာ ကျွန်တော့်အိမ်တွင် ရွှေအသစ်ကပ်လှူပူဇော်၍ ယနေ့တိုင် ကိုးကွယ်ပူဇော်ထားရှိပါသည်။

ကျွန်ုပ် သိမှီသလောက်ပြောရလျှင် အဘိုး၊ အဘွားနှင့် အဖေ၊ အမေဖြစ်သူတို့မှာ သူတော်စင်ရသေ့ ချီးမြှင့်ခဲ့သော ဓာတ်လုံးနှင့် အဘဘိုးဘိုးအောင်ပုံတော်တို့ကို တရိတသေ ယုံယုံကြည်ကြည်နှင့် ဆောင်ထားပူဇော်ခဲ့ရာ အဘိုးနှင့် အဖေတို့မှာ သက်တမ်း ၈၀ နီးပါး အသက်ရှည်ခဲ့ကြပြီး အဘွားဖြစ်သူမှာ အသက် ၉၅ နှစ်၊ အမေဖြစ်သူမှာ အသက် ၈၂ နှစ်အထိ အနာရောဂါဝေဒနာ တစ်စုံတစ်ရာ ပြင်းပြင်းထန်ထန် မခံစားခဲ့ကြရပဲ ငြိမ်းအေးသက်သာစွာ ကွယ်လွန်အနိစ္စရောက်ခဲ့ကြတာချည်း ဖြစ်ပါသည်။

ဤဆောင်းပါးကို နိဂုံးချုပ်အနေဖြင့် စာဖတ်ပရိသတ်သို့ တင်ပြလိုက်သည်မှာ ကျွန်ုပ်တို့ မြန်မာဗုဒ္ဓဘာသာဝင်အားလုံးတို့သည် အဓိကအားဖြင့် ဘုရား၊ တရား၊ သံဃာ



www.burmeseclassic.com

www.burmeseclassic.com

မိဘ၊ ဆရာ၊ အနန္တောအနန္တငါးပါးကို တစ်ဂိုဏ်းတည်းထား၍ ဆည်းကပ်ပူဇော်ကြရပေမည်။ ဗုဒ္ဓဟောကြားခဲ့သော တရားဒေသနာတို့ကို စွဲမြဲစွာ ယုံကြည်အားထားလျက် အနတ္တတည်းဟူသော မိမိကိုယ်ပိုင်မဟုတ်ခြင်း၊ မမြဲခြင်း၊ အစိုးမရခြင်း၊ မိမိရရှိထားသော ခန္ဓာနှင့်တကွ လူ့ဘဝဖြစ်စဉ်တစ်ခုလုံးသည် ဒုက္ခဆင်းရဲခြင်းသာဖြစ်ခြင်းဆိုသည်များကို သိရှိသဘောပေါက် နားလည်လျက် သံသရာမှ လွတ်မြောက်ကြောင်းတစ်ခုတည်းသော နည်းလမ်းဖြစ်သည့် ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ကြရမည်မှာ အဓိကဖြစ်ပါသည်။ ဤသို့ အစွန်းဆုံး နားလည်မှု၊ သိရှိမှု၊ အားထုတ်နိုင်မှုတွေဖြစ်လာအောင် မှန်ကန်သော အသိတရားလိုအပ်ပါသည်။

လောကတွင် မည်မျှ ဆိုးနေတေနေ မိုက်မဲမှူးယစ်နေသူဖြစ်ပါစေ မှန်ကန်စွာသိသော အသိတရားလေးတစ်ချက်ကို ပိုင်ပိုင်နိုင်နိုင် သိလိုက်သည်နှင့် မိမိလုပ်နေသောလုပ်ခဲ့သော အလုပ်များ၊ အပြုအမူများသည် မှားယွင်းနေပါကလားဆိုသည့် ဆင်ခြင်တုံတရားလေး၊ နောင်တလေး၊ အသိကလေးတစ်ခုရ လိုက်သည်နှင့် ချက်ချင်း ပြုပြင်ပြောင်းလဲသွားတတ်ပါသည်။ အသိတရား ရရှိပြောင်းလဲသွားပြီဆိုသည်နှင့် မှောက်နေသော လက်ဝါးကို လှန်လိုက်သကဲ့သို့ အနေအထားအားလုံး ပြောင်းလဲသွားနိုင်ပါသည်။

ဘုရားမှန်း၊ တရားမှန်း၊ သံဃာမှန်း မသိသူ၊ မလေးစားသူ၊ မိုက်မဲတွေဝေနေသူ၊ လမ်းဆုံးသို့ ရောက်တော့မည့်သူများကို ယခုလောကတွင် တရားဟောရုံနှင့် ပြောင်းလဲသွားနိုင်ခြင်းမရှိပါ။ တရားသံကြားသည်ဆိုသည်နှင့် ထွက်ပြေးနေသူကို ဖမ်းရခက်ခဲလှပါသည်။ အင်္ဂုလိမာလကဲ့သို့ လူသတ်သမားကြီးကို ချက်ချင်း အကျွတ်တရားရနိုင်အောင် ဆုံးမနိုင်သည့် ဗုဒ္ဓရှင်တော်မြတ်လည်း သက်တော်ထင်ရှားမရှိတော့ပါ။ ဆရာကို ဆရာမှန်းမသိ၊ လူကြီးကို လူကြီးမှန်းမသိ၊ တရားကို တရားမှန်းမသိ၊ ရဟန်းသံဃာကို ရဟန်းသံဃာလို အလေးထားသူတို့ကို မည်သို့ အမြင်မှန်ရောက်အောင် သိမ်းသွင်း၍ လမ်းမှန်သို့ရောက်အောင် ပို့ဆောင်နိုင်မည်နည်း။

ဤတွင် ထိုသူများကို ဆုံးမနိုင်သော လမ်းမှန်သို့ ပို့ဆောင်၍ ပို့ပေးနိုင်သော အသိတရားကို ရစေနိုင်သော အကြောင်းတွေ့ကျကျ တအံ့တဩ ဖြစ်စေကာ ထိုသူများ ပြန်လှန်၍ မစော်ကားဝံ့သော၊ လေးစားကြောက်ရွံ့မှုရှိနေစေနိုင်သော ဂမ္ဘီရအတတ်ပညာရှင်များ၊ သာသနာတော်အတွက် လူသားနှင့်စပ်ဆက်နွယ်သော နိဗ္ဗာန်ဆော်များ လိုပါသည်။ တုတ်ပြီး၊ ဓားပြီး ဆရာနှင့်တွေ့သော လူမိုက်သည် ထိုဆရာကို မစော်ကားဝံ့ပြီ။ ထိုဆရာကဲ့သို့ တုတ်ပြီး၊ ဓားပြီးဖြစ်လိုသူသည် ထိုဆရာ၏ တပည့်အဖြစ် ခံယူရန် ဝန်မလေးတော့ပြီ။ ထိုဆရာသည် အထက်တွင် ကျွန်ုပ်တင်ပြခဲ့သော နိဗ္ဗာန်ဆော်ဆရာတစ်ဦးဖြစ်ပါက ထိုသူအား သူဖြစ်ချင်သည်များကို ဖြစ်စေလျက် လူကောင်းတစ်ဦး၊ ဘာသာရေးကိုင်းရှိုင်းသူတစ်ဦးအဖြစ်သို့ အမြင်မှန်ရအောင် ဆောင်ရွက်ပေတော့မည်။ အသိတရားတစ်ချက် ရသွားသည်နှင့် ထိုလူမိုက်အဖို့ တုတ်ပြီး၊ ဓားပြီးသည် ဘာမှမဟုတ်တော့ကြောင်းကို သိသွားနိုင်ပြီး တုတ်ပြီး ဓားပြီးသော်လည်း လူမိုက်အလုပ်ကို မလုပ်တော့ပေ။ သူ၏ တပည့်လူမိုက်များကိုပင် ထိုသူမှ ပြန်၍ ထိန်းကျောင်းဟန့်တားခြင်းမျိုးကို ပြုလုပ်လာတော့မည်ဖြစ်လေသည်။

ဤသည့်နည်းတူ ယနေ့ ကျွန်ုပ်တို့ လူ့ဘောင်လောကတွင် စစ်မှန်သော နိဗ္ဗာန်ဆော် သူတော်စင်များလည်း ရှိကြ၏။ အတုအယောင် ဟန်ဆောင်သူများလည်း ရှိကြ၏။ အတုအယောင်နှင့် မတွေ့ပဲ အစစ်အမှန် နိဗ္ဗာန်ဆော်နှင့် တွေ့သော သူများသည် အမှန်တရားဖက်သို့ ရောက်လာနိုင်သည်မှာ မလွဲပါ။ အဘဘိုးဘိုးအောင်ကို ကိုးကွယ်သော၊ အဘအောင်မင်းခေါင်ကို ယုံကြည်သော၊ ယက္ခန်းစင်တောင်ဆရာတော်ကို ဆည်းကပ်သော ပုဂ္ဂိုလ်များသည် မိမိတို့၏ လောကီအကျိုးကို ရနိုင်အောင် ဆည်းကပ်ကြသည်နှင့်တူ လောကုတ္တရာအကျိုးတွင်လည်း စွမ်းစွမ်းတမံ ဆောင်ရွက်နေကြသည်မှာ လက်တွေ့အမြင်ဖြစ်ကြပေသည်။ အဘက မစ၍ရသော ငွေကြေးဖြင့်ဟူ၍ သာသနာပြုလုပ်ငန်းတွင် လှူ၏။ ကျောင်းဆောက်၏။ ဘုရားတည်၏။ ရေတွင်းရေကန်တူး၏။ ရဟန်းခံရှင်ပြု အလှူအတန်းများပြုကြ၏။ ထိုသူများသည် ဗုဒ္ဓရှင်တော်မြတ်ကိုလည်း ယုံကြည်ဆည်းကပ်ပူဇော်ကြ၏။ အဘအောင်မင်းခေါင်ကိုလည်း လောကီအကျိုးအတွက် အားကိုး၏။ သမထကျင့်စဉ် ဝင်ကြ၏။ ဝိပဿနာတရားအားထုတ်ကြ၏။ မဟုတ်မမှန်တာလုပ်ရန် စိတ်ကူးမရှိကြ။ လုပ်မိသျှင်လည်း အဘတို့မှ အပြစ်ဒဏ်ပေးလိမ့်မည်ဟု ယုံကြည်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com

သံသရာမှ လွတ်မြောက်ကြောင်းတရားကို အခြေမခံသော်လည်း ထိုသူများသည် လောက၏အလုကို မဖျက်ဆီးကြပေ။ ခိုးဆိုး လုယက်၊ သောက်စားရမ်းကားခြင်းမျိုးကို လုံးဝ စိတ်မကူးတော့ပြီ။ ထိုသူများသည် ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘတို့ကို မပြစ်မှားရဲကြ။ ခင်ပွန်းကြီး ၁၀ ပါးကို မပြစ်မှားရဲကြ။ ထိုသူများတွေ များလာလေလေ လောကတွင် မကောင်းမှုဒုစရိုက်တွေ နည်းလာလေလေသာ ဖြစ်ဖို့ရှိလေသည်။ ဉာဏ်ရင့်လာသည့်အခါတွင် ထိုသူများလည်း နိဗ္ဗာန်ရောက်ကြောင်းတရား၊ သံသရာမှ လွတ်မြောက်ကြောင်းတရား၊ လွတ်မြောက်နိုင်သောအကျင့် စသည့် ဗုဒ္ဓ၏ ဆိုလိုရင်းအဓိပ္ပာယ်နှင့် ဗုဒ္ဓဖြစ်ချင်သော ဆန္ဒတို့ကို သိရှိနားလည်လာမည်မှာ မလွဲတော့ပါ။ ပြောင်းလဲသွားမည်မှာလည်း မလွဲတော့ပါ။ သောတာပန်ဖြစ်ပြီးသောပုဂ္ဂိုလ်သည် ငရဲသို့ လားရန် အကြောင်းမရှိတော့သကဲ့သို့သာတည်း။

ထို့ကြောင့် ဗုဒ္ဓ သက်တော်ထင်ရှားမရှိသည့် ယခုလို အခါသမယတွင် ကျွန်ုပ်အနေနှင့် တင်ပြရသော် စစ်မှန်သော သူတော်စင် နိဗ္ဗာန်ဆော်များလည်း လိုအပ်ပါသည်။ ရဟန်းသံဃာတော်များကလည်း မိမိတို့ထံတွင် အမှန်အသိတရားရရှိပြီး ဝိပဿနာကျင့်စဉ်ဖြင့် သံသရာမှ လွတ်မြောက်လို၍ ရောက်လာသော ပုဂ္ဂိုလ်များအား တရားစစ်၊ တရားမှန်ကျင့်စဉ်ကို ချီးမြှင့်၍လည်းကောင်း၊ မှောစရိယ တရားဟော ပုဂ္ဂိုလ်ရဟန်းများမှာလည်း တရားပွဲများ ဟောကြား၍ ဗုဒ္ဓ၏ ဆိုလိုရင်း အနှစ်သာရကို သိစေကြားစေနိုင်ရန်လည်းကောင်း၊ လမ်းမှန်ပေါ်သို့ မရောက်သေးသော အနိမ့်စားပုဂ္ဂိုလ်၊ အလတ်စားပုဂ္ဂိုလ်များကို စစ်မှန်သော နိဗ္ဗာန်ဆော်များမှ မိမိတို့၏ ဂမ္ဘီရအတတ်ပညာဖြင့် ပရိယာယ်ဆောင်ကာ လမ်းမှန်သို့ ရောက်အောင် ဝိုင်းဝန်းဆောင်ရွက်သင့်ကြပေသည်။

စစ်မှန်သောရဟန်းသည် ဒါယကာ၊ ဒါယိကာမတို့ကို ငရဲသို့ရောက်ရာရောက်ကြောင်းတို့ကို မဟောပြောပါ။ ဗုဒ္ဓတရား အနှစ်သာရစစ်ကိုသာ သင်ကြားပြသသွန်သင်ဆုံးမ၍ သံသရာမှ လွတ်မြောက်ကြောင်းတရားကိုသာ ဟောကြားမည်။ နည်းပေးလမ်းပြပြုလုပ်မည်ဖြစ်ပါသည်။ စစ်မှန်သော သူတော်စင် နိဗ္ဗာန်ဆော်သည် သူ၏ပရိသတ်ကို လူမသတ်နိုင်းပါ။ မခိုးခိုင်းပါ။ မူးယစ်စေစားမှု မပြုခိုင်းပါ။ ယဉ်ကျေးအောင် ပဲ့ပြင်သွန်သင်၍ ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘတို့ကို ကိုးကွယ်ဆည်းကပ်တတ်အောင် ခင်ပွန်းကြီးဆယ်ပါးကို မပြစ်မှားလေအောင် ကောင်းသောကျင့်စဉ် တစ်နိုင်တစ်ပိုင်လုပ်နိုင်သော ကောင်းမှု၊ ဒုစရိုက်ကို ပယ်စွန့်၍ သုစရိုက်များကိုသာ ဆောင်ရွက်စေအောင်သာ တဖြည်းဖြည်း သွန်သင်ဆုံးမပါမည်။ မိမိတတ်ထားသော ဂမ္ဘီရပညာများဖြင့် သိမ်းသွင်းဆွဲဆောင်မှု ပြုလုပ်မည်ဖြစ်ပါသည်။ လောကီပညာတွင် အဆင့်ဆင့် ဆရာထားရှိသကဲ့သို့ ပါမောက္ခချုပ်က မူလတန်းကို မသင်ပြပါ။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ် စသဖြင့် အဆင့်ဆင့်ရှိကြရမည်ဖြစ်ပါသည်။

စစ်မှန်သော သူတော်စင် နိဗ္ဗာန်ဆော်များသည်လည်း တစ်နည်းအားဖြင့် အာစရိယနွယ်ဝင်များသာ ဖြစ်ပါသည်။ ပါရမီနုသေး၍ ကြမ်းတမ်းခက်ထန်သော ပုဂ္ဂိုလ်များကို ကျွန်ုပ်တို့သည် ချက်ချင်း ဝိပဿနာသင်တန်းသို့ ခေါ်၍မရနိုင်ပါ။ ဆင်ကို ချွန်းဖြင့်အုပ်သကဲ့သို့ ယဉ်ပါးအောင် ပြုလုပ်ဆောင်ရွက်တတ်သော နိဗ္ဗာန်ဆော်နှင့် တွေ့သွားပါက ထိုသူများသည် တဖြည်းဖြည်း ရင့်ကျက်လာကာ အမှားနှင့်အမှန်ကို ခွဲခြားပိုင်းခြားမြင်လာပါလိမ့်မည်။ အသိတရားတစ်ချက်ဖြင့် အမှားမှ အမှန်သို့ ကူးပြောင်းလာပါလိမ့်မည်။

ကျွန်ုပ်ကိုယ်တိုင်ပင်လျှင် ငယ်စဉ်က တွေ့ခဲ့ရသော နိဗ္ဗာန်ဆော်သူတော်စင်ရသေ့၏ သွန်သင်ဆုံးမမှု၊ အဘိုး အဘွား အဖေ၊ အမေတို့၏ လိမ္မာပါးနပ်စွာ ဘာသာတရားဘက်သို့ ဆွဲဆောင်ခေါ်ယူမှုတို့ကြောင့် သူငယ်တန်းမှ ဒသမတန်းအထိ ကျောင်းတက်ချိန်တိုင်းတွင် အင်္ဂလိပ်ဘုရားရှိခိုးခြင်းကို ရွတ်ဆို၍ ကြီးပြင်းခဲ့သော စိန့်ပေါလ်ကျောင်းသား အင်္ဂလိပ်ကျောင်းသားဘဝ JESUS CHRIST နှင့် HOLY MARY ကို ချီးမွမ်းဆုတောင်းခဲ့သောဘဝ၊ အင်္ဂလိပ်ကျောင်းသားဘဝကို ဂုဏ်ယူမာန်တက်နေသော ဘဝမှ စစ်မှန်သော ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ရောက်ရှိခဲ့ရခြင်းသည် အဆင့်ဆင့်သော ဆရာ၊ မိဘ၊ နိဗ္ဗာန်ဆော်များ၏ အခန်းကဏ္ဍသည် လမ်းတစ်ခုအပါအဝင်ဖြစ်ပါကြောင်း ကိုယ်တွေ့ရေးသားတင်ပြအပ်ပါသည်။

*သမြေနရွက်ဝါ ဧေယျတု သဗ္ဗမင်္ဂလာ*

**ဦးအောင်(ယုဇနဥယျာဉ်မြို့တော်)**

www.burmeseclassic.com

# ရှေးဟောင်းရှေးရက် ကြီးမားသူ

## မောင်ချိုမြင်း(ကန္တာရဝတီ)



လောကတွင် လူဖြစ်စေ၊ သာသနာ့ဝန်ထမ်း ရဟန်းဖြစ်စေ၊ ယုတ်စွအဆုံး အဟိတ်တိရစ္ဆာန်ပင်ဖြစ်စေ အသီးသီး ရှေးအတိတ်ကုသိုလ်ကံဖြင့် လာကြသူများချည်း ဖြစ်သည်။ ရှေးရှေးဘဝက ပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်ကံ အရှိန်အဟုန်တို့သည် လူသားလည်း လူသားအလျောက်၊ တိရစ္ဆာန်လည်း တိရစ္ဆာန်အလျောက် လက်ငင်းဘဝတွင် တစ်နည်းမဟုတ် တစ်နည်း အကျိုးပေးတူးသည်မှာ အမှန်။

အဟိတ်တိရစ္ဆာန် အချင်းချင်း တွေ့နေကြပါလျက် လမ်းဘေးလမ်းမ၊ လမ်းကြိုလမ်းကြားမကျန် အစာရှာဖွေစားသောက်နေနေရသော ခွေးလေခွေးလွင့်ဘဝနှင့် အဖိုးတန် မော်တော်ကားကြီးများပေါ်တွင် ပိုင်ရှင်ဖြစ်သူ၏ အရေးတယူ လက်သပ်မွေး ပွေ့ပိုက်ယုယမှုကို ခံယူလျက် နေ့စဉ် အမဲသားငါး အစားစား၊ အချိန်တန် ကျန်းမာရေးမှုအစ ဂရုစိုက်မွေးမြူခြင်း ခံနေရသော သိန်းကျော်တန် တန်ဖိုးရှိ ခွေးများကိုလည်း တွေ့နေရတတ်သည်။ ဤသည်မှာ အတိတ်ဘဝက တစ်စုံတစ်ခုသော ကုသိုလ်ကောင်းမှုကို ပြုလုပ်ခဲ့ပါသော်ငြား အယူလွဲမှားမှုကြောင့် တိရစ္ဆာန်မျိုး၌ ဖြစ်နေရသော်လည်း တစ်မျိုးတစ်ဖုံ သူ့အတွက် ကုသိုလ်ကံက ကောင်းနေခြင်းဟု ဆိုရပါမည်။

ရန်ကုန်မြို့ တာမွေ နတ်ချောင်းရပ်ကွက် သာသနာ့ဒေသျမင်္ဂလာ ပရိယတ္တိ သုံးထပ်ကျောင်းကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တပညိန္ဒ အရှင်မြတ်သည် ရှေးဘဝ အတိတ်ကုသိုလ်ကံ အလွန်ကြီးမားသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တစ်ပါးဟု ဆိုရပါမည်။ ကရင်တိုင်းရင်းသား မိဘနှစ်ပါးဖြစ်သော ဦးဘချို၊ ဒေါ်ဟာသ်ာစိုတို့မှ လှိုင်းဘွဲ့မြို့နယ်၊ ကိုင်းကောင်းကျေးရွာ၌ ၁၃၀၇ ခုနှစ်တွင် ဖွားမြင်ခဲ့၏။ ငယ်ရွယ်စဉ်က ရှင်သာမဏေဘဝကပင် ကရင်ပြည်နယ်၊ ဘားအံမြို့ ကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍိယ၏ ခြေတော်ရင်း၌ စာသင်သားတပည့်အဖြစ် ခိုလှုံခဲ့ရ၏။

စာသင်သားတို့ ထုံးစံအတိုင်း အချိုကိုလိုသော်လည်း အချဉ်ရ၊ အပူလိုသော်လည်း အအေးရသည့် ရဟန်းပျိုဘဝဖြင့် သူတကာ လေယာဉ်ပျံစီးသည်ကို အားအကျကြီးကျခဲ့ဖူးသည်။ ရန်ကုန်-ဘားအံ လေယာဉ်ပျံခမှာ သုံးဆယ်ကျပ်ကျော်ကျော် ဖြစ်သော်ငြား တော်တန်ရုံလူများအဖို့ စရိတ်မတတ်နိုင်။ သို့သော် မကြာမီ အောင်ဘာလေနှစ်သောင်းဆု

www.burmeseclassic.com

www.burmeseclassic.com

ထီ ပေါက်လိုက်ရာ ထိုထီပေါက်ထားသည့်ငွေဖြင့် တတ်အားသမျှ လှူလည်းလှူနိုင်၊ လေယာဉ်စီးပြီးလည်း ရန်ကုန်အနှံ့ ဘုရားစုံအနှံ့ ဖူးမြော်လည်းပတ်ခွင့် ရခဲ့သည်။ ထိုအချိန် ၁၉၇၀ ပြည့်နှစ်ခန့်က ရွှေတစ်ကျပ်သားမှ ခြောက်ရာကျပ်ထက် မပိုသေး။

စာသင်သား ပျို့ရွယ်စဉ်ကာလက နောင်တစ်ချိန် ကြီးကျယ်မြင့်မြတ်ခမ်းနားသော ကျောင်းကြီးတစ်ကျောင်း ကျောင်းတွင် ဆရာတော်အဖြစ် သီတင်းသုံးရလိမ့်မည်ဟုလည်း စိတ်ကူးထဲတွင်ပင် မရှိ။ မိမိ၏ ကျေးဇူးရှင် မဲဘောင်ဆရာတော်ဘုရားကြီး အလိုကျ ညွှန်ကြားသည့်အတိုင်းသာ ဗုဒ္ဓသာသနာ မထွန်းကားသေးရာ ကရင်ပြည်နယ်အတွင်းရှိ နေရာအနှံ့အပြားသို့ ကြွရောက်သီတင်းသုံးခဲ့ဖူးရာ အခြားဘာသာဝင်တို့အလယ်၌ အငြိုးအငြင်လည်း ခံခဲ့ရဖူး၏။ အနက်ရောင်နယ်မြေ ဒေသအတွင်း ဖြစ်သည့်အားလျော်စွာ သေနတ်ကျည်ဆန်၊ ဗုန်းမှန်မည်ကိုလည်း မကြောက်မရွံ့ ပဌာန်းရွတ်၍ သာသနာပြုခဲ့ရ၏။ ဤကောင်းမှု ကုသိုလ်ကံ အရှိန်အဟုန်တို့ကြောင့်ပင်လား မသိ။ နိုင်ငံတော်အကြီးအကဲက မူလ ယင်းတို့ကိုးကွယ်ဆည်းကပ်ရာ မဲဘောင်ဆရာတော်ကြီးအတွက် ရန်ကုန်တွင် ကျောင်းဆောက်လုပ်လှူဒါန်းရန် ရည်ရွယ်သည်။

သို့သော် ဆရာတော်ကြီးက မိမိမှာ သက်တော်ကလည်း ကြီးရင့်ပြီဖြစ်သည်ကတစ်ကြောင်း၊ မဲဘောင်စာသင်တိုက်ကြီးနှင့်တကွ စာသင်တပည့်သံဃာ ဒကာ၊ ဒကာမများနှင့်လည်း ဝေးဝေးလံလံ မဖြစ်လိုသည်ကတစ်ကြောင်းကြောင့် ရန်ကုန်သို့ မကြွချင်။ အကယ်၍ ရန်ကုန်တွင် ကျောင်းဆောက်လုပ် လှူဒါန်းလိုပါက မိမိကိုယ်စား အားအထားရဆုံး တပည့်နှစ်ပါးဖြစ်ကြသည့် ငွဲကပင်ဆရာတော် ကဝိဓဇကိုဖြစ်စေ၊ ဘဒ္ဒန္တပညိန္ဒကိုဖြစ်စေ ကျောင်းဆောက်လုပ်လှူဒါန်းစေလိုသည်။ ယင်းအရှင်နှစ်ပါးနှင့်သာ အသင့်လျော်ဆုံးဟု မိန့်ကြားသည်။

ပရိတ်ကြီးဆယ့်တစ်သုတ် ကုန်စင်အောင် အသံသြဇာကြည်လင်စွာဖြင့် အာဂုံဆောင်ရွတ်ဖတ်ရာတွင် အစွမ်းအာနိသင် တန်ခိုးထက်မြက်လှသော ဆရာတော် ကဝိဓဇကလည်း ရန်ကုန်တွင် ကြွမြန်းသီတင်းသုံးရန်ထက် ကရင်ပြည်နယ်တစ်ဝန်းလုံးအတွက် သာသနာပြုရေးကိုသာ အထူးစိတ်သန်နေရုံအပြင် ဆရာတော်ကြီး၏ လက်ရုံးဆိုကလည်း မမှား။ ထို့ကြောင့် မဲဘောင်ဆရာတော်ကြီးအနီးအနားတွင် အရှင်ကဝိဓဇ မရှိ၍မဖြစ်။

ကျောင်းဒကာဖြစ်မည့် နိုင်ငံတော်အကြီးအကဲ၏ဇနီးအမေကြိုင်မှာ ဘားအံနယ်ဇာတိဖြစ်ပြီး မဲဘောင်ဆရာတော်ကြီးအား ငယ်စဉ်ကပင် ကိုးကွယ်ဆည်းကပ်နေရာမှ အနီးကပ် တပည့်ဖြစ်သူ အရှင်ပညိန္ဒ၏ သီလ၊ သမာဓိ၊ သိက္ခာနှင့် ရိုးသားပွင့်လင်းမှုဂုဏ်တို့ကို ကောင်းစွာသိရှိကြည်ညိုပြီးဖြစ်နေသည်။ ထို့ကြောင့် အရှင်ပညိန္ဒအဖို့ လှမ်းလာသည်ကို မမြင်ရ၊ လုံထမ်းလာသည်ကိုသာ မြင်ရ ဆိုသကဲ့သို့ ကံဇာတာမြင့်တက်ရန် ဖြစ်လာသည်။

ဘဒ္ဒန္တပညိန္ဒမှာ မဲဘောင်အာရာမ်ကို ခွဲခွာ၍ ရန်ကုန်သို့ ကြွလာရသော်ငြား ချက်ချင်းလက်ငင်း ရန်ကုန်တွင် ကျောင်းမထိုင်နိုင်သေး။ ကျောင်းကြီးဆောက်ရန် နေရာရှာဖွေစီစဉ်နေစဉ် ကျောင်းဒကာအဖြစ်ခံယူမည့် ပုဂ္ဂိုလ်များအလိုကျ လှည်းကူးမြို့နယ်၊ ရဲမွန် ဝါဆိုတပ်ဦးကျောင်းတွင် သုံးနှစ်သီတင်းသုံးခဲ့ရသေး၏။ သို့သော် မကြာပါ။ ၁၉၉၅ ခုနှစ်တာမွေ နတ်ချောင်းရပ်ကွက်ကို ဖျက်သိမ်းအကွက်ချ၍ အဆင့်မြင့် အိမ်ရာတိုက်တာများ ဆောက်လုပ်သည့်ကာလကျမှသာလျှင် ကျယ်ဝန်းသော ကျောင်းတော်ကြီး ဆောက်လုပ်ရန် မြေနေရာရလာခဲ့ပြီး ဤခမ်းနားထည်ဝါလှသော ကျောင်းတော်ကြီး ပေါ်ထွန်းလာခဲ့သည်။ ကျောင်းဝင်းအတွင်း ဥယျာဉ်ကလည်း စိတ်နှလုံးချမ်းမြေ့စရာ ကောင်းလှပါဘိ။ ဤသာသနာ့ဗေယျ မင်္ဂလာကျောင်းတော်ကြီးမှာ နောင်တစ်ချိန် အင်းဝမယ်နု အုတ်ကျောင်းကြီးကဲ့သို့ပင် ရာဇဝင်တွင်မည်မှာ မလွဲ။

ယင်းအာရာမ်ကျောင်းတွင် ဆရာတော်အရှင်ပညိန္ဒသီတင်းသုံးနေခဲ့သည်မှာ အနှစ် ၂၀ ခန့် ကြာမြင့်ခဲ့၍ သီတင်းသုံးပြီး မကြာမီ မဟာသဒ္ဓမ္မဇောတိကဓဇ (သာသနာပြု) ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိသည်ဖြစ်ရာ ရှေးဘုန်းရေးကံထူးခြားသော မထေရ်မြတ်တစ်ပါးအဖြစ် မှတ်တမ်းတင်ရပေတော့သည်။

မောင်ချို့မင်း(ကန္တာရဝတီ)

၀၉-၄-၂၀၀၉



www.burmeseclassic.com

www.burmeseclassic.com

# ထူးမြတ်လွန်ကဲ
# တပို့တွဲ

တက္ကသိုလ်သျှင်ဥက္ကာ (မဟာဝိဇ္ဇာ၊ ကျမ်းပြု)

တစ်နှစ်တာကာလ တစ်ဆယ်နှစ်လရှိသည့်အနက် "တပို့တွဲ"မည်သော လကား ထူးမြတ်လွန်ကဲလှပါဘိ။

အကြောင်းမူကား တပို့တွဲလပြည့်သည် "ဩဝါဒပါတိမောက် အခါတော်နေ့" ဖြစ်သောကြောင့်ပါတည်း။

ဘုရားရှင်၏ အဆုံးအမ ဩဝါဒနှင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်များကို ပါတိမောက်ဟု ခေါ်သည်။ ပါတိမောက်၌ ဩဝါဒပါတိမောက်နှင့် အာဏာပါတိမောက် ဟူ၍ နှစ်မျိုးနှစ်စားရှိကြောင်း လေ့လာသိရှိရ၏။ ဩဝါဒပါတိမောက်သည် မြတ်ဘုရားရှင်မှသာ ပြခွင့်ရှိပြီး မည်သည့် တပည့်သာဝကတို့မှ ပြခွင့်မရှိပါချေ။ ဤ၌ ဘုရားရှင်တို့ တစ်ဆူနှင့်တစ်ဆူ ဩဝါဒပေးပုံ ကွာခြားလေသလောဟု မေးဖွယ်ရှိ၏။ စင်စစ်အားဖြင့် ဘုရားရှင်တို့ တစ်ဆူနှင့်တစ်ဆူ ဩဝါဒပေးခြင်း ကွဲပြားခြားနားမှု မရှိကြပါ။ ပြသောအချိန်ကာလသာ ကွဲပြားပါ၏။ သာဓကပေးရပါလျှင် . . .

ဝိပဿီမြတ်စွာဘုရားရှင်သည် ခုနစ်နှစ်လျှင်တစ်ကြိမ် ဩဝါဒပါတိမောက်ကို ပြလေ့ရှိ၏။ တစ်ကြိမ်ပြရုံမျှဖြင့် ဩဝါဒ ခုနစ်နှစ်ကြာ တည်တံ့၏။

သိခီဘုရားရှင်နှင့် ဝေဿဘူမြတ်စွာဘုရားရှင်တို့သည် ခြောက်နှစ်လျှင်တစ်ကြိမ် ဩဝါဒပါတိမောက်ကို ပြတော်မူလေ့ရှိ၏။ တစ်ကြိမ်ပြရုံမျှဖြင့် ဩဝါဒ ခြောက်နှစ်ကြာ တည်တံ့၏။

ကကုသန်နှင့် ကောဏာဂုံမြတ်စွာဘုရားရှင်တို့သည် တစ်နှစ်လျှင်တစ်ကြိမ် ဩဝါဒပါတိမောက်ကို ပြလေ့ရှိ၏။ တစ်ကြိမ်ပြရုံမျှဖြင့် ဩဝါဒ တစ်နှစ်ကြာ တည်တံ့၏။

ကဿပမြတ်စွာဘုရားရှင်သည် ခြောက်လလျှင် တစ်ကြိမ် ဩဝါဒပါတိမောက်ကို ပြတော်မူလေ့ရှိ၏။ တစ်ကြိမ်ပြရုံမျှဖြင့် ဩဝါဒ ခြောက်လကြာ တည်တံ့၏။

ဘုရားရှင်တိုင်း ဘုရားရှင်တိုင်းသည် တပို့တွဲလပြည့်နေ့တွင်သာ တပည့်သား ရဟန်းသံဃာအပေါင်းအား ဩဝါဒပါတိမောက်ကို ပြလေ့ရှိ၏။ ထို့ကြောင့်လည်း တပို့တွဲလပြည့်နေ့သို့ ကျရောက်လေတိုင်း ဩဝါဒပါတိမောက် အခါတော်နေ့အဖြစ် ဗုဒ္ဓဘာသာထွန်းကားသော နေရာအရပ်ဒေသများ၌ ကျင်းပကြလေသည်။

တပို့တွဲလပြည့်နေ့အား ထူးခြားလှကြောင်း ပညာရှင်

www.burmeseclassic.com

အသီးသီးက မှတ်တမ်းပြုခဲ့ကြ၏။ ဤ၌ မည်သို့သော ထူးခြားချက်များ ရှိပါသနည်းကို ဆန်းစစ်ကြည့်လေသော် . . .

(၁) တပို့တွဲလပြည့်နေ့တွင် ဘုရားရှင်တိုင်းသည် တပည့်သားတို့အား ဩဝါဒပါတိမောက်ကို ပြလေ့ရှိခြင်း၊

(၂) လက်ယာတော်ရံ ရှင်သာရိပုတ္တရာ ရဟန္တာဖြစ်သောနေ့ ဖြစ်ခြင်း၊

(၃) လက်ယာတော်ရံ ရှင်သာရိပုတ္တရာနှင့် လက်ဝဲတော်ရံ ရှင်မဟာမောဂ္ဂလာန်တို့ တေဒဂ်ဘွဲ့ထူး ရရှိသောနေ့ဖြစ်ခြင်း၊

(၄) အင်္ဂါလေးရပ်နှင့် ပြည့်စုံသော ရဟန်းပရိသတ်တို့ အလိုအလျောက် စုဝေးမိကြသောနေ့ ဖြစ်ခြင်း။

စသည်တို့ကို တွေ့ရှိရပါသည်။ စင်စစ် ဩဝါဒဟူသည် အပါယ်ဘေးမှ ကင်းဝေးစေသော အဆုံးအမ ဖြစ်ပါသည်။ ထိုဩဝါဒကို မိန့်တော်မူခြင်းသည် ဩဝါဒပါတိမောက်ပြခြင်းပင် ဖြစ်၏။ ပါတိမောက်နှစ်မျိုးနှစ်စား ရှိသည့်အနက် ဩဝါဒပါတိမောက်ကို ဘုရားရှင်တို့သာ ပြခွင့်ရှိပြီး အာဏာပါတိမောက်မှသာလျှင် တပည့်သံဃာ၊ သာဝကတို့ ပြခွင့်ရှိပါသည်။

သက်တမ်းရှည်တော်မူကြကုန်သော ဘုရားရှင်တို့သည် ဩဝါဒပါတိမောက်ကို အသက်ထက်ဆုံး ပြတော်မူကြပါသည်။ သက်တမ်းတိုတော်မူကြကုန်သော ဘုရားရှင်တို့မှာမူ ဩဝါဒပါတိမောက်ကို ဝါတော် ၂၀ အတွင်းမှာသာ ပြတော်မူကြပါသည်။ လောဘ၊ ဒေါသ၊ မောဟ စသော စရိုက်ဆိုးများ ထူပြောနေချိန်ဝယ် ဩဝါဒတည်မြဲရန် ခဲယဉ်းလှသည့်အတွက် ဝါတော် ၂၀ လွန်သည်နှင့် တပည့်သံဃာတို့အား အာဏာပါတိမောက်ကို ပြစေရသည်။

ဘုရားရှင်တို့အဖို့ ဩဝါဒပါတိမောက်ကို . . .

(၁) တပို့တွဲလပြည့် ကြုံကြိုက်ခြင်း၊

(၂) ဟေိဘိက္ခု ရဟန်းချည်းသာ ဖြစ်ခြင်း၊

(၃) ဆဠာဘိည ပဋိသမ္ဘိဒါပတ္တရဟန်းချည်း ဖြစ်ခြင်း၊

(၄) မည်သူမျှ မပင့်ဖိတ်ဘဲ စုဝေးမိခြင်း

အစရှိသည့် အင်္ဂါလေးချက်နှင့် ပြည့်စုံမှသာလျှင် ပြလေ့ရှိစမြဲ ဖြစ်ပါ၏။ ဂေါတမဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပို့တွဲလပြည့်နေ့၌ အထက်ဖော်ပြပါ အင်္ဂါလေးချက်နှင့် ပြည့်စုံသော ကဿပညီနောင်အပါအဝင် ရှင်တစ်ထောင်၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်နှင့် တပည့် ၂၅၀၊ စုစုပေါင်း ရဟန္တာ ၁၂၅၂ ပါးတို့အား ဂါထာသုံးပုဒ်ဖြင့် ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့သည်။

ဩဝါဒပါတိမောက် ဂါထာတော်သုံးပုဒ်မှာ -

၁။ ခန္တီပရမံ တပေါ တိတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

၂။ သဗ္ဗပါပဿ အကာရဏံ၊
ကုသလဿ ဥပသမ္ပဒါ။
သစိတ္တ ပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။

၃။ အနူပဝါဒေါ အနူပဃာတော၊
ပါတိမောက္ခေ စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ၊
ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေ စ အာယောဂေါ၊
ဧတံ ဗုဒ္ဓါနသာသနံ။

အဆိုပါ ဂါထာတော်တို့ကား သီလ၊ သမာဓိ၊ ပညာတို့ကို ဟောကြားထားသဖြင့် ပိဋကတ်သုံးပုံ အနှစ်ချုပ်တရားဟု ဆိုနိုင်ပါ၏။

ဤသို့ မွန်မြတ်လှစွာသော ဩဝါဒပါတိမောက်ဂါထာတော်၏ လမ်းညွှန်မှုအတိုင်း လိုက်နာကျင့်ဆောင်ပါက ကိုယ်နှုတ်၊ နှလုံး သုံးပါးစလုံး ယဉ်ကျေးလိမ္မာပြီး အို၊နာ၊သေဘေးတို့မှ ကင်းလွတ်ရာ အငြိမ်ချမ်းသာ နိဗ္ဗာန်သို့ ရောက်နိုင်ပါကြောင်း ရေးသားလိုက်ရပါသတည်း။

တက္ကသိုလ်သျှင်ဥက္ကာ
(မဟာဝိဇ္ဇာ၊ ကျုံးမြို့)

<u>ရည်ညွှန်း</u>

- မာဃမိသာစည်၏ အခါတော်နေ့များ။



www.burmeseclassic.com

www.burmeseclassic.com

# မသိကြလျှင် မေးကြည့်ဦး ၄

## မင်းသိခ်

### ပင်ပန်းမယ့်နှစ်

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ မော်ဘီမြို့အစွန်၊ မရမ်းတလင်းတောစပ်ရှိ အယူတော်မင်္ဂလာခြံအတွင်းသို့ ငယ်သူငယ်ချင်းဖြစ်သူ ဂရမ္မာကြာရွက်နှင့်အတူ မမြညို၊ လှပုလဲဖြူ ဆိုသူတို့သည် ဗေဒင်ပညာသင်ယူရန်အတွက် ကျွန်ုပ်ထံသို့ ရောက်ရှိလာလေ၏။ ကျွန်ုပ်သည် လက်ဖက်ရည်ချို နံပြားယိုသုတ်တို့ဖြင့် ၎င်းတို့အား တိုက်ကျွေးလေ၏။

နံပြားမှာ ကုလားဆိုင်မှ ဝယ်သော နံပြားဖြစ်သော်လည်း ယိုမှာမူ ကျွန်ုပ်ကိုယ်တိုင်ပြုလုပ်သော ကြက်ဥယို ဖြစ်၏။ ကြက်ဥ အလုံး ၅၀ ၏ အနှစ်နှင့် အုန်းသီး သုံးလုံးမှ ရသော အုန်းနို့ သကြား ၅၀ သားတို့ဖြင့် ကျို၍ထားသော ကြက်ဥယို ဖြစ်၏။ နံပြား ပေါင်မုန့် စသည်တို့ဖြင့် စားလျှင် လွန်စွာလိုက်ဖက်၏။

ထို့နောက် ကျွန်ုပ်သည် မော်ဘီဈေးသို့သွား၍ ကိုယ်တိုင် ဈေးဝယ်ရ၏။ ဈေးမှပြန်ရောက်လျှင် ငါးဖယ်ခြစ်ကို အုန်းနို့နှင့် ချက်ရ၏။ ချဉ်ပေါင်ရွက်ကို ခပ်ကျဲကျဲ ဟင်းချိုချက်ရ၏။ ငံပြာရည်ကို ကျို၍ ပုစွန်ခြောက်မှုန့်များ ခတ်ကာ ငံပြာရည်ဖျော် ပြုလုပ်ရ၏။ မျှစ်ကို ရေနွေးဖျောပြီးလျှင် သနပ်စုံသုပ်သကဲ့သို့ ကြက်သွန်ကြော်၊ နှမ်းများကို ထည့်၍ သုပ်ရ၏။ တို့စရာအဖြစ် ဘူးသီးပြုတ်၊ ခရမ်းသီးပြုတ်၊ ရုံးပတီသီးပြုတ်များကို စီမံရပြန်၏။

ထမင်းစားချိန်ရောက်သောအခါ၌ ထိုဟင်းလျာများဖြင့် ဂရမ္မာကြာရွက်တို့ သုံးဦးကို ထမင်းကျွေးပြန်၏။ ၎င်းတို့လည်း မြိန်ရှက်စွာ စားသောက်ကြလေ၏။ ထမင်းစားသောက်ပြီးသောအခါ၌ -

"သက်ရောက် ရှစ်ပုံ အဟောတွေ ဆက်ပြီးသင်ပေးရမယ်"

ဟု ဆိုကာ ကျွန်ုပ်သည် ကျောက်သင်ပုန်းပေါ်တွင် အောက်ပါအတိုင်း ရေးပြလိုက်၏။

### ဒီနှစ်မှာ ဒီလိုဖြစ်မယ်

ထိုသူတို့သည် ၎င်းအသက်အပိုင်းများ၌ အောက်ပါ အဖြစ်အပျက်များ ကြုံတွေ့ရပေလိမ့်မည်။

မမျှော်လင့်ဘဲ ဒီနှစ်ထဲမှာ အမှုအခင်းဖြစ်တတ်ပါတယ်။ ဖြေရှင်းစရာ ပြဿနာတွေ ပေါ်တတ်တယ်။ မနာလိုတဲ့ လူတွေလုပ်လို့ လုပ်ငန်းတွေ ထိခိုက်တတ်ပါတယ်။

### ခုနစ်ရက်သားသမီးများ ဒီလိုဖြစ်မယ့် ဒီနှစ်များ

တနင်္ဂနွေသားသမီးများအသက်

| | | | | | | |
|---|---|---|---|---|---|---|
| ၄ | ၁၂ | ၂၀ | ၂၈ | ၃၆ | ၄၄ | ၅၂ |
| ၆၀ | ၆၈ | ၇၆ | ၈၄ | ၉၂ | ၁၁၀ | ၁၀၈ |



www.burmeseclassic.com

www.burmeseclassic.com

တနင်္လာသားသမီးများအတွက်

| | | | | | | |
|---|---|---|---|---|---|---|
| ၃ | ၁၁ | ၁၉ | ၂၇ | ၃၅ | ၄၃ | ၅၁ |
| ၅၉ | ၆၇ | ၇၅ | ၈၃ | ၉၁ | ၉၉ | ၁၀၇ |

အင်္ဂါသားသမီးများအတွက်

| | | | | | | |
|---|---|---|---|---|---|---|
| ၂ | ၁၀ | ၁၈ | ၂၆ | ၃၄ | ၄၂ | ၅၀ |
| ၅၈ | ၆၆ | ၇၄ | ၈၂ | ၉၀ | ၉၈ | ၁၀၆ |

ဗုဒ္ဓဟူးသားသမီးများအတွက်

| | | | | | | |
|---|---|---|---|---|---|---|
| ၁ | ၉ | ၁၇ | ၂၅ | ၃၃ | ၄၁ | ၄၉ |
| ၅၇ | ၆၅ | ၇၃ | ၈၁ | ၈၉ | ၉၇ | ၁၀၅ |

ကြာသပတေးသားသမီးများအတွက်

| | | | | | | |
|---|---|---|---|---|---|---|
| ၇ | ၁၅ | ၂၃ | ၃၁ | ၃၉ | ၄၇ | ၅၅ |
| ၆၃ | ၇၁ | ၇၉ | ၈၇ | ၉၅ | ၁၀၃ | |

သောကြာသားသမီးများအတွက်

| | | | | | | |
|---|---|---|---|---|---|---|
| ၅ | ၁၃ | ၂၁ | ၂၉ | ၃၇ | ၄၅ | ၅၃ |
| ၆၁ | ၆၉ | ၇၇ | ၈၅ | ၉၃ | ၁၀၁ | |

စနေသားသမီးများအတွက်

| | | | | | | |
|---|---|---|---|---|---|---|
| ၈ | ၁၆ | ၂၄ | ၃၂ | ၄၀ | ၄၈ | ၅၆ |
| ၆၄ | ၇၂ | ၈၀ | ၈၈ | ၉၆ | ၁၀၄ | |



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လုပ်ဖော်ကိုင်ဖက်ချင်း စိတ်ဝမ်းကွဲစရာတွေ ကြုံတွေ့ရလိမ့်မယ်။ ကျန်းမာရေးလည်း ညံ့တတ်တယ်။

ပြီးတော့ ဒီနှစ်မှာ နားရတယ် မရှိနိုင်ပါဘူး။ အလုပ်တွေ တစ်ခုပြီးတစ်ခု လုပ်နေရလို့ အလွန်ကို ပင်ပန်းပါလိမ့်မယ်။ ငွေကြေးတွေလည်း ဆုံးပါးတတ်တယ်။ ဘယ်လို အရသာရှိတဲ့ အစားအသောက်ကိုပဲစားစား ခံတွင်းမတွေ့ဘဲ ဖြစ်နေတတ်တယ်။ အိမ်ကပစ္စည်းတွေ ချရောင်းရတဲ့အထိ ငွေပြတ်သွားတတ်တယ်။

ဆွေမျိုးသားချင်းထဲက အသက်အရွယ်ကြီးသူတွေ ဆုံးပါးတတ်တယ်။ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ကာမဂုဏ်စိတ် ကုန်ခန်းသွားတတ်တယ်။ သူတစ်ပါးက စုန်းအတတ်၊ ပယောဂအတတ်တွေနဲ့ ကိုယ့်ကို မကောင်းကြံတတ်တယ်။ အိမ်ထောင်ရှိရင်လည်း တကျက်ကျက် ဖြစ်တတ်ပါတယ်။ အလုပ်မှာ စိတ်မဝင်စားသလို ဖြစ်နေတတ်တယ်။ အလုပ်မှာ ပြဿနာပေါ်တတ်တယ်။ ကိုယ်က ပေးစရာရှိတဲ့ငွေက ချက်ချင်းပေးရမယ်။ ရစရာရှိတဲ့ငွေကတော့ မရဘဲ ရှိလိမ့်မယ်။

အောက်လက်ငယ်သား တပည့်တပန်းတွေ ကိုယ့်ဆီက ထွက်သွားပြီး ကိုယ်နဲ့ မတည့်တဲ့လူဆီ ရောက်သွားတတ်ပါတယ်။ ပညာတစ်ခု ရလိမ့်မယ်။ ပညာထူးဖြစ်တယ်။ သွားကိုက်သွားနာ ဖြစ်လိမ့်မယ်။ မရောက်ဖူး၊ မသွားဖူးတဲ့ ခရီးကို ရုတ်တရက် သွားရတတ်တယ်။ မိမိအိမ် ခြေရင်းဘက်တွင် အသုဘ ပေါ်တတ်တယ်။ ပေါ်ရင်တော့ (၅) ဂဏန်းအစ ထီထိုးပေးပါ။ ထီဆုကြီးပေါက်တတ်ပါတယ်။

ဂရုမ္မာကြာရွက်သည် သင်ပုန်းပေါ်မှ အဟောများကို ကူးယူပြီးနောက် -

"ဒါ ဗုဒ္ဓဟူးသက်ရောက်အဟောပဲ" ဟု ပြောလေ၏။

"မှန်ပါတယ် ကိုကြာရွက်ရယ်။ ဒီနေ့သားတွေဟာ အဲဒီအသက်အပိုင်းတွေမှာ ဗုဒ္ဓဟူးသက်ရောက်ကျတာပေါ့။ ဗုဒ္ဓဟူးသက်ရောက်ကျတဲ့နှစ်တွေမှာ အလွန်ပင်ပန်းတတ်တယ်။ မကြာခဏလည်း ဖျားနာတတ်တယ်။ နောက်တစ်ခုက အထက်ဂိုဏ်းတွေ ဘာတွေ ဝင်ထားတဲ့လူဆိုရင် အဲဒီသက်ရောက်မှာ ဂိုဏ်းပျက်သွားတတ်တယ်။ ကန်တော့ပွဲထိုးတဲ့လူဆိုရင်လည်း ပွဲမထိုးခင်ပဲ ပျက်သွားတတ်တယ်။ သူများကို ငွေတွေ ဘာတွေ ချေးရင်လည်း ဆုံးသွားတတ်တယ်။ အဲဒီသဘောကို သိရင် ဟောပေတော့"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဂရုမ္မာကြာရွက်က -

"ဒို . . . ကော"

ဟု ရေရွတ်လိုက်လေတော့သတည်း။

## ဒီနှစ်တွေမှာ ဒီလိုယတြာချေပါ

ဗုဒ္ဓဟူးနေ့ နံနက် ၉း၄၅ နာရီအချိန်တွင် မိမိအိမ်ရှိ ဘုရားကိုပင် ရေသန့် ကိုးခွက် ကပ်လှူ၍ သက်သတ်လွတ် ရှစ်ရက် စားမည်ဖြစ်ကြောင်း ဘုရားတွင် အဓိဋ္ဌာန်ယူပါ။ ပြီးလျှင် ဘိုးတက်ထံတွင် ငါးကြိမ်ဆုတောင်းပါ။ မိမိတွေ့ကြုံနေရသော အခက်အခဲများ ပြေပျောက်သွားပါလိမ့်မည်။

အထက်ပါ ယတြာအပြင် အောက်တွင် ဖော်ပြထားသော ယတြာကိုလည်း မပျက်မကွက် ပြုလုပ်ပေးရန် လိုပါသည်။

ဒီနှစ်ဟာ ကံဇာတာ ညံ့တဲ့နှစ်လို့ ဆိုရပါမယ်၊ တစ်ပတ်မှာ တစ်ကြိမ်လောက် စေတီတော်တစ်ဆူဆူကို သွားပြီး အဓိဋ္ဌာန်ပုတီးစိပ်ပါ။ ကောင်းတာကတော့ ဗုဒ္ဓေါ ဆိုတဲ့ ဂုဏ်တော်ကို စိပ်သင့်ပါတယ်။

အခါရက်ကြီးတွေမှာ သက်သတ်လွတ်စားပေးပါ။

စနေမနက် ၁၀ နာရီလောက်မှာ ဒံပေါက်တစ်ထုပ်ဝယ်ပြီး ဆွမ်းခံကြွတဲ့ ဘုန်းကြီးကို လောင်းလိုက်ပါ။

ရန်ကုန်မှာနေတဲ့ မိတ်ဆွေကတော့ ငှက်ပျောသီးကို ခြွေပြီး မျောက်တွေကို ပျော်ရွှင်ဝမ်းမြောက်လာအောင် ပစ်ပေါက်ကျွေးပါ။

**အဆောင်အဖြစ်နှင့်** - ပိတုန်းရုပ်ကို ဆောင်ပါ။

ဂရုမ္မာကြာရွက်တို့ လူစုသည် စာများကို ကူးယူရေးမှတ်ကြလေ၏။ ထို့နောက် လှပုလဲဖြူက ကျွန်ုပ်၏ ပုစွန်တုပ်ဟင်းကို ချီးကျူးလေ၏။ ဂရုမ္မာကြာရွက်ကမူ မယ်ဇလီဟင်းချိုကို သောက်ရတာ ခံတွင်းရှင်းသည်ဟု ပြော၏။ မပြည့်ကမူ ကြောင်လျှာသီးသုပ်ကို ၎င်း၏အိမ်တွင် ချက်စားလေ့ရှိကြောင်း၊ ယခုစားရသည်မှာ ကောင်းကြောင်း အထပ်ထပ် ပြောလေ၏။ ထို့နောက် ၎င်းတို့သုံးဦးသား ပျော်ရွှင်စွာ ပြန်သွားကြလေတော့သတည်း။

သဗ္ဗေသတ္တာ ကမ္မဿကာ

**မင်းသိင်္ခ**




www.burmeseclassic.com

www.burmeseclassic.com

# ဥမ်

## မင်းသိင်္ခ



### ခရစ္စမတ်ညတွင်ရှုတ်သောဥမ်

တစ်နေ့သ၌ ကျွန်ုပ်သည် သံတိုင်ကိုကိုင်၍ ထောင် ...ရှိုးဘက်ဆီသို့ ငေးမောကြည့်ရှုနေစဉ် ထောင်နေရာ ...အပြား သွားလာကျက်စားနိုင်ခွင့်ရှိသော ထောင် ...သား လူရှုပ် သန်းလွင်ဆိုသူ ရောက်လာပြီးလျှင် –

"ဆရာခ ...(၁)တိုက်က ကျော်သူရဆိုတဲ့ ...င်လေးက နက်ဖြန် ခရစ္စမတ်နေ့တဲ့။ အဲဒီ ခရစ္စမတ် ...တွက် ခရစ္စမတ်လက်ဆောင်အဖြစ် ဆွယ်တာအကျီ တစ်ထည် ပေးခိုင်းလိုက်လို့ ကျွန်တော်လာပေးတာ"

ဟု ဆိုကာ ကျွန်ုပ်အား ဆွယ် တာအကျီတစ်ထည် ပေးလေ၏။ ထိုအကျီမှာ ကြက်ဥနှစ်ရောင် ဖြစ်၏။ ကျွန်ုပ်၏ ကိုယ်လုံးနှင့် တိုင်း၍ပြုလုပ်ထားသကဲ့သို့ ရှိလေ၏။ ကျွန်ုပ် သည် ၎င်းထောင်မင်းသားအား –

"ကျော်သူရကို ကျေးဇူးတင်ကြောင်း ပြောလိုက် ပါကွာ"ဟု ပြောဆိုကာ ၎င်းနှင့် စကားဖြတ်လိုက်ပြီးလျှင် နံရံဘက်သို့ သွား၍ထိုင်လေ၏။

"နေဦးလေ။ (၅)တိုက်က ဘိုဘိုဦးကလည်း နက် ဖြန် ခရစ္စမတ်ညမှာ ကြက်ဆင်တစ်ကောင် မရရအောင် သွင်းထားတယ်။ ဆရာ့ဆီကို ပို့လိုက်ဦးမယ်"

ဟု ထိုထောင်မင်းသားက ပြောလိုက်လေ၏။

"ဘိုဘိုဦးကိုလည်း ကျေးဇူးတင်တယ်လို့ ပြောလိုက် ပါကွာ"

ဟု ပြောဆိုကာ ကျွန်ုပ်ကား ၎င်းအား စကားဖြတ် ကာ နံရံဘက်သို့လှည့်၍ ထိုင်လိုက်လေတော့၏။ ထိုအခါ ထောင်လူရှုပ်သန်းလွင်က –

"နေဦးလေ ဆရာရဲ့။ မျိုးသိန်းဆိုတဲ့ ကောင်လေး ကလည်း နို့စိမ်းနဲ့ဖျော်တဲ့ လက်ဖက်ရည်တစ်ခွက် ခရစ္စမတ် ညမှာ ဆရာသောက်ဖို့ ထောင်ထဲကို မရရအောင် သွင်း ပေးမယ်တဲ့"

ဟု ပြောလိုက်ပြန်လေ၏။

"အေးကွာ။ အဲဒီ မျိုးသိန်းဆိုတဲ့ သူငယ်လေးကို လည်း ပြောလိုက်ပါကွာ။ ကျေးဇူးတင်တယ်လို့"

ဟု ပြောဆိုပြီးနောက် ကျွန်ုပ်သည် နံရံဘက်သို့ တစ်ဖန် ပြန်လှည့်လေ၏။ ထိုအခါ သန်းလွင်က –

"နေဦးလေ ဆရာရဲ့ နက်ဖြန်ညမှာ ဆရာတို့ သုံး တိုက်ကို စောဆေးဝါးဆိုတဲ့ အမှုထမ်း တာဝန်ကျမယ့်



www.burmeseclassic.com

www.burmeseclassic.com

မယ်။ သူက ဆရာ့အခန်း အရှေ့တည့်တည့်မှာ ခရစ မတ်သီချင်း ဆိုပြမယ်တဲ့''ဟု ပြောပြန်လေ၏။

''အေးကွာ။ အဲဒီဝန်ထမ်းကိုလည်း ကျေးဇူးတင်ကြောင်း ပြောလိုက်ပါ။ ဒါပေမဲ့ ငါဟာ ခရစ်ယာန်ဘာသာဝင်တစ်ဦး မဟုတ်ဘူးကွ''

ဟု ကျွန်ုပ်က ပြန် ပြောလိုက်လေ၏။

''ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ဆရာရယ်။ ဆွယ်တာ အင်္ကျီလည်းရမယ်၊ ကြက်ဆင်သားလည်း စားရမယ်၊ နို့စိမ်းနဲ့ဖျော်တဲ့ လက်ဖက်ရည်လည်း သောက်ရမယ်၊ ခရစ မတ်သီချင်းလည်း နားထောင်ရမယ်ဆိုတော့ ဆရာ့ဘက်က နစ်နာစရာဘာမှ မရှိပါဘူး''

ဟု ထောင်လူ့ပ်သန်းလွင်က ပြောလိုက်လေ၏။

''ငါက နစ်နာတယ်လို့ ပြောတာမဟုတ်ပါဘူး။ ခရစ်ယာန်ဘာသာဝင်မဟုတ်တဲ့ ငါ့ကို ခရစ မတ်နေ့အတွက် ထူးထူးခြားခြား လက်ဆောင်တွေပေးတာကို အံ့သြတာပါ''



ဟု ကျွန်ုပ်က ပြန် ပြောလိုက်လေ၏။ သန်းလွင်ကမူ –

''ကျွန်တော့်လည်း တစ်ဝက်ကျွေးရမယ်''

ဟု ဆိုကာ ထွက်သွားလေတော့၏။ ကျွန်ုပ်သည် ထိုညက တော်တော်နှင့် အိပ်မပျော်သေးဘဲ သံတိုင်ကြားမှ တွေ့မြင်နေရသော 'ဂျူပီတာ'ခေါ် ကြာသပတေးကြယ်ကလေး တဖျပ်ဖျပ်တောက်ပနေပုံကိုကြည့်ရင်း စိတ်ကူးတစ်ခု ပေါ်ပေါက်လာလေတော့၏။

''နက်ဖြန်ခါ ခရစ မတ်နေ့ပဲ။ ခရစ မတ်နေ့ဆိုတာ အင်္ဂလိပ် ၂၅ ရက်နေ့ ကျတယ်။ ငါလည်း အင်္ဂလိပ် ၂၅ ရက်နေ့မှာ မွေးတဲ့လူပဲ။ နျူမရော်လော်ဂျီခေါ်တဲ့ ဂဏန်းဗေဒင်သဘောအရဆိုရင် ငါ့အတွက် ကံကောင်းစေနိုင်တဲ့ နေ့တစ်နေ့ပဲ။ အဲဒီတော့ ဘာပဲဖြစ်ဖြစ် ခရစ မတ်နေ့ ထူးထူးခြားခြား အဓိဋ္ဌာန်တစ်ခုလုပ်ရင် ကောင်းမ အဓိဋ္ဌာန်ကလည်း ရက်တိုလုပ်လို့တော့ မကောင်း ဒီခရစ မတ်ကနေ နောက်လာမယ့် ခရစ မတ်နေ့အ တစ်နှစ်တိတိလုပ်မယ်။

ဘာလုပ်ရင်ကောင်းမလဲဆိုတော့ စားချိန်၊ သော ချိန်၊ အိပ်ချိန်မှတစ်ပါး 'ဉမ်'ကို အမြဲတမ်းရွတ်နေမ အဲဒီအဓိဋ္ဌာန်ရဲ့ အစွမ်းကြောင့် ငါဟာ ထောင်ထဲမှာ အ နှစ်ဆယ် မနေရဘဲ နေ့ချင်းညချင်း ကံကောင်းလာပြီး ချင်လွတ်သွားမှာ''

ဟု စိတ်တွင်း၌ ရေရွတ်ရင်း ခရစ မတ်ညတွင် ကို စတင် ရွတ်ဆိုရန် ဆုံးဖြတ်လိုက်လေတော့သ

www.burmeseclassic.com

www.burmeseclassic.com



## (၁၃)ဂဏန်း ဒုက္ခပေးပြီ

ကျွန်ုပ်နေသော တိုက်နံပါတ်မှာ ၁၃ ဖြစ်၏။ ကျွန်ုပ်အား တရားရုံးမှ တစ်သက်တစ်ကျွန်း ထောင်ဒဏ်ကျခံရန် အမိန့်ချမှတ်ရန် နေ့မှာလည်း ၁၃ ရက်နေ့ပင် ဖြစ်၏။ ကျွန်ုပ်သည် ချူမရော်လော်ကျီခေါ် ဂဏန်းဗေဒင်ကို ကောင်းစွာ တတ်ကျွမ်းသည်ဖြစ်ရာ ၁၃ ဂဏန်းသည် ကျွန်ုပ်အား ကောင်းစွာ နှိပ်စက်ကလူ ပြုနေပြီဖြစ်ကြောင်း သိလိုက်သတည်း။

၁၃ ဏန်းသည် ပေါင်းလိုက်လျှင် ၄ ဂဏန်း ဖြစ်၏။ ၄ ဂဏန်းသည် ယူရေးနပ်စ်ဟူသော ဂြိုဟ်ကို ကိုယ်စားပြု၏။ ယူရေးနပ်စ်၏ စွမ်းအားများသည် ၄ ဂဏန်း၌ ထင်ထင်ရှားရှား ပါ၏။ ယူရေးနပ်စ်ဂြိုဟ်သည် ယူရေနီယံ သတ္တုအတိပြီးသော ဂြိုဟ်ကြီးဖြစ်၏။ ယူရေနီယံသတ္တုသည် လွန်စွာကြောက်မက်ဖွယ်ရာ ကောင်းသော သတ္တုဖြစ်၏။ ယူရေနီယံသတ္တု၌ လူကိုခိုက်စေသော တန်ခိုးအာနိသင်တစ်ခုပါ၏။ ကမ္ဘာပေါ်တွင် ကြောက်စရာအကောင်းဆုံး လူမျိုးတုံးစေသည့် အနုမြူဗုံးဆိုသည်မှာ ယူရေနီယံသတ္တုကို အခြေခံ၍ ပြုလုပ်ရ၏။

ကျွန်ုပ်တို့ မြန်မာပြည်တွင် ယူရေနီယံသတ္တုကြောတစ်ကြောသည် မိုးကုတ်မြို့အနီး၌ ရှိ၏။ ထိုသတ္တုကြော ရှိသော နေရာတည့်တည့်ပေါ်တွင် တစ်ခါက ရွာတည်ဖူး၏။ မြေအောက်တွင် ယူရေနီယံသတ္တု၏ အစွမ်းကြောင့် ထိုရွာမှ မိန်းမများအားလုံးသည် သားသမီးမြုံကုန်သဖြင့် ထိုရွာပျက်သွားခဲ့ရဖူး၏။ ယူရေနီယံသတ္တု အနည်းငယ်ထည့်ထားသော အံဆွဲထဲတွင် ရိုက်ပြီးသား ဖလင်နဂ္ဂတစ် ထည့်ထားပါက ၄၈ နာရီအတွင်း ၎င်းဖလင် နဂ္ဂတစ်ရှိ ပုံများသည် ပျက်စီးပျောက်ကွယ်သွားမည် ဖြစ်၏။

အကယ်၍ လူတစ်ယောက်သည် အင်္ဂလိပ်ရက် ၈ ရက်၊ ၁၇ ရက်၊ ၂၆ ရက်ဟု ဆိုအပ်သော ပေါင်းလိုက်လျှင် ၈ ဂဏန်းဖြစ်စေမည့် ရက်များတွင် မွေးဖွားသူဖြစ်ပါက ယူရေနီယံသတ္တုကို ပင်နီဆီလင်ပုလင်းခန့်ရှိသော ပုလင်းတွင်ထည့်၍ ကိုယ်တွင်ဆောင်ထားပါ။ ထိုသူသည် လေးရက်အတွင်း၊ သို့မဟုတ် ၁၃ ရက်အတွင်း ကားတိုက်ခံရခြင်း၊ သူတစ်ပါးအရိုက်ခံရခြင်း၊ မားဖြင့်အထိုးခံရခြင်း စသော အန္တရာယ်များကို မုချခံစားရပေလိမ့်မည်။ ဤအကြောင်းအရာမျိုးကား 'အော်ကာတစ်ဇင်း'ဟုခေါ်သည့် လောကီအတတ်သဘောဖြစ်၏ လူတိုင်းယုံကြည်နိုင်ခဲ၏။ ယုံခြင်း၊ မယုံခြင်းမှာ ကျွန်ုပ်နှင့် သက်ဆိုင်ခြင်းမရှိပေ။ ရေးစရာရှိ၍ ရေးရခြင်းဖြစ်၏။

အထက် ဆိုခဲ့သည့်အတိုင်း ယူရေးနပ်စ်ဂြိုဟ်၊ သို့မဟုတ် ၎င်းကို ကိုယ်စားပြုသော ၁၃ ဂဏန်းသည် ကျွန်ုပ်အား ကောင်းစွာ နှိပ်စက်နေပြီဖြစ်၏။ ကျွန်ုပ်သည် မွေးရက်အားဖြင့် ၈ ဂဏန်း မဟုတ်သော်လည်း မွေးခု၊ မွေးလ၊ မွေးရက် သုံးမျိုး စုပေါင်းခြင်းသည် ၈ ဂဏန်းရ၏။ ထို့ကြောင့် ကျွန်ုပ်ကိုလည်း ၁၃ ဂဏန်းသည် ဒုက္ခပေးနေပြီဟု ယုံကြည်မိ၏။

ကျွန်ုပ်သည် ခရစ္စမတ်ညမှစ၍ 'ဥုမ်'ကို ရွတ်ဆိုခဲ့၏။ ရွတ်ဆိုရာ၌လည်း အများသူငါ ရွတ်သကဲ့သို့ ပေါ့ပေါ့ပါးပါး လွယ်လွယ်ကူကူ ရွတ်ဆိုခဲ့သည်မဟုတ်။ ကျွန်ုပ်၏ ဥုမ်ရွတ်ဆိုပုံမှာ မိုးတွင်းအခါ၌ ဖားခုံညင်း အော်သကဲ့သို့ ဥုမ်ဟူသောအသံကို ရင်ညွန့်တည့်တည့်တွင် အသံကို စတင်ဖြစ်ပေါ်စေလျက် ထိုအသံကို ရင်ခေါင်းအတိုင်း နှာ

www.burmeseclassic.com

ခမ်းဆီသို့ တဖြည်းဖြည်းမြင့်တက်စေပြီးလျှင် အသံရှိန်ကိုပါ မြှင့်၍ ပါးစပ်ကိုဟကာ ဉမ်ဟု မြည်စေပြီး နှုတ်ခမ်းနှစ်ခုကို လုံအောင်ပိတ်၍ ထိုအသံရှိန်အား ရင်ခေါင်းထဲတွင် ငါးစက္ကန့်မျှ ပဲ့တင်ထပ်စေ၏။

ထို့ကြောင့် ကျွန်ုပ်သည် တိုက်အတွင်း၌ ဉမ်ကို ရွတ်ဆိုနေလျှင် ကြားရသူအပေါင်းသည် ဖားအော်နေသည်ဟု ထင်မှတ်မြဲဖြစ်၏။ ကျွန်ုပ်၏ ဉမ်သံကို အကြောင်းပြု၍ တောင်ငူမှ မီးရှို့မှုဖြင့် ထောင်ကျလာသော အောင်နိုင်ဆိုသူ ရာဇဝတ်အကျဉ်းသားနှင့် ဖောင်ကြီးမြို့မှ မားပြမှုဖြင့် ထောင်ကျလာသော ဂျင်ပုဆိုသော အကျဉ်းသားတို့သည် "ဖားခုံညင်းဖြစ်သည်၊ စားဖားဖြစ်သည်"ဟု ငြင်းခုံရာမှ အစပြု၍ စကားများရန်ဖြစ်ကြသည်ဟု ဆို၏။ သို့ရာတွင် ဖားခုံညင်းလည်းမဟုတ်၊ စားဖားလည်းမဟုတ်၊ လူကြီးတစ်ယောက် အော်နေကြောင်းသိရလျှင် ၎င်းတို့နှစ်ဦးသည် ခွက်ထိုးခွက်လန် ရယ်မောကြပြီးလျှင် ပြန်လည်သင့်မြတ်သွားကြသည်ဟု ဆို၏။

ကျွန်ုပ်သည် ဉမ်ကို စွဲစွဲမြဲမြဲရွတ်ဆိုလာ၏။ ရွတ်ဆိုခဲ့ပြီးသော ရက်များကိုလည်း နံရံပေါ်၌ မီးသွေးခဲဖြင့် မှတ်တမ်းတင်ထား၏။ တစ်နေ့တွင် နံရံပေါ်၌ အောက်ပါဂဏန်းကို ရေးလိုက်မိ၏။

၁၂၉ ရက်

"အလို ... ဒီနေ့ ငါရွတ်ပြီးတာ ရက်ပေါင်း ၁၂၉ ရက် ရှိပြီ။ မနက်ဖြန်ဆိုရင် ရက်ပေါင်း ၁၃၀ ပဲ။ ၁၃၀ ဆိုတဲ့ ဂဏန်းဟာ ၁၃ ဂဏန်းပဲ။ အဲဒီတော့ သူဟာ ယူရေးနပ်စ်ပဲ။ ငါ့ကို ဒုက္ခပေးဦးမယ်နဲ့ တူတယ်"

ဟု တစ်ကိုယ်တည်း ရေရွတ်မိလေ၏။ နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်သည် ဉမ်ကို ပြင်းပြင်းထန်ထန် ရွတ်ဆိုနေ၏။ ထိုနေ့အဖို့ ညစာကိုသာမက နံနက်စာကိုပင် မစားဘဲ ရွတ်ဆိုနေမည်ဟု ဆုံးဖြတ်လိုက်လေ၏။

"ဉမ် ... ဉမ် ... ဉမ်"

ကျွန်ုပ်၏ ဉမ်ဟူသောအသံသည် အင်းစိန်ထောင်တိုက်ခန်းငယ်လေးအတွင်းမှ အထက်ဘဝဂ်သို့တက်ကာ စကြဝဠာတစ်ခုလုံး ပျံ့နှံ့သွားသည်ဟု စိတ်တွင်ယုံကြည်နေ၏။ ထိုသို့ ယုံကြည်သောစိတ်သည် တစ်စထက်တစ်စ ရင့်ကျက်ခိုင်မာလာကာ ယုံသည်ထက် ယုံလာ၏။ ထို့အတူ ကျွန်ုပ်၏ စိတ်သည်လည်း ကြည်သည်ထက် ကြည်လာ၏။

ထိုအချိန်၌ ကျွန်ုပ်၏ အခန်းအပြင်ဘက်မှ –

"လွတ်လူ"

ဟု အော်သံကိုကြားသဖြင့် ကြည့်လိုက်ရာ ထောင်ဝါဒါနှစ်ဦး၊ ထောင်မှူးတစ်ဦး၊ ပစ္စည်းပစ္စယများရှိကာ သယ်ပိုးရန် ရာဇဝတ်သားတစ်ဦးကို တွေ့ရလေ၏။ သုံးတိုက်တာဝန်ကျ ဝါဒါသည် သော့ခလောက်ကို ဖွင့်နေပြီဖြစ်၏။ ထောင်မှူးသည် ကျွန်ုပ်အား ပြုံးပြနေ၏။ ထိုထောင်မှူးကို ကောင်းမွန်စွာသိ၏။ ၎င်း၏အမည်မှာ 'ဦးသာမြိုင်'ဟူ၍ ဖြစ်၏။ လူပုသလောက် စိတ်ရှည်သောသူဖြစ်၏။ လွန်စွာ စိတ်ကောင်းရှိ၏။ ထိုထောင်မှူးမျိုးနှင့် ထောင်ကျရမည်ဆိုလျှင် တစ်သက်တစ်ကျွန်းမဆိုထားနှင့် နှစ်သက်နှစ်ကျွန်းပင် ကျလိုက်ချင်ပါသည်။ စကားအပြောအဆို ယဉ်ကျေး၏။ ထောက်ထားညှာတာတတ်၏။ အုပ်ချုပ်ရေး မျက်လုံးသက်သက်ဖြင့် မကြည့်တတ်။ အကျဉ်းသားဘက်မှ စာနာကြည့်ရှုတတ်၏။ လူကို လူလိုသဘောထားတတ်သည်ဆိုသော စကားသည် ထိုလူ့အတွက် သီးသန့်တီထွင်ထားသကဲ့သို့ ရှိ၏။

"ကျုပ် သိပ်ဝမ်းသာတယ်ဗျာ။ သက်ဆိုင်ရာက ခင်ဗျားကိုလွှတ်ပေးဖို့ အမိန့်စာရောက်လာပြီ။ တိုက်ရုံးကလေးမှာလည်း ထောင်မှူးကြီးဦးဘိုပု စောင့်နေတယ်။ ထောင်ပိုင်ကြီးရုံးမှာတော့ သက်ဆိုင်ရာက ပုဂ္ဂိုလ်တွေရောက်နေကြပြီ။ ကဲ ... ထွက်ပေတော့"

ဟု ဦးသာမြိုင်က ပြောလိုက်လေ၏။

"ဘယ်နှနာရီထိုးပြီလဲ ဦးသာမြိုင်"

ဟု ကျွန်ုပ်က လှမ်း၍မေးလိုက်လေ၏။






www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်တို့ စစ်တပ်မှာသုံးတဲ့ စကားနဲ့ပြောရရင်တော့ ဆယ့်သုံးနာရီ ထိုးတော့မယ်"

ဟု ဦးသာမြိုင်က ပြန်၍ပြောလိုက်၏။

"ဒီနေ့ ဘယ်နှရက်လဲ ဦးသာမြိုင်"

ဟု ကျွန်ုပ်က မေးလိုက်ရာ –

"၄ ရက်နေ့"

ဟု ဦးသာမြိုင်က ပြန်၍ဖြေပြန်၏။ ကျွန်ုပ်၏ စိတ်၌

"ဒီတစ်ခါတော့ ယူရေးနပ်စ်ဟာ ငါ့ကို ကောင်းကျိုးပေးပြန်ပကောလား"

ဟု ရေရွတ်လိုက်မိလေ၏။ ကျွန်ုပ် ထမ်းပိုးသယ်ဆောင်ရန် ပစ္စည်းမည်မည်ရရ မရှိပေ။ ကျွန်ုပ်၏မိခင်ကြီး ပို့လိုက်သော စောင်ဟောင်းလေးတစ်ထည်၊ အပေါက်ဖောက်၍ ကြိုးဖြင့်ချည်ထားသော ကိုယ်တိုက်ဆပ်ပြာလေးတစ်တုံး၊ ပလတ်စတစ်ခွက်ကလေးတစ်လုံး၊ တိုလီမုတ်စအနည်းငယ်နှင့် ၂၇ လုံး ပုတီးလေးသာရှိရာ ထိုအရာများကို ကျွန်ုပ်သည် ကျွတ်ကျွတ်အိတ်တစ်လုံးနှင့်ထည့်လိုက်လျှင် ပြီးလေတော့၏။

ထို့နောက်တွင်ကား ကျွန်ုပ်သည် ထောင်ဖူးဝသို့ရောက်လာ၏။ ထောင်ဖူးဝရှိ ရုံးခန်းတွင် သက်ဆိုင်ရာမှ လူကြီးအချို့က ကျွန်ုပ်အား မှာကြားသင့်သည်များကို မှာကြား၍ ကျွန်ုပ်၏မိခင်၊ ကျွန်ုပ်၏ညီမ စသည်များနှင့် တွေ့ခွင့်ပေး၏။ ကျွန်ုပ်သည် ထောင်မကျမီက လူပျိုကိုယ်လွတ် မဟုတ်ပါ။ ကျွန်ုပ်၌ အိမ်ထောင်ရှိ၏။ သို့ရာတွင် ကျွန်ုပ်ထောင်ကျသောနေ့၌ပင် ကျွန်ုပ်၏မိန်းမသည် နောက်အိမ်ထောင်ပြုသွားပြီဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်သည် ထောင်ထဲဝင်သွားစဉ်က အိမ်ထောင်ရှင်ဖြစ်သော်လည်း ယခု ထောင်မှထွက်သောအခါ လူပျိုကိုယ်လွတ်အဖြစ်ဖြင့် ထွက်လာခဲ့တော့၏။

ကျွန်ုပ်သည် ဖူးတံခါးရှိ အပေါက်ငယ်တစ်ခုမှ အပြင်သို့ထွက်လိုက်ရ၏။ ထို့နောက် ထောင်ဖူးတံခါးအား ဦးတိုက်ထားသော ကတ္တရာလမ်းအတိုင်း ခြေလှမ်း ၂၀ ခန့်သို့ လျှောက်သွားရ၏။ ကျွန်ုပ်၏မျက်စိများသည် ကျိန်းစပ်နေသကဲ့သို့ ရှိ၏။ ပြန့်ပြူးကျယ်ပြောသော အပြင်လောကသို့ ရုတ်တရက်ကြည့်မြင်ခွင့်ရလိုက်သောကြောင့် ခေတ္တခဏတွင် ဟာတာတာကြီးဖြစ်သွား၏။ ကျွန်ုပ်သည် မျက်စိရှေ့ရှိအရာများကို ကြည့်သော်လည်း သဲသဲကွဲကွဲ မမြင်ရသကဲ့သို့ ခံစားလိုက်ရ၏။

အထက်က ဆိုခဲ့သည့်အတိုင်း ထောင်တံခါးမှထွက်၍ ကတ္တရာလမ်းအတိုင်း လျှောက်ခဲ့ရာ ခြေလှမ်း ၂၀ ကျော်ကျော် နေရာသို့ရောက်လျှင် လူနှစ်ယောက်သည် ကျွန်ုပ်ထံသို့ ပြေးလာ၏။ ကျွန်ုပ်အား အားရပါးရ ဖက်လိုက်၏။ ကျွန်ုပ်သည် ထိုသူနှစ်ယောက်ကို ငုံ့ကြည့်လိုက်၏။ ကျွန်ုပ် ကောင်းစွာမှတ်မိသွား၏။ တစ်ဦးမှာ သိဒ္ဓိဆန်းဟုခေါ်သည့် ကမာရွတ်မှ ဗေဒင်ဆရာဖြစ်၏။ သူသည် ကျွန်ုပ်၏ တပည့်ဖြစ်၏။ ကျန်တစ်ဦးမှာ တင်အောင်မြင့်ဟု ခေါ်၏။ သူသည် စည်ပင်သာယာမှ အမှုထမ်းတစ်ဦး ဖြစ်၏။ သူသည် အားလပ်သောအချိန်များ၌ ဗေဒင်ဟောသော ဗေဒင်ဆရာတစ်ဦးလည်း ဖြစ်၏။ သူသည်လည်း ကျွန်ုပ်၏တပည့်ဖြစ်၏။ ၎င်းတို့နှစ်ဦးသည် ကျွန်ုပ်အား ခါးမှနေ၍ သိုင်းဖက်ထားကြလေ၏။ ကျွန်ုပ်၏ ၎င်းတို့အား ပြန်၍ဖက်ရင်း ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။ ထိုအခါကျမှပင် ကျွန်ုပ်တို့အား တယ်လီဗေးရှင်း ရိုက်ယူနေသောသူများကို တွေ့ရ၏။

ကျွန်ုပ်တို့သုံးဦးသည် ဖက်ထားရင်း ရှေ့သို့ ရွေ့လာကြ၏။ မလှမ်းမကမ်းတွင် ရပ်ထားသော ကားကိုတွေ့ရ၏။ ကားတစ်စီး၏အနီး၌ ကျွန်ုပ်၏မိတ်ဆွေ ကိုမြတ်စိုးနှင့် သူ၏မိန်းမ အိုင်ရင်းကို မြင်လိုက်ရ၏။ ၎င်းတို့ကို တွေ့မြင်ပြီးနောက် ရပ်ထားသော ကားနှစ်စီးအကြားမှ ရပ်နေသော လူစုကို ကြည့်လိုက်ရာ ထိုလူစုမှာ ကျွန်ုပ်၏ မိတ်ဆွေများပင်ဖြစ်ကြောင်း ကျွန်ုပ်သိလိုက်ရတော့၏။ ကျွန်ုပ်အား လာရောက်ကြိုဆိုနေကြခြင်း ဖြစ်၏။ ကျွန်ုပ်သည် လာကြိုသော ကားတစ်စီးပေါ်သို့ တက်ထိုင်လိုက်၏။ ထို့နောက် ကားမောင်းသည့် ဒရိုင်ဘာကို ကြည့်လိုက်ရာ –

"ဟာ ... မောင်မောင်ပါလား။ မင်း ဂျပန်ရောက်နေပြီ အောက်မေ့တာ"

ဟု ကျွန်ုပ်က အားရဝမ်းသာ မေးလိုက်လေ၏။

"ဂျပန်မပြောနဲ့ ဆရာကြီးရယ်။ အကြွေးတွေဝိုင်းပြီးနေလို့ ဒလတောင် မရောက်ပါဘူး"

ဟု ၎င်းက ပြန်ပြောလေ၏။

"ပွေးထူရင်တော့ လူနုတတ်တယ်ကွ။ ကြွေးထူရင်တော့ ဘာဖြစ်သလဲ ငါမပြောတတ်ဘူး"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ မောင်မောင်သည် ကားကို စတင်မောင်းနေပြီ ဖြစ်၏။ ထို့နောက် ၎င်းက ထောင်၏ တပ်ရဲဂိတ်ခေါ် ဂိတ်တစ်ဂိတ်အနီးသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com

သောကြောင့် အရှိန်ကိုလျှော့လိုက်ရင်း –

"နှုတ်ချင်နှုပါစေ ဆရာကြီး။ ပွေးထူတာက ကောင်း လိမ့်မယ်၊ ကြွေးထူတာတော့ မသက်သာဘူး"

ဟု ပြန်ဖြေသဖြင့် ကျွန်ုပ်လည်း ရယ်မောကာ ၎င်း အား နှစ်သိမ့်စကား ပြောရလေ၏။ ကျွန်ုပ်တို့သည် တပ်ရဲ ဂိတ်ကို ကျော်လိုက်သည်နှင့် လှိုင်မြစ်လမ်းကို ရောက်လေ တော့၏။ များမကြာမီ၌ပင် အင်းစိန်ဘူတာအနီး ခုံးကျော် တံတားကြီးကို တွေ့ရလေ၏။

"ဟ ... ဒီနေရာက တံတားကြီးဖြစ်နေပါရော့ လား။ အဲဒါတော့ ကောင်းတယ်ဟေ့။ အရင်တုန်းက ဒီနေရာရောက်လို့ ရထားလာခါနီးရင် ရထားက ပြည်မြို့က ထွက်တောင် မထွက်ရသေးဘူး။ ရထား သံတံတားကို လာပြီးပိတ်ထားကြပြီကွ။ ရထားကို စောင့်နေတဲ့ ကားတွေ ဆိုတာကွာ မြင်လို့ကိုမကောင်းဘူး။ တော်တော့်ကို ဒုက္ခ ပေးတဲ့ နေရာပဲ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

ကျွန်ုပ်တို့၏ ကားသည် ကြို့ကုန်းမှတစ်ဆင့် အင်းစိန်လမ်းမကြီးအတိုင်း မောင်းနှင်သွားလေ၏။ ထို့ နောက် သမိုင်းလမ်းဆုံအရောက်တွင် မရမ်းကုန်းဘက်သို့ သွားသော လမ်းအတိုင်း ကွေ့လိုက်၏။ မရမ်းကုန်းလမ်းဆုံ ကို ရောက်သွား၏။ ကျွန်ုပ်သည် မရမ်းကုန်းလမ်းဆုံကို မမှတ်မိဘဲရှိနေ၏။ မရမ်းကုန်းလမ်းဆုံတွင် ချောကလက် ရောင် အမြင့်ဆန်းသော တိုက်မြင့်မြင့်ကြီးများ တွေ့ရ၏။

"ဟ ... ဒါကြီးက ဘာကြီးတွေတုံး။ ပုံစံတွေက ကောင်းသားပဲ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ မောင်မောင်က –

"အဲဒါ ကိုဇော်ဝင်းလက်ရာ ဆရာကြီးရဲ့"

ဟု ပြောလိုက်လေ၏။

"ဘယ်က ဇော်ဝင်းလဲ။ ယိုးဒယားစတိုးက ဇော်ဝင်း လား"

ဟု ကျွန်ုပ်က မေးလိုက်ရာ –

"တောက်တီးတောက်တဲ့ ဆရာကြီးရယ်။ ဆရာ ကြီးပြောတဲ့ ယိုးဒယားဇော်ဝင်းက တိုက်ဆောက်ဖို့မပြော နဲ့၊ ချဲထိုးလို့ တဲထိုးနေရပြီ။ ဒီတိုက်တွေဆောက်တာက မြန်အောင်ရေနံမှာ လုပ်ခဲ့တဲ့ အင်ဂျင်နီယာ ကိုဇော်ဝင်းလေ။ သူက အခုအာရှဏ်ဦးအဆောက်အအုံလုပ်ငန်းဆိုပြီး တိုက် တွေဆောက်နေတယ်"

ဟု မောင်မောင်က ပြောလိုက်လေ၏။

"ဩော် ... ဖိုးဇော်ကြီးက ကန်ထရိုက်ဖြစ်နေ ပြီကိုး"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"သူတစ်ယောက်တည်း မဟုတ်ဘူး ဆရာကြီးရဲ့၊ ဆရာကြီးရဲ့ မိတ်ဆွေအားလုံး ကန့်ထရိုက်လုပ်နေကြပြီ"

ဟု မောင်မောင်က ပြန်၍ပြောလိုက်လေ၏။ ကျွန်ုပ် တို့ ကားကလေးသည် ဆက်လက်မောင်းနှင်လာ၏။ လမ်း တစ်ဖက်တစ်ချက်တွင် ဆောက်ထားသော အဆောက် အအုံသစ်များကို တွေ့မြင်ရ၏။

"တစ်မြို့လုံး တိုက်သစ်တွေပါလား"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"အမှန်ပေါ့ ဆရာကြီး။ ကျောက်မြောင်းရပ်ကွက်ကို ဝင်သွားရင် ဆရာကြီးအမေအိမ်ကလွဲပြီး ကျန်တာတိုက် ချည်းပဲ။ ဆရာကြီး မှတ်တောင်မှတ်မိမှာ မဟုတ်ဘူး။ ဒါနဲ့ နေပါဦး ဆရာကြီး၊ ကျွန်တော် ဘယ်ကိုမောင်းပို့ရမှာလဲ၊ ဗိုလ်ချုပ်လမ်းအိမ်ကို မောင်းပို့ရမှာလား"

ဟု မောင်မောင်က မေးလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က –

"သောနုတ္တရမှုဆိုးဟာ ဆဒ္ဒန်ဆင်မင်းရဲ့အစွယ်ကို ဖြတ်ပြီး ပြန်ခါနီးမှာ ဆင်မင်းကို မေးတယ်ကွ။ စူဠသုဘဒ္ဒါ ကို ဘာမှာလိုက်ဦးမလဲတဲ့။ အဲဒီအခါမှာ ဆင်မင်းက 'နောက်လင်ငယ်နဲ့ ကြာရှိပ်လယ်မှာ၊ ထည်ထည်လှလှ ရွှန်းပပနဲ့၊ ခင်မဝမ်းမြောက်ပါစေတော့'လို့ ပြန်ပြောတယ်၊ အဓိပ္ပာယ်ခပ်ကြမ်းကြမ်း ပြန်ပြောရရင်တော့ မင်းသခင်မ လင်ငယ်နဲ့ အေးအေးဆေးဆေး နေပါစေလို့ ပြော သဘောပါပဲ။ အခုနေ ငါ့အိမ်ကို ငါပြန်သွားရင် အော ထပ်မှာရှိတဲ့ ကောင်မကြီးရဲ့ လင်ငယ် နတ်ကတော်ကော ဟာ ငါ့ကိုကြောက်ပြီး လိပ်ပြာလွင့်သွားနိုင်တယ်"

ဟု ပြန်၍ပြောလိုက်ရင်း ကျွန်ုပ်၏မျက်စိသည် ပလက်ဖောင်းတစ်နေရာသို့ ရောက်သွား၏။ ထိုပလက် ဖောင်းပေါ်တွင် လျှောက်သွားနေသော တစ်စုံတစ်ယောက် ကို တွေ့လိုက်လေ၏။

"ဟော ... ဟော ... လိပ်ပြာရှက်လွှင့်တတ် အကြောင်းပြောတဲ့ ကောင်လေး"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောဆိုကာ ကျွန်ုပ်သည် ကားကို ကပျာကယာ ရပ်ခိုင်းလေ၏။

မောင်မောင်လည်း ထိုကောင်လေး အနီး၌ ကားကို ရပ်လိုက်လေ၏။ ကျွန်ုပ်သည် ကားပေါ်မှဆင်းလိုက်လေ၏။ ထိုကောင်လေးနာမည်ကို ကျွန်ုပ် ကောင်းစွာမှတ်မိ၏။ သူ့နာမည်က 'အဟိန်း'ဖြစ်၏။

"ဟေ့ . . . သူငယ်၊ မင်း အဟိန်း မဟုတ်လား"

ဟု ကျွန်ုပ်က မေးလိုက်ရာ ကောင်လေးက အူကြောင်ကြောင်ဖြစ်သွားပြီး -

"ဟုတ် . . . ဟုတ် . . . ဟုတ်ပါတယ်ခင်ဗျာ"

ဟု ပြန်၍ ဖြေလေ၏။ ထိုအခါ၌ ကျွန်ုပ်သည် ထိုကောင်လေး တစ်ခါက ထောင်ထဲတွင်ပြောခဲ့သော ၎င်းအဘိုး၏ ဘကြီးဆိုသူ၏ အမည်ကို စဉ်းစားလိုက်၏။ ထိုသို့စဉ်းစားလိုက်သောအခါ၌ ကျွန်ုပ်၏ မှတ်ဉာဏ်တွင် အောက်ပါစာတစ်ကြောင်း ပေါ်လာလေ၏။

## "တန်ပါတော့ ထီးတော်မိုး"

ကျွန်ုပ်သည် စာကြောင်းမှ မလိုအပ်သော (ပါတော့ထီး)ဆိုသည့် စာလုံးသုံးလုံးကို ဖြုတ်လိုက်ရာ 'တန်တော်မိုး' ဟု ရ၏။ ထို့ကြောင့် -

"ဒီလိုကွ။ မင်းအဘိုးရဲ့ဘကြီး မစ္စတာတန်တော်မိုးအကြောင်း ငါက သိချင်နေတာ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ အဟိန်းဆိုသောသူငယ်ကလေးသည် နေ့ခင်းကြောင်တောင် သရဲခြောက်ခံရသကဲ့သို့ မျက်လုံးများပြူးဝိုင်းသွားလေ၏။ ကျွန်ုပ်သည် ၎င်းအား ထောင်ထဲမှအဖြစ်များကို ပြန်လည်ပြောပြရ၏။

ထိုအခါကျမှပင် ၎င်းလည်း ကျွန်ုပ်ကို ကောင်းစွာ နားလည်သွားတော့၏။ သို့ရာတွင် ၎င်း၏မိဘများလည်း မရှိတော့ကြောင်း၊ ထို့ကြောင့် မစ္စတာတန်တော်မိုးနှင့် ပတ်သက်၍ ၎င်းကိုယ်တိုင်လည်း ဘာတစ်ခုမျှ မည်မည်ရရ မသိကြောင်း၊ မစ္စတာတန်တော်မိုး နေထိုင်ခဲ့သော တိုက်နံပါတ်(---)၊ (၁၅)လမ်းဖြစ်ကြောင်း၊ ထိုအဆောက်အအုံသည် ကျုံးကြီးလမ်းနှင့် ပို၍နီးကြောင်း မှတစ်ပါး အခြားကြားသိသည့်အကြောင်းကိုမျှ ကျွန်ုပ်အား မပြောပြနိုင်တော့ပေ။ ထို့နောက် အဟိန်းသည် ကျွန်ုပ်အား နှုတ်ဆက်၍ ထွက်သွားလေတော့၏။ ကျွန်ုပ်သည်လည်း ကားပေါ်သို့ ပြန်တက်ခိုင်းလိုက်၏။ မောင်မောင်သည် ကားကို ဆက်၍ မောင်းလာခဲ့၏။

"ဆရာကြီး ထောင်ကထွက်ပြီး အိမ်တောင် မရောက်သေးဘူး။ ဟိုကုလားလေးနဲ့ ဘာတွေစာရင်းရှုပ်နေတာလဲ"

ဟု မောင်မောင်က မေးလိုက်လေ၏။

"မင်းဆိုတဲ့ အကောင်ကလည်း မျက်လုံးပြူးသလောက် ကန်းတဲ့အကောင်ပဲ။ ဘယ်က ကုလားဟုတ်ရမှာလဲ။ တရုတ်ပါကွ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ မောင်မောင်က -

"တရုတ်ကလည်း မည်းလှချည်လား"

ဟု ပြန်၍ ပြောလိုက်လေ၏။

"တရုတ်ငချိပ်ပေါ့ကွာ"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်ရာ ကားပေါ်ပါသူအားလုံး ရယ်မောကြလေ၏။ ဤသို့နှင့်ပင် ကျွန်ုပ်တို့၏ ကားသည် ကျောက်မြောင်းရပ်ကွက်အတွင်းသို့ စတင်ဝင်ရောက်ခဲ့လေ၏။ ကျောက်မြောင်းရပ်ကွက်တစ်ခုလုံး တိုက်အမြင့်ချည်းများသာ ဖြစ်နေ၏။ ကျွန်ုပ်သည် လမ်းများကို မမှတ်မိတော့ပါ။ လုံးဝပြောင်းလဲနေပြီဖြစ်၏။ အောင်မင်္ဂလာလမ်းသို့အရောက်တွင် မောင်မောင်သည် ကားကို ချိုးကွေ့လိုက်၏။

"ဟေ့ . . . မောင်မောင်ရေ။ ရှေ့မှာ လူစုလူဝေးနဲ့ ဘာတွေဖြစ်နေကြတာလဲ"

ဟု ကျွန်ုပ်က အလန့်တကြား မေးလိုက်၏။

"အောင်မင်္ဂလာလမ်းထဲက မင်္ဂလာဝင်း ကျူးကျော်ရပ်ကွက်ကြီး နေရာရွှေ့ပြီလေ"

ဟု မောင်မောင်က ပြန်၍ဖြေလိုက်၏။

"အဲဒီ ဝင်းကြီးဟာ အစတုန်းက ဓာတ်ရထားဝင်းကြီးကွ။ ဓာတ်ရထားတွေများ ပြန်စီးနေရဦးမလား မဆိုနိုင်ဘူးဟေ့"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထို့နောက် များမကြာမီ၌ပင် ကျွန်ုပ်၏မိခင်ကြီးနေထိုင်ရာ အမှတ်(၁၄)၊ ကျောက်ရေတွင်းလမ်း နေအိမ်သို့ ရောက်ရှိလေတော့သတည်း။

မင်းသိခ်

www.burmeseclassic.com

# ပြည်တွင်းပြည်ပ ဝိညာဉ်လောက ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

**သေခြင်းတရားနှင့် တမလွန်ဘဝ၏ လျှို့ဝှက်ဆန်းကြယ်မှုကို သုတေသနပြုခြင်း**

ကျွန်ုပ်တို့အတွက် သေခြင်းတရားသည် လျှို့ဝှက်ဆန်းကြယ် ကြောက်လန့်ဖွယ် ဖြစ်၏။ သို့ရာတွင် Near Death Experience (NSEs) ခေါ် သေခါနီးသူတို့၏ စုတေစိတ် နိမိတ်အာရုံများကို တွေ့ကြုံခံစားရပြီးသူများကား နောက်ထပ် သေခြင်းတရားကို ကြောက်လန့်ခြင်း မရှိတော့။ ကိုယ်ကျင့်တရားကိုလည်း လေးနက်စွာ ထိန်းသိမ်းပြီး ဘဝသစ်တစ်ခုသို့ နီးနီးကြားကြားနှင့် ကူးပြောင်းသွားလေ့ရှိကြောင်း တွေ့ရှိရပေသည်။

**သေခါနီးအတွေ့အကြုံများ**

၂၀ ရာစု နှစ်ဦးပိုင်းက စ၍ပင်လျှင် သုတေသီအချို့တို့သည် သေခါနီးသူတို့၏ စုတေစိတ်နိမိတ်အာရုံများ (NDEs) ကို မှတ်သားလေ့လာကြရာတွင် များစွာသော လူနာတို့သည် တစ်ရပ်တစ်ရွာ၌ သေဆုံးကုန်ကြပြီဖြစ်သော လူများနှင့် တွေ့ဆုံရခြင်း၊ ၎င်းတို့၏ ဝိညာဉ်သည် ကိုယ်ခန္ဓာမှခွာ၍ တခြားဒေသများသို့ သွားရောက်လည်ပတ်ခြင်း အစရှိသည်တို့ကို ပြုမူကြကြောင်း တွေ့ရှိကြရသည်။ သို့ဖြစ်၍ လူတို့၏ နာမ်ခန္ဓာ၊ သို့မဟုတ် ဝိညာဉ်သည် သေခါနီးအချိန်၌ တမလွန်ဘဝနှင့် ဆက်စပ်နေသည်ဟူ၍ ယူဆလာကြသည်။ တစ်နည်းအားဖြင့် လူ၏ ရုပ်ခန္ဓာကိုယ် ချုတ်ယွင်းပျက်စီးသည့်နောက်ပိုင်းတွင် ယင်း၏ဝိညာဉ်၊ သို့မဟုတ် နာမ်ခန္ဓာသည် ဆက်လက်ရှင်သန်နေဦးမည်ဟူ၍ ယူဆကြပါသည်။

မကျန်းမမာ ဖြစ်ပြီးနောက် သေငယ်ဇောနှင့် မြောသွားရာမှာ အချို့လူနာများသည် သူတို့၏ တမလွန်လောကအကြောင်း၊ သေရွာမှ ပြန်လည်ရောက်ရှိလာရပုံအကြောင်း လျှပ်တစ်ပြက် အတွေ့အကြုံများကို ရင်ဖွင့်ပြောပြတတ်ကြ၏။ မြန်မာနိုင်ငံတွင် ထိုသေရွာပြန်လူတို့၏ ပြောပြချက်များကိုယ်တွေ့ ဖြစ်ရပ်ဆန်းကြယ်များကို တစ်ခါတစ်ရံကြားကြရတတ်၏။ မကြာခင်က အမေရိကန်နိုင်ငံ ဆေးရုံကြီးတစ်ရုံတွင် ခွဲစိတ်ခန်းမထဲမှာ ဝေဒနာရှင်အမျိုးသမီး ကျောင်းဆရာမတစ်ဦးသည် သေငယ်ဇောနှင့် မြောသွားရာမှ နက်ရှိုင်းသော ဥမင်လိုဏ်ခေါင်းအတွင်း လှပတောက်ပြောင်သော အဖြူရောင် အလင်းတန်းများနှင့် တွေ့ဆုံရပြီးလျှင် လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ခန့်က ကွယ်လွန်ပြီးသူ နာမည်ကျော်အဆိုတော် ရုပ်ရှင်မင်းသားချော အဲလ်ဗစ်ပရက်စလေ (Elvis Presley) က သူမကို ညင်သာစွာ ဆွဲယူခေါ်ဆောင်သွားသည်ကို အသေအချာ မြင်တွေ့ရကြောင်း ထွက်ဆိုလေသည်။

ရှေးအခါက သေခြင်းအကြောင်းကို စိတ်ဝိညာဉ်သုတေသီဆရာတို့ လေ့လာမှုနည်းပါးသော်လည်း ယခုအခါ၌မူ သုတေသီဆရာတော်တော်များများက စေ့စပ်သေချာစွာ စူးစမ်းလေ့လာနေကြပေပြီ။ အဓိကအကြောင်းမှာ သေမင်းတံခါးဝသို့ ရောက်ရှိ (ဝါ) သေခါနီးဆဲဆဲ လူနာများ၏ ပြောပြချက်များကို စူးစမ်းလေ့လာခြင်း ဖြစ်၏။

အသည်းအသန် ဖျားနာနေသောကြောင့်၊ သို့မဟုတ် အပြင်းအထန် ထိခိုက်ဒဏ်ရာ ရရှိသောကြောင့် ဆရာဝန်က သေပြီဟု ဆုံးဖြတ်ထားပြီးနောက် ဆရာဝန်၏ အားထုတ်မှုဖြင့် သေဘေးမှ လွတ်မြောက်လာသူတို့သည် သေရွာပြန်ပုဂ္ဂိုလ်များ ဖြစ်ကြ၏။

**ဒေါက်တာရေမွန်မူဒီ**

အမေရိကန်ပြည်၌ ဒေါက်တာရေမွန်မူဒီ (Rd. Raymond Moody) ဆိုသော သုတေသီဆရာဝန်သည်



www.burmeseclassic.com

www.burmeseclassic.com

သေရွာပြန်ပုဂ္ဂိုလ် ၁၅၀ တို့၏ ပြောပြချက်များကို စုဆောင်း၍ ဆန်းစစ်လေ့လာခဲ့ရာ ထိုသူတို့၏ သေမင်းတံခါးဝရောက် အတွေ့အကြုံများမှာ အတော်များများ တူညီနေသည်ကို တွေ့ကြရလေသည်။

သေရွာပြန်ပုဂ္ဂိုလ်တို့၏ အဆိုအားဖြင့် သူတို့သည် မေ့မြောနေစဉ် ကောင်းကင်တမန်များနှင့် ကွယ်လွန်ပြီးသူ ဆွေမျိုးသားချင်းတွေကို တွေ့ကြရသည်ဆို၏။ ရှေးယခင်က သူမတွေ့မြင်ဖူးသော မေတ္တာရှင် အလင်းရောင်ပုဂ္ဂိုလ်တစ်ဦးသည်လည်း သူ့ရှေ့မှောက်၌ ပေါ်လာကာ ထိုပုဂ္ဂိုလ်က သူ့အား မိမိဘဝကို ပြန်လည်သုံးသပ်ရန် နှုတ်ဖြင့်မဟုတ်ဘဲ စိတ်တန်ခိုးဖြင့် ပြော၏။ သူသည် စိတ်သာယာငြိမ်းချမ်းမှုကို ရကာ သူ၏ကိုယ်ကို မေတ္တာစာတ်လွှမ်းခြုံခြင်း ခံရ၍ ကာမဂုဏ်စည်းစိမ်ဥစ္စာတို့ကို တပ်မက်မှုမရှိတော့ဘဲ သတ္တဝါအားလုံးကို ကူညီစောင့်ရှောက်လိုသော စိတ်ဆန္ဒကောင်းများ ပွားများလာ၏။ နှစ်ရှည်လများ မိမိတို့၌ စွဲကပ်နေသော ရိုက်ဝါသနာခံဆိုးများ အလိုလို ပျောက်ကွယ်သွား၏။ ဥပမာ ရှေးအခါက ခက်ထန်ကြမ်းတမ်းသော အရက်သမားအချို့သည် အသက်မသေဘဲ တမလွန်လောကမှ ပြန်လည်ရောက်ရှိလာပြီးနောက် လုံးဝ အရက်ပြတ်သွားကြသည်ဟု ဆို၏။

## ဘာသာရေးကိုင်းရှိုင်းမှု ပိုလာ

မှုလက ဘုရားသခင်ရှိသည်ဟု မယုံကြည်ကြသူ ခရစ်ယာန်နွယ်ဝင် သေရွာပြန်ပုဂ္ဂိုလ်တို့သည် သေခါနီးဘဝ နိမိတ်အာရုံများ ခံစားရရှိပြီးနောက် ဘုရားသခင် (God) ရှိနေသည်ဆိုခြင်းကို စွဲစွဲမြဲမြဲ သက်ဝင်ယုံကြည်သွားတတ်ကြလေသည်။ မူလက ဘာမျှ ကိုးကွယ်မှုမရှိသူ ဘာသာမဲ့များသည်လည်း သူတော်စင်များကို ကိုးကွယ်ဆည်းကပ်လာတတ်ကြသည်။ "Most near death surviour say they don't think there is a God. They know"

## ဘာသာတရား တန်ခိုးအာဏာကို မမက်မောတော့

တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ကျခံနေရသော ရာဇဝတ်သားကောင် အချို့ဆိုလျှင် သေခါနီးအတွေ့အကြုံ ခံစားပြီးနောက် သူတစ်ပါးကို ကူညီချင်သော စိတ်စေတနာ ကောင်းများ ဝင်လာသည်အထိ ပြောင်းလဲသွားကြသည် ...။ အထူးခြားဆုံးမှာ သေရွာပြန်တို့သည် ဘာသာတရား ဆည်းကပ်ကိုးကွယ်မှုတွင် အလေးအနက် ဖြစ်သွားပြီး လောဘ၊ ဒေါသ၊ မောဟများ ထူးထူးခြားခြား လျော့ပါးသွားကာ တန်ခိုးအာဏာကို မက်မောတွယ်တာမှု မရှိတော့ခြင်းပင် ဖြစ်သည်။

## သေခါနီးအတွေ့အကြုံ သုတေသနအစ

လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ လောက်ကပင် ဂရိဒဿနိက ပညာရှင်ကြီး ပလေတို၏ ရေးသားချက်များတွင် သေခါနီး စစ်သားတစ်ယောက်၏ နိမိတ်အာရုံ တွေ့မြင်ရပုံ ဖော်ပြထား၏။ ယခုအခါ သေခါနီးလူနာများ၏ နိမိတ်အာရုံ တွေ့မြင်ရမှုများသည် ကမ္ဘာအရပ်ရပ်၌ ကြားသိရသော အမှုများဖြစ်နေပြီး အနောက်နိုင်ငံများ၌ စိတ်ဝင်စားမှုများလာ၍ အမေရိကန်နိုင်ငံ၌ ထိုအကြောင်းကို ဗာဂျီးနီးယားဆေးတက္ကသိုလ်မှ စိတ်ပညာရှင်အချို့ အထူးလေ့လာနေကြပြီ ဖြစ်၏။

ရှေးအခါက သေခါနီးတို့၏ စုတေစိတ်နိမိတ်အာရုံများ (NDEs)ကို ကွက်ကျားကွက်ကျား စုဆောင်းခဲ့သော်လည်း ၁၉၆၁ ခုနှစ်အတွင်းက ဒေါက်တာကာလစ်အိုစစ် (Dr/ Karlis Osis) က ဤကိစ္စနှင့်ပတ်သက်၍ မေးခွန်းလွှာများကို အမေရိကန်နိုင်ငံရှိ ဆေးရုံဆရာဝန် ၂၀၀၀၊ ပြင်ပဆရာဝန် ၂၀၀၀၊ ပညာသင်ဆရာဝန် ၂၀၀၀၊ ဆေးရုံသူနာပြုဆရာ၊ ဆရာမ ၁၀၀၀ နှင့် ပြင်ပသူနာပြုဆရာ၊ ဆရာမ ၁၀၀၀ တို့ထံ စာတိုက်မှပေးပို့၍ မေးမြန်းစုံစမ်းရာ သေခါနီးလူနာပေါင်း သုံးသောင်းကျော်တို့၏ တွေ့ကြုံခံစားချက် မှတ်တမ်းများကို ရရှိခဲ့သည်။

၁၉၇၅ ခုနှစ်တွင် ဒေါက်တာရေမွန်ဒီသည် (Life After Life) "တစ်ဘဝပြီး တစ်ဘဝ" အမည်ရှိသော စာအုပ်ကို သူ၏အတွေ့အကြုံများဖြင့် လူထုအကြိုက် လူထုစကားဖြင့် ရေးသားထုတ်ဝေလိုက်သောအခါ ချက်ချင်းအောင်မြင်ကျော်ကြားသွားခဲ့၏။

## သေခြင်းတရား၏ လျှို့ဝှက်ချက် (၁)

No choice is uninfluenced by the way in which the personality regards its distiny, and the body its death. In the last analysis, it is our con-



www.burmeseclassic.com

www.burmeseclassic.com

ception of death which decides our answers to all the question that life puts to us...Hence, too, the necessity of preparing for it.

**Dag Hammarskjold**

သေခြင်းတရားနှင့် ပတ်သက်၍ အမျိုးမျိုး ပုံဖော်ကြရာတွင် နောက်ဆုံးတွေ့ရှိရသည့် မှန်ကန်ချက်ကား သေခြင်းတရားဆိုသည်ကို ကျွန်ုပ်တို့ မည်သို့မျှ မရှောင်လွှဲနိုင်။ သို့ဆိုသော် ရင်ဆိုင်ရန် ပြင်ဆင်ထားဖို့ရာ ရှိပေသည်။

**ဒက်ဂ်ျဟားမားရှိုးလ်**

လူတစ်ယောက် သေဆုံးသွားခြင်းအပေါ် ဆေးသိပ္ပံပညာရပ်အနေဖြင့် အောက်ဖော်ပြပါ အချက်များဖြင့် တိကျသေချာစွာ သတ်မှတ်ကြပေသည်။

နှလုံးခုန်ရပ်ပြီးနောက် သွေးလည်ပတ်မှုလည်း မရှိတော့။ ဦးနှောက်လည်း ဆက်လက်ရှင်သန်ခြင်း မရှိတော့။ ထိုအခါ တစ်နာရီ လေးပုံတစ်ပုံ၊ သို့မဟုတ် မကြာမီမှာပင် ဦးနှောက်ကိုယ်ကြီးသည် လျင်မြန်စွာ ပုပ်သိုးပေတော့မည်။ ဆေးပညာကို မှီတည်၍ လူတစ်ဦး၏သေခြင်းကို လေ့လာသော် သေဆုံးသွားသောသူသည် ရုပ်လည်း ပျက်ယွင်းလာမည်။ ပျက်ယွင်းလာရာမှ တဖြည်းဖြည်း လုံးဝပျက်စီးသွားပေလိမ့်မည်။

ရာစုနှစ်ပေါင်းများစွာကပင် ဆေးပညာသင်ကြားသော ကျောင်းများတွင် ဤဖြစ်ရပ်များကို စာတွေ့ လက်တွေ့ သင်ကြားပေးခဲ့ကြသည်။ ဆရာဝန်နှင့် သူနာပြုဆရာမ အများအပြားတို့သည် သေအံ့မူးမူးရောက်ချိန်တွင်ရှိနေသော လူနာတိုင်း၏ အသက်ကို လု၍ ကယ်ဆယ်ကြရလေ့ရှိသည်။

အံ့ဩစရာ ကောင်းသည်မှာကား သေအံ့မူးမူးတွင်ရှိ လူနာအချို့၏ လက္ခဏာပန်ဟန်များမှာ လက်ခံထားသော ဆေးပညာရှုထောင့်မှ လက္ခဏာများနှင့် လွဲနေတတ်ခြင်းပင် ဖြစ်သည်။

သေအံ့မူးမူး ဇောင်းတန်ပြန်နေချိန် "မရဏာသန္န" အခါတွင် မည်သို့သော အမြင်များ ရရှိပါသနည်း။

သူတို့သည် မည်သို့သော အတွေ့အကြုံများကု ဖန်တီးနိုင်ခဲ့ပါသနည်း။

ဘဝ၏ နိဂုံးကမ္ပတ် အဆုံးသတ်ရတော့မည့်အချိန်တွင် သူတို့ ဘာကိုမြင်လာကြသနည်း။

သူတို့၏ ရှုထောင့်မှကြည့်သော် သေဆုံးခြင်းဟူသည် လုံးဝပျက်စီးသွားခြင်းပေလော။ သို့မဟုတ် အသစ်တစ်ဖန် ပြန်စခြင်းလော။ ဝေဒနာရှင်များသည် မိမိတို့မြင်ရသော အာရုံကို စောကြောနိုင်ခြင်း မရှိသော်လည်း တစ်စုံတစ်ခုကို မြင်တွေ့ရသည်ကိုကား သတင်းပို့နိုင်သည်။ သူတို့သည် သေဆုံးပြီးသော ဆွေမျိုးများနှင့် သူငယ်ချင်းများကို မြင်တွေ့ရသည်ဆို၏။ သူတို့သည် ဘာသာရေး အထူးကိုင်းရှိုင်းသူများ ထူးဆန်း၍ စိတ်ကူးနှင့် ဒဏ္ဍာရီဆန်မှုပေါ်တွင် အခြေတည်ထားသော ရုပ်သွင်သဏ္ဌာန်ထူးများကို မြင်ရသည်ဆို၏။

သူတို့ရောက်ရှိသွားသော နေရာဒေသမှာ ပတ်ဝန်းကျင်တစ်ခွင်လုံး အလင်းရောင်လွှမ်းမိုးနေပြီး လူ့လောကနှင့် မပတ်သက်သော နတ်ဘုံနတ်နန်းတမျှ လုပဆန်းကြယ်သော ဒေသသစ်တစ်ခုသို့ ရောက်ရှိသွားဘိသကဲ့သို့လည်း ခံစားရ၏။

ထိုထိုသော အာရုံနိမိတ်များသည် ထာဝစဉ် တည်တံ့နေသည်ကား မဟုတ်။ အခါအားလျော်စွာ ပြောင်းလဲနေတတ်ပေသည်။ ထိုကဲ့သို့ ကောင်းသောအာရုံအမြင်များ ရ လာပါက စိတ်နှလုံးအေးချမ်းမှု၊ ဘာသာရေးကိုင်းရှိုင်းမှုများကို ကျင့်ဆောင်လာတတ်သည်။

ဝေဒနာသည်များသည် အသေကောင်းပါက အာ အမြင်ကောင်းကို ရရှိပေမည်။ အချို့သော အိပ်ရာထက်တွင် လဲနေသော ဝေဒနာရှင်များသည် မည်သည့်အာရုံနိမိတ်များ ကိုမျှ မမြင်ကြရသောသူများလည်း ရှိသည်။ ဆရာဝန်များနှ သူနာပြုဆရာမ အချို့တို့သည် လူနာပေါင်းများစွာကို လေ့ လာပြီး ထိုသူတို့ ပြန်လည်ပြောပြသော "မရဏာသန္န"၌ မြ တွေ့ရသည့် အာရုံနိမိတ်များကို သိရှိကြရသည်။

ထိုသူတို့အနက် အောက်ပါ လူနာနှစ်ယောက်အပေ လေ့လာခဲ့ပုံကို ဖော်ပြပါမည်။

အသက် ၇၀ ရှိသော လူနာအဘွားကြီးတစ်ယော သည် ကွယ်လွန်ပြီးဖြစ်သော သူမ၏ခင်ပွန်းသည်ကို မကြ ခဏ မြင်ရရာမှ မိမိသည်လည်း မကြာမတင် သေဆုံး တော့မည်ဟု နိမိတ်ဖတ်ခဲ့လေသည်။

သူ၏ ပြောပြချက်အရ အောက်ပါအတိုင်း သိရ သည်။ ကွယ်လွန်လေပြီးဖြစ်သော သူမ၏ခင်ပွန်းသည်သ ပြတင်းပေါက်တွင် ပေါ်လာပြီးသော် သူမကို အိမ်အပြင် ထွက်လာခဲ့ရန် ခေါ်သည်ဆို၏။ အဓိပ္ပာယ်မှာ သူနှင့်အ



www.burmeseclassic.com

လောကသစ်သို့ လိုက်ခဲ့ရန် ခေါ်ခြင်းသဘောရှိသည်။ ထိုကဲ့သို့ သူမအနေဖြင့် သေဆုံးတော့မည်ဆိုသည်ကို ကိုယ်တိုင်ကြိုတင်နိမိတ်ဖတ်ရာတွင် ထိုအဘွားကြီး၏သမီးနှင့် ဆွေမျိုးများလည်း ရှိနေလေသည်။

ထိုအဘွားကြီးသည် ခေတ္တတစ်ရေးတစ်မော အိပ်မည်ဟု ပြောကာ ခုတင်ထက်တွင် လဲလျောင်းပြီး မကြာမီ တစ်နာရီအကြာ သေဆုံးသွားလေသည်။

ထိုအဘွားကြီးသည် အေးချမ်းစွာ ဘဝကူးပြောင်းသွားခြင်းဖြစ်ရာ သေခြင်းကို လိုလိုလားလား လက်ခံသွားသည်ဟု ဆိုနိုင်သည်။ အဘွားကြီးသည် မိမိ၏လင်ယောကျ်ားကို မတွေ့ခင်၌ သေခြင်းတရားအကြောင်းကို လုံးဝမပြောပေ။

ဤသို့ အဘွားကြီး ရုတ်တရက်သေဆုံးခြင်းနှင့် ပတ်သက်၍ ဆေးကုသနေသော ဆရာဝန်သည် အလွန်အံ့ဩသွားလေသည်။ သူမတွင် ဤကဲ့သို့ ရုတ်တရက်သေလောက်သော အခြေအနေမရှိ။ သူမ အဆိပ်သင့်၍များ သေလေသလားဟု စစ်ဆေးကြည့်ရသည်။ ဤသို့စစ်ဆေးကြည့်သောအခါ အဆိပ်ကိုသော်လည်းကောင်း၊ ဆေးဝါးများကိုသော်လည်းကောင်း သုံးစွဲထားသည်ကို မတွေ့ရချေ။

နောက်ထပ် စိတ်ဝင်စားဖွယ် ကောင်းလှသော အကြောင်းတစ်ရပ်မှာ အသက် ၆၀ အရွယ် အဘွားအိုတစ်ယောက်၏ အကြောင်းပင်ဖြစ်လေသည်။ သူမသည် ကင်ဆာရောဂါဖြင့် ဆေးရုံရောက်ခဲ့သူဖြစ်၏။

သူမနှင့်ပတ်သက်၍ ဆရာဝန်ပြန်လည်ပြောပြချက်မှာ ဤသို့ဖြစ်သည်။

လူနာသည် ရောဂါ၏ပြင်းထန်မှုကြောင့် အပြင်းအထန်ခံစားရကာ မှိန်းနေရာမှ ရုတ်တရက်မျက်လုံးများကို ဖွင့်လိုက်သည်။

သူမသည် ကွယ်လွန်ပြီးသော သူမ၏ ခင်ပွန်းအမည်ကို ခေါ်ကာ "ရှင့်ထံ ကျွန်မလာနေပြီ"ဟု ပြော၏။

သူမကိုကြည့်ရသည်မှာ အေးအေးချမ်းချမ်းပင်။ မျက်နှာပေါ်တွင် အလွန်နှစ်လိုဖွယ်ကောင်းသော အပြုံးတစ်ချက်ကို ပွင့်ဖူးထား၏။ သူမသည် တစ်စုံတစ်ယောက်၏ ထွေးပိုက်ယုယမှုကို ခံယူရန် သွားနေသယောင်။

"ကျွန်မ လာနေပါပြီ"လို့ သူမက ပြောနေတယ်။ ကျွန်တော်(ဆရာဝန်) သူမအနားမှာ ရှိနေတယ်ဆိုတာကို တောင် သူသတိပြုမိဟန် မတူဘူးဗျာ"

သူမသည် သီးခြားကမ္ဘာတစ်ခုခုဆီသို့ ရောက်နေသယောင်ယောင်။ သူမကိုကြည့်ရသည်မှာ အလွန်လှပ၍ နှစ်လိုဖွယ်ကောင်းသော အရာဝတ္ထုတစ်ခုနှင့်အတူ သူမရှိနေသည်ဟု ထင်ရပေသည်။

ထိုကဲ့သို့သော ဖြစ်ရပ်များကို သက်သေပြ၍ ဖြစ်နိုင်လိမ့်မည် မဟုတ်ချေ။ လွဲချော်မှဲ့အာရုံများမှ (HALLUCINATION) ကိုမူ တစ်နည်းမဟုတ် တစ်နည်း သက်သေပြနိုင်ကောင်း၏။ ကျွန်ုပ်တို့သည် ကွန်ပျူတာအကူအညီဖြင့် ယင်းတို့၏ တွေ့မြင်ခံစားမှုများကို အဖြေထုတ်နိုင်ကောင်း၏ဟု မျှော်လင့်ရပေသည်။

သူတို့သည် "နောက်ဘဝ" (After Life) သို့မဟုတ် "ဘဝ၏နိဂုံး" (Final End) တွင် ဘာတွေမြင်တွေ့၍ မည်သို့ခံစားရလေသည်ကို အဖြေထုတ်လိုသည်။ ကျွန်ုပ်တို့သည် ဤသို့ သုတေသနပြုနေစဉ်အတွင်း မကွယ်လွန်မီ လူနာများ မြင်တွေ့ရပုံ၊ ခံစားရပုံများနှင့် ပတ်သက်၍ ဖော်ပြထားသော အစီရင်ခံချက်များကို မကြာခဏ ရရှိသည်။

အချို့သည် သေခြင်းတရားကို ငြိမ်းချမ်းစွာ ရင်ဆိုင်သွားကြသည်။ အချို့သည်ကား ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားရ၍ အာရုံနိမိတ်များသည်လည်း မကောင်းတတ်ပေ။

ဤသို့ ဘာကြောင့် ဖြစ်ရသနည်း။

ဘောစတွန်မြို့မှ သမားတော်ကြီးတစ်ယောက်သည် "နှလုံးသွေးခုန်ခြင်း" ရပ်သွားသော လူနာတစ်ယောက်အား လာရောက်ကြည့်ရှုပြီး ခေတ်မီအသက်ကယ်နည်းနိသသယ များ လာရောက်ကြည့်ရှုပြီး ခေတ်မီအသက်ကယ် နည်းနာနိသသယများဖြင့် ကုသပေးခြင်းကြောင့် ထိုလူနာခမျာ အသက်ပြန်ရှင်လာခဲ့သည်။ ထိုသို့ အသက်ပြန်ရှင်လာအောင် အစွမ်းကုန် ကုသပေးခြင်းအတွက် ထိုလူနာက ကျေးဇူးတင်ရှိကြောင်း ပြောကြားလိမ့်မည်ဟု ဆရာဝန်ကြီးက မျှော်လင့်ခဲ့သည်။

သို့သော် အခြေအနေမှာ ပါစင်အောင်လွဲသွားသည်။ လူနာသည် မျက်လုံးကိုဖွင့်ကြည့်ပြီးသော် ဤသို့ စိတ်ဆိုးမာန်ဆိုး ပြောချလိုက်၏။

"ခေါက်တာ ကျွန်တော့်ကို ဘာလို့ ပြန်ခေါ်ရတာလဲ၊ ကျွန်တော်ရောက်သွားတဲ့နေရာက သိပ်လှတာပဲဗျ။ အဲဒီမှာ

www.burmeseclassic.com

ပဲ ကျွန်တော် နေချင်လိုက်တာ"

အမှန်အားဖြင့် ပြောနေသော လူနာတစ်ယောက်အား စွန့်စားကယ်တင်ရခြင်းသည် ကျေးဇူးအနန္တတင်ဖွယ်ပင်။ သို့စဉ်လျက် ထိုလူနာက ကျေးဇူးမတင်။ ဘဝသစ်တွင် ပျော်ပိုက်သွားဟန်တူသည်။ ယခုလက်ရှိဘဝကို ရွံရှာမုန်းတီးနေ၏။

ကျွန်ုပ်တို့သည် လူနာများ၏ ဆေးဝါးကုသမှုနှင့်ဆိုင်သော အတွေ့အကြုံ၊ လူနာများ၏ စိတ်ဓာတ်ရေးရာခံစားမှုနှင့် နောက်ကြောင်းအခြေအနေများကို မသိပါမူ သူတို့၏ တုံ့ပြန်မှုကို "ပုံဖော်နားလည်ပေးရန်"မှာ လွယ်ကူမည်မဟုတ်ချေ။

ဥပမာအားဖြင့် ထိုသို့သောအဆင့်တွင် လူနာသည် ဝေဒနာကို ပြင်းထန်စွာ ခံစားရလေ့ရှိရာ ထိုခံစားမှုဝေဒနာမှ သက်သာစေရန် "မော်ဖိန်း"ကို ထိုးပေးလေ့ရှိသည်။ ထိုကဲ့သို့သော ဆေးဝါးများသည် ထူးဆန်း၍ ပုံပန်းမကျသော တုံ့ပြန်မှုကို ရတတ်လေသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် သိပ္ပံနည်းကျစွာ မလေ့လာဘဲနှင့် လူနာတို့၏ ဇာတ်လမ်းများကို လက်ခံခြင်းမပြုသင့်၊ ငြင်းပယ်ခြင်းလည်း မပြုအပ်။ သို့မဟုတ်ပါမူ လက်ခံချင်ပါက အကျယ်ချဲ့၍ ပြောဆိုခြင်းများ ရှိသည့်နည်းတူ ငြင်းပယ်ချင်ပါက အပြစ်ပြောကာ ပြစ်တင်ရှုံ့ချတတ်သဖြင့် လူနာများအဖို့ ဝေခွဲမရဘဲ ဇဝေဇဝါဖြစ်တတ်လေသည်။

ဆရာဝန်များ၊ ဘာသာရေးဆိုင်ရာ အကဲဖြတ်ပုဂ္ဂိုလ်များ၊ ခရစ်ယာန်ဘုန်းတော်ကြီးများသည် တကယ်စစ်မှန်သော အချက်အလက်များကို ရှာဖွေရန် လိုအပ်သည်။ အဆိုပါ အချက်အလက်များကို ရရှိသည့်တိုင်အောင် ထိုအချက်အလက်များမှာ နောက်ဘဝနှင့်ပတ်သက်၍ တွေးဆချက်များနှင့် တူညီသလော၊ သို့မဟုတ် ဆန့်ကျင်သလောဟူသည်ကိုလည်း စောကြောရန် လိုအပ်ပေသည်။

အမှန်အတိုင်း ဆိုရပါမူ သေခြင်းတရားကို စစ်ဆေးရာ၌ ခေတ်မီသင်ယူမှုများကို အခြေပြု၍ မရပေ။ ဘာသာခြားတိုင်းပြည်အသီးသီးရှိ ယဉ်ကျေးမှုတိုင်းလိုလိုတွင် သေပြီးသည်နောက်ဘဝ၏အကြောင်းကို အနည်းနှင့်အများ စိတ်ဝင်စားကြသည်။

လွန်ခဲ့သောနှစ်ပေါင်း တစ်သန်းကျော်က တည်ရှိခဲ့သော လူမျိုးတစ်မျိုးတို့သည် သူတို့၏ သေဆုံးပြီးသော ဘိုးဘွားများကို မြေမြှုပ်ကြသည့်အခါ မြေနီဖြင့် သင်္ချိုင်းရာကို အမှတ်အသားပြုကြသည်။ ထိုသူတို့သည်လည်း ကျွန်ုပ်တို့ကဲ့သို့ပင် သေခြင်းတရားနှင့် ပတ်သက်၍ "နောင် တမလွန်ဘဝ၊ သေသည်၏ အခြားမဲ့၌" စသည်တို့ကို ယုံကြည်ကြသည်။ ယင်းအချက်က ကျွန်ုပ်တို့၏ ဘိုးဘေးများသည် ရုပ်ဝါဒီများ မဟုတ်ကြောင်း သိသာစေသည်။

ယနေ့ အသက်ရှင်လှုပ်ရှားနေသူများလည်း ထိုနည်းအတူပင်။ ၎င်းတို့သည်လည်း ရုပ်ဝါဒီများ မဟုတ်ကြပေ။

၁၉၇၅ ခုနှစ်တွင် ဂေါလပ်ပိုး (Gallup Poll)၏ စူးစမ်းလေ့လာချက်အရ ၆၉ ရာခိုင်နှုန်းမျှသော အမေရိကန်တို့သည် သေသည်၏နောက်တွင် ဘဝသစ်ရှိကြောင်း ယုံကြည်ကြသည်ဟု သိရသည်။ သေသည်၏ အခြားမဲ့တွင် ဘဝရှိသည်ဟု မယုံကြည်သူမှာ ၂၀ ရာခိုင်နှုန်းရှိပြီး ၁၁ ရာခိုင်နှုန်းမှာ မည်သို့မျှ ထင်မြင်ချက်မပေးဘဲ မသိပါဟုဆိုသူများ ဖြစ်လေသည်။ ယုံကြည်မှုဆိုသည်မှာ လူသားတစ်ယောက်၏ ကိုယ်ပိုင်ခံစားချက်ပေါ်တွင် မူတည်သည်။ ထင်မြင်ချက်ပေးရန်မှာ လွယ်ကူပါသည်။ ထင်မြင်ချက်တစ်ခု၏ တန်ဖိုးမှာ အများလိုက်နာကျင့်သုံးမှုအပေါ်တွင်လိုက်၍ တန်ဖိုးတက်လာတတ်ပါသည်။

မှန်ကန်သော အသိပညာဆိုသည်မှာ ရရှိရန် မလွယ်ကူပါပေ။ မှန်ကန်သော အသိပညာများသည် "အမှန်တရား" (ပရမတ္ထအမြင်)ကို ရှာဖွေလေ့လာတွေ့ရှိချက်ပေါ်တွင် မူတည်သည်။ ဆင်ခြင်တုံတရားနှင့် ပြည့်စုံသော ယုံကြည်ချက်သည် အသိဉာဏ်ပေါ်တွင် မူတည်နေသည်။

ဤသို့ အသိဉာဏ်ပေါ်တွင် အခြေတည်ရာမှ အတွေ့အကြုံအရ ပိုမိုကျယ်ပြန့်လာသည်။ ယထာဘူတကျသော လေ့လာဆန်းစစ်ချက်များကို ပြုလုပ်သောအခါမှ ပိုမို၍ လက်တွေ့ကျကျ သိပ္ပံဆန်ဆန် ဖြစ်ပါသည်။

ယုံကြည်ခြင်းနှင့် ပတ်သက်သော အကြောင်းပြချက်ကို အမျိုးမျိုးအစားစား ခွဲခြားနိုင်သည်။ အတွေးအခေါ်ဆန်သော၊ ဘာသာရေးဆန်သော၊ သိပ္ပံဆန်၍ လက်တွေ့ကျသော စသည်ဖြင့် အမျိုးအစားခွဲနိုင်သည်။

သေခြင်းတရားကို ချဉ်းကပ်လေ့လာရာတွင် အတွေးအခေါ်ဆိုင်ရာကို ဦးစားပေးပါက ရှေးဟောင်းအယူသီးသော



www.burmeseclassic.com

www.burmeseclassic.com

သွားပေသည်။

ဝိညာဉ်ပိုင်းဆိုင်ရာနှင့် ပတ်သက်၍ ကွဲပြားသော အမြင်အရ မိမိတို့ မြင်တွေ့သိရှိရသော ရှုထောင့်မှနေ၍ ငြင်းခုန်ခဲ့ကြသည်မှာ ရာစုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း လူတိုင်း လက်မခံခဲ့ကြသည်မှ ထင်ရှားပေသည်။

အဆိုပြုချက် အတော်များများသည် စာတွေ့သာဖြစ်၍ လက်တွေ့မပါ။ အတွေ့အကြုံကင်းလှပေသည်။ တစ်နည်းအားဖြင့် ဘာသာရေးဆိုင်ရာ အယူအဆနှင့် သမားရိုးကျ အစဉ်အလာအရ လက်ခံထားသော အယူအဆများသည် အတွေ့အကြုံပေါ်တွင် အခြေတည်ပေသည်။

ဂန္ထဝင်မြောက် စာပေများဖြစ်သည့် အာအမ်ဘာ(စ်) R.M. Bucke ရေးသားသည့် (Cosmic Consciousness) စာအုပ်နှင့် ဝီလျံဂျိမ်း William James ရေးသားသော (Varieties of Religious Experience) စာအုပ်တို့က အမြင်အာရုံအမျိုးမျိုးနှင့် ပတ်သက်၍ ဥပမာများ ဝေဝေဆာဆာ တင်ပြထားရာ အဆိုပါ စာတွေ့ဗဟုသုတများအရ ငြင်းခုန်ကြခြင်း ဖြစ်သည်။

ရှေးယခင်က "သေခြင်းတရား"ကို ရင်ဆိုင်ရန် ကြောက်ရွံ့ကြသောသူအချို့သည် ထိုစာအုပ်များပါ အတွေးအခေါ်များကို လေ့လာပြီးသော် အဆိုပါ ကြောက်ရွံ့မှုသည် ဖုံးအုပ်ထားသော ဝတ်ရုံလွှာကဲ့သို့ လျှော့ကျရလေသည်။ သို့သော် ထိုသို့ ကြောက်ရွံ့မှု ပယ်ခွာသွားခြင်းသည် ယထာဘူတသဘောအရ ဆင်ခြင်သိမြင်၍ မဟုတ်ဘဲ စာပေမှ တစ်ဆင့် သိရသော အချက်သာ ဖြစ်သည်။

"သေခြင်းတရား၏ နောက်ဘဝ" အခြေအနေကို သိပ္ပံနည်းကျ လေ့လာရာတွင် အောက်ပါအတိုင်း အဓိကကျသော အခန်းများဖြင့် ခွဲခြားထားရှိလေသည်။

၁။ နတ်ဝင်သည်များ
၂။ လူအတော်များများ တွေ့ဖူး မြင်ဖူးသော ပရလောကသား တစ္ဆေ မှင်စာကလေးများ
၃။ လူဝင်စားတို့၏ မှတ်ဉာဏ်များ
၄။ လက်ရှိခန္ဓာဟောင်းကို စွန့်ပယ်ပြီး
၅။ သေအံ့မူးမူး (မရဏာသန္န)ချိန်ခါ၌ မြင်တွေ့ရပုံများ

**တာနာတိုလိုဂျီ (Thanatology)**

သိပ္ပံနည်းကျ အမြင်ဖြင့် သေခြင်းတရားအား လေ့လာခြင်းကို Thanatology တာနာတိုလိုဂျီဟု ခေါ်သည်။ ဤတာနာတိုလိုဂျီသည် လွန်ခဲ့သော ဆယ်စုနှစ်က စတင်ခဲ့ပြီး စိတ်ပညာရှင်များနှင့် ဝိညာဉ်ပိုင်းဆိုင်ရာ စိတ်ကုဆရာတို့၏ သေအံ့မူးမူး ပြောနေသူများနှင့် ၎င်းတို့မိသားစုအတွေ့အကြုံများ။ လေ့လာချက်များ ဖြစ်သည်။

သူတို့သည် ဆေးရုံအမှုထမ်းများနှင့် သူတို့၏ ဆွေမျိုးများ အကူအညီဖြင့် ဆေးရုံပေါ်တွင် မြောနေသော သေခြင်းတရားကို ငံ့လင့်နေသူများ၏ အမြင်အတွေ့ အာရုံတို့ကို မေးမြန်းမှတ်သားခဲ့လေသည်။ ထိုသို့ စိတ်ဝင်တစား မေးမြန်းလေ့လာခဲ့ခြင်းဖြင့် အဆိုပါ လူနာများ၏ အပြုအမူ၊ အပြောအဆိုများကို သိရှိခဲ့ရသည်။

**တာနာတိုလိုဂျီသည်** သေခြင်းတရားနှင့် ပတ်သက်၍ **ခန္ဓာဗေဒဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ**များကို အခြေခံ၍ သေခြင်းဆိုင်ရာ **လူမှုရေးပြဿနာ**တို့ကို ပုံဖော်လေသည်။

ယနေ့ခေတ်မီ သိပ္ပံပညာရှုထောင့်မှ ကြည့်သော် တာနာတိုလိုဂျီ Thanatology သည် လက်ခံရန် မလွယ်ကူသကဲ့သို့ ရှိသည်။ သို့ရာတွင် သိပ္ပံပညာရှင်အချို့ကမူ တာနာတိုလိုဂျီကို စူးစူးစိုက်စိုက် လေ့လာရာမှ အဆိုပါ ပညာရပ်သည်လည်း လက်တွေ့ကျကျ သိပ္ပံပညာဆန်ဆန် လေ့လာနိုင်ကြောင်း သိလာရသည်။

သို့ဖြင့် Thanatology ဟူ၍ ပေါ်ပေါက်လာပြီး ထိုသို့သော ပုဂ္ဂိုလ်များတွင် ဒေါက်တာ အယ်လီဇဘက် ကူဗလာရော့စ် Dr. Elisabeth Kubler Ross လည်း ပါဝင်သည်။

သူမသည် Thanatology ဖြစ်သည်နှင့်အညီ "သေခြင်းနှင့် မြောခြင်းအပေါ် လေ့လာတွေ့ရှိချက်" (On Death And Dying) ကို ရေးသားခဲ့ရာ အရောင်းသွက်ဆုံး စာအုပ်ဖြစ်ခဲ့သည်။ သူမ၏အဆိုအရ သူမကိုယ်တိုင် တွေ့ရှိရသော သေအံ့မူးမူး လူနာများ၏ အကြောင်းအရာများကို အခိုင်အမာ စူးစူးစိုက်စိုက် လေ့လာပါက "သေပြီးနောက်ဘဝ"ကို သိနိုင်သည်ဟု ဆိုပေသည်။

လှတိုး(စိတ်ပညာ)



www.burmeseclassic.com


www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၉-ခုနှစ်၊ တပို့တွဲလ - တပေါင်းလ

## 2018 FEBRUARY

| | | |
|---|---|---|
| ကြာသပတေး Thursday | 1 ၁ ရက်ရာဇာ | |
| သောကြာ Friday | 2 ၂ | |
| စနေ Saturday | 3 ၃ | |
| တနင်္ဂနွေ Sunday | 4 ၄ ယတာရက်ကြီး | 18 ၄ ရက်ရာဇာ |
| တနင်္လာ Monday | 5 ၅ | 19 ၅ ယတာရက်ကြီး |
| အင်္ဂါ Tuesday | 6 ၆ ရက်ရာဇာ | 20 ၆ |
| ဗုဒ္ဓဟူး Wednesday | 7 ၇ | 21 ၇ ရက်ရာဇာ |
| ကြာသပတေး Thursday | 8 ၈ ရက်ရာဇာ | 22 ၈ |
| သောကြာ Friday | 9 ၉ | 23 ၉ |
| စနေ Saturday | 10 ၁၀ | 24 ၁၀ |
| တနင်္ဂနွေ Sunday | 11 ၁၁ | 25 ၁၁ ရက်ရာဇာ |
| တနင်္လာ Monday | 12 ၁၂ ပြည်ထောင်စုနေ့ | 26 ၁၂ |
| အင်္ဂါ Tuesday | 13 ၁၃ ရက်ရာဇာ | 27 ၁၃ |
| ဗုဒ္ဓဟူး Wednesday | 14 ● တပို့တွဲလကွယ် | 28 ၁၄ ရက်ရာဇာ |
| ကြာသပတေး Thursday | 15 ၁ | |
| သောကြာ Friday | 16 ၂ | |
| စနေ Saturday | 17 ၃ | |



၁. ၂. ၂၀၁၈    စန်းပြောင်းရက်စွဲ    ၁၃. ၂. ၂၀၁၈

## ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၃. ၂. ၂၀၁၈ အင်္ဂါနေ့ နံနက် ၃ နာရီ ၃၉ မိနစ်တွင် ကုမ်ရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၁၅. ၂. ၂၀၁၈ ကြာသပတေးနေ့ နံနက် ၄ နာရီ ၁၄ မိနစ်တွင် ကုမ်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၆. ၂. ၂၀၁၈ အင်္ဂါနေ့ မွန်းတည့် ၁၂ နာရီ ၄၆ မိနစ်တွင် ကုမ်ရာသီသို့ ပြောင်းသည်။

## ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် မနသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်ချိန်

(၁၅. ၂. ၂၀၁၈)ကြာသပတေးနေ့၊ နံနက် ၈ နာရီ ၂၈ မိနစ် ၀ စက္ကန့်။

## အမြိတ္တာရုတ်နက်မှာ လုပ်ဆောင်စရာ

တနင်္ဂနွေသားသမီးသည် မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။
တနင်္လာသားသမီးသည် အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။
အင်္ဂါသားသမီးသည် အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။
ဗုဒ္ဓဟူးသားသမီးသည် အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။
ကြာသပတေးသားသမီးသည် အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။
သောကြာသားသမီးသည် အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။
စနေသားသမီးသည် တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

## ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

### နွယ်သာကီအောင်

သူငါမကွဲအောင် ပိတ်ကာဆီးလေသည့် မြူလွှာနှင်းတို့သည်လည်း ယခုအခါ ဘယ်ဝယ် ဘယ်ဆီ ပျောက်သွားလေသည် မသိ။ ရာသီတွေလည်း တိကျလေးနက်မှု မရှိတော့။ စင်စစ် သဘာဝတရားသည် လူသားတို့အပေါ် ဖြူစင်ခဲ့ပါ၏။ စိတ်ဓာတ်ညစ်ထေးကြသူများကား လူသားထဲမှ ငတေလို ကောင်စားများ ဖြစ်ချေ၏။ ကိုယ်ကျိုးစီးပွားအတွက် ပတ်ဝန်းကျင် ဂေဟာစနစ်ကို အလေးမထားတော့။ ထိုအခါ ရာသီတွေ ကမောက်ကမဖြစ်လာကြ၏။

ဤတွင် သဘာဝသည် ငတေမည်သော လူစုကြောင့် လူသားတို့အပေါ် ကျိန်စာတိုက်နေပါပြီလော။

၁။ **နေအိမ်တိုက်တာဝယ်ဖို့ရာ**

ဖေဖော်ဝါရီလ (၁)၊ (၈)၊ (၂)၊ (၂၅)၊ (၂၈) စသောရက်များသည် နေအိမ်တိုက်တာများဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ **ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ**

ဖေဖော်ဝါရီလ (၆)၊ (၈)၊ (၁၆)၊ (၁၇)၊ (၂၆) စသောရက်များသည် မော်တော်ကားနှင့်တကွ ယာဉ်အမျိုးမျိုးဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ **ရေနေသတ္တဝါဖမ်းဖို့ရာ**

ဖေဖော်ဝါရီလ (၈)၊ (၁၅)၊ (၁၈) စသော ရက်များသည် ရေနေသတ္တဝါများဖြစ်ကြသည့် ငါးများ၊ ပုစွန်များ အစရှိသည်တို့ကို ဖမ်းယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ **ရွှေတွင်း/ကျောက်တွင်း တူးဖို့ရာ**

ဖေဖော်ဝါရီလ (၁)၊ (၆)၊ (၈)၊ (၉)၊ (၁၄)၊ (၁၆)၊ (၂၁)၊ (၂၄)၊ (၂၅)၊ (၂၈) စသောရက်များသည် ရွှေတွင်း၊ ကျောက်တွင်းများတူးဖော်ထုတ်လုပ်ဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၅။ **အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ**

ဖေဖော်ဝါရီလ (၁)၊ (၆)၊ (၈)၊ (၉)၊ (၁၇)၊ (၁၈)၊ (၂၄)၊ (၂၅)၊ (၂၈) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်း ကိစ္စရပ်များအတွက် အကောင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com

ရက်များ ဖြစ်ကြပါသည်။

၆။ **ခရီးဝေးနီး ထွက်ဖို့ရာ**

ဖေဖော်ဝါရီလ (၂)၊ (၃)၊ (၆)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၂၃)၊ (၂၅)၊ (၂၇)၊ (၂၈) စသော ရက်များသည် ရပ်ဝေးရပ်နီး ခရီးထွက်ဖို့ရာ အကောင်းဆုံး ရက်များ ဖြစ်ကြပါသည်။

၇။ **လယ်ထွန်မင်္ဂလာပြုဖို့ရာ**

ဖေဖော်ဝါရီလ (၈)၊ (၁၃)၊ (၂၁)၊ (၂၄)၊ (၂၈)၊ (၂၈) စသော ရက်များသည် လယ်ထွန်မင်္ဂလာပြုလုပ်ဖို့ရာ အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၈။ **ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ဖို့ရာ**

ဖေဖော်ဝါရီလ (၆)၊ (၈)၊ (၁၄)၊ (၂၀)၊ (၂၄)၊ (၂၈) စသောရက်များသည် ယှဉ်ပြိုင်ရမည့်ကိစ္စများနှင့် စပ်လျဉ်း၍ အဆင်ပြေအောင် ဆောင်ရွက်နိုင်သည့် ရက်ကောင်းများ ဖြစ်ကြပါသည်။

၉။ **ကျောင်း/အိမ်ဆောက်ဖို့ရာ**

ဖေဖော်ဝါရီလ (၃)၊ (၆)၊ (၈)၊ (၉)၊ (၁၀)၊ (၁၄)၊ (၁၆)၊ (၁၇)၊ (၂၁)၊ (၂၄)၊ (၂၅)၊ (၂၈) စသောရက်များသည် ကျောင်းများ၊ လူအိမ်အဆောက်အအုံများ ဆောက်လုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၀။ **အရောင်းအဝယ်ပြုဖို့ရာ**

ဖေဖော်ဝါရီလ (၃)၊ (၈)၊ (၁၀)၊ (၁၇)၊ (၂၀)၊ (၂၄)၊ (၂၅)၊ (၂၈) စသော ရက်များသည် ကုန်ရောင်းကုန်ဝယ်ပြုလိုသည့် ကိစ္စရပ်များ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၁။ **သီးနှံမျိုးစေ့ကြဲဖို့ရာ**

ဖေဖော်ဝါရီလ (၈)၊ (၁၃)၊ (၂၀)၊ (၂၄)၊ (၂၅)၊ (၂၈) စသော ရက်များသည် သီးနှံမျိုးစေ့များကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၂။ **ရေတွင်းရေကန် တူးဖို့ရာ**

ဖေဖော်ဝါရီလ (၆)၊ (၁၄)၊ (၁၆)၊ (၂၁)၊ (၂၅)၊ (၂၈) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ဖို့ရာ အတွက် အကောင်းဆုံးရက်များဖြစ်ကြပါသည်။

၁၃။ **အတတ်ပညာ သင်ဖို့ရာ**

ဖေဖော်ဝါရီလ (၆)၊ (၂၁)၊ (၂၄)၊ (၂၅) စသော ရက်များသည် အတတ်ပညာများကိုသင်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ **မင်္ဂလာအခါပေးလိုလျှင်**

ဖေဖော်ဝါရီလ (၁)၊ (၂)၊ (၃)၊ (၅)၊ (၉)၊ (၁၁)၊ (၁၂)၊ (၁၄)၊ (၁၅)၊ (၁၇)၊ (၁၈)၊ (၂၁)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၇)၊ (၂၈) စသော ရက်များသည် မင်္ဂလာ အခါပေးသင့်သည့် ရက်များ ဖြစ်ကြပါသည်။

၁၅။ **ရှင်ပြုနားသ ပြုဖို့ရာ**

ဖေဖော်ဝါရီလ (၁)၊ (၅)၊ (၆)၊ (၈)၊ (၉)၊ (၁၄ (၁၆)၊ (၁၇)၊ (၂၁)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၇ စသောရက်များသည် ရှင်ပြုနားသမင်္ဂလာ ကျင်းပပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၆။ **လက်ထပ်မင်္ဂလာ ကျင်းပရာ**

ဖေဖော်ဝါရီလ (၁)၊ (၆)၊ (၈)၊ (၁၄)၊ (၂၁)၊ (၂၄ (၂၅) စသောရက်များသည် လက်ထပ်မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၇။ **အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန်**

ဖေဖော်ဝါရီလ (၁)၊ (၃)၊ (၆)၊ (၈)၊ (၁၀)၊ (၁ (၁၆)၊ (၁၇)၊ (၂၄)၊ (၂၅)၊ (၂၈) စသော ရက်များသည် အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန် အကောင်း ရက်များ ဖြစ်ကြပါသည်။

■ နှယ်သာကိုအောင်



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ သည်လမှာ

## ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

■ တောကကိုရင်

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားသော စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံ ဖြစ်ပေ၏။ စိုက်ပျိုးရေးမှ ရရှိလာသော နိုင်ငံခြားငွေတို့ဖြင့် တိုင်းပြည်ထူထောင်ရေး နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းရပ် ကိစ္စအဝဝကို လုပ်ဆောင်လျက်ရှိပေ၏။ ဤသို့ စိုက်ပျိုးရေးကို လုပ်ကိုင်ကြသည့် တောင်သူဦးကြီးများအဖို့ မိမိတို့လုပ်ငန်းခွင်အတွက် အထောက်အကူပြုသည့် လောကီလုပ်ငန်းရပ်များကို သိရှိထားဖို့ လိုပါသည်။ လုံ့လ ဝီရိယကို အခြေတည်၍ လောကီပညာရပ်များနှင့် ပေါင်းစပ်လိုက်သည်ရှိသော် ပဒေသာမြေကပေါက်လာသည့်အလား ဝေဆာသော အကျိုးတို့ကို ခံစားရလိမ့်မည် ဖြစ်ကြောင်း တင်ပြရင်း. . .

**သီးနှံမျိုးစေ့များ ကြဲရန်အတွက်**

ဖေဖော်ဝါရီလ (၈)၊ (၁၃)၊ (၂၀)၊ (၂၄)၊ (၂၅)၊ (၂၈) စသော ရက်များသည် သီးနှံမျိုးစေ့ကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**အပွင့်၊ အသီး၊ အနှံ၊ အရွက် အပွင့်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ပျိုးခြင်းတို့အတွက်**

ဖေဖော်ဝါရီလ (၈)၊ (၁၃)၊ (၂၁)၊ (၂၄)၊ (၂၅)၊ (၂၈) စသောရက်များသည် အပွင့်၊ အသီး၊ အနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်း ရွှေ့စိုက်ခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုး ရန်၊ အကိုင်းအခက်များ ခုတ်ရန်အတွက်**

ဖေဖော်ဝါရီလ (၆)၊ (၇)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၂၄)၊ (၂၅)၊ (၂၈) စသောရက် များသည် ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**ထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင် ချုံနွယ်မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥအမြစ်များ တူးရန်အတွက်**

ဖေဖော်ဝါရီလ (၈)၊ (၁၃)၊ (၂၁)၊ (၂၄)၊ (၂၅)၊ (၂၈) စသော ရက်များသည် ထွန်ယက်စိုက်ပျိုးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥအမြစ်များတူးရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

**နေမျိုးထွင့်ခေါင်**

၁။ ဖေဖော်ဝါရီလ (၅)၊ (၁၀)၊ (၁၆)၊ (၂၁)၊ (၂၅) စသောရက်များသည် "**နန္ဒာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား,ဂူ,ကျောင်း,ဇရပ်များ ဆောက်လုပ်ခြင်း။ တံတားများခင်းခြင်း။ ပျိုးကြဲခြင်း။ ကောက်စိုက်ခြင်း၊ မြေတူးဆွခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

၂။ ဖေဖော်ဝါရီလ (၁)၊ (၆)၊ (၁၁)၊ (၁၇)၊ (၂၂)၊ (၂၆) စသောရက်များသည် "**ဘဒြာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာဆင်ယင်ကျင်းပခြင်း။ ထိမ်းမြားမင်္ဂလာ ဆောင်နှင်းခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၃။ ဖေဖော်ဝါရီလ (၂)၊ (၇)၊ (၁၂)၊ (၁၈)၊ (၂၃)၊ (၂၇) စသော ရက်များသည် "**ဇယာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း။ စစ်တက်ခြင်း။ ကင်းလှည့်ခြင်း။ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ ဖေဖော်ဝါရီလ (၃)၊ (၈)၊ (၁၃)၊ (၁၄)၊ (၁၉)၊ (၂၈) စသောရက်များသည် "**ရိတ္တာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသောအမှုကိစ္စများ ဆောင်ရွက်နိုင်ပါသည်။

၅။ ဖေဖော်ဝါရီလ (၄)၊ (၉)၊ (၁၅)၊ (၂၀)၊ (၂၄) စသောရက်များသည် "**ပုဏ္ဏာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဒ္ဒင်းခံခြင်း စသောအမှုကိစ္စများကို ဆောင်ရွက်နိုင်ပါသည်။

၆။ ဖေဖော်ဝါရီလ "**အမြိတ္တစုတ်**"ကျရောက်သောရက် မရှိပါ။

၇။ ဖေဖော်ဝါရီလ (၁)၊ (၆)၊ (၈)၊ (၁၃)၊ (၁၈)၊ (၂၁)၊ (၂၅)၊ (၂၈) စသောရက်များသည် "**ရက်ရာဇာ**" တွင် ကျရောက်၏။ ထိုရက်များ၌ လူမှုရေး၊ ဘာသာရေး ကိစ္စအဝဝတို့ကို ဆောင်ရွက်လုပ်ကိုင်ပါက အောင်မြင်ပြီးစီး နိုင်ပါသည်။

ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာ့မြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ် အစရှိသော တိထိမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

■ နေမျိုးထွင့်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင် အောင်မြင်နိုင်ဖို့

## ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

### မဟာဒိဗ္ဗကျော်ခေါင်

**တနင်္ဂနွေသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၅)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၂၁)၊ (၂၂)၊ (၂၃)၊ (၂၈) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**တနင်္လာသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၅)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၅)၊ (၂၁)၊ (၂၂)၊ (၂၇)၊ (၂၈) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**အင်္ဂါသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၂)၊ (၃)၊ (၉)၊ (၁၀)၊ (၁၁)၊ [illegible]၊ (၂၁)၊ (၂၅)၊ (၂၆)၊ (၂၇)၊ (၂၈) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၁)၊ (၂)၊ (၃)၊ (၉)၊ (၁၀)၊ [illegible]၊ (၂၅)၊ (၂၇) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ကြာသပတေးသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၁)၊ (၂)၊ (၉)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၇) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**သောကြာသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၁)၊ (၆)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၂၃)၊ (၂၄) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**စနေသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၂၂)၊ (၂၃) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ရာဟုသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၁)၊ (၉)၊ (၁၀)၊ (၂၄)၊ (၂၅) စသောရက်များကို ရွေးချယ်လုပ်ကိုင်ခြင်းဖြင့် အလုပ်အကိုင်၊ အကြံအစည်များ တိုးတက်ကြီးပွားကြပါလိမ့်မည်။

■ မဟာဒိဗ္ဗကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လဖွားအတွက် ဂိဏတာ

## ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

■ ဆရာမိုးဟာန်ကြွယ်

အစုစပ်လုပ်ငန်း လုပ်ကိုင်ပါက ငွေကြေးအရှုပ်အထွေးများနှင့် ကြုံမည်။ သားသမီးပညာရေးအတွက် စိတ်သောကရောက်စရာ ကြုံမည်။ အကောင်အထည်ဖော်လိုသော ကိစ္စကို အကောင်အထည်မဖော်နိုင်ဘဲ ဖြစ်နေတတ်သည်။ ဂုဏ်သိက္ခာထိခိုက်စေသော ကိစ္စရပ်များ ပေါ်လာတတ်သည်။ ဖခင် (သို့မဟုတ်) ကြီးကဲသူတစ်ဦးအတွက် စိတ်သောကရောက်စရာ ကြုံတွေ့ရဦးမည်။

ရာသီဖျားဝေဒနာကို ဦးဦးဖျားဖျား ခံစားရမည်။ ငွေများဝင်လာမည်။ စုမိဆောင်းမိဖြစ်မည်။ ပျို့ရွယ်သူများအဖို့ လက်ထပ်မင်္ဂလာပြုရန် အကြောင်းကိစ္စ ပေါ်လာလိမ့်မည်။ လူကြီးသူမများက ကြီးကြပ်စီစဉ်ပေးလိမ့်မည်။ ရပ်ဝေးနေ သူငယ်ချင်းမိတ်ဆွေတစ်ဦး ရောက်ရှိလာတတ်သည်။ အကျိုးပြုမည့် မိတ်ဆွေကောင်း ဖြစ်ပါသည်။ ဘာသာရေးကိစ္စများတွင် ထူးခြားမှုများနှင့် ကြုံတွေ့ရတတ်သည်။ အလှူဒါနများ ပြုလုပ်ရတတ်သည်။

မိသားစုအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာဖြစ်ရပ်များ ကြုံလာရတတ်သည်။ အလုပ်ကိစ္စမှ ငွေကြေးများ ဝင်လာတတ်သည်။ လုပ်ငန်းခွင်၌ တပည့်လက်အောက်ငယ်သားကိုသာ လွှတ်မထားဘဲ မိမိကိုယ်တိုင် ဦးဆောင်လုပ်ပါမှ အကျိုးအမြတ်ခံစားရပါလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက အထက်အကြီးအကဲများ၏ သူကောင်းပြုမြှောက်စားခြင်းကို ခံရတတ်သည်။

ကံပေးသော ငွေကြေးပစ္စည်းများ ရရှိမည် ခရီးဝေးသွားရောက်ရတတ်သည်။ အိမ်ထောင်ဖက်၏ ကျန်းမာရေးကို ဂရုစိုက်ဖို့လိုမည်။ ဆေးဝါးကုသမှုကို ခံယူရတတ်သည်။ ငွေကုန်ကြေးကျများမည်။ ငွေကြေးဆုံးရှုံးခြင်းများ ဖြစ်တတ်သည်။ လုပ်ငန်းသစ်များ လုပ်ဆောင်ရန် မသင့်တော်သေးပါ။ မမျှော်လင့်ဘဲ ကံစမ်းမဲသော်လည်းကောင်း၊ အောင်ဘာလေထီသော်လည်းကောင်း ပေါက်တတ်သည်။ လက်ဆောင်ပစ္စည်းများ ရောက်ရှိလာတတ်သည်။ အလုပ်အကိုင်လုပ်မည်ဆိုလျှင် အစစအရာရာ တတ်သိနားလည်သူများနှင့် တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်း လုပ်ဆောင်သင့်သည်၊ မိမိ၏ဆုံးဖြတ်ချက်ထက် အများ၏ဆုံးဖြတ်ချက်ကို ချသင့်ပါသည်။

ကျန်းမာရေးနှင့်စပ်လျဉ်း၍ အကြောပိုင်းဆိုင်ရာ ဝေဒနာများ ခံစားရတတ်သည်။ အိမ်ထောင်ရေးကိစ္စများတွင် အရှုပ်အထွေးများ ပေါ်လာတတ်သည်။ အချုပ်အနှောင် ခံရတတ်သည်။ သွေးတိုးနှင့်ပတ်သက်သော ရောဂါများ ခံစားရတတ်သည်။ ရေလမ်းခရီးကို ရှောင်သင့်ပါသည်၊ လူယုံ၏ ဒုက္ခပေးခြင်းကို ခံရတတ်သည်။ ယုံစားမိသူ၏ အလိမ်ခံရခြင်းကြုံမည်။ အချစ်ရေးကိစ္စများတွင် နှင်း... သဘောတူ ပြေလည်သော်လည်း ကြီးသူတို့၏ ဟန့်တား မှုကို ခံရတတ်သည်။

စီးပွားရေးလုပ်ငန်းကိစ္စများတွင် အခက်အခဲအ... အထစ်များ၊ မပြေလည်မှုများနှင့် ကြုံတွေ့ရတတ်သည်၊ မောင်နှမသားချင်းများကြောင့် လုပ်ငန်းအစီအစဉ်များ ပျ... တတ်သည်။ ဘာသာရေးကိစ္စများကို အောင်မြင်စွာ ဆော... ရွက်ရတတ်သည်။ ပြည်ပခရီးသို့ သွားရတတ်သည်၊ ... စသော အဖိုးတန်ရတနာပစ္စည်းများ ဝင်လာတတ်သည်၊ ဝန်ထမ်းဖြစ်ပါက သင်တန်းတက်ရောက်ရတတ်သည်။

*ယတြာပြုလုပ်လိုပါက* - သံဃာတော်တစ်... အား ဖိနပ်လှူပေးပါ။

ဆရာမိုးဟာန်...



www.burmeseclassic.com

www.burmeseclassic.com

# ပီတိမျက်ရည် လွှမ်းသောနေ့

ကောင်းဆက်ဟိန်း

နိဒါန်း

ဆရာဦးမောင်မောင်မြင့်အေးက ကျွန်တော့်ကို ဆေးဒင်သင်တန်းတက်ဖို့ ဖိတ်ခေါ်နေတာ ကြာပါပြီ။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် မတက်ရောက်ဖြစ်ခဲ့ရပါ။ ဩ အခုတော့ဖြင့် အကြောင်းတိုက်ဆိုင်လာလို့ ကြုံကြိုက်ပါပြီ။

၂၅-၉-၂၀၁၇

ဆရာကြီးဒေါက်တာမင်းသိန်း ပညာအမွေ လက်ဆင့် ကမ်းအမှတ်တရအဖြစ် ဂေါ်သမ္ဘာကရဏဗေဒပညာရှင်များ၏ ပညာဒါနကျောင်း သင်တန်းအမှတ်စဉ် ၃၄/၂၀၁၇ ကို ဆရာမ ဒေါက်တာစောယုနွယ် ဦးစီး၍ ၂၅-၉-၂၀၁၇ ရက်နေ့ ညနေ ၃း၀၀ နာရီအချိန်တွင် အမှတ် (၂၀၅-က)၊ ပိတောက် (၅)လမ်း၊ မြို့သစ် (ဂ)ရပ်ကွက်၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၌ စတင်ဖွင့်လှစ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ သင်တန်းသား၊ သင်တန်းသူ ၅၀ ခန့် တက်ရောက်ပြီးလျှင် အခမ်းအနားမှူးအဖြစ် ဆရာလှိုင်ဘွားဦးမှ တာဝန်ယူဆောင်ရွက်ပါသည်။ ဦးစွာပထမ ပညာပွဲအပ်၍ ကန်တော့ပွဲအကြောင်းကို ဆရာလှိုင်ဘွားဦးမှ ရှင်းလင်းပြောဆိုပါသည်။ ထို့နောက် သင်တန်းဆရာများ နေရာယူကြရာ ဆရာသုတဇော်၊ ဆရာဦးမောင်မောင်မြင့်အေး၊






www.burmeseclassic.com

www.burmeseclassic.com



ဆရာမ ဒေါက်တာစောယုနွယ်၊ ဆရာခန့်စည်သူနှင့် ဆရာမ မျိုးသီဂီတို့ ဖြစ်ကြပါသည်။

ဆရာသုတဇော်မှ အဖွင့်အမှာစကား ပြောကြားရာတွင် "ဤသင်တန်းသည် နှစ်လတစ်ကြိမ် ဖွင့်လှစ်သည့် ကိုးနှစ်မြောက် သင်တန်းလည်းဖြစ်သဖြင့် နဝင်းနှစ်ထပ်မိနေပုံမှာ ထူးခြားကြောင်း၊ လက်ရှိသင်တန်းသားဦးရေအတိုင်း သင်တန်းကာလ ပြီးစီးသည်အထိ မှန်မှန်တက်ကြစေလိုကြောင်း၊ ဗေဒင်ပညာတတ်မြောက်ရေးအတွက် ဆရာများဘက်မှ တာဝန်ယူပါကြောင်း၊ လက်ရှိသင်တန်းတက်ရောက်ကြသူများသည် ပညာသင်ကျောင်းသားများ မဟုတ်ကြောင်း၊ အတိတ်ဘဝက ဗေဒင်ဆရာဖြစ်ခဲ့ဖူးသော ပါရမီဆက်၊ ပဋ္ဌာန်းဆက်ရှိသူများဖြစ်ကြ၍ ဤသင်တန်းသို့ ရောက်ရှိလာခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ သို့ဖြစ်ပါ၍ သင်တန်းပို့ချပေးသည်ဟူ၍ မခံယူဘဲ အတိတ်ဘဝက မေ့နေသော ပညာရပ်များကို ပြန်လည်နှိုးဆွပေးသည်ဟုသာ ယူဆစေလိုကြောင်း" အစရှိသဖြင့် ပြောကြားသွားပေရာ ဆရာကြီးမင်းသိခ်၏ "မသွားမီက ရောက်နှင့်သည်"ဟူသော စကားရပ်ကို ပြန်လည်အမှတ်ရကာ စိတ်ဓာတ်ခွန်အားတို့ကို တိုးပွားစေခဲ့ရပါသည်။

ဆရာမကြီး ဒေါက်တာစောယုနွယ်မှလည်း မှတ်သား စရာ စကားနှစ်ခွန်းဖြင့် သင်တန်းသားတို့၏ အသွေးအသား များထဲထိ ပျော်ဝင်စီးဆင်းအောင် ဖန်ဆင်းနိုင်ခဲ့ပါသည်။ "( တတ်ချင်ရင်သင်၊ တော်ချင်ရင်လေ့ကျင့်၊ မမှားချင်ရင် ပြန်စ (၂) ဘဝမှာ ဆင်းဆင်းရဲရဲနှင့် မွေးလာလျှင် အပြစ်မရှိ ဒါပေမဲ့ ဆင်းဆင်းရဲရဲနဲ့ သေသွားရင် အပြစ်ရှိတယ်"ဟု

ဆရာဦးမောင်မောင်မြင့်အေးက "သင်တန်းစတင်ပေါ်လာအောင် စီစဉ်ဖန်တီးခဲ့သူမှာ ဆရာကြီး ပံသုကျေ ဖြစ်၍ အသက် ၇၆ နှစ်တွင် ဆရာပံသုကျော် ကွယ်လွ သောအခါ ယခု သားဖြစ်သူ ဆရာခန့်စည်သူကို အင်အာ ဖြည့်ဆည်းထားပါကြောင်း၊ နောင်တွင် သင်တန်းကျော ဖွင့်လှစ်၍ ဗေဒင်ဘွဲ့ရ ဆရာ/ဆရာမများ ပေါ်ထွန်းလာအော စီစဉ်သွားမည်ဖြစ်ကြောင်း" အစရှိသဖြင့် ဗေဒင်ခေတ်ေ ကြောင်းကို သမိုင်းတစ်ခေတ် ထူထောင်နိုင်ရန် အာ လောင်းသွားခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနား ပြီးဆုံးသည်နှင့် ဆရာသုတဇော မဟာဘုတ်ဗေဒင်ပညာကို အတွေးအခေါ် အယူအဆ ဖြင့် အသေးစိတ် အဓိပ္ပာယ်ဖွင့်ဆိုသင်ကြားပါသည်။ ယ အခမ်းအနားသည် နောက်ဆုံးအစီအစဉ်အနေဖြင့် ဆ



www.burmeseclassic.com

www.burmeseclassic.com

မင်းသိခ်၏ အစဉ်အလာအတိုင်း အခမဲ့သင်ကြားပေးရုံသာမက အစားကျွေးသော အစီအစဉ်ဖြင့် နန်းကြီးသုပ်နှင့် ကော်ဖီတို့ဖြင့် ညှိခံကျွေးမွေးခဲ့ပါသည်။ သင်တန်းကာလသည် ၇-၁၀-၂၀၁၇ အထိ ဖြစ်ပါသည်။

ယနေ့အခမ်းအနားကြီးသည်ကား ဂေါ်သဆရာများ၏ စေတနာ၊ ဝါသနာ၊ အနစ်နာတို့ ပေါင်းစပ်၍ သီစေချင်၊ ထော်စေချင်၊ တတ်စေချင်သော မေတ္တာ၊ ကရုဏာစိတ် အပြည့်အဝဖြင့် ပညာပေး၊ အစားကျွေး၍ သင်ကြားပေးသော မြန်မာနိုင်ငံ ဗေဒင်လောက၏ တန်ဖိုးမဖြတ်နိုင်သော ပညာဒါနကြီးတစ်ခု ဖြစ်ပါပေသည်။

## ၂၆--၂၀၁၇

ဆရာသုတဇော်ကပင် ဆက်လက်၍ မဟာဘုတ်ဂြိုဟ်ခွင်၌ ဂြိုဟ်များရပ်တည်ပုံ၊ ဟောကွက်အသေးစိတ်ရှင်းလင်းချက်၊ မြတ်စွာဘုရားရှင်၏ ဇာတာတော်၊ ဆရာကြီးမင်းသိခ်၏ ဇာတာ၊ မဟာဘုတ်နှင့် အိမ်ထောင်ရေး မဟာဘုတ်နှင့် ရောဂါဗေဒတို့ကို သင်ကြားပြသပေးခဲ့ပါသည်။ ယနေ့ အစားကျွေးအစီအစဉ်မှာ ကြာဆံကြော်နှင့် ကော်ဖီ ဖြစ်ပါသည်။

## ၂၇-၉-၂၀၁၇ နှင့် ၂၈-၉-၂၀၁၇

ဆရာမကြီး ဒေါက်တာစောယုနွယ်မျိုး လက္ခဏာပညာရပ်များကို သင်ကြားရာတွင် အမိဝမ်းတွင်းမှ သန္ဓေတည်ပြီး သုံးလကတည်းက လက္ခဏာ စပေါ်ကြောင်း၊ လက္ခဏာဆိုတာ လက်ဝါးပြင်ပေါ်မှာပါတဲ့ သင်္ကေတအမှတ်အသားဖြစ်ပါကြောင်း၊ အဓိကလမ်းကြောင်း ရှစ်ခုအကြောင်း၊ အရန်လမ်းကြောင်း ရှစ်ခုအကြောင်း၊ ဂြိုဟ်ခုံများအကြောင်း၊ လက်ဝါးပြင်ပေါ်ရှိ အသေးစိတ်အမှတ်အသားများအကြောင်း၊ လက်ဝါးပြင်အရောင်သုံးမျိုး၊ ဂေါ်သလက္ခဏာများ၊ လက္ခဏာလမ်းကြောင်းတစ်ခုစီ၏ အသေးစိတ်ဟောကွက်များ၊ လက်ဝါးပြင်အမျိုးအစားများ၊ လက်ချောင်းနှင့် လက်ဆစ်အမျိုးအစားများ အစရှိသည်တို့ကို အသေးစိတ် အကျယ်တဝင့် မမော



www.burmeseclassic.com

www.burmeseclassic.com



နိုင် မပန်းနိုင် မေတ္တာစေတနာအပြည့်အဝဖြင့် သင်ကြားပို့ချသွားခဲ့ပါသည်။ ၂၇ ရက်နေ့ အစားကျွေးအစီအစဉ်မှာ ခေါက်ဆွဲကြော်နှင့် ကော်ဖီဖြစ်၍ ၂၈ ရက်နေ့ အစားကျွေး အစီအစဉ်မှာ မုန့်ဟင်းခါးနှင့် ကော်ဖီ ဖြစ်ပါသည်။

## ၂၉-၇-၂၀၁၇

ဆရာမကြီး ဒေါက်တာစောယုနွယ်ကပင် ဆက်လက်၍ ဂဏန်းဗေဒင်ပညာရပ်ကို သင်ကြားပို့ချရာတွင် ကြိုတင်သိမြင် ဂဏန်းဗေဒင်ကဏ္ဍ၊ တစ်ရာ့ရှစ်မျိုးသော ကိန်းဂဏန်းများကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ဂြိုဟ်တို့၏ သင်္ကေတများ၊ ဆယ့်နှစ်လရာသီဇာတာခွင်၊ ဂဏန်းပိုင်ရှင်တို့အား ဟောကွက်အသေးစိတ်၊ အောင်မြင်ကျော်ကြားဂဏန်းသမားများ၊ အဆောင်၊ မာတ်စာ၊ အကျိုးပေးအရောင်၊ အကျိုးပေးနေ့၊ အကျိုးပေးဂဏန်း၊ ကံကောင်းစေသော ရက်၊ ယတြာ၊ နာမည်ကျော်ကြားသူများအား တစ်နှစ်တာတွက်ကိန်းများ အစရှိသည်တို့ကို အသေးစိတ် အကျယ်တဝင့် မမောနိုင် မပန်းနိုင် မေတ္တာစေတနာအပြည့်အဝဖြင့် သင်ကြားပို့ချသွားခဲ့ပါသည်။ ယနေ့ အစားကျွေးအစီအစဉ်မှာ နန်းကြီးသုပ်နှင့် ကော်ဖီ ဖြစ်ပါသည်။ ယနေ့ မှတ်သားစရာ စကားတစ်ခွန်းမှာ **ဆရာ့အနားမှာနေပြီး ပညာမယူတတ်ရင် ဟင်းခပ်တဲ့ယောက်မလိုပဲ ဘာမှအရသာမသိဘူး** ဟူ၍ ဖြစ်ပါသည်။

## ၃၀-၉-၂၀၁၇

ဆရာဦးမောင်မောင်မြင့်အေးမှ ဗေဒင်ရဲ့ အသက်သွေးကြောဖြစ်ပေသော ယတြာပညာအကြောင်း အသေးစိတ်၊ ဘေးဥပဒ်အန္တရာယ်ကင်းရန်ယတြာများ၊ အရောင်းအဝယ်ကောင်းမည့် ယတြာများ၊ အချစ်ရေးနှင့်ပတ်သက်သော ယတြာများ၊ ဓာတ်ဘိသိက်ပန်းချီစီရင်နည်း၊ အယုတော်မင်္ဂလာ၊ အမှုကိစ္စယတြာ၊ အလုပ်အကိုင်ယတြာ၊ အောင်ထီးဆန်ယတြာ အစရှိသည်ဖြင့် သင်ကြားသွားပြီးလျှင် ယနေ့ အစားကျွေးသော အစီအစဉ်မှာ ဆီချက်ခေါက်ဆွဲနှင့် ကော်ဖီ ဖြစ်ပါသည်။

## ၁-၁၀-၂၀၁၇

ဆရာဦးမောင်မောင်မြင့်အေးမှပင် အင်းစမအကြောင်းများကို ဆက်လက်သင်ကြားရာတွင် ဣန္ဒာသယ ပစ်တိုင်ထောင် စမ၊ သိကြားစေတန်ခိုးပြ စမ၊ အင်းနှင့်အိုင် ခွဲခြားပုံ အင်းရဲ့ စင်ကြယ်ခြင်းသုံးပါး၊ အင်းသွားလေးမျိုး၊ ဘိုးဘိုးအောင်အင်း၊ စောထွေးနွေနှောင်းဓာတ်၊ စဓဗဝ အစီအရင်များ အလုပ်အကိုင်ပြေလည်စေသောအင်း၊ အတိုက်အခံအပြိုင်အဆိုင်တွေမှာ သုံးသောအင်း အစရှိသဖြင့် သင်ကြားပို့ချပေးခဲ့ပြီးလျှင် ယနေ့ အစားကျွေးအစီအစဉ်မှာ ကြာဆံကြော်နှင့် ကော်ဖီ ဖြစ်ပါသည်။

## ၂-၁၀-၂၀၁၇ နှင့် ၃-၁၀-၂၀၁၇

ဆရာသုတဇော်နှင့် သုံးတန်ပေါ်နှိစ် အခြေခံ၊ သင်္ချိုင်းရောက်အကြောင်း၊ တိုင်နှစ်တိုင်ထူနည်း၊ ဆောင်ရန်ရှောင်ရန်များ၊ သန္ဓါခွင်မ်းနှင့် ယတြာခွင်မ်း၊ အိမ်ဆောက်အယူအဆ အစရှိသည်တို့ကို နှစ်ရက်ဆက်တိုက် အသေးစိတ်သင်ကြားပို့ချပေးသွားပါသည်။ ၂ ရက်နေ့ အစားကျွေးအစီအစဉ်မှာ ဂျုံဒိုးနတ်စ်နှင့် ကော်ဖီဖြစ်ပြီးလျှင် ၃ ရက်နေ့ အစားကျွေးအစီအစဉ်မှာ နန်းကြီးသုပ်နှင့် ကော်ဖီ ဖြစ်ပါသည်။

## ၄-၁၀-၂၀၁၇

ဆရာခန့်စည်သူမှ တဲရော့ခ်ပညာရပ်ကို သင်ကြား



www.burmeseclassic.com

www.burmeseclassic.com

ပို့ချရာတွင် မိုင်နာကာတ်နှင့် မေဂျာကာတ်အကြောင်း။ တဲရော့ခ်ကျင့်စဉ်၊ တဲရော့ခ်အခင်းအကျင်း။ တဲရော့ခ်နှင့် ရင်းနှီးမှုရယူပုံ၊ ကတ်တစ်ကတ်ချင်းစီ၏ အပေ့ာအသေးစိတ်၊ လက်တွေ့လောကီစွရပ်များ အစရှိသည်ဖြင့် သင်ကြားပို့ချသွားပြီးလျှင် ယနေ့စားကျွေးအစီအစဉ်မှာ ကိတ်မုန့်နှင့် ကော်ဖီ ဖြစ်ပါသည်။ သီတင်းကျွတ်အဖိတ်နေ့ဖြစ်သဖြင့် ညပိုင်းတွင် မြတ်စွာဘုရားရှင်အား ဆီမီးပူဇော်ခြင်းအစီအစဉ်ကို အားလုံး တပျော်တပါး ဆင်နွှဲကြပါသည်။ နောက်တစ်နေ့ လပြည့်နေ့တွင် သင်တန်းနားပါသည်။

## ၆-၁၀-၂၀၁၇

ဆရာမကြီးဒေါက်တာစောယုနွယ်မှ အင်္ဂဝိဇ္ဇာပညာရပ်ကို သင်ကြားရာတွင် အင်္ဂဝိဇ္ဇာဆိုသည်မှာ ဆပွတ်ခွင်နှင့် စတုရန်းခွင်၊ အင်္ဂလက်ခွင် အသေးစိတ်၊ ဂြိုဟ်ပရိယာယ်၊ အင်္ဂဝိဇ္ဇာအစ သူရဇ္ဇ၊ မင်းကုသနှင့် စေတီယ၊ အထက်ဆောင်ပန်း အောက်နင်းကြမ်း အစရှိသည်တို့ကို သင်ကြားပြီးလျှင် ယနေ့ အစားကျွေးသော အစီအစဉ်မှာ ဂျေဒိုးနတ်စ်နှင့် ကော်ဖီ ဖြစ်ပါသည်။

## ၇-၁၀-၂၀၁၇

ဆရာမကြီးဒေါက်တာစောယုနွယ်မှ ဆက်လက်၍ အင်္ဂဝိဇ္ဇာပညာ၏ မြင့်မားသော အတွေးအခေါ်အယူအဆအပိုင်း။ စာခြောက်တန်းအကြောင်း။ အင်္ဂဝိဇ္ဇာဖြင့် အမည်ပေးခြင်း။ ထီပေါက်ကိန်း၊ အနိုင်ဓာတ်၊ တိုင်နှစ်တိုင် ယှဉ်တွက်ကိန်း၊ ချစ်စေချင်ရင် ဓာတ်ပန်းဆင်၊ လာစေဝင်စေလိုသော်၊ ညှပ်ကိန်း အစရှိသည်တို့ကို နောက်ဆုံး သင်ရိုးညွှန်းတမ်းအဖြစ် မမောနိုင် မပန်းနိုင် တရစပ် သင်ကြားပေးရာ ကျွန်တော်တို့မှာ ဦးနှောက်လိုက်မမီနိုင်အောင် ဖြစ်ခဲ့ရပေသည်။ အင်္ဂဝိဇ္ဇာပညာ၏ အတိမ်အနက်သဘောတရား တီးခေါက်မြည်းစမ်းခွင့် ရနိုင်စေရန် ဆရာမကြီးမှ သင်တန်းသားများအား တစ်ဦးချင်း လက်တွေ့တွက်ချက်စေခဲ့ပါသည်။ ဆရာများ၏ မေတ္တာ၊ စေတနာ၊ ဆရာများ၏ တတ်မြောက်စေချင်သော စိတ်ဆန္ဒ၊ ဆရာများ၏ စေတနာ၊ ဝါသနာ၊ အနစ်နာဖြင့် အပင်ပန်းခံ သင်ကြားပို့ချမှုအပေါ် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

တို့ ကြည်ညိုလေးစားမဆုံး ဖြစ်ခဲ့ရပါသည်။ သည်လိုသင်တန်းမျိုးကို တက်ရောက်ခွင့်ရရှိခဲ့ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်မိသကဲ့သို့ ဤသင်တန်းတက်ရန် အသိနောက်ကျလေခြင်းဟူသော နောင်တတစ်ရားလည်း ဖြစ်ပေါ်ရပေသည်။ ယနေ့ အစားကျွေးအစီအစဉ်မှာ ကြက်သားပလာတာနှင့် အအေးဖြစ်ပါသည်။

**သင်တန်းဆင်းပွဲ အခမ်းအနား**

ဆရာလှိုင်ဘွားဦးက အခမ်းအနားမှူးအဖြစ် တာဝန်ယူ၍ အခမ်းအနားကို အပိုင်းနှစ်ပိုင်းခွဲ ကျင်းပပြုလုပ်ပါသည်။ ပထမပိုင်းတွင် ဆရာသုတဇော်မှ အမှာစကားပြောကြားရာ၌ ယခုသင်ကြားပို့ချရသည်ကို အားမရ၊ မရောင့်ရဲ၊ မတင်းတိမ်နိုင်ပါကြောင်း၊ နောင် မွမ်းမံသင်တန်းများတွင် သည်မျှမကသော အဆင့်မြင့်ပညာရပ်များကို သင်ကြားပို့ချပေးလိုပါသဖြင့် ယခု သင်တန်းဆင်းပြီးသူများသည် မွမ်းမံသင်တန်းများကို ထပ်မံတက်ရောက်ကြစေလိုကြောင်း၊ အလျဉ်းသင့်သလို ဆရာများထံ မကြာခဏ လာရောက်၍ လိုအပ်သည်များကို တိုင်ပင်ဆွေးနွေး မေးမြန်းနိုင်ရန် ထာဝရ တံခါးဖွင့်ကြိုဆိုပါကြောင်းနှင့် ပြောကြားသွားပါသည်။

ဆရာမကြီး ဒေါက်တာစောယုနွယ်မှ ဆုံးမဩဝါဒပြောကြားရာတွင် မိမိတို့ သင်တန်းသားများသည် ဗေဒင်ပညာရပ်နှင့် ပတ်သက်လာလျှင် ဘက်စုံထောင့်စုံ ကျွမ်းကျင်သူများ ဖြစ်ကြစေလိုကြောင်း၊ ဆရာမည်သည် ကျောင်းသားများ တကူးတက လိုက်လံခေါ်ယူမည်မဟုတ်ဘဲ ယခု သင်တန်းသားများသည် နောက်သင်တန်းများတွင် မိမိတို့၏ ပညာရည်မြင့်မားရေးအတွက် မိမိတို့၏ အသိစိတ်ဓာတ်ဖြင့် လာရောက်ကြစေလိုကြောင်း၊ မိမိတို့သည် ဆရာကြီးဒေါက်တာမင်းသိခ် ရှိစဉ်အခါက ဆရာနှင့် လက်ပွန်းတတီး အနီးကပ်ပညာသင်ယူကြသဖြင့် ပညာကုန်ရရှိခဲ့ကြသကဲ့သို့ လက်ရှိသင်တန်းသားများသည်လည်း အခြားသော ဂေါသပွဲများတွင်ပါဝင်ကြစေလိုကြောင်း၊ ဆင်းရဲလျှင် လူနှိမ်ခံရမည် ဖြစ်သဖြင့် ချမ်းသာအောင် ဗေဒင်ပညာရပ်ဖြင့် ကြိုးပမ်းကြစေလိုကြောင်း၊ ဥပမာ ဥပမေယျများဖြင့် နှိုင်းယှဉ်ချိန်ထိုးကာ ဩဝါဒစကားများ ပြောကြားသွားပါသည်။ ဆရာကန်တော့ခန်းတွင် ဂေါသပညာ ကန်တော့ချီးဖြင့် ကန်တော့ကြရပါသည်။

ဒုတိယပိုင်း အခမ်းအနားတွင် သင်တန်းဆင်းလက်မှတ်များကို ဂမ္ဘီရပညာဖြင့် ပူးတွဲချီးမြှင့်ပါသည်။ သင်တန်းဆင်းလက်မှတ်၊ ကမ္ပည်းမော်ကွန်းလွှာတွင် ကျွန်ုပ်တို့သည် ဆရာကြီးဒေါက်တာမင်းသိခ်၏ အန္တေဝါသိက တပည့်ရင်းကြီးများ ဖြစ်ကြပါ၏။ ကျွန်ုပ်တို့အား ဆရာကြီး ဒေါက်တာမင်းသိခ်သည် ၎င်းတတ်ကျွမ်းသော ဗေဒင်ပညာ၊ လောကီပညာများကို မခြွင်းမချန် သင်ကြားပေးခဲ့၏။ ကျွန်ုပ်တို့သည်လည်း ဆရာကြီးဒေါက်တာမင်းသိခ်၏ ပညာရပ်များကို မခြွင်းမချန် ရရှိခဲ့ပြီး လောကအလယ်တွင် နာမည်ထင်ရှား လူသိများခဲ့၏။ ထို့ပြင် အောက်တွင်ဖော်ပြထားသော ပုဂ္ဂိုလ်သည် ဆရာကြီးဒေါက်တာမင်းသိခ်၏ ပညာအမွေကို ကျွန်ုပ်တို့ထံမှ တစ်ဆင့် ကောင်းစွာ တတ်မြောက်ခဲ့သူဖြစ်၏။ ထို့ကြောင့် ၎င်းအား ပရိသတ်လူပုံဗိုလ်အလယ်တွင် ကျွန်ုပ်တို့က ဤပညာအမွေ လက်ဆင့်ကမ်း မော်ကွန်းလွှာကို ချီးမြှင့်လိုက်သည် ဟူ၍ ပါရှိပါသည်။

ကျွန်တော်၏ နလုံးသွေးတို့သည် ဆူပွက်ခဲ့ရပေပြီ။ ဆရာကြီးဒေါက်တာမင်းသိခ်၏ လက်ဆင့်ကမ်းဗေဒင် ပညာအမွေအနှစ်သည် ကျွန်တော်၏ ဆရာ/ဆရာမများမှ ပေးအပ်ချီးမြှင့်မှုကြောင့် ကျွန်တော့်နလုံးသားအတွင်းထဲထိ ထိုးဖောက်ပျော်ဝင် စီးဆင်းခဲ့ရပါပေသည်။ မည်သည့်အချိန်က ကျွန်တော်၏ ပါးပြင်သို့ ယိုစီးခဲ့လေမှန်း မသိပါလေသော ကြည်နူးဝမ်းမြောက်မှု၊ ပီတိမျက်ရည်တို့သည် ကျွန်တော်ကိုယ်တိုင်မသိလိုက်မီမှာပင် ကျွန်တော့်နလုံးသားထက်သို့ ဖြတ်သန်းကျဆင်းသွားခဲ့သည်။ ဗေဒင်ဆရာလောကအလယ်တွင် **ကောင်းဆက်ဟိန်း** ဟူသော ဆရာပေးသော ဂမ္ဘီရအမည်ဖြင့် ဂေါသမျိုးဆက်သစ်တစ်ဦး ပေါ်ထွန်းခဲ့ရပါပေပြီ။ **ကျွန်တော်ဗေဒင် ပညာတတ်ပါပြီ - - -။**

ဆရာမကြီးဒေါက်တာစောယုနွယ်၊ ဆရာဦးမောင်မောင်မြင့်အေး၊ ဆရာသုတဇော်၊ ဆရာခန့်စည်သူနှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအပေါင်းတို့အား ဤဆောင်းပါးဖြင့် ကန်တော့ပန်းဆင်ပါသည်။

**ကောင်းဆက်ဟိန်း**



www.burmeseclassic.com

www.burmeseclassic.com



# နယူးယောက်မှ နယူးယောက်သို့

## (၁)

မောင်ကောင်းမြင့်

နယူးယောက်မြို့သို့ ရောက်ရှိခဲ့ခြင်းသည် တတိယ အကြိမ် ဖြစ်သည်။ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ၊ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလနှင့် ၂၀၁၅ ခုနှစ်၊ ဧပြီလတို့တွင် ဖြစ်သည်။ နယူးယောက်တွင် ခေတ္တနေထိုင်ပြီးနောက် မေလတွင် ဗာဂျီးနီးယားသို့ ထွက်ခဲ့သည်။ နယူးယောက်နှင့် ဗာဂျီးနီးယားအတွေ့အကြုံတို့ကို ရေးသားခဲ့ပြီး ဖြစ်သည်။ ရောက်ရှိရာနေရာဒေသတို့တွင် တွေ့၊ မြင်၊ ကြား၊ သိ၊ မှတ်မိသမျှကို ဘဝအတွေ့အကြုံအဖြစ် ဖော်ပြခဲ့သလို အမေရိကန်ပြည်ထောင်စုသို့ လာရောက်လိုသော မြန်မာနိုင်ငံသားတို့အတွက်လည်း စာတွေ့ဗဟုသုတရ၍ ရေခြားမြေခြားသို့ ရောက်ရှိလာလျှင် တွေ့ကြုံရသော လူမှုပတ်ဝန်းကျင်ကို ဖော်ပြခဲ့ခြင်းလည်း ဖြစ်သည်။

မိမိ၏ US ခရီးသည်၊ ကိုယ်တွေ့အမေရိကား (၂၀၁၃၊ အောက်တိုဘာလ နဝဒေးစာပေ)၊ မြေးကလေးဖတ်ဖို့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

တွေ့အမေရိကား ၂ (၂၀၁၅၊ ဧပြီလ ယောမင်းကြီးစာပေ) နှင့် စံတော်ချိန်သတင်းစာတွင် ၂၀၁၃ အတွေ့အကြုံများကို ရေးသားခဲ့ပြီး "ရေခြားမြေခြား ကိုယ်တွေ့အမေရိကား ၃" (အားမာန်သစ်စာပေ)တို့တွင် မိမိကြုံတွေ့ခဲ့ရသမျှ အမေရိကန်ပြည်ထောင်စု အတွေ့အကြုံများကို ရေးသားရာတွင် စာဖတ်သူတို့ကို "ကိုယ်တွေ့ လူမှုဘဝအတွေ့ထွေ"ကို အရင်းအတိုင်း မျှဝေခြင်းဖြစ်ပါသည်။

"ဘယ်နိုင်ငံမျှ အကောင်းသက်သက်၊ အဆိုးသက်သက်ချည်း မရှိ။ ကောင်းခြင်းလက္ခဏာများလျှင် နာမည်ကောင်းဖြင့် ထင်ရှားပေလိမ့်မည်။ . . ."ဟူသော နှလုံးပိုက်၍ မျှတသောစိတ်ဖြင့် အထင်ကြီးခြင်း၊ အထင်သေးခြင်း ကြိုတင်သတ်မှတ်မထားဘဲ စာဖတ်သူတို့ကို မိမိမြင်တွေ့ကြားသိသမျှကို အတုယူဖွယ်၊ ရှောင်ကြဉ်ဖွယ်တို့ဖြင့် မျှဝေခြင်း ဖြစ်၏။ မိမိအတွေ့အကြုံကို ကိုယ်တွေ့ထိမြင်မိသမျှသာမက အမေရိကားရောက် မြန်မာတို့၏ အတွေ့အကြုံများနှင့် အမေရိကားရောက် မြန်မာစာရေးဆရာနှင့် စာပေပညာရှင်တို့၏ ရေးသားချက်များနှင့်ပါ ပေါင်းစပ်ဖော်ပြထားခြင်း ဖြစ်သည်။ အလားတူပင် မှတ်တမ်းအချက်အလက်များ၊ သမိုင်းဝင်အရေးအသားတို့ကို ကြော်ငြာများ၊ လက်ကမ်းစာစောင်များ၊ ထုတ်ဝေထားသော စာအုပ်စာတမ်းများနှင့် Wikipedia မှ ဖော်ပြချက်တို့ကိုပါ ကောက်နုတ်၍ ရေးသားခြင်းဖြစ်ရာ ကျမ်းတစ်စောင်ကဲ့သို့ လေးလေးပင်ပင် မဟုတ်သော်လည်း မှန်ကန်သော အချက်အလက်မှတ်တမ်းများဖြစ်ကြောင်းကိုမူ တာဝန်ယူပါသည်။

မိမိသည် မျှဝေပေးသူဖြစ်သဖြင့် မိမိ၌ရှိသော အသိအမြင်၊ အတွေ့အကြုံကို အမှန်ကန်ဆုံးဖြစ်အောင် တတ်နိုင်သမျှ အားထုတ်ဖော်ပြပါသည်။ "ငါ့စာဖတ်စေ၊ မပြတ်တိုင်စေ၊ မရှုံးစေသား"ဟု ခံယူပါသည်။ စာဖတ်သူတို့၏ ရင်းနှီးရသော စာအုပ်ဖိုးငွေ။ အချိန်နှင့် မျှော်လင့်ချက်တို့ကို မဆုံးရှုံးစေချင်သော စေတနာထား၍ ရေးသားခဲ့ခြင်း ဖြစ်ပေသည်။

မိမိသည် နယူးယောက်မှ ဗာဂျီးနီးယားသို့ သွားရောက်နေထိုင်ခဲ့စဉ် ဗာဂျီးနီးယားအတွေ့အကြုံများကို ရေးသားရာ၌ ကျန်ရှိနေသေးသော အရောင်းစျေးသည် အတွေ့အကြုံကို ဤစာ၌ ဖော်ပြလိုက်ပါသည်။

ဗာဂျီးနီးယားပြည်နယ် Crystal City ရှိ Hyatt ဟိုတယ်တွင် Travel Traders ကုမ္ပဏီက ဖွင့်လှစ်ထား သော Gift Shop အရောင်းဆိုင်၌ လက်ထောက်အရောင်း Sale Assistant အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ခြင်း ဖြစ်သည်။ ဟိုတယ်သို့ လာရောက်တည်းခိုကြသော ခရီးသွားတို့အတွက် လိုအပ်သော အသုံးအဆောင်၊ လက်ဆောင်ပစ္စည်း၊ စာနယ်ဇင်းမျိုးစုံနှင့် (တိုတိုထွာထွာ အစားအသောက် သရေစာ) ရောင်းသောဆိုင် ဖြစ်သည်။

Travel Traders ကုမ္ပဏီကြီးသည် တစ်နိုင်ငံလုံး တွင် ဆိုင်ခွဲများစွာ ရှိသည်။ အလားတူ Hyatt ဟိုတယ် သည်လည်း မြို့ကြီးတိုင်းတွင် ရှိသည်။ ခရစ္စတယ်စီးတီး အပါအဝင် ဗာဂျီးနီးယား၏ တာဝန်ခံမှာ Ms. Claudi[illegible] အမည်ရှိ အာဖဂန်နစ္စတန်နိုင်ငံသူ ဖြစ်သည်။ ထိုဟိုတယ်[illegible] မိမိတို့ဆိုင်၏ ကြီးကြပ်ရေးမှူးမှာ ဒေါ်မြင့်မြင့်သန်း ဖြစ်သည်။ မြန်မာနိုင်ငံ ရန်ကုန်မြို့သူဖြစ်၍ စင်ကာပူတွင် နှစ်အတော် ကြာ လုပ်ကိုင်ခဲ့ပြီးမှ အမေရိကားသို့ ရောက်လာရာ အတွေ့ အကြုံ ကြွယ်ဝသူဖြစ်နေလေပြီ။ ထိုဆိုင်တွင် မြန်မာဝန်ထမ်း အမျိုးသမီး ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်သင်းသင်းနွယ်၊ မဥမ္မာ[illegible] မသင်းသင်းနိုင်တို့ ရှိကြသည်။ အီသီယိုပီးယားအမျိုးသမီး[illegible] အမျိုးသားတစ်ဦးလည်း ရှိသည်။ (အီသီယိုပီးယား အမျိုး[illegible] သား ထွက်သွားသောကြောင့် မိမိဝင်ရောက်လုပ်ကိုင်ခွင့် [illegible] ခြင်း ဖြစ်သည်။) ဆိုင်ဖွင့်ချိန်မှာ နံနက် ၇ နာရီမှ ည [illegible] နာရီအထိဖြစ်၍ နှစ်ဆိုင်းခွဲ တာဝန်ချထားသည်။ (နံနက် [illegible] နာရီမှ ညနေ ၃ နာရီ၊ ညနေ ၃ နာရီမှ ည ၁၀ နာရီ) အလုပ်သင်အဖြစ် သုံးလေးရက် သတ်မှတ်သည်။ (အလုပ် သင်ရက်ကိုလည်း လုပ်အားခ သတ်မှတ်နှုန်း တစ်[illegible] ကိုးဒေါ်လာ ပေးချေသည်။) ကုမ္ပဏီကြီးများမို့ ပေးခြင်း[illegible] သည်။ ဆိုင်ကလေးများ အထူးသဖြင့် အာရှသား တ[illegible] ဗီယက်နမ်၊ ကိုရီးယားဆိုင်များကမူ အချို့က အလုပ်သင်[illegible] ကို မပေး။ အချို့က လျှော့ပေးတတ်သည်။

အလုပ်တာဝန်မှာ ဟိုတယ်တွင်းရှိ ဆိုင်ဖြစ်၍[illegible] ကောင်း၊ လက်ဆောင်ပစ္စည်းနှင့် အမှတ်တရပစ္စည်းဆို[illegible] ၍လည်းကောင်း သန့်ပြန့်သည်။ တစ်ခါတစ်ရံ လူ[illegible] သည်မှအပ အရောင်းအဝယ် ပုံမှန်ရှိသည်မို့ ပင်[illegible]

www.burmeseclassic.com

ကြီးမဟုတ်။ သို့သော် မိမိနေအိမ်နှင့်မှ အတော်လှမ်းသည်။ ကား၊ ရထား နှစ်ဆင့်စီ (ကားနှစ်ကြိမ်၊ ရထားနှစ်ကြိမ် ပြောင်းရသည်)မို့ အချိန် နှစ်နာရီခွဲခန့် ကုန်သည်။ နံနက် ၄ နာရီခွဲ အိမ်မှထွက်ပါမှ နံနက် ၆ နာရီ ၄၅ မိနစ်လောက် အလုပ်ခွင် ရောက်သည်။ ဆိုင်ဖွင့်ပြီးလျှင် ငွေသေတ္တာစစ်ရ သည်။ ကွန်ပျူတာစာရင်းသွင်းရသည်။ ထို့နောက်မှ ငွေ သေတ္တာနှင့် ကွန်ပျူတာ ဖွင့်/ပိတ်ခွင့်ရ၏။ ၇ နာရီ မထိုးမီ ငါးမိနစ်လောက်အလိုတွင် အလုပ်ဝင်မှတ်တမ်း ကတ်ထိုးရ သည်။

ထို့နောက် ဆိုင်ဖွင့်ရင်း သတင်းစာနှင့် အရောင်း အတွက် စစ်ဆေးမှုလိုအပ်သော စာရင်းအချို့ စစ်ရ၏။ အရောင်းစာရင်းမှာ ငွေသားနှင့် Credit Card နှစ်မျိုးရောင်း ပြီး ငွေသေတ္တာကို ကွန်ပျူတာနှင့် ထိန်းချုပ်ထားသည်။ မိမိ ရေးခဲ့ဖူးသော "တစ်ပြားမကျန် တစ်ပြားမချန်" (ဆောင်းပါးကို ...သောက်ချိန်သတင်းစာ ၁၅ ဇွန်၊ ၂၀၁၃ နှင့် ကိုယ်တွေ့အမေ ...ကား စာအုပ်၊ စာမျက်နှာ ၈၈-၉၀)တွင် ဖော်ပြခဲ့သည့် အတိုင်း Cent တစ်ပြားကအစ အတိအကျ လက်ခံယူရ သလို တစ်ပြားမကျန်စေဘဲ အတိအကျ အမ်းပေးရသည်။ တစ်ပြားကို ဝယ်သူဘက်မှ တိတိကျကျပေးသလို စောင့်၍ ...ည်း ယူကြသည်။ ထို့ကြောင့် ညပိုင်း ဆိုင်သိမ်းပြီးသော် အရောင်းစာရင်းနှင့် ငွေသားစစ်ဆေးသောအခါ တိကျမှန်ကန် ... ထွက်သည်။ (တစ်ခါတစ်ရံ ပြားစွန်းကလေးမျှ ကွာနေ ... ငွေစာရင်းမှတ်တမ်း၌ ဖော်ပြရသည်။)

ဟိုတယ်တွင်း၌ဖွင့်သော ဆိုင်ဖြစ်၍ နေ့လယ်စာနှင့် ...ကို ဟိုတယ်(ဝန်ထမ်းများနှင့် ဆိုင်ရာ ဝန်ထမ်းအား ... အခမဲ့ကျွေးမွေးသည်။ ကိုယ်တိုင်ယူစားစနစ်ဖြစ်၍ ...သည်။ နို့ အိုက်စ်ကရင်နှင့် မုန့် သစ်သီးများပါ ကြိုက် ...ယူ၍ စားသုံးနိုင်သည်။ အစားအသောက်မှာ စေတနာ၊ ... စကားမဆိုသော်လည်း လုံလောက်အောင် စီစဉ် ...ည်မှာ စကားအရာထက် လက်တွေ့ကျလှသည်။ ...က်တိုင်းအစာ၊ မက္ကဆီကန်အစာနှင့် အရှေ့တိုင်းအစာ ...ကျ ကျွေးပေးသည်။

အလုပ်သဘော သန့်ပြန့် သက်သာသော်လည်း အလုပ်သဘာဝ အထိုင်အလုပ် Sitting Job ခေါ် စားပွဲ ကုလားထိုင်ဖြင့် မဟုတ်။ အလုပ်ချိန်အတွင်း ရပ်၍လုပ်ရ သည့် မတ်တတ်အလုပ် (ဟိုတယ်ရှိ ဧည့်ကြိုနှင့် မှတ်တမ်း အလုပ်များအပါအဝင် အခြားဌာနများ၌လည်း မတ်တတ် အလုပ်များက များပါသည်။) ဖြစ်၍ ခြေထောက်ကြွက်သား ပင်ပန်းလှသည်။ ဤနိုင်ငံတွင် သတင်းစာကြော်ငြာများ၌ Painful Varicose Veins & Swollen Legs ဆိုင်ရာ ရောဂါများနှင့် ပတ်သက်သော ဆေးခန်းများစွာကို ဖော်ပြ ထားသည်။ ထိုရောဂါသည် မတ်တတ်နှစ်ရှည်လများ ရပ်ရသူ တို့အတွက် ဒုက္ခပေးသော ဝေဒနာမျိုး ဖြစ်ဟန်တူသည်။

အလုပ်မှ ဝင်ငွေနှင့် တာဝန်သည် အချိုးညီလှ၏။ အလုပ်ချိန်အတွင်း ကိုယ်ရေးကိုယ်တာ ဖုန်းပြောခြင်းကိုပင် မနှစ်သက်ကြပေ။ မိမိဖုန်းကို အနားယူချိန်၊ သို့မဟုတ် ရေ အိမ် Restroom သွားချိန်၌သာ ပြောကြရသည်။ Missed Call ဝင်သမျှ အလုပ်နားမှ ပြောရသည်။ အားလုံးမှာ စည်း ကမ်းစနစ်ကျသော စက်ရုပ်များသဖွယ် လုပ်ဆောင်နေကြ သည်။ (ရောက်လျှင် သတင်းစာဖတ်၊ ရေအိမ်တက်၊ စကား ပြော၊ အလုပ်နည်းနည်းလုပ်၊ ဟိုကသည် ထသွား၊ ထမင်း စား ဟူသော မြန်မာ့ရုံးဝန်ထမ်းများနှင့်မှ ခြားနားလှသည်။ ထမင်းစားချိန် နာရီဝက်၊ တစ်နာရီယူပါက အလုပ်နာရီ အဖြစ် မသတ်မှတ်ချေ။) တစ်နာရီ ကိုးဒေါ်လာမှ ၁၅ ဒေါ်လာအထိ သတ်မှတ်ထားသည်နှင့်အတူ အချိန်နှင့်အမျှ တာဝန်ကျေရ သည်။ CEI = Customer Experience Index ခေါ် မိမိ ၏ဖောက်သည် အတွေ့အကြုံညွှန်းကိန်း မှတ်တမ်းကောင်းဖို့ အရေးကြီးလှ၏။ ဖောက်သည် (ဝယ်သူ၊ အလုပ်အပ်နှံသူ) က ပြောလာသော တိုင်ကြားချက် Complain သည် အလုပ် သမား၏ မှတ်တမ်း၌ အရေးပါလှသည်။ တာဝန်ကျေမှု၊ အလုပ်ကျွမ်းကျင်မှု အရေးပါလှသည်။

အလုပ်တာဝန်နှင့် ရပိုင်ခွင့်ဆက်စပ်နေသလို မိမိ အလုပ်ဝင်ငွေနှင့် လစဉ်ပေးဆပ်ရသော အသုံးအဆောင် စရိတ်၊ အိမ်လခနှင့် စားစရိတ်ပေးချေမှုတို့ ဆက်စပ်နေရာ အလုပ်ပြုတ်လျှင် အားလုံးရပ်ဆိုင်းသွားသောကြောင့် အလုပ် ပြုတ်မှာ ကြောက်ကြသည်။ အလုပ်တာဝန်မကျေပွန်က



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့လာရန်မလိုဟု သဘောပေါက်ထားကြသော အလုပ်သမားနှင့် ကြီးကြပ်သူ (ပိုင်ရှင်)တို့ ဆက်ဆံရေးသည် တိကျလှသည်။ (တစ်ခါအလုပ်ရလျှင် တစ်သက်နေလေရော့ ဟု မထင်ပါနှင့်။ မကြာခဏ အလုပ်ပြောင်းကြရသည်။ နေရာပြောင်းကြရသည်။ ကြီးကြပ်မှုအဆင့်ဆင့်က စည်းကမ်းနှင့် သတ်မှတ်ချက်ပဲ ကြည့်သည်။)

မိမိ၏ စာတစ်ပုဒ်တွင် ရေးခဲ့ဖူးသည်။ "အလုပ်သမားတင်သွင်းသောတိုင်းပြည်"၊ "စည်းကမ်းများနှင့် ဥပဒေများကို ကြိမ်လုံးသဖွယ် ကျင့်သုံးကာ အလုပ်သမားတို့ကို မောင်းနှင်နေသော တိုင်းပြည်"၊ "တစ်က ပြန်စရသော တိုင်းပြည်"၊ "အကြွေးစနစ် (Credit Card)ဖြင့် ထိန်းချုပ်ထားသော တိုင်းပြည်"ဖြစ်ကြောင်း ကိုယ်တိုင်နေပြီးမှ သိပေလိမ့်မည်။ သို့သော် လုပ်အားနှင့်အမျှ စားသောက်နေထိုင်ခွင့်၊ ဥပဒေအတွင်း လွတ်လပ်ခွင့်နှင့် (မစားဖူးသော အစာ၊ မနေဖူးသောအနေ ယခုမှ စားရ၊ နေရသူတို့) နှစ်သက်ဖွယ် လူနေမှုတို့ကြောင့် "အမေရိကန်အိပ်မက်"သည် အိပ်မက်ကောင်းတစ်ခု ဖြစ်နေသည်။ သေလုအောင် လာချင်သူတွေရှိကြသလို သေလုအောင် ပြန်ချင်သူတွေ ရှိနေကြောင်း ရေးခဲ့ဖူးပါပြီ။

ဤနိုင်ငံရှိ အစိုးရသည် အခွန်(Tax)ဖြင့် အစစစီမံခန့်ခွဲအုပ်ချုပ်နေသည်။ အခွန်ကို စနစ်တကျ (နေရာလပ်မကျန် ကောက်သည်) ရယူသလို စနစ်တကျ သုံးစွဲသည်။ လူတိုင်း အခွန်ထမ်းရသည်။ အခွန်ကို ထောင့်စေ့အောင် ကောက်သည်။ ထို့ကြောင့် အခွန်ပေးဆောင်ရာတွင် ဗဟိုအစိုးရအတွက်၊ ပြည်နယ်အစိုးရအတွက်နှင့် ကျန်းမာရေးစောင့်ရှောက်ရေးအတွက် စသည်ဖြင့် ခေါင်းစဉ်များဖြင့် ဝင်ငွေမှ ဖြတ်သည်။ ဘဏ်စနစ်၊ ချက်လက်မှတ်စနစ်ဖြင့် ပေးချေသဖြင့် ဌာနဆိုင်ရာက ဖြတ်တောက်ခဲ့ပြီး ဖြစ်သည်။ (လစ်ဟင်းမှုကို ရှာတတ်သော လူသဘာဝအတိုင်း ချက်အစား ကက်ရှ် ငွေသားတိုက်ရိုက် အပေးအယူဖြင့် ရှောင်ကြသည်လည်း ရှိ၏။ အထူးသဖြင့် အာရှသား တရုတ်တို့က အရောင်းအပေးတွင် ငွေသားဖြင့်ပေး၊ ယူခြင်း ပို၍ လုပ်တတ်သည်။ အစိုးရကသိ၍ စစ်ဆေးတွေ့ရှိပါက ဒဏ်ရိုက်သည်။ မိခါမှ မိရော လုပ်နေကြဆဲ ဖြစ်သည်။ လူစရိုက်စုံ ရှိသည်ပင်။

ဆိုင်ဝန်ထမ်းများကို ကွန်ပျူတာနှင့် CCTV Closed Circut Television ခေါ် ဆာဗလဲ့(န်စ်)များဖြင့် ထိန်းချုပ်စောင့်ကြည့်နေသည်။ (ဆားပုလင်း သို့မဟုတ် စီစီတီဗွီ၊ စံတော်ချိန်နေ့စဉ်သတင်းစာ၊ ၂၃ ဇူလိုင်၊ ၂၀၁၃) ကွန်ပျူတာသည် အရောင်းငွေ ပစ္စည်းကို စနစ်တကျ အချိန်အတိအကျဖြင့် ထိန်းချုပ်ထားသည်။ ငွေအမ်းချိန်ကိုပင် သတ်မှတ်ပေးထားရာ အချိန်ပိုကြာလျှင် အသံမြည်လာသည်။ အလုပ်စတင်ချိန်၊ အလုပ်သိမ်းချိန် အတိအကျ မှတ်တမ်းရှိသည်။ အရောင်းသမားအမည်၊ ပစ္စည်း၊ တန်ဖိုး (ရငွေ၊ အမ်းငွေပါ) အကုန်မှတ်တမ်း ရှိသည်။ အံဆွဲဖွင့်သော အကြိမ်ပါ မှတ်တမ်းရှိရာ အလွန်နိုင်မာတိကျသော ထိန်းချုပ်မှုဖြစ်သည်။

အလားတူ CCTV က ဆိုင်များ၊ လမ်းများ၊ အိမ်များ၊ ပန်းခြံများ၊ မီးပွိုင့်များ၊ ရုံးဌာနများ၊ ရထားဘူတာ ဝင်ပေါက်များမှအစ နေရာလပ်မကျန် တပ်ဆင်ထားရာ "သင့်ကို အထက်မှ (ကောင်းကင်မှတ်တမ်းဖြင့်) စောင့်ကြည့်နေသည်"ဟု မှတ်ယူထားပါ။ အလားတူပင် တယ်လီဖုန်းနှင့် ကိုယ်ပိုင်ကွန်ပျူတာများကိုလည်း ထိန်းချုပ်ထားရာ သင်ဘာပြော၊ ဘာလုပ်၊ ဘယ်လို လုပ်ရှားမှု မှန်သမျှ အပြစ်မကျူးလွန်သမျှ အရေးမယူသော်လည်း သိနေသည်။ လူမျိုးစုံ စရိုက်စုံ၊ နိုင်ငံစုံမှ စုဝေးရောက်ရှိလာသောသူများကို ထိန်းချုပ်ထားသော စနစ်ဖြစ်၏။ မော်တော်ကားဖြင့် သွားလျှင် မိမိသွားလိုသော လိပ်စာကို ရိုက်ထည့်ပြီး ကောင်းကင်လမ်းညွှန်ဖြင့် သွားနိုင်သော GPS နှင့် Nagivator - သင်္ဘောလေယာဉ်၊ ကားတို့ကို သွားနေစဉ် ထိန်းကျောင်းပေးသော စနစ်(စက်)သည် သက်သေဖြစ်တော့၏။

**မောင်ကောင်းမြင့်**



www.burmeseclassic.com

www.burmeseclassic.com

# ခက်မာသောနှလုံးသားကို ပျော့ပျောင်းစေလိုလျှင်

တက္ကသိုလ်သဉ်

"ပတ်ဝန်းကျင်ကို ဂရုမစိုက်နဲ့။ ပတ်ဝန်းကျင်ကို ဂရုစိုက်ရင် အလုပ်လုပ်ရခက်တယ်"ဟူ၍လည်းကောင်း၊ "ပတ်ဝန်းကျင်ဆိုတာ ကဲ့ရဲ့ ခုနစ်ရက်၊ ချီးမွမ်း ခုနစ်ရက်ပါပဲ" ဟူ၍လည်းကောင်း ဆိုတတ်ကြ၏။

"ပတ်ဝန်းကျင်ကို ဂရုမစိုက်နဲ့"ဟူသော စကားကို တရေးသူအနေဖြင့် မထောက်ခံလိုပေ။ အဘယ့်ကြောင့်ဆိုသော် လူနှင့် ပတ်ဝန်းကျင်တို့သည် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ အပြန်အလှန် အကြောင်းအကျိုးပြုလျက်ရှိသောကြောင့် ဖြစ်ပါ၏။

ဤသို့သောအခါ လူသည် ပတ်ဝန်းကျင်နှင့် ကင်းကွာ၍ မရနိုင်ပေ။ ပတ်ဝန်းကျင်ကို အလေးဂရုပြုနေရပေမည်။ ပတ်ဝန်းကျင်ကြောင့် လူတစ်ဦး၏ ဘဝအခြေအနေ ပြောင်းလဲစေသည်။ "အကောင်း"ကို ဖြစ်စေနိုင်သလို "အဆိုး"ကိုလည်း ဖြစ်နိုင်သည်။

"မှဆိုးနားနီး မှဆိုး၊ တံငါနားနီး တံငါ"ဟူသော စကားသည် လူနှင့် ပတ်ဝန်းကျင်တို့ အပြန်အလှန် အကြောင်းအကျိုးပြုနေခြင်းကို ပြဆိုလျက်ရှိ၏။

ထင်ရှားသော သာဓကတစ်ရပ်ကို ဖော်ပြလိုပါ၏။ တစ်ခါသော် ကျေးညီနောင်နှစ်ကောင်သည် သစ်ပင်တစ်ပင်တွင် မြူးထူးပျော်ရွှင်စွာ နေကြသည်။ ချစ်ခင်ကြင်နာမှုလည်း ရှိကြ၏။ တစ်နေ့တွင် မိုးသက်လေပြင်းကျ၍ ငှက်ညီနောင်တို့သည် တစ်ကောင်နှင့်တစ်ကောင် ကွဲကွာသွားကြ၏။

တစ်ကောင်သော ကျေးသားမှာ ရသေ့ကြီးသတင်းသုံးသည့် ကျောင်းသင်္ခမ်းအနီးသို့ ရောက်သွားပြီး အခြားကျေးသားတစ်ကောင်မှာ လူဆိုးဓားပြများနေထိုင်ရာ အနီးသို့ ရောက်သွားလေသည်။ ရသေ့ကြီးကျောင်းသင်္ခမ်းအနီး ရောက်သွားသော ကျေးသားသည် နေ့စဉ်နေ့တိုင်း ရသေ့ကြီး၏ တရားစကားကို နာကြားရပြီး ယဉ်ကျေးသိမ်မွေ့လာသည်။ ကျောင်းသင်္ခမ်းအနီးသို့ ရောက်လာသူများကို ပျူငှာစွာ ဆီးကြိုနှုတ်ဆက်သည်။

လူဆိုးဓားပြအနီး ရောက်သွားသော ကျေးသားသည် နေ့စဉ်နှင့်အမျှ ခိုးဆိုး၊ လုယက်အသံများကိုသာ ကြားနေရသဖြင့် ဆိုးသွမ်းသော ကျေးသားဖြစ်လာသည်။ အနီးအနားသို့ ရောက်လာသူမှန်သမျှကို လုကြ၊ ယက်ကြ၊ သတ်ကြဖြတ်ကြဟူ၍ အော်မြည်တတ်လေသည်။

တစ်နေ့တွင် ရှင်ဘုရင်တစ်ပါးသည် ခြွေရံသင်းပင်းနှင့်တကွ တောလည်ထွက်လာရာ ထိုကျေးသားနှစ်ကောင်၏ အခြေအနေကို မြင်တွေ့သိရှိရပြီး မှူးကြီးမတ်ကြီးတို့အား အကျိုးအကြောင်းကို လျှောက်ထားစေသည်။ ထိုအခါ မှူးကြီးမတ်ကြီးတို့က ပတ်ဝန်းကျင်၏ ဖန်တီးလှုံ့ဆော်မှုကြောင့် ကျေးညီနောင်နှစ်ဦး အမူအကျင့် ပြောင်းလဲသွားရပုံကို လျှောက်ထားရာ ဘုရင်ကြီးက "ပတ်ဝန်းကျင်ဆိုတာ လူကို မဆိုထားဘိ၊ ကျေးငှက်သာရကာတို့ကိုပင် ကောင်းခြင်း၊ ဆိုးခြင်းကို ဖြစ်စေပါကလား"ဟူ၍ သံဝေဂစကား ဆိုလေသည်။

အချို့သောသူတို့သည် ကံ၊ ဉာဏ်၊ ဝီရိယနှင့် စိတ်ကောင်းစိတ်မြတ်ရှိသူများ ဖြစ်ကြပါလျက် မသူတော်နှင့် ပေါင်းသင်းမိ၊ မသူတော်စကားကို နာကြား၊ မသူတော်တို့၏ စာပေများကို လေ့လာဖတ်ရှုရသောကြောင့် လမ်းလွဲပြီး လူယုတ်လူညံ့များအဖြစ် သနားစဖွယ်ကျ ရောက်ရရှာသည်။

ပတ်ဝန်းကျင်တွင် ကောင်းကျိုးများ၊ သို့မဟုတ် ဆိုးကျိုးများ ဖြစ်နိုင်သော ဓိအားများရှိနေတတ်ပါ၏။ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

အနာဂတ်ကို ဖျက်ဆီးပစ်နိုင်သည့် ဖိအားပေးမှု အားလုံးနီးပါးကို စနစ်တကျ စဉ်းစားဆုံးဖြတ်ပြီး ရှောင်၍ရနိုင်က ရှောင်သင့်၏။

**"ရောမရောက်လျှင် ရောမလိုကျင့်ရမည်"** ဟု ဆိုစကားရှိ၏။ ဆိုလိုသည့်သဘောမှာ ရောက်လေရာတိုင်းတွင် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်အောင် နေတတ်၊ ထိုင်တတ်ရန် ညွှန်ပြခြင်းဖြစ်၏။ အင်္ဂလိပ်စကားတစ်ခွန်း ရှိ၏။ Survival for Fitness ဟူ၍ ဖြစ်သည်။ ဆိုလိုချက်မှာ **"နေရာသစ်တွင် ကျင်လည်ဖို့ ကိုယ့်ကိုယ်ကို ဝင်ဆံ့အောင် ပြောင်းလဲရတာ ဓမ္မတာပါပဲ"** ဟု ဆိုလိုခြင်း ဖြစ်၏။

သက်ရှိသတ္တဝါတို့တွင် လူသည် အတိုးတက်ဆုံးဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် လူသားသည်သာလျှင် အသိဉာဏ်အရှိဆုံးဖြစ်၍ အသိဉာဏ်ကို အသုံးချတတ်ဆုံးနှင့် အလုပ်ကို အလုပ်တတ်ဆုံးလည်း ဖြစ်သောကြောင့်တည်း။

လူသည် အသက်ရှင်ရေးအတွက် အလုပ်ကိုလုပ်ရင်း သဘာဝအင်အားစုများကို စူးစမ်းလေ့လာ၍ အသုံးပြုရင်း အလုပ်များကို တိုးတက်စေခြင်းဖြင့်ပင် အသိဉာဏ်ပညာရေးနှင့် ယဉ်ကျေးမှုဘဝ (Intelligent and Culture Life) ကို တိုးကတ်ဖြစ်ပေါ်အောင် သယ်ဆောင်လာသော ထူးခြားသည့် သတ္တဝါပင် ဖြစ်သည်။

လူသည် အသိဉာဏ်ပညာကို မည်သို့မည်ပုံ ရရှိသနည်းဆိုသော် လူသည် အသိဉာဏ်ပညာကို ပတ်ဝန်းကျင်မှရရှိသည်။ ထို့ကြောင့် ပတ်ဝန်းကျင်သည် လူကို အကျိုးပြုနိုင်ခြင်း ဖြစ်သည်ဟု ဆိုနိုင်၏။

လူ့ခန္ဓာကိုယ်၏ အပြင်ဘက်ကျသော ပတ်ဝန်းကျင်တွင် မြင်စရာ၊ ကြားစရာ၊ ရှူစရာ၊ နံစရာ၊ စားစရာ၊ သောက်စရာ၊ ထိတွေ့စရာ ဟူသော အာရုံငါးပါး ရုပ်တရားများသည် အသီးသီးရှိနေကြ၏၊ ဖြစ်နေကြ၏။

မျက်လုံးနှင့် မြင်စရာတို့ တွေ့ဆုံသောအခါ မြင်စရာကို သိသော **မြင်သိစိတ်**သည် ဖြစ်ပေါ်လာလေ၏။ နားနှင့် နားစရာတို့ တွေ့ဆုံသောအခါ ကြားစရာကို သိသော **ကြားသိစိတ်**သည် ဖြစ်ပေါ်လာလေ၏။ နှာခေါင်းနှင့် ရှူစရာ၊ နံစရာတို့ တွေ့ဆုံသောအခါ **နံ့သိစိတ်**သည် ဖြစ်ပေါ်လာလေသည်။ လျှာနှင့် စားသောက်စရာတို့ တွေ့ဆုံသောအခါ စားသောက်စရာ အရသာကိုသိသော **အရသာသိစိတ်**သည် ဖြစ်ပေါ်လာ၏။

ထိုနည်းတူ အခြား ကိုယ်အင်္ဂါအစိတ်အပိုင်းနှင့် ထိတွေ့စရာတို့ တွေ့ဆုံသောအခါ ထိတွေ့စရာကို သိသော **တွေ့သိစိတ်**သည် ဖြစ်ပေါ်လေသည်။

မြင်သိစိတ်၊ ကြားသိစိတ်၊ နံ့သိစိတ်၊ အရသာသိစိတ်၊ တွေ့သိစိတ် ဟူသော အသိတရားငါးပါးသည် လူသား၏ ပစ္စုပ္ပန်အတွေ့အကြုံမှ ဖြစ်ပေါ်သော ပစ္စုပ္ပန်အသိစိတ်များ ဖြစ်ကြသည်။ ထိုအသိတရားငါးပါးကို လူသားဦးနှောက်က မှတ်သားပြီးသောအခါ ထိုအသိတရားငါးပါးသည် တွေးသိစရာ အာရုံများအဖြစ်သို့ ကူးပြောင်းသွားကြ၏။

ဤသည်မှာ လူသားတို့၏ အသိတရားဟူသော စိတ်ဓာတ်ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းပင် ဖြစ်၏။ ထိုကဲ့သို့ လူသားနှင့် ပတ်ဝန်းကျင်တို့၏ ဖြစ်မှု၊ ပျက်မှုများကို လူသားတို့သည် စာပေဖြင့် မှတ်တမ်းတင်ကြ၏။ အတိတ်လူသားတို့၏ မှတ်တမ်းတင်မှုကို ပစ္စုပ္ပန်လူသားတို့က လေ့လာဆည်းပူး နည်းနာယူ၍ အနာဂတ်အတွက် ဖန်တီးခြင်းဖြင့် လူ့ဘဝ သံသရာကြီးသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူသော ကာလသုံးပါးတွင် လည်ပတ်နေလေသည်။

ထိုအချက်ကို အကြောင်းပြု၍ စာရေးဆရာကြီး ဦးဉာဏက -

"လူသည် လူ၏ ကျပ်ပြည့်အရည်အသွေးနှင့် ပြည့်စုံရန် စာကိုဖတ်၊ စာကိုငတ်၊ စာကိုစား၊ စာကိုဝါး၊ စာကိုဖတ်၊ စာကိုမှတ်၊ စာကိုချစ်၊ စာကိုရစ်၊ စာကိုရှာ၊ စာကိုဆာ၊ စာကိုသိမ်း၊ စာကိုထိန်း၊ စာကိုလိုက်၊ စာကိုကြိုက်၊ စာဥ္စပျော်မွေ့တရွှေ့ရွှေ့ဖြင့်၊ စေ့စေ့တွေးကြံ၊ အသိဉာဏ်သည် ကေန်တိုးတက်ရလတ္တံ့"ဟု ဆိုပါ၏။

နူးညံ့သိမ်မွေ့သော ရေသည် ခက်မာသော ကျောက်ဆောင်ကို သဲမှုန့်လေးများ ဖြစ်နိုင်သလို နူးညံ့သိမ်မွေ့သော မှိုပွင့်သည် ခက်မာသော မြေကြီးကို ဖောက်ထွက်လာနိုင်သလို စာပေကို လေ့လာလိုက်စားသူ၊ စာပေဖြင့် မွေ့လျော်သူ၊ စာတတ်ပေတတ် စာပေပညာရှင်များသည်လည်း နူးညံ့သိမ်မွေ့သော အကျိုးပြုနည်းကို သုံးလျက် လူသားတို့၏ ခက်မာသော နှလုံးသားများကို ပျော့ပျောင်းအောင် စွမ်းဆောင်နိုင်မည် ဖြစ်ပါ၏။


**တက္ကသိုလ်သခ်**

၀၉-၄၃၁၉၂၂၆၉



www.burmeseclassic.com

www.burmeseclassic.com



# ချစ်သူ့လက်စွဲ - ၃

ခင်လမှအဆက်

ကိုတိုး(ရန်ကင်း)

## ကြောင်

ကြောင်သည် လူတို့၏ ချစ်ခင်ယုယခြင်းကို ခံရသည့် ဿတ္တဝါ ဖြစ်၏။ အထူးသဖြင့် အမျိုးသမီးများက ကြောင်ကို ချစ်ခင် တတ်ကြပေသည်။

ထို့ကြောင့်ပင် "ကြောင်ရုပ်" အဆောင်လေးများ ည်လည်း လူကို အကျိုးပြုစေသည်ဟု ယုံကြည်မှုရှိ ကြသည်။

ကြောင်ရုပ်လုလုလေးများကို တစ်ခြားသော ပစ္စည်း တွင် ချိတ်ဆွဲ၍သော်လည်းကောင်း၊ စားပွဲဆောင်တွင် ဆင်၍ သော်လည်းကောင်း၊ အသုံးပြုတတ်ပေ၏။ အချို့သော အရပ်ဒေသများ၌ "ကြောင်" ရုပ်လေးများကို ကံကောင်းစေသည့် အဆောင်များအဖြစ် အိမ်များတွင် ထားရှိတတ်ကြသည်။

ရှေးခေတ် ရောမများကမူ . . .

ကြောင်တို့၏ လွတ်လပ်စွာ နေထိုင်တတ်ကြသည့် စရိုက်ပေါ်တွင် မူတည်ကာ "ကြောင်ရုပ်" လေးများအား လွတ်လပ်မှု အထိမ်းအမှတ်အဖြစ် သုံးစွဲခဲ့ကြလေသည်။

အီဂျစ်နိုင်ငံတွင် "ကြောင်" များအား အထွတ်အမြတ် အဖြစ် ထားရှိသော အစဉ်အလာတစ်ရပ် ရှိခဲ့လေသည်။ ကြောင်၏ မျက်လုံးများသည် ကောင်းကင်ပြင်ပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com



လမင်းကြီးနှယ် မိုတ်ချည် ဖွင့်ချည် သဘာဝရှိသော ကြောင့် ကြောင်သည် လမင်းကို ကိုယ်စားပြုသည်ဟု ဆိုခဲ့ကြလေ၏။

ကြောင်အနက်ရောင်ကို တစ်ချို့က ကံကောင်းသည်ဟု ယူဆခဲ့ကြသလို တစ်ချို့ကလည်း ကံဆိုးစေသည့် နိမိတ်ဟူ၍ သတ်မှတ်ထားခဲ့ကြလေသည်။

ခရစ်ယာန်တို့ကမူ ဆေတန်နတ်ဆိုးသည် ကြောင် အနက်အသွင်ကို ယူကာ လူ့ပြည်သို့ ထောက်လှမ်းမှုလာပြုသည်ဟု ယုံကြည်ထားခဲ့ကြလေ၏။

ထို့ကြောင့်ပင် အနက်ရောင်ကြောင်နှင့် အနက်ရောင် ကြောင်ရုပ်များအား ရှောင်ရှားခဲ့ကြလေသည်။

ကြောင်နှင့်ပတ်သက်၍ ဂျပန်တို့၏ အယူအဆမှာ လာဘ်ကောင်းသည်ဆိုကာ ကျွန်ုပ်တို့ မြန်မာ ဈေးဆိုင်များတွင် ဇီးကွက် ရုပ်များဆောင်၍ လာဘ်ခေါ်သည့်နည်းတူ ဂျပန်များက ဈေးဆိုင်တွင် ကြောင်ရုပ်ထား၍ လာဘ်ခေါ်သည်ဆိုခြင်းလောက် သာသိပါ၏။

ကြောင်၏ တစ်ခြားထူးခြားသည့် စွမ်းရည် တစ်ရပ်မှာ ကြောင် သည် လွန်စွာ အသက်ပြင်းခြင်းပင်ဖြစ်၏။

ကြောင်သည် တော်ရုံ သတ်၍မသေ။ သေပြီ အထင်ဖြင့် ပစ်ထားခဲ့ပါလျှင် မသေဘဲ ပြန်လည်၍ ရှင်သန်လာတတ်ကြပေသည်။

ထို့ကြောင့် ကြောင်ကို "ကိုးသက်" ရှည်သည့် သတ္တဝါဟု တင်စားပြောဆိုခဲ့ကြလေ၏။

ထိုအချက်များအပေါ်တွင် မူတည်ကာ

ဘဝဒဏ်ကြံ့ကြံ့ခံနိုင်စွမ်း ကြွယ်ဝလာစေရန် ခရီးသွားလာရာတွင် အန္တရာယ်ကင်းရှင်းစေရန်အတွက် ရည်ရွယ်ကာ ကြောင်အရုပ်လေးများအား ဆောင်ထား တတ်ကြလေ၏။


ချစ်သူခင်သူများအနေနှင့်မူ

မိမိတို့၏ ချစ်ခရီးလမ်း သေးမသီရန်မခဘဲ ဖြောင့်ဖြူး နေစေရန် လောကဓံကို ကြံ့ကြံ့ခံနိုင်စေရန်တို့အတွက် စိတ်ရည်သန်ကာ အဆိုပါ ကြောင်ရုပ်လေးများအား ဆောင်ထားတတ်ကြခြင်းပင် ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



The Talisman of Venus

## ချစ်သူတို့ဆောင်ရန်အတွက် အချစ်ကံကောင်း စေသည့် အင်းကွက်

ရှေးပဝေသဏီက အချစ်ရေးအဆင်ပြေရန် အလို့ငှာ အဆောင် အင်းကွက်ဟူ၍ ရှိခဲ့လေသည်။

ခေါ်မတို့က "အေပရိုဒိုက်" Aphrodite ဟု ခေါ်ဆိုကြကာ ရောမတို့က "ဗီးနပ်စ်" Venus ဟု ခေါ်ဆိုခဲ့သော အချစ် နတ်ဘုရားမ၏ အင်းကွက်များသည် အချစ်ကို စိုးသည့် ဗီးနပ်စ် နတ်ဘုရားမ၏ တံဆိပ်တော်ဖြစ်သည် ဟူ၍လည်း ခံယူထား ခဲ့ကြလေသည်။

ထိုဗီးနပ်စ်အင်းကွက်အား ချစ်သူတို့ဆောင်ထားကြပါမူ အချစ်ရေးတွင် ကုသိုလ်ကံကောင်းမွန်ကာ ချစ်ခရီး လမ်းဖြောင့်တန်း၍ ပန်းခင်းလမ်းကို လျှောက်လှမ်းနိုင်ကြသည်ဖြစ်ပေသည်။

ထို့ကြောင့် ထိုအင်းကွက်အား ချစ်သူတို့ ကိုယ်နှင့်မကွာ ဆောင်ထား သင့်ကြသည်ဟူ၍ ဆိုခဲ့ကြလေသည်။

ဆက်ပါဦးမည်. . . .

**ကိုတိုး** (ရန်ကင်း)





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

**မြေးလေး…ရွှေယွန်းဝတီကျော်ရေ…**

မြေးလေးဟာ ဩဂုတ်လဘွားလေးမို့ ဩဂုတ်လရဲ့ မွေးနေ့သမားတွေရဲ့ ဖြစ်လေ့ဖြစ်ထ ရှိတတ်တာလေးတွေ ဘိုးဘိုးပြောပြပြီးနောက်···

မြေးလေးရေ···

မြေးလေးဟာ ··· လူ့ဘဝကြီးထဲကို လွယ်လွယ်နဲ့တော့ ရောက်လာခဲ့တာမဟုတ်ဘူး မြေးလေးရဲ့··· မြေးလေးကို ကိုယ်ဝန်မဆောင်ခင် ကတည်းက မြေးလေး ဘိုးဘိုး ဘွားဘွား ဖေဖေ မေမေတို့ရဲ့ ဘဝထဲရောက်လာဖို့ကို ဆုတောင်းရတာလေးလည်း အလီလီပါပဲ။

ဖေဖေနဲ့ မေမေဆိုရင် ရွှေတိဂုံစေတီတော်ကြီးမှာ ရှိတဲ့ ဗြဟ္မာသားပိုက်ရုပ်ထုကြီးမှာ ဆုတောင်းရတာ အမောပါပဲ၊ မြေးလေး မေ့မေ့ ကိုယ်ထဲ ရောက်တော့လဲ မေမေ ဟာ တတ်သမျှ ပရိတ်တွေ၊ ဂါထာတွေ ရွတ်ရတယ် မြေးလေးရဲ့။

မြေးလေး ကျန်းကျန်းမာမာနဲ့ ချမ်းချမ်းသာသာနဲ့ ဘိုးဘိုးဘွားဘွား၊ ဖေဖေ မေမေ တွေနဲ့ တွေ့ဖို့ပေါ့ကွယ်။

အဲဒီမှာ စတာပဲလို့ ပြောရမှာပါ။

ဖေဖေနဲ့ မေမေက မြေးလေး မွေးဖွားဖို့ ဘယ်လို ဆရာဝန်နဲ့အပ်ရမလဲ ဘယ်ဆေးရုံမှာ မွေးရမလဲက တာပါပဲ။ သူတို့က ခေတ်မီ နည်းပညာတွေ တတ်တော့ အင်တာနက်ဆိုတဲ့ ဆက်သွယ်ရေး ကွန်ယက်တွေမှာ ရှာဖွေတော့တာပဲ။ အဲဒီမှာ မြေးလေးနဲ့ အသင့်တော်ဆုံး ဆိုတဲ့ ဆရာဝန်မကြီးကို တွေ့ရတော့တာပေါ့။

ဒီဆရာဝန်မကြီးက ဒေါက်တာဒေါ်ခင်မျိုးဦးတဲ့ မီးယပ်နဲ့ သားဖွား အထူးကုပေါ့၊ ဒီဆရာမကြီးရဲ့ ကောင်းသတင်းတွေကို စုဆောင်းပြီး ဒီဆရာဝန်မကြီးနဲ့ အပ်ရဖို့က ရှာဖွေတော့ သုခကမ္ဘာဆေးရုံကြီးနဲ့၊ ပန်းလှိုင်ဆေးရုံကြီး ဆိုတာ သွားတွေ့တယ်။

ဒါပေမယ့် ဒီဆရာမကြီးကို ဆက်ဆံရတာက လွယ်ကူဘူး၊ တိကျတယ်၊ လူအသစ်လက်မခံဘူး၊ လက်ခံထားတဲ့သူတွေကိုပဲ သေသေချာချာ ဂရုစိုက်ရတယ် ဆိုတော့ မြေးလေးဖေဖေနဲ့ မေမေက ခေါင်းစားရပြန်တာပေါ့ ဒီတော့လည်း ဒီနေရာမှာ ဘိုးဘိုးကြီးက ဝင်ပါရပြန်တာပေါ့ကွယ်။ အဖေတဲ့ ဒေါ်ခင်မျိုးဦးက သုခကမ္ဘာနဲ့ ပန်းလှိုင်မှာထိုင်တယ်၊ အဲဒါ ဘယ်မှာပြရမလဲဆိုတော့၊ သားတို့အိမ်နဲ့ သုခကမ္ဘာက နီးတော့ သုခကမ္ဘာမှာ ပြဆိုတော့ သူတို့ သွားမေးတယ်။ လူသစ်လက်မခံတော့ဘူးတဲ့ အဖေ လုပ်ပါဦးဆိုတော့ ဘိုးဘိုးကြီးလဲ သုခကမ္ဘာဆေးရုံ သွားရတာပေါ့။

သုခကမ္ဘာဆေးရုံကြီးဆိုတာ ဘိုးဘိုးကြီးတို့ ဘွားဘွားကြီးတို့ မစိမ်းတဲ့ ဆေးရုံကြီးပေါ့ မြေးလေးရယ်၊ အခု မြေးလေးတို့ခေတ်ဆိုတာ ဘယ်နေရာဖြစ်ဖြစ် အပေါင်းအသင်းရှိမှ အဆင်ပြေတာကွယ့်။

ဒီတော့ ဆေးရုံပိုင်ရှင် အုပ်ချုပ်မှုဒါရိုက်တာ ဗိုလ်မှူးသန့်ဇင် ဆီကို သွားရတာပေါ့၊ ဒါပေမယ့် ဗိုလ်မှူးကပြည်ပခရီးထွက်နေတော့၊ သူ့ဆေးရုံက မန်နေဂျာနဲ့ ဝင်တွေ့ရတာပေါ့။ ဒီဆေးရုံက ဘိုးဘိုးတို့နဲ့က လုံခြုံရေး က အစ အုပ်ချုပ်ရေးမှူး အထိ သိကျွမ်းနေတော့ အဆင်ပြေတာပေါ့ မြေးလေးရယ်။

ဒါနဲ့ အုပ်ချုပ်ရေးမှူးက ညွှန်ကြားကောင်တာ ကို ဖုန်းဆက်ပြီး တံကင်နံပါတ်(၅) ရတယ်မြေးရဲ့။

အဲဒီကစပြီး ဆရာဝန်ကြီး ဒေါက်တာ ခင်မျိုးဦးနဲ့ စတွေ့ရတော့တာပါပဲ။ ဆရာဝန်မကြီးက အပြောမချိုပေမယ့် အလုပ်ကတော့ တိကျသေချာတယ် မြေးလေးရေ၊ တိတိကျကျ မှန်မှန်ကန်ကန်လုပ်ဆိုတာ ဒီ ဆရာဝန်မကြီးပါပဲ၊ သူ့ရဲ့ အဆင့်ဆင့် ကုသမှုတွေကြောင့် မြေးလေးဟာ ဘေးမသီ ရန်မခဘဲ လူ့လောကကြီးထဲကို ကျန်းကျန်းမာမာနဲ့ ရောက်ခဲ့တော့တာပေါ့။

ဆရာဝန်မကြီး အစီအစဉ်နဲ့ပဲ သုခကမ္ဘာမှာ မြေးလေးကို အနီးကပ်စောင့်ရှောက်ဖို့ မြေးလေး မေမေ ဆေးရုံတက်၊ ကျန်းမာရေးစောင့်ရှောက်မှု ခံရသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာမကြီးက တစ်နေ့ကို (၂)ကြိမ်လောက် လာလာ ကြည့်တယ်၊ အဲဒီလိုကြည့်ရုံနဲ့ မပြီးသေးဘူး၊ လိုအပ်တာတွေ ညွှန်ကြားတယ်၊ ကုသမှုတွေပေးတယ်၊ ထူးခြားတာက ညစဉ်(၇)နာရီမှာ တာဝန်ကျ ဆရာဝန်တွေက သူ့ဆီ သတင်းပို့ရတယ်၊ တော်တော်ကို စေ့စပ်သေချာတဲ့ ဆရာဝန်မကြီးနဲ့တွေ့ရတာ မြေးလေးရဲ့ ကောင်းတဲ့ ကုသိုလ်တွေပဲ မြေးလေး။

သူခကမ္ဘာက အုပ်ချုပ်မှုဒါရိုက်တာကြီး ဗိုလ်မှူးသန့်စင်နဲ့ကလည်း ခဏခဏ တွေ့ရတော့တာပေါ့၊ သူကလည်း သူ့ဝန်ထမ်းတွေကို ဂရုစိုက်ဖို့မှာထားတော့ ဆေးရုံမှာလည်း လိုလေသေးမရှိပါဘူး။ မြေးလေးရယ်။

ဒီလိုနဲ့ မြေးလေးရေ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ(၁၆)ရက်နေ့ ညနေ(၃)နာရီ(၂၅) မိနစ်မှာ မြေးလေးကို မွေးဖွားခဲ့တာပေါ့။ ဩဂုတ်လမှာ မွေးတဲ့လူတွေရဲ့ ကံကြမ္မာကို ဘိုးဘိုးပြောပြခဲ့ပြီးပြီ။ အခု မြေးလေးမွေးတဲ့နေ့က (၇)ဂဏန်းဆိုတော့ မြေးလေးမွေးတဲ့နေ့ဟာ အင်္ဂလိပ်လိုပြောရရင် Lucky Seven ပါပဲ၊ ခုနစ်ဂဏန်းဆိုတာ (၃)ဂဏန်းနဲ့ (၄) ဂဏန်းပေါင်းစပ်ထားတာမို့ (၃)ဂဏန်းကို လူ ဂဏန်း(၄) ဂဏန်းကို နတ်ဂဏန်းလို့ ရှေး အတိတ ပဝေသဏီက ဩဃာတစ်ခေါ်တဲ့ ပညာရှင်တွေက မှတ်ယူကြတယ်။ ဒါကြောင့် (၇)ဂဏန်းဟာ လူ၊ နတ် ချစ်ခင်တဲ့ ဂဏန်းပေါ့ မြေးလေးရယ်။

ဒီ(၇)ဂဏန်းကို လာဘ်လာဘရတဲ့ ဂဏန်းလို့ ပြောကြတယ်။ နောက်ပြီး (၇)ရက်မှာ မွေးတဲ့ လူတွေဟာ ထူးခြားထင်ရှား တာတွေလည်း ဖြစ်တတ်တယ်။

ကမ္ဘာကျော်စာရေးဆရာကြီးတွေ၊ ရုပ်ရှင်ဒါရိုက်တာကြီးတွေ၊ နိုင်ငံရေးခေါင်းဆောင်ကြီးတွေဟာ (၇)ဂဏန်းသမားတွေများတယ်၊ ထိပ်တန်း အောင်မြင်မှုတွေလည်းရကြတယ်။ ဘာသာရေးကို လေးစားတယ်။

ဂမ္ဘီရပညာတွေကိုလည်း လိုက်စားတတ် ကြတယ်၊ ရုပ်ရှင်မင်းသမီးကြီး ခင်သန်းနုလည်း (၇)ဂဏန်းပဲ၊ စာရေးဆရာမ ဒေါ်ခင်နှင်းယု ကလည်း (၇)ဂဏန်းပဲ၊ အိမ်ရှေ့စံ မိဖုရား စာဆိုပညာရှင် လှိုင်ထိပ်ခေါင်တင် ဟာလည်း (၇)ရက်နေ့မွေးတာပဲ၊ ဘိုးဘိုးကြီး တို့ ဆရာကြီး မင်းသိင်္ခကလည်း (၇) ဂဏန်းသမားပဲ ပိုပြီးတိုက်ဆိုင်တာ ကတော့ မြေးလေးရယ် မြေးလေးရဲ့ ဘွားဘွား ဆရာမကြီး ဒေါက်တာ စောယုနွယ်ဟာလည်း မြေးလေးနဲ့ တစ်ရက် တည်းမွေးတဲ့ (၁၆)ရက်နေ့ မွေးတဲ့ (၇) ဂဏန်းသမားပေါ့။

(၇)ဂဏန်းသမားတွေဟာ ဘာကိုပဲလုပ်လုပ်၊ ဘာကိုပဲ စဉ်းစားစဉ်းစား သဘာဝ ထဲကအတိုင်းလုပ် ကတတ်ကြတယ် စေတနာ သဒ္ဓါ တရားတွေ ပိုတတ်ကြတယ်။ ကိုယ့်မှာ ရှိတာနဲ့နဲ့ မျှတာက များများ၊ ဒါပေမဲ့ ဘယ် ဘက်က တစ်ဆုပ်ကျဲရင် ညာဘက်က တစ်လှည်းဝင် တတ်တာ (၇) ဂဏန်းသမားတွေပါပဲ၊ တစ်ခုတော့ရှိတာ ပေါ့လေ မကျေနပ်ရင်ဆန္ဒပြတတ်၊ စိတ်ကောက်တတ် တယ်၊ အခုပဲကြည့်လေ မြေးလေးဟာ အလိုမကျရင် တော်တော် အော်တတ်တယ်လို့ ဆိုပဲ၊ ဒါဟာ (၇) ဂဏန်းသမားပါပဲ။

အဲဒီတော့ မြေးလေးရေ. . .


မြေးလေး လျှောက်လှမ်းရမယ့် ဘဝလမ်းမှာ မြေးလေး အတွက် မတောင့်မတ မကြောင့်မကျဘဲနဲ့ လျှောက်နိုင် မှာပါလေ။

ဘိုးဘိုးကြီး



www.burmeseclassic.com

www.burmeseclassic.com




ဟော . . . ဟိုမှာ ကိုမောင်မောင်မြင့်အေးတို့ ဆရာမစောယုနွယ်တို့ လာပြီ . . . ကလေးတွေ ထမင်းချိုင့်ကြီးသွားယူဦး၊ အဘစားဖို့ ယူလာတာ၊ တစ်ယောက်က ခုံလေးချပေး၊ သူတို့ထိုင်ရအောင်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုမောင်မောင်မြင့်အေး ဝက်သားမှုပါရဲ့လား"

ဟု တဆက်တည်း မေးလိုက်၏။

ဆရာကြီးက ဧည့်ဆောင်တွင်းမှပရိသတ်ကို ယတြာ ပေးနေခြင်းဖြစ်၏။

ကျွန်တော်တို့ ဇနီးမောင်နှံက သောကြာနေ့ဆိုလျှင် ထမင်းချိုင့်ကြီးနှင့်သွားလေ့ရှိ၏။ ကျွန်တော်တို့က ဆရာကြီး ကို ကန်တော့လိုက်ပြီး...

"အသီးမှာ သရက်၊ အသား မှာ ဝက်၊ အရွက်မှာ လက်ဖက် လို့ခေါ်တော့ ဒီသုံးမျိုးလုံးပါတယ်"

ဟုပြောလိုက်ရာ ဆရာကြီးက...

"ဟုတ်ပါပြီ ကိုမောင်မောင်မြင့်အေး ရေ ထိုင်ကြဦး"

**ဟု ပြောပြီး ငါးသုံးလုံး စီးကရက်ကို တဖွာဖွာလိုက်ပြီး ပရိသတ်ဖက်လှည့်ကာ...**

"အဆောင်တွေ ဘာတွေဆိုရင် ပရိသတ်တွေက သဘောကျကြတယ်၊ စစ်ကိုင်းက စောင်းချမ်းသား ဇော်ဂျီ ဆေးကြိတ်တဲ့ပုံ ထုပြီး ဆောင်ရတယ်၊ ဒီ အဆောင်ကို ဘယ် ဗေဒင်ဆရာမှ အလွယ်တကူ ပေးလို့မရဘူး၊ ကျွန်တော် လည်း မပေးနိုင်ဘူး။ ဒီလောက် လူအများကြီး ဘယ်လိုလုပ် ရုပ်တုတွေ ထုနိုင်ပါမလဲ၊ ကျွန်တော်ကလည်း ပေးချင်တော့ မြစ်ဆိပ်က ကျောက်ခဲသန့်သန့်လေးတွေ ကို ကျွန်တော် ကိုယ်တိုင် ရေဆေးရတယ်၊ ပြီးတော့မှ ညစဉ်(၂၀၀)နာရီမှာ ထပြီး မေတ္တာပို့ရတယ်၊ ဒါလေးတွေ ဆောင်ချင်ရင်တော့ ပေးမယ်ယူကြမလား"

ဟု မေးလိုက်ရာ ပရိသတ်ကြီးက

"ယူပါမယ်"

ဟု ပြောလိုက်ရာ ဆရာကြီးက...

"ကဲ ကဲ ကလေးတွေ ပေးလိုက်ပါ၊ တစ်ချို့က ကိုယ့် အတွက် နောက်ပြီး အိမ်က ကလေးတွေ အတွက်၊ ယောကျ်ားအတွက်၊ လက်နှစ်ဖက်နဲ့ တောင်းလိမ့်မယ်၊ ဟောဟိုမှာ တောင်းနေပြီ၊ အဲဒီ လူတွေလဲ ပေးလိုက်ကြ"

ဟု ပြောလိုက်ရာ သန္တကလေးများက အပြေးအလွှား ပေးကြ၏။ ပရိသတ်ကလည်း အလုအယက် ယူကြ၏။

ထိုကဲ့သို့ အဆောင်လေးများပေးပြီးနောက်

"ကဲ ခင်ဗျားတို့လည်း မောပြီ ကျွန်တော်ဆီကို နေရာ အသီးသီးက လာကြတော့ ဆာမှာပေါ့၊ ကျွန်တော်ကတော့ ကျွန်တော့် တပည့်တွေရဲ့ လှူတာလေးတွေနဲ့ စားရတော့ ခင်ဗျားတို့ကိုလည်း တတ်နိုင်သလောက်ပေါ့၊ ထမင်း အဝကြီး မဟုတ်လဲ အဆာပြေပေါ့ဗျာ၊ ထမင်းပူပူလေး ပေါ်မှာ သီးစုံကုလားဟင်းနဲ့ ငပိချက်လေးနဲ့ ပြီးရင် ရေခဲ ရေလေးနဲ့၊ နောက်ပြီး၊ မနောမယ လက်ဖက်ရည်ပေါ့ဗျာ၊ စားကြမယ်လား"

**ဟု မေးလိုက်ရာ စားပါမယ်ဟု ပရိသတ်က အော်ကြ၏။**

"ဆရာကြီးက ကဲ ထမင်းစားမယ်တဲ့ ဗိုကြီး ကို ခေါ်တော့ဟု ပြောလိုက်လျှင် သန္တလေးများက ဗိုကြီး ဘက်သို့ အပြေး အလွှားသွားကြ၏။ ကက်ဆက်မှလည်း မြန်မာပြည် သိန်းတန်၏ လေလှော်သံ သီချင်းဖွင့် ပေးလိုက်ရာ သန္တများက လောင်းလှေကြီးကို ထမ်း လာကြ၏။ ဧည့်ဆောင် တည့်တည့်တွင်ချပြီး လှေပေါ်တွင် အသင့်အနေ အထားရှိနေပြီး ဆရာကြီးက...

"ကဲ မင်းတို့ ချက်ထားတာပြပါဦး"

ဟု ပြောလိုက်ရာ ထမင်းတောင်း နားက ထမင်းပါ ခင်ဗျ"

ဟု ထမင်းတောင်ကြီး ဖွင့်ပြလိုက်၏။

ကုလားဟင်းဟု အော်ပြီး အိုးကြီးက တစ်ယောက် ဖွင့်ပြ၏။

ငပိကြော်ဟု တစ်ယောက်က ပြော၏။

ရေခဲရေဟု တစ်ယောက်က အော်၏။

လက်ဖက်ရည်ဟု တစ်ယောက်က အော်၏။

ဆရာကြီးက



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပြီ ခူးခဲ့တော့" ဟု ပြောလိုက်ရာ

ဆရာကြီးအတွက် တစ်ပန်းကန်၊ ကျွန်တော် တို့အတွက် တစ်ပန်းကန် ခူးလာ၏။ ဆရာကြီးက တစ်ဇွန်း ခပ်စားပြပြီး

"ယုံယုံကြည်ကြည်နဲ့ စားပါ၊ ကျွန်တော် ကိုယ်တိုင်လဲ စားတယ်၊ ကိုမောင်မောင်မြင့်အေး တို့ ဇနီးမောင်နှံလည်း စားတယ်ဟု ပြောလိုက်၏။

သန္တေမျှားက လက်ဆင့်ကမ်း ထမင်းပန်းကန်များ ပေးကြ၏။ ထမင်းပန်းကန် စေ့သွားသော အချို့က စားပြီး ပန်းကန်များကို သိမ်း၏။ အချို့က ရေခဲရေကိုပေး၏။ အချို့က ရေခဲရေခွက်များ သိမ်း၏။ အချို့က လက်ဖက်ရည်ခွက်များပေး၏။ အချို့က လက်ဖက်ရည်ခွက်များ သိမ်းကြ၏။ အားလုံးစုံသောအခါ တံမြက်စည်း လှည်းသူက လှည်း ထိုနေရာ အားလုံးကို ထုံးမှုန့် ဖြူးသူက ဖြူးကြ၏။

ထိုကဲ့သို့ ထမင်းကျွေးခြင်း၊ ရေခဲရေတိုက်ခြင်း လက်ဖက်ရည်တိုက်ခြင်း၊ ပန်းကန်သိမ်းခြင်းတို့သည် လူ (၅၀) (၁၀၀)ကို နာရီဝက်အတွင်း အပြီးဆောင်ရွက်ကြ၏။

ထို့နောက် ဆရာကြီးက

"ကဲ ... အားလုံးပဲ စားသောက်ပြီးကြပြီ ကျွန်တော်လည်း ကိုမောင်မောင်မြင့်အေးတို့ရဲ့ ထမင်းကိုစားရဦးမယ် ညနေကြမှပြန်တွေ့ကြမယ်"

ဟု ပြောလိုက်ရာ ဆရာကြီး၏ ဝှီးချဲကြီးကို အောင်သန်း က တွန်း၏ ပရိသတ်ထဲမှ ဖြတ်ပြန်ရာ ဆရာကြီးကို ကန်တော့ကြ၏။ အလှူငွေများကို ထည့်ကြ၏။

ကျွန်တော်တို့လည်း ... ဆရာကြီး နောက်မှ လိုက်ပြီး ဆရာကြီးအခန်းထဲသို့ ဝင်လိုက်တော့၏။

အခန်းထဲရောက်သည်နှင့် ဆရာကြီးက

"ကဲ... ကိုမောင်မောင်မြင့်အေးရေ မင်းရဲ့ အသားမှာ ဝက်၊ အသီးမှာ သရက်၊ အရွက်မှာ လက်ဖက်အကြောင်း ပြောပါဦး"

ဟု ပြောလိုက်ရာ ကျွန်တော်က....

"ဒါက မြန်မာတွေရဲ့ စာချိုးပါ၊ ဘယ်ကစာချိုး၊ ဘယ်သူရေးတယ်တော့ မသိဘူး။ ကျွန်တော်တို့ မြန်မာ လူမျိုးတွေရဲ့ မိရိုးဖလာ သက်ကြီးစကား သက်ဂယ်ကြား ဆိုသလို မှတ်သားမိတာပါ၊ ကျွန်တော်ကတော့ အင်းစိန် ဈေးထဲက ဝက်သားသည်ဆီက ဝက်သား မိုးခိုသားပေါ့၊ ပေါင်သားအတွင်းသားကိုပဲ ဆရာကြီးအတွက် ချက်ရ တော့တာပေါ့၊ ဝက်သားကို မြန်မာတွေက ဗမာချက်ရယ်၊ တရုတ်ချက်ရယ် ဒီနှစ်မျိုးကို ခံတွင်း အတွေ့ဆုံးပါပဲ၊ အခြား နိုင်ငံသားချက်နည်းတွေက ဟော်တယ်တွေမှာပဲ၊ ဟိုနည်းနည်း ဒီနည်းနည်းနဲ့ မဝကြဘူး။ ဗမာချက်ကတော့ ဆရာကြီးရေ ဝက်သားတုန်းကြီး လက်သီးဆုပ် သဏ္ဍာန်တို့ ဝက်သားကို သွားဖုန်းမြုပ်အောင် ကိုက်တယ်တို့ စာတွေထဲ ဖတ်ဖူးတာပဲ၊ ဝက်သားအတုံး ကြီးကြီးကို ချင်းရယ်၊ ကြက်သွန်ဖြူရယ်၊ သကြားရယ်၊ ပဲငံပြာရည် အချိုရည်ကို နယ်ဖက်ပြီး နှပ်ထားရတယ်၊ ဒယ်အိုးထဲ ပဲဆီနဲ့ ကြက်သွန် နီလေး တစ်လုံးလောက် ဆီသတ်ပြီး အဲဒီ ဝက်သားတုံး တွေထည့်ပြီး ရေနည်းနည်းနှပ်ထားရတာပဲ၊ ဖျစ်ဖျစ်ဖျစ်ဖျစ် မည်တော့ အနီရောင်သန်းလာတော့ ကြက်သွန်ဥ (၂)လုံး (၃)လုံးရယ်၊ ငရုပ်ပွကြီး (၂)တောင့်လောက်နဲ့ ရေနဲ့ ပြန်နှပ် ရတာပေါ့ ဆရာကြီးရယ်၊ ဆရာကြီး ရေးတဲ့ ပုဂံသား မောင်ဘမော်ထဲက အပျိုကြီးက ဘမော်ကို သင်ကြား ပေးတဲ့အတိုင်းပေါ့"

ဟုပြောပြီး ရေနွေးတစ်ခွက် သောက်လိုက်ရာ ဆရာကြီးက...

"အေးကွ မင်းပြောသလို အချို့ကလည်း ပုဂံသား မောင်ဘမော်ထဲက ဝက်သားချက်နည်း လာ လာတောင်း နေတာ အခု မင်းပြောတော့ အတော်ပဲပေါ့ကွာ"

ဟု စီးကရက်သောက်ပြီး နားထောင်နေရာ ကျွန်တော်က...



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီလို ကြက်သွန်လဲနှံး ဝက်သားလည်းနူးပြီဆိုရင် ပဲငံပြာရည် အနောက်ကိုအပေါ်က ထပ်ဆမ်းလိုက်ရင် အရမ်းစားကောင်းပြီပေါ့ ဆရာကြီးရယ်"

ဟု ပြောလိုက်ရာ ဆရာကြီးက မင်း ပြောတာနဲ့ ဆာလာပြီ အပျိုကြီး ထမင်းပြင်တော့ ဟု ပြောလိုက်ရာ အပျိုကြီးခေါ် ဆရာမအိခိုင်ပွင့် က ထမင်းပွဲကြီးကို ပန်းကန်ကြီး ပန်းကန်ငယ်တို့တွင် ထည့်ပြီး လင်ပန်းကြီးနှင့် ယူလာ၏။

ကျွန်တော်က . . .

"ဟင်းရည်ကတော့ ကန်စွန်းရွက်ချဉ်ရည်ဟင်းပဲ ပါတယ်၊ ခရမ်းသီးအကြီးကို မီးအွေးမီးနဲ့ဖုတ်ပြီး သုပ်ထား တယ်။ ဒါက လက်ဖက် အသားဆီစိမ်၊ ဒါက ရင်ကွဲ သရက်သီး၊ ဒါက ဒညင်းဝက်ကြော်၊ ဒါက ငံပြာရည်ချက်" ဟု ပြောပြလိုက်၏။

ဆရာကြီးက ၎င်းစားနေကျ ငွေလင်ပန်းကြီးထဲသို့ ထမင်းကို ကိုယ်တိုင်ခပ်ထည့်၏။ ဝက်သားတုံးကြီးကို ထည့်၏ လက်ဖက်ဆီစိမ် တစ်ဇွန်းထည့်၏။ ၎င်း၏ လက်ဖြင့် အားရပါးရနယ်၏။ ဝက်သားတုံးကြီးကို လက်နှင့် ဖဲ့၏။ တစ်ကိုက်ကိုက်၏။ လက်ဖက်နှင့် ဝက်သား အဆီ များ နယ်စား၏။ ချဉ်ရည်ဟင်းကို ရှူးကနဲသောက်၏။ ဒညင်းဝက်ကြော်ကို ၎င်း၏ ရွှေသွားဖြင့်ကိုက်၏။ ပြီးနောက် သရက်သီးတစ်စိပ်ကို ထမင်းနှင့် နယ်စားလိုက်၏။ ပြီးသော် ရေခဲရေခွက်ကြီးကို တဂွတ်ဂွတ် သောက်လိုက်ပြီး . . .

"အား . . . နောက်ဆုံးတော့ ရေခဲရေက အကောင်းဆုံး ပါပဲကွာ" ဟု ပြောလိုက်လေတော့၏။ ပြီးနောက် ငါးသုံးလုံး စီးကရက်ကို မျက်စိလေးမှေးပြီး ဖွာပြီးနောက် . . . .

"ကိုမောင်မောင်မြင့်အေး ရေ မင်းရဲ့ အသီးမှာ သရက်၊ အသားမှာ ဝက်၊ အရွက်မှာ လက်ဖက် အစီအစဉ်ကတော့ ကောင်းပါရဲ့ နည်းနည်းတော့ အိပ်ချင်လာပြီ"

ဟု ပြောလိုက်ရာ ကျွန်တော်က

"ကျွန်တော်လည်း ပြန်မှာပါပဲ၊ ဆရာကြီးသမီးက ကျွန်ခဲ့မှာ ဒါပေမယ့် ဆရာကြီးရယ် ကျွန်တော့် စာဖတ် ပရိသတ်တွေ အတွက်တော့ တစ်ခုခုလေးပေးဦးမှပေါ့"

ဟု ပြောလိုက်ရာ ဆရာကြီးက

"ဘာများတုန်းကွာ"

ဟု မေးလိုက်၏။

ကျွန်တော်က

"ငွေလေ ငွေ လောကမှာ ငွေဟာလေ" ဆိုတော့ ငွေရဖို့ အစီအရင်လိုတယ်၊ လစ်ပိုပုလင်းတို့၊ နင်းဆီနဲ့ အရက်ပုလင်းတို့က လုပ်နေကြဖြစ်နေပြီ၊ ဒါကြောင့် အသစ်ကလေးတော့ ပေးပါဦး"

ဟု ပြောလိုက်ရာ ဆရာကြီးက မျက်စိ တစ်ချက် မှိတ်လိုက်ပြီး . . .

"ဒီနည်းကတော့ ငါဗေဒင်ဆရာ စဖြစ်စဉ်က သုံးခဲ့ တာပဲ လွယ်ပါတယ်ကွာ၊ ဒါပေမယ့် ယုံယုံကြည်ကြည် လုပ်ဖို့တော့လိုတယ်၊ တစ်ခုတော့ ရှိတယ်၊ ဘာနည်း လဲ၊ ဘယ်ဘိုးတော်ပေးတာလဲ မမေးနဲ့ ငါပေးရင် ငါ့နည်းပဲ မင်းသိခံ့နည်းပဲ၊ အဲဒါ လေးလုပ်လိုက်ပေါ့ကွာ၊ ဒါက ဘာလဲဆိုတော့

**ငါးသေတ္တာဗူး အဝိုင်းလေးပေါ်မှာ ဖယောင်းတိုင်ထွန်း ပူဇော် ဆုတောင်းနည်းပဲ၊ ဖယောင်းတိုင်ထွန်းတဲ့ ခွက်ကလေး အစား ငါးသေတ္တာဗူးလေး ပေါ်မီးထွန်း** ပေါ့ကွာ၊ အဘယ်အချိန်လဲ ဘယ်နစ်ရက်လဲတွေ မမေးနဲ့ကွာ၊ မင်းလဲ သွားတော့ ငါလဲ အိပ်တော့မယ်၊ စောယုန္တယ် ထု-ဟာ"

ဟု ပြောပြီး အနီးရှိသင်ဖြူးပေါ် လှဲချလိုက်လေတော့ သတည်း။

သဗ္ဗေသတ္တာ ကမ္မသကာ

**မောင်မောင်မြင့်အေး**



www.burmeseclassic.com

www.burmeseclassic.com

# မိုင်းဖုန်းဆရာတော်၏ အကျင့်မြတ်နှင့် ဖြစ်ရပ်ဆန်း

ကျော်ဇောဟိန်း(နံ့သာ)

မိုင်းဖုန်းဆိုသော ရွာကလေးသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ တာချီလိတ်မြို့နယ်ထဲတွင် တည်ရှိသော ရှမ်းတိုင်းရင်းသားတို့ နေထိုင်ကြသော ရွာငယ်ကလေးပင် ဖြစ်သည်။ တာချီလိတ်မြို့မှ ၂၇ မိုင်ခန့် ကွာဝေးသော မိုင်းဖုန်းဆရာတော်၏ကျောင်းတော်ကို ကားဖြင့်သွား၍ ရနိုင်လေသည်။ မိုင်းဖုန်းရွာကလေးရှိ ရွာသူရွာသားများ၏ ပစ္စယာနုဂ္ဂဟကို ခံယူတော်မူပြီး တောရဆောက်တည် ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းနေသော ဆရာတော်ဖြစ်သဖြင့် အများက မိုင်းဖုန်းဆရာ



မိုင်းဖုန်းဆရာတော်

www.burmeseclassic.com

www.burmeseclassic.com

တော်ဟူ၍ ဘွဲ့အမည်တပ်ခေါ်ဆိုနေကြသည်။ ဒေသခံတိုင်းရင်းသားများနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ၊ ထိုင်းနိုင်ငံမှ ဒကာ၊ ဒကာမများ၊ ဘုတန်ဘုရင်မင်းမြတ်၏ အထူးကြည်ညိုမှုကို ခံယူရရှိလျက်ရှိသော ဆရာတော်၏ ဘွဲ့အမည်ရင်းမှာ ဘဒ္ဒန္တ ဉာဏသံဝရ ဖြစ်ပေသည်။

မိုင်းဖုန်းဆရာတော်သည် ငယ်ဖြူကိုယ်တော်ဖြစ်ပြီး ရှင်သာမဏေဘဝကပင် ဝိပဿနာကမ္မဋ္ဌာန်းနှင့် ဗုဒ္ဓနုဿတိဘာဝနာကို အမြဲပွားများအားထုတ်ခဲ့သည်။ ရှစ်နှစ်သားအရွယ်ကပင် တောထဲ၊ တောင်ထဲသွား၍ ဝိပဿနာတရား အားထုတ်နေခဲ့သည်။ ခန္တီပါရမီ ကြီးမားသူဖြစ်ပြီး မည်သူနှင့်မျှ ခိုက်ရန်ဖြစ်ပွားမှုမျိုးမရှိခဲ့။ အေးဆေးစွာနေတတ်ပြီး အသက် ၁၂ နှစ်အရွယ်မှစ၍ စပ်မောင်းလုံတရားခွေကို နှစ်နှစ်ခြိုက်ခြိုက် နာယူခဲ့သည်။ ငယ်စဉ် ရှင်သာမဏေဘဝကပင် တောထဲ တောင်ထဲသို့ သွားရောက်ပြီး တရားကျင့်ကြံခဲ့ခြင်းကြောင့် စရဏအားကောင်းလှသော ဘုန်းကံကြီးမားလှသော ဆရာတော် ဖြစ်ခဲ့ရသည်။

မိုင်းဖုန်းဆရာတော် တရားဟောသောအခါ တရားနာပုဂ္ဂိုလ်များ၏ အခြေအနေကိုကြည့်ပြီး ရှမ်း၊ မြန်မာ၊ ထိုင်း၊ လာအို စသော ဘာသာစကားအမျိုးမျိုးနှင့် ဟောကြားလေ့ရှိသည်။ များသောအားဖြင့် မြန်မာနိုင်ငံ ရှမ်းပြည်နယ်တစ်ခွင်၊ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးတို့တွင် ရှမ်းဘာသာစကားဖြင့် တရားဟောကြားတတ်လေသည်။ ဆရာတော်၏ ထူးခြားချက်များမှာ လူတစ်ယောက်ကို မြင်လိုက်သည်နှင့် ထိုသူ၏ စိတ်နေသဘောထားကို သိရှိခြင်း၊ ဆရာတော်အား ဖူးမြော်ရသူတိုင်း ဖူး၍မဝသော ဆန္ဒများ ဖြစ်ပေါ်လာခြင်း၊ ဘာသာစကားများကို မည်သူမျှ သင်ပေးခြင်းမရှိဘဲ အလိုလို တတ်မြောက်နေခြင်း၊ သက်သတ်လွတ် ဘုဉ်းပေးသော ဆရာတော်ဖြစ်ခြင်း၊ ငယ်စဉ်မှစ၍ ယခုတိုင် ဝါတွင်းသုံးလတွင် မည်သူနှင့်မျှ အတွေ့မခံဘဲ မိုင်းပူးအွန်နမ့်ဂုန်းဂူထဲတွင် သစ်သီးများကိုသာ ဘုဉ်းပေး၍ တရားကျင့်ကြံအားထုတ်ခြင်း၊ ဆရာတော်ရောက်ရှိရာ နေရာတိုင်းတွင် လူအများ အလိုလို အဖူးအမြော် ရောက်ရှိလာခြင်း၊ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများနှင့် ဆုံတွေ့ရသောအခါ တွေ့မြင်ရသူများ ကြက်သီးထဖွယ်ကောင်းလောက်အောင် ပြားပြားဝပ်ဝပ် ရိုရိုသေသေ ရှိခိုးကန်တော့ခြင်း။ တရားဟောကြားသောအခါတွင်လည်း ဆရာတော်ဘုရား၏ ကိုယ်တွေ့ဖြစ်ရပ် အတွေ့အကြုံများကို ထည့်၍ ဟောကြားလေ့ရှိလေသည်။ စာရေးသူမသိသေးသော ဆရာတော်၏ ထူးခြားချက်များလည်း အများအပြားပင် ရှိပေလိမ့်ဦးမည်။

မိုင်းဖုန်းဆရာတော်ကြီး၏ ကျောင်းတည်နေရာသည် မြန်မာနိုင်ငံ တြိဂံနယ်မြေဟု အများခေါ်ဆိုနိုင်ကြသော လာအို၊ ထိုင်း၊ မြန်မာ သုံးနိုင်ငံ၏နယ်စပ် မြန်မာပိုင်နယ်မြေထဲတွင် ရှိနေသဖြင့် တရားဟောကြားရာတွင် ဒေသခံဘာသာစကားဖြင့် ဟောကြားရသည်များရှိသလို ထိုင်းနှင့် လာအိုနိုင်ငံတို့မှ လာရောက်တရားနာယူကြသူများအတွက်လည်း ထိုင်းဘာသာ၊ လာအိုဘာသာစကားတို့ဖြင့် ဟောကြားပေးရလေသည်။ ဆရာတော်ဘုရား အဓိကထား၍ ဟောကြားလေ့ရှိသော တရားသည်ကား သစ္စာလေးပါးနှင့် ဆက်နွယ်နေသော ဝိပဿနာတရားများကို အထူးအလေးပေး ဟောကြားလေ့ရှိသည်။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၊ အသုဘကမ္မဋ္ဌာန်း၊ ခန္ဓာဉာဏ်ရောက်တရားတော်များကို ဟောကြားပြီးတိုင်း ဆရာတော်ဘုရားကိုယ်တိုင်ပင် ရေခရားငွေခွက်ကို အသုံးပြုပြီး အမြဲပင် ရေစက်ချအမျှအတမ်း ပေးဝေလေ့ရှိသည်။

တစ်နေ့တွင် ဆရာတော်ကြီးသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ (၅)ရပ်ကွက်ရှိသော ခေးတိုင်းကျောင်း ဒကာ၊ ဒကာမများ၏ ပင့်ဖိတ်မှုကြောင့် ခေးတိုင်းကျောင်းသို့ ကြွရောက်ပြီး ရှမ်းဘာသာဖြင့် တရားဟောကြားခဲ့လေသည်။ ထိုတရားပွဲတွင် ခေးတိုင်းကျောင်းဆရာတော် ဘဒ္ဒန္တဝါယာ (ဓမ္မစရိယ)၏ လျှောက်ထားတောင်းပန်ချက်အရ လက်တွေ့ အန္တရာယ်ကင်း ကိုယ်ပျောက်ဂါထာနှင့် ပတ်သက်၍ အတွေ့ အကြုံတစ်ခုကို တရားကိုယ်ထဲတွင် ထည့်သွင်းဟောကြား လေသည်။ ဆရာတော်ကြီးသည် ထိုအန္တရာယ်ကင်း ကိုယ် ပျောက်ဂါထာကို အမြဲရွတ်ဖတ်လေ့ရှိကြောင်းကိုလည်း မိန့် ဆိုခဲ့လေသည်။

မိုင်းဖုန်းဆရာတော်ကြီးအမြဲရွတ်ဆိုနေသော အန္တရာယ် ကင်းကို ကိုယ်ပျောက်ဂါထာမှာ (**နမောတော၊ ဗုဒ္ဓဝိဇ္ဇာ**



www.burmeseclassic.com

www.burmeseclassic.com

ဝိပ္ပမုတ္တောသိ၊ သဗ္ဗဓိသမ္မာဓ ပဋိပန္နောသ္မိ၊ တဿမေ သရဏံဘဝ)ဟူသော နမောတေဂါထာတော်ပင် ဖြစ်လေသည်။ ထိုဂါထာတော်၏ အနက်အဓိပ္ပာယ်မှာ ဝီရ-ကြီးမြတ်သော လုံ့လရှိတော်မူသော၊ ဗုဒ္ဓ-မြတ်စွာဘုရား။ တေ-အရှင်မြတ်အား။ နမော-ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်ပါစေသတည်း။ တွံ-ရှင်တော်မြတ်ဘုရားသည်၊ သဗ္ဗဓိ-ခပ်သိမ်းသော ဥပဓိတရားတို့မှ၊ ဝိပ္ပမုတ္တော-ကင်းလွတ်သည့်၊ အသိ-ဖြစ်တော်မူ၏၊ အဟံ-ဘုရားတပည့်တော်သည်ကား။ သမ္မာဓပဋိပန္နော-အကျဉ်းအကျပ်သို့ ရောက်၍နေသည်။ အသ္မိ-ဖြစ်ပါ၏။ တွံ-အရှင်သည်၊ တဿမေ-ဘုရားတပည့်တော်၏၊ သရဏံ-ကိုးကွယ်ရာသည်၊ ဘဝ-ဖြစ်တော်မူပါလော့ဟူ၍ အနက်အဓိပ္ပာယ်ရလေသည်။ ထိုဂါထာကြောင့် အန္တရာယ်ကင်း ကိုယ်ပျောက်ခဲ့ရခြင်းအကြောင်းကိုလည်း ဆရာတော်ကြီးက တရားဟောကြားရာတွင် ဤသို့ ထည့်သွင်းဟောကြားခဲ့လေသည်။

ဆရာတော်ကြီး မြန်မာနိုင်ငံအနောက်ဘက် ကလေး။ တမူးမှတစ်ဆင့် အိန္ဒိယ၊ နီပေါနိုင်ငံများထဲသို့ ခြေလျင်ခရီးဖြင့် ဘုရားဖူးကြွရင်း သာသနာပြုခဲ့သည်။ မြန်မာနိုင်ငံနယ်စပ်၊ အိန္ဒိယနယ်မြေထဲမှ ရွာတစ်ရွာရှိ ယာတောအနီး သစ်ပင်ကြီးတစ်ပင်အောက်တွင် တရားရှုမှတ်နေခဲ့စဉ် အိန္ဒိယတောင်ယာသမားများသည် ရုပ်ရည်ရူပကာအဆင်း တင့်တယ်ပြီး ဣန္ဒြေအနေအထိုင် ကြည်ညိုဖွယ်ကောင်းသော ဝတ်ရုံထားသော သင်္ကန်းတော်နှင့် အလွန်လိုက်ဖက်လှသော မိုင်းဖုန်းဆရာတော်ဘုရားကြီးကို ကြည်ညို၍မဆုံး ဖြစ်ခဲ့ကြသည်။ သူတို့၏ ကြည်ညိုသောစိတ်တွင် ပိုင်ဆိုင်လိုမှု၊ တပ်မက်မှုများလည်း ရောထွေးယှက်တင် ဖြစ်ခဲ့ကြလေသည်။

ဤသို့ဖြင့် ဆရာတော်အား သူတို့အိမ်သို့ ပင့်ဆောင်သွားကြသည်။ မိုင်းဖုန်းဆရာတော်ကလည်း မိမိနှင့်ပတ်သက်ပြီး သူတို့တစ်တွေ ဗုဒ္ဓဘာသာတရားကို ရိုသေကိုင်းရှိုင်းလာမည်ဆိုလျှင် သာသနာပြုရာ ရောက်ပေလိမ့်မည်။ သူတို့အိမ်ရောက်မှ လူအများတို့ကို တရားဟောတော့မည်ဟူသော ဆန္ဒနှင့် အသာတကြည် လိုက်ပါကြွခဲ့လေသည်။ တောင်ယာသမား၏အိမ်သို့ ရောက်သောအခါ သူ့စကား ကိုယ်မသိ၊ ကိုယ့်စကား သူမသိ ဖြစ်ခဲ့ရသည်။ (ယခုအခါတွင် မိုင်းဖုန်းဆရာတော်သည် ဘာသာစကားမျိုးစုံကို မည်သူမျှ မသင်ပေးဘဲ တတ်မြောက်ခဲ့ပြီးဖြစ်သည်) ထို့နောက် တောင်ယာသမားက သူ့သမီးကိုခေါ်လာပြီး အမူအရာဖြင့် လက်ဟန်ခြေဟန်ပြပြီး ဆရာတော်ကို ကြည်ညိုလွန်းလှသဖြင့် သူ၏သမီးဖြင့် လက်ထပ်ပေးစားရန် ပြောလာခဲ့လေသည်။ ဆရာတော်က လုံးဝ လက်ခံခြင်း မရှိပေ။

ဆရာတော်က သဘောမတူသော်လည်း တောင်ယာသမားသည် သူ၏အဖော်များကိုခေါ်ပြီး သူ၏အိမ်တွင် အလှအပ တန်ဆာဆင်စေသည်။ သူ၏သမီးကိုလည်း ဆရာတော်နှင့် အနေနီးအောင် သွေးဆောင်ဖြားယောင်းပေးကြသည်။ ဆရာတော်ကလည်း အဖြားယောင်းမခံဘဲ သတိကြီးစွာဖြင့် ဖော်ပြပါဂါထာကိုသာ စိတ်ထဲမှ အမြဲရွတ်ဖတ်နေခဲ့လေသည်။ တောင်ယာသမားတွေကို အခမ်းအနား ဘာကြောင့် ပြင်နေပါသလဲဟု ဆရာတော်ကမေးရာ သူတို့က ဆရာတော်နှင့် သူ့သမီးကို လက်ထပ်မင်္ဂလာပြုလုပ်ပေးမည့်အကြောင်း လက်ဟန်ခြေဟန်ဖြင့် ပြောပြလေသည်။ ထို့နောက် ဆရာတော်ကို ဆွမ်းလာ၍ကပ်ကြသည်။ ဆရာတော်သည်လည်း တရားကို နှလုံးသွင်းဆင်ခြင်မှုပြုကာ ဆွမ်းဘုဉ်းပေးပြီး ဂါထာကိုလည်း သတိဖြင့် ရွတ်ဖတ်နေသည်။ ဆရာတော် ဆွမ်းဘုဉ်းပေးပြီးသောအခါ သပိတ်ကို ဆေးကြောရန် တောင်ယာသမား၏သမီး လာယူသည်။

ဆရာတော်က မပေးခဲ့။ ကိုယ်တိုင် သပိတ်ကိုယူပြီး ရေဆေးစင်ရှိရာသို့ ကြွခဲ့သည်။ သပိတ်ဆေးနေရင်းလည်း ဂါထာတော်ကို အဆက်မပြတ် ရွတ်ဖတ်နေသည်။ လက်ထပ်မင်္ဂလာပွဲကလည်း ၁၂ နာရီအချိန်တွင် စတော့မည်ဖြစ်သည်။ ဆရာတော်အတွက် အခက်အခဲကြီးတစ်ခု ကြုံတွေ့နေရလေပြီ။ ဆရာတော် သပိတ်ဆေးပြီးချိန်တွင် တောင်ယာသမားများနှင့် ထိုမင်္ဂလာပွဲသို့ ရောက်ရှိလာကြသော ဧည့်သည်များတို့သည်လည်းကောင်း ဆရာတော်ကို ရှာမတွေ့၍ ပျာယာခတ်နေပြီး ဟိုဟိုဒီဒီ လိုက်လံရှာဖွေနေကြသည်။ မိုင်းဖုန်းဆရာတော်မှာ ဂါထာရွတ်လျက် ရေစင်ဘေးတွင်ရပ်နေခြင်းသာ ဖြစ်သည်။ ဆရာတော် သူတို့အားလုံးကို တွေ့မြင်နေရသော်လည်း သူတို့ကမူ ဆရာတော်ကို တွေ့မြင်ဟန်မရှိ။

www.burmeseclassic.com

ထို့ကြောင့်လည်း ဆရာတော်၏စိတ်တွင် ဒီလူတွေ ငါ့ကို မတွေ့ဘူးဟု သိသွားပြီး ရေစင်နားမှတစ်ဆင့် တောထဲသို့ ခပ်သွက်သွက်ကလေး ထွက်လာခဲ့သည်။

ခရီးအတန်ကြာ သွားမိသောအခါ လမ်းဘေးဝဲယာတွင် မိမိကို လိုက်ရှာနေသူများနှင့် ပက်ပင်းတိုးမိပြန်သည်။ ဆရာတော်ကသာ သူတို့ကို တွေ့မြင်နေသော်လည်း သူတို့က ဆရာတော်ကို လုံးဝမတွေ့ကြ။ ဆရာတော်လည်း မိမိကိုယ်ကို ယုံကြည်သောစိတ်၊ ဂါထာအစွမ်းကို ယုံကြည်သောစိတ်များ ပိုမိုပြည့်ဝခိုင်မာလာပြီး **အဆက်မပြတ် ရွတ်ဖတ်**ခဲ့သောကြောင့် လက်ထပ်ထိမ်းမြားခံရမည့် **ဘေးရန်အန္တရာယ်**မှ လွတ်ကင်းခဲ့ရလေသည်။ တစ်ကြိမ်ကလည်း ဆရာတော်သည် အိန္ဒိယနိုင်ငံ ဟိမဝန္တာတောကြီးထဲတွင် နှစ်နှင့်ချီ၍ တရားအားထုတ်နေစဉ် **ထိုဂါထာ**တော်ကြောင့် အန္တရာယ်အပေါင်းမှ ကင်းလွတ်ခဲ့ရကြောင်း **သိရှိ**ခဲ့ရလေသည်။ တောနက်ကြီးအတွင်းရှိ သစ်ပင်ကြီးတစ်ပင်အောက်တွင် တရားထိုင်နေစဉ် အိန္ဒိယလူရိုင်းများ၏ ဖမ်းဆီးချုပ်နှောင်ခြင်းကို ခံရလေသည်။

လူရိုင်းများက ဆရာတော်အား ညအချိန်ရောက်သောအခါ သစ်ပင်တစ်ပင်တွင် ကြိုးနှင့် အသေအချာ အခိုင်အမာ ချည်ထားပြီး အိပ်စက်အနားယူကြသည်။ ဆရာတော်ကလည်း ပြုမြဲဝတ်အတိုင်း နမောတေဂါထာတော်ကိုသာ မပြတ်ရွတ်ဖတ်နေခဲ့သည်။ ထိုအခါတွင် အံ့ဩဖွယ်ကောင်းလှစွာ အခိုင်အမာတုပ်ချည်ထားသော ကြိုးများသည် အလိုလိုလျော့ကျ၍ ပြေသွားခဲ့သည်။ ဆရာတော်သည်လည်း အိန္ဒိယလူရိုင်းများလက်မှ လွတ်မြောက်ခဲ့ရသည်။ ဆရာတော်ကိုလိုက်ရှာနေသော လူရိုင်းများသည်လည်း နမောတေဂါထာအစွမ်းကြောင့် ဆရာတော်ကို မတွေ့နိုင်ဖြစ်ခဲ့ရလေသည်။ နမောတေဂါထာတော်ကို သိရှိပြီးရသူ အများအပြားရှိကြပေလိမ့်မည်။ ထိုဂါထာတော်သည် **ရဟန်း**တော်များအတွက်၊ လောကီလူသားများ**အတွက် အကျဉ်းအကျ**ပ် အနှောင်အဖွဲ့ဘေးမှ လွတ်ကင်းအောင် **စွမ်းဆောင်ပေးနိုင်ကြောင်း** မိုင်းဖုန်းဆရာတော်ကြီး၏ အတွေ့အကြုံများအရ **သိရှိနိုင်ကြ**လေသည်။

## ဆရာတော်ကြီး၏ ဇာတိမွေးရပ်မြေ

ကျိုင်ဆိုင်နှင့် မဲခေါင်မြစ်အနီး ရွှေတြိဂံဒေသတွင် နေထိုင်ကြသော ခမည်းတော် ဦးပေါ်ခမ်းလုနှင့် မယ်တော် ဒေါ်နန်းဆိုင်လာတို့ အိမ်ထောင်ပြုပြီး မကြာမီ ထူးခြားသည့် နိမိတ်များနှင့် အိပ်မက်များကု ဒေါ်နန်းဆိုင်လာ မြင်မက်တွေ့ကြုံခဲ့ရသည်။ ၎င်းထူးခြားသော အိပ်မက်များ မက်လေသည်။ အိပ်မက်တစ်ခုတွင် တောင်ကုန်းတစ်ခုပေါ်၌ ရွှေသင်္ကန်း အပြည့်ကပ်လှူထားသည့် ဘုရားကြီးတစ်ဆူကို အထင်အရှား ဖူးမြင်ကြည်ညိုရသည်ဟူ၏။ ယင်းအိပ်မက်ထူး၌ ဘုရားဖူး မြင်မက်ရ၍ ဝမ်းမြောက်ပီတိဖြစ်ပြီး မျက်ရည်ပင်ကျခဲ့ရသည်ဟုဆို၏။ မကြာမီ မိုင်းဖုန်းဆရာတော်အလောင်းအလျာကို ပဋိသန္ဓေတည်လာခဲ့၏။ ကိုယ်ဝန်သက် ခုနစ်လခန့်အရတွင် မိဘနှစ်ပါးမှာ တစ်စုံတစ်ရာ ပြဿနာမရှိဘဲ တစ်နေရာစီ ခွဲခွာနေထိုင်ခဲ့ကြသည်။ (ထိုသို့ဖြစ်ရသည်မှာ ဝဋ်နှင့်ကံတရားကြောင့် ဖြစ်ရသည်ဟု နောင်အခါ၌ သုံးသပ်မိကြောင်း အမိန့်ရှိသည်။)

ဒေါ်နန်းဆိုင်လာ၌ ပဋိသန္ဓေတည်လာခဲ့သည်မှာ ၁၀ လတင်းတင်း ပြည့်ခဲ့ချေပြီ။ သာသနာတော်နှစ် ၂၅၀၈ ခုနှစ် သက္ကရာဇ် ၁၃၂၆ ခုနှစ် ပြာသိုလဆန်း ၃ ရက် (၅-၁-၁၉၆၅) အင်္ဂါနေ့နံနက် ၈ နာရီမှ ၉ နာရီအတွင်း ထိုအခ်ိန် အခါသမယတွင် မိုင်းဖုန်းဆရာတော်ဖြစ်လာမည့် သားကောင်းသားမြတ်အလောင်းအလျာကို ပန်မိုင်ဆက်ရွာ၌ မီးရှုးသန့်စင် ဖွားမြင်တော်မူခဲ့၏။ ဖွားမြင်ခါနီးအချိန်နှင့် ဖွားမြင်ပြီးသည့်အချိန်အထိ အခါမဲ့ မိုးခြိမ်းသံ၊ မိုးကြိုးပစ်သံများနှင့် မိုးရွာသွန်းချမှုများ ထူးထူးခြားခြား ဖြစ်ပေါ်ခဲ့သည်။ ထို့အတွက် အမေကြီး(အဘွား)နှင့် မိခင်ဒေါ်နန်းဆိုင်လာက သားငယ်ကို စိုင်းဝန်းစုန့်ဟု ခေါ်ဝေါ်ကြသည်။ ထိုသို့ စိုင်းဝန်းစုန့်အား ဖွားမြင်ပြီးနောက် ခြောက်လခန့်အကြာတွင် ဖခင်ဖြစ်သူထံ အသိပေး မှာကြားခဲ့သည်။ ဖခင်က အဝတ်အစား အသုံးအဆောင်တွေဝယ်ပြီး ရောက်ရှိလာခဲ့သည်၊ ခဏနေထိုင်ပြီး ပြန်သွားခဲ့သည်။ ပြန်သွားပြီး မကြာမီမှာပင် ရောဂါဖြစ်၍ ဖခင်ဦးပေါ်ခမ်းလု ကွယ်လွန်သွားကြောင်း ကြားသိရသည်။



www.burmeseclassic.com

www.burmeseclassic.com

စိုင်းဝန်းစုန့်ခမျာ လူမမယ်အရွယ်ကပင် အဖမဲ့သား ဖြစ်ခဲ့ရရှာ၏။

ထို့နောက်ပိုင်း သားအမိနှစ်ဦးမှာ ဒုက္ခသုက္ခများစွာ ရင်ဆိုင်ကြုံတွေ့ခဲ့ရ၏။ အဘွားဖြစ်သူမှာလည်း ဆင်းရဲချို့တဲ့နေ၍ အကူအညီမပေးနိုင်ခဲ့ချေ။ မိခင်ဖြစ်သူ ဒေါ်နန်းဆိုင်လာမှာ အသက်မွေးဝမ်းကြောင်း အလုပ်လုပ်ကိုင်ရာ၌ အခက်အခဲဒုက္ခများကို ရင်ဆိုင်ခဲ့ရ၏။ စိုင်းဝန်းစုန့်မှာ ငယ်စဉ်ကလေးဘဝကပင် ဒုက္ခဆင်းရဲမျိုးစုံတို့ကို ရင်ဆိုင်ကြုံတွေ့ခဲ့ခြင်းရှိ၏။ သားအမိနှစ်ယောက် ဘဝကို ပင်ပန်းဆင်းရဲစွာ ရုန်းကန်ရင်ဆိုင်ခဲ့ရသည်။ (ဒုက္ခမရှိလျှင် သုခဆိုတာလည်း မရှိနိုင်ကြောင်း နောင်တွင်မှ သဘောပေါက်ခဲ့ရသည်ဟု ဆို၏။) နောက်ပိုင်းတွင် စိုင်းဝန်းစုန့်တို့ သားအမိမှာ ရေကြည်ရာ မြက်နုရာ လှည့်လည်သွားလာ လုပ်ကိုင်ရင်း ဇင်းမယ်ဒေသဘက်သို့ ရောက်ရှိနေထိုင်ခဲ့ကြသည်။ မကြာမီ တစ်ပင်လဲမှ တစ်ပင်ထူဆိုသည့်အတိုင်း မိခင်ဒေါ်နန်းဆိုင်လာက ဦးစိုင်း ကျွမ်းဆိုသူနှင့် နောက်အိမ်ထောင်ပြုခဲ့လေသည်။ ယင်းနောက် အိမ်ထောင်ဖခင်နှင့် သားစိုင်းလျန်နှင့် သမီးနန်းအွမ်ဖတို့ကို မွေးဖွားခဲ့သည်။

နန်းအွမ်ဖမှာ အသက်လေးနှစ်ခန့်အရောက်တွင် ခွေးကိုက်ခံရပြီး ကွယ်လွန်သွားခဲ့ရှာ၏။ ၎င်းနောက်ပိုင်း၌ သမီးထွေးလေးတစ်ဦးကို ထပ်မံဖွားမြင်ခဲ့သည်။ နန်းမိုးပျော့ဟု အမည်ပေးခဲ့ကြ၏။ သားသမီးသုံးဦးနှင့်အတူ ရုန်းကန်ရှာဖွေစားသောက်လာခဲ့ကြရာမှ မိဘနှစ်ပါးစလုံးမှာ ရောဂါဝေဒနာဖြစ်ပေါ်ခဲ့ကြ၏။ မိသားစုစားဝတ်နေရေးအတွက် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။ အလွန်ဆင်းရဲဒုက္ခ ရောက်ရှိခဲ့ကြသဖြင့် စိုင်းဝန်းစုန့်မှာ အသက်ငါးနှစ် ခြောက်နှစ်အရွယ်မှာပင် မိဘနှင့် ညီ-ညီမလေးတို့အတွက် အလုပ်လုပ်ခဲ့ရ၏။ အလုပ်မရှိသောနေ့တွင် အခက်အခဲများ ရှိခဲ့ရ၏။ အကျပ်အတည်းများစွာ ကြုံတွေ့ခဲ့ရသည့် ဘဝမျိုးထိ ဆိုက်ရောက်ခဲ့ရ၏။ ရရာအလုပ်ကြမ်းလေးများကိုလည်း ရှာဖွေလုပ်ကိုင်ခြင်း ပြုခဲ့ရသည်။ အလုပ်မရသည့်အခါမှသာ စေတနာရှိသူတို့ထံမှ အကူအညီတောင်းခံခဲ့ခြင်းဖြစ်၏။ ရရှိခဲ့သော [illegible]လေးများ အစားအသောက်များကို မိဘနှစ်ပါးနှင့် ညီမလေးတို့ကို ပြန်လည်ကျွေးမွေးပြုစုခဲ့၏။

စိုင်းဝန်းစုန့်သည် ထိုကဲ့သို့ အလုပ်လုပ်ကိုင်၍ ရှာဖွေခြင်း၊ အခြေအနေအရ ကြိုးပမ်းခဲ့ခြင်းမှလွဲပြီး ပိုင်ရှင်မသိအောင် ခိုးဝှက်ခြင်း၊ လိမ်ညာယူခြင်းတို့ကိုမူ လုံးဝ ကျူးလွန်ပြုလုပ်မှု မရှိခဲ့ချေ။ မည်မျှပင် ဆင်းရဲဒုက္ခရောက်ရှိစေကာမူ ကိုယ်ကျင့်သီလကိုတော့ ချိုးဖောက်ခြင်းမပြု။ ကောင်းမွန်လုံခြုံစွာ စောင့်ထိန်းနိုင်ခဲ့၏။ စိုင်းဝန်းစုန့်မှာ လောကဓံအဆိုးလေးပါး၏ ရိုက်ခတ်ညှဉ်းပန်းမှုဒဏ်ကို အရွယ်နှင့်မမျှ ငယ်စဉ်ဘဝကပင် အလူးအလဲခံစားရ၏။ မီးလွတ်စားခြင်း၊ သက်သတ်လွတ်စားခြင်း ဆိုသည်တို့မှာ ကျင့်စဉ်အရမဟုတ် ဘဝပေးအခြေအနေအရ စတင်စားခဲ့ရခြင်းကြောင့် ဖြစ်သည်ဆို၏။ ကြုံရာရရာတို့ကို မြိုးမြုံချွေတာ၍ စားခဲ့ရခြင်းဖြင့် အကျင့်ပါလာ၍ ဖြစ်သည်။ ထမင်းကို ငှက်ပျောသီးနှင့်၊ ဆားနှင့်၊ ငရုတ်သီးနှင့် ရေနှင့် ကြုံသလိုရရာနှင့် စားခဲ့ရ၏။ ထိုကဲ့သို့ ဆင်းရဲဒုက္ခမျိုးစုံနှင့် ကြုံတွေ့ခဲ့ရသော်လည်း ငယ်စဉ်ကပင် ငါးပါးသီလမြဲခဲ့၏။

သူတစ်ပါးအပေါ် မလိမ်မကောက် မတော်မတရား မလုပ်။ ဖြောင့်မတ်ဖြူစင်အောင်သာ ကြိုးစားလာခဲ့၏။ ကိုယ်ရည်သွေးနေခြင်းမဟုတ်။ ဘဝအမှန်ကို ရိုးသားစွာ ပြောပြခြင်းသာဖြစ်သည်ဟု ပြန်လည်ရှင်းပြတော်မူ၏။ ယင်းကဲ့သို့ မိဘနှင့် ညီ ညီမလေးတို့အတွက် မလိမ်မကောက် မခိုးမဝှက်ဘဲ လုပ်ကိုင်ကျွေးမွေးခြင်း၊ ပြုစုစောင့်ရှောက်ခြင်းတို့ဖြင့် စိုင်းဝန်းစုန့် အသက်ခြောက်နှစ်ကျော်လာခဲ့၏။ မိခင်၏ရောဂါမှာလည်း သက်သာလာပြီဖြစ်သည်။ နောက် အဖေ(ပထွေး)၏ ကျန်းမာရေးကတော့ မကောင်းသေး။ မိခင်က သူ့အစ်မကြီးမှာလည်း ကလေးတွေများနေ၍ မကျွေးနိုင်ပြန်၊ တခြားဆွေမျိုးတော်စပ်သူတို့ထံလည်း ခွဲပေးဖို့ပြောသည်။ ထို့ကြောင့် ညီစိုင်းလျန်နှင့် ညီမလေး နန်းမိုးပျော့တို့ကို မွေးစားဖို့ အခြားဆွေမျိုးများထံ ခွဲပေးလိုက်၏။ စိုင်းဝန်းစုန့် ကိုယ်တိုင်မှာလည်း ဒုက္ခခံပြီး ဆွေမျိုးများထံ၌ နေလာခဲ့ရ၏။

နောက်ပိုင်းတွင် သူ့အဒေါ်ကြီးက ပြန်လည်ခေါ်ယူပြီး အတန်းကျောင်း ထားပေးခဲ့၏။ ကျောင်းပညာ လေးတန်းအထိ သင်ကြားခဲ့ဖူး၏။ ကျောင်းနေရင်းမှာလည်း ဆင်းရဲဒုက္ခမျိုးစုံကို

www.burmeseclassic.com

တွေကြုံခဲ့ရ၏။ ဒုက္ခကို တွေ့မြင်မှလည်း သစ္စာတရားကို မြင်နိုင်မည်ဟု နောက်မှ ဆင်ခြင်မိသည်ဆို၏။ စိုင်းဝန်းစုန့်မှာ ငယ်စဉ်ကတည်းကပင် အရွယ်နှင့်မလိုက် စိတ်ထားစေတနာ ဖြူစင်သန့်ရှင်းခဲ့၏။ (ထားရှိခဲ့သော စိတ်ထားစေတနာအတိုင်း ပင် နောင်တွင် အကျိုးပေးခဲ့လေသည်။) ကျောင်းပညာ (၄) တန်းအထိ သင်ကြားနေထိုင်လာပြီးနောက် စိုင်းဝန်းစုန့်တစ် ယောက် လောကီလူ့ဘဝကနေ လမ်းခွဲနေဖို့ချိန် ကျရောက် လေပြီဟု ဆိုရပေမည်။ အသက်ကလည်း ၁၀ နှစ် ကျော် လာပြီ။ ဘဝ၏ တစ်ဆစ်ချိုးပြောင်းလဲဖို့လည်း ကြုံလာပြီဖြစ်၏။

## စိုင်းဝန်းစုန့်လေးဘဝ တစ်ဆစ်ချိုးပြောင်းခဲ့ချေပြီ

ဝမ်လိုင်လုံ ပန်မိုင်ဆတ်ရွာကျောင်း၌ သာသနာ့ ဘောင်သို့ ရှင်သာမဏေအဖြစ် စတင်ကူးပြောင်းရောက်ရှိခဲ့ ခြင်းဖြစ်၏။ ၎င်းဒေသမှာ မိုင်းဖုန်းဒေသနှင့် ဆက်စပ်နေသည့် နေရာဖြစ်၏။ ရှမ်းတိုင်းရင်းသား မျိုးနွယ်စုဝင်တို့ များစွာရှိကြ ၏။ စိုင်းဝန်းစုန့်သည် သာသနာတော် ၂၅၁၉ ခုနှစ် နယုန် လဆန်း ၁၁ ရက် ဗုဒ္ဓဟူးနေ့ မွန်းတည့်ချိန်တွင် သာသနာ့ အမွေခံ ရှင်သာမဏေအဖြစ် သွတ်သွင်းရောက်ရှိခဲ့ရ၏။ စိုင်းဝန်းစုန့် (ခ) စပ်ဝန်းစုန့်နှင့်အတူ ရှင်သာမဏေ ၃၂ ပါး အတူတကွ ရှင်ပြုခဲ့ကြ၏။ နောက်ပိုင်း၌ ၎င်းတို့မှာ ကွဲကွာသွားကြပြီး လူထွက်သူ အိမ်ထောင်ကျသူနှင့် သူတစ် ပါးတည်းသာလျှင် ရှင်သာမဏေအဖြစ် မြဲကျန်ခဲ့၏။ ဘာဝနာ ကမ္မဋ္ဌာန်း ပွားများအားထုတ်မှု၌ အထုံဝါသနာကြီးမားသည့် ပါရမီရှင်ဖြစ်၍ ပဋိပတ်နယ်ပယ်တွင် ထင်ပေါ်ကျော်ကြားသော ဆရာသမားများထံ ချဉ်းကပ်ပြီး နည်းနာနိဿယ ဆည်းပူး ခဲ့၏။

သာမဏေငယ် ဘဝကပင် ကမ္မဋ္ဌာန်းတရားတို့ကို ကျားကုတ်ကျားခဲ ပွားများအားထုတ်တော့၏။ ကျောင်းတိုက် ၏ ဝေယျာဝစ္စလုပ်ငန်းနှင့် သပိတ်ဆေး၊ တံမြက်လှည်း၊ သန့်ရှင်းရေးအလုပ်များကိုလည်း မလစ်ဟင်းစေခဲ့။ အောက် ခြေသိမ်း အကုန်လုပ်ကိုင်ခဲ့သည်။ အားလပ်ပါက အချို့ကိုရင် ကျောင်းသားတို့လို ဆော့ကစားခြင်းမရှိ။ တစ်ပါးတည်း ဆိတ် ငြိမ်ရာသို့ ချဉ်းကပ်၍ တရားဘာဝနာများကို ပွားများအား ထုတ်နေလေ့ရှိ၏။ အချို့က တရားအားထုတ်နေစဉ် ကိုယ်ထိ လက်ရောက် စကြ၊ ပြောင်ကြသည်။ ကျောက်ခဲနှင့်လည်း ပေါက်ကြ၏။ အနှောင့်အယှက်သဘောမျိုး မကြာခဏ လုပ်ခဲ့ ကြ၏။ စိတ်ဒေါသမထွက် ပြုမထွက်အောင် ကြိုးစားသည်းခံ ခဲ့ရ၏။ တဖြည်းဖြည်းနှင့် အလေ့အကျင့်ရလာပြီး သည်းခံခွင့် လွှတ်လာနိုင်ခဲ့တော့၏။ ကမ္မဋ္ဌာန်းတရားကိုလည်း ပိုမိုတိုး၍ အားထုတ်လာနိုင်ခဲ့၏။ လူအချို့က ကိုရင်လေး ဘုန်းတန်ခိုး ကြီးမားလာသည်ဟု ပြောကြ၏။

ဘုန်းတန်ခိုးဆိုတာလည်းမသိ။ ဆရာတော်ထံမှ သင် ယူလေ့လာထားသော ကမ္မဋ္ဌာန်းတရားကိုသာ စွဲစွဲမြဲမြဲ ကြိုး စားအားထုတ်ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် ရဟန်းတော် များ ပုံ့လွှန်သည့်အခါ အင်္ဂုလိမာပနကျင်းပရာ အရိုးထားသည့် ဌာနများသို့ပါ ကြွရောက်၍ အသုဘကမ္မဋ္ဌာန်းနှင့် မရဏာ နုဿတိ ပွားများအားထုတ်ခြင်း ပြုခဲ့၏။ ရှင်သာမဏေဘဝ ဖြင့် တရားအားထုတ်နေစဉ် သူတစ်ပါးတို့ လာရောက်လှူဒါန်း သော ရွှေငွေရတနာများကို လက်ခံခြင်းမပြု။ ကိုယ်ကျိုး အတွက်လည်း သုံးစွဲခြင်းမရှိခဲ့။ သာသနာ့အကျိုးအတွက်သာ ပြန်လည်လှူဒါန်း ညွှန်ပြပေးခဲ့၏။ ဝမ်လိုင်ရွာကျောင်းတွင် ပထမဆုံး ရှင်သာမဏေဖြင့် ဝါဆိုဝါကပ်ခဲ့၏။ ရှင်သာမဏေ သုံးဝါအရတွင် ၄၉ တောင်ရှိ စေတီတော်ကြီးတစ်ဆူကို ပထမဆုံး စတင်တည်ထားရ၏။ ၎င်းစေတီတော်၏ ဘွဲ့တော် မှာ ဓာတ်လွှိုင်ဝင်းကျောက်(ဓာတ်တော်တောင်စေတီတော်) ဖြစ်၏။ စေတီထီးတော်ကိုမူ ချက်ချင်းမတင်လှူသေးရန် နတ် များက နိမိတ်လာပေးခဲ့သည်ဟု ဆို၏။

စပ်ဝန်းစုန့်ထင်ရှားလာ၍ နောင်သောအခါတွင် စပ် ဝန်းစုန့်၏ ဓာတ်ပုံများကို ရိုက်ကူးပြီး စီးပွားရေးသမားအချို့ က ရောင်းစားခဲ့ကြ၏။ သူ့အကြောင်းနှင့်သူမို့ အပြစ်မဆို တော့ဘဲ ဥပေက္ခာပြုထားခဲ့၏။ (ရှင်သာမဏေစပ်ဝန်းစုန့်သည် ရှင်သာမဏေဘဝကပင် "မဟာရှင်သီဝလိဂါထာတော်"ကို လည်း စွဲစွဲမြဲမြဲ ပွားများခြင်းပြုခဲ့သည်ကို ထိုမဟာရှင်သီဝလိ ဂါထာတော်မှာ ဤသို့ဖြစ်သည်။ ဘုန်းလာဘ်ပွင့်ဂါထာဟု လည်း ဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com

**သီဝလိစ မဟာထေရော၊**
**ဒေဝနရပူဇိတော၊ မဟာလာဘော၊**
**မဟာလာဘံ ဘဝန္တု (မေ) (တေ)**

မိမိအတွက်ဆိုလျှင် (မေ)၊ သူတစ်ပါးအတွက်ဆိုပါက (တေ)ဟု ရွတ်ဆိုရန်ဖြစ်၏။ မိုင်းဖုန်းဆရာတော် ရှင်သာမထေဘဝကစပြီး အမြဲကြည်ညို ရွတ်ပွားခဲ့၏။ မဟာသီဝလိ အမည်ရှိ ဂါထာတော်ဖြစ်၏။ အက္ခရာပေါင်း ၂၇ လုံးရှိပြီး ၂ + ၇ ကိုပေါင်းလျှင် ၉ ဂဏန်းရကြောင်း ဉာဏ်ရှိသလို ချဲ့ထွင်၍ အကျိုးရှိအောင် သုံးစွဲသွားနိုင်ကြောင်းဖြင့် ပညာရှိများက ညွှန်းဆိုထား၏။ ထိုမဟာသီဝလိဂါထာတော်ကိုပင် ဘုန်းလာဘ်ပွင့်စေရန်အတွက် ဒါနပြုဝေငှပေးအပ်ခဲ့ခြင်းဖြစ်၏။

ရှင်သာမထေသည် ဒုတိယဝါဆိုကိုလည်း ဝမ်လိုင်ရွာကျောင်းမှာပင် ကပ်ခဲ့ရ၏။ ရှင်သာမထေ ခြောက်ဝါတွင် ကျိုင်းမယ်(ဇင်းမယ်)၌ ဝါဆိုဝါကပ်ခဲ့ရသည်။ ရှင်သာမထေဘဝအရောက်တွင် ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာသို့ သွားရောက်ဖူးမျှော်ချင်သော စိတ်ဆန္ဒများ ဖြစ်ပေါ်ခဲ့ရ၏။ ငွေမရှိ၍ မကြွနိုင်။ သို့သော်လည်း ဘုရားဂုဏ်တော်ပွားပြီး အဓိဋ္ဌာန်ပြုခဲ့ရာ ထိုင်းဒကာတစ်ဦးက ကုသိုလ်ယူပို့ဆောင်ပေးလာ၍ ဒုဿတ္တ-သတ္တာဟ-စံတော်မူရာ အဓိကဋ္ဌာနများသို့ ရောက်ပြီး တရားအားထုတ်ပွားများ၍ ဘုရားရှင်အား အထူးပူဇော်ရှင် ရရှိတော်မူခဲ့၏။ ဝမ်းသာလွန်း၍ မျက်ရည်ပင်ကျမိ၏။ ဗုဒ္ဓဂယာတွင် နေရာအနှံ့ ရောက်ရှိဖူးမြော်ခဲ့၏။ သီဟိုဠ် (သီရိလင်္ကာ)နိုင်ငံသို့ပါ ရောက်ရှိခဲ့၏။ သီရိလင်္ကာမှ ဗုဒ္ဓစွယ်တော်မြတ်နှင့် ဓာတ်တော်များကိုလည်း ဖူးမြော်ကြည်ညိုခွင့်ရခဲ့၏။

ထို့နောက်ပိုင်းတွင် ဟိမဝန္တာတောသို့ ကြွရောက်ပြီး တရားဘာဝနာများကို ဒ်အားထုတ်လိုသော စိတ်ဆန္ဒများ အထူးဖြစ်ပေါ်ခဲ့ပြန်၏။ ထို့ကြောင့် ပထမဆုံး နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် ကြွရောက်ဝါဆိုခဲ့၏။ ၎င်းနေရာ၌ သီလရှင်များနှင့် ယောဂီများလည်း ရှိကြ၏။ မြန်မာနှင့် ရှမ်းလူမျိုးများကိုလည်း တွေ့ရ၏။ ထောင်ချီသော မျောက်သတ္တဝါများကိုလည်း တွေ့ရ၏။ အမြီးရှည်ပြီး ဟာနုမာန်မျိုးဆက် မျောက်များဖြစ်သည်ဟု ပြောကြသည်။ ထိုနေရာမှ လူများမှာ ပါဠိစကား အပြောများကြသည်။ လူအချို့က အင်္ဂလိပ်လိုလည်း ပြောကြ၏။ ဈေးတွင် အာလူးမှာကြားဝယ်ယူပြီး ပြုတ်စားသုံးရ၏။ ငှက်ပျောသီးများပါ ဝယ်ယူစားသုံးရပြီး မျောက်များကိုလည်း ကျွေးမွေးဒါနပြုခဲ့သေး၏။ ဝါတွင်းကာလပတ်လုံး သစ်သီးဆွမ်းဖြင့် ပြီးခဲ့ရ၏။ တရားဘာဝနာကိုတော့ အမြဲစီးဖြန်းအားထုတ်ဖြစ်၏။

မိုင်းဖုန်းဆရာတော်သည် သိန္နီနယ်ကို ဗဟိုပြု၍ ရှမ်းပြည်နယ်တစ်ခွင်လုံး၌ သာသနာပြုလုပ်ငန်းစဉ်များ ဆောင်ရွက်လျက် ရှိပါသည်။ ဒေသခံ ရဟန်းရှင်လူများ၏ စေတီတော်တည်ဆောက်ခြင်း၊ စေတီတော်ဟောင်းများကို ပြုပြင်မွမ်းမံခြင်း၊ သာသနိက အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရှမ်းပိဋကတ်တိုက်များ ဆောက်လုပ်ခြင်း စသည့်လုပ်ငန်းများကိုလည်း အထူးအားပေး ကူညီစောင့်ရှောက်တော်မူလျက် ရှိပါသည်။ ဆရာတော်အား ဆက်ကပ်လှူဒါန်းသမျှသော ဒါနအစုစုတို့သည် အထက်ပါ သာသနာပြုလုပ်ငန်းများအတွက် အားလုံး ပြန်လည်စွန့်လှူပူဇော်သွားသည်ချည်းသာဖြစ်ကြောင်း တွေ့မြင်ကြည်ညိုရ၏။

ဆရာတော်ရောက်ရှိရာ ဒေသများမှ ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားများကလည်း ဆရာတော်အား တစ်ခဲနက် ကြို ဆိုပူဇော်ပြီး ဆရာတော်၏ သာသနာပြုလုပ်ငန်းစဉ်များအတွက် စေတနာသဒ္ဓါတရားထက်သန်စွာ ပါဝင်လှူဒါန်းကြသည်။ ဆရာတော်၏ အဓိဋ္ဌာန်ပါရမီကို ဖြည့်ဆည်းပူဇော်လျက် ရှိကြသည်။ ထိုကဲ့သို့ စေတနာသုံးတန်ပြဋ္ဌာန်း၍ လှူဒါန်းရသော အကျိုးကြောင့် မိမိတို့မှာလည်း ကျန်းမာချမ်းသာပြီး စီးပွားဉစ္စာ ပိုမိုဖြစ်ထွန်း ကြီးပွားနိုင်သည်ဟု ယုံကြည်ထားကြသည်။ မိုင်းဖုန်းဆရာတော်ကမူ ပုဂ္ဂိုလ်ရေး ဆည်းကပ် ကြည်ညိုမှုထက် ဗုဒ္ဓဘုရားရှင်၏ တရားအဆီ အနှစ်ကိုသာရယူပြီး ကြိုးပမ်းကြရန် အစဉ်အမြဲ ညွှန်ပြဟောကြားလေ့ရှိတော်မူကြောင်း ကြည်ညိုမှတ်သားခဲ့ရပေသည်။

**ဆရာတော်၏ ထူးခြားချက်များ**

- မိုင်းဖုန်းဆရာတော် ဘဒ္ဒန္တဉာဏသံဝရသည် ငယ်စဉ်ကတည်းကစပြီး သက်သတ်လွတ်ဘုဉ်းပေးခြင်း



www.burmeseclassic.com

www.burmeseclassic.com

- ငယ်ရွယ်စဉ်ကတည်းကစပြီး ကမ္မဋ္ဌာန်းဘာဝနာ ကျင့်ကြံခြင်း။
- လူသူကင်းမဲ့သည့် တောတောင်အတွင်းရှိ ဂူများတွင် တစ်ပါးတည်း မကြောက်မရွံ့ တရားအားထုတ်ခြင်း၊
- မတ်တတ်အနေအထားဖြင့် အချိန်ကြာမြင့်စွာ မလှုပ်မရှားဘဲ တစ်ဆက်တည်း ကျင့်ကြံနိုင်ခြင်း။
- ထိုင်လျက်အနေအထားဖြင့် အချိန်ကြာမြင့်စွာ တစ်ထိုင်တည်း တရားအားထုတ်နိုင်ခြင်း။
- ဝါတွင်းသုံးလကာလ၌ ဂူ (သို့) တော်တောင်တစ်နေရာရာတွင် စဉ်ဆက်မပြတ် တရားထိုင်ခြင်း။
- ဝါတွင်းသုံးလ ဂူအောင်းနေစဉ် သစ်သီး၊ သစ်ဥ၊ သစ်ဖုများသာ အာဟာရအဖြစ် မှီဝဲခြင်း။
- ဝါတွင်းသုံးလကာလအတွင်း အမြဲတမ်း ဝစီပိတ်ကျင့်ကြံခြင်း။
- လူ၊ နတ်၊ သတ္တဝါအားလုံး အဆင့်အတန်းမခွဲခြားဘဲ မျှမျှတတ မေတ္တာထားဆက်ဆံခြင်း။
- ရွှေ ငွေ၊ ရတနာ၊ အဝတ်အစား၊ အသုံးအဆောင်၊ အစားအစာများအားလုံး နှမြောတွန့်တိုခြင်းမရှိ၊ လူအများကို ပြန်လည်ဒါနပေးစွန့်လှူခြင်း။
- မရေမတွက်နိုင်သော သာသနိက အဆောက်အဦ စေတီပုထိုး တည်ဆောက်ရေးလုပ်ငန်းတို့တွင် ပါဝင်လှူဒါန်းခြင်း။
- ရပ်ဝေးရပ်နီးမှ မည်သည့်နိုင်ငံ မည်သည့်နေရာ ဌာနမဆို အမိဋ္ဌာန်ပြုပါက အခက်အခဲမရှိ ကြွရောက်တော်မူနိုင်ခြင်း။
- မျက်နှာမြင်ရုံမျှဖြင့် တစ်ဖက်သား၏ စိတ်သန္တာန်ကို ခန့်မှန်းသိတော်မူခြင်း။
- နေ့စဉ် နံနက်/ည မပျက် မြတ်စွာဘုရားထံ ဝတ်ပြုဆုတောင်း မေတ္တာပို့သခြင်း။
- ဗုဒ္ဓသာသနာဆိုင်ရာ တန်ခိုးကြီး အထွတ်အမြတ်နေရာဌာနများအား သိမြင်တော်မူခြင်း။
- သီလ သမာဓိဂုဏ်ကြောင့် အဆိပ်ရှိသတ္တဝါများ အကိုက်ခံရမှု မရှိခြင်း။
- ကိုယ်ခန္ဓာ မကြီးမသေး၊ မနိမ့်မမြင့်၊ မဝီနမဝ၊ အသံကြည်ဗာရှိခြင်း။ လူအများ သူ့ထက်ငါ ဖူးမြော်လိုခြင်း။ တစ်ကြိမ်ထက်မက လှူဒါန်းလိုခြင်း။ တရားနာပြီးရင်း ထပ်နာလိုခြင်း။ သတင်းကြားရုံဖြင့် ဖူးမြော်လိုစိတ် အလိုလိုပေါ်ပေါက်လာခြင်း။
- မြန်မာနိုင်ငံ၊ ယိုးဒယားနိုင်ငံ၊ လာအိုနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘူတန်နိုင်ငံများမှ ဆရာတော်များက ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်း။
- နိုင်ငံတော်အစိုးရမှ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းထားခြင်း။

**မပြီးဆုံးသေးသော သာသနာပြုလုပ်ငန်းများ**

ယခုအခါ မိုင်းဖုန်းဆရာတော်သည် သာသနာပြုလုပ်ငန်းများနှင့် ပါရမီဖြည့်ကျင့်မှု လုပ်ငန်းစဉ်များကို မရပ်မနား လှည့်လည်ကြွချီကာ အထူးကြိုးပမ်း ဆောင်ရွက်တော်မူလျက်။

သတ္တဝါမှန်သမျှ ဘေးမခ အေးမြရွှင်လန်း ချမ်းမြေ့ပါစေ

ကျော်ဇောဟိန်း(နံ့သာ)

<u>ကိုးကား</u>

လုမောင်လတ် ရေးသားပူဇော်သည့် ပါရမီခရီးလမ်း မိုင်းဖုန်းဆရာတော်။



www.burmeseclassic.com

www.burmeseclassic.com

# လာဘ်လာဘဘွဲ့သခင် တေဒဂ်တော်ဝင် ရှင်သီဝလိမထေရ်မြတ်

**ပထမံဆရာကြီးဦးအောင်သူ**

တစ်ချိန်သောအခါ ဂေါတမဘုရားရှင်ဟာ သာဝတ္ထိ ပြည်သို့ ကြွတော်မူတဲ့အခါမှာ ရှင်သီဝလိမထေရ်ဟာ ဘုရားရှင်ကို အရိုအသေပြုကာ -

"မြတ်စွာဘုရား…တပည့်တော်ရဲ့ ဘုန်းကံကို လက်တွေ့စမ်းတော်မူပါဘုရား" လို့ ဘုရားရှင်ကို လျှောက်တင်ပါတယ်။ ဒါ့အပြင် "တပည့်တော်ကို ရဟန်းတော်ငါးရာကိုလည်း အဖော်အဖြစ် ထည့်ပေးပါဘုရား" လို့ လျှောက်တဲ့အခါမှာ ဘုရားရှင်က ခွင့်ပြုတော်မူပါတယ်။

အရှင်သီဝလိမထေရ်လည်း အဖော်ရဟန်းတော် ငါးရာတို့ကို ပင့်ဆောင်ပြီး အရှင်သာရိပုတ္တရာရဲ့ ညီတော် ရှင်ရေဝတ ရဟန်းတော်ရှိရာ ဟိမဝန္တာတောကြီးမြိုင်မဟာ သို့ ကြွတော်မူကြပါတယ်။

အဲဒီရဲ့ လမ်းခရီးမှာ -

၁။ ရှေ့ဦးစွာ ပဉ္စောင်ပင်ကြီးကို တွေ့ရပြီး အဲဒီ ပဉ္စောင်ပင်စောင့်နတ်က ရဟန်းတော်များကို ပင့်ဖိတ်ပြီး ခုနစ်ရက်ကြာတဲ့အထိ အလှူပေးတော်မူပါတယ်။ ဒီနောက် ရှင်သီဝလိမထေရ်မြတ်ဟာ ရှေ့ကိုခရီးဆက်ကြရာမှာ -

၂။ နှစ်ကြိမ်မြောက်မှာ မဏ္ဍာဝတောင်

၃။ သုံးကြိမ်မြောက်မှာ အစီရဝတီမြစ်

၄။ စရသာဂရမည်တဲ့ သမုဒ္ဒရာ

၅။ ဟိမဝန္တာတောင်

၆။ ဆဒ္ဒန်အိုင်

၇။ ဂန္ဓမာဒနတောင်၊

ဒီနောက်မှာ အရှင်ရေဝတ သီတင်းသုံးရာ ကျောင်းသို့ ရောက်ရှိခဲ့ကြပါတော့တယ်။ အဲဒီနေရာမှာပဲ နတ်တို့က ဖန်ဆင်းပြီး ခုနစ်ရက်စီ ရှင်သီဝလိမထေရ်နဲ့ ရဟန်းအပေါင်းတို့ကို လှူဒါန်းပူဇော်ကြပါတယ်။

ထူးခြားဖြစ်စဉ်က ဂန္ဓမာတောင်ကို ရောက်တဲ့အခါမှာ နာဂဒတ္တ အမည်ရှိတဲ့ နတ်မင်းက ခုနစ်ရက်ကြာအောင် အလှူဒါနများ ပြုပါတယ်။ ဒီအခါမှာ ရဟန်းသံဃာတို့က စုဝေးပြီး တိုင်ပင်ကြတယ်။

"ငါ့ရှင်တို့၊ ဒီနတ်မင်းက နို့စားနွားမများကို နို့ညှစ်နေတာကိုလည်း ငါတို့မတွေ့ရ၊ ထောပတ်ဖြစ်ဖို့ နို့ဆွမ်းတွေ ချက်နေတာကိုလည်း ငါတို့မမြင်ရ။ ဒါယကာ နတ်မင်း၊ သင့်အဖို့ ဤနို့ဆွမ်းနဲ့ ထောပ်ဆွမ်းများကို ဘယ်နည်းနဲ့ ရရှိပါသလဲ" လို့ မေးမြန်းစုံစမ်းကြပါတယ်။

အဲဒီအခါမှာ နာဂဒတနတ်မင်းက "အရှင်ဘုရားတို့၊ ဒီနွားနို့ဆွမ်း၊ ထောပတ်ဆွမ်းတို့ကို လှူဒါန်းနိုင်ခြင်းမှာ ကဿပဘုရားရှင်လက်ထက်တော်အချိန်မှာ စာရေးတံမဲအဖြစ် နွားနို့ဆွမ်းကို လှူဒါန်းတဲ့ဒါနကောင်းမှုရဲ့ အကျိုးကြောင့် ယခုလိုဖြစ်ပါတယ် အရှင်ဘုရား" လို့ ပြန်ကြားလျှောက်တင်ပါတယ်။

## ဘုရားရှင်ကိုယ်တော်တိုင် ကြွတော်မူခြင်း

အခါတစ်ပါးဖြစ်တဲ့ ဝါလကင်းလွတ် သီတင်းကျွတ်လကို ရောက်တဲ့အခါ ဂေါတမဘုရားရှင်ဟာ ရှင်သာရိပုတ္တရာရဲ့ ညီဖြစ်သူ ရဟန်းတော် ရှင်ရေဝတ သီတင်းသုံးရာ ရှားတောအရပ်ကို ကြွတော်မူပါတယ်။

အဲဒီအချိန်မှာပဲ လမ်းခရီးမှာ အတော်လေးဝေးတဲ့ နေရာကို ရောက်တဲ့အခါမှာ ညီတော်အာနန္ဒာက ဘုရားရှင်ကို လျှောက်တင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

"မြတ်စွာဘုရား . . . တပည့်တော်တို့ ရှင်ရေဝတသီတင်းသုံးရာ ရှားတောကျောင်းကို ရောက်ဖို့မှာ လမ်းနှစ်သွယ်ရှိပါတယ်ဘုရား။ တစ်လမ်းက ယူဇနာ ၆၀ ဝေးတဲ့ လမ်းခရီးက ရှည်ပါတယ်ဘုရား။ တစ်ခုက ယူဇနာ ၃၀ သာ ကွာဝေးတဲ့ ဖြတ်လမ်းခရီးတို့ ဖြစ်ပါတယ်ဘုရား။

ယူဇနာ ၆၀ ဝေးကွာတဲ့ခရီးမှာ လမ်းဟာ ချောမွေ့ပါတယ်။ တပည့်တော်တို့နဲ့အတူကြွမည့် နောက်ပါ သံဃာတော်ငါးရာတို့ရဲ့ ဆွမ်းကိစ္စ၊ ကျောင်းသခ်မ်းကိစ္စများကို ဖြည့်စွမ်းပေးမယ့် ဂေါ်စကါမ်ရွာများလည်း အဆင်သင့်ရှိပါတယ်ဘုရား။ လမ်းကလည်း လမ်းကောင်းဖြစ်ပါတယ်ဘုရား။

ယူဇနာ ၃၀ သာဝေးတဲ့ ဖြတ်လမ်းခရီးက သွားပါက လမ်းကလည်ကြမ်း။ ဘီလူးရက္ခများနဲ့ သားရဲတိရစ္ဆာန်မျိုးစုံတို့ရဲ့ ဘေးအန္တရာယ်မှာလည်း များလှပါတယ်ဘုရား။ ရာသီဥတုနဲ့ ဆွမ်းကိစ္စအတွက် သီတင်းသုံးရန် ကျောင်းသခ်မ်းမှာလည်း ပြည့်စုံလုံလောက် ရှိမယ်မထင်ပါ။ ပင်ပန်းဆင်းရဲခြင်းတို့နဲ့ ကြုံရပါလိမ့်မယ်ဘုရား"

ဤသို့ဖြင့် ညီတော်အာနန္ဒာက ဘုရားရှင်ကို လျှောက်ထားတော်မူပါတယ်။

အဲဒီအခါမှာ ဘုရားရှင်က ညီတော်အာနန္ဒာကို -

"ဘာမှ မစိုးရိမ်ပါနှင့်။ ငါဘုရားကြွတော်မူမယ့် လမ်းခရီးမှာ ရှင်သီဝလိရဟန်းတော် လိုက်ပါနိုင်ပါ့မလား" လို့ ဘုရားရှင်က မေးတော်မူပါတယ်။

ညီတော်အာနန္ဒာကလည်း ရှင်သီဝလိမထေရ် တပည့်တော်တို့နဲ့အတူ လိုက်ပါပါမည်ဘုရားလို့ လျှောက်ထားပါတယ်။ အဲဒီအခါမှာ ဘုရားရှင်က ကြမ်းတမ်းတဲ့လမ်းက ကြွတော်မူဟု မြွက်ကြားတော်မူလိုက်ပါတယ်။

ဒီလိုနဲ့ပဲ ယူဇနာ ၃၀ သာ ကွာဝေးတဲ့ လမ်းကြမ်းခရီးမှ ကြွတော်မူပါတယ်။ အဆင်ပြေချောမွေ့လှတဲ့ လမ်းက ကြွ၍ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုးနှင့် အခြားသော နတ်ဒေဝတာများသည် တစ်ယူဇနာလျှင် ကျောင်းသခ်မ်းပေါင်းများစွာကို တန်ခိုးနဲ့ တည်ဆောက်ကြပြီး ဘုရားအစရှိတဲ့ ရဟန်းတော်အရှင်သူမြတ်တို့ကို ဆွမ်း၊ ဆေး၊ သင်္ကန်း၊ ကျောင်း စတဲ့ ပစ္စည်းလေးပါးတို့အပြင် ခမ်းနားဆန်းပြားလှတဲ့ လှူဖွယ်ဝတ္ထုများကို လှူသည့်အပြင် စားသောက်ဖွယ်ရာများကို လှူဒါန်းပူဇော်ကြပါတယ်။

## အရှင်သီဝလိကို တေဒဂ်ဘွဲ့ထူးများကို ပေးတော်မူခြင်း

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကား ရှင်သီဝလိမထေရ်ရဲ့ ဘုန်းကံစွမ်းကို သိတော်မူတဲ့အတွက် ရှင်ရေဝတရဲ့ကျောင်းတော်ကို ကြွရောက်တော်မူခဲ့တဲ့ အကြောင်းပြုပြီး အရှင်သီဝလိမထေရ်အား

"တေ ဒဂ္ဂတိက္ခဝေ မမသာဝကာနံ ဘိက္ခူနံ လာဘိနံ ယဒိဒံ သီဝလိ" စတဲ့ ဂါထာကို မိန့်ပါတယ်။

ရဟန်းတို့ ပစ္စည်းလေးရပ် လာဘ်လာဘအရာမှာ ပေါများပြည့်စုံလှတဲ့ ငါဘုရားရဲ့ တပည့်သာဝက ရဟန်းတို့အနက် သီဝလိရဟန်းတော်ဟာ အသာဆုံးအဖြစ် ဖြစ်ပေတယ်ဟု ချီးကျူးမိန့်မြွက်တော်မူကာ အမြင့်မြတ်ဆုံးသော တဒဂ်အရာကို ပေးတော်မူပါတယ်။

## ကြီးပွားချမ်းသာရေးနှင့် ဘုန်းတန်ခိုးကြီးမားရေးအတွက် ရှင်သီဝလိဂါထာတော်များ

၁။ အမှုကိစ္စအောင်မြင်လိုလျှင် ရွတ်ရန်

သီဝလိစ မဟာထေရော၊
ဒေဝမနုဿ ပူဇိတော၊
လာဘာ သက္ကရ ဌာနေသု၊
အဂ္ဂပတ္တော ဇိတိန္ဒြိယော။
သောစ မံ အနုပါလေတု၊
ဗယံ မေ ဒေတု သဗ္ဗဒါ။

ဒေဝမနုဿ ပူဇိတော - နတ်လူအများတို့ ညွှ
တွားလေးမြတ် ပူဇော်အပ်သော၊ သီဝလိ - အရှင်သီဝ
အမည်တော်ရှိသော၊ မဟာထေရောစ - ရဟန်းအရှင်မြ
ကြီးသည်ကား။ လာဘ သက္ကာရ ဌာနေသု - လာဘ်ပူ
သကာ လွန်စွာများမြတ်သော အရာတို့၌၊ အဂ္ဂပတ္တော -
သူသာလျှင် အမြတ်ဆုံးဟု ရှင်ပြုံးကြည်သာ မဟာသာ
စာရင်းဝင် မိန့်ခွန်းတော်ဆင့်ခဲ့သည့် အရှင်မြတ်တစ်ပါး
တော်မူပါပေ၏။ ဇိတိန္ဒြိယော - စက္ခုန္ဒြေ စသော
အလုံးစုံကို အကုန်အောင်မြင်တော်မူပြီး ဖြစ်တော်မူပါ
သောစ - ထိုအရှင်သီဝလိမထေရ်မြတ်ကြီးသည်၊
အကျွန်ုပ်ကို၊ အနုပါလေတု - အစဉ်မကွာ စောင်



www.burmeseclassic.com

www.burmeseclassic.com

တော်မူပါစေသတည်း။ သဗ္ဗဒါ - အခါခပ်သိမ်း။ မေ - အကျွန်ုပ်အား။ ဇယံ - အလုပ်အကိုင်အကြံအစည် အလီလီ အဝဝ အောင်မြင်ခြင်းမင်္ဂလာဟူသမျှကို၊ ဒေတု - သနားကြည်ဖြူ ပေးတော်မူပါ အရှင်ဘုရား။

၂။ ဘုန်းကျက်သရေတိုးလိုလျှင် ရွတ်ရန်

**သီဝလိစ မဟာထေရော၊**

**ဒေဝမနုဿ ပူဇိတော၊**

**လာဘာ သဂ္ဂရ ဌာနေသု၊**

**အဂ္ဂပတ္တော မဟာပုညော။**

**သောစ မံ အနုပါလေတု၊**

**ပုညံ မေ ဒေတု သဗ္ဗဒါ။**

ဒေဝမနုဿ ပူဇိတော - နတ်လူအများတို့ ညွတ်တွားလေးမြတ် ပူဇော်အပ်သော၊ သီဝလိ - အရှင်သီဝလိ အမည်တော်ရှိသော၊ မဟာထေရောစ - ရဟန္တာအရှင်မြတ်ကြီးသည်ကား။ လာဘာ သဂ္ဂါရ ဌာနေသု - လာဘ်ပူဇော်သကာ လွန်စွာများမြတ်သော အရာတို့၌၊ အဂ္ဂပတ္တော - သူသာလျှင် အမြတ်ဆုံးဟု ရှင်ပြုံးကြည်သာ မဟာသာဝက စာရင်းဝင် မိန့်ခွန်းတော်ဆင့်ခဲ့သည့် အရှင်မြတ်တစ်ပါး ဖြစ်တော်မူပါပေ၏။ မဟာပုညော - ကြီးမားသော ဘုန်းကျက်သရေ ရှိတော်မူပါပေ၏။ သောစ - ထိုအရှင်သီဝလိမထေရ်မြတ်ကြီးသည်၊ မံ - အကျွန်ုပ်ကို၊ အနုပါလေတု - အစဉ်မကွာ စောင့်ရှောက်တော်မူပါစေသတည်း။ သဗ္ဗဒါ - အခါခပ်သိမ်း။ မေ - အကျွန်ုပ်အား။ ပုညံ - ဘုန်းကျက်သရေမင်္ဂလာအဖြာဖြာကို၊ ဒေတု - သနားကြည်ဖြူ ပေးတော်မူပါ အရှင်ဘုရား။

၃။ ဥစ္စာတိုးပွား အရောင်းအဝယ်သမားများ ရွတ်ရန်

**သီဝလိစ မဟာထေရော၊**

**ဒေဝမနုဿ ပူဇိတော၊**

**လာဘာ သဂ္ဂရ ဌာနေသု၊**

**အဂ္ဂပတ္တော မဟာလာဘော**

**(လာဘောမဟာ)**

**သောစ မံ အနုပါလေတု၊**

**လာဘံ မေ ဒေတု သဗ္ဗဒါ။**

ဒေဝမနုဿ ပူဇိတော - နတ်လူအများတို့ ညွတ်တွားလေးမြတ် ပူဇော်အပ်သော၊ သီဝလိ - အရှင်သီဝလိ အမည်တော်ရှိသော၊ မဟာထေရောစ - ရဟန္တာအရှင်မြတ်ကြီးသည်ကား။ လာဘာ သဂ္ဂါရ ဌာနေသု - လာဘ်ပူဇော်သကာ လွန်စွာများမြတ်သော အရာတို့၌၊ အဂ္ဂပတ္တော - သူသာလျှင် အမြတ်ဆုံးဟု ရှင်ပြုံးကြည်သာ မဟာသာဝက စာရင်းဝင် မိန့်ခွန်းတော်ဆင့်ခဲ့သည့် အရှင်မြတ်တစ်ပါး ဖြစ်တော်မူပါပေ၏။ မဟာလာဘော - ကြီးမားသော ဘုန်းကျက်သရေ ရှိတော်မူပါပေ၏။ သောစ - ထိုအရှင်သီဝလိမထေရ်မြတ်ကြီးသည်၊ မံ - အကျွန်ုပ်ကို၊ အနုပါလေတု - အစဉ်မကွာ စောင့်ရှောက်တော်မူပါစေသတည်း။ သဗ္ဗဒါ - အခါခပ်သိမ်း။ မေ - အကျွန်ုပ်အား။ လာဘံ - လာဘ်ကောင်းမင်္ဂလာအဖြာဖြာကို၊ ဒေတု - သနားကြည်ဖြူ ပေးတော်မူပါ အရှင်ဘုရား။

၄။ အခြွေအရံအလိုရှိလျှင် ရွတ်ရန်

**သီဝလိစ မဟာထေရော၊**

**ဒေဝမနုဿ ပူဇိတော၊**

**လာဘာ သဂ္ဂရ ဌာနေသု၊**

**အဂ္ဂပတ္တော မဟာယသော။**

**သောစ မံ အနုပါလေတု၊**

**ယသံ မေ ဒေတု သဗ္ဗဒါ။**

ဒေဝမနုဿ ပူဇိတော - နတ်လူအများတို့ ညွတ်တွားလေးမြတ် ပူဇော်အပ်သော၊ သီဝလိ - အရှင်သီဝလိ အမည်တော်ရှိသော၊ မဟာထေရောစ - ရဟန္တာအရှင်မြတ်ကြီးသည်ကား။ လာဘာ သဂ္ဂါရ ဌာနေသု - လာဘ်ပူဇော်သကာ လွန်စွာများမြတ်သော အရာတို့၌၊ အဂ္ဂပတ္တော - သူသာလျှင် အမြတ်ဆုံးဟု ရှင်ပြုံးကြည်သာ မဟာသာဝက စာရင်းဝင် မိန့်ခွန်းတော်ဆင့်ခဲ့သည့် အရှင်မြတ်တစ်ပါး ဖြစ်တော်မူပါပေ၏။ မဟာယသော - အခြံအရံများစွာ မင်္ဂလာကို ကောင်းစွာရရှိတော်မူပါပေ၏။ သောစ - ထိုအရှင်သီဝလိမထေရ်မြတ်ကြီးသည်၊ မံ - အကျွန်ုပ်ကို၊ အနုပါလေတု - အစဉ်မကွာ စောင့်ရှောက်တော်မူပါစေသတည်း။ သဗ္ဗဒါ - အခါခပ်သိမ်း။ မေ - အကျွန်ုပ်အား။ ယသံ - အခြွေအရံများစွာ မင်္ဂလာကို၊ ဒေတု - သနားကြည်ဖြူ ပေးတော်မူပါ အရှင်ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

၅။ လူများ ချစ်ခင်စေလိုလျှင် ရွတ်ရန်

သီဝလိစ မဟာထေရော၊
ဒေဝမနုဿ ပူဇိတော၊
လာဘာ သက္ကာရ ဒ္ဓါနေသု၊
အဂ္ဂပတ္တော ဇနံပိယော။
သောစ မံ အနုပါလေတု၊
ဇယံ မေ ဒေတု သဗ္ဗဒါ။

ဒေဝမနုဿ ပူဇိတော - နတ်လူအများတို့ ညွတ်တွားလေးမြတ် ပူဇော်အပ်သော၊ သီဝလိ - အရှင်သီဝလိ အမည်တော်ရှိသော၊ မဟာထေရောစ - ရဟန္တာအရှင်မြတ်ကြီးသည်ကား၊ လာဘာ သက္ကာရ ဒ္ဓါနေသု - လာဘ်ပူဇော်သကာ လွန်စွာများမြတ်သော အရာတို့၌၊ အဂ္ဂပတ္တော - သူသာလျှင် အမြတ်ဆုံးဟု ရွှင်ပြုံးကြည်သာ မဟာသာဝက စာရင်းဝင် မိန့်ခွန်းတော်ဆင့်ခဲ့သည့် အရှင်မြတ်တစ်ပါး ဖြစ်တော်မူပါပေ၏။ ဇနံပိယော - လူအပေါင်းတို့ ညွတ်ပျောင်းလေးမြတ် ချစ်ခင်အပ်သော မင်္ဂလာကို ကောင်းစွာရရှိတော်မူပါပေ၏။ သောစ - ထိုအရှင်သီဝလိမထေရ်မြတ်ကြီးသည်၊ မံ - အကျွန်ုပ်ကို၊ အနုပါလေတု - အစဉ်မကွာ စောင့်ရှောက်တော်မူပါစေသတည်း။ သဗ္ဗဒါ - အခါခပ်သိမ်း၊ မေ - အကျွန်ုပ်အား၊ ပိယံ - လူအပေါင်းတို့၏ ချစ်ကြောင်းမင်္ဂလာ အဖြာဖြာကို၊ ဒေတု - သနားကြည်ဖြူ ပေးတော်မူပါ အရှင်ဘုရား။

၆။ ဘုန်းတန်ခိုးကြီးလိုသူများ ရွတ်ရန်

သီဝလိစ မဟာထေရော၊
ဒေဝမနုဿ ပူဇိတော၊
လာဘာ သက္ကာရ ဒ္ဓါနေသု၊
အဂ္ဂပတ္တော မဟိဒ္ဓိကော။
သောစ မံ အနုပါလေတု၊
ဣဒ္ဓိ မေ ဒေတု သဗ္ဗဒါ။

ဒေဝမနုဿ ပူဇိတော - နတ်လူအများတို့ ညွတ်တွားလေးမြတ် ပူဇော်အပ်သော၊ သီဝလိ - အရှင်သီဝလိ အမည်တော်ရှိသော၊ မဟာထေရောစ - ရဟန္တာအရှင်မြတ်ကြီးသည်ကား၊ လာဘာ သက္ကာရ ဒ္ဓါနေသု - လာဘ်ပူဇော်သကာ လွန်စွာများမြတ်သော အရာတို့၌၊ အဂ္ဂပတ္တော - သူသာလျှင် အမြတ်ဆုံးဟု ရွှင်ပြုံးကြည်သာ မဟာသာဝက စာရင်းဝင် မိန့်ခွန်းတော်ဆင့်ခဲ့သည့် အရှင်မြတ်တစ်ပါး ဖြစ်တော်မူပါပေ၏။ မဟိဒ္ဓိကော - စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။ သောစ - ထိုအရှင်သီဝလိမထေရ် မြတ်ကြီးသည်၊ မံ - အကျွန်ုပ်ကို၊ အနုပါလေတု - အစဉ်မကွာ စောင့်ရှောက်တော်မူပါစေသတည်း။ သဗ္ဗဒါ - အခါခပ်သိမ်း၊ မေ - အကျွန်ုပ်အား၊ ဣဒ္ဓိ - လွန်ကဲလွှမ်းမိုး ဂုဏ်တန်ခိုးကို၊ ဒေတု - သနားကြည်ဖြူ ပေးတော်မူပါ အရှင်ဘုရား။

၇။ ထင်ရှားကျော်စောလိုလျှင် ရွတ်ရန်

သီဝလိစ မဟာထေရော၊
ဒေဝမနုဿ ပူဇိတော၊
လာဘာ သက္ကာရ ဒ္ဓါနေသု၊
အဂ္ဂပတ္တော ဇုတိန္ဓရော။
သောစ မံ အနုပါလေတု၊
ဇုတိံ မေ ဒေတု သဗ္ဗဒါ။

ဒေဝမနုဿ ပူဇိတော - နတ်လူအများတို့ ညွတ်တွားလေးမြတ် ပူဇော်အပ်သော၊ သီဝလိ - အရှင်သီဝလိ အမည်တော်ရှိသော၊ မဟာထေရောစ - ရဟန္တာအရှင်မြတ်ကြီးသည်ကား၊ လာဘာ သက္ကာရ ဒ္ဓါနေသု - လာဘ်ပူဇော်သကာ လွန်စွာများမြတ်သော အရာတို့၌၊ အဂ္ဂပတ္တော - သူသာလျှင် အမြတ်ဆုံးဟု ရွှင်ပြုံးကြည်သာ မဟာသာဝက စာရင်းဝင် မိန့်ခွန်းတော်ဆင့်ခဲ့သည့် အရှင်မြတ်တစ်ပါး ဖြစ်တော်မူပါပေ၏။ ဇုတိန္ဓရော - ထွန်းလင်းထိန်ပြောင် ဂုဏ်တော်ရောင်ကို ဆောင်တော်မူပါပေ၏။ သောစ - ထိုအရှင်သီဝလိမထေရ်မြတ်ကြီးသည်၊ မံ - အကျွန်ုပ်ကို၊ အနုပါလေတု - အစဉ်မကွာ စောင့်ရှောက်တော်မူပါစေသတည်း။ သဗ္ဗဒါ - အခါခပ်သိမ်း၊ မေ - အကျွန်ုပ်အား၊ ဇုတိံ - ကျော်စော အလင်း ဂုဏ်သတင်းကို၊ ဒေတု - သနားကြည်ဖြူ ပေးတော်မူပါ အရှင်ဘုရား။

၈။ ပညာသင်ကြားရေး အောင်မြင်လိုလျှင် ရွတ်ရန်

သီဝလိစ မဟာထေရော၊
ဒေဝမနုဿ ပူဇိတော၊



www.burmeseclassic.com

www.burmeseclassic.com

**လာဘ သက္ကရ ဌာနေသု၊**
**အဂ္ဂပတ္တော မဟာပညော။**
**သောစ မံ အနုပါလေတု၊**
**ပညံ မေ ဒေတု သဗ္ဗဒါ။**

ဒေဝမနုဿ ပူဇိတော - နတ်လူအများတို့ ညွတ်ကွားလေးမြတ် ပူဇော်အပ်သော၊ သီဝလိ - အရှင်သီဝလိ အမည်တော်ရှိသော၊ မဟာထေရောစ - ရဟန္တာအရှင်မြတ်ကြီးသည်ကား။ လာဘ သက္ကာရ ဌာနေသု - လာဘ်ပူဇော်သကာ လွန်စွာများမြတ်သော အရာတို့၌၊ အဂ္ဂပတ္တော - သူသာလျှင် အမြတ်ဆုံးဟု ရှင်ပြုံးကြည်သာ မဟာသာဝက စာရင်းဝင် မိန့်ခွန်းတော်ဆင့်ခဲ့သည့် အရှင်မြတ်တစ်ပါး ဖြစ်တော်မူပါပေ၏။ မဟာပညော - သစ္စာလေးဆင့်ဖွဲ့ လင်းအောင်ပွင့်သည့် မြင့်မြတ်သော ဉာဏ်ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။ သောစ - ထိုအရှင်သီဝလိမထေရ်မြတ်ကြီးသည်၊ မံ - အကျွန်ုပ်ကို၊ အနုပါလေတု - အစဉ်မကွာ စောင့်ရှောက်တော်မူပါစေသတည်း။ သဗ္ဗဒါ - အခါခပ်သိမ်း၊ မေ - အကျွန်ုပ်အား၊ ပညံ - သင်အုပ်ကြားအပ် အတတ်ပညာ ဂုဏ်ရောင်ဝါကို၊ ဒေတု - သနားကြည်ဖြူ ပေးတော်မူပါ အရှင်ဘုရား။

**၉။ ကြောက်လန့်ဖွယ်ရာ အရေးကြုံလျှင် ရွတ်ရန်**

**သီဝလိစ မဟာထေရော၊**
**ဒေဝမနုဿ ပူဇိတော၊**
**လာဘ သက္ကရ ဌာနေသု၊**
**အဂ္ဂပတ္တော မဟာဗလော။**
**သောစ မံ အနုပါလေတု၊**
**ဗလံ မေ ဒေတု သဗ္ဗဒါ။**

ဒေဝမနုဿ ပူဇိတော - နတ်လူအများတို့ ညွတ်ကွားလေးမြတ် ပူဇော်အပ်သော၊ သီဝလိ - အရှင်သီဝလိ အမည်တော်ရှိသော၊ မဟာထေရောစ - ရဟန္တာအရှင်မြတ်ကြီးသည်ကား။ လာဘ သက္ကာရ ဌာနေသု - လာဘ်ပူဇော်သကာ လွန်စွာများမြတ်သော အရာတို့၌၊ အဂ္ဂပတ္တော - သူသာလျှင် အမြတ်ဆုံးဟု ရှင်ပြုံးကြည်သာ မဟာသာဝက စာရင်းဝင် မိန့်ခွန်းတော်ဆင့်ခဲ့သည့် အရှင်မြတ်တစ်ပါး ဖြစ်တော်မူပါပေ၏။ မဟာဗလော - အလွန်ကြီးမား စွမ်းပကားဟု အင်အားသတ္တိဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။ သောစ - ထိုအရှင်သီဝလိမထေရ်မြတ်ကြီးသည်၊ မံ - အကျွန်ုပ်ကို၊ အနုပါလေတု - အစဉ်မကွာ စောင့်ရှောက်တော်မူပါစေသတည်း။ သဗ္ဗဒါ - အခါခပ်သိမ်း၊ မေ - အကျွန်ုပ်အား၊ ဗလံ - အလုပ်အကိုင်အကြံအစည် အလီလီအဝဝ အောင်မြင်ခြင်းမင်္ဂလာ ဟူသမျှကို၊ ဒေတု - သနားကြည်ဖြူ ပေးတော်မူပါ အရှင်ဘုရား။

**၁၀။ အရှုံးအနိုင် ရင်ဆိုင်ယှဉ်ပြိုင်သောအခါ ရွတ်ရန်**

**သီဝလိစ မဟာထေရော၊**
**ဒေဝမနုဿ ပူဇိတော၊**
**လာဘ သက္ကရ ဌာနေသု၊**
**အဂ္ဂပတ္တော မဟာ တေဇော။**
**သောစ မံ အနုပါလေတု၊**
**တေဇံ မေ ဒေတု သဗ္ဗဒါ။**

ဒေဝမနုဿ ပူဇိတော - နတ်လူအများတို့ ညွတ်ကွားလေးမြတ် ပူဇော်အပ်သော၊ သီဝလိ - အရှင်သီဝလိ အမည်တော်ရှိသော၊ မဟာထေရောစ - ရဟန္တာအရှင်မြတ်ကြီးသည်ကား။ လာဘ သက္ကာရ ဌာနေသု - လာဘ်ပူဇော်သကာ လွန်စွာများမြတ်သော အရာတို့၌၊ အဂ္ဂပတ္တော - သူသာလျှင် အမြတ်ဆုံးဟု ရှင်ပြုံးကြည်သာ မဟာသာဝက စာရင်းဝင် မိန့်ခွန်းတော်ဆင့်ခဲ့သည့် အရှင်မြတ်တစ်ပါး ဖြစ်တော်မူပါပေ၏။ မဟာတေဇော - ကြီးမားသော ဘုန်းကျက်သရေ ရှိတော်မူပါပေ၏။ သောစ - ထိုအရှင်သီဝလိမထေရ်မြတ်ကြီးသည်၊ မံ - အကျွန်ုပ်ကို၊ အနုပါလေတု - အစဉ်မကွာ စောင့်ရှောက်တော်မူပါစေသတည်း။ သဗ္ဗဒါ - အခါခပ်သိမ်း၊ မေ - အကျွန်ုပ်အား၊ တေဇံ - ယှဉ်ပြိုင်လျှင် အနိုင်ရ တေဇရှိန်ဇော် အာနုဘော်ကို၊ ဒေတု - သနားကြည်ဖြူ ပေးတော်မူပါ အရှင်ဘုရား။

(မှတ်ချက် ။ ။ ပုံတော်ကို ဂုဏ်တော်ကပ်ရန် အိပ်ရာဝင်၊ အိပ်ရာထ၊ ခရီးသွား၊ ဈေးရောင်း၊ ပေါင်းသင်းဆက်ဆံရေး စသော နေရာတိုင်းတွင် ရွတ်ဖတ်ပူဇော်ပါက မှချအကျိုးပေးပါသည်။)

**ပထမံဆရာကြီးဦးအောင်သူ**



www.burmeseclassic.com

www.burmeseclassic.com

# မိဘကျေးဇူးဆပ်ဂါထာ

## အဖခြေရာ ရှိခိုးဂါထာ

ဝုဍ္ဎိကာရော အာလိင်္ဂေတွာ၊ ဥမ္မိတွာ ပိယပုတ္တကံ၊
ရာဇမဏ္ဍ သုပတိဋ္ဌံ၊ ပိတုပါဒံ နမာမဟံ။

ယောပိတု - အကြင်အဖသည်
ဝုဍ္ဎိကာရော - ကြီးပွားကြောင်းကိုပြုလျက်
အာလိင်္ဂေတွာ - လည်၌ဖက်၍
ဥမ္မိတွာ - နမ်း၍
ပိယပုတ္တကံ - ချစ်လှစွာသော သားသမီးကို
ရာဇမဏ္ဍ - မင်းမှူးမတ်တို့အလယ်၌
သုပတိဋ္ဌံ - ကောင်းစွာတည်စေ၏
သောပိတု - ထိုအဖ၏
ပါဒံ - ခြေအစုံကို
အဟံ - ကျွန်ုပ်သည်
နမာမိ - ရှိခိုးပါ၏

## အမိခြေရာ ရှိခိုးဂါထာ

ဒသမာသေ ဥရေကတွာ၊ ပေါသေတိ၊ ဝုဍ္ဎိကာရကံ၊
အာယုဒီဃံ ဝဿသတံ၊ မာတုပါဒံ နမာမဟံ။

သာမာတာ - အကြင်အမိသည်
ဒသမာသေ - ဆယ်လတိုင်တိုင်
ဥရေကတွာ - ရင်ဖြင့်ပိုက်လွယ်သည်ကိုပြု၍
ဝုဍ္ဎိကာရကံ - ကြီးပွားခြင်းအကြောင်းကို
ကတွာ - ပြု၍
ပေါသေတိ - နို့ရည်တိုက်ကျွေးမွေးမြူပေ၏
ဝဿသတံ - အနှစ်တစ်ရာတိုင်တိုင်
အာယုဒီဃံ - အသက်ရှည်သမျှကာလပတ်လုံး
သာမာတု - ထိုအမိ၏
ပါဒံ - ခြေအစုံကို
အဟံ - ကျွန်ုပ်သည်
နမာမိ - ရှိခိုးပါ၏

## ဂါထာရွတ်ပွားခြင်းအကျိုး

ဖော်ပြပါဂါထာကို နေ့စဉ် ပွားများပါ။ အမိဋ္ဌာန်ဝင်၍ ပွားများပါ။ ကြက်သီးမွေးညှင်းထမျှ မေတ္တာပီတိလှိုင်းများ တရိပ်ရိပ်ဖြစ်ပေါ်လာပြီးလျှင် အသက်ရှည်ခြင်း၊ ကျန်းမာခြင်း၊ ဘေးအန္တရာယ်ကင်းခြင်းများ ဖြစ်ထွန်းလာမည် ဖြစ်သည်။ ရာသက်ပန် ပွားများခြင်းဖြင့် ကောင်းကျိုးချမ်းသာ သိဒ္ဓိစွမ်းအင်အမျိုးမျိုး ကေန်ရမည်အမှန်ဖြစ်သည်။

ရောင်ပြန်မဂ္ဂဇင်းမှ ဓမ္မဒါန




www.burmeseclassic.com

www.burmeseclassic.com

# ထီပေါက်စေနိုင်သော လာဘသိဒ္ဓိ ရှင်သီဝလိဒီပံ အစီအရင်

စိုးဝင်းထွဏ်း(တာမွေ)

လာဘသိဒ္ဓိ ရှင်သီဝလိဒီပံ



ဤ **"ရှင်သီဝလိဒီပံ"** ကို အဝင်နက္ခတ် အမြိတ္တစုတ်ကြိုက် နှစ်ဖက်မြင် သောကြာနေ့ နေဝန်းပေါ်သောအချိန်တွင် ပြုလုပ်ရမည်။ ဤအင်းတော်ကို မိတ္တူကူးကာ စီရင်ပြီး ဖယောင်းတိုင်တွင်ပတ်၍လည်း မီးထွန်းပူဇော်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေဘုရားငါးဆူမှ ဖယောင်းကို ပျားဖယောင်းနှင့် ဆတူရောရမည်။ ပြီးလျှင် ကျိုချက်စစ်ပြီး အပြားပြုလုပ်ထားရမည်။

အထက်က ဖော်ပြထားသည့်အတိုင်း သောကြာနေ့ နေထွက်ပေါ်စ အချိန်တွင် ရှင်သီဝလိ မထေရ်မြတ်ကို ရည်စူး၍ သစ်သီးမျိုးစုံ တစ်ပွဲ ကပ်လှူရမည်။

ထို့နောက် ဖယောင်းပြားတွင် ဖော်ပြပါ "ဒီပံပုံ" အတိုင်းရေး၍ အောက်ပါအတိုင်း ပြုလုပ်ရမည်။ သို့မဟုတ်ပါက ဖော်ပြပါ "သီဝလိဒီပံအင်းပုံ" ကို မိတ္တူကူး၍ ဖယောင်းတိုင်တွင် ပတ်ပြီး အောက်ပါအတိုင်း ပြုလုပ်ရပါမည်။

## ပြုလုပ်နည်း စီရင်ဟန်

ပထမ - အင်းကွက်ချ၊ ၎င်းအင်းကွက်တွင် ***"သီဝလိ ဣတိ ဝိသုတောတိဟုံ"*** ဟူ၍ ဝဲယာအစဉ်အတိုင်း အင်းဆန် ရေးသွင်းပါ။

ဒုတိယ - အင်းကွက်တွင် ***"အာဟာနေယျော၊ ပါဟု နေယျော"*** အင်းဆန်ရေးသွင်းပါ။

တတိယ - စမရုပ်

စတုတ္ထ - အင်းကွက်တွင် ***"လာဘီနံ မုတ္တမော ထေရော နံ"*** ရေးသွင်းပါ။

ပဉ္စမ - အင်းကွက်တွင် ***"ဒက္ခိဏေယျော နံ"*** ရေးသွင်းပါ။

ဆဋ္ဌမ - အရံ။

သတ္တမ - လက်ဝဲစက် ***"ဝ-ဝ-ဓ-ဗ"*** ရေးသွင်းပါ။

အဋ္ဌမ - လက်ယာစက် ***"ဋ က သ ဥ"*** ရေးသွင်းပါ။

သိမ်ဝင်ချည်ကို သက်စေ့ မီးစာထည့်ရမည်။ ထို့နောက် ပုံတွင် ပြထားသည့်အတိုင်း အောက်ပါဂါထာ မန္တန်ကို အရံအဖြစ် ဖြင့် ရေးရမည်။

## အရံဂါထာ

**ဥုံ သီဝလိနာမေန ထေရေန၊ စတုဓာတု ပသိဒ္ဓိယာ၊**
**သန္နိဋ္ဌိက ဖလံ၊ စတုက္ခရံ သိဒ္ဓိလာဘံသွဟော။**

ဤအရံ ဂါထာမန္တန်ဖြင့်ပင် ၁၀၀၀ အုပ် စုတ်ရမည်။ ပြီးလျှင် ဖယောင်းတိုင် ပြုလုပ်ရမည်။

ဤရှင်သီဝလိဒီပံ ဖယောင်းတိုင် အစီအရင်ကို ရှာန် အဘိညာဉ်ရ ရှေးဆရာကြီးများက အက္ခရာ ၄၁ လုံးကို မူလ အမှန် ဘူတပြန်၍ ဝိဇ္ဇာယာန လောကီယ အတတ်ပညာဖြင့် စီရင်ထားတော်မူခဲ့ခြင်း ဖြစ်သည်။

ထိုသို့ မီးထွန်းသောအခါ၌ အရံဂါထာမန္တန်ကို ၇ အုပ် ရွတ်ဆို ကျူးရင့်နေရမည်။

## အညွှန်း

ထီဝါသနာရှင်များအဖို့ ထီဖွင့်သောနေ့၌ ထီလက်မှတ် နှင့်အတူ ရှင်သီဝလိဒီပံဖယောင်းတိုင်ကို မီးထွန်းပါ။ ထီပေါက် နိုင်ပါသည်။

ကုန်အရောင်းအဝယ်၊ အိမ်အရောင်းအဝယ်၊ မော်တော်ကားအရောင်းအဝယ်၊ ခြံမြေ လယ်မြေ ယာမြေ အရောင်းအဝယ် ပြုလုပ်သောနေ့များ၌ ဤဒီပံ ဖယောင်းတိုင်ကို မီးထွန်းပါ။ မိမိပြောဆိုသော ဈေးနှုန်းအတိုင်း အဆင်ပြေသွား ပါလိမ့်မည်။

ထို့ပြင် တတ်နိုင်မည်ဆိုပါက ဤဒီပံဖယောင်းတိုင်ကို နေ့စဉ် မီးထွန်းပူဇော်ပါ။ တစ်နေ့တခြား သိသိသာသာ စီးပွား ဥစ္စာ တိုးတက်လာမည်။ လာဘ်လာဘ ပေါများမည်။ အလုပ် အကိုင် အကြံအစည် မှန်သမျှ ထမြောက်အောင်မြင်မည်။

ကုန်တိုက်ကြီးများ၊ အိမ်ဆိုင်ကြီးများဖွင့်၍ ရောင်းချ နေပါက ဤဒီပံဖယောင်းတိုင်ကို နေ့စဉ် မီးထွန်းဖို့ မမေ့ပါနှင့်၊

ရှင်သီဝလိ မဟာထေရ်မြတ်မှာ ဗုဒ္ဓဘုရားရှင်ကိုယ်တိုင် က လာဘ်လာဘအရာ၌ ဧတဒဂ် ပေးထားတော်မူခဲ့သဖြင့် ဤ ရှင်သီဝလိဒီပံ အစီအရင်ကို ရှေးဆရာကြီးများက "**လာဘသိဒ္ဓိ လာဘ်ခေါ်ဒီပံ**" ဟု အမည်ပေးထားကြောင်း မှုရင်းပေစာတွင် ရေးထားသည်။

---

စိုးဝင်းထွဏ်း(တာမွေ)

---



www.burmeseclassic.com

www.burmeseclassic.com

# စီးပွားဥစ္စာ တိုးတက်၍ လာဘ်လာဘ ပေါများစေသော

# ရှင်သီဝလိ အစီအရင်

(ရှင်သာမဏေ သက်န်းတောင်း၍ ရှင်သီဝလိဂါထာ အုပ်မန်းကာ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ပူဇော်ရမည်)

## စီရင်နည်း စီရင်ဟန်

ဝါးပျံ့ သို့မဟုတ် နံ့သာဖြူကို ပရိက္ခရာ စုံလင်စွာနှင့် ရှင်သီဝလိ ရုပ်တုတော် ထုလုပ်ရမည်။ သားရေနွယ် ပါစေရမည်။

ပလ္လင်တော်တွင် လေးကွက်အင်း ချ၍ "ဥုံ ရှင်သီဝလိ" ဟု အင်းဆန် ထည့်သွင်းရမည်။ ထို့နောက်...

နဖူးတော်၌ "ပီယံ"

သပိတ်တော်၌ "လာဘံ"

ယပ်တော်၌ "သုခီ"

တောင်ဝှေးတော်၌ "ဓနံ"

သားရေနွယ်၌ "မနာပံ"

ဟူ၍ အသီးသီး ရေးရမည်။

| | |
|---|---|
| ဥုံ | သီ |
| လိ | ဝ |

## အသက်သွင်းရန် ဂါထာ

ဥုံ ဣတိပိ အရဟံ အဝိဇ္ဇာဏကံ သမ္မိ အုံး အုံး။

ဤဂါထာဖြင့် ၇ အုပ် စုတ်ပြီး အသက်သွင်းရမည်။

## သာမဏေပြုခွင့်တောင်းရန် ဂါထာ

ဥုံ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ

ပဗ္ဗဇ္ဇယာစာမိ။

ဤဂါထာကို ၇ ခေါက် ရွတ်ကာ ရှင်သာမဏေပြုရန် တောင်းဆိုရမည်။

## ဆရာ့ထံသို့ သင်္ကန်းကပ်ရန် ဂါထာ

ဥုံ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

ဤဂါထာကို ၇ ခေါက် ရွတ်ဆိုကာ ဆရာ့ထံသို့ သင်္ကန်း ဆက်ကပ်ရမည်။

## ဆရာ့ထံမှ သင်္ကန်းတောင်းရန် ဂါထာ

ဥုံ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဧတံ ကာသာဝံ ဒတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။



www.burmeseclassic.com

www.burmeseclassic.com

ဤဂါထာကို ၇ ခေါက် ရွတ်ဆိုကာ ဆရာထံမှ သင်္ကန်း တောင်းရမည်။

ထိုသို့ သင်္ကန်းတောင်းပြီးနောက် ရှင်သာမဏေ ဆယ်ပါးသီလ ခံယူရမည်။

ထို့နောက် အောက်ပါ ဂါထာ ၄ ပုဒ်ကို ၇ အုပ်စီ စုတ်ရမည်။

၁။ ဦး သောတာပတ္တိမဂ္ဂ ဘာဝေတွာ ဒိဋ္ဌိဝိစိကိစ္ဆာ ပဟာနေန ပဟီနာယဂမနော သတ္တက္ခတ္တု ပရမော သောတာပန္နောနာမ ဟောတိ။

(၇) အုပ်

၂။ ဦး သကဒါဂါမိမဂ္ဂ ဘာဝေတွာ ရာဂဒေါသ မောဟာနံ တနုကရတ္တာ သကဒါဂါမိနာမ ဟောတိ၊ သကိံဒေဝ ဣမံ လောကံ အာဂန္တွာ။

(၇) အုပ်

၃။ ဦး အနာဂါမိမဂ္ဂ ဘာဝေတွာ ကာမရာဂ ဗျာပါဒါန မနဝသေသပဟာနေန အနာဂါမိ နာမဟောတိ၊ အနာဂန္တွာ ဣတ္ထတ္တံ။

(၇) အုပ်

၄။ ဦး အရဟတ္တမဂ္ဂ ဘာဝေတွာ အနဝသေသ ကိလေသပဟာနေန အာရဟာနာမ ဟောတိ၊ ခီဏာသဝေါ လောကေ အဂ္ဂဒက္ခိဏေယျော။

(၇) အုပ်

ထိုသို့ (၇) အုပ်စီ စုတ်ပြီးနောက် "သုပ္ပဋိပန္နော" အစရှိသော သံဃဂုဏ်တော်ပါဠိကို (၃၇) အုပ် စုတ်ရဦးမည်။

ထို့နောက် သိမ်ထဲတွင် ပဒ္မင်းလောင်းများ ပဒ္မင်းခံ သည့်အတိုင်း ပဒ္မင်းလောင်း ဆုံးမသော ကမ္မဝါစာဖြင့် ဆုံးမပြီး ပဒ္မင်းပြုရမည်။ ပြီးမှ···

ဦး ဧတဒဂ္ဂ ဘိက္ခဝေ မမ သာဝကာနံ လာဘီနံ ယဒိဒံ သီဝလိ။

ဟူသော ဗုဒ္ဓဘုရားရှင်က အရှင်သီဝလီ မထေရ်မြတ် အား ဧတဒဂ်ဘွဲ့ထူးပေးသော ဗုဒ္ဓမုခပါဠိ ပါဠိတော်နှင့် (၇)အုပ် စုတ်ရမည်။ ထို့ပြင်···

ရှင်သီဝလီ ၁၀ ဂါထာနှင့် ရသမျှ (၇)အုပ်၊ ရှင်သီဝလီ သုတ်တော်နှင့် (၇)အုပ် အသီးသီး စုတ်ရမည်။

ပြီးလျှင် ထိုသီဝလီရုပ်တုတော်အား သိဒ္ဓိတင်ခြင်း ရွှေချခြင်းများ ပြုလုပ်ကိုးကွယ်ရမည်။

နေ့စဉ် ဆွမ်းကပ်လှူခြင်း၊ ပန်းကပ်လှူခြင်း၊ ရေချမ်း ကပ်လှူခြင်း၊ ဆီမီးကပ်လှူခြင်းတို့ကို တတ်နိုင်လျှင် တတ်နိုင် သလောက် ပူဇော်ပြုလုပ်ရမည်။

## အညွှန်း

အရှင်သီဝလိမထေရ်မှာ ဗုဒ္ဓဘုရားရှင် ကိုယ်တော် တိုင်က လာဘ်လာဘ ပေါများသည့်အရာတွင် "ဧတဒဂ်" ဘွဲ့ထူး ပေးခြင်းခံရသည့် ရဟန္တာ ပုဂ္ဂိုလ်ထူး ဖြစ်သည့်အတိုင်း ထိုရှင်သီဝလီ ရုပ်တုတော် ကိုးကွယ်သည့်နေ့မှစ၍ သီသီသာသာ ထူးထူးခြားခြား လာဘ်လာဘများ ဝင်လာလိမ့်မည်။

ဘုန်းတန်ခိုးကြီး၍ လူအများ၏ ရိုသေမှု လေးစားမှုကို ခံယူရမည်။

အလုပ်အကိုင် အကြံအစည်များ လုပ်ကိုင်တိုင်း မယုံ ကြည်လောက်အောင် အောင်မြင်လိမ့်မည်။

ဘေးဒဏ် ရန်မာန် အန္တရာယ်အမျိုးမျိုးမှ ကင်းဝေး ပ,ပျောက်မည်။

အထွေထွေသော ဣစ္ဆာသယနှင့် ပြည့်ဝလိမ့်မည်။

ယုံယုံကြည်ကြည်နှင့် ကိုးကွယ်ပူဇော်ပါ။ "ကုသိုလ် လည်းရ၊ ဝမ်းလည်းဝ" ဆိုသကဲ့သို့ ကုသိုလ်လည်း ရရှိမည် လောကီသုခ အနန္တလည်း ရရှိသည့် အစီအရင် ဖြစ်သည်။

ထို့ပြင် "ရှင်သီဝလိသုတ်တော် နှင့် ဂါထာတော်များ" တတ်နိုင်သမျှ ရွတ်ဆိုပူဇော်ပါက ပိုမို၍ ကောင်းကျိုးသုခ အနန္တ ကို ရရှိနိုင်ပေသည်။

အယ်ဒီတာအဖွဲ့မှ ရာဇဝင်ပြုသည်



www.burmeseclassic.com

www.burmeseclassic.com

# ရှင်သီဝလိ ရုပ်တော် စီရင်နည်း (နှင့်) အဆောင်လက်ဖွဲ့

**ထွန်းလူ(တောင်တွင်းကြီး)**

ရှင်သီဝလိ ရုပ်တုတော်ကို အချို့က ဆင်စွယ်ဖြင့် ပြုလုပ်ကြသည်။ ရှေးဆရာကြီးများ မိန့်မှာသည်မှာ ဘုရား၊ ရဟန္တာများ၏ ရုပ်တုတော်များကို တိရစ္ဆာန်တို့၏ အစွယ်များ၊ အရိုးများဖြင့် မပြုလုပ်ကောင်းဟု ဆိုကြ၏။

အချို့ ဝါးပျံဖြင့် စီရင်ကြ၏။ လောကီအစီအရင်များတွင် ဝါးပျံကို ထုလုပ်ကြောင်း အများဆုံး တွေ့ရပေ၏။ မိမိ စိတ်ကြိုက် ဉာဏ်တော် ရရှိရန်မှာ နံသင့်သစ်၊ အမြစ်ကြိုပ်သစ်၊ အညွန့်ကြိုပ်သစ်၊ အမြစ်နှင့်နံတွဲ၊ မွေးနံနှင့် အညွန့်တွဲ၊ အမြစ်နှင့် အညွန့်တွဲ၊ မွေးနံနှင့် ဆပွတ်တွဲ စသည် ထုလုပ်ကိုးကွယ်ရာ၏။ ကြိုရန်၊ စတုရန်းနှင့် ဆပွတ်သစ်များကို မည်သည့်အခါမျှ မပြုလုပ်ရ။

**အမြစ်ကြိုပ်နံသစ်များ**

| | |
|---|---|
| တနင်္ဂနွေ | - ထိန် |
| တနင်္လာ | - အင် |
| အင်္ဂါ | - ကံ့ကော် |
| ဗုဒ္ဓဟူး | - ဇီး(ဆီး)၊ ညောင် |
| ကြာသပတေး | - လင်းလွန်း |
| သောကြာ | - ပျဉ်းမ |
| စနေ | - သီး |

**မွေးနံသင့်သစ်များ**

| | |
|---|---|
| တနင်္ဂနွေ | - အင်၊ အုန်း |
| တနင်္လာ | - ကံ့ကော် |
| အင်္ဂါ | - ညောင်၊ ဇီး(ဆီး) |
| ဗုဒ္ဓဟူး | - လင်းလွန်း၊ ရုံး |
| ကြာသပတေး | - ပျဉ်းမ၊ ပေါက် |
| သောကြာ | - သီး၊ သီဟိုဠ်၊ သရက် |
| စနေ | - ထိန်၊ ထန်း |

**အညွန့်သစ်များ**

| | |
|---|---|
| တနင်္ဂနွေ | - ကံ့ကော် |
| တနင်္လာ | - ညောင်၊ ဇီး(ဆီး) |
| အင်္ဂါ | - လင်းလွန်း၊ ရုံး |
| ဗုဒ္ဓဟူး | - ပျဉ်းမ၊ ပေါက် |
| ကြာသပတေး | - သီး၊ သီဟိုဠ်၊ သရက် |
| သောကြာ | - ထိန်၊ ထန်း |
| စနေ | - အင်၊ အုန်း |



www.burmeseclassic.com

www.burmeseclassic.com

## ပဥ္စပွတ်သစ်များ

တနင်္ဂနွေ - ပျဉ်းမ၊ ပေါက်
တနင်္လာ - သီး၊ သီဟိုဠ်၊ သရက်
အင်္ဂါ - ထိန်၊ ထန်း
ဗုဒ္ဓဟူး - အင်၊ အုန်း
ကြာသပတေး - ကံ့ကော်
သောကြာ - ညောင်၊ ဇီး(ဆီး)
စနေ - လင်းလွန်း၊ ရုံး

## အမြစ်ကြို့ဟ် နှင့် မွေးနံ့ကြို့ဟ်တွဲသစ်များ

တနင်္ဂနွေ - ထအောင်၊ ထန်း၊ အုန်း
တနင်္လာ - အင်ကြင်း
အင်္ဂါ - ကညင်၊ ခွဲ
ဗုဒ္ဓဟူး - ဇလပ်
ကြာသပတေး - လက်ဖက်
သောကြာ - ဖက်သန်း
စနေ - သနပ်

## အမြစ်ကြို့ဟ် နှင့် အညွန့်ကြို့ဟ်တွဲသစ်များ

တနင်္ဂနွေ - ထောက်ကြန့်
တနင်္လာ - ဩဇာ
အင်္ဂါ - ကလော
ဗုဒ္ဓဟူး - စိန်ပန်း
ကြာသပတေး - လောက်သေ
သောကြာ - ပိတောက်
စနေ - သစ်အယ်

## မွေးနံ့ နှင့် အညွန့်ကြို့ဟ်တွဲသစ်များ

တနင်္ဂနွေ - အင်ကြင်း
တနင်္လာ - ကညင်၊ ခွဲ
အင်္ဂါ - ဇလပ်
ဗုဒ္ဓဟူး - လက်ဖက်
ကြာသပတေး - ဖက်သန်း
သောကြာ - သနပ်
စနေ - ထအောင်၊ ထန်း၊ အုန်း

## မွေးနံ့ နှင့် ပဥ္စပွတ်တွဲသစ်များ

တနင်္ဂနွေ - အောင်မြေ
တနင်္လာ - ကသစ်
အင်္ဂါ - စန္ဒကူးနီ
ဗုဒ္ဓဟူး - ဝဥ
ကြာသပတေး - ပိတ်ချင်း
သောကြာ - သစ်ဆိမ့်
စနေ - နံ့ရှဲ

ငင်းဖော်ပြပါ အသားများထဲမှ မိမိကြိုက်နှစ်သက်ရာ အမြစ်ကြို့ဟ်သစ်ကိုသော်လည်းကောင်း၊ မွေးနံ့သစ်ကိုသော်လည်းကောင်း၊ အညွန့်သစ်ကိုသော်လည်းကောင်း၊ ပဥ္စပွတ်သစ်ကိုသော်လည်းကောင်း၊ နှစ်နံ့တွဲသစ်များကိုသော်လည်းကောင်း ကြိုက်နှစ်သက်ရာ သစ်သားကို ထုလုပ်ကိုးကွယ်နိုင်ပါသည်။

ဤပြဆိုခဲ့သည့် နေ့နံ့နှင့်လျော်သော သစ်များအနက် လိုရာသစ်ကို ရှင်သီဝလိပုံတော်ထု၊ နေ့ ရက်၊ နက္ခတ် စသည် ရွေးလိုလျှင် ရွေးလေ။

ဤသို့ ပုံတော်ထုရာဝယ် အများထုနေကျအတိုင်း သပိတ် ပရိက္ခရာအပြင် ယပ်၊ တောင်ဝှေးနှင့် ပုတီးတို့ထည့်၍ ထုလေ။

အမှန်အားဖြင့် ယပ်နှင့် တောင်ဝှေး ပုတီးတို့သည် မပါရှိရပေ။ သို့သော် ငင်းတို့မပါလျှင် ရှင်သီဝလိ မဖြစ်ဘိသကဲ့သို့ အစွဲအလမ်း ရှိသောကြောင့် ထည့်၍ထုလုပ်ရခြင်းဖြစ်သည်။ ထို့ပြင် ပါသင့်လျက် မပါသော ဒုကုဋ်သင်္ကန်းကြီးကို ပခုံးတွင် ထည့်၍ထုလေ။

စနစ်တကျ စီရင်လိုသော် ရှင်သီဝလိရုပ်တုတော်ကို ရှင်သာမဏေပြုရာတွင် ထည့်ပေးရသည်။ သို့မဟုတ် သင်္ကန်းကပ်၊ သင်္ကန်းတောင်း စသည့် သာမဏေသီလ စသည် ရှင်သာမဏေ ပြုသကဲ့သို့ ရွတ်ဆိုပြုလုပ်ရသည်။

ထိုသို့ သာမဏေဖြစ်ပြီး အနေမှာပင် ရှင်သီဝလိသည် သာမဏေပြုခဲမှာပင် ရဟန္တာဖြစ်သည်ကိုရည်၍ "အရဟတ္တမဂ္ဂ ဘာဝေတွာ အနုဝသေသ ကိလေသ ပဟာနေန အရဟာ နာမဟောတိ၊ ခီဏာသဝေါ လောကေ အဂ္ဂဒက္ခိဏေယျော" ဟူ၍ သုံးကြိမ်ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ရဟန်းခံရာတွင် ထည့်၍ သိမ်ဝင်၊ သို့မဟုတ် သိမ်တွင်းသွားကာ ဉပသမ္ပဒါ ကမ္မဝါဖြင့် ရဟန်းခံ သကဲ့သို့ပြုလေ။

၎င်းနောက် တန်ခိုးကြီးဘုရားရှေ့တွင် "တေဒဂ္ဂံ ဘိက္ခဝေ၊ မမ သာဝကာနံ လာဘီနံ ယဒိဒံ သီဝလိ" ဟူ၍ တေဒဂ်ကြားလေ၊ သုံးခေါက် သုံးကြိမ်ကြားလေ၊ "ဤသို့ တေဒဂ် မကြားသမျှ လာဘသိဒ္ဓိ မမြောက်" ဟု ဆရာမြတ်တို့ အဆိုမိန့် ရှိသည်။

ဤကိစ္စရပ်များ ပြီးခဲ့မှ ရှင်သီဝလိဂါထာများနှင့် စုတ် ရသည်။ အခြားရုပ်တုများ လက်ဖွဲ့များကဲ့သို့ အသက်သွင်းခြင်း၊ စသည်ပြုရန် မလို။ ရှင်ရဟန်းပြုခြင်း၊ တေဒဂ်ကြားခြင်း ဂါထာ စုတ်ခြင်း မည်သည်ပင် အသက်သွင်းခြင်း သိဒ္ဓိတင်ခြင်း မည် ပေသည်။

နံနက်,ည ဝတ်မပျက်စေဘဲ ရှင်သီဝလိ ၁၀ ဂါထာ၊ ၇ ဂါထာတို့ဖြင့် ရွတ်ဆိုပူဇော်လေ။ နံနက် ဆွမ်း၊ ညချမ်း ပန်း၊ ဆီမီး ပူဇော်လေ။

## လောကီနှင့်ယှဉ်သော ရုပ်တုအစီအရင်

ထိုပြဆိုခဲ့ပြီးသော ရှင်သီဝလိရုပ်တုကိုပင် လောကီ အစီအရင် ထပ်လောင်းဖြည့်စွက်ခြင်း ဖြစ်သည်။

ဤသို့ လောကီအစီအရင် ဖြည့်စွက်ရာ၌ ရုပ်တု လုပ်ပြီးလျှင်ပြီးချင်း အောက်ပါအတိုင်း စီရင်ရသည်။

ယပ်တောင်တွင် "အရဟံ" ရေး။

သပိတ်တွင် "ငှ-က-သ" ရေး။

ရင်ဘတ်တွင် "နငယ်နဝင်းပိတ်အက္ခရာ" ရေး။

သပိတ်အဖုံးတွင် "လာဘံ" ရေး။

ဤမျှသာ ထူးသည်။ ကျန်အစီအရင်များမှာ ရုပ်တု အစီအရင်အတိုင်းပင် ဖြစ်သည်။ ရှင်သီဝလိ ဓာတ်တော်အစစ် ရလျှင် ရင်တွင်နံ့လေ။

## ရှင်သီဝလိရုပ်ရေး အစီအရင်

အောက်ခြေအင်းကို ပထမ ရေး၊ အင်းဆန်မှာ -

လာဘီန မုတ္တမော ထေရော။
သီဝလိ ဉာတိ ဝိသုတော။
သော ရဟော ပစ္စယာဒီနံ၊
သဒါ လာဘံကရောတု မေ။

၎င်းအပေါ်မှ ရုပ်တုပုံအတိုင်း အရုပ်တော်ရေး။

၎င်းနောက် အရုပ်၏လက်ယာဘက်ရှိ အင်း ၃ ခုကို အပေါ်အင်းက စ၍ အစဉ်အတိုင်းချ။

ပြီးလျှင် လက်ဝဲဘက်အင်းများအပေါ်မှ အောက် အလားတူချ။

အရုပ်အောက်မှ အင်းတွင် "တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ လာဘီနံ ယဒိဒံ သီဝလိ" ရံလေ။

အားလုံးကို "ဇေ အစိန္တိယာ သံယာ" ရံလေ။

အင်းအရံဖြင့် ၁၀၈ စုတ်။

ထို့နောက် (၁၀)ဂါထာ၊ (၇)ဂါထာဖြင့် (၁၀၈)စီစုတ်။

အားလုံးပြီးလျှင် "ဇေ အစိန္တိယာ သံယာ" (၁၀၈) စီစုတ်။

ဤအားလုံးပြီးလျှင် အစီအရင် ပြည့်စုံပြီ။ အထူးညွှန်း ဖွယ်မရှိ။ စက္ကူကောင်းတွင် စီရင်၍ မှန်သွင်းကိုးကွယ်လေ။

## ရှင်သီဝလိလက်ဖွဲ့

ပထမ "အရဟံ" ကို ပုံအတိုင်း ရေး။

၎င်းကို "တေဒဂ္ဂံ လာဘီနံ သီဝလိ" ရံလေ။

လေးထောင့်တွင် "ငှ-က-သ-ဥ" ရေး။

(၁၀)ဂါထာ၊ (၇)ဂါထာဖြင့် (၁၀၈)စီစုတ်။

ရွှေပြားတွင် စီရင်၍ လက်ဖွဲ့လုပ်၊ ယောကျ်ား လက်ယာ လက်မောင်း။ မိန်းမနှင့် ကလေးများ လက်ဝဲဆွဲလေ။ အကျိုးညွှန်းရန် မလိုပြီ။

ထွန်းလူ(တောင်တွင်းကြီး)
ရှာဖွေစုဆောင်းတင်ပြသည်။

www.burmeseclassic.com

# ရှင်သီဝလိ အင်းတော်

(က)


| | | |
|---|---|---|
| | မော | |
| နံ | ယျ | ဗု |
| | ဒ္ဓိ | |

(ခ)

| | | |
|---|---|---|
| | မော | |
| နံ | ယျ | သံ |
| | ယာ | |

(ဂ)

| | | |
|---|---|---|
| | မော | |
| နံ | ယျာ | ဝိ |
| | တာ | |



(ဃ)

| | | |
|---|---|---|
| | မော | |
| နံ | ယျ | ဓ |
| | မ္မာ | |

(င)

| | | |
|---|---|---|
| | မော | |
| နံ | ယ | မာ |
| | တာ | |

(စ)

| | | |
|---|---|---|
| | မော | |
| နံ | | ဒေ |
| | ဝါ | |


| | | | |
|---|---|---|---|
| ၁၆ | ၃ | ၆ | ၂ |
| ၅ | ၄ | ၁၅ | ၁၀ |
| ၁၁ | ၁၄ | ၁ | ၈ |
| / | ၇ | ၁/ | ၁၂ |

ဤပြင်မှ ၆ အင်းဖြစ်သော (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ) နှင့် စမ ရှင်သီဝလိ ရုပ်ရှင်ပုံတော်အင်းကို မိတ္တူကူးကာ ပြာချ၍ တစ်နေ့ တစ်ကြိမ်သောက်၊ ၉ ရက်၊ ၉ ကြိမ်သောက်။ "ဣတိပိသော(လ)ဘဂဝါ" ဂါထာကို တစ်နေ့ အပတ် ၉၀ စိပ်။ ပြီးလျှင် နောက်ဆုံး "သိဒ္ဓိဂါထာ" ၃ ပတ်စိပ်။ တစ်နေ့အတွက် ပြီး၏။ ဤကဲ့သို့ ၉ ရက် စိပ်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



# ဝင်လာမဲ တသဲသဲ ရှင်သီဝလိ ပူဇော်ပွဲ

မောင်မောင်မြင့်အေး

ဒီတစ်ခါတော့ ဆရာကြီးရေ ငါးရံ့အကြီး တစ်ကောင်ကို အနေတော်တုံးပြီး ဆန်လှော်ဟင်းချက်လာခဲ့တယ်။ ဆန်ကလေးကိုလှော်ပြီး ကြက်သွန်ဖြူ ဂျင်းနဲ့ဆီသတ်ပြီး ပြုတ်ရတာပေါ့ ဆရာကြီးရယ်၊ ဆန်ပွက်ပွက်ဆူမှ ငါးကို ဆီသတ်ထားတာထည့်၊ စပလင်ကိုထုံးထည့် ဆူတော့ အနံ့သင်းနေတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ငါးရုံဆန်လျှော်ဟင်း ပူပူလေး
ရယ် ဝက်သားကို မန်ကျည်း
မှည့်နဲ့ချက်ထားတာရယ်၊ ပုစွန်
အကြော်လေးတွေကို ဖြပ်သီးနဲ့
ကြွပ်နေအောင်ကြော်ထားတာ
ရယ်၊ ဒါလောက်ပါပဲ ဟု
ကျွန်တော်က ပြောပြီး ဦး
လိုက်၏။ ဆရာကြီးက ···

မင်း ရောက်လာတာနဲ့
အတော်ပဲကွာ၊ "ကလေး တစ်
ယောက် ညက အသာခွဲထား
တဲ့ ပုံသွားယူစမ်း" ဟုပြော
လိုက်၏။ ထို့နောက် ကလေး
တစ်ယောက်က ၂၀×၃၀
အရွယ်ကတ်ပြားကြီးယူလာပြီး
ဆရာကြီးကိုပေးလိုက်၏ ဆရာ
ကြီးက··· "ဒါညက ငါခွဲထား
တာ အဲဒီပေါ်မှာ မင်းက စ
တွေရေးကွာ" ဟု ပေးလိုက်
ရာ ကျွန်တော်က

"ဒါက ရှင်သီဝလိပုံတော်
ရုပ်ပုံကြီးပါလား" ဟု ပြောလိုက်
၏။ ဆရာကြီးက -

"အေးကွာ ရှင်သီဝလီ
ကို စမန်းတွဲဖို့ ငါ့မှာ အား
ရလာတော့ ဒီနေ့လည်း မင်း
လာမှာပါဘဲဆိုပြီး ငါခဲကြောင်း
ထားတာ အဲဒီပုံကို မင်း
တွေဖြည့်ကွာပြီးရင် ဒီပုံ
သိဒ္ဓိတင်မယ်" ဟု ပြောလိုက်
၏။ ကျွန်တော်က ···



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုလုပ်ပါလား ကျွန်တော်ဒါကို အခုပြန်ရင်ယူသွားမယ်။ အလုပ်တိုက်မှာ ဖြည့်မယ်၊ ညနေပြန်လာပေးမယ်။ ဒါပေမယ့် ကျွန်တော့်ကိုတော့ ရှင်သီဝလိအကြောင်းရယ် ဒီပုံကို ပူဇော်ပုံပူဇော်နည်းကိုတော့ ပြောရမယ်"

ဟု ပြောလိုက်ရာ ဆရာကြီးက . . .

ဟုတ်ကဲ့ပါ ကိုမောင်မြင့်အေး ရယ် ကျွန်တော် ခင်ဗျားကို ရှင်သီဝလိအကြောင်းလည်းပြောပါ့မယ်၊ ပူဇော်ပုံ ပူဇော်နည်းလည်း ပြောပါ့မယ်၊ ပြီးရင် ခင်ဗျားကို လက်ဖက်ရည်လည်းတိုက်ပါ့မယ်ဟု ငေါ့တော့တော့ ပြန်ပြောလိုက်၏။ ကျွန်တော်လည်း ရှင်သီဝလိ ပုံကြမ်းပါရှိသော ကပ်ပြားကြီးကို သာသာယာယာလိပ်ပြီး ကျွန်တော်၏အလုပ်ခန်းသို့ ယူလာလိုက်တော့၏။

ကျွန်တော်လည်း အလုပ်ခန်းတွင် အခြားအလုပ်များ မလုပ်တော့ဘဲ ရှင်သီဝလိပုံတွင် စ·ဓ· ဗ·ဝ စမများ ဖြည့်ရာ ညနေစောင်းတွင် အထက်ပါပုံကြီးကို ရရှိတော့၏။

နောက်တစ်နေ့ ညနေ၌ ကျွန်တော်သည် စမပုံ ရေးဆွဲပြီးသော ရှင်သီဝလိပုံတော်ကြီးကို လိပ်ကာ စမ်းချောင်း၊ ပုသိမ်လမ်းမှ မြေနီကုန်းသို့ လမ်းလျှောက်လာခဲ့၏။ ထို့နောက် စမ်းချောင်းညဈေးတန်းမှ ဘယာကြော်သုပ်ကိုဝယ်၍ အမှတ်-၅၆ ကားစီးပြီး ပုသိမ်ညွန့် -လမ်းထိပ်တွင်ဆင်း၏။ လမ်းတစ်ဖက်သို့ကူးကာ အမှတ်-၂ ကားကို စီးရပြန်၏။ ဆရာကြီးရှိရာ မာကျူရီလမ်းထိပ်ရှိ နန်းသာမှတ်တိုင်တွင် ဆင်းရ၏။

ဆရာကြီးအိမ်သို့ ရောက်သောအခါ ဆရာကြီးက -

"ဘာတွေပါလဲကွ"ဟုမေးလိုက်၏။ ကျွန်တော်က ထွေထွေထူးထူးတော့ မဟုတ်ပါဘူး ဆရာကြီးရယ် ဘယာကြော်သုပ်ကလေးပါပဲဟုပြောပြီး ဦးချကာ ရှင်သီဝလိပုံကြီးကို ပေးလိုက်ရာ၊ ဆရာကြီး က လှမ်းယူလိုက်ပြီး -

ဒီလိုကွ ကိုမောင်မောင်မြင့်အေးရ ရှင်သီဝလိ ပုံတော်အကြောင်းကို သိပြီးသားကို ငါ့ကိုဘာလို့ ထပ်မေးတာလဲဟုပြောလိုက်ရာ ကျွန်တော်က ဆရာကြီး လောက်တော့ သိပ်မသိပါဘူး။ ရှင်သီဝလိ ရဟန္တာဆိုတာ မြတ်စွာဘုရားရှင်လက်ထက်က သံဃာတော်အပါး ၅၀၀ နဲ့ ဆွမ်းခံကြွမယ်လုပ်ရာ ဘုရားက ချစ်သားအာနန္ဒာ ငါတို့နဲ့အတူ ရှင်သီဝလိ ကောပါရဲ့လားလို့ မေးတယ်လို့ ကြားဖူးတယ်။

အာနန္ဒာက ရှင်သီဝလိကို မြတ်စွာဘုရားရဲ့ အလိုကျ အမြဲတမ်းခေါ်သွားရတယ်။ အဲဒီလို ခေါ်သွားရင်လည်း ဆွမ်းတွေဟာ မလိုချင်လောက်အောင် အများကြီးရတယ်လို့ ကြားဖူးတာဘဲ၊ အဲဒီလောက်ပါဘဲဟု ပြောလိုက်ရာ ဆရာကြီးက ဒီလိုကွ . . .

ဒို့တတွေ ဗေဒင်ဆရာလောကမှာ လူတွေအတွက် လာဘ်လာဘတွေဝင်ဖို့ကို နည်းမျိုးစုံနဲ့ ယတြာတွေပေးလေ့ရှိကြတယ်။ ဒါက ပညာရပ်ဆိုင်ရာတွေပေါ့ကွ။

အဲဒီလို ပညာရပ်ဆိုင်ရာတွေနဲ့အပြင် လူတွေက ကိုယ်ဟာကိုယ် လာဘ်လာဘတွေဝင်နေအောင် လုပ်ရတဲ့ နည်းတွေကို သူတို့ကမသိကြဘူး။ အဲဒါကတော့ လူတွေရဲ့ ယုံကြည်မှုနဲ့ ကိုးကွယ်မှုဆိုင်ရာဘဲ။ ဒါဟာလည်း လုပ်ကြည့်တဲ့သူတို့မှ သိတယ်။

ကျမ်းဂန်တွေထဲမှာတော့ လာဘ်လာဘရအောင် ရှင်သီဝလိကို ကိုးကွယ်ပါလို့တော့ ငါမဖတ်ဖူးဘူး။ ဒါပေမဲ့ ရှင်သီဝလိကို ကိုးကွယ်တယ်၊ သူ့ရဲ့ပရိတ်နဲ့ ဂါထာတော်တွေကို အမြဲရွတ်ဖတ်သူတွေကတော့ လာဘ်လာဘ တိုးတယ်လို့ဖတ်ဖူးတယ်။ ငါ့အယူအဆနဲ့ ကြည့်ရင်လည်း ဒါမှန်တယ်လို့ ယူဆရတယ်။ ဘာဖြစ်လို့လဲဆိုရင် . . .

ရှင်သီဝလိဆိုတဲ့ ရဟန္တာဟာ ဂေါတမမြတ်စွာဘုရား လက်ထက်မှာ လာဘ်ပေါများခြင်းနဲ့ အခြံအရံ များခြင်းမှာ တေဒဂ်ဘွဲ့ထူးကိုရရှိခဲ့တယ်။ ဒါကလည်းကွာ သူက တို့ မြတ်စွာဘုရားရှင်လက်ထက်မှာ ရော့ ယူလိုက်ပေးလိုက်ရတာ မဟုတ်ဘူး။

ဟိုး လွန်လေပြီးတဲ့ ကမ္ဘာတစ်သိန်းလောက်ထဲက ပွင့်ခဲ့တဲ့ပဒုမုတ္တရ ဘုရားရှင်လက်ထက်တည်းက ဆုပန်ခဲ့ဖူး



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အဲဒီဘုရားရှင်ရဲ့ တရားပွဲကြီးမှာ ရဟန်းတော် တစ်ပါးကိုလာဘ်များသော ရဟန်းတို့တွင် အမြတ်ဆုံးသော ရဟန်းလို့ ဧတဒဂ်ဘွဲ့ကို ပေးလိုက်တယ်။

အဲဒီ တရားပွဲကြီးမှာ တရားလာနာတဲ့ လုလင်ပျိုတစ်ယောက်ဟာ ငါလည်း ဒီဘွဲ့ကို လိုချင်လိုက်တာ နောင် တဆူဆူသော ဘုရားရှင်လက်ထက်မှာ ဒီဆုကိုရပါစေဟု ဆုတောင်းပြီး အဲဒီ ဘုရားရှင်နှင့် ရဟန်းတွေကို နေအိမ်မှာ ပင့်ပြီး (၇) ရက်ပတ်လုံး ဆွမ်းကပ်တာပေါ့ကွာ။ နောက်ဆုံး ရက်ကျတော့ အဲဒီလုလင်က အရှင်ဘုရား ဘုရား တပည့်တော်ဟာ ဤကဲ့သို့ ဒါနကုသိုလ်ကံကြောင့် အခြားနတ်စည်းစိမ်၊ လူစည်းစိမ်လည်း ဆုမတောင်း ပါဘူးဘုရား။ လွန်ခဲ့သောတပတ်က ရဟန်း ၁ ပါးကို အရှင်ဘုရားပေးတဲ့ လာဘ်ပေါ်များတဲ့အရာ၌ ဧတဒဂ်ဘွဲ့ကိုရရှိသလို တပည့်တော်လည်း နောင် တဆူဆူသော ဘုရားရှင်လက်ထက်မှာ လာဘ်ပေါ်များသော ရဟန်းတော်တို့တွင် အမြတ်ဆုံးသော ရဟန်းဖြစ်ရပါလို၏ဟု ဆုတောင်းခဲ့တယ်။

အဲဒီတော့ကွာ

ပဒုမုတ္တရာဘုရားရှင်ကလည်း သူတောင်းတဲ့ဆုဟာ အန္တရာယ်မရှိဘူးဆိုတော့ ဂေါတမဘုရားရှင် လက်ထက်မှာ ပြည့်စေသတည်းလို့ပေါ့။

အဲဒီလိုနဲ့ပေါ့ကွာ ဒီလုလင်က ဒါန သီလတွေ အမြဲလုပ်တော့ နတ်ပြည်သွားလိုက် လူပြည်လာလိုက်နဲ့ ဝိပဿီမြတ်စွာဘုရားရှင် လက်ထက်မှာလည်း မြို့သူ မြို့သားတွေဟာ မင်းနှင့်အပြိုင် အလှူကြီးပေးနေတော့ ပျားရည်တွေလိုနေတာပေါ့ကွာ။

အဲဒီမှာ တောကတက်လာတဲ့ လုလင်ဟာ ပျားရည် ရောင်းဖို့လာတာ မြို့ဝင်ဟာ အသပြာတစ်ထောင်ပေးပေမယ့် မရောင်းတော့ဘဲ ဝိပဿီဘုရားကို ကိုယ်တိုင်လှူလိုက်တယ်ဟု ပြောပြီး ဆရာကြီးက အနားတွင်ရှိသော လက်ဖက်ရည်ကို တငုံသောက် လိုက်သည်။

ကျွန်တော်က အဲဒီဇာတ်ကို ကျွန်တော် ရေဒီယိုထဲ နားထောင်ဖူးတယ်ဆရာကြီးရဲ့၊ ဘယ်သူ့ကလဲတော့ ကျွန်တော်မသိတော့ဘူးဟု ပြောလိုက်ရာ ဆရာကြီး ဟုတ်တယ် အဲဒါကို ဇာတ်ထဲမှာကဖူးတယ်။ အဲဒီအပိုင်း လောက်ပေါ့ကွာ။

ပြီးတော့ ဂေါတမမြတ်စွာဘုရားရှင် လက်ထက် ကြတော့ပေါ့ ကောလိယမြို့မှာ ပဋိသန္ဓေတည် တယ်ဆို့ ပြောပြန်တယ်။ သူက ထူးခြားတာကတော့ သူများတကာ လို ၉ လလွယ် ၁၀ လဖွားမဟုတ် ဘဲ (၇)နှစ်လုံးလုံး အမိဝမ်းတွင်းမှာ နေရတယ်။

သူမွေးတဲ့နေ့မှာ ထုံးစံအတိုင်းပေါ့ကွာ၊ ဘုရားနဲ့ ရဟန်းတွေကို ဆွမ်းဆက်ကပ်ပြန်ရော။ အဲဒီနေ့မှာ ရှင်သာရိပုတ္တရာမထေရ်က သူ့ကို ရဟန်းပြုဖို့ပြောတာ အဲဒီမှာ ရှင်သာမဏေပြုခဲ့တယ်။

ပထမ ဆံပင်အစုကို ဓားနဲ့ရိတ်တဲ့အခါမှာ သောတာပတ္တိဖိုလ်တည်တယ်။

ဒုတိယဆံပင်အစုကို ရိတ်လိုက်တော့ သကဒါဂါမ် ဖိုလ်တည်တယ်။

တတိယဆံပင်အစုကိုရိတ်လိုက်တော့ အနာဂါမိဖိုလ် တည်တယ်။

ဆံပင်တွေအားလုံးလဲ ရိတ်လိုက်ကော အရဟတ္တဖိုလ် တည်လိုက်တာပေါ့ကွာ။

အဲဒီတော့ ရှင်ဘဝကနေ ရဟန္တာဖြစ်သွားသော ရှင်သီဝလိလို့ ခေါ်ကြတာပေါ့ကွာ။

အဲဒီမှာ ဒီကိုယ်တော်ကြွလေရာမှာ အလှူတွေ အမြဲ ပေးကြတော့ ရဟန်းတွေထဲမှာ လာဘ်လာဘ အများဆုံး အမြတ်ဆုံးဆိုပြီး ဧတဒဂ်ပေးကြတာပေါ့။

ထူးဆန်းတာကတော့ ရှင်သီဝလိကို မြန်မာနိုင်ငံ တင်မက ဗုဒ္ဓဘာသာထွန်းကားတဲ့ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ လာအို တို့မှာလည်း ကိုးကွယ်ကြတယ်လို့ ပြော



www.burmeseclassic.com

www.burmeseclassic.com

တယ်ဟု ပြောလိုက်ပြီး အနားတွင်ရှိသော လက်ဖက်ရည်ကို သောက်လိုက်သည်။

ကျွန်တော်က ဆရာကြီးပြောမှ ပြည့်ပြည့်စုံစုံ သိတော့တယ်ဟု ပြောလိုက်သည်။ ဒီတော့ ဒီကားချပ်ကြီးကို ဘယ်လိုလုပ်မလဲဟု မေးလိုက်ရာ ဒီလိုကွာ -

ရှင်သီဝလိကို လာဘ်လာဘပေါ်များစေတယ် ဆိုပြီး ရှေးဆရာကြီးတွေက ပူဇော်ကြတယ်။ တချို့က အင်း၊ စမတွေမှာရေးကြတယ်။ တချို့ကလည်း ဂါထာတွေ ရွတ်ကြတယ်။ အဲဒီရွတ်ဖတ်ထားတဲ့ ပုံတော်တွေ၊ ရုပ်ပုံတွေကို အဲဒီဆရာကြီးက ဝေငှကြတော့ လူတွေက ယူကြတာပေါ့ကွာ။ လူဆိုတာကလည်း ခက်သားလား။

အဆောင်ပေးရင်တော့ ယူကြတာပေါ့။ ပြီးရင် အဲ့ဒီအဆောင်တွေကို အစွမ်းထက်အောင် ဆက်မလုပ်ကြဘူး။ ငါပေးတဲ့နည်းကတော့ ဒီလိုမဟုတ်ဘူးကွာ။

အဲဒီရှင်သီဝလိ ရုပ်ပုံကြီးကို ငါက လစဉ် မြန်မာလဆန်း (၈)ရက်နေ့တိုင်းမှာ ပူဇော်မယ်။ အဲဒါ ဘာဖြစ်လို့လဲဆိုရင် ရှင်သီဝလိကိုယ်တော်ကြီးက လစဉ်လဆန်း(၈)ရက်နေ့တိုင်း အပူဇော်ခံထွက်လေ့ ရှိတယ်လို့ဆိုထားတယ်။

အဲဒီတော့ကွာ ငါတို့က စိတ်ထဲမှာ ရှင်သီဝလိကိုယ်တော်မြတ်ကြီးက ငါတို့အိမ်ရှေ့မှာ ဆွမ်းခံကြွနေပြီလို့ရည်စူးရမယ်။ ပြီးရင် အဲဒီကိုယ်တော်ကြီးကို ဆွမ်းတွေလောင်းရမယ်။ အဲဒီတော့ပေါ့ကွာ ငါလည်း လစဉ်လဆန်း(၈)ရက်နေ့တိုင်းမှာ ရှင်သီဝလိကို ဆွမ်းကပ်မယ်။

ရှင်သီဝလိဂါထာတော်ကို ၂၇ ခေါက်ရွတ်မယ်။ အဲဒီတော့ မင်းတို့အိမ်တွေမှာလည်း အဲဒါကို အမြဲတမ်းလုပ်ကြ။ မင်းတို့ချမ်းသာပြီးရင်း ချမ်းသာမယ်။ မချမ်းသာရင်တောင် အိမ်မှာ စားစရာ ဝတ်စရာတွေ လုံလုံလောက်လောက်ရှိတယ်။ ယုံယုံကြည်ကြည်လုပ်ကြဟု ပြောလိုက်လေတော့သတည်း။

မှတ်ချက်

အထက်ပါအကြောင်းအရာတို့အား ပြောပြီးနောက် ဆရာကြီးသည် သူ၏ဓာတ်ခန်းထဲတွင် ထိုရုပ်ပုံကြီးအား ချိတ်ပြီး လစဉ် မြန်မာလဆန်း (၈)ရက်နေ့တိုင်း ဆွမ်းတော်ကပ်၏။ ရောက်လာသော တပည့်များအား ရှင်သီဝလိ ပရိတ်တော်နှင့် ဂါထာတော်များကို ရွတ်ခိုင်း၏။ ဆရာကြီး၏အိမ်တွင် ပရိသတ်များသည် ဝင်လာမစဲတသဲသဲ ဖြစ်၏။ အချို့က ဆန်များလာလှူ၏။ အချို့က ဆီများလာလှူ၏။ တခါတရံတွင် ဆရာကြီးက တခုခုစားချင်သည်ဟု ပြောလိုက်သည်နှင့် ထိုစားစရာများသည် တယောက်ပြီး တယောက်လာပို့ကြ၏။

ကျွန်တော်တို့လည်း ရောက်သည့်အခါတွင် ရွတ်၏။ ကျွန်တော်က ရှင်သီဝလိ ဗျည်းစမပုံကို ပုံနှိပ်စက်နှင့်ရိုက်၍ အမြဲတမ်းဝေငှ၏။ ရောင်ပြန် စာအုပ်ထဲ ထည့်ပေး၏။ အချို့က ရိုရိုသေသေယူ၏။ အချို့က ဖာသိဖာသာယူ၏။ ဆရာကြီး ဂန္ဓာရီခရီး ထွက်သောအခါတွင် ဆရာကြီးက ထိုပုံကြီးအား ကျွန်တော့်ကိုပေးခဲ့၏။ ကျွန်တော့်ဇနီး ဆရာမစောယုနွယ်က သူ၏အစီအစဉ်ဖြင့် ကြေးပိသာ ၂၀၀ ကျော်ရှိသော ရှင်သီဝလိပြည်ဝင်ပုံကြီးကိုထု၏။ ထိုရှင်သီဝလိ ရုပ်ထုတော်ကြီးအား သင်္ကန်းပရိက္ခရာ အစုံအလင်ဖြင့် ဆွမ်းများကို လစဉ် မြန်မာလဆန်း (၈)ရက်နေ့တိုင်း ပူဇော်၏။ ဆရာကြီး၏ ညွှန်ပြချက်အတိုင်း ပရိတ်တော်၊ ဂါထာတော်များကို ၂၇ ခေါက် တိတိ ရွတ်ဖတ်ကြ၏။ ပထမပိုင်းတွင် မိသားစုပဲရွတ်၏။ ထို့နောက် ဗေဒင်လာမေးသူများက ရွတ်ကြ၏။ အမြဲတမ်း ပူဇော်သူများသည် တဖြည်းဖြည်းနှင့် ပိုင်ဆိုင်မှုများ များလာ၏။ (အမည်နာမအား ဖော်ပြမည်ဆိုပါက လျှောက်လွှာ စာရွက်(၁)ရွက်ခန့် ရှိမည်ဖြစ်၍ မဖော်ပြလိုတော့ပါ)

သဗ္ဗေသတ္တာ ကမ္မသကာ

**မောင်မောင်မြင့်အေး**



www.burmeseclassic.com

www.burmeseclassic.com

# စီးပွားလာဘ်လာဘ ပေါကြွယ်ဝသည့်

# ပြည်ဝင်ပြည်ထွက် ရှင်သီဝလိ

## အင်ကြင်းဖြူဖြူ (တောင်ငူ)

ပြည်ဝင်ပြည်ထွက် ရှင်သီဝလိရုပ်တုနှစ်ခုကို ထုလုပ်၍ ကိုးကွယ်ပူဇော်ပါက အလွန်လာဘ်လာဘရှင်လန်း၍ ချမ်းသာစေပါသည်။

ပြည်ဝင် ရှင်သီဝလိရုပ်တု၏ ပုံတော်သဏ္ဍာန်မှာ သပိတ်ပိုက်ထားသောပုံ ဖြစ်ပါသည်။ ပြည်ဝင်ရှင်သီဝလိရုပ်တုတော်ကို ထုလုပ်ကိုးကွယ်ခြင်းဖြင့် ငွေဝင်လာဘ်ရှင်စေပါသည်။

ပြည်ထွက် ရှင်သီဝလိရုပ်တု၏ ပုံတော်သဏ္ဍာန်မှာ တောင်ဝှေး၊ ပုတီးကိုင်၊ ယပ်ထမ်းထားသောပုံ ဖြစ်ပါသည်။ ပြည်ထွက်ရှင်သီဝလိရုပ်တုတော်ကို ထုလုပ်ကိုးကွယ်ခြင်းဖြင့် လိုအင်ဆန္ဒတွေ ပြည့်ဝစေပါသည်။

ထိုရုပ်တုတော်နှစ်ခုကို အတူယှဉ်တွဲ၍ အရှင်မြတ်ကြီး သက်တော်ထင်ရှားရှိသကဲ့သို့ နေ့စဉ် ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်၍ အောက်ပါဂါထာကို ရွတ်ဖတ်ပူဇော်ပါ။

သီဝလိစ မဟာထေရော၊
ဒေဝမနုဿာ ပူဇိတော။
သော ရဟော ပစ္စယာဒိနံ၊
မဟာလာဘံ ကရောတု မေ။

အနက်ပြန်ဆိုသော်...

ဒေဝမနုဿာ ပူဇိတော - နတ်လူတို့သည် ပူ[illegible] အပ်သော၊ သီဝလိစ မဟာထေရော၊ ရှင်သီဝလိဟု အ[illegible] ကျော်လတ် မထေရ်မြတ်သည်၊ ပစ္စယာဒိနံ - ဆွမ်း၊ သင်္[illegible] ကျောင်း၊ ဆေး ဟူသော ပစ္စည်း စသည်တို့ကို၊ ရဟော - ခံယူသုံးဆောင်ခြင်း၌ ထိုက်တော်မူ၏။ သော - ထိုရှင်[illegible] ဝလိ မထေရ်သည်၊ မေ - အကျွန်ုပ်အား - မဟာလာဘံ - လာဘ်များခြင်းများကို၊ ကရောတု - ဖြစ်ပါစေသတည်း။

ဤသို့ နေ့စဉ်မှန်မှန် ရွတ်ဖတ်ပူဇော်ပေးပါက [illegible] ဂြိုဟ်ဆိုး ဘေးကင်းပြီး အေးချမ်းလာဘ်ရွှင် ပျော်မွေ့[illegible] များစွာ တွေ့ရပါလိမ့်မည်။ ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့သာ[illegible] ၍ စီးပွားလာဘ်လာဘ ပေါကြွယ်ဝပါလိမ့်မည်။

(မှတ်ချက် - ကျွန်းမွှေးသား ရခဲ့လျှင် ထိုကျွန်းမွှေး[illegible] သားဖြင့် ပြည်ဝင်ပြည်ထွက် ရှင်သီဝလိရုပ် ထုလုပ်၍ [illegible] ကွယ်ပူဇော်ပါက ပိုမို၍ အကျိုးထိရောက်ပါသည်။)

အင်ကြင်းဖြူဖြူ (တောင်ငူ)



www.burmeseclassic.com

www.burmeseclassic.com

# ရှင်သီဝလိ ပရိတ်တော်

နတ်တလင်းဆရာဦးအုန်းမောင်

**ပြောင်း - နမော သိဒ္ဓိ သီဝလိရာဇာ ဟေိမေတ္တာ ဟေိကရုဏာ ဟေိလာဘာ ဟေိနာနာဝတ္ထုကာ။**

ပြောင်း - အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ ကောင်းခြင်းမင်္ဂလာ ပြည့်စုံပါစေသတည်း။ သိဒ္ဓိ - သိဒ္ဓိဖုံ့ ပြီးပြည့်စုံစေတတ်သော။ သီဝလိရာဇာ- သီဝလိမည်လတ် မထေရ်မြတ်ကို။ နမော - ရှိခိုးပါ၏။ မေတ္တာ - ချမ်းမြ အေးစွာ မေတ္တာတရားသည်။ ဟေိ - လာလော့။ ကရုဏာ - ကြင်နာသနား ကရုဏာတရားသည်။ ဟေိ - လာလော့။ လာဘာ - လာဘ်ဟူသမျှသည်။ ဟေိ - လာလော့။ နာနာဝတ္ထုကာ - အထူးထူးသော ဝတ္ထုတို့သည်။ ဟေိ- လာလော့။

**ပြောင်း - ဒေဟိ ဒေဟိ သကလ ပရိယံ ဇမ္ဗုဒီပါ ပိယံ မမ ယာစ ဣတ္ထိယာဝါ ယေစ ပုရိသေဝါ သဗ္ဗေ ဒေဝါ စေတေန သစ္စဝဇ္ဇေန သုဝတ္ထိ ဟောတု မေ ဇယမင်္ဂလာ။**

ပြောင်း - အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ ကောင်းခြင်းမင်္ဂလာ ပြည့်စုံပါစေသတည်း။ သကလ ပရိယံ - အလုံးစုံ အပိုင်းအခြားရှိသော။ ဇမ္ဗုဒီပါ - ဇမ္ဗူဒိပ်ကျွန်းမှ။ ယာစ - ဣတ္ထိယာဝါ - အကြင်မိန်းမတို့သည် လည်းကောင်း။ ယေစပုရိသေဝါ - အကြင်ယောက်ျားတို့သည်လည်းကောင်း။ သဗ္ဗေ - အလုံးစုံကုန်သော။ ဒေဝါ - နတ်ဗြဟ္မာတို့သည်။ အတ္တိသန္တိ - ရှိကုန်၏။ တေ - ထိုမိန်းမ၊ ယောက်ျား၊ နတ်၊ ဗြဟ္မာတို့သည်။ မမ - အကျွန်ုပ်အား။ ပိယံ - ချစ်ခြင်းကို။ ဒေဟိ ဒေဟိ - ပေးပါ ပေးပါလော။ စေတေန သစ္စဝဇ္ဇေန - ဤသို့ မှန်ကန်သော စကားကို ဆိုရခြင်းကြောင့်။ မေ - အကျွန်ုပ်အား။ သုဝတ္ထိ - ချမ်းသာခြင်းသည်။ ဟောတု - ဖြစ်ပါစေ သတည်း။ မေ - အကျွန်ုပ်အား။ ဇယမင်္ဂလံ - အောင်ခြင်းမင်္ဂလာသည်။ ဟောတု - ဖြစ်ပါစေသတည်း။

[ရှင်သီဝလိ(၁၀)ဂါထာနှင့် ပရိတ်တော်ကို ရွတ်ဖတ် သရဇ္ဈာယ်သူ တို့အား ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပြီး လူခပ်သိမ်းတို့၏ ပူဇော်သက္ကာရကို ခံရ၍ လာဘ်လာဘတို့သည် ရောက်ကုန်၏။ သူခပ်သိမ်းမြင်လျှင် ချစ်ခင် မြတ်နိုးကြကုန်၍ စုံမက်ကုန်၏။ ပြောတိုင်းဆိုတိုင်း ဩဇာရှိ၍ မကောင်းသော အိပ်မက်ကို ပယ်လျက် ကောင်းသော အိပ်မက်လာရ၏။ ရှိသေစွာ ရွတ်ဖတ် ကြပါလေ။]

နတ်တလင်းဆရာဦးအုန်းမောင်



...ဘုန်းကြီးသား၏ မိခင်လောင်း သုပ္ပဝါသာမင်းသမီး ထိကိုင်သမျှ ...ကို ဘဏ္ဍာတိုက်များ ပွဲ့ထွားပြီးဝေ ပြည့်လျှံနေပုံ။



www.burmeseclassic.com

www.burmeseclassic.com

# ရှင်သီဝလိ ဆယ်ဂါထာ

နှင့်

# အနက်အဓိပ္ပာယ်

နတ်တလင်းဆရာ ဦးအုန်းမောင်

၁။ သီဝလိစ မဟာနာမံ၊
သဗ္ဗလာဘံ ဘဝိဿတိ။
ထေရဿ အာနုဘာဝေန၊
သဗ္ဗေ ဟောန္တု ပီယံ မမ။

**အနက်**

မဟာနာမံ – ကြီးမြတ်သော အမည်ရှိသော၊ သီဝလိစ – ရှင်သီဝလိမထေရ်မြတ်သည်လည်း၊ သဗ္ဗလာဘံ – အလုံးစုံသော လာဘ်ပူဇော်သက္ကာရ ဟူသမျှကို၊ ဘဝိဿတိ – ဖြစ်စေလတ္တံ့။ ထေရဿ – ရှင်သီဝလိမထေရ်မြတ်၏၊ အာနုဘာဝေန – တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်။ သဗ္ဗေ – ခပ်သိမ်းသော လူတို့သည်၊ မမ – ရှင်သီဝလိကို ပူဇော်လေ့ရှိသော အကျွန်ုပ်အား ပီယံ (ပီယာ) – မေတ္တာသက်ဝင် ချစ်ခင်ကြကုန်သည် ဟောန္တု – ဖြစ်ကြစေကုန်သတည်း။

၂။ သီဝလိစ မဟာဝီရော၊
ယေ ယေ ပဿန္တု မံ ပီယံ။
တေ တေ ပဿန္တု ပရမံ၊
ဓနပဝံ ပူဇယန္တု။

**အနက်**

သီဝလိ – ရှင်သီဝလိမထေရ်မြတ်သည်၊ မဟာ-
ဝီရောစ – ကြီးမြတ်သော ရဲရင့်ခြင်းလည်း ရှိတော်မူ-



www.burmeseclassic.com

www.burmeseclassic.com

တသာ – ထိုရှင်သီဝလိမထေရ်၏၊ တေဇေန – တန်ခိုးတော်အားဖြင့်၊ ယေယေ – အကြင် အကြင်သူတို့သည်၊ မံ – အကျွန်ုပ်ကို၊ ပိယံ – ချစ်ချစ်ခင်ခင်၊ ပဿန္တု – ရှုကြည့်ကြစေကုန်သတည်း။ ဇနပဒံ – ဇနပုဒ်သည်၊ ဝါ – ဇနပုဒ်နေသူများ ဗိုလ်လူသည်၊ ပူဇယန္တု – ပူဇော်လာကြစေကုန်သတည်း။

၃။ သီဝလိစ မဟာထေရော၊
မမ သီသေ ဌပေတွာန။
ဇမ္ဗုဒီပ မဏ္ဍလေန၊
ဇယောမင်္ဂလာ သုခါဝဟာ။

**အနက်**

မဟာထေရော – ကြီးမြတ်သော မထေရ်တစ်ပါးဖြစ်တော်မူသော၊ သီဝလိစ – ရှင်သီဝလိ အရှင်မြတ်သည်လည်း၊ မမ – အကျွန်ုပ်၏၊ သီသေ – ဦးခေါင်းရတနာမြတ်အင်္ဂါ၌၊ ဌာတု – တည်ပါစေသတည်း။ ဌပေတွာန– ဤသို့ တည်နေသောကြောင့်၊ ဇမ္ဗူဒီပမဏ္ဍလေန – ဇမ္ဗူဒိပ်ကျွန်းအဝန်းနှင့်အမျှ၊ ဇယော – အောင်မြင်ခြင်းသည်၊ ဟောတု – ဖြစ်ပါစေသတည်း။ မင်္ဂလာ – အောင်မြင်မှန်ကြောင်း ဂါထာမန္တန်တို့သည်၊ သုခါဝဟာ – ချမ်းသာကို ဆောင်ကြသည်၊ ဟောန္တု – ဖြစ်ကြပါစေကုန်သတည်း။

၄။ သီဝလိစ မဟာနာမံ၊
ဏ္ဍနွာဒေဝါ သမြဟ္မကာ။
မနုဿ ပရိသော ဏ္ဍတ္တိ၊
မဟာလာဘံ ဘဝိဿတိ။

**အနက်**

မဟာနာမံ – ကြီးမြတ်သော နာမရှိတော်မူသော။ သီဝလိစ – ရှင်သီဝလိမထေရ်သည်လည်း၊ အတ္ထိ – ရှိတော်မူ၏။ တဿာနုဘာဝေန – ထိုရှင်သီဝလိထေရ်၏ အစွမ်းအာနုဘော်ကြောင့်၊ သဗြဟ္မကာ – ဗြဟ္မာနှင့်တကွသော၊ ဏ္ဍနွာဒေဝါ – သိကြား၊ နတ်တို့သည်လည်းကောင်း၊ မနုဿပုရိသော ဏ္ဍတ္တိစ – လူယောက်ျား၊ လူမိန်းမတို့သည်လည်းကောင်း၊ မဟာလာဘံ – ကြီးစွာသော လာဘ်သပ်ပကာကို၊ ဘဝိဿတိ – ရသည်ဖြစ်လတ္တံ့သတည်း။

၅။ သီဝလိစ မဟာလာဘံ၊
နာ နာ ဒေတိ ဝရံ သုခံ။
ဏ္ဍဒမ္ပိ ပူဇိတံ ဒေတိ၊
မဟာသုခံ ဘဝိဿတိ။

**အနက်**

သီဝလိ – ရှင်သီဝလိမထေရ်မြတ်သည်၊ ဝရံ – တောင့်တအပ်မြတ်သော၊ မဟာလာဘံ – လာဘ်လာဘအများအပြားကို၊ နာနာ – အမျိုးမျိုး၊ ဒေတိ – ပေးတတ်ပေ၏။ ဝရံ – မြတ်သော၊ ဏ္ဍဒမ္ပိ ပူဇာတိ – ပူဇော်အပ်သော ဤပစ္စည်းဝတ္ထုများကိုလည်း၊ ဒေတိ – ပေးအပ်ပေ၏။ တေန – ထိုရှင်သီဝလိထေရ်၏ ဘုန်းတော်ကြောင့်၊ မဟာသုခံ – ကြီးမြတ်ချမ်းသာသည်၊ ဘဝိဿတိ – ဖြစ်ပေလတ္တံ့။

၆။ ဝဏ္ဏံ ဒန္တံ နာ တိတ္ထိ၊
အာဏာ မယှံ ဘဇေ ဘဇေ၊
ဘဝရုက္ခေ ရာဇာမိတာ၊
သဇ္ဇေ ကောခံ ဝိနဿန္တု။

**အနက်**

ဘန္တေ – ထေရ်ရှင်သီဝလိအရှင်ဘုရား။ တေ – အရှင်ဘုရား၏၊ ဝဏ္ဏံ အဆင်းတော်သည်လည်းကောင်း၊ ဒန္တံ – ယဉ်ကျေးသိမ်မွေ့တော်မူပုံသည်လည်းကောင်း၊ နရာတိတ္ထိ – လူတို့အား မရောင့်ရဲစေနိုင်ပါ။ တဝ – အရှင်ဘုရား၏၊ ရုက္ခေ – ရက္ခမူကျောင်း၌၊ ရာဇာမိတာ – ရက္ခစိုးနတ်သမီးသည်၊ ရက္ခတု – စောင့်ရှောက်မှုပြုစေသတည်း။ သဇ္ဇေ – ခပ်သိမ်းသော သတ္တဝါတို့သည်၊ ကောခံ – အမျက်ဒေါသကို၊ ဝိနဿန္တု – ပယ်ဖျောက်နိုင်ကြပါစေသတည်း။ မယှံ – အကျွန်ုပ်၏၊ အာဏာ –

www.burmeseclassic.com

အာဏာစက်သည်လည်း၊ ဘဝေ – ဖြစ်စေလိုရာ၌၊ ဘဝေ – ဖြစ်ပါစေသတည်း။

**၇။ သီဝလိစ မဟာလာဘံ၊**
**သဗ္ဗလာဘံ ဘဝိဿတိ။**
**ထေရဿ အာနုဘာဝေန၊**
**သဒါ ဟောတု ပိယံ မမ။**

**အနက်**

သီလဝိစ – ရှင်သီဝလိမထေရ်မြတ်သည်လည်း၊ မဟာလာဘံ – ကြီးမြတ်သော လာဘ်လာဘရှိတော်မူ၏။ မမ – အကျွန်ုပ်အား၊ သဗ္ဗလာဘံ – ခပ်သိမ်းသော လာဘ်လာဘသည်၊ ဘဝိဿတိ – ဖြစ်ပေလတ္တံ့။ ထေရဿ – ရှင်သီဝလိထေရ်၏၊ အာနုဘာဝေန – တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်၊ သဒါ – အခါခပ်သိမ်း၊ မမ – အကျွန်ုပ်အား၊ ပိယံ – လူအပေါင်းတို့က ချစ်မြတ်နိုးအပ်သည်၊ ဟောတု – ဖြစ်ပါစေသတည်း။

**၈။ သီဝလိစ မဟာထေရော၊**
**ယေ ယေ ပဿန္တု မံ ပိယံ။**
**တေ တေ ပဿန္တု ပိယံ၊**
**ဇနပဒံ ပူဇယန္တု။**

**အနက်**

သီဝလိစ – ရှင်သီဝလိမထေရ်မြတ်သည်လည်း၊ မဟာထေရော – ကြီးမြတ်သော ထေရ်တစ်ပါး ဖြစ်တော်မူ၏။ တဿ – ထိုရှင်သီဝလိမထေရ်မြတ်၏၊ အာနုဘာဝေန – တန်ခိုးတော် အာနုဘော်တော်ကြောင့်၊ ယေယေ – အကြင် အကြင်သူတို့သည်၊ မံ – အကျွန်ုပ်ကို၊ ပိယံ – ချစ်မြတ်နိုးစွာ၊ ပဿန္တု – ရှုကြည့်ကြပါစေသတည်း။ တေတေ – ထိုသူတို့သည်၊ မံ – အကျွန်ုပ်ကို၊ ပိယံ – နှစ်နှစ်သက်သက်၊ ပဿန္တု – ကြည့်မြင်ကြပါစေကုန်သတည်း။ ဇနပဒံ – ဇနပုဒ်နေ ပြည်သူအပေါင်းသည်၊ ပုဇိဿန္တိ – ပူဇော်ကြပေကုန်လတ္တံ့။

**၉။ သီဝလိစ မဟာထေရော၊**
**မမ သီသေ ဌပေတွာန။**
**သော ရဟော ပစ္စယာဒိနံ၊**
**မဟာလာဘံ ကရောတုမေ။**

**အနက်**

မဟာထေရော – မထေရ်မြတ်ဖြစ်တော်မူသော သီဝလိစ – ရှင်သီဝလိ ရဟန္တာသည်လည်း၊ မမ – အကျွန်ုပ်၏၊ သီသေ – ဦးခေါင်းရတနာ၌၊ ဌာတု – တည်ပါစေသတည်း။ ဌပေတွာန – တည်နေပြီး၊ မန္တ တေဇေ ဇယောမန္တံ – ထက်မြက်သော မန္တန်၊ အောင်အပ် သော မန္တန်ကို ပေးတတ်သော၊ တံ – ထိုထေရ်ရှင်သီဝလိ ကို၊ အဟံ – အကျွန်ုပ်သည်၊ သဗ္ဗဒါ – အမြဲမပြတ် ဝန္ဒာမိ – ရှိခိုးပါ၏ဘုရား။

**၁၀။ သီဝလိစ မဟာထေရော၊**
**ဒေဝ မနုဿ ပူဇိတော။**
**သော ရဟော ပစ္စယောဒိနံ၊**
**မဟာလာဘံ ကရောတုမေ။**

**အနက်**

ဒေဝမနုဿပူဇိတော – နတ်လူတို့သည် ပူဇော် အပ်သော၊ ပစ္စယောဒိနံ – ပစ္စည်းလေးပါး အစရှိသော ပူဇော်အထူးတို့ကို၊ ရဟော – ခံယူတော်မူထိုက်သော သော သီဝလိမဟာထေရောစ – ထိုရှင်သီဝလိမထေရ်မြတ် သည်လည်း၊ မေ – အကျွန်ုပ်အား၊ မဟာလာဘံ – လာဘ်လာဘပေါများခြင်းကို၊ ကရောတု – ပြုတော်မူ စေသတည်း။

ဤဆယ်ဂါထာမှာ သဒ္ဒါအရေးအရ အတန်စင် ကြယ်ပြီး အနက်အဓိပ္ပာယ် ပိုမို၍ သင့်မြတ်လှပေရာ ကောင်းစွာ ကျက်မှတ်ရွတ်ဆို ပူဇော်နိုင်ကြပေသည်။

**နတ်တလင်း ဆရာဦးအုန်းမောင်**



www.burmeseclassic.com

www.burmeseclassic.com

# လာဘ်သပွကာပေါများသောအရာ၌ အမြတ်ဆုံးတောဒဂ်ဘွဲ့ရ အရှင်သီဝလိမထေရ်မြတ်

■ ကိုမောင်သန်းဝင်း

ပူပင်ကြောင့်ကြသော စိတ်ကို ငြိမ်းအေးစေအောင်ပြုတတ်သောကြောင့် "သီဝလိ"ဟု အနွတ်သညာ ပြုကြသည်။ "မောင်ငြိမ်းအေး"၊"မောင်ငြိမ်းချမ်း"ဟူသတည်း။

"သီဝလိ"မင်းသားကို ခမည်းတော် ကောလိယမင်းသား၊ မယ်တော်ပုပ္ပဝါသာ မင်းသမီးတို့က ဖွားမြင်ခဲ့ခြင်းဖြစ်သည်။ သီဝလိသူငယ်သည် အမိဝမ်းဗိုက်၌ ခုနစ်နှစ်တိုင်တိုင် ပဋိသန္ဓေနေရသည်၊ ခုနစ်နှစ်စေ့၍ ဖွားမြင်ခါနီး၌ ခုနစ်ရက်တိုင်တိုင် မဖွားမြင်နိုင်သဖြင့် မိခင်ရော သားငယ်ပါ ကြီးစွာသော ဒုက္ခဝေဒနာ ခံခဲ့ရပြီးမှ ဗုဒ္ဓရှင်တော်မြတ်၏ မေတ္တာတော်အာနုဘော်ကြောင့် လွယ်ကူစွာဖွားမြင်ခဲ့ရလေ၏။

ကောလိယမင်းသားနှင့် သုပ္ပဝါသာမင်းသမီးတို့သည် သားတော်လေး သီဝလိအား ဖွားမြင်ခဲ့သည့် အတွက် ကြည်နူးသောမနသဖြစ်ကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား ကြည်ညိုသဒ္ဓါတရားပွားများကာ ခုနစ်ရက်ပတ်လုံး ကြီးစွာသော အလှူကိုပေးခဲ့လေ၏။

သီဝလိမင်းသားလေးသည် အမိဝမ်း၌ ခုနစ်နှစ်တိုင်တိုင်နေ၍ ဖွားမြင်ခဲ့ရသည့်အတွက် ဖွားမြင်ပြီးသောအခါတွင် ခုနစ်နှစ်သားအရွယ် သူငယ်အဖြစ် မွေးဖွားခဲ့သည်။ မြတ်စွာဘုရား၏ တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာသည် သီဝလိမင်းသားလေးဖွားမြင်သည်နေ့မှစ၍ ဆွမ်းအလှူခံကြွရောက်ပြီး ခုနစ်ရက်စေ့မြောက်သောနေ့တွင် မင်းသားလေးနှင့်အတူ စကားစမြည်ပြောဆိုခြင်းအမှုပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်သီဝလီလောင်း သတို့သား ဆံချနေပုံ နှင့် သား သာမဏေကို
မိဘနှစ်ပါးတို့က ဆွမ်းလောင်းနေပုံ



www.burmeseclassic.com

www.burmeseclassic.com

"သူငယ် သီဝလိ၊ ကျန်းကျန်းမာမာရှိ
လော။ ဆင်ရဲဒုက္ခကင်းပါ၏လော"
အရှင်သာရိပုတ္တရာမေးမြန်းသည်ကို
လိသူငယ်က လက်အုပ်ချီမိုးပြီး -
"အရှင်ဘုရား . . တပည့်တော်
ဲ အဘယ်မှာ ကျန်းမာချမ်းသာခြင်း
ပြည့်စုံပါအံ့နည်း။ တပည့်တော်သည်
ဝမ်းအတွင်း ခုနစ်ရက်ပတ်လုံး သွေး
ထဲမှာ နေနေခဲ့ရပါသည်"
ဟု လျှောက်ကြားလေ၏။ ထို့နောက်
င်သာရိပုတ္တရာက -
"သူငယ် သီဝလိ၊ အဘယ်သို့နည်း၊
သည် အမိဝမ်း၌ ခုနစ်နှစ်တိုင်အောင်
ခံစားနေရခဲ့ရပြီးဖြစ်သည်။ ယခု ရှင်
န်းပြုရန် မသင့်လျော်ပါလော"
ဟု မေးတော်မူရာ သီဝလိမင်းသား
းက မဆိုင်းမတွပင် -
"ရှင်ရဟန်းပြုခွင့်ရလျှင် ပြုလိုပါ
ဲဘုရား"
ဟု လျှောက်ထားလေ၏။

**ရဟန္တာဖြစ်ခြင်း**

အရှင်သာရိပုတ္တရာသည် သီဝလိ
သားလေး၏ မယ်တော် သုပ္ပဝါသာ
သမီးအား -
"ဒါယိကာမ သုပ္ပဝါသာ၊ သီဝလိ
သားလေးက မိမိခံစားရသည့်
ဲခွေဆင်းရဲခြင်းကို ပြောပြီး ရှင်ရဟန်း
ိသည်ဟု ဆိုလေပြီ။ သင်တို့ထံမှ
်ရလျှင်ဖြင့် ရှင်ရဟန်းပြုစေမည်"
ဟု ဆိုလေရာ၊ သုပ္ပဝါသာမင်းသမီး

"အခွင့်ပြုပါသည် အရှင်ဘုရား၊ တပည့်တော်မ၏ သားကလေးအား ရှင်သာမဏေပြုပေးတော်မူပါဟု လျှောက်ကြားလေလျှင် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည် သီဝလိမင်းသားလေးအား ကျောင်းတော်သို့ ခေါ်ဆောင်သွားလျှက် တစပဉ္စက ကမ္မဋ္ဌာန်းကိုပေးပြီး ရှင်သာမဏေပြုမည့်ဆဲဆဲတွင် -

"သီဝလိ၊ သင့်အား တစ်ပါးသော အဆုံးအမဩဝါဒကို ပေးနေဖွယ်မလိုပြီ။ သင် ခုနစ်နှစ်ပတ်လုံး အစဉ်ခံစားခဲ့ရသော ဆင်းရဲခြင်းကိုသာ ဆင်ခြင်ပါလေ"

ဟု မိန့်တော်မူရာ ရှင်သီဝလိက -

"အရှင်ဘုရား၊ ရှင်သာမဏေဖြစ်အောင်ပြုပေးခြင်းသာလျှင် အရှင်ဘုရားတို့ တာဝန်ဖြစ်ပါစေ။ တပည့်တော် ဆင်ခြင်ရမည့် ကိစ္စကိုသာ ဆင်ခြင်နေပါ့မယ်ဘုရား"

ဟု လျှောက်ထားလေ၏။

ထို့နောက် သီဝလိမင်းသားအား ရှင်ပြုရန် ဆံချသောအခါ သီဝလိမင်းသားသည် ဆံပင်အစုကို ပထမအကြိမ်ရိတ်၍ ချလိုက်သောအခါ၌ ပထမ-အရိယာစခန်းပေါက်၍ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်သည်။ ဒုတိယ-ဆံပင်အားလုံး ရိတ်ပြီးသောအခါတွင်ကား အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်သောအခါသည်ကား မရှေးမနှောင်းတစ်ပြိုင်တည်းပင် ဖြစ်လေသတည်း။

**ရှင်သီဝလိ ခုနစ်နှစ်**
**ပဋိသန္ဓေနေရခြင်း ရှေးအကြောင်းကံ**

ရှင်သီဝလိသည် ခုနစ်နှစ်အရွယ်ငယ်စဉ်ကပင် ခေါင်းရိတ်အဆုံးသင်ခုန်းလွတ်ရုံမျှဖြင့် ရဟန္တာဖြစ်ခဲ့သည်။ ရှေးကုသိုလ်ကံပါရမီ အလွန်ထူးမြတ်ပေလှတကား။ သို့စဉ်မှုလောက် ကုသိုလ်၊ ဘုန်းကံထက်သန်ထူးချွန်ပါလျက်ကယ်နဲ့မိခင်ဝမ်းတွင်း ခုနစ်နှစ်ပဋိသန္ဓေနေပြီး ခုနစ်ရက်တိုင်တိုင် ဒုက္ခကြီးစွာ ဖွားမြင်ခဲ့ရသည်ကတော့ အကြောင်းရှိပေလိမ့်မည်။

သို့ဖြင့် ဘုရားရှင်အား သိလိုသမျှ သံဃာအပေါင်းမှ လျှောက်ထားလေရာ ဗုဒ္ဓရှင်တော်မြတ်က -

"ရဟန်းတို့၊ ငါဘုရားပွင့်တော်မမူမီ ရှေးလွန်လေပြီးသောအခါက ဤအမျိုးကောင်းသားသည် ဗာရာဏသီပြည်၌ မင်း၏ သားတော်ဖြစ်သည်။ ခမည်းတော်လွန်တော်မူသောအခါ မင်းအဖြစ်ကို ရလျက် စည်းစိမ်းချမ်းသာနှင့် ပြည့်စုံပြီး ထင်ရှားကျော်ကြားခဲ့သည်။ ထိုအခါ အစွန်အဖျားတိုင်းတစ်ပါးမင်းသည် "ဗာရာဏသီပြည်ကို ယူအံ့"ဟု ချီတက်လာသော် မြို့ကို ပိတ်ဆို့လျက် တပ်စခန်းတည်လျက်ရှိသည်။

ထိုအခါ ဗာရာဏသီမင်းသည် မယ်တော်နှင့် စိတ်တူသဘောတူ တိုင်ပင်ညီညွတ်၍ ခုနစ်ရက်ပတ်လုံး ရန်သူမင်း၏ တပ်စခန်းမြို့ကို အရပ်လေးမျက်နှာပိတ်ဆို့ထားသည်။ အဝင်အထွက်မရှိရလေအောင် ပြုသည်။ မိဂဒါဝုန်တောကျောင်းရှိ ပစ္စေကဗုဒ္ဓါတို့သည်လည်း အပိတ်အဆို့ခံနေရသည့်အတွက် ကြွေးကြော်ကြသည်



www.burmeseclassic.com

www.burmeseclassic.com

ဗာရာဏသီမင်းသည် ထိုကြွေးကြော်သံကို ကြားရသည့်အတွက် မြို့တံခါးကို ဖွင့်ပေး၍ ရန်သူမင်းလည်း ထွက်ပြေးခဲ့သည်။

ဗာရာဏသီမင်းသည် ထိုမကောင်းမှုကံကြောင့် ငရဲစသည့် ဝဋ်ဆင်းရဲကိုခံစားရပြီး ငါဘုရားလက်ထက်တွင် မင်းအိမ်၌ နေရသော်ငြားလည်း မယ်တော်နှင့်အတူ ဤသို့သဘောရှိသော ဆင်းရဲဒုက္ခကို ခံစားခဲ့ရခြင်းဖြစ်သည်"

ဟူ၍ ဟောကြားတော်မူသည်။

**ရှင်သီဝလိမထေရ်၏**
**ဘုန်းကံကို စမ်းသပ်ခန်း**

အခါတစ်ပါး ဗုဒ္ဓရှင်တော်မြတ်သည် သာဝတ္ထိပြည်သို့ ကြွတော်မူခဲ့လေရာ ရှင်သီဝလိမထေရ်သည် ဗုဒ္ဓရှင်တော်မြတ်အား ရှိခိုးပြီး -

"ဘုန်းတော်ကြီးတော်မူသော ရှင်တော်မြတ်ဘုရား၊ တပည့်တော်၏ ဘုန်းကံကို စမ်းသပ်လိုသည့်အတွက် ရဟန်းများရာကိုပေးတော်မူပါဘုရား"

ဟု လျှောက်ကြားလေ၏။ ထိုအခါ ဗုဒ္ဓရှင်တော်မြတ်ကိုယ်တော်တိုင် ဆောင်တော်မူပြီးသကာလ လူသူမနီးတောခရီးဖြစ်သော ဟိမဝန္တာသို့ ရှေ့ရှုကြွတော်မူသည်။

ထိုတောလမ်းခရီး တောစခန်း၌ ရှင်သီဝလိ မထေရ်အား ရှေးဦးစွာ ဖူးတွေ့ရသော ပညောင်ပင်စောင့်နတ်သည် ခုနစ်ရက်ပတ်လုံး ဆွမ်းအလှူပေးသည်။ နှစ်ကြိမ်မြောက်တွင် ပဏ္ဍဝတောင်သို့လည်းကောင်း၊ သုံးကြိမ်မြောက်တွင် အစီရဝတီမြစ်သို့လည်းကောင်း၊ လေးကြိမ်မြောက်တွင် ဝဿောဂရအိုင်သို့လည်းကောင်း၊ ငါးကြိမ်မြောက်တွင် ဟိမဝန္တာတောသို့လည်းကောင်း၊ ခြောက်ကြိမ်မြောက်တွင် ဆဒ္ဒန်အိုင်သို့လည်းကောင်း၊ ခုနစ်ကြိမ်မြောက်တွင် ဂန္ဓမာဒနတောင်သို့လည်းကောင်း ရောက်၍ ရှစ်ကြိမ်မြောက်တွင် ရေဝတတောကျောင်းသို့လည်းကောင်း ရောက်လေ၏။

ထိုသို့ ရောက်လေရာရာအရပ်အားလုံးတွင် ရက်သတ္တတစ်ပတ်စီမျှ ဆွမ်းအလှူကို ပေးကြကုန်သည်။ သို့ဖြင့် ရှင်သီဝလိရဟန်းဖြစ်သည့်အခါမှစ၍ ပစ္စည်းလေးပါးတို့သည် အလိုရှိတိုင်း ပြည့်စုံလေ၏။

**အရှင်သီဝလိဘုန်းကံ**
**ထပ်မံစမ်းသပ်ခန်း**

ဗုဒ္ဓရှင်တော်မြတ်နှင့်ရဟန်းအပေါင်းတို့သည် ရေဝတမထေရ်၏ ရွာတောကျောင်းသို့ ကြွတော်မူသောအခါ ခရီးတစ်နေရာတွင် လမ်းနှစ်သွယ်ခွဲရာသို့ရောက်၍ အရှင်အာနန္ဒာက ဗုဒ္ဓရှင်တော်မြတ်အား-

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ သည်နေရာတွင် ခရီးနှစ်သွယ်ခွဲလျက်ရှိနေပါသည်။ အဘယ်လမ်းက ကြွတော်မူလိုပါသနည်း"

ဟု မေးလျှောက်လေရာ ဗုဒ္ဓရှင်တော်မြတ်မှ -

"အဘယ်လမ်းက ဖြောင့်သနည်း အာနန္ဒာ"ဟု မေးလေ၏။

"ယူဇနာသုံးဆယ်ရှိသော ခရီးသည် လမ်းဖြောင့်ပါသည်။ သို့သော် လူသူမရှိသော လမ်းဖြစ်ပါသည်။ ယူဇနာခြောက်ဆယ်ရှိသော လမ်းက ကွေ့ကောက်ပါသည်။ ဤလမ်းခရီးသည် လမ်းကြောင်းသာယာပြီး ဆွမ်းကွမ်းရရှိပါလိမ့်မည်အရှင်ဘုရား"

ဟု အာနန္ဒာက လျှောက်ကြားလေသော် ဗုဒ္ဓရှင်တော်မြတ်က -

"အာနန္ဒာ၊ ငါတို့နှင့်အတူ သီဝလိပါလာသည်မဟုတ်လော"

ဟု မေးရာတွင် ပါလာပါကြောင်း လျှောက်ကြားသည့်အတွက် ဗုဒ္ဓရှင်တော်မြတ်က -

"သီဝလိပါလာလျှင် လမ်းဖြောင့်အတိုင်းသွားစေလော။ သီဝလိဘုန်းကံကို စုံစမ်းကြရကုန်အံ့"

ဟု မိန့်တော်မူပြီး ရဟန်းအပေါင်းခြံရံလျက် ယူဇနာသုံးဆယ်ရှိသော တောလမ်းကို ဦးဆောင်ကြွတော်မူလေ၏။

ဘုရားအမှူးရှိသော သံဃာတော်တို့ ကြွတော်မူလေရာ တောအတွင်းသို့ ရောက်သည့်အချိန်မှစပြီး နတ်အပေါင်းတို့သည် တစ်ယူဇနာရောက်တိုင်း၊ တစ်ယူဇနာရောက်ရှိလေတိုင်း မြို့တစ်မြို့ ဖန်ဆင်းစေပြီး ဘုရားအမှူးရှိသော သံဃာတော်တို့ သီတင်းသုံးရန် ကျောင်းတို့ကို စီစဉ်ထားကြသည်။ နတ်သားတို့သည် အမှုလုပ်မင်းယောကျာ်းတို့သဖွယ် ယာဂု၊ ခဲဖွယ်ဘောဇဉ် စသည်တို့ကို ယူဆောင်ကာ -

"အရှင်သီဝလိ အဘယ်မှာနည်း"

မေးကြကုန်လျက် လာကြကုန်၏။

အရှင်သီဝလိလည်း ပူဇော်ဖွယ်တို့၏

www.burmeseclassic.com

ဆောင်ပြီး ဗုဒ္ဓမြတ်စွာအား ဆက်ကပ်
လေ၏။ ရဟန်းအပေါင်းတို့နှင့်အတူတကွ
ဦးပေးတော်မူလေ၏။ ဤနည်းဖြင့်သာ
ဓဘုရားရှင်နှင့် ရဟန်းအပေါင်းတို့သည်
နေ့စဉ်နေ့တိုင်း တစ်ယူဇနာခရီးကို ကြွ
ုမ်းတော်မူပြီး ယူဇနာသုံးဆယ်မျှဝေး
သာ အရှင်ရေဝတ၏ ရှားတောကျောင်း
သို့ ကြွတော်မူသတည်း။

**အရှင်သီဝလိအား**
**ဧတဒဂ်ပေးတော်မူခြင်း**

ဗုဒ္ဓရှင်တော်မြတ်သည် အရိယာဖြစ်
သာ ရဟန်းအပေါင်းတို့၏အလယ်၌
ဝက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက်
ရှင်သီဝလိမထေရ်အား -

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ
ဘိက္ခူနံ လာဘီနံ ယဒိဒံ သီဝလိ"

"ရဟန်းတို့ ငါ၏တပည့်သားဖြစ်ကြ
နသော လာဘ်အခြံအရံပေါများသော
ဟန်းတို့တွင် ဤသီဝလိရဟန်းသည်
မြတ်ဆုံး၊ အလွန်ကဲဆုံး ဖြစ်ပေ၏"

ဟု လာဘ်သပ္ပကာပေါများသော
ရာ၌ အမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူးဖြင့် ချီး
ူးခတ်နှိပ်တော်မူပါသတည်း။

**အတိတ်ဘဝဖြစ်ကြောင်းပြန်**
**ဆုပန်ခဲ့သည့် သီဝလိ**

ဤဘဒ္ဒကမ္ဘာမှ ပြန်လည်ရေတွက်
သည့်အခါ လွန်လေပြီးသော ကမ္ဘာတစ်
းအထက်တွင် ပဒုမုတ္တရမြတ်စွာဘုရား
ည် လောကအလွှား၌ ထင်ရှားပွင့်တော်
လေ၏။ ရှင်သီဝလိမထေရ်လောင်း

သည်လည်း ပဒုမုတ္တရမြတ်စွာဘုရားသီ
တင်းသုံးတော်မူရာ ဟံသာဝတီပြည်တွင်
အမျိုးကောင်းသားတစ်ဦး ဖြစ်ခဲ့လေ၏။

ရှင်သီဝလိအမျိုးကောင်းသားသည်
တတ်သိလိမ္မာသောအရွယ်သို့ရောက်လတ်
သော် မိဘနှစ်ပါးတို့ ကွယ်လွန်သဖြင့်
အမွေစည်းစိမ်ဖြင့် အိမ်ယာတည်ထောင်
လျက် ဟံသာဝတီပြည်တွင် အခြေတည်
နေထိုင်ခဲ့လေ၏။

တစ်နေ့သောအခါ ဟံသာဝတီပြည်
သူပြည်သားအပေါင်းတို့သည် ပန်းနံ့သာ
တို့ကို ကိုင်ဆောင်လျက် ပဒုမုတ္တရမြတ်စွာ
ဘုရားတရားဟောတော်မူရာ ကျောင်း
တော်ဆီသို့ ဦးတည်သွားနေကြသည်ကို
မြင်တွေ့ရသည်ကြောင့် ထိုသူတို့နှင့်အတူ
လိုက်ပါသွားကာ ပရိသတ်အစွန်တစ်နေ
ရာတွင် ထိုင်၍ တရားနာလေ၏။

ထိုအခါ ပဒုမုတ္တရမြတ်စွာဘုရား
သည် ရဟန်းတစ်ပါး(ပါဠိတော်၌ သုဒဿ
နရဟန်း-ဟုလာရှိသည်။)ကို လာဘ်ပေါ
များသူတို့တွင် အထွတ်အထိပ်ဖြစ်သော
ဧတဒဂ်ရာအရာထားသည်ကို မြင်သဖြင့် -

"ငါသည်လည်း နောင်အခါ၌ ဤ
ရဟန်းကဲ့သို့ ဖြစ်သင့်ပေ၏"

ဟု ကြံစည်စဉ်းစားပြီး တရားပွဲပြီး
သောအခါ မြတ်စွာဘုရားနှင့်တကွ သံဃာ
တော်တို့အား မိမိသည် အိမ်သို့ ဆွမ်းအလှူ
ခံ ကြွပါရန် ပင့်ဖိတ်ခဲ့သည်။

ဘုရားအမှူးရှိသော သံဃာတော်တို့
အား ခုနစ်ရက်တိုင်တိုင် အလှူကြီးပေး
လျက် နောက်ဆုံးတွင် မြတ်စွာဘုရားအား
ရှိသေစွာလက်အုပ်ချီမိုးပြီးသကာလ-

"ဘုန်းတော်ကြီးလှပါသော မြတ်စွာ
ဘုရား၊ တပည့်တော်သည် ဤသို့ ခုနစ်
ရက် ခုနစ်လီ ကြီးကျယ်စွာလှူဒါန်းခြင်း
အမှုကို ပြုရခြင်းကုသိုလ်ကံကြောင့် တစ်
ပါးသော စည်းစိမ်ချမ်းသာကို မတောင့်တ
ပါ။ စင်စစ်အားဖြင့်မူ နောင်တစ်ဆူဆူ
သော ဘုရားရှင်၏ လက်ထက်တော်၌
အရှင်မြတ်စွာဘုရား၏ လာဘ်လာဘ
အရာ၌ အမြတ်ဆုံးသော ဧတဒဂ်ရထား
တော်မူသော ရဟန်းကဲ့သို့ ဖြစ်ရပါလို၏
မြတ်စွာဘုရား"ဟု ဆုတောင်းလေ၏။

ပဒုမုတ္တရမြတ်စွာဘုရားသည် ထို
အမျိုးကောင်းသားတောင်းဆိုသော ဆု၏
တစ်စုံတစ်ရာသော အန္တရာယ်ကိုမျှ မြင်
တော်မမူသဖြင့် -

"သင် အမျိုးကောင်းသား တောင်း
ဆိုသော ဆုသည် ဂေါတမမြတ်စွာဘုရား
၏ သာသနာတော်၌ ပြည့်စုံခြင်းသို့
ရောက်လတ္တံ့"

ဟု ဗျာဒိတ်ပေးတော်မူလေ၏။

ထိုအမျိုးကောင်းသားသည် အသက်
ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ နတ်
ပြည်၊ လူပြည် နှစ်လီသော ဘုံဘဝတို့၌
သာ အစုန်အဆန်ကျင်လည်ခဲ့လေ၏။

**ဝိပဿီဘုရားလက်ထက်**

ဤကမ္ဘာမှ ပြန်လည်ရေတွက်သော်
"၉၁ ကမ္ဘာထက်"တွင် ဝိပဿီမည်သော
မြတ်စွာဘုရားသည် ထင်ရှားပွင့်တော်မူ
လေ၏။ ပဒုမုတ္တရဘုရားရှင်လက်ထက်
တော်ကဆုတောင်းခဲ့ပါသောအမျိုးကောင်း
သားသည် ဗန္ဓုမတီမည်သော . . .



www.burmeseclassic.com

www.burmeseclassic.com

နေပြည် တော်ကြီး၏မနီးမဝေးသော ျပ်ရှိတစ်ခုသောရွာကြီးတွင် အမျိုးသား ်ဦးဖြစ်ခဲ့လေ၏။

ထိုအချိန်တွင် ဇမ္ဗူမတီပြည် မြို့သူ၊ သားတို့သည် ဇမ္ဗူမတီမင်းကြီးနှင့် ပြိုင်အဆိုင် ကြီးကျယ်သော အလှူကြီး စီရင်၍ မြတ်စွာဘုရားအား လှူဒါန်း ပြင်ဆင်နေကြသည်။ တန်ဖိုးအားဖြင့် ည်းကောင်း၊ ပစ္စည်းအားဖြည်းလည်း ာင်း ဘုရင်မင်းမြတ်၏ အလှူအောက် မကျရောက်ရန် ဝါယမစိုက်ထုတ်စီမံ ကုန်၏။

ပြင်ဆင်၍ နီးကပ်လာသောအခါ ါတို့၏အလှူတွင် မည်သည့်ပစ္စည်း အပ်နေမည်နည်း" ဟု စစ်ဆေးသုံးသပ် သောအခါတွင်ကား ပျားရည်နှင့် နို့ခမ်း နေကြောင်းသိကြရလေသောအခါ လူ ပ်ခဲ့၍ အရေးတကြီးရှာဖွေကြကုန်၏။ မ်၊ ဈေးစသည်တို့၌ ရှာဖွေကြသော်ငြား ည်း မရရှိလေသောအခါ မြို့တံခါးတိုင်း စေလွှတ်၍ ပျားရည်၊ နို့ခမ်းယူဆောင် ာသူတစ်စုံတစ်ယောက်အား တွေ့လျှင် ရအောင် ဝယ်ယူကြရန်မှာကြားလေ

ထိုစဉ်တွင် သီဝလိလောင်းဖြစ်လာ ာ အမျိုးကောင်းသားသည် မိမိရွာမှ ူမတီမြို့သို့ ကိစ္စတစ်ခုဖြင့် လာရာတွင် မ်းတစ်အိုးကို ယူဆောင်လာခဲ့သည်။ းနှင့်ပြည်သူတို့ အလှူပြိုင်လုပ်နေသည် စိုးစဉ်းမျှပင်မသိ။ မိမိအလိုအလျောက် မှတ်အထင် အကြောင်းအားလျော်စွာ တင်ယူလာခဲ့ခြင်းသာ။ မြို့အဝင် ရေကန်ကြီးတစ်ကန်ကို တွေ့မြင်၍ ခြေလက်တို့ကို ဆေးကြောရန် ရေကန်သို့အဆင်း ပျားငယ်တစ်ကောင်မှ မကျန်တော့သော ပျားလဘို့နှင့်တကွ ပျားအုံကြီးတစ်အုံကို အမှတ်မထင်တွေ့ရသည်ကြောင့် သစ်ကိုင်းကို ဖြတ်၍ ယူဆောင်ကာ မြို့အတွင်းသို့ ဝင်ခဲ့လေ၏။

ထိုအခါ ပျားရည်နှင့် နို့ခမ်းဝယ်ရန် မြို့တံခါးမှ စောင့်စားနေသော ဥပါသကာသည် ပျားရည်နှင့် နို့ခမ်းကို ထမ်းဆောင်လာသော အမျိုးသားကို တွေ့မြင်ရလေသော် . .

"အို . . မိတ်ဆွေ၊ ဤပျားရည်နှင့် နို့ခမ်းကို မည်သူ့အတွက် ယူဆောင်လာပါသနည်း။ အကျွန်ုပ်အားရောင်းပါလေ"

ပြောကြားကာ ငွေကြေးအသပြာတို့ကို ပေးသည်။

အမျိုးသားသည် ဤသို့ စဉ်းစားလေ၏။

"ငါ၏ ပျားရည်နှင့် နို့ခမ်းသည် အဖိုးအနည်းငယ်သာ ထိုက်သည်။ ဤသူသည် တစ်ပြိုင်နက်တည်းနှင့် အသပြာများစွာကို ပေးနေချေပြီ။ ထူးသောအကြောင်းရှိနေပေလိမ့်မည်။ စူးစမ်းလေဦးမှ"

ဤသို့ ကြံစည်စဉ်းစားပြီးသကာလ-

"ဤမျှလောက်နဲ့ မရောင်းနိုင်ပါ"

ဟု ဆိုလေရာ ဥပါသကာသည် အသပြာကိုတိုး၍ တိုး၍ ပေးသော်ငြားလည်း အမျိုးသားသည်လည်း မရောင်းနိုင်ပါဟု အတန်တန်ပြောသည်။ နောက်ဆုံး ဥပါသကာက အသပြာတစ်ထောင်ပေးဝယ်မည်အထိ ပြောလာလေ၏။

ထိုအခါ အမျိုးသားသည် "အလွန်ဈေးကိုင်၍ မသင့်တော့ပြီ၊ အကြောင်းချင်းရာကို မေးတော့အံ့" ဟု ဆုံးဖြတ်ကာ -

"အို . . ဦးကြီး၊ ဤပျားရည်နှင့် နို့ခမ်းသည် ဤမျှလောက်အဖိုးမထိုက်ပါဘဲနှင့် မည်သည့်အကြောင်းကိစ္စများရှိလို့ ဤပျားရည်နှင့် နို့ခမ်းကို လွန်ကဲစွာ ဝယ်လိုနေပါသနည်း"

ဟု မေးမြန်းလေရာ မြို့သားဥပါသကာကြီးက -

"အမောင်၊ ဤမြို့၌ မြို့သူ မြို့သားတို့နှင့် ဘုရင်မင်းမြတ် အပြိုင်အဆိုင် ဝိပဿီမြတ်စွာဘုရားအား ပင့်ဖိတ်၍အလှူကြီးကို လှူဒါန်းနေကြပါသည်။ ငါတို့ မြို့သူ၊ မြို့သားတို့ အလှူပွဲတွင် ဤပျားရည်နှင့် နို့ခမ်းနှစ်မျိုးသာလိုအပ်လျက် ရှိနေပါသည်။ အကယ်၍ ဤနှစ်မျိုးသာ မရရှိခဲ့ပါလျှင် ငါတို့ မြို့သူ မြို့သားတို့သည် ဘုရင့်အား အရှုံးပေးကြရပေတော့မည်။ ထို့ကြောင့်မို့ အမောင့်ထံမှ ပျားရည်နှင့် နို့ခမ်းကို အသပြာတစ်ထောင်အထိပေးရခြင်းဖြစ်ပေသည်"

ဟု ဖြေကြားလေ၏။

"အသို့ပါနည်း ဦးကြီး၊ ဇမ္ဗူမတီမြို့သူ၊ မြို့သားတို့သည်သာ ဤအလှူ၌ ပါဝင်လှူဒါန်းရပါသလား၊ အခြားအရပ်သားတို့ ပါဝင်လှူဒါန်းခြင်းကို တားမြစ်မှုရှိပါသလား"

ဟု အမျိုးသားကမေးလေရာ-

"မရှိပါ၊ တတ်နိုင်သမျှ စုပေါင်း၍ လှူဒါန်းခြင်းသာ ဖြစ်ပါသည်"

ဟု ဥပါသကာဦးကြီးက ဖြေဆိုသည်တွင် အမျိုးသားက -



www.burmeseclassic.com

www.burmeseclassic.com

"အို . . ဦးကြီး၊ ဤအကျွန်ုပ်၏ ပျား ည်နှင့် နို့ခမ်းသည် အသပြာတစ်ထောင် ၁န်နေပြီမဟုတ်ပါလော"

ဟု ပြောရာ ဥပါသကာကြီးက ဟုတ် န်ကြောင်းဆိုသည်။

"အို . . ဦးကြီး၊ သည်လိုဆိုပါမူ မြို့ ၁ူမြို့သားတို့အား သွား၍ပြောကြားပါ တော့။ အမျိုးသားတစ်ယောက်သည် ပျား ည်နှင့် နို့ခမ်းကို အဖိုးအခဖြင့် မရောင်း၊ ခသင်တို့နှင့်အတူ စုပေါင်း၍ ကောင်းမှု ျုပါမည်ဟုပြောကြားလေတော့"

"ကောင်းပါပြီအမောင်၊ ဤအလှူပွဲ ၁ွင် အမောင်သည် အကြီးအမှူးခေါင်း ဆောင်ဖြစ်ပါလိမ့်မည်"

ဟု ပြောဆိုကာ နှစ်ဦးသား အလှူ ဏ္ဍာပ်ရှိရာသို့ ခြေဦးတည်လိုက်ကြလေ ၏။

အမျိုးသားသည်ရွာမှ စရိတ်အတွက် ၁ူလာသော ငွေစအနည်းငယ်ကို ထုတ် ၍ အမွှေးအကြိုင်များကိုဝယ်ကာ' ပါလာ သော နို့ခမ်းနှင့်ပျားရည်တို့ကို ပြုပြင်မွှမ်း သည်။

နို့ခမ်းမှ ရက်တက်ရည်တို့ကို ညှစ်၍ ၁ည်းကောင်း၊ ပျားလဘို့မှ ပျားရည်တို့ကို ၁စ်ထုတ်၍လည်းကောင်း၊ ကြာဖက်ပေါ် ၁င် အမွှေးအကြိုင်တို့ဖြင့် စပ်ကာ ပြုပြင် မ်းမံ၍ ကြွရောက်လာသော ဝိပဿီ ာ်စွာဘုရား၏အနီးသို့ ဆောင်ယူသွား ည်။

ထို့နောက် ဆွမ်းလောင်းရန် တန်းစီ သော မြို့သူမြို့သားတို့နှင့်တကွ မိမိ ည့်ကို စောင့်နေပြီးလျှင် မိမိအလှည့် သို့ ရောက်သည်နှင့်တစ်ပြိုင်နက် မြတ်စွာ ဘုရား၏အနီးသို့ ကပ်ကာ -

"ဘုန်းတော်ကြီးလှပါသော မြတ်စွာ ဘုရား၊ ဤပျားရည်နှင့် နို့ခမ်းသည် ပင်ပန်း နွမ်းပါးဆင်းရဲသား၏ လှူဖွယ်ပစ္စည်းဖြစ်ပါ သည်။ တပည့်တော် ဆင်းရဲသားအား သနားတော်မူပါသဖြင့် အလှူခံတော်မူပါ ဘုရား"

ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ထိုအမျိုးသား အား သနားတော်မူသဖြင့် စတုမဟာရာဇ် နတ်မင်းကြီးတို့၏ ကောင်းမှုတော်ဖြစ် သော ကျောက်ညိုဖြင့် ပြီးသည့် သပိတ် တော်ကို ညွတ်စေ၍ ခံယူတော်မူကာ ရဟန်းအပေါင်းနှင့်တကွ ခွဲဝေဘုဉ်းပေး သည့်တိုင်အောင် မကုန်မခန်းစေရန် အဓိဋ္ဌာန်တော်မူလေ၏။

## ထပ်မံဆုတောင်းပြန်ခြင်း

အမျိုးသားသည် မိမိ၏ ပျားရည် နို့ ခမ်းတို့မှာ ရဟန်းပေါင်းခြောက်သန်း၊ ရှစ် သိန်းမျှခွဲဝေဘုဉ်းပေးသည့်တိုင်အောင် မကုန်မခန်းနိုင်သည်ကို တွေ့မြင်ရကား ကြည်နူးဝမ်းမြောက်လျက် ဆွမ်းကိစ္စပြီး ပြီးသော မြတ်စွာဘုရား၏ ခြေတော်အစုံ ကို ဦးခိုက်ရှိခိုးလျက် -

"ဘုန်းတော်ကြီးမြတ်လှပါသော မြတ်စွာဘုရား၊ တပည့်တော်သည် ဤဗန္ဓု မတီပြည်သူပြည်သားတို့က အရှင်မြတ်စွာ ဘုရားအမှူးပြုသော သံဃာတော်တို့အား များပြားလှပါသော လှူဖွယ်ပစ္စည်းတို့ဖြင့် ပြုစုဆက်ကပ်လှူဒါန်းခြင်းကို မြင်ရ၊ သိရ၊ ကြည်ညိုရပါပြီ။ တပည့်တော်သည်လည်း တတ်အားသမျှ၊ စွမ်းနိုင်သမျှဖြင့်လှူဒါန်း ပူဇော်ခွင့်ရပါပြီ။ ဤကောင်းမှုကြောင့် ဖြစ် လေရာရာ ဘဝတို့၌ မြတ်သော လာဘ်၊ မြတ်သောအခြံအရံတို့နှင့် ပြည့်စုံသည့် ကိုယ်ဖြစ်ရပါလို၏အရှင်မြတ်ဘုရား"

ဟု ဆုတောင်းခြင်းအမှုကို ပြုလေ၏။

ဝိပဿီမြတ်စွာဘုရားသည် -

"အို . . အမျိုးကောင်းသား၊ ဤသို့ လျှင် သင်ဆုတောင်းသည့်အတိုင်း ပြည့်စုံ ပါစေ"

ဟု ဆုပေးတော်မူကာ အမျိုးသား လုလင်အားလည်းကောင်း၊ ဗန္ဓုမတီပြည် သူ ပြည်သားအပေါင်းတို့အားလည်း ကောင်း ဆွမ်းအနုမောဒနာတရားကို ဟောကြားတော်မူပြီး ကျောင်းတော်သို့ ပြန်လည်ကြွချီတော်မူလေ၏။

ထိုအခါ အမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုတို့ကို ပြုလျက် အသက်၏အဆုံးတွင် လူ့ရပ် နတ် ပြည် နှစ်လီကျင်လည်ခဲ့ပြီးသကာလ ဤ ဘဒ္ဒကမ္ဘာ ဂေါတမဗုဒ္ဓမြတ်စွာလက်ထက် တော်၌ သီဝလိအမည်ရ မင်းသားငယ် တစ်ပါးဖြစ်လျက် ရဟန္တာမထေရ်မြတ်တစ် ပါးအဖြစ်သို့ ရောက်ကာ မိတ်ဆွေများဆီ က ဆုတောင်းခဲ့သည့်အတိုင်း လာဘ်အခြံ အရံပေါများသော ရဟန်းတို့တွင် အမြတ် ဆုံး အလွန်ကဲဆုံးသော လာဘ်သပ္ပကာ ပေါများသောအရာ၌ အမြတ်ဆုံးဧတဒဂ် ဘွဲ့ထူးရခဲ့ခြင်း ဖြစ်ပါသတည်း။

**ကိုမောင်သန်းငေး**



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်ကိုယ်ကိုနှိမ့်ချ မာန်မာနကင်းမှု အနုပညာ

■ မောင်ကျေးငှး

လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကို လူပေါ်ဦးစ ကိုယ်တုံးလုံးဘဝ ကူကယ်မယ့်သူ ကင်းဝေးတဲ့ အထီးကျန် အဖြစ် ပြန်လည်စဉ်းစားမိတဲ့အခါ…

မိမိတို့ဘဝ လွတ်မြောက်ရေးအတွက် ထောင်ပေါင်း များစွာသော စစ်ပွဲများတွင် လူသန်းပေါင်းများစွာဟာ သူတို့ အသက် စွန့်လွှန်အသေခံသွားကြပါလားလို့ သဘောပေါက်တဲ့ အခါ…

ရေးပဝေသဏီမှစလို့ ခေတ်အဆက်ဆက် လူသား တွေဟာ ကမ္ဘာလောကကြီး နေချင်စဖွယ်ဖြစ်အောင် အမျိုး မျိုး ကြိုးပမ်းအလုဆင်သွားခဲ့ကြတာပါလားလို့ သိရှိရတဲ့အခါ

ကိုယ့်လုပ်အားမပါ ရှေးဘိုးဘွားတို့ ကြိုးပမ်းမှုနဲ့ တန်ဖိုး မဖြတ် မရေတွက်နိုင်တဲ့က အမွေအနှစ်ကို ဆက်ခံရသူပါ လားလို့ သိတဲ့အခါ…

သိစရာတွေအားလုံးထဲမှာ ကိုယ်သိတာက မဖြစ် စလောက် အသေးအဖွဲ့မျှသာလို့ စဉ်းစားမိတဲ့အခါ…

ဒဿနပညာရှင် ဝစ်လ်ဒူးရန့်က သူ့ ၇၅ နှစ်မြောက် မွေးနေ့တွင် "ကျုပ်ကတော့ သမုဒ္ဒရာကြီးကို နားလည်ဖို့ ကြိုးစားနေတဲ့ ရေတစ်စက်မျှပါပဲ"လို့ ရေးခဲ့တာကို ဖတ်ရှု နှလုံးသွင်းတဲ့အခါ…

ညအခါ မရေတွက်နိုင်တဲ့ ကြယ်တာရာများကို ကြည့် ပြီး အနန္တစကြဝဠာကြီးနဲ့ နှိုင်းစာရင် ကိုယ်ဘာမှအရေး မပါ ပါလားလို့ ဆင်ခြင်ဉာဏ်ပွားမိတဲ့အခါ…

လူသားမျိုးနွယ်တို့အတွက် လုပ်စရာအလုပ် တောင်ပုံ ရာပုံနဲ့ မျက်မှောက်တွင် ကိုယ်အရည်အချင်း မပြည့်မီသေးပါ လားလို့ တိုင်းတာမိတဲ့အခါ…

လူ့အသိတရား အတွေးအခေါ်မပါဘဲ သူ့သဘာဝ အလျောက် ခန္ဓာကိုယ်ကြီးဟာ နှလုံးခုန်မှုနဲ့ အသက်ရှူမှုကို ထိန်းချုပ်ခြင်း၊ အစာချေချက်ခြင်း၊ ဓာတ်များပေါင်းစပ်ပေး ခြင်း၊ ကလာပ်စည်းများ အသစ်အသစ်ဖြစ်စေခြင်း၊ ရောဂါ တိုက်ဖျက်ခြင်း၊ ဒဏ်ရာအနာများကုသခြင်း၊ ရှုပ်ထွေးပွေလီ တဲ့ ရုပ်ခန္ဓာကြီးကို ဟန်ချက်ညီအောင် ထိန်းပေးခြင်း စတာ တွေကို လေးနက်စွာ ဆင်ခြင်နှိုင်းဆတဲ့အခါ…

မိမိကိုယ်ကို နှိမ့်ချမာန်မာနကင်းသူ ဖြစ်လာတယ်။ တကယ်ပဲ ဟန်ကျသွားပါပြီ။ ဘာကြောင့်လဲဆိုတော့ သူ့ကို သင်ပေးနိုင်တာ အများကြီးထဲမှာ သူသိတာက နည်းနည်း လေးဖြစ်တယ်။ သူ့ရဲ့ ကြီးထွားမှုကလည်း ဘယ်တော့မှမရပ်။ သူ့ကိုယ်ပိုင် အကန့်အသတ်များကို သဘောပေါက်လာလို့ ဖြစ်တယ်။ သူတစ်ပါးအပေါ် သည်းခံခွင့်လွှတ်မှုနဲ့ နားလည်မှု ပိုလာလို့ ဖြစ်တယ်။ ကိုယ့်အတွက် သူတစ်ပါးက တိုင်းတာ လို့မရနိုင်လောက်တဲ့ လူ့အား၊ ငွေအား ပါဝင်လှူဒါန်းအကျိုး ပြုခဲ့မှုများအတွက် ကျေးဇူးတင်ရမှန်း သိလာလို့ ဖြစ်တယ်။ မိုးမမြင် လေမမြင် မာနတံခွန်ထူမှုများ ကင်းစင်သွားလို့ဖြစ် တယ်။

အတ္တ မာန ကင်းစင်သွားတော့ သူ့အမြင် ပိုကျယ် လာတယ်။ ကိုယ့်ကိုယ်ကိုနှိမ့်ချ မာန်မာနကင်းမှုဟာ စိတ်နဲ့ နှလုံးကို တံခါးဖွင့်ပေးလိုက်ရာရောက်ပြီး ကြီးကျယ်မြင့်မြတ် မှုဆိုတဲ့ လူ့တန်ဖိုး ကိန်းအောင်းလာကြောင်း တွေ့ရှိရပါလိမ့် မယ်။

မောင်ကျေးငှး

***Ref: The Art of Humility from The Art of Living by W.Peterson, American essayist.***



www.burmeseclassic.com

www.burmeseclassic.com

# လွမ်းမိပါသည်

## မမိုးသိမ့်

အသက်အရွယ် ကြီးလာလေလေ ငယ်ဘဝလေး
ွနဲ့ ဇာတိမြို့ကို သတိရလေလေပါပဲ။ ၁၉၆၅ ခုနှစ်
ဘက်ထိ ပေါင်းတည်မှာ နေခဲ့ရပြီး ဖေဖေ အလုပ်ပြောင်း
ဒေသတွေကို လိုက်ပြောင်းနေခဲ့ရပေမယ့် ပေါင်းတည်
ဘယ်တော့မှ မမေ့ပါဘူး။

ပေါင်းတည်မှာ နေစဉ်တုန်းက အနောက်ဘက်
ယ်ပြင်တန်း(အနောက်လမ်း)မှာ နေခဲ့ကြတာပါ။ ဖေဖေ့ရဲ့
မေ (ဒေါ်စိန်ဘူး)က ခြံအကျယ်ကြီးဝယ်ပြီး အမေကြီးတို့
အစ်မတစ်သိုက် နေခဲ့ကြပါတယ်။ ခုခေတ်ဆိုရင် ပေ
 × ပေ ၁၂၀ ခြံကျယ်ကြီး လေးကွက်တွဲပေါ့။ အမေ
းရဲ့ညီမ အမေကြီးသိန်းသိန်းတို့၊ အမေကြီးဒေါ်ပုံတို့၊
မေကြီး ဒေါ်ကျင်တို့က ခြံကို ကန့်ပြီး နေကြပါတယ်။
န်မတို့ခြံအနောက်ဘက်မှာ လယ်ကွင်းတွေပဲ ရှိပါတယ်။
ယ်ကွင်းတွေအလယ်မှာ သစ်ဥာရုံဆိုတဲ့ ဘုန်းကြီးကျောင်း
ါတယ်။ အဲဒီကျောင်းမှာရှိတဲ့ ရေကန်က ရေကို သောက်
အတွက် ခပ်ယူကြရပါတယ်။ အခုတော့ လယ်ကွင်းတွေ
ခြံကွက်တွေရိုက်ပြီး မြို့သစ်တွေ ဖြစ်နေပါပြီ။ ရှေးတုန်း
အကြောင်းတွေ ပြောရ၊ ရေးရတာ ကြည်နူးပါတယ်။
ဲခေတ်က လွန်ခဲ့တဲ့ နှစ် ၅၀ က လူနေမှုစနစ်နဲ့ ခုခေတ်
ို သိစေချင်တာလည်း ပါပါတယ်။ ခေတ်ရေစီးကြောင်း
မျောပါနေပေမယ့် အဲဒီခေတ်၊ အဲဒီအခါက အစား
သောက်၊ အနေအထိုင်၊ လူမှုဆက်ဆံရေးအားလုံးကို
ပြချင်နေတာ။

ပြည်မြို့က ညီမတွေဆီကို အလည်သွားလို့ ပေါင်း
ည်ကို ဖြတ်သွားရရင် အမှတ်ရစရာတွေကို တငေး
မောကြီး ကြည့်ပြီး လွမ်းရပါတယ်။ မြို့ဝင်နားက
က်တန်းကျောင်းကြီး၊ အကျဉ်းထောင်၊ ရဲစခန်း၊
ယ်တန်းကျောင်း၊ တိုင်းချစ်ရုပ်ရှင်ရုံ၊ ဘိုတဲကြီး၊ လွန်ခဲ့
၂၀၀၀ ပြည့်နှစ်က ဖြတ်သွားဖူးတာပါ။ ပြောင်းလဲနေ
တော့ အများကြီးပါပဲ။

ဘုရားကြီးလမ်းနဲ့ ရန်ကုန်လမ်းထောင့်က ဆိုင်ကြီး
ရဲ့ မှန်ဗီရိုကြီးထဲမှာ လက်ပြန္တတ်ဆက်နေတဲ့ ကပ္ပလီရုပ်
လေးလည်း မှတ်မိပါ့။ အဲဒီဘေးက အောင်ကြည်ဆိုတဲ့
သူငယ်ချင်းလေးရဲ့ ခေါက်ဆွဲဆိုင်လေးလည်း မြင်ယောင်မိ
တယ်။ ဝက်ခေါင်းသုပ် တစ်မတ်ဖိုးဝယ်ရတဲ့ခေတ်က ဆိုင်
လေးဆိုတော့ အခု ဘယ်ရှိတော့ပါ့မလဲ။ သူငယ်ချင်းလေး
လည်း ရှိပါတော့မလား။ ဘူးစိမ်းကြီး လက်ဖက်ခြောက်
ဆိုင်က ပန်းချီဆွဲကောင်းတဲ့ ကိုကျော်ဝင်းကိုလည်း အမှတ်
ရမိရဲ့။ ရဲရဲတောက် သံဆိုင်က ကိုမြင့်ဆွေတို့ကိုလည်း
သတိရမိပါရဲ့။ သူ့ညီမ ချန်းရာ(မအေးမြင့်)ကိုလည်း သတိရ
တယ်။ သူဟာ ဘွဲ့ရပြီး မင်းသမီးတောင် ဖြစ်သွားတယ်
ဆိုပဲ။

ကျွန်မတို့ကျောင်းက မြို့စွန်မှာလေ။ ကျောင်းသွား
ရင် ဖေဖေနဲ့ သွားရပါတယ်။ ဖေဖေက ကျောင်းဆရာ
ဆိုတော့ တစ်မြို့လုံးနဲ့ သိနေတယ်။ အပျိုဖော်ဝင်စဆိုပေ
မယ့် စိတ်မကစားရဲပါဘူး။ အဲဒီခေတ်က နယ်မြို့လေးတွေ
မှာ ပန်းခြံရယ်လည်း မရှိ၊ ချိန်းတွေ့စရာလည်း မရှိ၊ အချိန်
ပိုင်း တည်းခိုခန်းလည်း မရှိဆိုတော့ အပျို၊ လူပျို လက်
လွတ်စပါယ်ကိစ္စတွေ မရှိကြဘူး။ ချောင်းကြည့်၊ ပြုံးပြန်
အဆင့်အထိပါပဲ။

ပေါင်းတည်မှာ သူငယ်တန်းက စနေခဲ့ရပါတယ်။
ပထမဆုံးသင်ခဲ့တဲ့ ကျောင်းက ရွှေတောင်လမ်းမှာ ရှိပါ
တယ်။ ဦးအောင်ကြီး၊ ဦးအောင်လေး တိုက်လို့ မြို့ခံတွေ
သိကြတဲ့ တိုက်ကြီးဘေးက ကျောင်းလေးပါ။ ဘဘပု
ကျောင်းလို့ ကျွန်မတို့ ခေါ်ပါတယ်။ အဘွားရဲ့မောင် အဘ
ပုက ကျောင်းအုပ်ကြီးပေါ့။ မျက်မှန်ထူကြီးအောက်က
မျက်လုံးပြူးကြီးနဲ့ ကြည့်လိုက်ရင် နေစရာမရှိအောင်
ကြောက်ရပါတယ်။ စာသင်ပေးတဲ့ ဆရာက ဦးစိုးဝေတဲ့။
သူ့သမီးနဲ့ သူငယ်တန်းမှာ စာအတူသင်ရပါတယ်။ ဆရာ
က သဘောကောင်းပါတယ်။ ဒါပေမဲ့ ဆရာ့သမီးလေးကို
ရန်ဖြစ်ရင်းနဲ့ ကျောက်တံနဲ့ထိုးပစ်လိုက်တာ သဘော
ကောင်းတဲ့ ဆရာ့မျက်နှာကြီး နီပြီး သုံးချက်အရိုက်ခံရတာ



www.burmeseclassic.com

www.burmeseclassic.com

မှတ်မိပါသေးတော့။ ငယ်ကတည်းက စွာခဲ့၊ ဆိုးခဲ့တဲ့ ကျွန်မပါ။ နောက်တော့ ၁၃ လမ်းက ဆရာစံကျောင်းကို ပြောင်းရပါတယ်။ ဆရာစံဆိုတာ 'မောင်ရည်နန်း'ရဲ့ ယောက္ခမတဲ့။ ရန်ကုန်ရောက်လို့ စပ်မိကြရင်း ဆရာပြောပြတာပါ။

အဲဒီကျောင်းမှာ ဆရာမ ဒေါ်ခင်မြင့်တို့၊ ဒေါ်အေးမေတို့နဲ့ သင်ရပါတယ်။ ဆရာဦးဘညွန့်တို့၊ ဆရာဦးစိုးတင့်တို့လည်း သတိရနေသလို ရထားလမ်းဘေး အလယ်တန်းကျောင်းက ဆရာရော တပည့်တွေရော ကြောက်ရတဲ့ ဆရာမကြီး ဒေါ်သန်းတင်ကိုလည်း သတိရနေတာပါပဲ။

ပိုက်ဆံစုပြီး ဓာတ်ပုံခိုးခိုးရိုက်ရတဲ့ ဘုရားကြီးလမ်းက အညွှမ်ဓာတ်ပုံတိုက် (လူထု)ဓာတ်ပုံတိုက်မှာ ကိုယ့်ပုံလေးများ ချိတ်ထားတာတွေ့ရင် ခဏခဏ ဖြတ်သွားရင်း ကြည့်ရတာ အမော။ ဆရာတွေ၊ ဆရာမတွေ သတိရသလို ငယ်က ပေါင်းခဲ့ရတဲ့ သူငယ်ချင်းတွေကိုလည်း သတိရတာပါပဲ။ သူတို့တွေ ဘယ်ဆီတွေရောက်နေကြလဲတော့ မသိပါဘူး။ ရန်ကုန်မှာ ပြန်တွေ့ရတဲ့သူလည်းရှိရဲ့။ ကျွန်မတို့ ရှစ်တန်းနှစ်က ၁၀ တန်းကျောင်းသား လူပျိုကြီး၊ အပျိုကြီးတွေကို ချောလို့ လိုက်ကြည့်ရတဲ့ အစ်မကြီးခင်အုန်းဝင်းတို့၊ ကိုအောင်မြင့်တို့၊ ကိုတင်အောင်တို့ကိုလည်း ရန်ကုန်မှာတွေ့ရပါတယ်။ ကိုအောင်မြင့်ကတော့ ဆုံးရှာပါပြီ။ ကိုတင်အောင်ကတော့ ဝတုတ်ကြီးဖြစ်နေပြီလေ။

အထက်တန်းကျောင်းရှေ့က မုန့်ဆိုင်တန်းမှာ ထမင်းသုပ်၊ မုန့်ဟင်းခါး ၁၅ ပြားဖိုးကို အကြော်နဲ့ ရပါတယ်။ ဗယာကြော်သုပ်တို့၊ အာလူးကြော်တို့ ငါးပြားဖိုးဆိုကတော့ကြီးတစ်ခု ရပါတယ်။ ပလတ်စတစ်လည်း မသုံးကြဘူး။ အသုပ်ဆိုလည်း အင်ဖက်နဲ့ ထုပ်တာပါ။ မုန့်ဆိုလည်း စက္ကူကတော့တွေ သုံးကြတယ်။ ယုတ်စွအဆုံး လက်ဖက်ရည်၊ ကော်ဖီ ပါဆယ်ဆွဲရင် နို့ဆီဘူးခွံနဲ့ ထည့်ပေးတာ အန္တရာယ်ကင်းတာပေါ့။

ထမင်းချိုင့်မပါတဲ့နေ့ဆို အစ်မက တစ်မတ်ပေးပါတယ်။ ဈေးထဲ ထမင်းဆိုင်မှာ တစ်မတ်ဖိုး (၂၅ ပြား)ကို ဝက်သားဟင်း၊ ကန်စွန်းရွက်ချဉ်ရည်နဲ့ ငါးပိရည်၊ တို့စရာပါ ရပါတယ်။ ဟင်းကလည်း ခုခေတ်လို အပေါ်မှာ ဆီဝေ့ပြီး အောက်မှာ အရည်ကျဲမဟုတ်ပါဘူး။ ခုခေတ်ကလေးတွေက (ကျွန်မမြေးတွေက) ရယ်လိုက်တာ အူကိုတက်လို့။ ကျွန်မတို့လည်း ငယ်ငယ်က အဘွားက တစ်ပြားဖိုးဘိန်းမုန့်အကြီးကြီး တစ်ချပ်ရတယ်၊ လစာ တစ်လလုံးခုနစ်ကျပ်ဆိုတော့ ရယ်မိတာပါပဲ။

ငယ်တုန်းက ဈေးနှုန်းတို့၊ လူစနစ်တို့ကို ကလေးတွေ သိစေချင်တာပါ။ ဒါပေမဲ့ သူတို့ခေတ်မှာ တိုးတက်မှုကတော့ အံ့မခန်းပါပဲ။ ကျွန်မတို့က ငါးတန်းရောက်မှ A.B.C.D သင်ရပြီး ဦးမောင်ကလေးနဲ့ ဒေါ်လှမယ်၊ မောင်လှနဲ့ မလှဝင်းကို အသားကုန် ကျက်မှတ်နေရပေမယ့် အခု မြေးလေးက ငါးနှစ်ပဲ ရှိသေးတယ်။ အင်္ဂလိပ်ကဗျာတွေများ ဆိုလိုက်တာ ဒေါင်းဒေါင်းပြေး။ ဖုန်းဆိုရင်လည်း ကျွန်မတို့က မပွတ်တတ်သေးဘူး။ သူက ဂိမ်းဆော့သတဲ့။ ကာတွန်းကားကြည့်သတဲ့။ အင်္ဂလိပ်လိုများ မွှတ်လို့။ စပ်မိလို့ ရယ်စရာပြောပါဦးမယ်။ ရှစ်တန်းနှစ်ကပေါ့။ ကျွန်မတို့ကို အင်္ဂလိပ်စာသင်တာက ဆရာဦးထွဋ်တဲ့။ အရပ်ရှည်ရှည်၊ ဆံပင်လှိုင်းတွန့်လေးတွေနဲ့ အသားက အညိုဘက်ခပ်လုလု၊ မျက်နှာမှာ စနိုး(မိုးပွင့်)တွေ လူးတတ်တယ်။ ဘန်ကောက် ရှေညိုရောင်၊ တိုက်ပုံအဝါကို အမြဲဝတ်တတ်ပါတယ်။ သူက အခန်းထဲဝင်လာရင် Good Morning ကစပြီး နှုတ်ဆက်စကား ဆိုပါတယ်။ သူက စာသင်တာ ရွှတ်ရွှတ်ရှက်ရှက်နဲ့ပေါ့။ စကားပြောတာတွေကို အငေးသားနားထောင်နေတဲ့ ကျွန်မတို့က သင်ခန်းစာပြီးလို့ ဆရာက Do you understand. လို့လည်း ဆိုရော တစ်တန်းလုံး မတ်တတ်ထရပ်ကြတာ ဝုန်းခနဲပေါ့။ ဆရာက ပထမတော့ ကြောင်နေသေးတာပေါ့။ နောက်တော့ ရယ်လိုက်တာအားရပါးရ။ ကျွန်မတို့က ဆရာ့ရဲ့ ဘိုစကားတွေထဲမှာ stand ပဲ နားလည်လိုက်တာလေ။ တုံးချက်ပြောတာပါ။

အခုတော့ ဆရာက တိုင်းရင်းဆေးဆရာကြီးတဲ့။ မတွေ့ရသေးပါဘူး။ သတိရနေပါတယ် ဆရာ။

စိတ်ကို ထွက်ပေါက်ပေးတဲ့အခါ စာတွေရေးနေရတာ ပျော်ပါတယ်။ ခြောက်ထိပ်စီး ကျော်နေတဲ့ အဘွားကြီးဆိုတော့ လက်ရေးလည်း သီပါတယ်။ ဘာမဆိုင် ညာမဆိုင်တွေ ရေးနေတာကလည်း ဟိုတုန်းက လွန်ခဲ့တဲ့ နှစ် ၅၀ က စားဝတ်နေရေး၊ လူနေမှုစနစ်လေးတွေ ခုခေတ်လူတွေ သိရှိစေချင်လို့ပါ။ ဆရာ၊ ဆရာမတွေ၊ တပည့်တွေရဲ့ ဆက်ဆံရေးတွေ ကြားရ၊ သိရတော့လည်း ကျွန်မတို့ခေတ်က ဆရာ၊ တပည့် ဆက်ဆံရေးတွေ ပြောပြချင်ပါတယ်။ နောင်ကို အခွင့်အရေးရရင် ကျွန်မတို့ရဲ့ ဆရာတွေအကြောင်း ရေးပြချင်ပါသေးတယ်။

မမိုးသိမ့်

၀၉–၇၇၃၇၈၂၉၆



www.burmeseclassic.com

www.burmeseclassic.com



# ပြို့တ္တာဈေးရောင်းနည်း မပြစ်ရလေအောင်

ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)

မိုးဦးကာလအတွင်း $H_1N_1$ ရာသီတုပ်ကွေးရောဂါ ားသည့်နေ့မှစ၍ ငါး၊ ပုစွန်၊ ဝက်သား၊ ဆိတ်သားနှင့် သီးဟင်းရွက်၊ အခြောက်အခြမ်း စသည့် ကုန်စိမ်းများ ဟုန်တည်း ဈေးတက်သွားသည်ကို တွေ့ရသည့်အပြင် ကြီးကြီး ပေးဝယ်ရခြင်းထက် အလေးခိုးခြင်း၊ မမှန်မကန် နည်းများဖြင့် ဈေးရောင်းချနေကြသော တချို့တချို့သော ဈေးသည်များကြောင့် အိမ်ရှင်မများ ဈေးဝယ်ရာတွင် အခက် တွေ့လျက်ရှိပါသည်။

စီးပွားဥစ္စာ ရှာမီးကြရာဝယ် မိမိတစ်ဦးတစ်ယောက် တည်း စားသုံးရန်၊ သုံးစွဲရန် မဟုတ်ဘဲ မိသားစုအားလုံး သုံးစွဲရန် ရှာဖွေနေကြရခြင်း ဖြစ်သည်ကို လူတိုင်း အသိပင် ဖြစ်ပါသည်။ သို့ပါသော်လည်း အများသုံးစွဲရန်အတွက် မိမိ



www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးတည်းကသာ မရှိသားသောနည်း၊ အမှန်ကန်သောနည်းလမ်းများဖြင့် ရှာဖွေခဲ့ရသော ဥစ္စာပစ္စည်းတို့သည် မိမိကွယ်လွန်သော်လည်း မရိုးသားစွာ ရှာဖွေခဲ့ခြင်း၏ မကောင်းမှုကံသည် မိမိတစ်ဦးတည်းသာ ခံရမည်ဖြစ်ပါကြောင်းကိုလည်း သိရှိရန် အထူးလိုအပ်လှပါသည်။

မြတ်စွာဘုရားရှင်လက်ထက်တော်က ရာဇဂြိုဟ်ပြည်ဝယ် ဈေးသည်အမျိုးသမီး လေးဦးရှိပါသည်။ ထိုအမျိုးသမီး လေးဦးတို့သည် လင်ယောက်ျား၊ သမီးများအား ထောပတ်၊ ပျားရည်၊ ဆန်၊ ဆီ၊ ဆေး၊ ဆား အစရှိသော ကုန်ပစ္စည်းများအား မသမာသောနည်း၊ မမှန်ကန်သောနည်းများဖြင့် ဈေးရောင်းကာ လုပ်ကျွေးကြပါသည်။ မသမာသောနည်းလမ်းဖြင့် စီးပွားရှာကြသော အမျိုးသမီးလေးဦးတို့သည် နေ့ချင်းညချင်း စီးပွားများတက်ကာ အိမ်ခြံများကိုပင် ဝယ်ယူနိုင်သည်ထိ စီးပွားများ တိုးတက်နေကြပါသည်။ တိုးတက်လာသော ဥစ္စာပစ္စည်းများအား လှူဒါန်းခြင်းလည်း မပြုကုသိုလ်တရား အမေ့ကြီးမေ့နေကြကာ ကာမဂုဏ်အာရုံများနှင့်သာ အချိန်ကုန်ကာ ပျော်ပါးလျက်ရှိကြပါသည်။

ဤသို့နှင့် အမျိုးသမီးလေးဦးတို့သည် ရေခုဆင့်နောက်ဆင့်ဆိုသကဲ့သို့ ရောဂါမည်မည်ရရ မဖြစ်ဘဲ ကွယ်လွန်သွားရှာကြပါသည်။ သူတို့လေးဦး ကွယ်လွန်ပြီးနောက် လူ့ဘဝမှ မကောင်းမှုပြုလုပ်ခဲ့သော ကံတရားကြောင့် မြို့ကျုံးအပြင်ဘက်တွင် ပြိတ္တာလေးဦး ဖြစ်သွားကြပါသည်။

မိမိတို့ ကွယ်လွန်သွားပြီးနောက် လင်ယောက်ျားများမှာလည်း ဇနီးအသစ်ကလေးများ ကိုယ်စီဖြင့် ဇနီးဟောင်းတို့ ချန်ရစ်ခဲ့ကသော ဥစ္စာပစ္စည်းများအား သုံးစွဲကာ ပျော်ပါးလျက်ရှိနေကြပါသည်။ ထိုအခြင်းအရာကို ပြိတ္တာမ လေးဦး မြင်တွေ့သော် လင်ယောက်ျားအပေါ်၌ မခံမရပ်ဖြစ်ကာ ဒေါသထွက်ပြီး မြို့တွင်းမှ လူများကြားအောင် နေ့စဉ် အော်ဟစ်နေကြပါတော့သည်။ ၎င်းတို့၏ အသံနက်ဆိုးကြီးများကြောင့် လူအားလုံးတို့သည် ထိတ်လန့်တကြား ဖြစ်ကြလေတော့သည်။

နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်နေသော ထိတ်လန့်ဖွယ် ကိစ္စအား ဘုရားရှင်နှင့် သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းပြီး ဖြစ်ကြောင်းအသေးစိတ်ကို လျှောက်တင်ကြလေသည်။

ထိုအခါ ဘုရားရှင်က လူအပေါင်းအား အန္တရာယ်ပြုရန်အတွက် အော်ဟစ်နေခြင်းမဟုတ်ဘဲ လူ့ဘဝက မကောင်းမှုပြုလုပ်ခဲ့ခြင်း၏ အကျိုးဆက်ကြောင့် ပြိတ္တာဘဝသို့ ရောက်ရှိနေကြသော ဈေးရောင်းသူတို့၏ လင်ယောက်ျားအပေါ် မကျေနပ်၍ ဤသို့ အော်ဟစ်နေကြောင်း မိန့်ကြားတော်မူပြီး လူတို့အပေါ် မကောင်းမှု၊ ကောင်းမှု ကံတို့သည် ကွယ်လွန်သော် မိမိတစ်ဦးသာ ခံစားရကြောင်း တရားဟောတော်မူလေသည်။

သို့ပါ၍ မိမိတို့သည် စားဝတ်နေရေးအတွက် မည်သည့်ပစ္စည်းကိုပဲ ရောင်းရောင်း စေတနာအရင်းခံပြီး မှန်မှန်ကန်ကန် ရောင်းခြင်း၊ ရိုးသားစွာ ရောင်းချခြင်းသည် လက်ရှိဘဝရော နောင်ဘဝတွင်ပါ အကျိုးသက်ရောက်မည်ဖြစ်ပြီး မမှန်မကန်၊ မရိုးမသား ရှာဖွေခြင်းသည် နောက်ဆုံးတစ်နေ့ရရှိလာသော မကောင်းမှုကံအား ကိုယ်တစ်ဦးတည်းသာ ခံစားရမည် ဖြစ်ပါ၍ -

"မလှူတတ်လျှင် ဈေးရောင်း"ဟူသော အဖိုးတန်လှသည့် စာပိုဒ်လေးအား နည်းလမ်းယူ၍ မိမိတို့ ရိုးသားစွာ ရှာဖွေခဲ့ကြသော ဥစ္စာပစ္စည်းများအား လှူပါ၊ တန်းပါ၊ ကောင်းမှုကုသိုလ် စုဆောင်းပါမှ -

"မနေလို့ သေကြတဲ့အခါ
ကိုယ့်နောက်ကိုကား ဘာများပါမှာ၊
ကိုယ်ပြုထားကံများ ကိုယ်နောက်ပါ"

ဆိုသကဲ့သို့ ဈေးရောင်းသူများအား ပြိတ္တာဖြစ် ဈေးရောင်းနည်း မဖြစ်ရလေအောင် မေတ္တာတရား ရှေ့ထားလျက် လေးစားစွာ ရေးသားတင်ပြလိုက်ပါသည်။

*စေတနာအရင်းခံလျက် . . .*

ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)

မှတ်ချက် ။ ။ ရဝေနွယ်(အင်းမ)၏ အတွေးများနှင့် မိတ်ဖွဲ့ခြင်းမှ ကိုးကားတင်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com





တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆထလ(တိုး)-၁၃၁၂

အဆီကျ အကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့
# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆဆက(စာနယ်ဇင်း)၁၃၀/၀၁၁၃၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသား
ည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက် တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်က
ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ် မဟုတ်လား။
းတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါး ညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။
ယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း
းမခဲဆိုတဲ့ စကားရပ်လည်း ရှိတယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊
လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေး မဟုတ်သလို ဝမ်းမှန်ရုံ
သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်
ါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ
ဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်
င်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊
းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊
စီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။
ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသော အဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက
ာန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ
ာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်း
ာက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊
ာင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက
ာ်ဆေး မဟုတ်လို့ နေ့စဉ်မှန်မှန် သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်း ဂုဏ်သတင်းကို
င်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ိမြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီး

**ပင်ရင်း - မုံရွာ - ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း**

မှတ် - ၈၂/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၇၇၊ ၀၉-၅၁-၈၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၃၁ လိုင်းခွဲ(၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ(၃၄၇)


www.burmeseclassic.com

www.burmeseclassic.com

# နိဗ္ဗာန်လမ်းပြ ဝိပဿနာ တရားတော် (၁၃)

## (ရုပ်ဓာတ်ရှစ်ပါး ပေါင်းရှင်း)

■ မဟာထွန်း

အဝိနိဗ္ဘောဂ ရုပ်ဓာတ်ရှစ်ပါး။

သုဒ္ဓဋ္ဌကကလာပ် ရှစ်ပါး။

အဋ္ဌကကလာပ် ရှစ်ပါး။

စသည်ဖြင့် သုံးမျိုး အခေါ်ရှိသည်။

ကုန်ခဲ့သည့်လက ဤရုပ်ဓာတ်ရှစ်ပါးကို ဩဇာဓာတ် ...ိုင်အောင် ရေးခဲ့ပြီ။ စာဖတ်သူများလည်း နားလည်ပြီး ...ဘောပေါက်ကြလိမ့်မည်ဟု ယုံကြည်သည်။ သဘော ...ပေါက်ဘဲ ရှိခဲ့လျှင်လည်း မဂ္ဂဇင်းမှတစ်ဆင့် ဆက်သွယ်ပြီး ...မေးမြန်းလျှောက်နိုင်သည့် အကြောင်းကို သတိပေးကာ ဖုန်း ...ပါတ်ကိုလည်း ပေးထားသည်။

ဤစာရေးသူ အနေဖြင့်မူကား စာပေရေးသားခြင်း၌ ...ားရတင်းတိမ်ခြင်း မရှိဟု ဆိုချင်သည်။ ဖြစ်နိုင်လျှင် ...ရားတစ်ပါးတည်းကိုပင် နှစ်နှင့်ချီ၍ ရေးသားတင်ပြလိုပေ ...ည်။ စာဖတ်သူ ဓမ္မယောဂီများသည် စာရေးသူ ရေးသား ...နသည့် ဓမ္မစာပေကို တရားကိုယ် တရားသားနှင့်တကွ ...တ်ပြတ်သားသား ရရှိကြပြီးနောက် ပျှင်းရိငြီးငွေ့သွားသည် ...ထိ ရေးသားတင်ပြလိုပေသည်။

ဝိပဿနာတရားတော်ကို ရှုမှတ်ပွားများခြင်းမှာလည်း ...မိတို့ နိုင်ရာပိုင်ရာ တရားတစ်ပါးတည်းကိုသာ ရဟန်းကိစ္စ ...သည်အထိ (အရဟတ္တမဂ်ဖိုလ်ကို ရရှိသည်အထိ) ရှုမှတ် ...များရသည်သာဖြစ်သည်။ ရှုမှတ်ပွားများနေဆဲ တရားတော် ...ည် မဂ်မတက်၊ အကျိုးမများဟု တိကျပြတ်သားစွာဖြင့် ...လာမှ အခြားသော တရားတော်တစ်ပါးပါးကို ပြောင်း၍ ...တ်ကြရသည်။

ထိုသို့သဘောရှိသောကြောင့်လည်း ယခုတစ်ဖန် ...မံ၍ ရုပ်ဓာတ်ရှစ်ပါးလုံးကို အစမှပြန်ကောက်ကာ ရှင်းပြဦးမည်ဖြစ်သည်။ ဤရုပ်ဓာတ်ရှစ်ပါး တရားတော်ကို စခဲ့သည့် အတိုင်း ပထဝီဓာတ်ကြီးကပင် ပြန်ကောက်ရပေလိမ့်မည်။

သို့သော်လည်း တရားရှုမှတ်နည်းကို မတင်ပြသည်မှာ ကြာခဲ့ပြီဖြစ်၍ ဤလတွင် အသေးစိတ် တရားရှုနည်းကို တင်ပြပေဦးမည်။

◆ ◆ ◆

ဦးစွာ ငါးပါးသီလ စသည် ဆောက်တည်ပါ။ (သီလကို ဦးစွာဆောက်တည်ခြင်းမှာ သီလပြည့်စုံခြင်းဖြင့်သာ ဓမ္မကိစ္စများကို ဆောင်ရွက်စေလို၍ဖြစ်သည်)

ထို့နောက် နမောတဿ စသည်ဖြင့် ဘုရားရှိခိုးပါ။

### မေတ္တာပို့

ထို့နောက် မေတ္တာပို့ပါ။ မေတ္တာပို့ကို ဤစာရေးသူ၏ နည်းဖြင့် အပြည့်အစုံကို ရေးသားပေတော့မည်။

၁။ ငါသည် ဘေးရန်ကင်းပါစေ၊ စိတ်ဆင်းရဲကင်းပါစေ၊ ကိုယ်ဆင်းရဲကင်းပါစေ၊ ချမ်းသာစွာဖြင့် မိမိ၏ခန္ဓာကို ရွက်ဆောင်နိုင်ပါစေ။

၂။ ဤကျောင်းအတွင်း၌ (အိမ်၊ ဇရပ်၊ သစ်ပင်အောက်၊ လှေ၊ သင်္ဘော စသည်ဖြင့် မိမိတည်နေရာကို ထည့်၍ဆို) ရှိကြကုန်သော အားလုံးသော သတ္တဝါတွေကို ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာကို ရွက်ဆောင်နိုင်ကြပါစေ။

၃။ ဤရပ်ကွက်/ရွာ အတွင်း၌ (မိမိတည်နေရာ



www.burmeseclassic.com

www.burmeseclassic.com

မြို့နယ်ကို ထည့်၍ဆို) ရှိကြကုန်သော (··) ရှက်ဆောင်နိုင်ကြပါစေ။

၄။ ဤမြို့နယ်အတွင်း၌ (မိမိတည်နေရာမြို့နယ်ကို ထည့်၍ဆို) (···)ကြပါစေ။

၅။ ဤနိုင်ငံအတွင်း၌ (မိမိနေသော နိုင်ငံကို ထည့်၍ဆို) (···)ကြပါစေ။

၆။ ဤကမ္ဘာအတွင်း၌ (···)ကြပါစေ၏။

၇။ သုံးဆယ့်တစ်ဘုံအတွင်း၌ (···)ကြပါစေ။

၈။ စကြဝဠာအတွင်း၌ (···)ကြပါစေ။

၉။ စကြဝဠာ အနန္တ၌ ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာကို ရှက်ဆောင်နိုင်ကြပါစေ။

## ထိုင်ပုံထိုင်နည်း

တင်ပျဉ်ခွေထိုင်၊ ဘယ်ခြောက်အောက်၊ ညာခြေအပေါ် ဘယ်ဘက်ပေါင်နှင့် ခြေသလုံးကြားမှာ ညာဘက်ခြေဖဝါးကိုထား။

ဘယ်လက်အောက်၊ ညာလက်အပေါ် လက်မထိပ်ချင်း ထိကပ်ထား။ ခါးကို ဆန့်ထုတ်ထား။ ခေါင်း၊ မျက်နှာကိုလည်း ကိုယ်နှင့် တစ်ဖြောင့်တည်းထား(အားလုံး ကြည့်ညို့ဖွယ်ရာ ဖြစ်ပါစေ) ထို့နောက် တစ်ကိုယ်က အကြောများကို လျှော့ချထား။ (ခါးကို ချနိုင်းခြင်းမဟုတ်)

ထို့နောက် လွင့်/ပျံ့နေသော စိတ်အစဉ်ကို နှာသီးဝမှာ စထား။ လွင့်လျှင် ပြန်စု/လွင့်လျှင်ပြန်စု၊ အတတ်နိုင်ဆုံး အကြိမ်ကြိမ် အထပ်ထပ် စိတ်၏ ငြိမ်သက်ခြင်းကို ရရှိလာအောင် ရှုမှတ်ပြီးနောက် အသက်ရှုရှိုက်တိုင်း လေ၊ နှာသီးဝမှာ တိုးနေသည်ကိုမှတ်။

၁။ လေ၊

၂။ နှာသီးဝ၊

၃။ တိုး။

ဤသုံးမျိုးတွင် လေသည်လည်း ပညတ်၊ နှာသီးဝလည်း ပညတ်၊ တိုးသည်သာ ပရမတ်စစ်စစ် ဖြစ်သည်။

တိုး-ဟူသည်ကို တစ်စုံတစ်ခု ပြ၍ သရ်မရပေ။ တို့၍ ထိ၍ ကိုင်၍ ယူ၍လည်း မရပေ။ ကြည့်၍လည်း မမြင်။ အသက်ရှုရှိုက်တိုင်း နှာသီးဝမှာ တိုးနေရုံမျှသာ ဖြစ်သည်။

ဤကဲ့သို့ နားလည်သည်ကို သိမြင်လာမှ ပညတ်လွတ်၍ ပရမတ်ဟု ဆိုရသည်။ ဤနည်းကို မှီ၍ပင် ပရမတ်တရားတော် အားလုံးကို သိနိုင်သည်။ (နောင်တွင်လည်း အတတ်နိုင်ဆုံး ဉာဏ်မှီသမျှ တရားစုံအောင် တင်ပြပြီး ရေးသားသွားပေမည်။)

လေ၊ နှာသီးဝ၊ တိုး ဤသုံးပါးကို မှတ်သည်ကာ တိုးကိုသာ ရှုမှတ်ရန်ဖြစ်သည်။

◆◆◆

(ယခုဆက်ရေးမည့် ဓာတ်ရှစ်ပါး ပေါင်းရှင်းသည်ကို တရားရှုမှတ်နေချိန်ဟု သတ်မှတ်ရန်)

### ပထဝီ

ဆိုခဲ့ဖူးသည့်အတိုင်း ပထဝီဓာတ်သည် အမာနှင့် အပျော့ နှစ်မျိုးတည်းသာရှိသည်။ အရာအားလုံးကို ခြုံ၍ကြည့်လျှင် အမာအုပ်စုနှင့် အပျော့အုပ်စု နှစ်မျိုးတည်းသာ။ အကျယ်ကို ဤဓာတ်ရှစ်ပါး အစ ပထဝီန်းမှာ ရေးခဲ့ပြီ။)

မိမိတို့ ခန္ဓာကိုယ်ကို ကိုင်စမ်းကြည့်ပါ။ အမာနှင့် အပျော့ နှစ်မျိုးတည်းကိုသာ တွေ့ရမည်။ ထိုအမာနှင့် အပျော့ကိုလည်း ကိုင်၍ ယူ၍မရ၊ ကြည့်ရှု၍လည်း မမြင်၊ တွေ့ရုံမျှသာဖြစ်၍ ပညတ်လွတ်သဖြင့် ပရမတ်ဟု ဆိုရသည်။

### အာပေါ

အာပေါ၏ သဘောကို ခြုံ၍ဆိုရလျှင် ဖွဲ့စည်းခြင်းနှင့် ယိုစီးခြင်း နှစ်မျိုးတည်းဟု ဆိုခဲ့ပြီ။ မြေမှုန့်အစရှိသည်များကို အာပေါတည်းဟူသော ရေဖြင့် ရောနယ်လျှင် လုံး၍ ခဲ၍ ရနိုင်သည်မှာ အာပေါ၏ ဖွဲ့စည်းခြင်းသဘောဖြစ်သည်။ ရေများလျှင် အာပေါဓာတ်လွန်ကဲခြင်းသို့ ရောက်သွား၍ ယိုစီးခြင်းကိုသာ ဖြစ်စေပြန်သည်။

ထို့ကြောင့် (ဆိုခဲ့သည့်အတိုင်း) အာပေါဓာတ်မှာ



www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့စည်းခြင်းနှင့် ယိုစီးခြင်း နှစ်မျိုးတည်းသာဖြစ်သည်။ သို့သော်လည်း အာပေါဓာတ်၏ ဖွဲ့စည်းခြင်းနှင့် ယိုစီးခြင်းကို နားလည်ရန် ဉာဏ်အမြင်ဝေးသောကြောင့် တရားအဖြစ် ရှုမှတ်ရန် ခက်နေတတ်သည်။ အဘိဓမ္မာ၌လည်း အာပေါကို ရုပ်ကြမ်းထဲမှာ မထည့်ဘဲ ကြဉ်ဖယ်ထားသည်။

အာပေါဓာတ်၏ ပရမတ်သည် ဖွဲ့စည်းခြင်းနှင့် ယိုစီးခြင်းသာ ဖြစ်သည်။ ဖွဲ့စည်းခြင်းနှင့် ယိုစီးခြင်းကို စမ်းသပ်နည်းမရှိပေ။ ဉာဏ်ဖြင့်သာ သိ/မြင်ရမည်ဖြစ်သည်။ မိမိတို့ခန္ဓာကိုယ်ကို အာပေါဓာတ်ဖြင့် ကြည့်လျှင်လည်း ဖွဲ့စည်းခြင်းနှင့် ယိုစီးခြင်း နှစ်မျိုးကိုသာ တွေ့ရပေလိမ့်မည်။

ထိုဖွဲ့စည်းခြင်းနှင့် ယိုစီးခြင်းကိုလည်း ကိုင်၍၊ ယူ၍၊ တို့ထိ၍ မရပေ။ ကြည့်ရှု၍ မမြင်နိုင်သောကြောင့် အကောင်အထည် အလုံးအဝန်း စသည်ဖြင့်လည်း ပြော၍၊ ပြ၍ မရပေ။ သဘောမျှသာရှိသည်။ ထို့ကြောင့် မြေမှုန့် စသည်ကို ပညတ်၊ ဖွဲ့စည်းခြင်းကို ပရမတ်ဟု သိနိုင်သည်။

(ပညတ်ကို စစ်ခွာ ပထမကပင် အကျယ်ပြခဲ့ပြီးဖြစ်၍ ရှေ့တွင် ပရမတ် သက်သက်ကိုသာ ပြသွားပေတော့မည်။)

## တေဇော

တေဇောဓာတ်မှာ ဥဏှတေဇော၊ သီတတေဇောဟု အပူနှင့်အအေး နှစ်မျိုးဖြစ်သည်။ မိတို့၏ ခန္ဓာကိုယ်စမ်းကြည့်လျှင် အပူ၊ သို့တည်းမဟုတ် အအေးဟု တစ်ခုခုကို တွေ့ရပေလိမ့်မည်။

ထိုအပူနှင့် အအေးကို ကိုင်စမ်း၍ တွေ့သော်လည်း ယူငင်တို့ထိ၍ မရပေ။ ကြည့်၍လည်း မမြင်ပေ။ ရှိရုံသက်သက်မျှသာ ဖြစ်သည်။ ထို့ကြောင့် ပရမတ်ဟု ဆိုရသည်။

## ဝါယော

ဝါယောဓာတ်ကို တွန်းကန်ခြင်း၊ လှုပ်ရှားခြင်းဟု နှစ်မျိုးဆိုလိုက်လျှင် သိလွယ်နိုင်သည်။ ယောဂီများ အရှုအမှတ်များနေကြသည့် ဤစာရေးသူလည်း အခါအားလျော်စွာ ရှုမှတ်လေ့ရှိသည့် မဟာစည်နည်းဖြင့် ရှင်းပြမည်။

အသက်ရှူရှိုက်တိုင်း ဝမ်းဗိုက်ကြီး ဖောင်းလိုက်ပိန်လိုက် ဖြစ်နေခြင်းမှာ ဝါယော(လေ)တိုးခြင်း၊ တွန်းခြင်း၏ သဘောဖြစ်သည်။ အသက်ရှူရှုက်တိုင်း ဗိုက်၊ ဖောင်းပိန်နေသည်ကို ကိုင်၍ ယူ၍ တို့ထိ၍ မရပေ။

ကိုင်လျှင် ဗိုက်ကိုကိုင်မိမည်။ တို့ကြည့်လျှင်လည်း ဗိုက်ကိုသာ တို့မိမည်။ ဖောင်းပိန်ကို တို့ထိ၍ မရပေ။ ထို့ကြောင့် ဖောင်းပိန်သည် လေတိုးခြင်း/ဝါယောဓာတ်၏ သဘောဟု ဆိုရသည်။ ကိုင်,ယူ,တို့ထိ၍ မရနိုင်သောကြောင့် ပရမတ်ဟု သိနိုင်သည်။

## ဝဏ္ဏ

ဝဏ္ဏမှာ အရောင်အဆင်းဖြစ်သည်။ အရောင်ဟု တစ်မျိုးတည်းယူလျှင် ကျဉ်းကျဉ်းဖြင့် ပိုသင့်သည်။ လူစသည့် အရာဝတ္ထုများကို ကြည့်၍မြင်ခြင်းမှာ ဝဏ္ဏဓာတ် အရောင်ရှိနေ၍ဟု သိနိုင်သည်။

ထိုအရောင်ကိုလည်း ကိုင်၍၊ ယူ၍၊ တို့ထိ၍ မရပေ။ လူမှာရှိနေသည့် အရောင်ကို ကိုင်လျှင်လည်း လူကိုသာ ကိုင်မိပေမည်။ အရောင်ကို ကိုင်၍မရပေ။ အခြားသော အရာဝတ္ထုများကိုလည်း ထိုအတိုင်းပင် သိနိုင်သည်။ ထို့ကြောင့် အရောင်အားလုံးကို ပရမတ်ဟု ဆိုရသည်။

## ဂန္ဓ

ဂန္ဓမှာ အနံ့ဖြစ်သည်။ အရာဝတ္ထုတိုင်းမှာ အနံ့ရှိသည်။ ထိုအနံ့ကိုလည်း ကိုင်ယူ တို့ထိ၍ မရပေ။ ရှိနေရုံသက်သက်မျှသာ ဖြစ်သည်။ ထို့ကြောင့် အနံ့အားလုံးကို ပရမတ်ဟု ဆိုရသည်။

## ရသ

ရသဟူသည်မှာ အရသာဖြစ်သည်။

မျက်စိ အရသာ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် အရသာဟု အာရုံခြောက်ပါး/ရသခြောက်ပါးဖြစ်သည်။ ကုန်ခဲ့သည့်လက ရသဓာတ်နှင့် ဩဇာဓာတ်ကို ရှင်းခဲ့ပြီးဖြစ်သော်လည်း ဤ၌ လျှာနှင့်ပတ်သက်သော အရသာကိုမျှ တိုတိုကျဉ်းကျဉ်း ရှင်းပြဦးမည်။ အချိုရသတစ်ခုကို ယူလိုက်ပါ။ သကြားဆိုပါစို့။

သကြားကို လျှာမှာတင်လိုက်လျှင် အချိုရသ ပေါ်



www.burmeseclassic.com

www.burmeseclassic.com

လာပေလိမ့်မည်။ ထိုအချိုရသသည် သကြားမှာလည်း ရှာ၍မရ၊ လျှာမှာလည်း ရှာ၍မရ၊ မျက်စိနှင့်ကြည့်၍လည်း မမြင်။ လက်နှင့် ကိုင်စမ်း၍လည်း မတွေ့။ လျှာပေါ်တင်ကြည့်မှ ပေါ်လာသော အချိုရသ ဖြစ်သည်။

သကြားနှင့် လျှာသည် ပညတ်ဖြစ်ပြီး အချိုရသသည် ကြည့်၍မမြင်၊ ကိုင်၍မရ စသည့်သဘောတရားမျိုး ဖြစ်သဖြင့် ပရမတ်မျိုး ဖြစ်သည်။

ဤသည်ကို သိထားလျှင် စားရင်း၊ သောက်ရင်း၊ တရားရှုမှတ်၍ ရပြီ။ ဓာတ် ၁၈ ပါး အခန်းကို ရောက်သော အခါ အကျယ်ရှင်းပြဦးမည်။ ဓာတ် ၁၈ ပါးကို ကြေညက်လျှင် အရာခပ်သိမ်း အခါခပ်သိမ်း တရားရှုမှတ်၍ ရပြီ။

## ဩဇာ

ဩဇာဓာတ်မှာ ရုပ်အသစ်ကို အမြဲမပြတ် ဖြစ်စေခြင်း သဘောရှိသည်။ ရသဓာတ်နှင့် တူသယောင်ရှိသည်။ ဩဇာဓာတ်က ရုပ်အသစ်ကို ဖြစ်စေသည့်မှုသာ ထူးသည်။

စားမျိုထားသော အစာဟာရများမှ ရသ ဩဇာကို ဖြစ်စေသည်။ ထိုရသ ဩဇာဓာတ်၏ အထောက်အပံ့ကြောင့် အမေမွေးပေးစကပင် ယခုအချိန်ထိ အသက်ရှင်ပြီး ကြီးထွားလာနေခြင်းမှာ စားသောက်နေသော အစာအာဟာရ ရသနှင့် ဩဇာဓာတ်တို့၏ အထောက်အပံ့ကြောင့်ဖြစ်သည်။

လူတစ်ယောက် မွေးဖွားစကပင် အစဉ်သဖြင့် ကြီးပြင်းလာခြင်းမှာ ဩဇာဓာတ်ကြောင့် ဖြစ်သည်။ အပင်လေး တစ်ပင် ပေါက်စမှ ကြီးထွားလာခြင်းမှာလည်း ဩဇာဓာတ်ကြောင့်ဖြစ်သည်။

ထို့ကြောင့် ဩဇာဓာတ်သည် သက်ရှိလူသားဖြစ်စေ သက်မဲ့ မြက်သစ်ပင်ဖြစ်စေ ရုပ်အသစ်ကို တရပ်စပ်အားဖြင့် မပြတ်ဖြစ်နေခြင်းကို ဆိုလိုသည်။

ဤဩဇာဓာတ်သည်လည်း ဉာဏ်အမြင်ဝေးသည်ဟု ဆိုနိုင်သည်။ တော်ရုံဉာဏ်ဖြင့် ဩဇာဓာတ်ကို တရားရှုမှတ်ရန် ခဲယဉ်းပေလိမ့်မည်။ ထို့ကြောင့် ဩဇာဓာတ်၏ သဘောတရားကို သိမှတ်ရုံမျှသာ သင့်သည်ဟု ဆိုရပေမည်။

◆◆◆

တရားတော်များကို ရှင်းပြသော အခန်းအား တရားရှုမှတ်နေသည်ဟု မှတ်ယူရမည်။ ထို့ကြောင့် ယခု တရားရှုမှတ်ပြီးလျှင် နိဂုံးအနေဖြင့် ဤစာရေးသူ၏ မူအတိုင်း ထပ်၍ မေတ္တာပို့ပြီးမှ အဆုံးသတ်မည်ဖြစ်သည်။ ဤဥကား မေတ္တာ ပို့ကို ကျူးလိုက်ပြီ။

၁။ မြေ၌ ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာ ရွက်ဆောင်နိုင်ကြပါစေ။

၂။ ရေ၌ ရှိကြကုန်သော -

၃။ လေ၌ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

## နိဂုံး

ယနေ့တိုင်အောင် ပြုလုပ်ရသော၊ အားထုတ်ရသော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှု အဖို့ပါက ရသမျှကို သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော သုခိတ၊ ဒုက္ခိ၊ သတ္တဝါအပေါင်းတို့အား အမျှ-အမျှ-အမျှ ပေးဝေကုန်၏။ အမျှရ၍ ကျန်းမာကြသည် ချမ်းသာကြသည် ဖြစ်ကြပါစေ ကုန်သတည်း။

*(ဆက်ရန် · · ·)*

**မဟာထွန်း**





www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်ပြုသည့်ကံ ကိုယ့်ထံသို့ပြန်

ခင်မောင်အေး(မန္တလေး)

သူဌေး သူကြွယ်ဟူသည် ရှေးရှေးဘဝများစွာ အချိန်အခါက ဒါန၊ သီလ၊ ဘာဝနာ အမှုကောင်းစွာ ပြုခဲ့ကြသည်ဖြစ်၍ ယခုဘဝအချိန်အခါတွင် အကျိုးပေးချိန်တန်လာသောအခါ ယခင်ဘဝများစွာက ပြုခဲ့ကြသည့် ဒါနမျိုးဆက်ကို ပြန်လည်ရရှိခံစားကြရခြင်းဖြစ်ကြောင်း ဖတ်ရှုခဲ့ဖူးပါသည်။

မိမိ၏ ဂုဏ်ပုဒ်နှင့်အညီ လိုက်လျောညီထွေဖြစ်အောင်၊ ဒါနအမှု၊ သီလအမှု၊ ဘာဝနာအမှုမပြုကြသည့် စိတ်ဝင်စားမှုပင်မရှိသည့် "အာဂန္တုက" သူဌေး၊ သေလွန်သည့်အခါ သားထောက်သမီးခံမရှိခဲ့ခြင်းကြောင့် မင်းဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရသည်ကို အကြောင်းပြုလျက် ဤအတိတ်ဇာတ်ကြောင်းကို မြတ်ဘုရား ဟောကြားတော်မူခဲ့လေသည်။

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံလျက် ရှိသည်။ ဗာရာဏသီ သူဌေးကြီးသည် သဒ္ဓါတရား ခေါင်းပါးလှ၏။ တစ်နေ့ ဗာရာဏသီမင်းကြီးထံသို့ ခစားရန် ထွက်အလာ လမ်းတွင် ဆွမ်းခံထွက်လာသည့် ပစ္စေကဗုဒ္ဓါတစ်ပါးနှင့် ဆုံတွေ့သည်။

"အရှင်ဘုရား ဆွမ်းရပါသလော"

ဟု မေးမြန်းလျှောက်ထား၏။

"ဆွမ်းရမည်ထင်၍ ဆွမ်းခံနေခြင်းဖြစ်သည် ဒကာသူဌေးကြီး"

ဟု ပြန်လည်မိန့်ကြားသည်..။

သူဌေးက သူ၏ နောက်ပါတပည့်အား ပစ္စေကဗုဒ္ဓါအား မိမိအိမ်သို့ ပင့်ဆောင်သွားစေပြီး သူထိုင်နေကျ ပလ္လင်ပေါ်တွင် ထိုင်စေပြီး သူ့အတွက် ချက်ပြုတ်ထားသော ထမင်းနှင့်ဟင်းများကို သပိတ်ပြည့်အောင် လောင်းလှူလိုက်ရန် သေချာစွာ ညွှန်ကြားလိုက်သည်။

သူဌေး၏တပည့်ကလည်း သူဌေးမှာကြားလိုက်သမျှကို သူဌေးကတော်အား ပြန်လည်ပြောပြသဖြင့် သူဌေးကတော်ကလည်း သူဌေး၏ အမှာစကားအတိုင်း ဆောင်ရွက်ပေးလေသည်။ သူဌေးသည် မင်းကြီးထံပါးတွင် ခစားခဲ့ပြီးနောက် အိမ်သို့ပြန်လာသည့်အခါ ပစ္စေကဗုဒ္ဓါနှင့် လမ်းတွင် ပြန်လည်ဆုံတွေ့ရသည်တွင်-

"အရှင်ဘုရား...ဆွမ်းရခဲ့ပါသလော"

ဟု မေးမြန်းလျှောက်ထား၏..။

ပစ္စေကဗုဒ္ဓါကလည်း ရရှိခဲ့သည့်အကြောင်း မိန့်ကြားတော်မူလေသည်။ သူဌေးသည် ဆွမ်းများကို ကြည့်ရှုလျက်

"ငါသည် ဤထမင်း၊ ဤဟင်းများကို ငါ၏ အိမ်အမှုထမ်းများအား ကျွေးခဲ့လျှင် အလုပ်ကြမ်းများကို ခိုင်းချင်သမျှ ခိုင်းလို့ရနိုင်ကောင်း၏။ ယခုတော့ ငါ့အတွက် လုပ်အားတွေ များစွာ ဆုံးရှုံးနစ်နာကုန်ပြီ"

ဟု အတွေးပေါက်မိသွားသည်။

အာဂန္တုက သူဌေးသည် ပစ္စေကဗုဒ္ဓါအား မဆွကမှ စေတနာ သဒ္ဓါပေါက်၍ ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူခဲ့သည့် အကျိုးကြောင့် ဥစ္စာများစွာ ရှိခဲ့သည်။ ထို့နောက် စေတနာပျက်ယွင်းသွားသဖြင့် မိမိရရှိထားသော ဥစ္စာများကို ခံစားသုံးဆောင်နိုင်ခြင်း မပြုရတော့။

ဘုရားအလောင်းသည် ဗာရာဏသီပြည်တွင် ကုဋေရှစ်ဆယ် ကြွယ်ဝသည့် သူဌေးဖြစ်ခဲ့စဉ်က မိမိအိမ်ရှေ့တွင် အလှူမဏ္ဍပ်ကြီးဆောက်လျက်

www.burmeseclassic.com

နေ့စဉ်မပြတ် လာသမျှ အလှူခံများအား ပေးလှူသည်။ သူ့တွင် သားတစ်ယောက် ရရှိသဖြင့် ထိုသားငယ် သွားလာတတ်သည့်အချိန်တွင် မိမိ၏ပစ္စည်းဥစ္စာအားလုံးနှင့် မယားကို ညီဖြစ်သူအား လွှဲအပ်၍ ရသေ့ပြုလုပ်ပြီး ဟိမဝန္တာသို့ ထွက်ခွာသွားခဲ့၏။ များမကြာမီ အဘိညာဉ်ရပြီး သမာပတ်နှင့် ပြည့်စုံသည့် ရသေ့တစ်ပါး ဖြစ်သွားသည်။

ကာလအတန်ကြာသောအခါ ညီဖြစ်သူသည် သားတစ်ယောက်ရရှိလာခဲ့၏။ ထိုအခါတွင် ဥစ္စာပစ္စည်းများကို တူနှင့် သားအား ထက်ဝက်စီ ခွဲဝေပေးရမည်ကို စိုးရိမ်ကြောင့်ကြဖြစ်လာလေသည်။ သို့ဖြစ်၍ တူကို မလိုမုန်းထားဖြစ်ကာ တစ်နေ့မှာ မြစ်အတွင်း အတူတကွ ရေချိုးကြစဉ် တူကို ရေတွင်နှစ်လျက် သတ်ပစ်ခဲ့၏။ အိမ်သို့ ပြန်လည်ရောက်ရှိသည့်အခါမှ မိမိ၏ မယားအား တူဖြစ်သူ ရေနစ်၍ သေဆုံးသွားသည်ဟု လိမ်ဆယ်ပြောပြခဲ့၏။ ဇနီး(အစ်ကို့မယား)က ဘာမျှမသိသဖြင့် ယုံကြည်လိုက်မိလေသည်။

ယင်းသို့ ဖြစ်စဉ်ဖြစ်ရပ်အားလုံးကို အဘိညာဉ်တန်ခိုးဖြင့် သိမြင်ထားသော အစ်ကိုရသေ့သည် ဟိမဝန္တာမှ ထွက်ခွာလာလေသည်။ မိမိ၏ နေအိမ်ဟောင်းသို့ ပြန်လည်ရောက်ရှိ၍ ဆွမ်းစားပြီးနောက် စကားစမြည် ပြောဆိုနေကြခိုက် မေးခွန်းတစ်ခုကို ကောက်ကာမေးလိုက်၏။

"သူငယ်လေးတစ်ယောက်ကို မတွေ့ပါကလား"

ညီဖြစ်သူကလည်း ရေအတူကူးနေကြရင်း ရေနစ်သွားပြီး သေဆုံးခဲ့ကြောင်း လိမ်လည်ပြောပြလေသည်။

ထိုအခါ ရသေ့သည် ညီဖြစ်သူအား -

"ဟယ် . . . လူယုတ်မာ၊ သင့်အကြောင်းကို ငါမသိလို့ သင်ထင်နေသလား။ သင်သည် ပစ္စည်းဥစ္စာများကို သင့်သားတစ်ယောက်တည်း ပိုင်ဆိုင်စေလိုသောကြောင့် ထိုသူငယ်လေးကို

တူကို
မလိုမုန်းထားဖြစ်ကာ
တစ်နေ့မှာ မြစ်အတွင်း
အတူတကွ
ရေချိုးကြစဉ် တူကို
ရေတွင်နှစ်လျက်
သတ်ပစ်ခဲ့၏။
အိမ်သို့ ပြန်လည်
ရောက်ရှိသည့်အခါမှ
မိမိ၏ မယားအား
တူဖြစ်သူ ရေနစ်၍
သေဆုံးသွားသည်ဟု
လိမ်ဆယ်ပြောပြခဲ့၏။

ရေတွင်နှစ်၍သတ်ခဲ့သည်မဟုတ်လော။ ဥစ္စာပစ္စည်းများကို ရနိုင်စွမ်းရှိမည်ဟု သင်ထင်နေသလား။ သင်သည် မယုကငှက်လို လူစားမျိုးပဲ"

ဟု ပြောကြားလေသည်။

ထို့နောက်တစ်ဖန် ဆက်လက်၍

"မယုက ငှက်များသည် ညောင်သီးမှည့်ချိန်တွင် ညောင်သီးကိုစားကာ ညောင်ပင်ထက်မှနေ၍ ငါ့ဥစ္စာ၊ ငါ့ဥစ္စာဟု အော်မြည်နေတတ်သည်။ အခြားငှက်များကမူ စားသောက်ပြီး ပျံထွက်သွားကြသည်။ မယုက ငှက်တွေကမူ ထိုအချိန်အထိ ပိုင်ရှင်လုပ်နေတုန်း။ ထိုနည်းတူစွာ လူတို့သည် မိမိဥစ္စာများကို စုထားရုံမျှ စုထားကြပြီး မိမိကိုယ်တိုင်လည်းမသုံး၊ အဆွေအမျိုးတို့အားလည်း ဖြန့်ဝေခြင်းမပြု၊ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုများကိုလည်း မသိကြ၊ မပြုကြ။ နောက်ဆုံး၌မူ ရန်သူမျိုးငါးပါးတို့လက်သို့ ပါသွားရ၏။ ထိုစဉ်တိုင်အောင် ငါ့ဥစ္စာ၊ ငါ့ဥစ္စာဟု ပြောဆိုနေကြခဲပါပဲ"

ဟု ပြောကြားလျက် ဟိမဝန္တာသို့ ပြန်လည်ကြွမြန်းသွားလေတော့သည်။

ထိုသို့ မိမိအစ်ကို၏ သားအား သတ်ဖြတ်ခဲ့သော အကျိုးကား ရှိရှိသမျှ ဥစ္စာပစ္စည်းများ ဆုံးရှုံးခဲ့ရပြီး ဘဝပျက်လျက် အသက်ဆုံးခဲ့ရလေသည်။ မဟာအဝီစိငရဲမှလည်း မထွက်ရချေတော့။

ခင်မောင်အေး(မန္တလေး)

ကျမ်းကိုး

နိပါတ်တော်လာ ဇာတ်တော် ငါးရာ့ငါးဆယ် မယုကဇာတ်။



www.burmeseclassic.com

www.burmeseclassic.com

# ပုလ္လဲအကြောင်း သိကောင်းစရာများ (၂)

ပထမံဆရာကြီးဦးအောင်သူ

## ပုလ္လောမများအကြောင်း

မဏိပူရပုလ္လဲအသိုင်းအဝိုင်းထဲမှ ပုလ္လောမလေးများသည် ရထိုက်သော အခွင့်အရေးများ ပိုမိုရရှိလေ့ရှိသည်။ မိဘတို့ကလည်း ခေတ်မီသည်။ ခေတ်ပညာ သင်ကြားပို့ချပေးလျှင်လည်း စိတ်ပါဝင်စားသည်။ သို့အတွက် ပညာတတ်ဘွဲ့ရများ မြောက်များစွာပေါ်ပေါက်လာပေသည်။ အရောင်းအဝယ်လောကတွင်လည်း အမြင်ကျယ်ကျယ်နှင့် ဦးဆောင်စျေးရောင်းကြခြင်း အုပ်ချုပ်ကြခြင်းများကို ပြုလုပ်လာကြသည်။ သမီးကညာကို ကလေးဘဝမှ စေ့စပ်ခြင်း၊ လက်ထပ်ပေးခြင်း စသည့်ကိစ္စတို့ကို စိတ်ဝင်စားမှုမရှိကြတော့သဖြင့် မိန်းကလေးများမှာ ပို၍လွတ်လပ်လာသည်။ ပြောရေးဆိုခွင့်ရှိလာကြသည်။ ခေတ်မီလာသည်။ ခေတ်နှင့် ရင်ပေါင်တန်းလာနိုင်ကြသည်။ မည်မျှခေတ်မီစေကာမူ ပညာတတ်စေကာမူ ပြင်ပတွင် ထွက်ခွင့်ပေးစေကာမူ ပုလ္လဲမလေ့၊ ပုလ္လဲယဉ်ကျေးမှု၊ ပုလ္လဲစည်းကမ်းအတိုင်းပင် ပုလ္လဲအချင်းချင်းနှင့်သာ လက်ထပ်ပေးလေ့ရှိကြသည်။ လူမျိုးခြား ဘာသာခြားများနှင့် လုံးဝသဘောတူလေ့မရှိပေ။ လက်ထပ်လာလျှင်လည်း လက်ခံလေ့မရှိပေ။ အတွေးအခေါ်များသာ ခေတ်ဆောင်ရေးစည်းမျဉ်းများမှာမူ ရိုးရာကို ဖြိုဖျက်မည့်လုပ်ရပ်မှန်သရွေ့အား ဖယ်ထုတ်ပစ်လေ့ရှိသည်။

ဒေဝတီပုလ္လောမလေးများမှာ ရိုးရာအစွဲကြီးမားပင်ဖြစ်တည်လာကြရသည်။ အပျိုဘော်ဝင်လျှင် လူကြီးဖြစ်ပြီးပညာရေးလုံလောက်ပြီဟူသော ခံယူချက်ဖြင့် ကျောင်းမှထုတ်ပစ်လေ့ရှိသည်။ ပို၍ဆိုးသည့် အချက်တစ်ချက်က မိန်းကလေးသည် ပညာကောင်းနေစရာမလို၊ အိမ်တွင်းရေးကို ကောင်းမွန်စွာထိန်းသိမ်းနိုင်လျှင် လုံလောက်သည်။ အိမ်ထောင်ရေးကံကောင်းရန်သာ လိုသည်ဟူသော စိတ်ဓာတ်ဖြစ်သည်။ မိန်းကလေးခပ်များများမှာ အပျိုဘော်မဝင်ခင်အထိ လွတ်လပ်စွာ ပညာသင်ကြားခွင့်ရပြီး အပျိုဘော်ဝင်ပြီးလျှင်မူ များသောအားဖြင့် ကျောင်းမှထုတ်ပစ်တတ်သည်။ အနည်းငယ်မျှသာ မိန်းကလေးငယ်တို့သည် ကံကောင်းထောက်မစွာဖြင့် ကျောင်းတက်ခွင့် ရကြသည်။

အလယ်တန်းပညာ၊ အထက်တန်းပညာ၊ တက္ကသိုလ်ပညာတို့ သင်ကြားခွင့်ရကြသည်။ ဒေဝတီပုလ္လောမလေးများတွင် ယခုအထိ ဘွဲ့ရသူ နှစ်ဆယ်ယောက်ထက်မကျော်ပေ။ ဘွဲ့ရပြီး နိုင်ငံဝန်ထမ်းသော မိန်းကလေး သုံးယောက်ပင်မရှိသေးပါ။ မည်မျှ ပညာသင်ကြားခွင့် ရထားကြပါစေ အိမ်ထောင်ပြုပြီးလျှင် အိမ်ထောင်ထိန်းသိမ်းရေးသာ တာဝန်ရှိသည်။

မဏိပူရပုလ္လောမလေးများထက် ဒေဝတီပုလ္လောမလေးတို့သည် ခေတ်နောက်ကျကြသည်။ ပြင်ပဗဟုသုတအတွေ့အထိနည်းကြသည်။ ရိုးရာ၏စည်းဝိုင်း၊ ဓလေ့၏ဘောင်၊ ဘာသာရေး၏ ပညတ်ချက်အတွင်းမှ ရုန်းထွက်ခွင့်မရကြချေ။

### အပျိုဘော်ဝင်ခြင်း

ပုလ္လောမလေးတို့သည် ဆယ်နှစ်ပတ်ဝန်းကျင်ရှိလာလျှင် မည်သည့်ခြံဝိုင်းအတွင်း အိမ်အတွင်းသို့ ဝင်ခွင့်မပြုပေ။ ဒေဝတီပုလ္လဲဓလေ့၌ မိန်းကလေးတစ်ယောက်သည် သူစိမ်းအိမ်တစ်အိမ်တွင် အပျိုဘော်ဝင်ပါက ထိုအိမ်၏တန်ဖိုးကို ငွေကြေးဖြင့် ပေးချေရသည်။ နေသောသူများခိုက်သည်ဟူ၍ ယူဆကြသည်။ ထို့ကြောင့် သူတစ်ပါးအိမ်တွင် စတင်အပျိုဖော်မဝင်ရေးအတွက် အတတ်နိုင်ဆုံး ထိန်းသိမ်းကြသည်။ မဏိပူရပုလ္လဲတို့၏ ဓလေ့တွင် အပျိုဘော်ဝင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

မှာ သာမန်သွေးရိုးသားရိုး လုပ်ငန်းတစ်ခုသာဖြစ်သည်။ မိန်းကလေး ငယ်သွေးပေါ်ပြီး ငါးရက်မြောက်၍ ခေါင်းလောင်းရေချိုးသန့်ပြီးလျှင် လုံလောက်သည်။ အပျိုဘော်ဝင်သော မိန်းကလေးအတွက်လည်း အထူးကရိကထမများပေ။ ပတ်ဝန်းကျင်အတွက်လည်း ဂရုတစိုက်ရှိရန် မလိုပေ။ မိန်းကလေးငယ်မှာ နေတတ်ထိုင်တတ်လျှင် လုံလောက်သည်။

ဓညဝတီပုဏ္ဏားတို့တွင် အပျိုဘော်ဝင်ခြင်းမှာ လွန်စွာကြီးကျယ်သည်။

စတင်၍ အပျိုဘော်ဝင်သည်မှ လေးရက်တိတိ ဖခင်မှအစ မည်သည့်ယောကျ်ားကမှ လုံးဝ ကြည့်ခြင်း ထိခြင်းမရှိပေ။ ယောကျ်ားအသံကိုလည်း နားထောင်ခွင့် မရှိပေ။ အမှန်မှာ စတင်၍ အပျိုဘော်ဝင်သည်မှာ မိန်းမပျိုမှာ ရာဂစိတ်မှန်ယိုသလို ဖြစ်နေတတ်သည်။ အပျိုမမှာ စိတ်ဖောက်ပြန်မှားယွင်းနိုင်သဖြင့် ရှောင်ရခြင်းဖြစ်သည်။ ဤစနစ်မှာ မြန်မာပြည်သို့ ရောက်လာခဲ့သော ဓညဝတီပုဏ္ဏားတို့၌သာ ရှိသည်။ အခြား မည်သည့်နေရာတွင်မှ မရှိသောဓလေ့ ဖြစ်သည်။

အပျိုဘော်စတင်၍ ဝင်ပြီဆိုလျှင် ငါးရက်မြောက်နေ့နှင့် ၁၆ ရက်မြောက်နေ့တွင် နှစ်ခါသန့်ရပါသည်။ လေးရက်မြောက်နေ့တွင် သန့်ရခြင်းက ရာသီလာပြီး -

ပထမရက်သည် စဏ္ဍာလီနီ (ဝါ) စိတ်ဖောက်ပြန်တတ်သည်။

ဒုတိယရက်သည် ဗြဟ္မာဃာတီနီ (ဝါ) နတ်ဒေဝတာများပင် စိတ်ထိန်းနိုင်ခြင်း မရှိတတ်ပါ။

တတိယရက်သည် ရဇာနီပရိတာ (ဝါ) အပူရှိန်ပြင်းထန်သည်။

စတုတ္ထရက်သည် ကိလေသာစိတ် နည်းပါးသွားပြီး သန့်ရှင်းပါသဖြင့် သန့်ရခြင်းဖြစ်ပေသည်။

လေးရက်မြောက်သန့်သော်လည်း မီးကိုကိုင်ခွင့်မပြုပါ။ ဘုရားကျောင်းထဲသို့ ဝင်ခွင့်မပြုပါ။ ငါးရက်မြောက်နေ့၌ သန့်ပြီးမှ မီးကိုကိုင်ခွင့်ရသည်။ ခုနစ်ရက်မြောက်နေ့မှစ၍ ဘုရားကျောင်းသို့ ဝင်ခွင့်ပြုသည်။ ၁၆ ရက်မြောက်နေ့တွင် အိမ်ထောင်သည်မိန်းမလူကြီးများက အပျိုဘော်ဝင်သော မိန်းမငယ်ကို မြစ် (သို့မဟုတ်) ချောင်းတွင်းခေါ်သွားကာ ခေါင်းလောင်းရေချိုးစေသည်။ မြစ်ဆိပ်ချောင်းဖျားတွင် ရေချိုးခြင်းကိုပါ သူရာနီ ဟူ၍ခေါ်သည်။ သွေးပေကျံသောထဘီအား လွှင့်ပစ်စေသည်။ မီးယပ်လာပြီး လေးရက်အတွင်း မည်သူ့ကိုမှ ထိ၍မရပေ။ ထမင်းဟင်းချက်ခွင့်မရပေ။ မီးကိုထိခွင့် မရှိပေ။ လေးရက်နေ့နံနက်တွင် ခေါင်းလောင်းရေချိုးသန့်ပြီးမှ ထိ၍ရသည်။ ငါးရက်မြောက်နေ့တွင် ထမင်းစတင်၍ ချက်ပြုတ်ခွင့်ရပြီ ဖြစ်သည်။ ဤစနစ်သည် မည်သည့်အနွယ်တွင်မှ မရှိပေ။ ဘင်္ဂလားနယ်မှာပင် မရှိပေ။ ဓညဝတီပုဏ္ဏားများတွင်သာ ရှိသော ဓလေ့ဖြစ်သည်။ မဏိပူရပုဏ္ဏားတိုင်း၏ ဓလေ့၌ပင် မရှိပေ။



အပျိုဘော်ဝင်ပြီးသည်နှင့် ထိုမိန်းမငယ်ကို အရွယ်ရောက်ပြီဟူ၍ ယူဆကြသည်။ သို့အတွက် မီးဖိုချောင်တွင် စတင်၍ စေခိုင်းလေ့ရှိသည်။ အိမ်ထောင်မထိန်းသိမ်းမှီအတတ်



www.burmeseclassic.com

www.burmeseclassic.com

ပညာကို မတတ်မနေ သင်ပေးတတ်သည်။ သီးသန့် စားတတ်ရန်၊ သီးသန့် အိပ်တတ်ရန်၊ အပြောအဆိုမှအစ ဣန္ဒြေရရန် သင်ကြားပေးလေ့ရှိသည်။

ဧည့်ဝတီပုဏ္ဏေးမလေးတို့အား မိဘများက အသက် ၁၆ နှစ်ခန့်တွင် အိမ်ထောင်ပေးစားလေ့ရှိကြသည်။ ရှေးက မဏိပူရပုဏ္ဏေးမလေးများအား ဤသို့နှင်နှင်ပြုလုပ်လေ့ရှိသော်လည်း ယနေ့၌မူ အသက် ၁၈ နှစ်မကျော်လျှင် စဉ်းစားလေ့မရှိကြပေ။ ပုဏ္ဏားလူရွယ်ထက် ပုဏ္ဏေးအပျိုမလေးများမှာ ပို၍ စည်းနှင့်ကမ်းနှင့် ထိန်းချုပ်ထားလေ့ရှိသည်။

၁။ မည်သည့်အကြောင်းနှင့်မှ ချစ်၍ကြိုက်၍ လက်ထပ်ခွင့်မရှိစေရ။ ၂။ မိဘသဘောမတူသူအား လုံးဝ စဉ်းစားရန်မလို။ ၃။ လင်နောက်လိုက်ပြေးရန် လားလားမျှမစဉ်းစားရ။ ၄။ မိဘထံမှ တောင်းရမ်း မိဘကကျေနပ် မိဘက လက်ထပ်ပေးသောသူနှင့်သာ လက်ထပ်ရမည်ဖြစ်သည်။

ပုဏ္ဏားလူမျိုးတို့၌ မိန်းမအတွက် အိမ်ထောင်ရေးနှင့် ပတ်သက်လျှင် မည်သည့်အခွင့်အရေးမှ မရနိုင်ပါ။ အခွင့်အရေးလည်း မပေးပါ။ မိဘက သဘောကျနှစ်ခြိုက်ပါက အလိုအလျောက် ပုဏ္ဏေးမလေးက လက်ခံရမည်သာဖြစ်သည်။ မိဘကိုလည်း မည်သူမည်ဝါနှင့် ရည်ငံနေပါသည်ဟူ၍ လုံးဝပြောခွင့်မရှိပေ။ မိဘများက စီစဉ်သောအိမ်ထောင်ရေးကို မည်သည့်အကြောင်းနှင့်မှ ငြင်းဆန်ခွင့်မရှိပေ။

ပုဏ္ဏေးအပျိုမလေးတစ်ဦးမှာ မိဘများ၏နောက်ကွယ်၌ ရည်းစားထားမိခဲ့လျှင် ရည်းစားထားသည်ဟူ၍ သတင်းထွက်ခဲ့လျှင် မည်သည့်ပုဏ္ဏားလူရွယ်ကမှ လက်ထပ်လိမ့်မည်မဟုတ်ပေ။ ပုဏ္ဏားလူရွယ်တို့မှ ထိုဖြစ်ရပ်အား အထူးရှောင်ကြဉ်လေ့ရှိသည်။ မိဘတို့ကလည်း ပုဏ္ဏေးမလေး အရွယ်ရောက်သည်နှင့် လက်ထပ်ပေးနိုင်ရန်မှအပ အခြားမည်သည့်ကိစ္စကိုမှ စဉ်းစားလေ့မရှိကြပေ။ အပျိုမကို လက်ထပ်ပေးခွင့်ရလျှင် အထူးမင်္ဂလာရှိပြီး ပြည့်စုံသည်ဟူ၍ ယူဆကြသည်။

ပုဏ္ဏေးမလေးများ ဆယ်နှစ်ကျော်လျှင်ဖြစ်စေ၊ လက်မထပ်ခင်ဖြစ်စေ၊ ပဥ္စဂဗျ (ဝါ) နွားချေး၊ နွားသေး၊ နွားနို့၊ ထောပတ်၊ ဒိန်ချဉ်တို့ဖြင့် ဖော်စပ်ထားသော ရေကိုသောက်ပြီး သိက္ခာပေးဆရာက ဒေဝမန္တန်ကို ပေးလေ့ရှိသည်။ နေ့စဉ်ရွတ်ဖတ်သရဇ္ဈာယ်ပြုရန် ဖြစ်သည်။ ပုဏ္ဏေးမငယ် တစ်ဦး၏ နေ့စဉ် ဝတ္တရားများမှာ များပြားလှပေသည်။

အိမ်မှုကိစ္စအားလုံးကို ဦးဆောင်ပြီး ပြုလုပ်ရပေသည်။ ဘုရားကျောင်း ဝေယျာဝစ္စများကိုလည်း ပြုလုပ်ပေးရသည်။ ဘာသာရေးပွဲတော်များ၌လည်း ချက်ပြုတ်ပြီး ဝိုင်းဝန်းကူညီခြင်းတို့ကို ပြုလုပ်ရသည်။ အိမ်ထောင်မကျမချင်း မိဘအိမ်တွင် မိုင်းကောင်းကျောက်ဖိ လုပ်ကိုင်ကြရပေသည်။

မဏိပူရပုဏ္ဏေးမလေးများကိုမူ တေးဂီတပညာသင်ကြားခြင်း၊ ရာသီလာအကကို သင်ပေးခြင်း၊ အိမ်တွင်းမှုလုပ်ငန်းများကို သင်ကြားပေးခြင်း၊ ဘာသာရေးပွဲတော်များကို နွှဲစေခြင်း စသည်များဖြင့် မအားမလပ် ပြုလုပ်ကြရသည်။ လွန်စွာပင်ပန်းသည်။ ရှေးကမူ မဏိပူရပုဏ္ဏေးမသည် မင်္ဂလာဆောင်သည့်အချိန်၌ ဝတ်မည့် မင်္ဂလာထဘီကို ကိုယ်တိုင်ကိုယ်ကျ ရက်ကန်းခတ်ရသည်။ မိမိကြိုက်နှစ်သက်သော ဒီဇိုင်းကို ရက်ရသည်။ မင်္ဂလာထဘီကို ပန်းရောင်ပိုးတွဲဖြင့် ခက်ကြသည်။ ပုဏ္ဏေးမ၏ စိတ်ကူးကောင်းမှု၊ အနုပညာလက်ရာ ဗီရိယတို့မှာ လက်ထပ်သည့်အခါ မြင်သာသည်။ အကယ်၍ မင်္ဂလာထဘီကိုယက်ပြီး မဝတ်ဖြစ်ဘဲ ကွယ်လွန်ခဲ့လျှင် ညီမ၏သမီးကို အမွေပေးခဲ့လေ့ရှိသည်။ အခြားသူစိမ်းကို ပေးလေ့ မရှိပါ။

ယခုခေတ်တွင်မူ အိန္ဒိယဝတ်စုံကိုသော်လည်းကောင်း၊ မြန်မာဝတ်စုံကိုသော်လည်းကောင်း နှစ်သက်ရာကို ဝတ်စားပြီး လက်ထပ်ကြလေ့ရှိသည်။ အပျိုမထဘီကို ကိုယ်တိုင်ရက်ကန်းခတ်၍ မင်္ဂလာဆောင်ရှိ ဝတ်စားသော စနစ်က ရှေးခေတ်၌ ကျန်ရစ်ခဲ့ပြီဖြစ်သည်။ တစ်ဦးစနှစ်ဦးစ ရှိလင့်ကစား လွန်စွာရှားပါးနေပြီ ဖြစ်သည်။

သမီးငယ် အရွယ်ရောက်လာပြီလျှင် ရောက်ရှိလာကြမည့် သတို့သားလောင်းတို့၏ မိဘများနှင့် စကားပြောဆိုရန် အမြဲတမ်း အဆင်သင့်ဖြစ်နေရသည်ကား သမီးရှင်တို့၏ ဝတ္တရားပင် ဖြစ်ပါသည်။

**ပထမံဆရာကြီးဦးအောင်သူ**
၀၉-၂၅၁၀၂၂၄၄၁

ကျမ်းကိုး ။ "ရာဇဝင်ထဲမှ ပုဏ္ဏား"၊ ဒေါက်တာဒဂုန်။



www.burmeseclassic.com

www.burmeseclassic.com

# ကိုးတောင်ပြည့်စေတီ ပုတီးစိပ်နည်း

**ဒေဝဿုတာ (B.A)**

ကျေးဇူးတော်ရှင် သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ကြီး ဦးဝါယာမာဘိဝံသသည် စာရေးသူကို အခြေခံကျင့်စဉ်ဖြစ်သော သရဏဂုံ ၃၀ ပုတီးစိပ်နည်း အဓိဋ္ဌာန်ကိုလည်းကောင်း၊ အလုပ်စခန်းကျင့်စဉ်ဖြစ်သော ဂုဏ်တော်ဝါစဉ် ပုတီးစိပ်နည်းကျင့်စဉ်ကိုလည်းကောင်း နည်းပေးလမ်းပြညွှန်ကြားပြီး အဓိဋ္ဌာန်များကို ပြုလုပ်စေခဲ့ပါသည်။

ထို့နောက် ကိုးတောင်ပြည့်စေတီ ပုတီးစိပ်နည်းကိုလည်း အဓိဋ္ဌာန်စိပ်ခိုင်းပါသည်။ စာရေးသူလည်း ဘုရားဂုဏ်တော် ကိုးပါးကို တစ်ပါးလျှင် ကိုးတောင်ပြည့်စေတီတစ်ဆူစီဖြင့် ကိုးဆူအဓိဋ္ဌာန် စိပ်ခဲ့ပါသည်။ ဤအဓိဋ္ဌာန်များ ပြုလုပ်ပြီးနောက် ဘုရားဂုဏ်တော်ကွန်ခြာ ဂါထာ ရှစ်ဂါထာဖြင့်လည်း ကိုးတောင်ပြည့်စေတီ ရှစ်ဆူကို ထပ်မံပြီး အဓိဋ္ဌာန်ပုတီးများ စိပ်ခိုင်းပြန်ပါသည်။

ဤကိုးတောင်ပြည့်စေတီ ပုတီးစိပ်နည်းမှာ ဘုရားဂုဏ်တော်တစ်ပါးကို ပုတီးပတ်ရေ ၉၀၀၀ ကို အဓိဋ္ဌာန်ပြု၍ စိပ်ရခြင်းဖြစ်ပါသည်။ အဓိဋ္ဌာန်ပုတီးစိပ်ရာ၌ တစ်နေ့လျှင် မိမိစိပ်နိုင်သည့် ပုတီးပတ်ရေကို အဓိဋ္ဌာန်ပြု၍ စိပ်ရပါသည်။ တစ်နေ့ ပုတီးပတ်ရေ အဓိဋ္ဌာန်မှာ အနည်းဆုံး ကိုးပတ်ထားရပါသည်။ မိမိစိပ်နိုင်သမျှ များများစိပ်နိုင်ပါသည်။ အဓိဋ္ဌာန်ရက် အပိုင်းအခြားကိုလည်း ရက်ကန့်သတ်၍ စိပ်နိုင်ပါသည်။ ဥပမာ - ပုတီးပတ်ရေ ၉၀၀၀ ကို ရက်ပေါင်း ၁၀၀ ဖြင့် ပြီးအောင် သတ်မှတ်ပါလျှင် တစ်နေ့ ပုတီးပတ်ရေ ၉၀ ဖြင့်ထား၍ စိပ်ရပါမည်။

မိမိအဓိဋ္ဌာန်ထားသော တစ်နေ့တာ ပုတီးပတ်ရေ မစိပ်နိုင်ခဲ့ပါက အဓိဋ္ဌာန်ပျက်၍ အစမှ ပြန်စိပ်ရပါမည်။ မိမိအဓိဋ္ဌာန်ထားသော ပုတီးပတ်ရေထက် နည်း၍ မရပါ။ ပို၍ ရပါသည်။ ဤနေရာမှာ စာရေးသူ အတွေ့အကြုံကို တင်ပြလိုပါသည်။ စာရေးသူသည် တစ်နေ့တာ ပုတီးပတ်ရေ အဓိဋ္ဌာန်ကို ၁၀၀ ဖြင့် ရက်ပေါင်း ၉၀ အဓိဋ္ဌာန်ခဲ့ပါသည်။ သို့သော် အဓိဋ္ဌာန်မပျက်စေရန်အတွက် ပုတီးပတ်ရေကို အနည်းဆုံး ကိုးပတ်ထားပြီး အများဆုံး စိပ်နိုင်သမျှ စိပ်ရပါမည်ဟု အဓိဋ္ဌာန်ခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် စာရေးသူသည် ဝန်ထမ်းဖြစ်ခဲ့၍ အခြေအနေမပေးခဲ့သော် အဓိဋ္ဌာန်မပျက်ရအောင် တစ်နေ့တာအတွက် အနည်းဆုံး ပုတီးပတ် ကိုးပတ်ထားပြီး အများဆုံး ရာကျော် စိပ်ခဲ့ပါသည်။ သို့မှသာ မိမိသတ်မှတ်ထားသော အဓိဋ္ဌာန်ရက် ၉၀ အတွင်း မှလ အဓိဋ္ဌာန်ပုတီးပတ်ရေ ၉၀၀၀ ပြည့်မည် ဖြစ်ပါသည်။

ကိုးတောင်ပြည့်စေတီ အဓိဋ္ဌာန်ပုတီးပတ်ရေ ၉၀၀၀ ပြည့်သည့်အခါ စေတီတော်အတွက် ထီးတော်တင်ရပါမည်။ ထီးတင်ရန်အတွက် အနေကဇာတင်ဂါထာများဖြင့် ပုတီးစိပ်ရပါမည်။ ဂါထာတစ်ပိုဒ်ဆုံး ပုတီးတစ်လုံးချဖြင့် တစ်ဂါထာကို ပုတီးတစ်ပတ်စီ စိပ်ရပါမည်။ ထီးတင်ရန်ဂါထာ ၂၇ ပိုဒ် ရှိပါသည်။ ထိုဂါထာများကို ဖော်ပြထားပါမည်။

### အရံစေတီများ တည်ခြင်း

ကိုးတောင်ပြည့်စေတီတစ်ဆူ အဓိဋ္ဌာန်အောင်မြင်ပြီးနောက် အရံစေတီများကိုလည်း အဓိဋ္ဌာန်ပုတီးစိပ်ရပါမည်။ အရံစေတီကို အနည်းဆုံး လေးဆူ၊ သို့မဟုတ် အများဆုံး ရှစ်ဆူ စိပ်ရန်ဖြစ်ပါသည်။ အရပ်လေးမျက်နှာကို ရည်စူးလျှင် အရံစေတီ လေးဆူ၊ အရပ်ရှစ်မျက်နှာကို ရည်စူးလျှင် အရံရှစ်ဆူ ဖြစ်ပါသည်။

အရံစေတီတစ်ဆူအတွက် ပုတီးပတ်ရေမှာ ၉၀ ဖြစ်ပါသည်။ အရံစေတီတစ်ဆူပြီးလျှင်လည်း ထီးတင်ရပါဦးမည်။ ထီးတင်ရန် အနေကဇာတင်ဂါထာဖြင့် ပုတီးတစ်ပတ် စိပ်ရပါမည်။ အရံစေတီ ထီးတင်ဂါထာကိုလည်း သီးခြားတစ်ပတ် စိပ်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

အရံစေတီပုတီးစိပ်သည့်အခါ ကိုးတောင်ပြည့်စေတီကြီးအတွက် ပုတီးစိပ်ခဲ့သော ဂုဏ်တော်၏ နောက်အစဉ်အတိုင်း ဂုဏ်တော်များကို စိပ်ရပါမည်။ ဥပမာ - အရဟံဂုဏ်တော်ဖြင့် ကိုးတောင်ပြည့်စေတီ အဓိဋ္ဌာန်ပြီး ထီးတင်ပြီးလျှင် အရံစေတီ လေးဆူကို (၁) သမ္မာသမ္ဗုဒ္ဓေါ၊ (၂) ဝိဇ္ဇာစရဏ သမ္ပန္နော၊ (၃) သုဂတော၊ (၄) လောကဝိဒူ စသော ဂုဏ်တော်များဖြင့် အရံစေတီ လေးဆူကို အဓိဋ္ဌာန်ရပါမည်။

သို့သော် ဂုဏ်တော်ကွန်ခြာ ဂါထာဖြင့် ကိုးတောင်ပြည့်စေတီ **အဓိဋ္ဌာန်သည့်**အခါ အရံစေတီငယ်များကိုလည်း ကိုးတောင်ပြည့် **စေတီကြီး**အတွက် အဓိဋ္ဌာန်ခဲ့သည့် ဂါထာဖြင့်ပင် ပုတီးစိပ်ရပါမည်။ ဥပမာ - ဣရဋ္ဌာဂတ္တရသော ဂုဏ်တော်ကွန်ခြာဂါထာဖြင့် ကိုးတောင်ပြည့်စေတီကို အဓိဋ္ဌာန်ခဲ့သော် အရံစေတီငယ်များကိုလည်း ထိုဂါထာဖြင့်ပင် ပုတီးစိပ်ရပါမည်။

## ကိုးတောင်ပြည့်စေတီအတွက် ထီးတင်ဂါထာများ

၁။ အနေကဇာတိသံသာရံ သန္ဓာဝိဿံအနိဗ္ဗိသံ၊ ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာဇာတိပုနပ္ပုနံ။ ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟနကာဟသိ။ သဗ္ဗေတေဖာသုကာဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ၊ ဝိသင်္ခါရဂတံစိတ္တံ၊ တဏှာနံခယမဇ္ဈဂါ။

၂။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပဒါနံ၊ ဥပါဒနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ သမ္ဘဝန္တိ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

၃။ အဝိဇ္ဇာယတွေဝ၊ နသေသဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော၊ သင်္ခါရနိရောဓာ၊ ဝိညာဏနိရောဓော။ ဝိညာဏနိရောဓာ၊ နာမရူပနိရောဓော။ နမာရူပနိရောဓာ၊ သဠာယတနနိရောဓော။ သဠာယတနနိရောဓာ၊ ဖဿနိရောဓော။ ဖဿနိရောဓာ၊ ဝေဒနာနိရောဓော။ ဝေဒနာနိရောဓာ၊ တဏှာနိရောဓော။ တဏှာနိရောဓာ၊ ဥပဒါနနိရောဓော။ ဥပဒါနနိရောဓာ၊ ဘဝနိရောဓော။ ဘဝနိရောဓာ၊ ဇာတိနိရောဓော။ ဇာတိနိရောဓော၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿနိရောဓော ဟောတိ။

၄။ ယဒါဟဝေ၊ ပါတုဘဝန္တိဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ၊ အထဿကင်္ခါ၊ ဝပယန္တိသဗ္ဗာ၊ ယတောပဇာနာတိ သဟေတုဓမ္မံ။

၅။ ယဒါဟဝေ၊ ပါတုဘဝန္တိဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ၊ အထဿကင်္ခါ၊ ဝပယန္တိသဗ္ဗာ၊ ယတောခယံ ပစ္စယာနံ အဝေဒိ။

၆။ ယဒါဟဝေ၊ ပါတုဘဝန္တိဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ၊ ဝိဓူပယံတိဋ္ဌတိမာရသေနံ၊ သူရိယောဝဩဘာသယ မန္တလိက္ခံ။

၇။ ဧယန္တော ဗောဓိယမူလေ၊ သကျနံ နန္ဒိဝဍ္ဎနော၊ ဝေမေဝ ဧယောဟောတု၊ ဧယတု ဧယမင်္ဂလေ။

၈။ အပရာဇိက ပလ္လင်္ကေ၊ သီသေပုထုဝိပုက္ခလေ၊ အဘိသေကေသဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။

၉။ သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာသံသုဋ္ဌိတံ၊ သုခဏော သုမုဟုတ္တောစ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

၁၀။ ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ၊ ပဒက္ခိဏံ မနောကမ္မံ၊ ပဏိဓိတေ ပဒက္ခိဏာ။ ပဒက္ခိဏာနိကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏာ၊ တေအတ္ထလဒ္ဓါသုခိတာ၊ ဝိရူဠှာ ဗုဒ္ဓသာသနေ၊ အရောဂါ သုခိတာ ဟောထ၊ သဟာသဗ္ဗေ ဟိဉာတိဘိ။

၁၁။ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။



www.burmeseclassic.com

www.burmeseclassic.com

၁၂။ ဣတိပိသော ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသ ဒမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါတိ။

၁၃။ သွာက္ခာတော ဘဂဝတာဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။

၁၄။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော၊ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။

၁၅။ ဧဝံ ဗုဒ္ဓံ သရန္တာနံ ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ၊ ဘယံဝါ ဆမ္ဘိ တတ္တံဝါ လောမဟံသော နဟေဿတိ။

၁၆။ ယံဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊ ယောစာမနာပေါ၊ သကုဏဿ သဒ္ဒေါ၊ ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊ ဗုဒ္ဓါ နုဘာဝေန ဝိနာသမေန္တု။

၁၇။ ယံဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊ ယောစာမနာပေါ၊ သကုဏဿ သဒ္ဒေါ၊ ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊ ဓမ္မာ နုဘာဝေန ဝိနာသမေန္တု။

၁၈။ ယံဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊ ယောစာမနာပေါ၊ သကုဏဿ သဒ္ဒေါ၊ ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊ သံဃာ နုဘာဝေန ဝိနာသမေန္တု။

၁၉။ ဘဝတု သဗ္ဗမင်္ဂလံ ရက္ခန္တု သဗ္ဗဒေဝတာ၊ သဗ္ဗ ဗုဒ္ဓါ နုဘာဝေန သဒါသုခီ ဘဝန္တုမေ။

၂၀။ ဘဝတု သဗ္ဗမင်္ဂလံ ရက္ခန္တု သဗ္ဗဒေဝတာ၊ သဗ္ဗ ဓမ္မာ နုဘာဝေန သဒါသုခီ ဘဝန္တုမေ။

၂၁။ ဘဝတု သဗ္ဗမင်္ဂလံ ရက္ခန္တု သဗ္ဗဒေဝတာ၊ သဗ္ဗ သံဃာ နုဘာဝေန သဒါသုခီ ဘဝန္တုမေ။

၂၂။ ဇယောဟိ ဗုဒ္ဓဿ သိရီမတော၊ အယံမာရဿစ၊ ပါပိမတော ပရာဇယော ဥဂ္ဃေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ ဇယံတဒါ နာဂဂဏာ မဟေသိနော။

၂၃။ ဇယောဟိ ဗုဒ္ဓဿ သိရီမတော၊ အယံမာရဿစ၊ ပါပိမတော ပရာဇယော ဥဂ္ဃေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ ဇယံတဒါ သုပဏ္ဏဂဏာ မဟေသိနော။

၂၄။ ဇယောဟိ ဗုဒ္ဓဿ သိရီမတော၊ အယံမာရဿစ၊ ပါပိမတော ပရာဇယော ဥဂ္ဃေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ ဇယံတဒါ ဒေဝဂဏာ မဟေသိနော။

၂၅။ ဇယောဟိ ဗုဒ္ဓဿ သိရီမတော၊ အယံမာရဿစ၊ ပါပိမတော ပရာဇယော ဥဂ္ဃေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ ဇယံတဒါ ဗြဟ္မဂဏာ မဟေသိနော။

၂၆။ စက္ကုမာစရ မာစိဏ္ဏော၊ ဓမ္မညုဓမ္မ သာမိကော၊ ဗလူပေတော ဗလဒန္တော၊ ဝရဒေါဒေတု မေဝရံ။

၂၇။ ဒိဝါတပတိ အာဒိစ္စော ရတ္တိံမာ ဘာတိစန္ဒိမာ၊ သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီတပတိ ဗြဟ္မဏော၊ အထသဗ္ဗေ မဟောရတ္တိံ ဗုဒ္ဓေါတပတိတေဇသာ၊ တာဒိသံတေဇ သမ္ပန္နံ ဗုဒ္ဓံဝန္ဒာမိ အာဒရံ နမက္ကာရာ နုဘာဝေန သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။

## အရုံစေတီအတွက် အနေကဇာတင်ဂါထာ

အနေကဇာတိသံသာရံ သန္ဓာဝိဿံ အနိဗ္ဗိသံ၊ ဂဟာကာရံ ဂဝေသန္တော၊ ဒုက္ခာဇာတိ ပုနပ္ပုနံ၊ ဂဟာကာရက ဒိဋ္ဌောသိ ပုနဂေဟံန ကာဟသိ၊ သဗ္ဗာတေဖာသုကာဘဂ္ဂါ ဂဟာကူဋံ ဝိသင်္ခတံ၊ ဝိသင်္ခါရဂတံ စိတ္တံ တဏှာနံ ခယ မဇ္ဈဂါ။

## ဘုရားဂုဏ်တော်ကွန်ခြာဂါထာ

၁။ ဣရဋ္ဌာဂတ္တရသာ၊
၂။ တိဟံစတော ရောထိနံ၊
၃။ ဝိသရလောပုသဗုံ၊
၄။ သောမ္မာဏ ကရိတ္တာဒ္ဓေါ၊
၅။ ဘာသသဝိသဒေဘာ
၆။ ဂမ္ဘုမ္ဗုဒ္ဓဝဂ
၇။ ဝါဒ္ဓေါန္နော အမ္မမဝါ
၈။ အဝိသုနုသာနုတိ။

လိုရာဆန္ဒ ပြည့်ဝကြပါစေ

ဇေယျတု (B.A)




www.burmeseclassic.com

www.burmeseclassic.com

# လှပခေတ်မှီ - မြို့တော်ဆီသို့

▨ မောင်အေးသန့် ▨

(ယခင်လမှအဆက်)



ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီ တွေ့ရသော သိမ်ကြီးဈေး နာရီစင်ကြီး(စူရတီဘရားသဇား)

ခရစ်နှစ် ၁၈၇၄ ခုနှစ်၊ ဩဂုတ်လ(၁)ရက်နေ့တွင် အက်ဥပဒေ အမှတ်(၇)အရ ရန်ကုန်မြို့၏ အုပ်ချုပ်ရေး တာဝန်များကို မြို့ဝန် (MAGISTRATE) လက်မှ မြူနီစီပယ်အဖွဲ့သို့ လွှဲပြောင်းတာဝန်အပ်ခဲ့သည်။

မြူနီစီပယ်ကော်မတီတွင် အဖွဲ့ဝင်(၃၂) ဦးပါဝင်ရာ ပဲခူးကော်မရှင်နာမင်းကြီး၊ ကျန်းမာရေးအရာရှိ၊ မြို့ဝန်၊ လက်ထောက်မြို့ဝန်၊ ဆရာဝန်ကြီး အမှုဆောင်အင်ဂျင်နီယာတို့ အဖွဲ့ဝင်များဖြစ်လာကြသည်။

ဝန်ရှင်တော်မင်းကြီးသည် ကျန်(၂၆)ဦးကိုဆက်လက်ခန့်ထားခဲ့သည်တွင် အရာရှိ(၁၁)ဦးနှင့် မြို့သူ မြို့သား(၁၅)ဦးတို့ ပါဝင်လာကြပြီး ဥက္ကဋ္ဌမှာမြို့ဝန် ဖြစ်လာသည်။ မြူနီစီပယ်ကော်မတီအသစ်သည် မြို့တော်ဖွံ့ဖြိုး တိုးတက်ရေးအတွက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



လမ်းမတော်သံဈေး

ရွက်ရာတွင် တာဝန်များ များပြားလာသည့်အလျောက် သီးသန့်ရုံးတစ်ရုံး လိုအပ်လာသည်။

ဤသို့ဖြင့် ဘဏ်လမ်း(ရှပ်ဖရက်)လမ်းမြောက်ဘက်ရှိနှစ်ထပ် အဆောက်အအုံတစ်ခုတွင် မြူနီစီပယ်ရုံးတစ်ရုံးကို စတင်ဖွင့်လှစ်လိုက်သည်။

မြူနီစီပယ်အဖွဲ့၏ ပထမဆုံးသော လုပ်ငန်းတစ်ရပ်မှာ အများပြည်သူတို့အတွက် ဈေးများ တိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ပေးရန်ပင်ဖြစ်သည်။

၁၈၅၃ ခုနှစ်က တည်ဆောက်ခဲ့သော စူရတီဈေးကြီး (သိမ်ကြီးဈေး)မှာ ၁၈၅၇ နှစ်တွင် မီးလောင်သွားသဖြင့် ပြန်လည် တည်ဆောက်ခဲ့ရသည်။ ထိုဈေးကြီးအပြင် အာဏာပိုင်တို့က အခြားဈေးငယ် ကလေးများကိုပါ ဖွင့်လှစ်ပေးခဲ့ရာ ဘိုကလေးဈေး အပါအဝင်ဖြစ်သည်။ သို့သော် ဈေးအများစုမှာ ပုဂ္ဂလိကဈေး များသာဖြစ်ပြီး မီး၊ ရေ၊ လေဝင် လေထွက်၊ ရေစီးရေလာ ရေမြောင်းများ မကောင်းလှသဖြင့် ကျန်းမာရေးနှင့် ညီညွတ်ခြင်း မရှိခဲ့ချေ။ စူရတီဈေး(သိမ်ကြီးဈေး)၏ မြောက်ဘက်တွင် အလွန်စုတ်ချာညံ့ဖျင်းလှသော အိမ်ငယ်ကလေးများ၊ ရေမြောင်းများ၊ အညစ်အကြေးများနှင့် ပုပ်ဟောင် နံစော်နေပေသည်။

စူရတီ (သိမ်ကြီးဈေး)ကို စူရတီလူမျိုး (ပါရှန်၊ ယခု အီရန်အနွယ်) မစ္စတာဆိုရပ်ဂျီး (MR. SORABJEE) ဆိုသူက ၁၈၅၃ ခုနှစ်တွင် ပထမဦးစွာ ဆောက်လုပ်ခဲ့သည်။

နောင် လေးနှစ်ကြာသောအခါ ဈေးကို မီးလောင်သဖြင့် စူရတီကုမ္ပဏီက အစုရှယ်ယာများခေါ်ယူ၍ ပြန်လည် တည်ဆောက်သည်။

ထိုစဉ်က ဈေးကြီးမှာ ဧက (၂၀)ကျယ်ဝန်းပြီး ရုံကြီး (၄)ရုံ၊ ဆိုင်ပေါင်း (၃၀၀၀)ကျော် ပါဝင်ခဲ့သည်။

**ဘိုကလေးဈေး**

ဘိုကလေးဈေးသည် ရန်ကုန်မြို့ ဘဏ္ဍာကုမ္ပဏီလီမိတက် (BOLGALAY BAZAAR CO.LTD.) မှ မစ္စတာ ဘိုကလေးဆိုသူတည်ဆောက်သော ဈေးဖြစ်သည်။ ဆိုင်ခန်းပေါင်း (၂၀၀) ခန့်ပါဝင်ပြီး ၁၈၇၈ ခုနှစ်တွင် မစ္စတာ ဟာရှင်အရစ် (HASHIM ARIFF) ဆိုသူက ထိုဈေးကို ဝယ်ယူခဲ့သည်။ ထိုဈေးမှာ ဗိုလ်မှူးကြီးဖောင်း (FOWLE ဆိုသူ၏သား အက်ဒွပ်ဖောင်း (EDWARD FOW



www.burmeseclassic.com

www.burmeseclassic.com

ပိုင်ဆိုင်သော ဈေးဖြစ်ကြောင်း၊ ထိုပုဂ္ဂိုလ်အား မြန်မာတို့က ဘိုကလေးဟု သိရှိကြရာမှ ဘိုကလေးဈေးအမည် တွင်လာကြောင်း အဆိုတစ်ရပ်ရှိသည်။

မြူနီစီပယ်ကော်မတီသည် ဈေးများတည်ဆောက်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်သည့်အလျောက် ဗိုလ်တထောင်တွင် မြူနီစီပယ်ဈေးတစ်ဈေး ဖွင့်လှစ်ခဲ့သော်လည်း အောင်မြင်မှု မရရှိခဲ့ပေ။

ထို့ပြင် တရုတ်တန်းလမ်းနှင့် ရွှေဘုံသာလမ်း အဆုံးတောင်ဘက် မျက်နှာချင်းဆိုင်နေရာတွင် မြူနီစီပယ် ကမ်းနားဈေးကို ဖွင့်လှစ်ခဲ့ပြန်သည်။

ထိုဈေးကို ၁၇၇၆ ခုနှစ်တွင် စတင်အသုံးပြုခဲ့ပြီး ဈေး၏ထူးခြားချက်မှာ ကုန်ဈေးတန်း (EDWARD ST.) ရှိ ရေတွင်းရေကို သွယ်ယူ၍ ရုပ်တုငယ် (၄)ခု ထောက်ခံ တည်ဆောက်ထားသော ပန်းခြင်းတောင်းမှ ရေပန်း များ ပန်းထွက်နေခြင်း ပင်ဖြစ်သည်။

ထို့ပြင် မြူနီစီပယ် ကော်မတီသည် ဈေးများ ကို မြို့ဆင်ခြေဖုံးအရပ် များတွင်လည်းကောင်း၊ ယာယီဈေးကို အနော် ရထာလမ်းပေါ်တွင် လည်းကောင်း ဖွင့်လှစ် ခဲ့ပေသေးသည်။

## လမ်းများပြုပြင်ခြင်း

ရန်ကုန်မြူနီ စီပယ်အဖွဲ့ ဖွဲ့စည်းပြီးနောက်ပိုင်း ရန်ကုန်မြို့၏ လမ်းသွယ် လမ်းမြောင်များတွင်သာ အရှည် မိုင် ၅၀-၆၀ ခန့် ကျောက်ခင်း နိုင်ခဲ့ပေသေး၏။ နွားလှည်း များကလည်း မြေလမ်းများ ကို အသုံးပြုကြသဖြင့် နွေအခါ ဖုန်ထူ၊ မိုးအခါ ရွှံ့နွံများ ဖြစ်သွားတော့သည်။

စင်စစ်လမ်းခင်း ကျောက်ခဲရရှိမှု၊ အခက်အခဲ၊ လုပ်သား အခက်အခဲနှင့် မိုးကာလ အလုပ်ရပ်နားထားရ သဖြင့် လမ်းဖောက်လုပ်မှု၊ ပြုပြင်မှုလုပ်ငန်းများမှာ တိုးတက်မှုမရှိလှချေ။

၁၇၇၈-၇၉ ခုနှစ်တွင် မြို့လယ်ရှိ ပေ (၁၀၀) နှင့် ပေ (၅၀)အကျယ်လမ်းများကို ကျောက်ခင်းနိုင်ပြီး (၂၅)ပေ အကျယ် လမ်းအချို့မှာ သဲခင်းသည့်အဆင့်တွင်သာရှိနေ ပေသေးသည်။

ထူးခြားသော တိုးတက်မှုတစ်ရပ်မှာ ၁၇၇၅ ခုနှစ်၊ ဇွန်လတွင် လမ်းမီးတိုင်များ စတင်ထွန်းညှိနိုင်ခြင်း ပင်ဖြစ်သည်။ မြူနီစီပယ်အဖွဲ့သည် ရေနံဆီထွန်း လမ်းမီး တိုင် (၄၉၀)တိုင် စိုက်ထူ၍ ခြောက်သွေ့ရာသီ လမိုက် ရက်များနှင့် မိုးရာစဉ် ညလုံးပေါက်ထွန်းညှိ ပေးနိုင်ခဲ့ သည်။

## ကျန်းမာသန့်ရှင်းရေး

ရန်ကုန်မြို့၏ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် လူထု ကျန်းမာရေး အခြေအနေကိုကြည့်လျှင် အခြေအနေမှာ ဆိုးရွားနေပေသေးသည်။ သို့သော် အိမ်များမှ စွန့်ပစ်သည့် အညစ်အကြေး အမှိုက်သရိုက်များကို မြစ်အတွင်း စွန့်ပစ်ခြင်းမပြုတော့ဘဲ မြို့ပြင်တွင်သာ စုပုံထားကြသည်။ ထို့ပြင် ယခင်က အိမ်သာကျင်းများကို အသုံးပြုခဲ့ရာမှ ၁၇၇၃ ခုနှစ် ရောက်သည့်အခါ မိလ္လာစွန့်ပစ်သည်များကို စနစ်တကျ စတင်ဆောင်ရွက်နိုင်ခဲ့သည်။

ထိုအချိန်တွင် ရန်ကုန်မြို့၏ လူဦးရေမှာလည်း တိုးတက်များပြားလာပြီး မြူနီစီပယ်အဖွဲ့ စတင်တာဝန် ယူသည့် ၁၇၇၄ ခုနှစ်တွင် လူဦးရေမှာ (၁)သိန်းခန့်အထိ တိုးတက်လာခဲ့သည်။ လူဦးရေအများစုမှာ မိမိတို့လုပ်ငန်း ရှိရာ မြို့တွင်း၌ စုပေါင်းနေကြရသဖြင့် နေထိုင်ရန် အိမ် အခက်အခဲများ ကြုံတွေ့လာရပြန်သည်။

ဤသို့ဖြင့် မြစ်၏အရှေ့အနောက် တစ်လျှောက်နှင့် ဆန်စက်များ၊ သစ်လုပ်ငန်းများတည်ရှိရာ ပုဇွန်တောင် ချောင်းကမ်းပါးပေါ်တွင် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသော ကျူးကျော်တဲ အများအပြားပေါ်ပေါက်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ရပ်ကွက် အသီးသီးရှိ မြို့လူထုအားထားအသုံးပြု နေရသောရေတွင်းများမှာလည်း အိမ်သာများအိမ်သာကျင်းများကြောင့် ညစ်ညမ်းနေပေသည်။ ခြုံကြည့်လျှင် ရန်ကုန်မြို့သည် ကျန်းမာရေးအရ၊ နေထိုင်ရန် မသင့်လျော်သည့် အခြေအနေတွင်ရှိနေသည့်အပြင် ရောဂါဖြင့် သေဆုံးမှုနှုန်းမှာလည်း ၁၈၇၀ ပြည့်နှစ်တွင် လူဦးရေ တစ်ထောင်လျှင် (၂၂ · ၂၇)ဦး၊ ၁၈၇၂ ခုနှစ်တွင်(၂၆ · ၅၁) ဦးရှိကြောင်း တွေ့ရှိခဲ့ရသည်။ ရန်ကုန်မြို့တော်ဝန်သည် ထိုအားနည်းချက်များကိုဖြေရှင်းရန် ၁၈၇၃ ခုနှစ်တွင် မိလ္လာများကို လှည်းများဖြင့် မြစ်သို့သယ်ယူစွန့်ပစ်ရန် ကြိုးပမ်းပြန်သည်။

သို့သော် ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် အလုပ်သမား လုံလောက်စွာ မရရှိခဲ့သည့်အပြင် လက်ရှိ အနည်းငယ်မျှသော အလုပ်သမားများကလည်း လစာ တိုးပေးရန် တောင်းဆို ဆန္ဒပြသဖြင့် အာဏာပိုင်တို့က အိန္ဒိယနိုင်ငံ၊ ကိုးလ်ကတ္တားမြို့မှ အလုပ်သမားများကို ခေါ်ယူခဲ့သော်လည်း လုံလောက်မှု မရှိခဲ့ချေ။

**မိလ္လာစွန့်ပစ်မှု**

မိလ္လာအလုပ်သမားများ မလုံလောက်မှုနှင့် စပ်လျဉ်း၍ နောက်ဆုံးတွင် မြို့ဝန်က ရေတွင်းများအနီးရှိ ရာပေါင်းများစွာသော အညစ်အကြေး မိလ္လာတွင်းများကို ပိတ်ပစ်ရန် အမိန့်ထုတ်ခဲ့သည်။ ထိုစဉ်ကာလ သက်ဆိုင်ရာက မိလ္လာ ခွန်ကောက်ခံခဲ့သော်လည်း အခွန်ထမ်းများက ပေးဆောင်ခြင်းမပြု ခဲ့ကြပေ။ စင်စစ်၊ အာဏာပိုင်တို့ကလည်း မိလ္လာ သိမ်းစနစ်ကို မြို့တစ်ဝက်ခန့် (မြို့တွင်းနှင့် လမ်းမတော်) လောက်သာ ချမှတ်လုပ်ဆောင်နိုင်ခဲ့သည် ကိုတွေ့ရသည်။ မိလ္လာသိမ်း ဝန်ထမ်းများက အညစ်အကြေးများကို ညအခါ ဗိုလ်တထောင် နှင့် လမ်းမတော်ဆိပ်ခံ တံတားများသို့ သယ်ယူ၍ ဒီရေကျချိန်တွင် စွန့်ပစ်ကြရသည်။

ယင်းသို့ မိလ္လာ အညစ်အကြေးများကို မြို့တွင်းမှ ဖြတ်၍ လှည်းဖြင့် သယ်ယူသည်ကို မြို့လူထုအများစု ကပင် ကန့်ကွက်ကြသည်။ သင်္ဘောအရာရှိများကလည်း ဒီရေဖြင့်ကမ်းသို့ ပြန်တက်လာသော မြင်မကောင်း ရှုမကောင်း ဖြစ်နေသည့် အညစ်အကြေးကိစ္စရပ်များကို သက်ဆိုင်ရာသို့ တင်ပြတိုင်ကြားခဲ့ကြသည်။

သို့ဖြင့် အာဏာပိုင်တို့က အညစ်အကြေးများကို ဆိပ်ခံ သင်္ဘောတံတားနှစ်စင်းအရှည် ဆက်စပ်၍ မြစ်တွင်းသို့ စွန့်ပစ်ခဲ့သော်လည်း ထိရောက်မှုမရှိချေ။ နောက်ပိုင်းတွင် မြေအောက်ပြွန်များ တည်ဆောက်၍ မိလ္လာများ စွန့်ပစ်နိုင်သည့်အထိ အခြေအနေမှာ တစ်စတစ်စ တိုးတက် ကောင်းမွန်လာသည်။

**သောက်သုံးရေရရှိရေး**

ရန်ကုန်မြို့သည် တစ်နေ့တခြား လူဦးရေတိုးတက်များပြားလာသည်နှင့်အမျှ မြို့တော်သန့်ရှင်းရေး၊ သန့်ရှင်းသောသောက်သုံးရေ အလုံအလောက်ရရှိရေး သစ်သားဖြင့် အများဆုံး ဆောက်လုပ်ထားသော အဆောက်အအုံများ၏ မီးဘေး ကာကွယ်ရေးအတွက် ရေအလုံအလောက်ရရှိရေး၊ မြေပေါ်တွင်ဖောက် လုပ်ထားသော ရေမြောင်းများ သန့်ရှင်းရေးတို့အပြင် ခြောက်သွေ့ရာသီများတွင် ဖုန်ထူ သော လမ်းများကို ရေပက်ဖျန်းရေး စသည်များ ဆောင်ရွက်ရန် လိုအပ်လာသည်။

ထိုအချိန်က ကမ်းနားလမ်းရှိ ရေလှောင်ကန်နှင့် ကျုံးမှရေကို လှည်းများဖြင့် သယ်ယူအသုံးပြုရသည့် စရိတ်စကမှာလည်း ကြီးမားလှသည်။ ယင်း အခြေအနေတွင် ဝန်ရှင်တော်မင်းကြီးသည် ကန်တော်ကြီးမှ ရေကို ဆက်သွယ်ရယူနိုင်ရန် ကော်မတီ တစ်ရပ်ဖွဲ့စည်း၍ ဆောင်ရွက်စေခဲ့သည်။ ၁၈၇၇-၇၈ ခုနှစ်တွင် ရေသွယ်ယူမှုလုပ်ငန်းကိုစတင်ပြီး ဗိုလ်တထောင်၊ ပုဇွန်တောင် နယ်မြေများသို့ ရေဖြန့်ဝေနိုင်ခဲ့၏။ တစ်ချိန်တည်းတွင်ပင် ကုက္ကိုင်းတွင် ရေလှောင်ကန်တစ်ကန်ကို ကျပ်ငွေ (၁,၇၇၅,၀၀၀) အကုန်ကျခံ တူးဖော်ရန် ခွင့်ပြုခဲ့သည်။

*** ♦ ***


ဆက်ပါဦးမည်····

မောင်အေးသန့်



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်မနဲ့ သူမ

**မေလတ်ဟန်**

"ဟော···မေမေ···၊ လာထိုင်၊ မေမေလာမယ်ဆိုလို့ ကိုကိုတောင်မှ ဘယ်မှမသွားဘူး။ ကိုကိုရေ··မေမေ ရောက်နေပြီ"

သမီးဖြစ်သူက ကျွန်မကို အပြုံးဖြင့် ညှော့ခံရင်း သူ့လင်သားကိုပါ ကိုကို ဆိုတဲ့ နာမ်စားသုံးပြီး လှမ်းခေါ်လိုက်တယ်။ ကျွန်မက ညှော့ခန်းထဲမှာရှိတဲ့ ဆိပ်မှာချထားတဲ့ ဆက်တီခုံပေါ် ထိုင်လိုက်တဲ့အချိန် သမီးက အရန်သင့် လုပ်ထားတဲ့ ပန်းသီး၊ ကော်ဖီနဲ့ မုန့်လေး ထိုးမုန့်တွေ ချလာတယ်။ သမီးမျက်နှာ ကတော့ ပြုံးလို့။ သမီးကိုမြင်ရတော့ ကျွန်မရင်ထဲ ကျေနပ်ကြည်နူးသွားရ သည်။

"စား···မေမေ၊ ကော်ဖီလည်း သောက်"

"အေး···အေး"

ကျွန်မကြိုက်မှန်းသိတဲ့ ကော်ဖီ ကို အရန်သင့်ဖျော်၊ ကျွန်မဆီကို ကော်ဖီ ခွက်ပေးတယ်။ ကျွန်မက တစ်ကျိုက်သောက်ပြီး ခွက်ကို ပြန်ချတဲ့ အချိန် သမီးရဲ့အိမ်သား ကျွန်မရဲ့သမက် ရောက်လာတယ်။ သူ့ရင်ခွင်ထဲမှာ ကျွန်မရဲ့မြေးကြီးကို ချီလို့···

"လာ···မြေးကြီး···"

ကျွန်မက မြေးကြီး ဖေထွင့်နိုင် ကို လှမ်းခေါ်ပြီး ချီလိုက်တယ်။ မြေးကြီး က ပြုံးလို့၊ ကျွန်မရင်ခွင်ထဲမှာ ငြိမ်လို့။

တကယ်တော့···သမီးဆီကို



www.burmeseclassic.com

www.burmeseclassic.com

တစ်လတစ်ခေါက်တော့ ရောက်ဖြစ်တယ်လေ။ ရောက်တိုင်းလည်း သမီးရော သမက်ပါ တာဝန်ကျေကြပါတယ်။ စားသောက်စရာအပြင် ငွေကြေးဆိုတာ လိုလေသေးမရှိခဲ့ကြတာကို။ ကျွန်မမှာ သားကြီးတစ်ယောက်နဲ့ သမီးတစ်ယောက်ပဲ ရှိခဲ့တာ။ သားကြီးက နေပြည်တော်မှာ၊ အရောင်းအဝယ်လုပ်ကိုင်နေသူ တစ်ဦး။ သားကြီးရဲ့ဇနီးကလည်း ဌာနတစ်ခုမှာ အရာရှိမတစ်ဦး။ သားကြီးကမွေးတဲ့ မြေးမလေးက သက်စိထား။

သားနဲ့ သမီးတို့က စီးပွားရေးအဆင်ပြေကြတယ်လေ။ သမီးက သိမ်ကြီးဈေးမှာ အထည်ဆိုင်ဖွင့်ပြီး ရောင်းနေသလို သူ့လင်သားက ကုမ္ပဏီတစ်ခုမှာ မန်နေဂျာတစ်ဦး။

ဒီတော့···အဆင်ပြေကြတယ်။ အဲသလို အဆင်ပြေလို့လည်း သားကြီးက ကျွန်မအတွက် လစဉ် ငွေတစ်သိန်းအမြဲပို့ပေးသလို သမီးတို့ကလည်း ငွေတစ်သိန်း အမြဲကန်တော့ခဲ့ကြသည်။ တစ်လကို နှစ်သိန်းရနေသည့် ကျွန်မအတွက်ကတော့ ဘုရားသွား၊ ကျောင်းသွားရင်း၊ အလှူအတန်းပေးရင်းနဲ့သာ ကုန်ခဲ့တာများတယ်။

အရင်တုန်းက ကျွန်မယောက်ျား ရှိစဉ်ကတည်းက အဆင်ပြေခဲ့ကြပါတယ်။ ကျွန်မကလည်း အစိုးရဝန်ထမ်း။ ကျွန်မယောက်ျားကလည်း အစိုးရဝန်ထမ်း။ သားကြီးမွေးပြီး သမီးငယ်ကိုယ်ဝန်ရှိစဉ်မှာပဲ ကျွန်မယောက်ျား တိမ်းပါးသွားခဲ့ပြီးသည့်နောက် သားသမီးနှစ်ယောက်နဲ့ ပြည့်စုံတဲ့ ဆွေမျိုးအလယ်မှာ နေခဲ့ရတယ်။ နောက်တော့···

သားကြီးရော သမီးငယ်ပါ ကျွန်မစိစဉ်တဲ့အတိုင်း ကျွန်မပေးစားတဲ့သူတွေနဲ့ အိမ်ထောင်ပြုခဲ့ကြတာ။

ပြောရမယ်ဆိုရင် ကျွန်မရဲ့စကားကို သားကြီးရော သမီးငယ်ပါ နားထောင်ခဲ့ကြတယ်ဆိုတော့ လိမ္မာတယ်လို့ ပြောရမယ်လေ။ ကျွန်မလည်း စိတ်ချမ်းသာ သားရောသမီးပါ စိတ်ချမ်းသာတယ်။ ပြောရရင် ကံကောင်းတယ်။ သားအတွက် ချွေးမရှာတာရော၊ သမီးအတွက် သမက်ရှာတာရော···။ ကျွန်မရှာပေးတဲ့သူတွေက ရိုးသား၊ ကြိုးစားကြသူတွေလေ။ ပြီးတော့···သူတို့အချင်းချင်းလည်း သိပ်ချစ်ကြသူတွေဆိုတော့ ရေမြင့်တော့ ကြာတင့်ဆိုသလို နေနဲ့လ ရွှေနဲ့မြ လိုက်ဖက်တဲ့ အိမ်ထောင်သည်တွေ ဖြစ်နေကြပြီ။

အဲ···သားကြီးနဲ့ သမီးငယ် အိမ်ထောင်ကျပြီးနောက်မှာတော့ သားကြီးက နေပြည်တော်ကိုပြောင်း။ သမီးငယ်က သူ့စီးပွားရေးနဲ့သူ။ သူ့လင်သားနောက်လိုက်သွားကော။ နေခဲ့ကြတဲ့ တိုက်ခန်းမှာ ကျွန်မတစ်ဦးတည်း···။

"မေမေ···ဒီမှာ တစ်ဦးတည်း ပျင်းရင် သားကြီးတို့နဲ့ နေပြည်တော် လိုက်နေပါနော်"

သားကြီးက တောင်းဆိုခဲ့ပေမယ့် ကျွန်မ မလိုက်ခဲ့ပါဘူး။

သမီးငယ်ရဲ့ မိသားစုကလည်း သူတို့နဲ့လိုက်နေဖို့ ခေါ်ပါတယ်။ ကျွန်မက သားကြီးဆီလည်း လိုက်မနေ၊ သမီးငယ်ဆီလည်း လိုက်မနေ···။

"ကဲပါကွယ်···သားကြီးရော သမီးငယ်ပါ မေမေ တောင်းပန်ပါတယ်။ သားကြီးဆီလည်း မနေပါဘူး။ သမီးငယ်ဆီလည်း မနေပါဘူး။ မေမေလေ အေးအေးချမ်းချမ်းလေးပဲ တစ်ဦးတည်း နေပါရစေ။ မေမေ့အပေါ် သားရော သမီးပါ ကျေးဇူးသိတတ်တာ မေမေသိပါတယ်။ ဝမ်းလည်းသာပါတယ်၊ သာဓုလည်း ခေါ်ပါတယ်ကွယ်"

ကျွန်မ တောင်းပန်လိုက်ရတယ်လေ။ နောက်တော့ သားကြီးက လစဉ် တစ်သိန်းပို့မယ်။ သမီးငယ်ကလည်း လစဉ် တစ်သိန်းကန်တော့မယ်ဆိုပြီး နေခဲ့ကြတာ။ ကျွန်မကတော့ သားကြီးဆီ မရောက်ဖြစ်ဘူးလေ။ သားကြီးတို့မိသားစုလာမှ တွေ့ဖြစ်တာ။ သမီးငယ်မိသားစုဆီတော့ တစ်လတစ်ခေါက်တော့ ရောက်ဖြစ်တယ်။ ခုဆို သမီးငယ်မှာ သားတစ်ယောက် မွေးထားပြီးလို့ နောက်ထပ် ကိုယ်ဝန်တောင် ရနေပြီလေ။ ရောက်တိုင်းလည်း တာဝန်ကျေကြပါတယ်။

အခု ဘာကြောင့်ရယ်မသိ။ မနေ့ညက ကျွန်မဆီကို သမီးငယ်က ဖုန်းဆက်တယ်။ မေမေ မနက်ဖြန်လာခဲ့ပါတဲ့။ ကျွန်မလာခဲ့ရတယ်လေ···။

▱▱▱

"မေမေ···စားလေ···"

သမက်ဖြစ်သူက ကျွန်မကို သမီးခေါ်တဲ့အတိုင်း မေမေဆိုတဲ့ နာမ်စားသုံးရင်းခေါ်သည်။ ဒီလိုခေါ်တာကလည်း သူတို့ ရပြီးကတည်းက ခေါ်ခဲ့တာ သမက်ဖြစ်သူမှ မဟုတ်ဘူး။ သားကြီးရဲ့ဇနီးကလည်း ကျွန်မကို မေမေလို့ ခေါ်ကြတာလေ။ ကံကောင်းခဲ့တဲ့ကျွန်

www.burmeseclassic.com

သားကြီးအတွက်ရော သမီးငယ်အတွက်ရော သူတို့ သူတို့ မိသားစုအတွက် အားလုံးစိတ်ချမ်းသာမှုတွေ ရစေတဲ့ ကျွန်မ။ ကံကောင်းတယ်လို့ ပြောရမယ့် ကျွန်မ…။

လင်သားဖြစ်သူ သိတတ်လွန်းတော့ သမီးဖြစ်သူက ဂုဏ်ယူတဲ့အပြုံးနဲ့ ပြုံးနေရှာတာပေါ့လေ။ တစ်ဦးနဲ့တစ်ဦး နားလည်မှုဆိုတဲ့ မိသားစုရဲ့ အေးချမ်းမှုရဲ့အရသာက ဒါမျိုးပဲထင်ပါရဲ့။

"ကဲ…မေမေ့ကိုခေါ်တဲ့ ကိစ္စက"

"ကိုကို…ပြောလိုက်လေ"

ကျွန်မ မေးတော့ သမီးက သူ့လင်သားကို စစ်ကူးတောင်းလိုက်သည်။

"ဒီလို မေမေရဲ့…မေမေကတော့ မေမေတို့နေတဲ့ တိုက်ခန်းဆိုပြီးတော့ တစ်ဦးတည်းနေတာ ဟုတ်ပါတယ်။ သားတွေ၊ သမီးတွေက ပစ်ပယ်မထားကြဘူးဆိုတာလည်း ပတ်ဝန်းကျင်ရော ဆွေမျိုးတွေရော နားလည်ကြပါတယ်"

"အဲဒီတော့ ဘာဖြစ်လဲ သားရဲ့"

ကျွန်မက ပြန်မေးလိုက်တယ်။ သူတို့ပြောချင်တဲ့ အဓိပ္ပာယ်ကို ကျွန်မ နားမလည်နိုင်သေးဘူး။

"ဒီလို မေမေရဲ့။ သားတို့ တိုင်ပင်ပြီးမှ မေမေ့ကို ခေါ်တာပါ။ ဟိုလေ မေမေ တစ်ဦးတည်းနေရတာကြောင့် ကို…အိမ်ဖော်တစ်ဦး ခေါ်ထားတယ် မေမေ။ အဲဒါ နှစ်ရက်၊ သုံးရက်နေရင် ဘာပို့လိမ့်မယ်။ ပွဲစားနဲ့ ပြောထားတာ ကြာပြီ။ အဲဒါ ပွဲစားက ရှာထားတယ် တဲ့။ အစစအရာရာ အားလုံး တာဝန် သွားတယ်တဲ့။ သိလား။ ဟို…မေမေ အဲဒါတော့ လက်ခံရမယ်နော်"

သမက်ဖြစ်သူက သူတို့စီစဉ်သည့်အတိုင်း ပြောရင်း အစီအစဉ်ကို လက်ခံဖို့ ပြောလိုက်တယ်။ သမီးက ဝင်ပြောလိုက်တယ်။

"ဟုတ်တယ် မေမေ။ သာရေးနာရေး သွားတာမျိုး၊ ဥပုသ်သီလစောင့်သွားတဲ့အခါမျိုးမှာဆိုရင် အခန်းမှာ အစောင့်ကျန်ခဲ့မှ။ ပြီးတော့…မေမေ့ အဝတ်အစားလျှော်ဖွပ်တာ၊ မေမေ့အတွက် ချက်ရေးပြုတ်ရေးအထိပေါ့။ အဲဒါကြောင့် အိမ်ဖော်ခေါ်လိုက်တာ မေမေရဲ့။ အိမ်ဖော်အတွက် လစာကို သမီးတို့က ပေးမှာ"

"ဟုတ်ပါတယ် မေမေ။ အိမ်ဖော်လေးရှိတော့ စိပ်ပုတီး ဖြောင့်ဖြောင့် စိပ်နိုင်တယ်လေ။ အဝတ်လျှော်ရတာ၊ ချက်တာပြုတ်တာ တာဝန်ပေါ့သွားတာပေါ့။ ကောင်မလေးက အစစအရာရာ အားလုံးလုပ်ပေးလိမ့်မယ်နော် မေမေ"

သမီးနဲ့သမက်က ဆက်တိုက်ဆိုသလို ပြောလာကြတော့ ကျွန်မပြုံးမိသည်။ သူတို့အစီအစဉ်က ကောင်းပါတယ်။ လက်ခံပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ချက်ရပြုတ်ရ၊ ဈေးဝယ်ထွက်ရတာက တစ်မျိုးလုပ်။ ဆွမ်းတော်ကပ်၊ ပုတီးစိပ်ရတာတစ်လုပ်၊ လျှော်ရဖွပ်ရတာတစ်လုပ်၊ လူမှုရေးသွား၊ ဥပုသ်သီလ စောင့်ရတာတစ်လုပ်…။

ခုလို အိမ်ဖော်လေးရှိတော့ လျှော်ရဖွပ်ရ၊ ချက်ရပြုတ်ရ သက်သာတော့ တခြားအလုပ် ပိုလုပ်နိုင်တာပေါ့လေ။

"အင်း…သားတို့၊ သမီးတို့ ကောင်းသလို စီစဉ်ကြလေ။ ဟုတ်ဘူးလား။ စာရိတ္တကောင်းကောင်းလေးနဲ့ လိမ်လိမ်မာမာနဲ့ အလုပ်ကြိုးစားတဲ့ မိန်းကလေးဆိုရင် မေမေကျေနပ်ပါတယ်။ လက်ခံပါတယ်။ သမီးရယ်…နော်"

"ဒီလို မေမေရဲ့။ ဒီလိုစီမံတာကို သမီးတို့နှစ်ဦးတည်း မဟုတ်ဘူး။ နေပြည်တော်က ကိုကိုကြီးတို့နဲ့ တိုင်ပင်ပြီးမှ စီစဉ်တာ။ ကိုကိုကြီးကလည်း အဲဒါသိပ်ကောင်းတယ်။ မေမေ့အတွက် အမြန်စီစဉ်လိုက်လို့ ပြောတယ်လေ။ အဲဒါနဲ့ ပွဲစားကိုခေါ်ပြီး လူရှာခိုင်းရတာ"

သမီးကပြောရင်း ကျွန်မကို ပြုံးကြည့်နေတယ်။ ဩော်…သားကျိုး သမီးကျိုး ကံကောင်းတဲ့ ကျွန်မ။ ဘုရားတစ်ဆူ ဂူတစ်လုံး ထားခဲ့ကြတဲ့ သားသမီးတွေရဲ့ ကျေးဇူးသိတတ်မှုက ကျွန်မအတွက်တော့ အကုသိုလ်ကင်းတဲ့ ကုသိုလ်မြေကိုပဲ အမြဲနင်းနေရတာတယ်လို့ပဲ ထင်ခဲ့မိတယ်။

စကားစမြည်ပြော မနက်စာစားပြီးတော့ သမက်က ကျွန်မကို သူ့ကားနဲ့ လိုက်ပို့မယ်လို့ ပြောခဲ့တယ်။

"ဟင့်အင်း…မေမေ့ဘာသာ လိုင်းကားစီးရင် လူတွေရဲ့ဘဝ အရင်းအမြစ်ဒုက္ခကို ခံစားရင်း ပြန်မယ်။ ဘယ်သူမှ လိုက်မပို့ကြနဲ့"

"ဖြစ်ပါ့မလား မေမေရယ်…"

"လိုင်းကားတွေ ကျပ်ပါ့ဘိနဲ့"

"ရပါတယ်သမီးရယ်…အဲဒါမှ ဘဝအရင်းအမြစ်အမှန်ကို သိရတာလေ။ ငါပြည့်စုံတယ်၊ ချမ်းသာတယ်၊ ဂုဏ်ငွေရှိတယ်ဆိုပြီး ဇိမ်ခံကားနဲ့ပဲ သွား၊ တိုက်ပေါ်ကတိုက် အောက်မဆင်းရင် ဘယ်တော့မှ ဆင်းရဲသားတွေရဲ့

www.burmeseclassic.com

ဘဝသရုပ်ကို မသိနိုင်ဘူးလေ။ အခု မေမေက လူသားတွေရဲ့ ဘဝ အနိမ့်အမြင့် ရယ်သံငိုသံတွေကို ကြားချင်လို့”

ကျွန်မက အဲသလို ပြောတော့ သမီးနဲ့သမက်က ရယ်ကြတယ်။ ကျွန်မကလည်း ကိုယ့်စကားကို ဘာပြောလို့ ဘာပြောမှန်း မသိအောင်ဖြစ်လို့ ပြုံးမိသွားပြန်ရော။

နောက်တော့ သမီးတို့ကိုနှုတ်ဆက်၊ မြေးကြီးကိုနမ်း။ သမီးကိုလည်း ကိုယ်ဝန်ကို ဂရုစိုက်ဖို့မှာ...။

ပြန်ခဲ့တဲ့ ကျွန်မ။

လိုင်းကားစီးပြီး ပြန်ခဲ့တဲ့ ကျွန်မ။

□□□

လိုင်းကားဆိုတော့ ထုံးစံအတိုင်း ကျပ်မှကျပ်။ လူငွေ့ရှိက်တော့ ချွေးတွေထွက်လာတယ်။ ချွေးနံ့၊ လူနံ့တွေ၊ ညည်းညူသံတွေ၊ ရယ်မောသံတွေ၊ လောဘအသံ၊ မောဟအသံတွေက အပြည့်။ ခရီးသွားတွေရဲ့ မျက်လုံးတွေထဲမှာ လိုအပ်ချက်တွေ အပြည့်။ လူတွေပါးစပ်က ထွက်လာတဲ့ စကားလုံးတွေထဲမှာ တပ်မက်မှုတွေ အပြည့်။

မှတ်တိုင်ကတက်တက်ချင်း ထိုင်ခုံမှာ လူအပြည့်။

“အဘွား...အလယ်ကို တိုးစီးပေးပါ အဘွားနော်”

“အေး...အေး”

ကျွန်မက စပယ်ယာကို ပြန်ပြောရင်း အနည်းအကျဉ်းတိုးတိုးပြီး ရွှေ့လိုက်တယ်။ နောက်မှာလည်း လူက အပြည့်ဆိုတော့ ဆက်တိုးလို့ မရတော့ဘူး။ ထိုင်ခုံတွေဆီ မျက်လုံးဝေ့ဝေ့ကြည့်ပြီးတော့ လူလတ်ပိုင်း လူငယ်ပိုင်းတွေချည်း။ သူတို့ကိုလည်း အသေအချာမကြည့်ရဲဘူး။ ကြည့်မိရင် သူတို့က ကျွန်မကို နေရာဖယ်ပေးလေမလားဆိုပြီး အသနားခံတဲ့အကြည့်နဲ့ ကြည့်တယ် ထင်မှာစိုးတယ်လေ။ ဒါကြောင့် ကားအပြင်ကိုဘဲ ငေးကြည့်ရင်း အပေါ်က တန်းကို မြဲမြဲဆုပ်ကိုင်ရင်းနဲ့ ပါလာခဲ့တဲ့ ကျွန်မ...

“အဟင့်...မေမေ...”

“ဘာလဲ သမီးရဲ့ ပြော...”

ခပ်ချွဲချွဲ ခပ်နွဲ့နွဲ့ အသံကြောင့်ရော၊ ခပ်ပျစ်ပျစ် အာလုတ်သံကြောင့်ရော အပြင်ကို ကြည့်နေမိတဲ့ ကျွန်မ အဲဒီအသံတွေကြောင့် ကြည့်မိတော့ ကျွန်မရှေ့တည့်တည့်ဆီက အသံတွေဖြစ်နေတယ်။ နှစ်ယောက်ထိုင်ခုံမှာ ထိုင်နေကြတာ။ ကျွန်မနဲ့ကပ်လျက်က မိန်းမကြီး။ သူ့ဘေးမှာ အသက် ၁၅/၁၆ နှစ်ခန့်အရွယ်။ ကြည့်ရတာ သားအမိပဲ ဖြစ်ရမယ်။ မျက်နှာပေါက်ချင်း ဆင်တယ်။

အသေအချာကြည့်တော့ ကောင်မလေးက မဖြူမညို အသားအရေနဲ့။ ဒါပေမဲ့ အပေါ်စားမိတ်ကပ်ကို လိမ်းခြယ်ထားသလို၊ အပေါ်စား နှုတ်ခမ်းနီ ဆိုးဆေး ဆိုးထားတယ်။ အဝတ်အစားကိုကြည့်တော့ စကတ်တိုတိုလေးနဲ့ အိတ်လေးကို လွယ်ထားတယ်။ အပေါ်စားဖုန်းကို ကိုင်လို့။

“ပြောလေ သမီးရဲ့”

“ဒီလို ဖုန်းမျိုး မကိုင်ချင်ပါဘူး ဆိုနေ။ ဖေဖေက ဖုန်းလဲပေးမယ်ပြောပြီး လဲလည်းမလဲပေးဘူး တကယ်ပဲ”

“သမီးရယ်...ဖေဖေက ကုမ္ပဏီအလုပ်တွေနဲ့ဆိုတော့ မအားသေးဘူးလေ။ ခရီးသွားရာက အပြန်ကျမှ ဝယ်ပေးမယ်လို့ ပြောထားတယ်လေ”

“ဟင်...အဲသလိုပြောတာ သုံးလေးလရှိပြီ။ ဒီဖုန်းကိုင်ရတာ သိပ်အဆင်မပြေဘူး။ ဒီတစ်ခါ ဖေဖေပြန်လာရင် လဲပေးဖြစ်အောင် လဲပေးဖို့ပြီး ပူဆာမှဖြစ်မှာ”

“အေးပါ။ မေမေကလည်း သမီးဖေဖေကို ကူပြောပေးပါ့မယ်။ ဟန်းဆက်ကောင်းကောင်းလေး ဝယ်ပေးလိုက်ဆိုပြီး ပြောပေးပါ့မယ်”

သူတို့က သားအမိဆိုတာ သေချာပြီ။ ကျွန်မ သူတို့စကားကို နားထောင်ရင်းရှိစဉ် စကားပြတ်သွားကြသည်။ အဲဒီအချိန် ကောင်မလေးက သူ့ဖုန်းကိုကိုင်ရင်း မျက်နှာပြင်ကို ကြည့်မှန်လို သဘောထားပြီး သူ့ကိုယ်သူ အလှပြင်နေတယ်။ အတော်ကြာတဲ့ အထိ ကြည့်နေပုံက အမြင်ကတ်စရာတော့ ကောင်းသား။ ဘေးလူတွေကတော့ သူတို့ပြောနေတဲ့ စကားနဲ့ သူတို့ရဲ့ အသွင်အပြင်ကိုကြည့်ပြီး ပြုံးနေကြပြန်ရော...။

“မေမေ...”

“ပြော...”

“တော်ဝင်စင်တာမှာ ဖက်ရှင်တွေရောက်နေပြီ။ သုံးသောင်းကျပ်ပဲရှိတယ်တဲ့။ ဖိနပ်လည်း ဝယ်ချင်သေးတယ်။ ပြီးတော့ စတော်ကင်ရော။ အခု ဝင်ပြီး ဝယ်မလား မေမေ”

ကောင်မလေးက ပြောရင်း သူ့လက်ထဲက ခလုတ်ဖုန်းလေးကို ဟိုပွတ်ဒီပွတ် လုပ်နေတယ်။ အမေဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားဟန်ပြုရင်းနဲ့ . . .

"အိမ်မှာလည်း အဝတ်အစားတွေ ပုံနေတာပဲ သမီးရယ်။ နောက်မှ ဝယ်လေ"

"ဟာ . . . မေမေကလည်း။ သန်ဘက်ခါဆိုရင် သမီး အလုပ်ဝင်ရတော့မယ်လေ ကုမ္ပဏီမှာ အလုပ်ဝင်ရင် ဝတ်စုံက ဝယ်ရဦးမယ်"

"အေးပါ သမီးရယ်၊ အဲဒီအခါကျမှ ကြည့်စီစဉ်တာပေါ့"

သူတို့သားအမိနှစ်ယောက်က လေမုန်တိုင်း ထန်နေကြတာ။ ဘေးလူတွေ ပြုံးသူပြုံး မဲ့သူမဲ့။ တကယ့်ကို အမြင်ကတ်၊ အသည်းယားလောက်တဲ့ စကားလုံးတွေ။ ကျွန်မ အသာပဲ နားထောင်ရင်း ဟို . . . အပြင်ကို ငေးကြည့်နေမိတာ။ တကယ်ဆိုရင် ကျွန်မက အဘွားအရွယ်။ နေရာလေး ဖယ်ပေးရမှာ။ ခုတော့ အာလူးဖုတ်ရင်းနဲ့ ပဲကြီးလှော်ဝါးနေတဲ့ သားအမိ . . .။

နောက်ဆက်တွဲ စကားတွေကတော့ မိုးတစ်လုံး လေတစ်လုံး မိုးမဆုံးမြေမဆုံး . . .

□□□

နှစ်ရက် အကြာမှာတော့ သမီးတို့သင်မယား ကားနဲ့ရောက်လာပြီး ကျွန်မအတွက် အိမ်ဖော်ကောင်မလေးလာပို့တယ်။ အိမ်ဖော်ကောင်မလေးကို မြင်ရတော့ ဘုရားတမိတယ်။ ဟိုနေ့က သမီးဆီကအပြန် လိုင်းကားပေါ်မှာ တွေ့ခဲ့ရတဲ့ ကောင်မလေး။ တော်ဝင်စင်တာ ဈေးဝယ်မယ်ဆိုတဲ့ ကောင်မလေး။ ကုမ္ပဏီမှာ အလုပ်ဝင်ရတော့မယ်ဆိုတဲ့ ကောင်မလေး။ ဖုန်းအစုတ်မကိုင်ချင်ဘူးဆိုတဲ့ ကောင်မလေး။ အဲဒီကောင်မလေးနှင့်အတူ ပွဲစားဒေါ်မြမြ ပြီးတော့ ကောင်မလေးရဲ့ မိခင်ဆိုသူလည်း ပါသေးတယ်လေ။

လူဆိုတာ ကိုယ့်အထွာနဲ့ ကိုယ့်ဘဝမှာ မီးစင်ကြည့်ပြီး ကကြရသည့် သားကောင်တွေပဲ မဟုတ်လား။ အခုတော့ လူကြားသူကြား ဘေးလူအထင်ကြီးအောင်ပြောရင်း သကြံန်အမြောက်လုပ်တာ၊ ဝါးလုံးခေါင်းထဲလသော၊ တစ်မျိုးတော့ မြင်ရကြားရသူအတွက် အမြင်ကတ်စရာကောင်းသည်ဟု နားလည်သင့်သည်လေ။ ဘာပဲဖြစ်ဖြစ် မိမိလုပ်ရမည်က သူတစ်ပါးအိမ်မှာ အခိုင်းစေခံအလုပ်။ ကိုယ့်ဘဝကိုသိရက်နဲ့ အသားလွတ်ကြီး ကြွားတာမျိုးကတော့ လွန်လွန်းသည်ဟု ထင်သည်လေ။

ကျွန်မက မသိချင်ယောင်ဆောင်နေလိုက်ရတယ်။ ကောင်မလေးရဲ့အမည်ကို မေးကြည့်တော့ ချိုမာတဲ့။ အဲဒီကောင်မလေးနှင့် ကျွန်မ အရှည်ဆက်ဆံလို့ ရပါ့မလား။ ဆန်မရှိ ဇာက်စားကြီး ခပ်ကြွားကြွားနေချင်တဲ့ ချိုမာနဲ့ဖြစ်ပါ့မလား။

ဘုရားတရင်း ကျွန်မ ကောင်မလေးကိုပဲ ငေးကြည့်ရင်း သတိမေ့နေသလိုလို . . .။

တစ်ချိန်ချိန်တော့ ချိုမာဆိုသည့် ကောင်မလေးကို အကြောင်းစုံပြောရင်း ဆုံးမရပါလိမ့်ဦးမည် . . .။

**မေလတ်ဟန်**


## ပဋ္ဌာန်းရွှေကျမ်းရတနာဒီပံ
# ရွှေအလင်းတိုင်

ပဋ္ဌာန်းဆက် အားကောင်း၍ လူ့ဘုံလောကတွင် ကျင်လည်နေထိုင်လျက်ရှိကြသော ပါရမီရှင်များအတွက် အားထားစရာ ပဋ္ဌာန်းရွှေကျမ်း ရတနာဒီပံ ရွှေအလင်းတိုင် ပေါ်ထွက်လာပါပြီ။

ဤသို့ ပေါ်ထွက်ရအောင်လည်း ပဋ္ဌာန်းရွှေကျမ်းကျင့်စဉ်ကို အဓိဋ္ဌာန်တင် သမထစွမ်းအင်ဖြင့် စီမံ၍ထားသဖြင့် ပါရမီရှင်များ လိုအပ်သော ကိစ္စအဝဝကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

အထူးသဖြင့် လျှို့ဝှက်စီမံထားသော ဂမ္ဘီရပစ္စည်းတစ်မျိုးနှင့် တွဲဖက်၍ စီမံထားပါသည်။ အသေးစိတ်သိလိုသူများ လူကိုယ်တိုင်ကြွရောက်၍ မှာယူနိုင်ပါသည်။

----- ဆက်သွယ်ရန် -----

**ရောင်ပြန်မဂ္ဂဇင်းတိုက်**

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၁၀၂၂၃၃၁




www.burmeseclassic.com

www.burmeseclassic.com

# ဗေဒင်ပညာနှင့် ကံ-ဉာဏ်-ဝီရိယ

## ဇာတာအမှတ် (၃)

ဂုရုအောင်

ဤဇာတာရှင်သည် ကျွန်ုပ်နှင့် အလွန်ရင်းနှီးသော ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။ ၎င်းပုဂ္ဂိုလ်ကြီး မုံရွာဦးသိန်းထိုက်သည် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ခန့်ကြာ (၈·၄·၁၉၈၈) က ကျွန်ုပ်ထံတွင် ပထမဦးဆုံးအကြိမ် ဗေဒင်မေးခဲ့ပါသည်။ ထိုစဉ်က ၎င်း၏ စီးပွားရေးအခြေအနေမှာ သာမန်အဆင့်ဖြစ်သည့် (မရှိမရှား) အခြေအနေမျိုးတွင် ရှိနေခဲ့သော်ငြားလည်း ယခုအခါတွင်မူ ကံ၊ ဉာဏ်၊ ဝီရိယတို့၏ အထောက်အပံ့ကောင်းများကြောင့် တိုးတက်ကြီးပွားကာ အဆင့်အတန်းမြင့်မြင့်နှင့် နေနိုင်သည့် အခြေအနေသစ်သို့ ကူးပြောင်းရောက်ရှိနေခြင်းမျိုးကို ကိုယ်တွေ့မျက်မြင်အရ တင်ပြပေးလိုက်ခြင်း ဖြစ်ပါသည်။

မွေးဖွားသည့် (ခု၊ လ၊ နှစ်၊ ရက်နေ့၊ မွေးချိန်နာရီ၊ မွေးဖွာသည့်ဒေသ)တို့အရ တွက်ရဇာတာတွင် ဇာတာရှင်၏ ကိုယ်ပွားအမှတ်ဖြစ်သော လဂ်သည် တူရာသီ ၆ အံသာခန့်၌ ရပ်တည်လျက် စိတြနက္ခတ်ပါဒ်ပြည့်ကို စီးနေပါသည်။ ၎င်း လဂ်စီးနက္ခတ်၏ အကျိုးပေးပုံမှာ ဆန်းကြယ်တွေတွေ အကျိုးတွေ ပေးစေတတ်၏ဆိုဟူ၍ ဖွင့်ဆိုထားပါသည်။ တူရာသီလဂ်၏ သဘာဝစရိုက်ကတော့ မျှတခြင်း အကင်းပါးခြင်း ဖြောင့်မတ်မှန်ကန်ခြင်း၊ စီရင်ဆုံးဖြတ်ချက်ကောင်းခြင်းနှင့် လက်တွေ့ဆောင်ရွက်လုပ်ကိုင်ရာတွင် စည်းကမ်းစနစ်ရှိမှုကြောင့် တစ်နေ့ရာမဟုတ် တစ်နေ့ရာတွင် အခြေအနေကောင်းပြီး နေရာကောင်းသို့ တိုးမြှင့်ရောက်ရှိသွားရခြင်းမျိုးကို တွေ့ကြုံရရှိခံစားရတတ်ပေသည်ဟူ၍ ဖြစ်ပါသည်။

၎င်းပြင် လဂ္ဂနအရှင်ဂြိုဟ် သောကြာသည် သိဟ်ရာသီတွင် ရပ်တည်၍ နေပြန်ပါသေးသောကြောင့် မနဥစ္စာပါသည့် အိမ်ထောင်ဘက်မျိုးနှင့် ပေါင်းဖက်နေထိုင်ရတတ်သည်ကိုလည်းကောင်း၊ ဘာဝစက်ဇာတာတွင်လည်းကောင်း၊ သောကြာသည် ၁၁ တန့် လာဘဘာဝတွင် ကြာသပတေးဂြိုဟ်ကြီးနှင့် အတူတကွ ရပ်တည်၍နေသောကြောင့်လည်း ဖွံ့လုံ့လရှိလျက် ကြီးပွားချမ်းသာသည့် အခြေအနေဘက်သို့ ရောက်ရှိလိုသည့် ရည်မှန်းချက်မျိုး ရှိနေသလို လက်တွေ့ကြိုးစား၍ လုပ်ဆောင်နိုင်မှုကြောင့်လည်း ကံကောင်းလျှင် အမှန်တကယ် ကြီးပွားချမ်းသာသည့် အခြေအနေသစ်သို့ ရောက်ရှိသွားရမည်ကိုပင် ညွှန်ပြနေပါသည်။

အထူးဖော်ပြအပ်သည်မှာ ၎င်းဘာဝစက် ဇာတာတွင် တူရာသီလဂ်အဖို့ ၉ တန့် သုဘဘာဝမှသည် ၁ တန့် တနုဘာဝသို့အထိ ဘာဝ ၅ အိမ်တို့၌ တနင်္လာဂြိုဟ် စန္ဒြလဂ်မှအပ ဂြိုဟ်များ တစ်ဆက်တစ်စပ်တည်း ရပ်တည်၍ နေကြသောကြောင့် ပါသယုဂ်ကို ရရှိနေသလို ကုမ်ရာသီ တနင်္လာဂြိုဟ် စန္ဒြလဂ်မှ သုံးသပ်ပြန်ပါကလည်း ၄ တန့် ဗန္ဓုဘာဝ ပြိဿရာသီမှ ၈ တန့် မရဏဘာဝ ကန်ရာသီသို့တိုင်အောင် ဂြိုဟ်များ အကြားမလပ် ရပ်တည်လျက်ရှိနေကြသေးသောကြောင့်လည်း ပါသယုဂ်ကိုပင် ရရှိနေပြန်ပါသည်။ ၎င်းပါသယုဂ်၏ အနက်အဓိပ္ပာယ်မှာ အကြောင်းကိစ္စ တစ်စုံတစ်ရာနှင့် ပတ်သက်၍ သက်ဆိုင်ရာ သက်ရှိသက်မဲ့ အရာဝတ္ထုတို့ကို ကောင်းမွန်သည့် စေတနာရည်ရွယ်ချက်ဖြင့်ဖြစ်စေ မကောင်းသည့် စေတနာရည်ရွယ်ချက်ဖြင့်ဖြစ်စေ ဖမ်းဆီးချုပ်နှောင်ရာတွင် ရုန်းထွက်ပြီး လွတ်မြောက်မသွားနိုင်အောင် အသုံးပြုရသော ကြိုးများ၊ သစ်သား၊ ကြိမ်ဝါး စသည်တို့၌ တင်ကြိုပြီး စီမံပြုလုပ်ထားရသည့် ကွင်းလျှောတစ်မျိုးဖြစ်ပါသည်။ အကျိုးပေးပုံမှာ ချမ်းသာကြွယ်ဝမှုနှင့် ဆွေမျိုးတို့အား ကူညီထောက်ပံ့နိုင်မှု စသည်တို့ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ပြင် ဆက်သွယ်ရေးဂြိုဟ်ဗုဒ္ဓဟူးသည် တူရာသီ လဂ်မှ ၁၂ တန့် ဗျယဘာဝဖြစ်သည့် မိမိပိုင် ဥစ်ရာသီတွင် ရပ်တည်၍နေသောကြောင့် အဆက်အသွယ်ကောင်း ရရှိကာ ဌွဲလုံ့လအနည်းငယ်စိုက်၍ လုပ်ကိုင်ရုံမျှနှင့်ပင် ဆင့်ကဲဆင့်ကဲ အောင်မြင်မှုများ ရရှိပြီး တိုးတက်ကြီးပွားသည့် အဆင့်သို့ ရုတ်တရက်အားဖြင့် ပြောင်းလဲရောက်ရှိသွားစေနိုင်သည့် ဝိပရိသရာဇယောဂ်ကိုလည်း ရရှိနေပြန်ပါသေးသည်။

ဤသို့အားဖြင့် ဖော်ပြပေးခဲ့ပြီးသည်တို့မှာ လဂ်တည် ရာသီများ ဂြိုဟ်စီးနက္ခတ်များနှင့် ယောဂ်များ၏ သဘာဝအကျိုး ပေးပုံများ ဖြစ်ကြပါသည်။ ယခုမှစ၍ အခြေခံဇာတာများနှင့် တကွ ကံ-ဉာဏ်-ဝီရိယတို့နှင့် သက်ဆိုင်သည့် ဂြိုဟ်များ ရပ်တည်နေပုံတို့ကို မူလ တူရာသီလဂ်မှရော ကုမ်ရာသီ တနင်္လာဂြိုဟ် စန္ဒြလဂ်တို့မှပါ အကျိုးပေးပုံများနှင့် ယှဉ်တွဲ လျက် ဆက်လက်ဖော်ပြပေးလိုက်ပါသည်။

### ဇာတာအမှတ် - ၃


(ဖွား) မြန်မာသက္ကရာဇ် ၁၃၀၅ ခုနှစ်၊ သီတင်း ကျွတ်လဆန်း ၁၃ ရက် ခရစ်သက္ကရာဇ် ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၁ ရက် တနင်္လာနေ့ နံနက်စက် ၇ နာရီတိတိအချိန်တွင် မုံရွာမြို့၌ ဖွားမြင်ခဲ့ပါသည်။

(ကံ) အတိတ်ကံနှင့် ပတ်သက်၍ ပါပဂြိုဟ်ကြီး စနေသည် ၉ တန့် သုဘဘာဝဖြစ်သည့် မိတ်အိမ် မေထုန် ရာသီတွင် ဝဂ္ဂအားဖြင့် ရပ်တည်၍နေသောကြောင့် ကောင်းကံ များနှင့် အခါအားလျော်စွာ လွဲချော်ရတတ်သည်ကို ဖော်ပြနေ သည်။ သို့ရာတွင် ၎င်းစနေဂြိုဟ်သည် တူရာသီလဂ်အဖို့ ကောင်းကျိုးပြုသည့် ယုဂ်ဂြိုဟ်လည်း ဖြစ်နေပြန်ပါသေး သောကြောင့် ကိုယ်ပိုင်အရည်အချင်းနှင့် ကြိုးစားလုပ်ဆောင် နိုင်မှုဖြင့် ပစ္စည်းရှင်အဖြစ်သို့ တဖြည်းဖြည်းချင်း ရောက်ရှိ သွားနိုင်သည်ကိုလည်း ဖော်ပြနေပါသည်။ ဤတွင် ယင်းစနေ ဂြိုဟ်ကြီးသည် ဘာဝစက် ဇာတာတွင် အင်္ဂါဂြိုဟ်နှင့် ၇ အံသာခန့် အနီးကပ်နှင့် ပူးယှဉ်လျက်ရှိနေပြန်ပါသောကြောင့် လူမှုဆက်ဆံရေး ကျဲပါးတတ်သည်ကို ဖော်ပြနေပါသည်။

(ကံ) ပစ္စုပ္ပန်ကံ တစ်နည်း အလုပ်ကံနှင့် ပတ်သက် ၍ ဘာဝစက် ဇာတာတွင် ၁၀ တန့် ကမ္မဘာဝဖြစ်သည့် ကြကင့်ရာသီ၌ ရာဟုဂြိုဟ်ကြီး ရပ်တည်၍နေသောကြောင့် အလုပ်နှင့်ပတ်သက်ပြီး စွမ်းရည်နှင့် သူရသတ္တိရှိနေသည်ကို လည်းကောင်း၊ တစ်ဖန် ယင်းရာသီဘာဝ၏ အိမ်ရှင်ဖြစ်သော တနင်္လာဂြိုဟ်သည် ၅ တန့် ပုတြဘာဝဖြစ်သည့် ကုမ်ရာသီ တွင် ဥဒါသိန်ဂြိုဟ်အဖြစ် ရပ်တည်၍နေသောကြောင့် ဂုဏ်သိက္ခာရှိသည့် အလုပ်မျိုးကို လုပ်ကိုင်ရင်း ဂုဏ်သိက္ခာ ထပ်တက်ခါ အဆင့်အတန်းမြင့်မြင့်နှင့် နေရတတ်ခြင်း ရှိ သည်ကိုလည်းကောင်း အသီးသီး ဖော်ပြနေလျက်ရှိပါသည်။

(ဉာဏ်) အကြံဉာဏ်နှင့် ပတ်သက်၍ တူရာသီ လဂ်အဖို့ ကုမ်ရာသီသည် ၅ တန့် ပုတြဘာဝ ဖြစ်ပါသည်။ ၎င်းရာသီဘာဝတွင် စိတ္တကာရကဂြိုဟ်တနင်္လာ ရပ်တည်၍ နေသလို ယင်း၏ အိမ်ရှင်ဂြိုဟ်စနေသည်လည်း ၉ တန့် သုဘဘာဝတွင် ရပ်တည်၍နေသေးသောကြောင့် ထက်မြက် သည့် ဉာဏ်ပညာအရင်းခံဖြင့် ကြိုးစား၍ ကြီးပွားနိုင်ခြင်း ပရဟိတအလုပ်များကြောင့်လည်း ကုသိုလ်ကံတက်နေခြင်းရှိ သည်ကို ဖော်ပြ၍နေပေသည်။

**လတ္တီတွဒ် 22°NO7'** **လောင်ဂျီတွဒ် 95°EO9'** **ဖွားဒေသ (-)9'-24"**



ရာဟုထုလဒသာအနာဂတ် - ၀ နှစ်၊ ၇ လ၊ ၂၅ ရက်ဖွား



www.burmeseclassic.com

www.burmeseclassic.com

**(ဝိရိယ)** အလွယ်တကူ အလျှော့မပေးတတ်သည့် ဝိရိယနှင့် ပတ်သက်၍ ၃ တန့် သဟဇာဘာဝဖြစ်သည့် ဓနုရာသီသည် ဝိရိယအိမ်ဖြစ်ပါသည်။ ၎င်းရာသီဘာဝတွင် ဂြိုဟ်များရပ်တည်နေမှုမရှိပါ။ သို့ရာတွင် ၎င်းရာသီဘာဝသို့ ဝိရိယကာရကဂြိုဟ်ကြီးစနေက မေထုန်ရာသီမှ သမသတ်မြင်ရှိ၍နေပါသည်။ တစ်ဖန် ယင်းရာသီဘာဝ၏ အိမ်ရှင်ဂြိုဟ်ကြီး ကြာသပတေးသည် ရာသီစက်တွင် ဥစ်ရာသီ၌ ရပ်တည်၍နေပြီး ဘာဝစက်တွင် ၁၁ တန့် လာဘဘာဝ၌ လဂ္ဂနအရှင်ဂြိုဟ်သောကြာနှင့် အတူတကွ ရပ်တည်၍နေပြန်ပါသေးသည်။ အကျိုးပေးပုံတို့မှာ လုံ့လဝိရိယနှင့် ပြည့်စုံခြင်း၊ အရည်အသွေးရှိသည့် ပညာရှင်မျိုးလည်း ဖြစ်ရခြင်းနှင့် ပစ္စည်းဥစ္စာနှင့် ပြည့်စုံလျက် အိမ်ထောင်ဖက်ကောင်းနှင့် ပေါင်းဖက်နေထိုင်ရတတ်ခြင်းမျိုးကို ဖန်တီးပေးတတ်ပေသည်ဟူ၍ ဖော်ပြထားပါသည်။

**(ဓနဥစ္စာ)** ဥစ္စာဓန အခြေအနေနှင့် ပတ်သက်၍ မူလ တူရာသီ လဂ်မှရော ကန်ရာသီ တနင်္ဂနွေဂြိုဟ်သူရိယလဂ်နှင့် ကုမ်ရာသီ တနင်္လာဂြိုဟ် စန္ဒြလဂ်တို့မှပါ သုံးသပ်ပေးလိုက်ပါသည်။

ဇာတာတွင် တူရာသီလဂ်အဖို့ ၂ တန့် ကဋုမ္ဗဘာဝသည် ဗြိစ္ဆာရာသဖြစ်ပါသည်။ ဂြိုဟ်များ ရပ်တည်နေမှုမရှိကြပါ။ ယင်းရာသီ၏ အိမ်ရှင်ဂြိုဟ်အင်္ဂါသည် ဘာဝစက်ဇာတာတွင် ၉ တန့် သုဘဘာဝ၌ စနေဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်၍ နေပါသည်။ ၎င်းစနေဂြိုဟ်သည် တူရာသီလဂ်အဖို့ ကောင်းကျိုးပြုသည့် ယုဂ်ဂြိုဟ် ဖြစ်ပါသည်။ အကျိုးပေးပုံမှာ ပေါင်းသင်းဆက်ဆံရေးတွင် ခပ်ပါးပါးရှိပြီးလျှင် ဇွဲလုံ့လ သူရသတ္တိနှင့် လုပ်ဆောင်ရတတ်သလို ဥစ္စာဓနများကိုလည်း ဖြည်းဖြည်းနှင့်မှန်မှန် တိုးတက်ရရှိလာလိမ့်မည်ဖြစ်သည်ကိုလည်းကောင်း၊ တစ်ဖန် ၁၁ တန့် လာဘဘာဝတွင် ဓနကာရကဂြိုဟ်ကြီး ကြာသပတေးနှင့် လဂ္ဂနအရှင်ဂြိုဟ် သောကြာတို့ အတူတကွ ရပ်တည်၍ နေကြသလို ထိုဘာဝ၏ အိမ်ရှင်ဂြိုဟ်တနင်္ဂနွေသည်လည်း လဂ်တည်ရာသီဖြစ်သည့် ၁ တန့် တနုဘာဝတွင် ပူးယှဉ်ရပ်တည်၍ နေပြန်ပါသေးသည်။ အကျိုးပေးပုံမှာ ကိုယ်တိုင်ကြိုးစားခြင်းဖြင့် အရည်အချင်းပြည့်ဝလာသလို အလိုရှိသည့် ဥစ္စာဓနများကိုလည်း ရရှိထားသည့် အရည်အချင်းဖြင့် ကြိုးစားလုပ်ဆောင်၍ အောင်မြင်မှုတည်းဟူသော သရဖူကို ဆောင်နိုင်လိမ့်ဦးမည်ဖြစ်သည်ကိုလည်းကောင်း အသီးသီး ဖော်ပြထားလျက်ရှိပေသည်။

ကန်ရာသီ တနင်္ဂနွေဂြိုဟ် သူရိယလဂ်အဖို့ ၂ တန့် ကဋုမ္ဗဘာဝသည် တူရာသီဖြစ်ပါသည်။ ၎င်းရာသီတွင် မူလလဂ်မှအပ ဂြိုဟ်များ ရပ်တည်မှုမရှိပါ။ ၁၁ တန့် လာဘဘာဝသည် ကြာသပတေးဂြိုဟ်တို့ ရပ်တည်၍ နေကြပါသည်။ အကျိုးပေးပုံမှာ လူမျိုးခြားမိတ်ဆွေများကြောင့် တိုးတက်ကြီးပွားရခြင်း၊ နည်းနည်းလုပ်၍ များများအကျိုးအမြတ်ရရှိခြင်းတို့နှင့်တကွ ပရဟိတလုပ်ငန်းများတွင်လည်း အလှူဒါနပြုရခြင်း စသည်တို့ကို ဖော်ပြထားပေသည်။

ကုမ်ရာသီ တနင်္လာဂြိုဟ် စန္ဒြလဂ်အဖို့ ၂ တန့် ကဋုမ္ဗဘာဝသည် မိန်ရာသီဖြစ်ပြီး ၁၁ တန့် လာဘဘာဝသည် ဓနုရာသီ ဖြစ်ပါသည်။ ၎င်းရာသီတို့တွင် ဂြိုဟ်များ ရပ်တည်မှုမရှိကြပါ။ ယင်းရာသီဘာဝ ၂ အိမ်တို့ကို ဓနကာရကဂြိုဟ်ကြီး ကြာသပတေးက စိုးပိုင်ထားပါသည်။ ၎င်းကြာသပတေးသည် ၆ တန့်ဖြစ်သည့် ကြင့်ရာသီတွင် ဥပစာ ဥစ်ဂြိုဟ်အဖြစ်နှင့် ရပ်တည်နေသလို ရာဟုဂြိုဟ်နှင့်လည်း ပူးယှဉ်၍နေပါသေးသည်။ အကျိုးပေးပုံမှာ ဓနဥစ္စာရှာဖွေရာတွင် အနှောင့်အယှက်အခက်အခဲများနှင့် ကြုံရသည့်တိုင်အောင် လိမ္မာပါးနပ်စွာဖြင့်ပင် အပြိုင်အဆိုင် ကြိုးစားရယူခြင်းဖြင့် အောင်မြင်မှုရရှိနိုင်သည်ကို ဖော်ပြထားပေသည်။

ဖော်ပြပေးခဲ့ပြီးသည်တို့မှာ ဇာတာများတွင်ပါရှိနေကြသော အခြေခံ ကံ၊ ဉာဏ်၊ ဝိရိယတို့နှင့်တကွ ဥစ္စာဓနအခြေအနေတို့နှင့် သက်ဆိုင်သည့် ကောက်နုတ်ချက်များဖြစ်ကြပါသည်။ ဆက်လက်၍ ဖော်ပြပါ အကျိုးပေးကောက်နုတ်ချက်များနှင့် တိုက်ဆိုင်စွာ ညီညွတ်သွားသည့် အပိုင်းအခြားကာလ ငါးမျိုးကို ဝိသောတ္တရီဒသာစံနစ်ဖြင့် ဖြည့်စွက်၍ တင်ပြပေးလိုက်ပါသည်။

### (၁) နိုင်ငံခြားသို့ ပညာတော်သင်သွားရခြင်း

ခရစ်သက္ကရာဇ်အားဖြင့် ၆-၆-၁၉၇၉ မှ ၃-၁၁-၁၉[illegible] ထိ) နှစ်နှစ်နှင့် ငါးလကျော်ကြာ ကာလသည် အခြေ[illegible] ဇာတာတွင် ဗုဒ္ဓဟူးထူလ ဗုဒ္ဓဟူးအန္တရ ဒသာများစားနေ[illegible] ရာ ၎င်းဗုဒ္ဓဟူးသည် ၁၂ တန့် ဗျယဘာဝတွင် ဥစ်မှ[illegible] နေသောကြောင့် ထူးခြားစွာ ကောင်းကျိုးပေးတတ်သော ဝိ[illegible] ရိယ ရာဇယုဂ်ကို ရရှိနေခြင်း ဖြစ်ပေသည်။ တစ်ဖန် ၎[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟူးသည် ဘာဝစက် ဇာတာတွင် လဂ်၌ ပူးနေသော တနင်္ဂနွေဂြိုဟ်ကြီးက ချုပ်ကိုင်ထားသည့် ဥတ္တရာဘဒ္ဒရပုဏ္ဏမိ နက္ခတ်ကို စီးနေသေးသောကြောင့် ခရီးသွား၍ ဥစ္စာရခြင်း ဟူသော စမတ္တာစိန္တာမဏိကျမ်း၏ ဥပဒေသနှင့်လည်း ညီညွတ်၍ နေပေသေးသည်။ ထို့ကြောင့် ဇာတာရှင်သည် ဗုဒ္ဓဟူးဂြိုဟ်၏ ထုလ အန္တရပုဂ္ဂလန္တရ ဒသာများစားနေစဉ် ၁၀-၆-၁၉၇၉ ၌ နိုင်ငံခြားသို့ အထူးပညာတော်သင်အဖြစ် တစ်နှစ်ကျော်ကြာ သွားခဲ့ရခြင်း ဖြစ်ပါသည်။

## (၂) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးတွင် အလုပ်ရခြင်း

ခရစ် ၆-၇-၁၉၈၆ မှ ၆-၁၂-၁၉၈၇ ထိ တစ်နှစ်နှင့် ငါး(လ)ကြာ ကာလသည် ဇာတာတွင် ဗုဒ္ဓဟူးထုလ တနင်္လာအန္တရ ဒသာများစားနေပေရာ အထူးသဖြင့် အန္တရဒသာ တနင်္လာဂြိုဟ်သည် ၁၀ တန့် ကမ္မဘာဝ၏ အိမ်ရှင်ဖြစ်လျက် ၅ တန့် ပုတြဘာဝတွင် ကမ္မအိမ်တွင် ရပ်တည်နေသော ရာဟုဂြိုဟ်က စိုးပိုင်ထားသည့် သတ္တဘိသျှနက္ခတ်ကို စီး၍ ရပ်တည်နေသောကြောင့် ဇာတာရှင်သည် ဗုဒ္ဓဟူးထုလ တနင်္လာအန္တရ စနေပုဂ္ဂလန္တရ ဒသာများ စားနေစဉ်အတွင်း ၁၇-၃-၁၉၈၇ တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ် လုပ်ငန်းခွင် ဒေသဖြစ်သော လောနိုင်ငံ(လာအို)သို့ သွားရောက်၍ တာဝန်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ပါသည်။ ထို့နောက် နှစ်နှစ်ကြာ လုပ်ပြီးနောက် ဗုဒ္ဓဟူးထုလ ရာဟုအန္တရ ရာဟုပုဂ္ဂလန္တရ ဒသာများအတွင်း ၁၆·၃·၁၉၈၉ တွင် အလုပ်မှ ထွက်ခဲ့ပါသည်။

## (၃) လောနိုင်ငံတွင် ကိုယ်စားလှယ်ရုံး ဖွင့်ခြင်း

ခရစ် (၂၇-၉-၁၉၉၃ မှ ၆-၆-၁၉၉၆ ထိ နှစ်နှစ်နှင့် (ရှစ်လကျော်)ကြာ ကာလသည် ဇာတာတွင် ဗုဒ္ဓဟူးထုလ စနေအန္တရဒသာများ စားနေပေရာ အထူးသဖြင့် အန္တရဒသာ စနေဂြိုဟ်သည် တူရာသီလဂ်အဖို့ ကောင်းကျိုးပြုသည့် အင်္ဂါဂြိုဟ်ကြီးဖြစ်လျက် ဘာဝစက်ဇာတာတွင် သုဘဘာဝ၌ အင်္ဂါဂြိုဟ်နှင့်ပူးပြီး ရပ်တည်နေသလို ယင်းအင်္ဂါ ဂြိုဟ်က စိုးပိုင်ထားသည့် မိဂသီနက္ခတ်ကိုလည်း စီး၍နေပြန်ပါသေးသောကြောင့် ဇာတာရှင်သည် ဗုဒ္ဓဟူးထုလ စနေအန္တရ ကိတ်ဂြိုဟ်ပုဂ္ဂလန္တရ ဒသာများ စားနေစဉ်အတွင်း ၁၄-၉-၁၉၉၄ တွင် လောနိုင်ငံ၌ ကိုယ်စားလှယ်အေးဂျင့် AGENT ရုံးကို လုပ်ကိုင်ခဲ့ရခြင်း ဖြစ်ပါသည်။

## (၄) A.1 ခြံလမ်းရှိ တိုက်အိမ်ကို ဝယ်ယူခြင်း

ခရစ် ၉-၅-၁၉၉၈ မှ ၉-၁၂-၁၉၉၈ ထိ ခုနစ်လကြာ ကာလသည် ဇာတာတွင် ကိတ်ဂြိုဟ်ထုလ တနင်္လာအန္တရ ဒသာများစားနေပေရာ ထုလဒသာကိတ်ဂြိုဟ်သည် ခြပ်မဲ့ဂြိုဟ်ဖြစ်လျက် ယှဉ်ဂြိုဟ်စနေကို ကိုယ်စားပြုနေခြင်း အန္တရဒသာတနင်္လာဂြိုဟ်သည်လည်း ကိန်းအိမ်ရှင်ဂြိုဟ်ဖြစ်လျက် တြိကောဏအိမ်တွင် ရပ်တည်၍နေခြင်း၊ အထူးသဖြင့် ၎င်းတနင်္လာဂြိုဟ်သည် ၁၀ တန့် ကမ္မဘာဝတွင် မွန်းတည့်နေသော ရာဟုဂြိုဟ်ကြီးက စိုးပိုင်ထားသည့် သတ္တဘိသျှနက္ခတ်ကိုလည်း စီး၍နေပြန်သေးခြင်းတို့ကြောင့် ဇာတာရှင်သည် ကိတ်ထုလ တနင်္လာအန္တရ စနေပုဂ္ဂလန္တရ ဒသာများ အတွင်း ၁၂-၈-၁၉၉၈ တွင် A.1 ခြံလမ်းမှာရှိနေသည့် တိုက်အိမ်တစ်အိမ်ကို ဝယ်ယူပြီး အဆင့်အတန်းမြင့်မြင့်နှင့် နေထိုင်သွားနိုင်ခြင်း ဖြစ်ပါသည်။

## (၅) လောနိုင်ငံတွင် ကိုယ်ပိုင်ကုမ္ပဏီဖွင့်လှစ်ခြင်း

ခရစ် ၁-၅-၂၀၀၁ မှ ၉-၆-၂၀၀၂ ထိ တစ်နှစ်နှင့် တစ်လကျော်ကြာ ကာလသည် ဇာတာတွင် ကိတ်ဂြိုဟ်ထုလ စနေအန္တရ ဒသာများစားနေပေရာ ၎င်းဂြိုဟ် နှစ်လုံးတို့သည် လဂ်မှကိန်း တြိကောဏ အိမ်တို့တွင် ရပ်တည်နေကြ၍ ကောင်းခြင်း အထူးသဖြင့် အန္တရဒသာစနေဂြိုဟ်သည် ၎င်းနှင့် ပူးယှဉ်နေသော အင်္ဂါဂြိုဟ်က စိုးပိုင်ထားသည့် မိဂသီနက္ခတ်ကိုပင် စီးလျက်ရှိနေပြန်ပါသေးခြင်းတို့ကြောင့် ဇာတာရှင်သည် ကိတ်ဂြိုဟ်ထုလ စနေအန္တရ ကိတ်ဂြိုဟ်ပုဂ္ဂလန္တရ ဒသာများ စားနေစဉ်အတွင်း ၂၁-၉-၂၀၀၁ ရက်နေ့တွင် အဆင့်မြင့်ကိုယ်ပိုင်ကုမ္ပဏီကို ထူထောင်လုပ်ကိုင်ခဲ့ရခြင်းဖြစ်ပါသတည်း။

မှတ်ချက် ။ ဒသာအားလုံးတို့သည် ပါသယုဂ်နှင့် ဝိပရိသရာဇယုဂ်များ အတွင်းတွင် အကျုံးဝင်လျက် ရှိနေကြပါသည်။

*ရွှင်လန်းချမ်းမြေ့ကြပါစေ . . .*

**ဂုရုအောင်**



www.burmeseclassic.com

www.burmeseclassic.com

# သူတော်ပွားရဲ့ ရှိပြီးရင်းရှိ

## မြင့်မြတ်ကျော်ခေါင်

တစ်နေ့သ၌ ကျွန်ုပ်၏မိတ်ဆွေ ကိုစိုးသန်းလင်းဆိုသူသည် ကျွန်ုပ်ထံသို့ ရောက်ရှိလာလေ၏။ ထို့ကြောင့် ကျွန်ုပ်က ငူငူကြီးရပ်လျက်နေသည့် ကိုစိုးသန်းလင်းအား -

"ကဲ…ပြော၊ စိတ်ထဲမှာ ရှိသလောက်မကာ အကုန်သာပြောပေတော့ ကိုစိုးသန်းလင်းရေ"

ဟု ပြောလိုက်ရာ သက်ပြင်းတစ်ချက်ချကာ ကျွန်ုပ်ရှေ့ တည့်တည့် ဆက်တီတွင် ဝင်ထိုင်လိုက်ရင်း ကိုစိုးသန်းလင်းက

"မဂ္ဂဇင်းတိုက်ကလည်း အလုပ်နားသွားပြီ၊ ကွန်ပျူတာတွေလည်း ပျက်နေလို့ ပြန်မပြင်နိုင်သေးဘူး။ မီဒီယာလုပ်ငန်းတစ်ခု စီစဉ်တာလည်း ပျက်သွားပြီ။ မိန်းမနဲ့လည်း အဆင်မပြေတော့ဘူး။ အိမ်က နှစ်ချုပ်ပြည့်လို့ ပြောင်းရတော့မယ်။ အဲ…ပြီးတော့…"

ဟု စကားမဆက်နိုင်သေးဘဲ သူ့နှဖူးပြောင်ပြောင်ကြီးမှ ချွေးများကို လက်ဖမိုးနှင့် သုတ်နေပြန်၏။ ကျွန်ုပ်က -

"အိမ်တံခါးပိတ်ပြီး ခရီးသွားနေသည်ဆိုတဲ့ စာတန်းလေးချိတ်ထားပြီး ပတ်ပြေးနေရတယ်၊ ဒုက္ခတွေ ပင်လယ်ဝေနေရပြီ။ လုပ်ပါဦးလို့ ပြောမလို့မဟုတ်လား…"

ဟု ပြောလိုက်ရာ ကိုစိုးသန်းလင်းက -

"ဟုတ်…ဟုတ်…ပါ…တယ်ဗျာ…"

ဟု ထစ် ထစ်ငေါ့ငေါ့နှင့် ပြောကာ သူ့လွယ်အိတ်ကြီးအား ဆက်တီပေါ်သို့ ဘုတ်ခနဲ လှမ်းတင်လိုက်ရင်း ကျွန်ုပ်အား ပြူးကြောင်ကြောင်နှင့် ကြည့်နေပြန်၏။

ကျွန်ုပ်လည်း သောကတွေ ပင်လယ်ဝေနေသည့်သူ့အတွက် ဘာလုပ်ပေးရမလဲဟု စဉ်းစားနေစဉ် ဒုတ်ခနဲ အသံကြားလိုက်ရ၏။

အသံလာရာသို့ ကြည့်လိုက်ရာ ကိုစိုးသန်းလင်း အမြဲကိုင်ဆောင်တတ်သည့် ယောက်ျားဆောင်းထီးကြီး လဲသွားသဖြင့် ထွက်လာသည့် အသံဖြစ်နေ၏။

ကျွန်ုပ်လည်း ထီးလဲကျသည့် နိမိတ်ကိုကြည့်ရင်း ဆရာသူတော်ပွား၏ အံ့ဩဆန်းကြယ်စရာ ဝိဇ္ဇာပညာရပ်တစ်ခုအား ဖျတ်ခနဲ သတိရလိုက်၏။ ကျွန်ုပ် အသေးစိတ်ပြန်စဉ်းစားပြီး ကိုစိုးသန်းလင်းအား -

"ကျွန်ုပ် ဆရာသူတော်ပွားနဲ့ မိုးကုတ်နယ်ဘက်မှာ အမိဋ္ဌာန်ဝင်ပြီးအပြန် မန္တလေးက သူတပည့် အရာရှိတစ်ယောက်ကို လုပ်ပေးခဲ့တဲ့ ဇေယျာသိဒ္ဓိ ဝိဇ္ဇာပညာနည်းတစ်ခု ရှိတယ်ဗျ။ အဲဒါ သေချာယုံကြည်စွာသာလုပ်၊ အဟုတ်အောင်မြင်မှာ…"ဟု ပြောလိုက်ရာ ဝမ်းသာအားကိုးသောအသံကြီးဖြင့် -

"သေသေချာချာ ယုံယုံကြည်ကြည်နဲ့ကို လုပ်ပါ့မယ်" ဟု ကတိပေးလေ၏။ ကျွန်ုပ်လည်း စာရွက်တစ်ရွက်နှင့် ဘောလ်ပင်တစ်ချောင်းကို ပေးလိုက်ကာ -

"ကဲ…လိုက်မှတ်ပေတော့"ဟု ပြောလိုက်ရာ ကိုစိုးသန်းလင်းလည်း ဝမ်းသာအားရ ဘောလ်ပင်ကိုလှမ်းယူရင်းက

"ဘယ်လောက်ခက်ခက် လုပ်ပါ့မယ်"ဟု ပြောလေ၏။ ကျွန်ုပ် ဆရာသူတော်ပွားအား မနေ့ဖြင့် ဦးတိုက်ကာ ဇေယျာသိဒ္ဓိ နဝင်းဝိဇ္ဇာနည်းကို စတင်ပြောရလေ၏။ ကျွန်ုပ်က -

"ဂမ္ဘီရအသိပညာအရ ကိုးကွယ်ဆည်းကပ်ရတဲ့ ဇေယျာသိဒ္ဓိနဝင်းခါတ်သဘောကို ဆောင်ရမယ်လို့ ကျုပ်ရဲ့ ဆရာကြီး သူတော်ပွားက လက်တွေ့သင်ကြားပေးခဲ့တယ်၊ ဒီနဝင်းခါတ်ကိုယူဖို့ အဓိဋ္ဌာန်တစ်ခုဝင်ရမယ်။ ကိုစိုးသန်းလင်းက အင်္ဂါသားဆိုတော့ ကသစ်သားပုတီးနဲ့ သုဂတောပုတီးတစ်လုံးချ ကိုးပတ်၊ ကိုးရက်တိတိ အဓိဋ္ဌာန်ဝင်ရမယ်" ဟု ပြောလေရာ ကျွန်ုပ်ပြောသမျှ လိုက်မှတ်နေရင်းမှ ခေါင်းတညိတ်ညိတ်နှင့် ပြုံးပြုံးကြီး မော့ကြည့်ကာ -

"လုပ်မယ်ဆရာ…ပုတီးကို ကိုးပတ်မကကို စိပ်မှာ"ဟု အားရပါးရ ပြောလေ၏။ ကျွန်ုပ်က ဆက်ပြီး -



www.burmeseclassic.com

www.burmeseclassic.com

"ရေးမင်းများတွေက ဆင်တော်စီးပြီး စစ်သည်ဗိုလ်ပါ မင်းပရိသတ်များက မြင်းတွေနဲ့ ဘေးမှရံကာ မင်းခမ်းမင်းနား ဖွဲ့ပြီး တိုင်းပြည်အေးချမ်းဖို့ လှည့်လည်ကြတဲ့ မင်္ဂလာရေးအစီအရင်ကို ကြားဖူးတယ်မဟုတ်လား"ဟု မေးလိုက်ရာ ကိုစိုးသန်းလင်းက -

"ဟုတ်ကဲ့ ကြားဖူးတယ်။ ကြားဖူးတယ်"ဟု ပြောကာ ရှေ့ဆက်မည့် စကားကို မျှော်လင့်တကြီးဖြင့် ပြန်ပြောလေ၏။ ကျွန်ုပ်က ဆက်ပြီး -

"ကျွန်ုပ်တို့ ဂမ္ဘီရပညာအရမှာလည်း ရာထူးတိုးဖို့၊ ခြွေရံပရိသတ်များဖို့၊ စည်းစိမ်တိုးပွားဖို့၊ ရန်အပေါင်းကိုအောင်ဖို့၊ ဘုန်းကံကြီးမားဖို့၊ ရာထူးဌာနန္တရအောင်ဖို့၊ လူနတ်ဒေဝါလေးစားဖို့၊ လက်အောက်ငယ်သား ယုံကြည်ကိုးစားဖို့၊ ပြိုင်ဘက်များ ဝေးရာရှောင်ရှားဖို့အတွက် ဆင်စီးမြင်းရံဘုရားကို ကိုးကွယ်ရတယ်…"ဟု ပြောလိုက်ရာ ကိုစိုးသန်းလင်းသည် မှိုင်တွေတွေမျက်နှာလေးဖြင့် ကျွန်ုပ်အားကြည့်ကာ -

"ကျွန်တော့်မှာ…ငွေ…"ဟု စကားဆက်မပြောနိုင်ဘဲ ရပ်နေရာ ကျွန်ုပ်က -

"ဒုက္ခပင်လယ်ဝေ ငွေက ဘယ်ကမှ ရှာမရနိုင်ဘူးဆိုတာ သိပါတယ်။ မင်းရဲ့ ကံနိမိတ် အကျိုးပေးက ကောင်းနေပြီပေါ့၊ ကျန်ခဲ့တဲ့လက မန္တလေးသူဌေးလေးကျော်ကနဂါးက သူ့ဆရာကြီး သူတော်ပွားကို လှူသွားတဲ့ ဆင်စီးမြင်းရံဘုရားတစ်ဆူကို ဆရာကြီးသူတော်ပွားက ကျုပ်ကို ပြန်လှူသွားတာ ရှိတယ်ဗျ။ အဲဒါ ပင့်သွားပြီးတော့…"ဟု ပြောရာ ဝမ်းသာကြည်နူးသော မျက်နှာကြီးဖြင့် ကျွန်ုပ်အား ကြည့်နေရင်း အားရွှင်ကြည်သော အသံကြီးဖြင့် -

"ကျေး…ကျေးဇူးကြီးလှပါတယ် ဆရာရယ်"ဟု ပြောကာ နဖူးမှချွေးများကို လက်ဖမိုးနှင့်သုတ်လေ၏။ ကျွန်ုပ်က -

"ကိုစိုးသန်းလင်း သေသေချာချာ မှတ်ပြီးတော့ ဂမ္ဘီရသဘောနဲ့ ဆင်က ဗုဒ္ဓဟူးဂြိုဟ်၊ မြင်းက ကြာသပတေးဂြိုဟ်ကို ကိုယ်စားပြုကြတယ်။ ဗုဒ္ဓဟူးနဲ့ ကြာသပတေးနဲ့ ပေါင်းလိုက်ရင် နဝင်းဖြစ်နေတယ်။ ဗုဒ္ဓဟူးဂြိုဟ်သက်က ၁၇ နှစ်၊ ကြာသပတေးဂြိုဟ်သက်က ၁၉ နှစ်။ ပေါင်းလိုက်တော့ ၃၆ ရှိတယ်၊ အဲဒါက မင်္ဂလာနဝင်းဖြစ်နေပြန်ရော၊ ဒီလို နဝင်းဓာတ်ကိန်းဝပ်တော့ လောကီအကြံအစည်တွေ အောင်မြင်စေတယ်။ စီးပွားဖြစ်ထွန်းတယ်။ လာဘ်ရွှင်အကျိုးပွားလွယ်တယ်တဲ့…"ဟု ရှင်းပြလေရာ ကိုစိုးသန်းလင်းက…

"ဟုတ်ကဲ့…ခုလို ဆရာရှင်းပြမှပဲ သိရတော့တယ်"ဟု ပြောကာ ခေါင်းလေး တညိတ်ညိတ်လုပ်နေလေ၏။ ကျွန်ုပ်က -

"ဆင်စီးမြင်းရံ အဓိဋ္ဌာန်ကို စနစ်တကျ ကြိုးစားပြီး ဝင်ရမယ်၊ အဓိဋ္ဌာန်ဝင်ရမယ့်အချိန်က ဗုဒ္ဓဟူးနေ့ နံနက် ၁၀း၃၀ နာရီမှာ စဝင်ရမယ်၊ အဓိဋ္ဌာန် ဂမ္ဘီရဓာတ်နဝင်း အလှူက ကဲ့ကော် ၁၅ ညွန့်၊ ဂန္ဓမာပန်း ၃၄ ပွင့်၊ အုန်းယို ၉ ခု၊ ကောက်ညှင်းပေါင်း တစ်ပွဲကို လှူဒါန်းပြီး ဒီဂါထာကို ပုတီးကိုးပတ်စိပ်၊ လိုရာဆုကိုသာ တောင်းပေတော့ ကိုစိုးသန်းလင်းရေ…"ဟု ပြောလိုက်လေ၏။ ကိုစိုးသန်းလင်းလည်း ကျွန်ုပ်ပြောသမျှ လိုက်ရေးမှတ်ပြီး ကျွန်ုပ် အသင့်ပုံနှိပ်ထားသည့် ဂါထာကတ်ပြားလေးအားယူကာ -

"ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ ကျွန်တော် တစ်သွေမတိမ်း လုပ်ပါ့မယ်၊ ကျေးဇူးမမေ့ပါဘူး"ဟု ပြောရင်း ကတ်ပြားလေးကို သူ့အိတ်ကပ်ထဲသို့ တရိုတသေ ထည့်လိုက်၏။

ကျွန်ုပ်သည် ဘုရားကျောင်းဆောင်တော်မှ ဆင်စီးမြင်းရံ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ကာ ကိုစိုးသန်းလင်းအား လက်ထဲသို့ ချီးမြှင့်လိုက်၏။

ကိုစိုးသန်းလင်းက ရုပ်ရှင်တော်မြတ်အား မတ်တတ်ရပ်ကာ ကြည်ညိုလက်ခံပြီး ယောကျ်ားဆောင်းထီးကောက်ကြီးကို လှမ်းယူ၍ သူ့လက်မောင်းတွင် ချိတ်လိုက်၏။

မျှော်လင့်ခြင်း၊ ဝမ်းမြောက်ခြင်း ပီတိအဟုန်ဖြင့် -

"ကျွန်တော် အစွမ်းကုန် အောင်မြင်အောင်ကြိုးစားမယ် ဆရာရေ"ဟု ပြောကာ ရဲရင့်ယုံကြည်သော ခြေလှမ်းများနှင့် ပြန်သွားလေ၏။

x x x

အထက်ပါ အဖြစ်အပျက်များဖြစ်ပွားပြီး ခြောက်လခန့်ကြာသောအခါ ကိုစိုးသန်းလင်းသည် ကျွန်ုပ်ထံသို့ အထုပ်ကြီးတစ်ထုပ်ကိုပိုက်၍ ပြုံးပြုံးရွှင်ရွှင်နှင့် ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ရှေ့ရှိ ဆက်တီစားပွဲပေါ်သို့ အထုပ်ကြီးကို ရိုသေစွာတင်လိုက်ရင်း ကိုစိုးသန်းလင်းက -

"တယ် . . .ဘယ်လိုမှန်း ပြောမပြတတ်အောင်ကို အိုကေသွားပြီ ဆရာသမားရေ"ဟု ပြောပြောဆိုဆို ဆက်တီ၌ဝင်ထိုင်လေ၏။ ကျွန်ုပ်လည်း ကိုစိုးသန်းလင်းကို ကြည့်ပြီး လွန်စွာ ဝမ်းမြောက်ရလေ၏။ ကိုစိုးသန်းလင်းသည် သူ့အထုပ်ကြီးကို ဂရုတစိုက်ဖြေပြီး ဖွင့်လိုက်ရာ လွန်စွာ ကြည်ညိုဖွယ်ကောင်းသော ဆင်စီးမြင်းရံ ရုပ်ပွားတော်တစ်ဆူ၊ စက္ကူနှင့်ပတ်ထားသော အထုပ်တစ်ထုပ်၊ ပန်းသီးတစ်ထုပ်၊ လိမ္မော်သီးတစ်ထုပ်နှင့် ကတ်ထူဘူးလေးတစ်ဘူးတို့ကို အစီအရီချထားလိုက်ပြီး ကျွန်ုပ်အား ထိုင်ကန်တော့၏။

ကျွန်ုပ်လည်း ဆရာကြီးသူတော်ပွား သွန်သင်ခဲ့သော နည်းဖြင့် မေတ္တာပွားများနေမိလေ၏။

ထို့နောက် ကိုစိုးသန်းလင်းသည် ဆက်တီ၌ပြန်ဝင်ထိုင်ကာ ရွှင်ပြုံးကြည်သာစွာဖြင့် -

"ဆင်စီးမြင်းရံ ရုပ်ရှင်တော်မြတ်ကြီးက ကျွန်တော့်လို ဒုက္ခတောထ ရောက်နေသူအတွက် ဆရာ့ပညာ ဆက်ပူဇော်လှူဒါန်းပေးဖို့ ကျွန်တော် အဓိဋ္ဌာန်ပြီး လှူတာပါ။ ဒီအထုပ်ကလေးက ပညာပူဇော်တဲ့ ငွေထုပ်ပါ။ ဒီကတ်ဘူးလေးကတော့ ဆရာ ကျွန်တော့်ကိုချီးမြှင့်လိုက်တဲ့ ရှိပြီးရင်းရှိ ဂါထာတော်မြတ် ကတ်ပြားလေးတစ်ရာပါတဲ့ ကတ်ဘူးလေးပါ။ ဆရာကယ်လို့ ဒုက္ခနယ်က လွတ်ပါပြီ"ဟု ပြောကာ သူ့နဖူးမှ ချွေးစို့လေးများကို လက်ကိုင်ပုဝါလေးနှင့် သုတ်နေလေ၏။

ကျွန်ုပ်လည်း ဆင်စီးမြင်းရံ ရုပ်ပွားတော်မြတ်ကို ဘုရားကျောင်းတော်သို့ ပင့်ဆောင်သွားကာ အသင့်လှူဒါန်းသည့် သစ်သီးများနှင့် ကပ်လှူပူဇော်လိုက်ပြီး ကျွန်ုပ်က -

"ဒီရုပ်ပွားတော်မြတ်ကို မန္တလေးက ပူဇော်ပင့်ဆောင်လာခဲ့တာလား"ဟု မေးလိုက်ရာ ကိုစိုးသန်းလင်းက အံ့သြသောမျက်နှာကြီးဖြင့် -

"ဗျာ . . .ဟုတ် . . .ဟုတ်ပါတယ်။ မနေ့ညကမှ မန္တလေးက ပြန်ရောက်လာတာပါ။ ဆရာနိုင်းတဲ့အတိုင်း အဓိဋ္ဌာန်ဝင်တာကအစ ယတြာတွေအားလုံး တစ်သွေမတိမ်း လုပ်လိုက်တာ နှစ်လအတွင်း စတင်အဆင်ပြေလာတယ်။ လေးလပြည့်တဲ့နေ့မှာ သတင်းဂျာနယ်တစ်ခုမှာ အလုပ်ရတယ်၊ အဲဒီလုပ်ငန်းက အလွန်အောင်မြင်လာတော့ သူဌေးက ကျွန်တော့်ကို မန္တလေး တာဝန်ခံအဖြစ် ပို့လိုက်တာ ဆရာရေ၊ ခုနေရာထိုင်ခင်းသွားကြည့်ပြီး ပြန်လာတာ။ ကြွေးတွေလည်း ကျေသွားပြီ။ မိန်းမနဲ့လည်း အဆင်ပြေ၊ အားလုံး ချောမွေ့သွားပြီ။ ဒါကြောင့် ပထမဆုံးရတဲ့လစာနဲ့ ဓိဋ္ဌာန်အောင်ဆန္ဒ ပြည့်ဝ ကန်တော့နိုင်တာပါ ဆရာရေ"ဟု အားရပါးရ ပြောကာ ပြုံးပြုံးကြီးနှင့် စကားဆက်မပြောနိုင်ဘဲ ဖြစ်နေလေ၏။

ကျွန်ုပ်လည်း ကိုစိုးသန်းလင်း လှူထားသည့် ကတ်ပြားဘူးလေးထဲမှ အချို့ကို ယူလိုက်ပြီး -

"ကိုယ်တွေ့အောင်မြင်တဲ့ ပညာသုခ ခံစားမှုနဲ့အတူ ကိုစိုးသန်းလင်းလို ဒုက္ခပင်လယ်ဝေသူတွေကို စနစ်တကျ ရှင်းပြပြီး ပညာကုသိုလ်ယူပေတော့"ဟု ပြောကာ ဂါထာကတ်ပြားလေးများကို ပေးလိုက်ရာ ကိုစိုးသန်းလင်းက -

"ဆရာက ဒီလို ကုသိုလ်ယူခွင့်ရရင်တော့ ကျွန်တော် မပျက်မကွက် သစ္စာဆိုပြီး ခုနစ်ရက်သားသမီးများအတွက် ပါရမီဖြည့်ဖက်အဖြစ် ကျွန်တော် ဆက်ဆက်လှူဒါန်းသွားပါ့မယ် ဆရာရယ် . . ."ဟု ပြောကာ ကျွန်ုပ်ပေးလိုက်သည့် ရှိပြီးရင်းရှိ ကတ်ပြားလေးများကို ကိုင်ကာ ဝမ်းမြောက်ပျော်ရွှင် ပေါ့ပါးသည့် ခြေလှမ်းကြီးများဖြင့် သူ့ယောကျ်ားဆောင် ထီးကောက်ကြီးကို မေ့ထားကာ ကျွန်ုပ်အား နှုတ်ပင်မဆက်နိုင်တော့ဘဲ ပြန်သွားလေတော့သတည်း။

**ဆရာကြီးသူတော်ပွား၏ ရှိပြီးရင်းရှိဂါထာတော်**

ဗုဒ္ဓဓေယျံ ဓမ္မဓေယျံ သံဃဓေယျံ
ဗုဒ္ဓသုခံ ဓမ္မသုခံ သံဃသုခံ
ဗုဒ္ဓလာဘံ ဓမ္မလာဘံ သံဃလာဘံ
ဗုဒ္ဓခန် ဓမ္မခန် သံဃခန်။ ။
သိဒ္ဓိ ဓေယျံ၊ သိဒ္ဓိ သုခံ၊ သိဒ္ဓိ လာဘံ၊ သိဒ္ဓိ ခန်။

ရှာစီတင်ပြသူ
မြင့်မြတ်ကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# [illegible]

## ■ ပီတာမြဦး

"ဟယ်လို . . . ၂၇၇၃၀၅ ကပါလားရှင်"

"ဗျာ . . . မဟုတ်ပါဘူး။ ၇၇၄၇၇ ကပါ"

"ဟင် . . . ဘယ်လိုဖြစ်တာလဲ။ ကျွန်မက ၂၇၇၃၀၅ ကို ခေါ်နေတာ"

"သြော် . . . ဟုတ်ကဲ့၊ ဒါဆိုလိုင်းပူးနေလို့ ဖြစ်ပါလိမ့်မယ်"

လွန်ခဲ့သော ၁၉၇၉ ခုနှစ်က ဖြစ်ပါသည်။ နေရာကား ရန်ကုန်ယာယီအချုပ်စခန်းတွင် ဖြစ်၏။

ကျွန်ုပ်သည် အင်းစိန်ဗဟိုအကျဉ်းထောင်မှ လက်အောက်ဝန်ထမ်း ဆယ် နှင့်အတူ ဤအချုပ်စခန်း အချိန်မီ ငှင်လှစ်နိုင်ရေးအတွက် အောက်တိုဘာ ဆန်းကပင် ကြိုတင်ပြင်ဆင်ရန် ရောက်ရှိနေခဲ့သည်။

မြို့လယ်ကောင်တွင် ထီးထီးကြီး နေသော ရန်ကုန် အကျဉ်းထောင် ကို ၁၉၆၄ ခုနှစ်က ဖျက်သိမ်းခဲ့ပြီး က် အကျဉ်းသားအိပ်ဆောင်များကို ကြာရန်နှင့် တည်းခိုရေးစခန်းအဖြစ် လက်အသုံးပြုထားခဲ့သည်။ ယခု အကျဉ်းသားအိပ်ဆောင်များအနက် ဘက်အစွန်းဆုံးရှိ အမှတ်(၃) ဆောင်ကို လုပ်ငန်းလိုအပ်ချက်အရ ဦးစီးဌာနက ပြန်လည်အသုံးပြု ဖြစ်လေသည်။

ထိုစဉ်က အင်းစိန်ဗဟိုအကျဉ်းထောင်တွင် အချုပ်သားအရေအတွက် တစ်နေ့တစ်ခြား တိုးတက်များပြားလာလျက်ရှိရာ သက်ဆိုင်ရာ မြို့နယ်တရားရုံးများသို့ နေ့လယ် ၁၂ နာရီကျော် ၁ နာရီခန့်မှသာ အပြည့်အစုံ ရောက်ရှိနိုင်ခဲ့သဖြင့် တရားစီရင်ရေး နှောင့်နှေးကြန့်ကြာမှု အခက်အခဲနှင့် ကြုံတွေ့နေရ၏။

ထိုအခက်အခဲကို ပြေလည်စေရန် အထက်ဖော်ပြပါ ရန်ကုန်မြို့လယ် ပြည်လမ်းနှင့် စိန့်ဂျွန်းလမ်း (ယခု မင်းရဲကျော်စွာလမ်း)ထောင့်ရှိ ရန်ကုန်ထောင်ဟောင်း အမှတ်(၃) အိပ်ဆောင်ကို ပြန်လည်ပြုပြင်မွမ်းမံကာ ရုံးထွက်ရမည့် အချုပ်သားများကို အင်းစိန်ထောင်မှနေ၍ တစ်ပတ်ကြိုတင်ပေးပို့ထားရန် စီစဉ်ခဲ့ခြင်းဖြစ်၏။

အဆိုပါ ရန်ကုန်ယာယီအချုပ်စခန်း ၁၉၇၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ထိုစဉ်က တာဝန်ခံအရာရှိမှာ ထောင်မှူးကြီး ဦးတင်ဦးဝင်းဖြစ်ပြီး ထောင်မှူးနှစ်ဦးမှာ ကျွန်ုပ်နှင့် ထောင်မှူးဦးစိုးသိမ်းဖြစ်ကာ လက်အောက်ဝန်ထမ်း သုံးဆယ်နီးပါးခန့် ရှိလေသည်။

ကျွန်ုပ်မှာ ထိုစခန်းစဖွင့်သည့် ညမှာပင် တာဝန်မှူးကျခဲ့၏။ ထိုနေ့ည ၈ နာရီခန့်တွင် ထောင်ဘူးဝရုံးခန်းရှိ တယ်လီဖုန်း ရုတ်တရက်မြည်လာသည်။

"ကရင် . . . ကရင် . . . ကရင် . . . ကလင် . . . ကလင်"

"ဟယ်လို အမိန့်ရှိပါခင်ဗျာ"

"သြော် . . . ဟိုလေ ၂၇၇၃၀၅ က မဟုတ်လားဟင်"

"မဟုတ်ပါဘူး ဒါ ၇၇၄၇၇ ကပါ"

"ဒါဆို ကျွန်မ စောစောက တစ်ခေါက်ခေါ်တုန်းကလည်း ဒီနံပါတ်ပဲ ရောက်နေတာပေါ့နော်"

"ဟုတ်ပါလိမ့်မယ်။ စောစောက ဖုန်းကိုင်တာလည်း ကျွန်တော်ပါပဲ"

"ဟုတ်ကဲ့၊ အားနာလိုက်တာရှင်။ ဒါနဲ့ အဲဒီက ဖုန်းနံပါတ်ကို ၇၇၄၇၇ လို့များ ပြောလိုက်သလားလို့"

"မှန်ပါတယ်၊ အဲဒီနံပါတ်ပါပဲ"

"အဲ . . . ဟိုလေ ဒီဆို ရှင်တို့ဖုန်းနံပါတ်က ငါးလုံးထဲ ဖြစ်နေတာပေါ့။ အမှန်က ဂဏန်းခြောက်လုံး ဖြစ်ရမှာလေ။ ကျွန်မ ခေါ်နေတာကလည်း ဂဏန်းခြောက်လုံးပဲလေ"

"ခင်ဗျာ . . . ကျွန်တော်တို့ရန်ကုန်က တယ်လီဖုန်းနံပါတ်တွေက ဂဏန်းငါးလုံးပဲလေ။ အားလုံးအတူတူပဲဟာ။ ဒါနဲ့ အခု ဘယ်ကဆက်နေတာပါလိမ့်။ နိုင်ငံခြားကများလား"

"အို . . . ဘယ်က နိုင်ငံခြား ဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ရမှာလဲ။ ကျွန်မ ရန်ကုန်မြို့ထဲက ဆက်နေတာရှင့်"

"ဟင်…ဒါဆို ဘာလို့ ဂဏန်းခြောက်လုံးလုည့်နေရတာလဲဗျ။ ငါးလုံးပဲ လှည့်ရမယ့်ဥစ္စာ"

"အင်း…ဟင်း ခက်တော့နေပါပြီ။ ကျွန်မခေါ်လိုက်တိုင်း ဘာလို့ ဒီဖုန်းဆီပဲ ရောက်နေရတာလဲ။ ဒါနဲ့…နေပါဦး။ ရှင်တို့ပြောနေတာ ဘယ်နေရာကလဲ"

"ရန်ကုန် ယာယီအချုပ်စခန်းကပါ"

"ရှင်…ဟို…အဲဒါက ဘယ်နေရာလဲ"

"သြော်…ဟို…စိန်ဂျွန်းဈေးတော့ သိမှာပေါ့"

"ရှင်…စိန်ဂျွန်းဈေး"

"ကျွန်တော်တို့စခန်းက အဲဒီ စိန်ဂျွန်းဈေးရဲ့အနောက် စိန်ဂျွန်းလမ်းပေါ်က ရေနံရုံးကြီးရဲ့ ရှေ့တည့်တည့်လောက်မှာ ရှိတာလေဗျာ။ အဲ…တစ်ခုတော့ရှိတယ်။ ကျွန်တော်တို့စခန်းက ဒီနေ့မှ အသစ်ဖွင့်လိုက်တာမို့လို့ သိချင်မှသိဦးမှာပါ"

"ဟိုလေ…ရှင် အခုပြောနေတာကို ကျွန်မ သိပ်နားမလည်ဘူး ဖြစ်နေတယ်"

"ဗျာ…ဘာဖြစ်လို့လဲ၊ မရှင်းလို့လား"

"မဟုတ်ပါဘူးရှင့်။ ရှင်ပြောတဲ့ စိန်ဂျွန်းဈေးဆိုတာက ကျွန်မတက္ကသိုလ်တက်နေတုန်းက အထည်ဝယ်ရင်း မကြာခဏ ရောက်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဒီဈေးက အခု မရှိတော့ဘူးလေရှင်။ မအူကုန်းဘက်ကို ရွှေ့ပြောင်းလိုက်လို့ အခု မင်္ဂလာဈေးသစ်ကြီးတောင် ဖြစ်နေပြီပဲဟာ။ ပြီးတော့ အဲဒီစိန်ဂျွန်းဈေးနေရာနားမှာ ဂျပန်ဆေးရုံလို့ခေါ်တဲ့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီးတောင် ဖြစ်နေတဲ့ဥစ္စာ"

"ဗျာ…ဘယ်လို"

"ပြီးတော့…ရှင်ပြောတဲ့ စွမ်းအင်ဝန်ကြီးဌာနရဲ့ ရေနံရုံးကြီးကတော့ ခုထိရှိနေပါသေးတယ်။ ဒါပေမဲ့ အဲဒီရုံးကြီးရှေ့က စိန်ဂျွန်းလမ်းဆိုတာက အခု မင်းရဲကျော်စွာလမ်းဖြစ်နေပြီရှင့်"

"ဗျာ…ဘာလမ်း"

"နောက်ပြီး…ရှင်ပြောနေတဲ့ ရန်ကုန်ယာယီအချုပ်စခန်းဆိုတဲ့ နေရာက အထွေထွေရောဂါကု ဆေးရုံတည်ဆောက်ရေးပစ္စည်းတွေနဲ့ ပြည့်လို့ရှင့်"

"ဗျာ…ဒီမှာ အခု ခင်ဗျားဘာတွေလျှောက်ပြောနေတာလဲ"

"အိုရှင်…ကျွန်မက ဘာဖြစ်လို့ လျှောက်ပြောနေရမှာလဲ။ ရှင်ပြောနေတာတွေက မဟုတ်တာလေ။ အဲဒါကို ကျွန်မက ရှင်းပြနေရတာရှင့်"

"ဒီမယ်အမ၊ ကျွန်တော်ပြောနေတဲ့ စကားတွေထဲမှာ မဟုတ်တာ တစ်လုံးမှ မပါဘူး။ အားလုံး အမှန်တွေချည်းပဲ။ ကျွန်တော်က အမေမွေးကတည်းက အမှန်တွေပဲပြောလာတဲ့ လူဗျ။ ဘယ့်နှယ်ဗျာ…ခင်ဗျားနဲ့ကျမှပဲ မဟုတ်တာတွေ ပြောသလေးဘာလေးနဲ့"

"ဩ…ဟော်ဟော်၊ ရှင်က အမှန်တွေပဲ ပြောနေတာတဲ့လား။ ဟင်းဟင်းဟင်း…ဒါဆိုလည်း ကျွန်မက တောင် အားနာပါးနာနဲ့ တောင်းပန်ရမလိုတောင် ဖြစ်နေပါပေါ့လားရှင်…။ အင်း…အင်း…ဒီအတိုင်းဆို ကျွန်မတို့ကြားမှာ တစ်ခုခုတော့ မှားနေတာများလား။ အို…ရှုပ်ပါတယ်လေ။ ကဲ…ကဲ…ဖုန်းချလိုက်တော့မယ်"

"တောက်"

ကျွန်ုပ် အတော်ပင် ဒေါသထွက်မိသည်။

ကြည့်လေ။ ကျွန်ုပ်မှာ အောက်တိုဘာလဆန်းကတည်းက ရန်ကုန်ယာယီအချုပ်စခန်း အချိန်မီ ဖွင့်လှစ်နိုင်ရေးအတွက် နေ့မနား ညမအား ပင်ပင်ပန်းပန်း ကြိုးတင်ပြင်ဆင်ဆောင်ရွက်နေခဲ့ရသည်။ အချုပ်စခန်း ဖွင့်လှစ်ခါနီးမှ ကပ်၍ ရောက်လာကြသော တာဝန်ခံအရာရှိ ထောင်မှူးကြီး ဦးတင်ဦးဝင်း ထောင်မှူးဦးစိုးသိမ်းတို့နှင့်အတူ အင်းစိန်ဗဟိုအကျဉ်းထောင်မှ ကြိုတင်ပို့ဆောင်လာသော အချုပ်သားများကို လက်ခံထိန်းသိမ်းထားရသည်။

ယနေ့နံနက် ၉ နာရီမှ စတင်ကာ မြို့တွင်းသို့ ရုံးထွက်မည့် အချုပ်သားများကို ရုံးထုတ်ပေးခဲ့ရသည်။ ညနေ ၄ နာရီကျော်မှစ၍ အဖွဲ့ဖွဲ့ပြန်ရောက်လာသော အချုပ်သားများကို စနစ်တကျ ရှာဖွေ၍ စီစစ်လက်ခံခဲ့ရသည်။ အချုပ်ကားအချို့ နောက်ကျမှ ရောက်လာ၍ မိုးစုပ်စုပ်ချုပ်မှ ထောင်ပိတ်နိုင်ခဲ့သည်။

ယင်းသို့ တောက်လျှောက် ပင်ပန်းလာရသည့်ကြားထဲမှာမှ တာဝန်ပါ ဗွေဆော်ဦး ဝင်လိုက်ရပြန်လေ လူက မလှုပ်ချင်တော့အောင် နွမ်းနယ်လျက်ရှိသည်။ ထို့ကြောင့် စောစော အိပ်ရာဝင်မည်ကြံခါမှ ဘယ်တိုင်းပြည်

www.burmeseclassic.com

ကမှန်းမသိရသည့် စနေဂြိုဟ်မတစ်ယောက်၏ နှောင့်ယှက်ခြင်းကိုပါ မမျှော်လင့်ဘဲ ခံခဲ့ရခြင်းပါလေ။ ထိုစနေမလုပ်ပုံကလည်း အတော်သင်းသည်။

အိပ်ရာက နှစ်ခါထပြီး သူမေးသမျှကို စေတနာဖြင့် နားလည်အောင်ရှင်းပြခဲ့ရသည်။ ဒါကိုပင် သူက နောက်သလို ပြောင်သလိုနှင့် အတည်ပေါက်ကြီး လာပြောနေသေးသည်။

ကြည့်ပါဦး။ သူပြောတဲ့စကားတွေကလည်း။ ဘာတဲ့ တယ်လီဖုန်းကဂဏန်းခြောက်လုံးတဲ့။ အထွေထွေရောဂါကု ဆေးရုံသစ်ကြီးတဲ့။ မင်္ဂလာဈေးတဲ့။ မင်းရဲကျော်စွာလမ်းတဲ့။

ရန်ကုန်မှာမွေးပြီး ရန်ကုန်မှာ ကြီးပြင်းလာတဲ့ ကျွန်ုပ်ပင် တစ်ခါမှ မကြားဖူးသော အမည်နာမတွေလေ။ ဘယ်ဂြိုဟ်နဲ့မှားပြီး လျှောက်ပြောနေတာလဲ မသိ။ တယ်လီဖုန်းနံပါတ် နှစ်ခါတောင်မှား၍ ဆက်မိလို့ ရုက်ရမ်းရမ်းကာ စိတ်ကူးတည့်ရာ ပေါက်တတ်ကရတွေပဲ လျှောက်ရှုတ်သွားတာပဲ ဖြစ်မည်။ ဒါမှမဟုတ်ရင် စိတ်ဝေဒနာရှင်တစ်ယောက်က လူကြီးတွေအလစ်မှာ ဖုန်းခိုးဆက်နေတာပဲဖြစ်ဖို့ရှိသည်။

ကျွန်ုပ်မှာ ထိုညက စိတ်အနှောင့်အယှက်ဖြစ်၍ အတွေးလွန်ကာ တော်တော်နှင့် အိပ်မပျော်နိုင်ခဲ့။ မိုးလင်းခါနီးမှ အိပ်ပျော်သွားသည်။ နောက်တစ်နေ့ကား ကျွန်ုပ်၏နားရက်ဖြစ်၍ အိမ်ပြန်ရောက်လာသည်နှင့် နံနက်စာစားကာ တစ်နေ့ကုန် အနားယူလိုက်သည်။

"ကလင်···ကရင်··ကလင်ကရင်"

ကျွန်ုပ် နိုဝင်ဘာလ ၄ ရက်နေ့တွင် ဒုတိယအကြိမ် တာဝန်မှူးကျပြန်ပါသည်။ ထိုနေ့ည ၈ နာရီခန့်တွင် တယ်လီဖုန်းမြည်လာသဖြင့် ကျွန်ုပ်ကောက်ကိုင်၍ ထူးလိုက်သည်။

"ဟယ်လို···အမိန့်ရှိပါခင်ဗျား။ ရန်ကုန်ယာယီအချုပ်စခန်းကပါ"

"ရှင်···အို···ဘယ့်နှယ်ဒီရန်ကုန်ယာယီအချုပ်စခန်းကိုပဲ ခေါ်မိပြန်ပြီလား"

"ဩော်···ဟိုနေ့က စနေ···အဲ···အမျိုးသမီးထင်တယ်"

"ဟုတ်ပါ့ရှင်။ ကျွန်မ ဖုန်းဆက်လိုက်တိုင်း ရှင်တို့ဖုန်းကိုပဲ ရောက်ရောက်သွားတယ်။ ပြီးတော့ ဖုန်းကိုင်တဲ့လူကလည်း ရှင်ပဲ ဖြစ်နေပြန်တယ်။ အဲဒါ ဘယ်လိုဖြစ်လို့လဲ မသိဘူးနော်"

"အင်း···ဖုန်းကိစ္စတော့ ကျွန်တော်မျိုးလည်း မလျှောက်တတ်ဘူး။ တစ်နေ့က ကျွန်တော် တာဝန်မှူးကျတဲ့နေ့မှာ ခင်ဗျားဖုန်းဆက်တယ်။ ဒါကြောင့် ကျွန်တော် ဖုန်းကိုင်ရတယ်။ ဟော···ဒီနေ့တစ်ခါ တာဝန်မှူးထပ်ကျတဲ့ညမှာ ခင်ဗျား ဖုန်းဆက်ပြန်တော့ ကျွန်တော်ပဲ ဖုန်းကိုင်ရပြန်တာပေါ့ဗျာ။ အဲဒါ ဘာဖြစ်လို့လဲ"

"အို···ဘာ···ဘာမှ မဖြစ်ပါဘူးရှင်။ ကျွန်မ ဖုန်းခေါ်လိုက်တိုင်း ရှင်တို့အချုပ်စခန်းဆိုလား အဲဒီကိုချည်းရောက်နေတာကိုပဲ စိတ်လည်းညစ်တယ်၊ အားလည်းနာတယ်ရှင့်"

"နေပါဦး။ ခင်ဗျားက အခု ဘယ်ဂြိုဟ် အဲ···ဘယ်ကနေဘယ်ကို ဖုန်းခေါ်နေတာလဲ"

"ကျွန်မ လမ်း ၄၀ ကနေ ဖဆပလကို ခေါ်နေတာပါ"

"ဗျာ···လမ်း ၄၀ ကနေ ဖဆပလကို ဟုတ်လား။ အာ···နီးနီးလေးပဲဥစ္စာ။ လူကိုယ်ကိုင်သွားလိုက်ရင် ပြီးတဲ့ကိစ္စကိုဗျာ"

"သူတို့က မြို့ပြင်မှာရှိတဲ့ မွေးမြူရေးခြံမှာ အနေများတာရှင့်။ အိမ်ကို တစ်ခါတလေမှ ပြန်လာပြီးတော့ ညအိပ်တတ်ကြတယ်လေ။ ဒါကြောင့် ကျွန်မလည်း အားတဲ့ညပိုင်းမှာ တွေ့လို တွေ့ငြား လှမ်းဆက်ကြည့်နေတာပါ"

"ဩော်···အေးဗျာ၊ ဘယ်လိုပြောရမလဲ။ ခုဆို ခင်ဗျားနဲ့ ဖုန်းပြောဖြစ်တာ သုံးခါတောင်ရှိနေပြီနော်။ လူမမြင်ဖူးတော့ ဖြူသလား။ မည်းသလားလည်း မသိရ၊ နေတာကတော့ လမ်း ၄၀ နော်။ ဒါနဲ့ နာမည်ဘယ်လိုခေါ်လဲ မသိဘူး"

"အို···ရှင် အရင်ပြောလေ။ မိန်းကလေးက စပြောလို့ ဘယ်ဖြစ်မလဲနော်···ဟင်းဟင်း"

"ဟားဟားဟား···ရပါတယ်ဗျာ။ ကျွန်တော့်နာမည်က ကိုကိုပါ"

"ဟွန်း···နာမည်ကြီးကလည်း တင်စီးလိုက်တာရှင်။ ခေါ်ရမှာတောင် လျှာယားပါရဲ့"

"အမေက ချစ်စနိုးလေးပေးထားတာပါ။ ဒါနဲ့ ခင်ဗျားနာမည်ကရော"

"မမတဲ့"

"ဗျာ··မမ ဟုတ်လား။ အမလေးဗျာ။ သူ့နာမည်ကမှ ပိုတောင် တင်စီးလွန်းနေသေးတယ်"

"ဟင်း···ဟင်း···ထားပါ



www.burmeseclassic.com

www.burmeseclassic.com

တော့လေ၊ အဲ…ကိုကိုနဲ့ မမဆိုတော့ သရေပေါ့။ ကျေပြီနော်"

"ဒါနဲ့ ခင်ဗျား…အဲ…မမ၊ အာ…ခေါ်ရတာ ဖီလင်အောက်တယ်ကွာ။ ကဲပါလေ မထူးပါဘူး။ ဟို…မမက လမ်း ၄၀ ဘယ်နားနေတာလဲ"

"အင်း…လမ်း ၄၀ ထိပ် ဆိုပါတော့။ မဟာဗန္ဓုလလမ်းမပေါ်မှာ။ ၃၉ လမ်းနဲ့ လမ်း ၄၀ ကြားက ရှစ်ထပ်တိုက်ကြီးရဲ့ အပေါ်ထပ်မှာပါ။ အောက်ထပ်မှာ အင်္ဂလိပ်မြန်မာ ပင်းမင်းဆိုင်ရှိတယ်"

"အင်း…အင်္ဂလိပ်လို မြန်မာ ပင်းမင်းဆိုင်၊ လမ်း ၄၀ ထိပ်။ မျက်စိထဲတော့ မြင်နေသလိုလိုပါပဲ။ အဲဒီနားက သွားနေလာနေကျပါ။ ဒါနဲ့ မမရဲ့ ဖုန်းနံပါတ်က ဘယ်လောက်လဲ"

"ဖုန်းနံပါတ်က ၀၉၁၆၇၂"

"ဟ…နေပါဦး မမဖုန်းနံပါတ်က ဘယ်လိုကြီးလဲ။ ရှေ့က ၀၉ ဆိုတာကြီးက ဘာလဲ"

"ဒါက ဆယ်လူလာဖုန်းလေ"

"ဗျာ…ဘယ်လို ဆယ်လူလာဖုန်း ဟုတ်လား"

"ဟုတ်တယ်…ဆယ်လူလာ လက်ကိုင်ဖုန်းပါ"

"ဗျာ…လက်ကိုင်ဖုန်း ဟုတ်လား"

"ဟုတ်တယ်။ အဲဒါကြောင့်မို့ ရှေ့က ၀၉ ခံပြီး နောက်က ဂဏန်းငါးလုံးပါတယ်လေ။ ကိုကို စကားဖြတ်လိုက်လို့ နောက်ဆုံးတစ်လုံးတောင် ပြောဖို့ကျန်သေးတယ်။ ကဲ…ရေးလိုက်ဦး"

မမ ပြောသည့် ဂဏန်းတစ်လုံးကို ကျွန်ုပ် အာရုံကြောင်ကြောင်ဖြင့် လိုက်မှတ်လိုက်မိသော်လည်း စိတ်ထဲကမူ ဇဝေဇဝါဖြင့် ဘဝင်မကျနိုင်သလို ခံစားနေရသည်။

"ဒါနဲ့ နေပါဦးမမ၊ ဘာတဲ့ မမပြောတာ။ ဆယ်လူလာ လက်ကိုင်ဖုန်းဟုတ်လား။ ကျွန်တော် ဒါ ပထမဆုံးကြားဖူးတာပဲ။ အခု ကျွန်တော်ပြောနေတာက ဂဏန်းငါးလုံးပဲလှည့်ရတဲ့ ကြိုးဖုန်းလေ မမရဲ့"

"အေး…အဲဒါကြောင့် မမ ဟိုတစ်နေ့ညက ပြောတာပေါ့။ မမနဲ့ ကိုကိုတို့ကြားမှာ တစ်ခုခုတော့ မှားနေပြီလို့လေ။ ဒါနဲ့ ကိုကို အခုနေတဲ့ အိမ်လိပ်စာကို ပြောပါဦး"

"ကျွန်တော်နေတာ ဗဟိုစည်ရပ်ကွက်မှာပါ။ ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်မှာ။ ဗဟိုစည် ၁ လမ်းနဲ့ ၂ လမ်းကြား။ အိမ်နံပါတ်က ၇၇၇။ ဒါ ကျွန်တော်တို့ဌာနက ပေးထားတဲ့ အရာရှိအိမ်ရာလေ"

"အင်း…ခက်တာတော့ တော်တော်ကို ခက်နေပါပြီ။ မမပြောပြန်ရင်လည်း ကိုကိုစိတ်ဆိုးဦးမယ်။ မပြောလို့ကလည်း မဖြစ်နဲ့"

"ရပါတယ် မမ။ ပြောသာပြောပါ။ ဘာများဖြစ်နေပြန်လို့လဲ"

"ဟ…ဘာဖြစ်ရမှာလဲ။ အခု ကိုကိုပြောနေတဲ့ ဗဟိုစည်ရပ်ကွက်ကြီး မရှိတော့တာကပဲ ဆယ့်လေးငါးနှစ်တောင် ရှိရောပေါ့။ အခု အဲဒီနေရာမှာ လေးထပ်တိုက်ကြီးတွေ အစီအရီနဲ့။ ရေကူးကန်နဲ့ ဗဟိုစည်အိမ်ရာ ဖြစ်နေပြီလေ။ အဲဒီရပ်ကွက်က လူတွေကို ရွှေပြည်သာဆိုလား၊ ရွှေပေါက်ကံဆိုလား ပြောင်းရွှေ့နေရာချပေးခဲ့တာတဲ့ရှင်"

"အင်း…မမနဲ့ စကားပြောရတာ ခပ်တည်တည် နောက်နေသလိုလို ပြောင်နေသလိုလို ခံစားရတယ်။ ကျွန်တော်က အခုလက်ရှိ ဗဟိုစည်ရပ်ကွက်ထဲမှာ မိသားစုနဲ့အတူ နေနေတာ။ မမပြောတဲ့ ရွှေပြည်သာတို့၊ ရွှေပေါက်ကံဆိုတာ ကြားတောင်မကြားဖူးဘူး။ ဘာတွေပြောနေမှန်းလည်း နားမလည်ဘူး။ ကြားရတာ ဦးနှောက်ခြောက်ပြီး ရူးချင်သလိုတောင် ဖြစ်လာမိတယ်"

"ဟုတ်ပါ့ရှင်။ မမလည်း ကိုကိုနဲ့ စကားပြောရင်း ရူးချင်သလို ဖြစ်နေတာ ဟိုနေ့ညကတည်းကပဲ။ ဒီလိုလုပ်ပါ ကိုကို။ မမတို့ အချိန်ကာလတွေကို နည်းနည်းစိစစ်ကြည့်ရင် ကောင်းမယ်ထင်တယ်"

"ဟုတ်ကဲ့…အင်း…ဘယ်လို စိစစ်မှာလဲ"

"ကိုကိုပြောနေတဲ့ စကားထဲမှာ တယ်လီဖုန်းနံပါတ် ငါးလုံးရယ်၊ စိန်ဂွမ်းဈေးရယ်၊ ရန်ကုန်ယာယီအချုပ်စခန်းရယ်၊ ဗဟိုစည်ရပ်ကွက်ရယ် ပါနေတာကို စဉ်းစားကြည့်လိုက်တော့ အဲဒါတွေက ၁၉၈၀ ခုနှစ် ပတ်ဝန်းကျင်လောက်မှာ ရှိခဲ့တာလို့ မမ ထင်မိတယ်"

"ဟုတ်တယ်လေ မမရဲ့။ ဒီနေ့က ၁၉၇၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့လေ"

"ဟုတ်လား။ အင်း…ဒါဆို ဟုတ်ပြီ။ ဒီအတိုင်းသာ မှန်တယ်ဆိုရင်တော့ မမတို့ဟာ အင်မတန် ထူးဆန်းပြီး မယုံကြည်နိုင်လောက်အောင်ကို ဆန်းကြယ်လွန်းလှတဲ့ အချိန်ကာလလွဲချော်မှုပြဿနာတစ်ခုနဲ့ ထိပ်တိုက်ရင်ဆိုင်နေကြရပြီ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com

"ဗျာ···ဘယ်လို အချိန်ကာလ လွဲချော်မှုပြဿနာလဲ မမရဲ့"

"အဲဒါက အခု မမရောက်နေတာ ခရစ်နှစ် ၁၉၉၆ ခုနှစ် ဖြစ်နေလို့ပဲ"

"အာ···မမကလည်းဗျာ၊ ဘယ်လိုလုပ် မရောက်သေးတဲ့ ၁၉၉၆ ခုနှစ်ကို ရောက်နေနိုင်မှာလဲလို့။ မမတော့ အတည်ပေါက်ကြီး နောက်နေပြန်ပါပြီ။ ဒါက ဘယ်လိုမှ မဖြစ်နိုင်တဲ့ ကိစ္စပဲဟာ"

"မှန်ပါတယ်။ ကိုကို့လိုပဲ မမလည်း ဘယ်လိုမှ မယုံကြည်နိုင်ဘူး ဖြစ်နေတယ်။ ဒါပေမဲ့ လက်တွေ့မှာတော့ ဒီအတိုင်းပဲ ဖြစ်နေတယ်လေ။ တစ်ခုထူးခြားတာက ဒီနေ့ဟာ ကိုကိုပြောတဲ့ နိဝင်ဘာလ ၄ ရက်တော့ ဟုတ်တယ်။ ဒါပေမဲ့ အခု ပြက္ခဒိန်အရ ၁၉၉၆ ခုနှစ် ဖြစ်နေတယ်။ ကိုကိုပြောတဲ့ ၁၉၇၉ ခုနှစ်ကနေ စတွက်ရင် ၁၇ နှစ်တောင် အချိန်ကွာခြားနေတယ်"

"ဩော်···ဒါဆို မမ ဆိုလိုချင်တာက မမက ၁၇ နှစ်စောပြီး ၁၉၉၆ ခုနှစ်ကို ရောက်နေပြီ။ ကျွန်တော်က ၁၇ နှစ် နောက်ကျပြီး ၁၉၇၉ ခုနှစ်မှာ ကျန်ရစ်နေတယ်။ မမပြောချင်တာ ဒီလို မဟုတ်လား"

"မှန်တယ် ကိုကို။ အဲဒီအတိုင်း အတိအကျပဲ"

"ဒါဆို မမလည်း ဦးနှောက်ကောင်းတဲ့လူတစ်ယောက်ပဲ။ စဉ်းစားကြည့်ပါ။ ဒီလိုအချိန်ကာလ ၁၇ နှစ်ကြီးများတောင် ကွာခြားနေတဲ့ လူနှစ်ယောက်ဟာ ဘယ်လိုလုပ်ပြီး တယ်လီဖုန်းဆက် စကားပြောလို့ ရနိုင်ပါ့မလဲ မမရယ်။ ဒါအဓိပ္ပာယ်မှ မရှိတာပဲဟာ"

"ဟုတ်ပါရဲ့။ မမလည်း အဲဒါကို စဉ်းစားလေ ဦးနှောက်ခြောက်လေနဲ့ အတွေးရ တော်တော်ကျပ်နေပြီ။ အင်း···မမနောက်ဆုံးစဉ်းစားလို့ရတဲ့ အဖြေတစ်ခုကတော့ မမတို့ အသိဉာဏ်နဲ့ လိုက်မမီနိုင်တဲ့ အချိန်ကာလယန္တရားကြီးရဲ့ အစိတ်အပိုင်းတစ်ခုဟာ အချိန်လွဲချော်ပြီး မမတို့ရဲ့ တယ်လီဖုန်းလိုင်းထဲများ လာဝင်ပူးနေသလားလို့"

"အာ···မမကလည်း ဘာကယန္တရားကြီးလဲဗျာ။ ကိုယ့်မမတော့ စိတ်ကူးယဉ် သိပ္ပံဆန်းကြယ်ဝတ္ထုတွေ ဖတ်ပြီး အတွေးချော်လွန်းနေပြီ ထင်ပါရဲ့။ ဖြစ်မှမဖြစ်နိုင်တဲ့ဟာကိုပဲဗျာ။ ဒါနဲ့ မမအသက် ဘယ်လောက်ရှိပြီလဲဟင်"

"၃၅ နှစ်ရှိပြီ"

"ဒါဆို မမက ကျွန်တော့်ထက် ကြီးတာပေါ့"

"ကိုကို့အသက်ကရော"

"ကျွန်တော်က ပြီးခဲ့တဲ့လကမှ အသက် ၃၀ ပြည့်တာ မမရဲ့"

"ဩော်···အတော်ငယ်သေးတာပဲနော်။ အို···အို အမလေး···သေ···သေပါပြီရှင့်"

"မမ ဘာဖြစ်လို့လဲဟင်"

"အား···အ···အာ···ကယ်ကြပါဦး···အိုး"

"မမ···မမ···မမ"

"အမလေး···အား···အီး···အစ်···သေပါပြီရှင့်···အင့်"

"မမ···မမ···ကြားလား"

"····"

"မမ···မမ···မမ"

"မမ···ကြားလား···မမ···မမ"

"···တူ···တူ···တူ···တူ"

တယ်လီဖုန်းမှာ တတူတူအော်၍ လိုင်းပြတ်သွားသည်။ ကျွန်ုပ် စိတ်လှုပ်ရှားစွာ ကတုန်ကရီဖြင့် တယ်လီဖုန်းကို ပုခက်ပေါ် ကယောင်ကတမ်း လှမ်းတင်လိုက်မိသည်။ ပြီးမှ သတိရကာ မမ ပေးထားသော တယ်လီဖုန်းနံပါတ်ကို ကြည့်၍ လှည့်လိုက်သည်။ ၀၉ ဖြင့် စသော ဂဏန်းခုနစ်လုံးပေါ်တွင် တတူတူ တတီတီ အသံမျှပင် ပေါ်မလာဘဲ တိတ်ဆိတ်နေသည်။

ကျွန်ုပ် ဒုတိယအကြိမ် ထပ်လှည့်ခေါ်ကြည့်သည်။ ယခင်အတိုင်း ဘာတုံ့ပြန်သံမှ မကြားရ။ တတိယအကြိမ်တွင်လည်း အကြောင်းမထူး။ စတုတ္ထအကြိမ်၊ ပဉ္စမအကြိမ် တချောက်ချောက် လှည့်ခေါ်ကြည့်သော်လည်း ထူးမခြားပါပေ။ စင်စစ် ကျွန်ုပ် တစ်ခါမှ မကြားဖူးသော ၀၉ နှင့် စသည့် ဂဏန်း ခုနစ်လုံးကို ယောင်ချာချာဖြင့် ယခုတစ်ကြိမ်သာ ထူးထူးဆန်းဆန်း လှည့်ခေါ်ဖူးခြင်းဖြစ်၏။

ထိုစဉ်···ကျွန်ုပ်ရင်ထဲ၌ မမအတွက် စိုးရိမ်ပူပန်မှုများ တငွေ့ငွေ့ လောင်မြိုက်လာသည်။ တယ်လီဖုန်းပြောနေရင်းတန်းလန်း မမဘာဖြစ်သွားတာလဲ။ မမ၏ ရုတ်တရက် ကြောက်လန့်တကြား အော်ဟစ်လိုက်သံမှာ တယ်လီဖုန်းထဲမှာပင် နားကွဲမတတ် ကြားလိုက်ရသည်။ ထိုအော်ဟစ်လိုက်သံမှာ အလွန်ထိတ်လန့်တုန်လှုပ်ဖွယ် တစ်ခုခုကို မမျှော်လင့်ဘဲ ဖြုန်းခနဲ ကြုံတွေ့လိုက်ရဟန်တူသည်။ သေချာသည် မမသည် အလွန်ဆိုးဝါးသော အန္တရာယ်တစ်ခုနှင့် ပက်ပင်းရင်ဆိုင်လိုက်ခြင်း ဖြစ်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် မည်သို့လုပ်ရပါမည်နည်း။ ထိုစဉ် အကျဉ်းထောင်ထဲမှ ည ၁၀ နာရီသံချောင်းခေါက်သံ တခေါင်ခေါင် ကြားလိုက်ရ၏။

ကျွန်ုပ် ဆုံးဖြတ်ချက်ချလိုက်ကာ ထိုနေ့ တာဝန်ကြပ်ဖြစ်သူ တပ်ကြပ်ကြီး ဦးဘဝင်းအား အပြင်ခဏသွားမည်ဟု ပြောကာ တာဝန်ကျယာဉ်မောင်းကို ခေါ်ယူ၍ ဌာနကားဖြင့် ရန်ကုန်မြို့တွင်းသို့ ထွက်လာခဲ့သည်။

"အင်္ဂလိပ်ဘားမားပင်းမင်း"

ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်းပေါ် လမ်း ၄၀ နှင့် ၃၉ လမ်း ကြားအရောက် အပြာရောင်နောက်ခံပေါ်တွင် အနီရောင်ထွင်း စာလုံးကြီးများဖြင့် ရေးထားသော ဆိုင်းဘုတ်ကို လှမ်းမြင်လိုက်ရ၏။ ကျွန်ုပ် ထိုဆိုင်ရှေ့တွင် ကားရပ်ခိုင်းကာ လျှောက်လာခဲ့သည်။

"ဘာကိစ္စရှိလို့လဲ ဆရာ။ ပင်းမင်း အပ်မလို့လား"

ကျွန်ုပ် ဆိုင်ရှေ့အရောက်တွင် ဆိုင်ရှင်ဖြစ်ဟန်တူသော အသက် ငါးဆယ်ကျော်ခန့် ဆံပင်ဖြူဖြူ၊ ဥပမိရုပ် ကောင်းကောင်း ဟိန္ဒူအမျိုးသားကြီး တစ်ဦးက ဆီးကြို၍ မေးသည်။ ဆိုင်သိမ်းလာစ ဖြစ်နေသော်လည်း ဆိုင်ရှေ့ သံဘာဂျာတံခါးတစ်ခြမ်း ဖွင့်လျက်သား ရှိနေသေး၍ ဆိုင်ရှင်က မေးရင်း ဆိုင်ထဲသို့ ဖိတ်ခေါ်လိုက်သည်။

ကျွန်ုပ် ဆိုင်ခန်းတွင်း လှမ်းဝင်ကာ ကြိမ်ဆက်တီတစ်လုံးတွင် ဝင်ထိုင်ကာ ကိုယ့်ကိုယ်ကို မိတ်ဆက်လိုက်သည်။ ပြီးမှ မမဆိုသူနှင့် တယ်လီဖုန်းဆက်သွယ်မိရာကအစ စောစောက ငယ်သံပါအောင် အော်သံကြားရပြီး ဖုန်းအဆက် အသွယ်ပြတ်သွားသည်အထိ ရှင်းပြလိုက်သည်။

ဆိုင်ရှင်က ကျွန်ုပ်ရှင်းပြသမျှ တစ်ခွန်းမှ ကြားဖြတ်မမေးဘဲ ငြိမ်သက်စွာ အာရုံစိုက်နားထောင်နေသည်။ ကျွန်ုပ် စကားဆုံးသောအခါ သူ၏ဆွတ်ဆွတ်ဖြူနေသော ဆံပင်များထဲသို့ လက်သုံးချောင်း ထိုးသွင်းကာ တဂျစ်ဂျစ် ကုတ်ဖြစ်နေသည်။ သူ၏ အပေါ်နှုတ်ခမ်းသားများကို အောက်သွားများဖြင့် ဖိကိုက်ထားသည်။ သူ့မျက်လုံးများထဲတွင်ကား ကျွန်ုပ်အား လူထူးလူဆန်းတစ်ယောက် သဖွယ် အရိပ်လက္ခဏာများ သိသိသာသာ ထင်ဟပ်နေလေသည်။

"ကျွန်ုပ်တောင် ဒီပင်းမင်းဆိုင်ဖွင့်ထားတာ အနှစ်သုံးဆယ်ကျော်နေပါပြီ။ ဒီတိုက်မှာနေတဲ့လူတွေ ကျွန်တော်မသိတာ တစ်ယောက်မှ မရှိပါဘူး။ ဆရာ ပြောတဲ့ ဒေါ်မမဆိုတာရော ဒီနာမည်နဲ့ တူတဲ့ နာမည်တောင် တစ်ခါမှ မကြားဖူးတာပါပဲ ဆရာ"

"ဟုတ်လား"

"နောက်ပြီး ကျွန်တော့်ပင်းမင်းဆိုင် နာမည်က ဆရာတွေ့တဲ့အတိုင်း အင်္ဂလိပ်ဘားမားပင်းမင်းပါ။ ဆရာ ခုနက ပြောသလို အင်္ဂလိပ်မြန်မာ မဟုတ်ပါဘူး။ နောက်တစ်ခု ဒီတိုက်ကြီးဟာ ဆရာပြောသလို ရှစ်ထပ်တိုက်မဟုတ်ပါဘူး။ နှစ်ပေါင်းရှစ်ဆယ်ကျော်နေတဲ့ သုံးထပ်တိုက်အိုကြီးပါ"

"ဟုတ်လား"

"ပြီးတော့လည်း ခုန ဆရာပြောတဲ့ ဂဏန်းခုနစ်လုံးလှည့်ရတဲ့ ဆယ်လူလာလက်ကိုင်ဖုန်းဆိုတာ နိုင်ငံခြားမှာတော့ ပေါ်ပြီလားမသိဘူး။ ဒီမှာတော့ ကျွန်တော့်ဆိုင်က ဂဏန်းငါးလုံးလှည့်ရတဲ့ ကြိုးဖုန်းကတော့ ဟိုနားဒီနားတောင် မနည်းခေါ်နေရတဲ့ အခြေအနေ ရှိနေပါသေးတယ်"

"ဩော် . . ."

"ပြီးတော့ ဆရာပြောသလို ပြီးတဲ့ နာရီဝက်လောက်က ဒီတိုက်ပေါ်က ငယ်သံပါအောင် အော်သံကြားလိုက်တယ်ဆိုရင် ကျွန်တော်တို့လည်း ကြားမှာပဲ။ ည ၉ နာရီခွဲ ၁၀ နာရီလောက်ဆိုတော့ အတော်လေး တိတ်ဆိတ်နေပြီလေ။ တော်ရုံအော်သံမျိုးတောင် အားလုံးကြားနိုင်လောက်တယ်ဗျ"

ကျွန်ုပ် သက်ပြင်းရှည်တစ်ချက်ကို မောပန်းစွာ မှုတ်ထုတ်လိုက်မိသည်။ နေရာမှထရပ်ကာ ဆိုင်ရှင်အား ကျေးဇူးတင်စကားပြောကာ နှုတ်ဆက်၍ ဆိုင်ထဲမှ ပြန်ထွက်လာခဲ့သည်။ ကားပေါ်မတက်မီ ပလက်ဖောင်းပေါ်တွင်ရပ်ကာ တိုက်ကြီးဘက်လှည့်၍ မော့ကြည့်လိုက်မိသည်။

တိုက်ကြီးကား ဆေးဝါရောင်များ ပင် လွင့်ပြယ်ကာ အတော်ပင် ဟောင်းအိုနေလေပြီ။ တိုက်နံရံ၏ အချို့နေရာများတွင် ညောင်မြစ်များ ဟိုတစ်ကွက် ဒီတစ်ကွက် တွယ်ကပ်နေကာ အဝင်လိုက် အက်ကြောင်းကြီးများကိုပင် လမ်းမီးရောင်အောက်၌ မြင်တွေ့နေရသည်။ အိမ်ရှေ့ဝရန်တာတွင် ရှေးဟောင်းဆန်သော ပွတ်လုံးတိုင်လေးများက ဤသုံးထပ်တိုက်အိုကြီး၏ သက်တမ်းကို ဖော်ပြနေကြသည်။

အပြန်လမ်းကားပေါ်တွင် ကျွန်ုပ်၏ ဦးခေါင်းတစ်ခုလုံး ပပေါင်ဆန်လှ



www.burmeseclassic.com

www.burmeseclassic.com

ပြီး လျှို့ဝှက်နက်ရှိုင်းလှသည့် ဖြစ်ရပ်များအပေါ် အတွေးများဖြင့် ချာချာလည်လျက်ရှိသည်။ ဘာဖြစ်လို့ မမပြောသည့် အင်္ဂလိပ်မြန်မာပင်းမင်းမဟုတ်တဲ့ အင်္ဂလိပ်ဘားမားပင်းမင်း ဖြစ်နေရပါသနည်း။ ဘာဖြစ်လို့ မမပြောသည့် ရှစ်ထပ်တိုက်ကြီးမဟုတ်တဲ့ ဟောင်းအိုသော သုံးထပ်တိုက်ကြီး ဖြစ်နေရပါလေသနည်း။

အသံသာကြားလိုက်ရ၍ လူရိပ်ကို မမြင်ခဲ့ရလေရာ မမ၏ ပုံရိပ်အမျိုးမျိုး ကျွန်ုပ်၏အာရုံဝယ် သက်ဝင်ကြီးစိုးနေပါလေသည်။ ထိုနေ့နောက်ပိုင်း တာဝန်မှူးကျသည့် ည ၈ နာရီရောက်လျှင် တယ်လီဖုန်းသံကို နားစွင့်နေမိသည်။ မမ၏ ကရုဏာသံပါပါ ဆွဲဆွဲငင်ငင်ပြောတတ်သော အသံအေးအေးကလေး ပြန်လည်ကြားချင်လာမိသည်။

တယ်လီဖုန်းမြည်သံ ကြား၍ အပြေးအလွှား ကောက်ကိုင်မိတတ်လာသည်။ မမဆီကများလား။ သို့တစေ ထိုနေ့မှစ၍ ထပ်မံမကြားရပါတော့ချေ။ ကျွန်ုပ်နားထဲမှာ မကြာခဏ ပဲ့တင်ထပ်နေသည်ကား "အမလေး သေပါပြီရှင်၊ ကယ်ကြပါဦး။ အား・・・အား"ဟု ငယ်သံပါအောင် အော်ဟစ်လိုက်သော မမ၏ သနားစဖွယ်အသံများသာတည်း။

■ ■ ■

ကျွန်ုပ်မှာ ၁・၁・၁၉၈၂ ရက်နေ့တွင် ထောင်မှူးကြီးရာထူးသို့ တိုးမြှင့်ခံရကာ ရန်ကုန်-မန္တလေးအမြန်လမ်းဖောက်လုပ်သည့် အလုပ်စခန်းသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရမည်ဖြစ်သည်။ ထိုစဉ်က ရန်ကုန်ယာယီအချုပ် စခန်းတာဝန်ခံဖြစ်သူ ထောင်ပိုင်ကြီးဦးတင်စိန်က ကျွန်ုပ်အတွက် နှုတ်ဆက်ဂုဏ်ပြုညစာစားပွဲ ကျင်းပပေးခဲ့၏။

အရာရှိဝန်ထမ်းများက ဝမ်းနည်းဝမ်းသာ နှုတ်ဆက်စကားများ ပြောကြားကြရာ ကျွန်ုပ်ကလည်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ရ၏။ ကျွန်ုပ်၏ စကားနိဂုံးချုပ်တွင်ကား ရင်ထဲက စကားတစ်ခွန်း အတားအဆီးမဲ့ ထွက်ကျသွားခဲ့ပါတော့၏။

"မမဆိုတဲ့ အမျိုးသမီးတစ်ယောက်ဆီက တယ်လီဖုန်းလာရင် ကျွန်တော့်ဆီ အမြန်ဆုံး အကြောင်းကြားပေးကြပါခင်ဗျာ"

ဤသို့ဖြင့် ကျွန်ုပ်မှာ ရန်ကုန်-မန္တလေး အမြန်လမ်း ဖောက်လုပ်ရေးအလုပ်စခန်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရပြီး ထိုမှတစ်ဆင့် နယ်အကျဉ်းထောင်အလုပ်စခန်းများသို့ တစ်မြို့ပြီးတစ်မြို့ လှည့်လည်ပြောင်းရွှေ့ခဲ့ရသည်။

ထိုအတောအတွင်း ရောက်လေရာ အကျဉ်းထောင် အလုပ်စခန်းများတွင် တယ်လီဖုန်းမြည်သံ ကြားရလေတိုင်း မမကိုသာ တသသ ပြန်သတိရနေမိသည်။ တစ်ခါတရံ အမျိုးသမီးတစ်ယောက်က ဆရာနဲ့ ပြောချင်လို့တဲ့ဟု ပြောသံကြားလျှင် မမများ ဖြစ်နေမလားဆိုပြီး အမောတကောဖြင့် သတိလက်လွတ် ပြန်လည်ထူးမိရသည်က အကြိမ်ကြိမ်။

သို့တစေ ကျွန်ုပ် အလွန်မျှော်လင့်တောင့်တနေခဲ့သော မမကား မဟုတ်။ မမကား ဆယ်စုနှစ်တစ်ခု ကျော်လွန်လာသည်အထိ ပျောက်ချင်းမလှပျောက်ကွယ်နေခဲ့ပါလေပြီ။

"ထောင်ပိုင်ကြီး・・・လုပ်ငန်းညှိနှိုင်းအစည်းအဝေးက ဒီတနင်္ဂနွေနေ့ အရောက်တဲ့။ ရုံးချုပ်က ဖုန်းလာတယ်"

ကျွန်ုပ်မှာ ရာထူးအဆင့်ဆင့်တက်ပြီးနောက် တာဝန်ခံအရာရှိအဖြစ် နယ်အကျဉ်းထောင်တစ်ခုတွင် တာဝန်ထမ်းဆောင်နေစဉ် အထက်ပါ ဖုန်းသတင်းဝင်လာခြင်းဖြစ်၏။ ကျွန်ုပ်အဖို့ တာဝန်ခံအရာရှိအနေဖြင့် ပထမဆုံး တက်ရောက်ရမည့် အစည်းအဝေးဖြစ်သည့်အပြင် နှစ်ပေါင်းအတန်ကြာ ကင်းကွာနေခဲ့သော ရန်ကုန်မြေကို ပြန်လည်ရောက်ရှိလာရခြင်းလည်းဖြစ်၏။ ရန်ကုန်မြို့ကြီးမှာ မိုးပျံအဆောက်အဦများဖြင့် အံ့မခန်း တိုးတက်လာနေရာ ကျွန်ုပ်မှာ တောသား မြို့ရောက်လာသလို ပြန်ဖြစ်ခဲ့ရလေသည်။

အစည်းအဝေးမှာ အင်းစိန်ရုံးချုပ်တွင် ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့မှ ၈ ရက်နေ့အထိ ကျင်းပမည့်အကြောင်း အမိန့်စာအရ သိရှိရသည်။ ရုံးချုပ်အစည်းအဝေး ခန်းမကြီးမှာကား ယခင်ကာလများထက် များစွာ အဆင့်အတန်းမြင့်ကာ ခေတ်မီနေပါလေပြီ။ မတွေ့ရတာကြာခဲ့ပြီဖြစ်သော လုပ်ဖော်ကိုင်ဖက်များနှင့် ပြန်ဆုံရ၍လည်း ရေးဖြစ်နှောင်းကြောင်းများ ပြောမဆုံးပေါင်တောသုံးတောင် ဖြစ်နေပါတော့သည်။

ထိုစဉ်・・・အင်းစိန်ဗဟိုအကျဉ်းထောင်မှ တာဝန်ခံအရာရှိဖြစ်သူ ထောင်ပိုင်ကြီးက အစည်းအဝေးခန်းမရှေ့ကော်ရီတာတွင် ခေါက်တုံ့ခေါက်ပြန် ဖုန်းပြောရင်း အလုပ်ရှုပ်နေသည်ကို တွေ့လိုက်ရ၏။

"ဒါနဲ့ ဟိုထောင်ပိုင်ကြီးပြောနေတာ ဘာဖုန်းလဲဗျ။ ကြိုးမပါဘာမပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်က ဘေးမှ ထောင်ပိုင်တစ်ယောက်အား မေးကြည့်မိသည်။

"ခင်ဗျားလည်း နယ်မှာ အနေကြာလို့ ခေတ်နောက်ကျနေပြီနဲ့ တူတယ်။ အဲဒါက ပေါ်တာမကြာသေးတဲ့ ဆယ်လူလာလက်ကိုင်ဖုန်းလေဗျာ"

"ဗျာ…ဆယ်လူလာ လက်ကိုင်ဖုန်း ဟုတ်လား"

"ဟုတ်တယ်လေဗျာ။ ဖုန်းနံပါတ်တွေကလည်း ကျွန်တော်တို့ အခုပြောနေတဲ့ ကြိုးဖုန်းလို ဂဏန်းငါးလုံးမဟုတ်တော့ဘူး။ ရှေ့က ၀၉ ခံပြီး နောက်က ဂဏန်းငါးလုံး ထပ်နှိပ်ရတာလေဗျာ"

"ဘယ်လို…ရှေ့က ၀၉ ခံပြီး။ ဟင်…ဟာ…ဒါဆို"

ထိုအခိုက် ကျွန်ုပ်၏ မသိစိတ်ထဲက ရုတ်တရက် လူးလွန့်ထွက်ပေါ်လာသော အတွေးတစ်ခုကြောင့် ကျွန်ုပ်ရင်ထဲ ဒိန်းခနဲမြည်သံ ကြားလိုက်ရ၏။ လေအေးစက်တပ်ထားသော ခန်းမဖြစ်ပါလျက် ကျွန်ုပ်၏ နဖူးဆံစပ်တွင် ချွေးစများ တစိမ့်စိမ့်ထွက်လာသည်။

"ကြည့်စမ်း…ကြည့်စမ်း ငါ့နယ် မေ့တတ်လိုက်တာ ဒီနေ့ ၁၉၉၆ ခုနှစ် နိုင်ဝင်ဘာလ ၄ ရက်နေ့ဆိုတော့ ငါ မမနဲ့ နောက်ဆုံးဖုန်းပြောခဲ့တဲ့နေ့ပါလား။ ငါနဲ့ ၁၉၇၆ ခုနှစ် နိုဝင်ဘာ ၄ ရက်နေ့တုန်းက ဖုန်းပြောခဲ့တုန်းက မမက သူရောက်နေတာ ၁၉၉၆ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့လို့ ပြောခဲ့တာမဟုတ်လား။ မမပြောခဲ့တဲ့ အဲဒီနေ့က အခု ဒီနေ့ပဲလေ"

ကျွန်ုပ် မမရှိရာသို့ ချက်ချင်း အတောင်ပေါက်ပြီး အရောက်ပျံသွားလိုက်ချင်မိသည်။ သို့သော် တိုက်တိုက်ဆိုင်ဆိုင် အစည်းအဝေးက အခုမှ စတင်ကျင်းပနေသည်။ နေ့ဘက်တွင်သာ မဟုတ်။ လိုအပ်လျှင် ညအချိန်မှာပါ ခေါ်ယူညှိနှိုင်းနေလေရာ ကျွန်ုပ်မှာ ရန်ကုန်မြို့ထဲသို့ ခဏထွက်သွားရန်ပင် အခွင့်မသာနိုင်ဘဲ ထိုရက်များကျော်လွန်အောင် အောင့်အည်းသည်းခံ၍ စောင့်နေခဲ့ရ၏။

အစည်းအဝေးကြီး ပြီးဆုံးသည့် နိုင်ဝင်ဘာလ ၈ ရက်နေ့ ညနေမှာလည်း ဂုဏ်ပြုညစာစားပွဲ ကျင်းပနေသေးရာ ကျွန်ုပ် ညစာစားပွဲမပြီးမီ ရုံးချုပ်က ကားတစ်စီး အကူအညီတောင်းကာ ရန်ကုန်မြို့ထဲသို့ ထွက်လာခဲ့သည်။ ကားမှာ မြေနီကုန်းကိုကျော်ကာ ပဲခူးကလပ်အလွန် အရောက်တွင် သတိရ၍ စိန်ဂွန်းဈေးနေရာကို လှမ်းကြည့်လိုက်မိရာ အထွေထွေရောဂါကု ဆေးရုံသစ်ကြီး ဖြစ်နေလေသည်။ တစ်ဆက်တည်း ရန်ကုန်ယာဉ်အချုပ်စခန်း နေရာဆီ လှမ်းမျှော်ကြည့်လိုက်ရာ ဖြူဖွေးသစ်လွင်သော ဆေးရုံအဆောက်အဦများကိုသာ တွေ့မြင်ရသည်။

ကျွန်ုပ်က ကားကို စိန်ဂွန်းလမ်းဘက်သို့ ကွေ့မောင်းစေခဲ့ရာ လမ်းထိပ်တွင် မင်းရဲကျော်စွာလမ်း ဆိုင်းဘုတ်ကို မြင်လိုက်ရ၏။ ထို့နောက် ဗဟိုစည်ရပ်ကွက်ဘက် မောင်းစေခဲ့ရာ ဟိုတုန်းကလို သွပ်မိုးထရံကာအိမ်များ မရှိတော့ဘဲ လုပခေတ်မီသော လေးထပ်တိုက်တန်းများဖြင့် ဗဟိုစည်အိမ်ရာကို တအံ့တဩ တွေ့ရတော့၏။

"အလို…တကယ့်ကို မယုံကြည်နိုင်စရာတွေပါလား"

ကျွန်ုပ်မှာ ကိုယ့်မျက်စိဖြင့် တပ်အပ်မြင်နေရသော ပြောင်းလဲမှုများကို မယုံ၍မရတော့လေရာ ပါးစပ်အဟောင်းသားဖြင့်သာ ငေးမောကြည့်နေရပါတော့၏။ ဤပြောင်းလဲမှုများမှာ လွန်ခဲ့သော (၁၇ နှစ်က မမပြောခဲ့သည့်အတိုင်း တစ်သဝေမတိမ်း ဖြစ်နေပါလေသည်။ ထူးခြားဆန်းကြယ်လွန်းလှပါဘိ။

ထို့ထက်ပို၍ ထူးခြားသည်မှာ မဟာဗန္ဓုလလမ်းပေါ်က လမ်း ၄၀ နှင့် ၃၉ လမ်းကြားတွင်လည်း ယခင်ကကဲ့သို့ အက်ကြောင်းထနေသော သုံးထပ်တိုက်အိုကြီးမဟုတ်တော့ဘဲ ခေတ်မီ၍ သစ်လွင်လှသော ရှစ်ထပ်တိုက်ကြီး ဖြစ်နေခြင်းပင်။

ထို့ထက်ထို့ထက်ပို၍ ဆန်းကြယ်သည်ကား တိုက်ကြီး၏အောက်က မြေညီထပ်တွင် ရှိနေသော ပင်းမင်းဆိုင်နာမည်မှာ ယခင်ကလို အင်္ဂလိုတားမား မဟုတ်တော့ အင်္ဂလိုမြန်မာ ဖြစ်နေသည်ကို အံ့ဩဖွယ် တွေ့လိုက်လေသည်။

ကြည့်စမ်း…။ မမပြောခဲ့သည့် စကားများအတိုင်း အရာရာသည် တစ်ချက်မလွဲ အတိအကျ မှန်နေသည် မဟုတ်ပါလား။ ဤအတိုင်းသာဆိုပါက ကျွန်ုပ် မမနှင့်တွေ့ရတော့မည်မှာလည်း အသေအချာပင် ဖြစ်နေလေပြီ။ ရင်တုန်လိုက်ပါဘိ မရယ်။

"လာပါ ဆရာ။ ကျွန်တော် ဘာများအကူအညီပေးရပါမလဲ"

ကျွန်ုပ်က တိုက်ကြီးပေါ်သို့ မော့ကြည့် မရှိနိုင်မည့် အခန်းအား မျှ ဆကြည့်နေစဉ် ပင်းမင်းဆိုင်ထဲက အသက် လေးဆယ်ခန့် ဟိန္ဒူအမျိုးသား တစ်ဦး ထွက်လာကာ မေးသည်။

"ကျွန်တော် ဒီဆိုင်ကို လွန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

၁၉၇၉ ခုနှစ်က တစ်ခါရောက်ခဲ့ဖူးသေးတယ်။ အဲဒီတုန်းက အသက်ငါးဆယ်ကျော်လောက် ခေါင်းဖြူဖြူ ဆိုင်ရှင်လူကြီးတစ်ယောက်နဲ့ တွေ့ခဲ့သေးတယ်ဗျ"

"ဩော် . . . အဲဒါ ကျွန်တော့်ဦးလေးပါ။ တစ်နှစ်က ဆုံးသွားပါပြီ"

"ဟုတ်လား . . . ကြားရတာ စိတ်မကောင်းလိုက်တာဗျာ"

"ဒါနဲ့ ဆရာ ဘာကိစ္စများရှိလို့လဲ"

"ဩော် . . . ဒီတိုက်ပေါ်မှာနေတဲ့ ဒေါ်မမဆိုတာ ဘယ်အခန်းမှာများ ဖြစ်မလဲ ကြည့်နေတာပါ"

"ဒေါ်မမ ဩော် . . . သိပြီ။ ဟိုလေ ဒီအပေါ်ထပ်မှာနေတဲ့ ဒေါ်စိုးမမမျိုးကို မေးတာနဲ့ တူတယ်"

"ဗျာ . . . ဒေါ်စိုးမမမျိုးတဲ့လား"

"ဟုတ်တယ်လေ။ ဒီဆရာမကြီးအကြောင်း လာလာမေးနေတာ ဆရာနဲ့ဆိုရင် သုံးယောက်ရှိနေပြီလေ"

"ဟုတ်လား ဘာဖြစ်လို့လဲ"

"ဩော် . . . ဒီဆရာမကြီးအဖြစ်က မယုံကြည်နိုင်လောက်အောင်ကို ထူးခြားဆန်းကြယ်နေလို့ပါ"

"ဗျာ . . . ဘယ် . . . ဘယ်လိုထူးခြားဆန်းကြယ်တာလဲ"

"ဟို . . . ဆရာ အချိန်ရရင် ခဏဝင်ထိုင်ပါလား"

ကျွန်ုပ်က ပင်းမင်းဆိုင်တွင်း လှမ်းဝင်ကာ ဆိုဖာတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

"ဒီလိုပါဆရာ။ ဒီဒေါ်စိုးမမမျိုးဆိုတာ တက္ကသိုလ်တစ်ခုက ဆရာမကြီးတဲ့။ ရှေးခေတ်ဟောင်းပစ္စည်းတွေနဲ့ဆိုင်တဲ့ ဌာနဆိုလား။ ရှေးခေတ်က လူဟောင်းတွေကို လေ့လာတဲ့ ဌာနကဆိုလား အသေအချာတော့ မပြောတတ်ဘူး။ သူ့အိမ်မှာက လူရိုးခေါင်းပုံတွေ၊ လူ့သွားပုံစံတွေ၊ လက်ချောင်း၊ လက်ဖျံရိုး ပုံစံကြီးတွေ ရှိတယ်လို့ အဲဒီအိမ်မှာ အလုပ်လုပ်တဲ့ ကောင်မလေး ပြောဖူးတယ်။ သူက အပျိုကြီး။ တစ်ယောက်တည်းနေတာ။ ဒီတိုက်ကို ပြောင်းလာတာလည်း သိပ်မကြာသေးဘူး။ လပိုင်းလောက်ပဲ ရှိဦးမယ်တဲ့"

"ဘယ်အရွယ်လောက် ရှိပြီလဲဗျ"

"ကျွန်တော် တစ်ခါလှမ်းမြင်ဖူးတာ အသက် ၃၅ နှစ် ပတ်ဝန်းကျင်လောက် ရှိမလားပဲ။ လူကတော့ ဖြူဖြူချောချောနဲ့ ခုံ့ခုံ့ပါဆရာ။ သူနေတာက ခြောက်ထပ်လား၊ ခုနစ်ထပ်လား တစ်ခုခုပဲ။ အခန်းက အမြဲလိုလို ပိတ်ထားတတ်ပြီး တစ်ခါတလေမှ ပြန်လာတာတဲ့။ အိမ်နီးနားချင်းတွေနဲ့လည်း သိပ်အဆက်အဆံမရှိဘူးတဲ့။ သူ့အိမ်မှာ နေ့ဘက်ခေါ်ခိုင်းတဲ့ ကောင်မလေးက ပြောတာ"

"အဲဒါ သူက ဘယ်လိုဖြစ်လို့လဲဗျ"

"ပြီးခဲ့တဲ့ ငါးရက်၊ ခြောက်ရက်လောက်က သူတစ်နေရာက ပြန်လာတာ ထင်ပါရဲ့။ လက်ထဲမှာလည်း ခရီးဆောင်အိတ်ကြီးနဲ့။ အင်း . . . အဲဒီနေ့က တနင်္ဂနွေနေ့ဆိုတော့ (နံရံက ပြက္ခဒိန်ကို လှမ်းကြည့်ကာ) မှတ်တယ်ဆရာ။ ပြီးခဲ့တဲ့ တနင်္လာ၊ နိဝင်ဘာလ ၄ ရက်နေ့ ဖြစ်မယ်။ ကောင်မလေးတောင် အဲဒီနေ့ညနေပိုင်းလောက်က သူ့အင်္ကျီနဲ့ ထဘီတွေ ပင်းမင်းလာအပ်သွားသေးတယ်။ အဲဒါဗျာ . . . အဲဒီည ၉ နာရီခွဲလောက်မှာ သူ့အခန်းက ကြောက်လန့်တကြား ငယ်သံပါအောင် အော်ဟစ်သံကြားလိုက်ရလို့ အိမ်နီးချင်းတွေ သူ့အခန်းရှေ့ စုပြုံရောက်သွားကြတယ်။ ဘာဖြစ်လို့လဲလို့ အကူအညီပေးဖို့ အော်မေးကြတယ်။ ကျွန်တော်လည်း ဆိုင်ရှေ့ထွက်ပြီး အပေါ်မော့ကြည့်တော့ သူ့အခန်းဝရန်တာမှာ လျှပ်စီးလက်သလို နှစ်ကြိမ်၊ သုံးကြိမ်လောက် ဝင်းခနဲ လက်ခနဲ လှမ်းမြင်လိုက်သေးတယ် ဆရာ"

"ဟုတ်လား"

"အိမ်နီးချင်းတွေက အခန်းတံခါးကိုထုပြီး ဝိုင်းအော်မေးကြပေမယ့် ပြန်ထူးသံ မကြားရတာနဲ့ ရပ်ကွက်လူကြီးကို အကြောင်းကြားလိုက်တာ မကြာခင် ရဲတွေရောက်လာတယ်။ ရဲတွေကလည်း ပြန်ထူးသံ မကြားရတာနဲ့ အပြင်က ကျွန်းတံခါးနဲ့ အတွင်းက သံပန်းတံခါးတွေကို သော့ဖျက်ပြီး ဝင်ကြရတယ်တဲ့"

"အထဲကျတော့ မမနဲ့တွေ့လား ဘယ်လိုဖြစ်နေလဲ"

ကျွန်ုပ် စိတ်လှုပ်ရှားစွာ မေးမိသည်။

"ဟာ . . . အဲဒါပြောမလို့ ဆရာရေ။ ဘယ်လောက်တောင်ထူးဆန်းပြီး အံ့ဩဖို့ကောင်းလဲဆိုတော့ အိမ်ထဲရောက်တော့ ဧည့်ခန်းထဲမှာ ကုလားထိုင်တွေ ဖယိုဖရဲဖြစ်နေပြီး ကြမ်းပြင်ပေါ်မှာလည်း ဆယ်လူလာ လက်ကိုင်ဖုန်းတစ်လုံး ကျနေတယ်။ မလှမ်းမကမ်းမှာ ကြွေမှုနေတဲ့ အနီရောင်နှင်းဆီပန်းတစ်ပွင့် တွေ့ရသတဲ့"

"ဒါဖြင့် . . . လူကကော"

"အဲ . . . လူကိုတော့ လုံးဝရှာမတွေ့



www.burmeseclassic.com

www.burmeseclassic.com

မတွေ့ရဘူးတဲ့"

"ဗျာ…ရှိရမှာပေါ့။ အိပ်ခန်းထဲတို့၊ အထပ်ခိုးတို့ ဘာတို့ တက်မရှာကြဘူးလား"

"ရှာတာပေါ့ ဆရာရယ်။ အိပ်ခန်း၊ အထပ်ခိုး၊ ရေချိုးခန်းနဲ့ အိမ်သာ အပြင် ရေတိုင်ကီကြီးထဲပါ ဝိုင်းရှာကြတယ်။ ဒါပေမဲ့…လူအရိပ်အယောင်တောင် မတွေ့ရဘူးတဲ့"

"ဟင်…အဲဒါ ဘယ်လိုဖြစ်တာလဲ"

"အဲဒါကို ပြောကြတာပေါ့ ဆရာ။ အော်သံကြားကြားချင်း အိမ်သားကရော အောက်ထပ်ကပါ လူတွေ တက်လာကြတာဆိုတော့ လှေကားက ဆင်းသွားဖို့ကလည်း မဖြစ်နိုင်ဘူး။ ပြီးတော့ အဲဒီအခန်းက အိမ်ရှေ့ဝရန်တာမှာရော အိမ်နောက်ဖေးပြတင်းပေါက်တွေမှာပါ သံပန်းသံတံခါးတွေ အပြည့်အနိုင်အလုံ တပ်ထားတာတဲ့။ ဒါကြောင့် အဲဒီ အပေါက်တွေကလည်း ထွက်မသွားနိုင်ဘူးလေ…။ သူဟာက ငှက်ဖြစ်ပြီး အတောင်နဲ့ ပျံပြေးသွားမှပဲ ရတော့မလို ဖြစ်နေတယ်"

"အင်း…"

"ရဲတွေက သူ့အိမ်မှာ ခေါ်ခိုင်းနေတဲ့ ကောင်မလေးကို ခေါ်စစ်တော့ သူ ပြန်ဆင်းလာတဲ့ ည ၇ နာရီခွဲလောက်မှာ ဆရာမကြီးက ဘုရားမီးပူဇော်ရင်း ကျန်ရစ်ခဲ့တာလို့ သိရတယ်"

"ဒါနဲ့ အိမ်ထဲမှာ တခြား ဘာထူးထူးခြားခြားတွေ့ရ တာမျိုးရှိလဲ။ ဥပမာ သွေးတို့ဘာတို့"

"အဲ…ဟုတ်ပြီ။ ဆရာမေးမှပဲ သတိရတော့တယ်။ သွေးစသွေးနတော့ မတွေ့ရဘူး။ ဒါပေမဲ့ လက်ကိုင်ဖုန်းကျနေတဲ့ ကြမ်းပြင်တစ်ဝိုက်မှာတော့ ခြေရာတွေ ရှုပ်ယှက်ခတ်နေတယ်ဆိုပဲ။ ထူးခြားတာက အဲဒီခြေရာတွေဟာ သာမန်လူခြေရာထက် နှစ်ဆလောက်ပိုကြီးနေတာ တွေ့ရသတဲ့ ဆရာရေ"

အိုဗျာ…ကြားရတဲ့ သတင်းတွေ မယုံကြည်နိုင်စရာပါလား မမရယ်။

အခုနေ ပြန်စဉ်းစားလိုက်တော့ ဟိုတုန်းက မမပြောခဲ့သလို အချိန်ကာလ ယန္တရားကြီးက အစိတ်အပိုင်းတစ်ခု ချို့ယွင်းလွဲချော်သွားခဲ့လို့ မမနဲ့ ကျွန်တော် တယ်လီဖုန်းလိုင်းထဲမှာ ဆုံမိခဲ့ကြတာဟာ အမှန်တကယ်များ ဖြစ်နေလေမလား။

အဲဒီတုန်းက…ကျွန်တော်က ၁၉၇၉ ခုနှစ်မှာ ရှိခဲ့ပြီး မမက ၁၉၉၆ ခုနှစ်ထဲ ရောက်နေပြီနော်။ ဒါတွေဟာ ၁၇ နှစ် ကြာခဲ့ပြီး မမကလည်း အခု ၁၉၉၆ ခုနှစ်မှာ အသက် ၅၂ နှစ်လောက် ဖြစ်နေရမှာပေါ့။ ဒါပေမဲ့ မမက လုံးဝ အပြောင်းအလဲမရှိဘဲ အရင်ကအတိုင်း အသက် ၃၅ နှစ်ပဲလို့ သိရတော့ ဒါဟာ လွဲချော်နေတဲ့ ကာလယန္တရားရဲ့ အစိတ်အပိုင်းက ပုံမှန်ပြန်ဖြစ်သွားလို့ မမက ကျွန်တော်တို့ရဲ့ လက်ရှိပစ္စုပ္ပန်ကမ္ဘာကြီးထဲကို ပြန်ရောက်လာခဲ့တာများလား။

ဒါပေမဲ့လည်း ပြီးခဲ့တဲ့ နိုဝင်ဘာလ ၄ ရက်နေ့က ဖြစ်ရပ်ကို စဉ်းစားကြည့်ပြန်တော့လည်း ကျွန်တော် နားမလည်နိုင်လောက်အောင် သိပ်ကို ပဟေဠိဆန်လွန်း၊ လျှို့ဝှက်ဆန်းကြယ်လွန်းနေပြန်တယ်။ အဲဒီဖြစ်ရပ်ကို ကျွန်တော် ဉာဏ်မီသလောက် အတင်းဖျစ်ညှစ်ပြီး အစွမ်းကုန် စဉ်းစားကြည့်လိုက်တော့ ပုံမှန်ပြန်ဖြစ်နေတဲ့ မမရဲ့ကာလယန္တရားကြီးဟာ အဲဒီနိုဝင်ဘာလ ၄ ရက်နေ့ ညကျမှ ရုတ်တရက် ပြန်ချို့ယွင်း လွဲချော်ပျက်စီးသွားပြန်တာကြောင့် ဟိုရေမလူကြီးတွေက ကာလယန္တရားကြီးနဲ့ ပြန်းခနဲရောက်လာပြီး မမတို့ရဲ့မူလအနာဂတ်ကမ္ဘာကြီးဆီကို အတင်းပြန်ပြီး ဆွဲခေါ်သွားခဲ့ကြတာများလား။

အိုဗျာ…ဒီအကြောင်းတွေ တွေးကြည့်ရတာ လူပဲ ရူးကြောင်ကြောင် ဖြစ်သွားမလား။ ဦးနှောက်သွေးကြောတွေ ထောင်းခနဲပြတ်ပြီး ဘဝပဲ မေ့သွားမလား။ ဒါတွေ ဘယ်လို ဖြစ်လာမယ်မှန်း မသိပေမဲ့ ကျွန်တော်ကတော့ မမဘဝရဲ့ အတွေးပင့်ကူအိမ်ထဲမှာ ရုန်းထွက်လို့မရ ငြိတွယ်စွဲကပ်လို့ နေရပါပြီ

အသည်းခိုက်အောင် ရင်နာစရာကောင်းတာက…

တကယ်လို့သာ နိုဝင်ဘာ ၄ ရက်နေ့ညမှာ ကျွန်တော် အချိန်မီသာ ရောက်လာနိုင်ခဲ့ရင် မမရဲ့ ကရုဏာသက်ပြီး ဆွဲဆွဲငင်ငင်ပြောတတ်တဲ့ အသံအေးအေးလေးကိုလည်း နားနဲ့ဆတ်ဆတ် ကြားခဲ့ရမှာနော်။ ကျွန်တော်ရှိနေတော့ ဟိုလူကြီးတွေလည်း အတင်းဆွဲခေါ်ချင်မှ ခေါ်ကြတော့မှာနော်။

ခုတော့ ဒါတွေအားလုံး နောက်ကျသွားခဲ့ပါပြီ။ အဲဒါတွေ အားလုံးဟာ ကျွန်တော့်အမှားတွေပါ။ ကျွန်တော့် အပြစ်တွေပါဗျာ။ ဒီတစ်သက် ကျွန်တော့်ကို ခွင့်မလွှတ်ပါနဲ့တော့နော်။

"ခြေသံ…ဘယ်ဆီမှာများလဲ မမရယ်"

**ပီတာမြင့်**



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်ကြိုက်သော ဝတ္ထုရှည်များ

အသက် ၅ နှစ် ၆ နှစ် မူလတန်းကျောင်းသားဘဝကတည်းက ဝတ္ထုဖတ်ခဲ့သော ကျွန်တော်သည် စုံထောက်ဝတ္ထု၊ သိုက်သမိုင်း၊ အချစ်၊ ဘဝသရုပ်ဖော် စာအုပ်များစွာကို ဖတ်ဖူးခဲ့သည်။

ထိုသို့ဖတ်ခဲ့သော စာအုပ်များတွင် ကျွန်တော်အနေနှင့် စွဲလန်းနှစ်သက်ခဲ့ပါက စာအုပ်များကို ဝယ်ယူသိမ်းထားခဲ့ပါသည်။ တခါတရံတွင် ထိုဝတ္ထုများကို သတိရသည်ရှိသောအခါ ပြန်လည် ဖတ်ရှုခဲ့သည်။

ယခုအခါ ထိုဝတ္ထုတို့ကို စာဖတ်ပရိသတ်ကို ဖတ်စေလိုသော စေတနာဖြင့် ပြန်လည်ဖော်ပြပေးပါသည်။

အကြိုက်ချင်းမတူပါက မဖတ်ဘဲ ကျော်သွားနိုင်ပါသည်။

မောင်မောင်မြင့်အေး




(ယခင်လမှအဆက်)

"မင်းအဲဒါကို မစဉ်းစားမိသေးဘူးမဟုတ်လား"

ကုသက အပြစ်တင်သံကလေးနှင့် ပြောလိုက်သည်။

"စဉ်းစားသလိုလဲ ဘာမှဖြစ်မလာဘူး။ ကျမတို့ ဘာလုပ်လို့ရမှာလဲ ကျမ ရင်တွေတုန်နေပြီ"

မကြည်ပွင့် ငိုသံနှင့်ပြောသည်။ မျက်ရည်များလည်း ဝဲလာသည်။ သို့သော် မျက်ရည်တွေ မကျစေရန် မျက်လွှာပိတ်လိုက် ဖွင့်လိုက်လုပ်ပြီး ပါးစပ်ကိုဖြဲကာ ဟားကနဲ သက်ပြင်းမှုတ်ထုတ်သည်။

ထိုသို့ ပြုလုပ်လိုက်ခြင်းဖြင့် မကြည်ပွင့်တွင် လည်ချောင်းတွင် တစ်ဆို့နေသော အလုံးကြီး ကျသွားသည်။ ရင်ပေါ့သွားသည်ဟုထင်သည်။

"ရာသီဥတု ကောင်းပါတယ်၊ တို့နှစ်ယောက် ပုန်းနေစရာ နေရာရှာ

www.burmeseclassic.com

ပြီး ညနေရမှာဘဲ၊ တိမ်တွေမရှိရင်တော့ လရောင် တွေ့ရမှာဘဲ"

ကုသက ပြောသည်။

"ဟုတ်ကဲ့"

"အိပ်လို့တော့မဖြစ်ဘူး တို့ဆီကို တစ်ယောက်ယောက်လာနေတာ တွေ့ရင်တော့ အနားကပ်လာတာနဲ့ သေနတ်နဲ့ အသေပစ်မှာဘဲ"

ကုသက အံကြိတ်၍ ကြိမ်းလိုက်သည်။

အပေါ်သွား အောက်သွား ကိုက်ကာ ကျွဲကနဲ မြည်သံကိုပင် မကြည်ပွင့် ကြားရပေသည်။

"ချမ်းရင်တော့ မင်းဒီအဝတ်တွေကတော့ ဒုက္ခဘဲ"

"သေရင် ဒီထက်ပိုအေးနေမှာဘဲ"

မကြည်ပွင့်က ပြန်ပြောသည်။

နေ့ခင်းက ထိုင်ခဲ့ကြသော နေရာကိုလွန်၍ ကျွန်း၏အရှေ့ဘက်စွန်းရှိ ကျောက်တုံး ကျောက်ခဲများရှိရာဆီသို့ လျှောက်သွားကြသည်။

ရေကျချိန် ဖြစ်၍ ကျွန်းစပ်နှင့် ရေစပ်မှာ ပေနှစ်ရာခန့် ကွာသည်။

"ဟိုကဟာ ဘာလဲ"

ကုသက ရေမရှိသော ကမ်းစပ်မှ ကျောက်ခဲများဆီသို့ လက်ညှိုးထိုးပြသည်။

"ဘယ်မှာလဲ"

"ဟိုမှာလေ"

ကုသက ပြသော်လည်း မကြည်ပွင့်ကမမြင်၍ ကုသက လက်ဆွဲခေါ်သွားသည်။ သို့သော်မကြည်ပွင့်က ရှန်းဖယ်နေသည်။

"အင့်ဟင်း...အင့်အင်း..."

သူမအား ရေစပ်ခေါ်သွားပြီး ရေနစ်သတ်လေမည်လားဟု စိုးရိမ်၍ မလိုက်ခြင်းဖြစ်သည်။

ကုသက ရိပ်မိသည်။

ဟက်ဟက် ပက်ပက်ရယ်ပြီး မကြည်ပွင့်လက်ကို လွှတ်လိုက်ကာ ဆက်လက်လျှောက်သွားသည်။

"သောက်ကောင်မ နင့်ကို ငါသတ်ချင်ရင် ဟိုခေါ်သွားပြီးသတ်မှ ဖြစ်တာလား၊ ဒီနေရာတင် လည်ညှစ်သတ်လို့ မရဘူးလား"

ပါးစပ်မှ တတွတ်တွတ်ပြောရင်း ထွက်သွားသည်။

ကုသနောက်သို့ မကြည်ပွင့် အပြေးလိုက်သွားသည်။ ကုသ တနေရာသို့ရောက်လျှင် မတ်တတ်ရပ်ကာ တနေရာသို့စိုက်၍ ကြည့်နေသည်။ ထိုအခါမှလည်း မကြည်ပွင့်သည် ခြေနှစ်ဘက်ကို မြင်သည်။

"အင်း...ဒါကြောင့် တို့ရှာလို့ မတွေ့တာဘဲ၊ အလောင်းကို ကျောက်တုံးတွေနဲ့ ဖိထားတော့ ရေထဲလဲ ပါမသွားဘူး၊ တို့ရှာတုန်းကလဲ မတွေ့ဘူး၊ ရုတ်တရက်တော့ ကျောက်ခဲတွေ ထင်တာဘဲ"

ဒေါက်တာ လှဇော်မင်း၏ အလောင်းမှာ ပက်လက်လန်လျ သူ၏ ရင်ဝပေါ်တွင် ကျောက်တုံး ကလေး အလုံးနှစ်ဆယ်ခန့်ဖြင့် ဖိထား သည်။

ကမ္ဘာပထဝီမြေကြီး ချာချာ လည်သွားသည်ဟု မကြည်ပွင့်ထင် သည်။

သတ္တိကောင်းပါသည် ဆိုသော ကုသသည် သေနတ်ကိုင်လျ မျက်စိများ ပြာဝေသွားသည်။

လှဇော်မင်း၏ အလောင်းကို အတန်ကြာ ငေးစိုက်ကြည့်နေပြီး တစ်ယောက်မျက်နှာ တစ်ယောက် လှည့်ကြည့်လိုက်သည်။

"ဖိုးသာအေးကို ဘယ်သူသတ် သလဲ"

ကုသက မေးသည်။

"ပန်းအိုးတွေ သူ့ခေါင်းပေါ် ဘယ်သူပစ်ချသလဲ"

ကုသက ဆက်လက်၍မေး သည်။

"ရှင်ဘဲ ဖြစ်ရတော့မယ်"

မကြည်ပွင့်က စွတ်စွဲသည်။

"အို...မင်းရူးနေသလား ဘယ်နှစ်ခါ ပြောရမလဲ၊ ငါလူသတ် သမားသာဖြစ်ရင် နင့်ကိုပါသတ်ပြီး တာကြာပြီ"

"ဟုတ်တယ်...ဒါပေမဲ့ ရှင်က ကဗျာဆန်ဆန်နဲ့ သူ့အစီအစဉ်နဲ့သ



www.burmeseclassic.com

www.burmeseclassic.com

သူ့နည်းနဲ့သူ၊ သတ်သေတာဘဲမဟုတ်လား သူ့အချိန်နဲ့သူ သတ်ရတာမို့လဲ တပြိုင်ထဲမသတ်ဘူး"

"နင်ရူးနေပြီ"

"ပန်းအိုးတွေ ခေါင်းပေါ်ကျအောင်လို့ ရှင်တနည်းနည်းနဲ့ ဖန်တီးခဲ့တာ ဖြစ်မှာဘဲ၊ ဘယ်လိုနည်းနဲ့ လုပ်တယ်ဆိုတာတော့ ကျမ မတွေးတတ်ပေမဲ့ ရှင့်မှာ နည်းတခုခုတော့ ရှိလိမ့်မယ်"

"တော်စမ်း...ဘာတွေပြောနေတာလဲ၊ နင်ရူးနေတာ၊ သွေးရူးသွေးတန်းနဲ့ လျှောက်ပြောနေပြီ"

"ဟုတ်တယ် ရှင်ဘဲ၊ ရှင်မှရှင်။ တကယ်အစစ်ဘဲ။ ကဲ ကျမကို ဘယ်တော့သတ်မှာလဲ၊ အချိန်ဆွဲမနေနဲ့တော့၊ သတ်မှာဖြစ်ရင်လဲ အခုသတ်လိုက်ပါ"

မကြည်ပွင့်သည် ကိုယ်များတဆတ်ဆတ်တုန်နေသလို အသံတွေလည်းတုန်နေသည်။ ကုသကိုရင်ကော့ပေးသည်။

"ပစ်လေ...ပစ်ပါ..."

ကုသက သေနတ်ကိုတဘက်မကိုင်၍ မကြည်ပွင့်နှင့် မျက်နှာချင်းဆိုင်သို့ရပ်လိုက်ခါ သေနတ်ကိုင်ထားသောလက်ဖြင့် ပါးကိုလက်ပြန် ရိုက်လိုက်သည်။

မကြည်ပွင့်မှာ ဘေးသို့ရိုင်သွားသည်။ ကိုယ်ကိုထိန်းလိုက်၍သာ လဲကျပြီး ကျောက်တုံးတတုံးနှင့် ခေါင်းမဆောင့်မိဘဲဖြစ်သည်။

မကြည်ပွင့်က ကျောက်တုံးကိုလက်ထောက်၍ရပ်နေပြီး ကုသအား အံ့အားသင့်စွာဖြင့် ကြည့်နေသည်။

ကုသက သူ့လက်ထဲမှ သေနတ်ကို ခါးကြားထဲထိုးလိုက်ပြီး ရှေ့တိုးလာသည်။

"ဆောရီး...မင်း အရူးလိုဖြစ်နေလို့ စိတ်ကွက်သွားမှာကြောင့် ရိုက်လိုက်ရတာ"

မကြည်ပွင့်က ခေါင်းညိတ်ပြသည်။

"ကျမ သိပ်ငိုချင်တယ်၊ ဒါပေမဲ့ မျက်ရည်လဲ ထွက်လို့မရဘူး၊ ငိုလို့လဲ မရဘူး"

"ငိုချင်ရင် အားရပါးရငိုလိုက်ပါ၊ ဒါမှ မင်းစိတ်ချမ်းသာရရမယ်၊ ရင်ပေါ့သွားမယ်၊ တို့နှစ်ယောက်ရဲ့ခရီးက မဆုံးသေးဘူး တို့နှစ်ယောက်အပြင် ဟောဒီကျွန်းပေါ်မှာ လူတစ်ယောက်သော်လည်းကောင်း၊ နှစ်ယောက်သော်လည်းကောင်း ရှိနိုင်တယ်လို့ တွေးစရာဖြစ်လာပြန်ပြီ"

"ဒေါက်တာအလောင်းကို ရှေ့ထားရရင် မကောင်းဘူးလား"

"အိမ်ပေါ်က သူ့အခန်းထဲကို ပို့ရမှာလား၊ တော်ပါပြီ လူသတ်သမားက အလောင်းတွေ တလောင်းပြီးတစ်လောင်း သူ့အခန်းနဲ့သူ ရှိနေအောင် ဖြစ်ချင်မိလို့ ကိုယ်လုပ်မပေးတော့ဘူး"

"ရေတက်လာရင် အလောင်းက ရေထဲပြန်မြုပ်သွားလိမ့်မယ်..."

"သေတဲ့လူ ရေမမွှန်းနိုင်ပါတော့ဘူး"

ကုသကပြောပြီး လူဇော်မင်း၏အလောင်းကို ကြည့်သည်။

မကြည်ပွင့်ဘက်သို့ လှည့်ကြည့်၍ပြောပြီး အလောင်းဘေးတွင် ဒူးထောက်၍ ကျောက်တုံးကလေးများကိုမပြီး ဘေးသို့ပစ်သည်။ လူဇော်မင်း၏ရင်ဝတွင် ခြောက်လက်မခန့်အသွားရှည်သော ဓါးမြှောင်စိုက်နေသည်မှာ လက်ကိုင်ရိုးသာလျှင် ပေါ်နေတော့သည်။

"အိမ်ရောက်အောင်တော့ ပြန်ပို့မပေးတော့ဘူး၊ ရေတက်ရင်လွတ်မဲ့နေရာကို ရွှေ့ထားပေးလိုက်မယ်"

ကုသကပြောရင်း လူဇော်မင်း၏အလောင်းကို ချိုင်းမှနေ၍မပြီး ကမ်းစပ်သဲပြင်ရှိရာသို့ ဒရွတ်တိုက်ဆွဲသွားသည်။

"အို...ဖြည်းဖြည်းလုပ်ပါရှင်"

မကြည်ပွင့်ပြောရင်း ကုသဘေးမှဝင်ခါ ကူ၍မပေးသည်။ ခြေဘက်မှကိုင်၍ မပေးရန်မှာ မကြည်ပွင့်၏ အင်အားနှင့်မနိုင်၍ဖြစ်သည်။

ရေတက်ရာတွင် ရေမရောက်နိုင်လောက်သည့်နေရာသို့ ကြည့်သော



www.burmeseclassic.com

www.burmeseclassic.com

အခါ ကုသက လူဇော်မင်း၏ကုတ်အင်္ကျီကို ချွတ်လိုက်သည်။ လက်တို့မှာတောင့်နေပြီဖြစ်၍ ခဲခဲယဉ်းယဉ်း ချွတ်ယူရသည်။

ရင်ဝတွင် စိုက်သောဓါးကိုမူ လက်နှင့်မထိမိရန် **အထူးသတိ**ပြုသည်။ ကုတ်အင်္ကျီဖြင့် **လူဇော်မင်း၏** မျက်နှာပေါ်သို့ အုပ်ပေးပြီး ဘေးဘက်**အိတ်ထဲ**မှ လက်ကိုင်ပုဝါကိုထုတ်၍ မျက်နှာမှ ချွေးတို့ကို **သုတ်သည်။** အခြားအိတ်ထဲမှ စီးကရက်ဘူးနှင့်မီးခြစ်ကိုထုတ်ယူပြီး စီးကရက်ညှိကာ ဖွာရှိုက်ရင်း ကုန်နေပြီဖြစ်သော ဘူးကိုပစ်ချပြီး မီးခြစ်ကို **အိတ်ထဲ**ပြန်ထည့်သည်။

သူ၏လက်သည် ခါးဆီသို့ အလိုအလျောက် ရောက်သွားသည်။ **သေနတ်**ကို မစမ်းမိ၍ လူဇော်မင်း **ဒရွတ်တိုက်**ပါလာသော အရာတ**လျှောက်** မျက်စိဖြင့် လှမ်းကြည့်သည်။

**"ဟော့ . . . ကိုယ့်**သေနတ် **ဘယ်မှာလဲ** မသိဘူး . . ."

**လူဇော်မင်း၏** အလောင်း ပထမတွေ့သောနေရာကို လျှောက်မည့်ဟန်ပြင်ရင်းပြောပြီးမှ တစုံတရာကို သတိရဟန် မျက်လုံးမျက်ဆံပြူးလျက် မကြည်ပွင့်ဘက်သို့ လှည့်ကြည့်သည်။

သူ မသင်္ကာသည့်အတိုင်းပင် ဟုတ်နေသည်။

**မကြည်ပွင့်**လက်ထဲ သေန**တ်** **ရောက်နေပြီး** ပျောင်းဝက ကုသ**ဘက်သို့လှည့်**ထားသည်။

"ဟဲ ဟဲ ကိုယ်ကျချဲ့ပြီမှတ်လို့"

ကုသက အိန္ဒြေမပျက်ပြောကာ သေနတ်ယူရန် လက်ဖြန့်ခဲ့လိုက်သည်။

မကြည်ပွင့် နောက်ဆုတ်လိုက်သည်။

"ဆောရီးဘဲ . . ."

"ဘာ . . ."

မကြည်ပွင့်နောက်သို့ ထပ်ကာဆုတ်ရင်း မခန့်လေးစားအမူအရာနှင့် ရယ်လိုက်သည်။

"နောက်မနေပါနဲ့ကွာ . . . ပေးစမ်းပါ . . ."

"ဟင့် နောက်တာမဟုတ်ဘူး အတည်ဘဲ . . ."

မကြည်ပွင့်က ပြောသည်။

ကုသသည် မိမိ သေဘေးနဲ့ အနီးကပ်ဆုံး ရောက်နေပြီကို မကြည်ပွင့်မျက်နှာကို ကြည့်ခြင်းဖြင့် သိနိုင်ပေသည်။ သေဘေးနှင့် အကျပ်အတည်း တိုးခဲ့ဘူးသည့်အကြိမ်ပေါင်း များခဲ့သည်။

သို့သော် ယခုကဲ့သို့သော အကျဉ်းအကျပ်မျိုးကို တခါမှ မကြုံဘူးခဲ့သေးပေ။

မကြည်ပွင့်လက်ထဲမှ သေနတ် ပြန်လည်ရရှိရန်မှာ ပရိယာယ်သည် အရေးအကြီးဆုံး ဖြစ်မည်ဟု **စဉ်းစား**မိသည်။

"ဟော့ . . . မကြည်ပွင့်၊ တို့နှစ်ယောက်ထဲ **ရှိတော့တယ်၊** တို့နှစ်ယောက်က **ကျောချင်းမကပ်ရင်** ရန်သူက ဝမ်းသာ**တော့မှာ သေချာ**တယ် နားလည်ရဲ့လား"

"ဘာရန်သူမှ **မရှိဘူး . . .၊** ဒီကျွန်းပေါ်မှာ **ရှင်နဲ့** ကျမဘဲရှိတယ်"

"ဒီလောက်နောက်ရရင် တော်ပါတော့ဗျာ၊ မင်းကို အခုနက ပါးရိုက်လိုက်လို့ မင်းက ကိုယ့်ကို စိတ်ညစ်အောင် လုပ်နေတာ မဟုတ်လား"

ကုသသည် စကားတပြောပြောနှင့် တဖြည်းဖြည်းရှေ့သို့ တိုးလာသည်။ မကြည်ပွင့်နှင့် ခြေလှမ်းသုံးလှမ်းခန့်သာ ဝေးတော့သည်။ ခုန်အုပ်၍ သေနတ်ကို လုရမည်လား သို့မဟုတ် မည်သို့ ပရိယာယ်ကို သုံးရပါမည်လဲဟု အကြံထုတ်နေသည်။

ဖြတ်ထိုးဉာဏ် ကောင်းသူဖြစ်၍လည်း ကိုယ့်ကိုယ်ကို ယုံကြည်ခဲ့သည်။ ယခုအရေးတွင် မည်သို့သော ဖြတ်ထိုးဉာဏ်မျိုးမှ ထွက်မလာဘဲ ဖြစ်နေ၍ စိတ်ညစ်သွားသည်။

ရုတ်တရက် တဟုန်ထိုးခုန်၍ အုပ်လိုက်သည်။ သဲပေါ်မှ ခြေနှစ်ဘက်ကြွကာ လွှားကနဲ ခုန်လိုက်သည်နှင့် မကြည်ပွင့်၏ လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com

သေနတ်က ဒိုင်းကနဲ ကျည်ဆန်ထွက်သွားသည်။

ကုသ၏ ကိုယ်သည် မကြည်ပွင့်နှင့် တလှမ်းကွာ မှောက်လျား ထိုးကျပြီးမှ ပက်လက်လန်၍ ငြိမ်သွားသည်။

မကြည်ပွင့်က ကုသ၏ခေါင်းကိုချိန်ထားပြီး မျက်နှာကို သေသေချာချာကြည့်သည်။

ကုသကို ကြောက်ရန်မလို၊ ကျွန်းပေါ်တွင် သူမတစ်ယောက်တည်းသာ ကျန်တော့သည်ဟူ၍ သဘောပေါက်သွားသည်။

"ငါတစ်ယောက်ထဲဘဲ ကျန်တော့တယ်"

နောက်ကို ဆုတ်ရင်း ပါးစပ်မှ ရေရွတ်လိုက်သည်။

***♦***

၄၂

"ဘုရင်ကျီကျွန်းပေါ်မှာ ငါတစ်ယောက်ထဲ"

ကုသ၏အလောင်းနှင့် ခပ်လှမ်းလှမ်း မြက်ခင်းပေါ်တွင် ထိုင်ပြီး ကုသနှင့် လူဇော်မင်းတို့၏ အလောင်းကို တလှည့်စီ ထိုင်ကြည့်၍နေသည်။

မကြည်ပွင့် စိတ်ချမ်းသာသွားသည်။ လည်ချောင်းတွင်လည်း တစ်ဆို့ တစ်ဆို့မဖြစ်၊ ရင်လည်းမခုန်၊ ပူပင်ကြောင့်ကြခြင်းလည်းမရှိ၊ ကြောက်ရွံ့စိုးရိမ်ရမှန်းလည်း မသိတော့ပေ။

"ကျွန်းပေါ်မှာ ငါတယောက်ထဲဘဲ···တစ်ယောက်ထဲကော ဘာဖြစ်သလဲ၊ ငါအသက်ရှင်နေတယ်၊ ငါ့အသက်နဲ့ကိုယ်နဲ့ မြဲနေတယ်၊ ရန်သူမရှိလို့ ကြောက်စရာမရှိတော့ဘူး"

နေစောင်းသွားသည်။

နေဝင်စပြုနေပြီ။

နေကြီး၏ ပတ်ဝန်းကျင် အာကာသ ကောင်းကင်ပြင်တွင် အနီရောင် လိမ္မော်ရောင်များပင် လွှမ်းနေချေပြီ။

မကြည်ပွင့်မှာ ထိုနေရာမှာ တချက် တချက်တွင် ငိုက်သွားသည်။

အခန်းတံခါးပိတ်၊ ကုတင်ပေါ် ပစ်လှဲအိပ်လိုက်ရရင်တော့···

"ဗိုက်ထဲမှာလဲ အစာမရှိလို့ လေခံနေပြီ။ နည်းနည်းပါးပါးရရာကို စားပြီး အခန်းတံခါးပိတ် အိပ်ရာပေါ် ပစ်လှဲလိုက်ရင် ခေါင်းအုံးနဲ့ ခေါင်းနဲ့ မထိခင် အိပ်ပျော်သွားမှာဘဲ"

မကြည်ပွင့် လှုပ်ရှားလာသည်။ ခါးကော့၍ အညောင်းဖြေရင်း ကုသအလောင်းကိုကြည့်သည်။

လူဇော်မင်း၏ အလောင်းကို ကြည့်ပြီး မတ်တတ် ရပ်လိုက်ကာ အိမ်ကြီးဘက်သို့ ချာကနဲလှည့်၍ မျက်နှာမူလိုက်သည်။

ထို့နောက် သေနတ်ကို လက်တွင်တင်းကျပ်စွာ ကိုင်လျက် အိမ်ကြီးဆီသို့ တလှမ်းချင်းလျှောက်သွားသည်။ ဆင်ဝင်အောက်နားဆီ ပန်းအိုးကွဲများ ခြံရံလျက်ရှိသော ဖိုးသာအေး၏ အလောင်းကို တချက်ကြည့်ပြီး ရှေ့တံခါးပေါက်မှ တလှမ်းချင်းလှမ်း၍ဝင်သွားသည်။

နေဝင်နေပြီဖြစ်၍ အိမ်တွင်းမှာ လုံးဝမမှောင်သေးသော်လည်း မြင်နိုင်တွေ့နိုင်ရုံ အလင်းရောင်ကို ရရှိနေသည်။

လှေကားရင်းသို့ ရောက်လျှင် မီးဖိုဘက်သို့သွား၍ တစ်စုံတစ်ခု စားရန် စိတ်ကူးလိုက်သေးသည်။ သို့သော် အိပ်ချင်စိတ်တွေက ပိုများနေသည်။

စိတ်ပန်း ကိုယ်နွမ်း ဖြစ်နေသည်၊ စိတ်ချ လက်ချ အိပ်ရန်ကိုသာ စိတ်အားသန်နေသည်။ မျက်စိတို့ကိုလည်း အနိုင်နိုင် ဖွင့်နေရသည်။ လမ်းလျှောက်ရင်းပင် ငိုက်၍ လဲကျတော့မလို နှစ်ကြိမ် သုံးကြိမ်ဖြစ်ခဲ့သည်။

ကြောက်စရာမလို၊ ကျွန်းပေါ်တွင် တစ်ယောက်တည်း ရှိနေသည်မို့ စိတ်ချ လက်ချ အိပ်နိုင်ပေပြီ။

လှေကားပေါ်သို့ တထစ်ချင်း တက်သည်။ ခန္ဓာကိုယ်က နွမ်းနေ၍ လှေကားလက်တန်းကို လက်တစ်ဘက်မှကိုင်ကာ တက်နေရသည်။

တက်ရသည့် လှေကားထစ်တွေကလည်း များလွန်းလှသည်ဟု



www.burmeseclassic.com

www.burmeseclassic.com

စိတ်ထင်နေရသည်။ ဤလေကားမှ တစ်ကြိမ်မက နှစ်ကြိမ်မက ဆင်း တက်ခဲ့ပြီးပြီ...

ယခုမှ လေကားထစ်တွေ တိုး လာလေသလားဟု တွေးမိသည်။

လေကားထိပ်ရှိ အုန်းဆံ ခြေသုတ်ပေါ်သို့ လက်ထဲမှ သေနတ် လွတ်ကျ သွားသည်ကိုပင် ဂရုမစိုက် နိုင်ဘဲ အင်္ကျီတွင် ချိတ်နှင့် ထိုး၍ ဆွဲထားသော အခန်းတံခါး သော့ကို ဖြုတ်သည်။

တံခါးရှေ့တွင်ရပ်ကာ မျက်စိ တို့ကို အားခဲ၍ ဖွင့်ပြီး သော့ပေါက်ကို ကြည့်၍ သော့ကို ထိုးလျက် ဖွင့် သည်။ တံခါးဖွင့်သည့် ဘုလုံးကြီးကို လှည့်၍ တံခါးကိုတွန်းရင်း သော့ကို လည်း ဖြုတ်နေသည်။

သူမ အလွန်ရောက်ချင်နေ သော အိပ်ရာဆီသို့ လှမ်းကြည့် သည်။

ထိုင်ငိုက်နေရာမှ ခေါင်းရှေ့သို့ ကျပြီး ဆတ်ကနဲ နိုးသွားကဲ့သို့ မျက်လုံး ပွင့်သွားသည်။

အခန်းအလယ်တည့်တည့် မျက်နှာကျက်ရှိ ပန်ကာချိတ်သော သံချိတ်ကြီးမှ ကြိုးတစ်ချောင်းသည် တွဲလောင်းကျနေသည်ကို မြင်ရသည်။

"ဟင် ကြိုး...အောက်စက ဂွင်းလျှောနဲ့ တက်ရပ်ဘို့ ကုလားထိုင် ကလဲ အဆင်သင့် ချထားတယ်"

မကြည်ပွင့် မျက်လုံး ပိုး၍ ကျယ်လာသည်။

မျက်နှာကျက် ချိတ်မှ တွဲ လောင်းကျကာ အောက်ဘက်မှ ဂွင်းလျှောဖြစ်နေသော ကြိုးကို မကြည်ပွင့် အတန်ကြာ ငိုင်၍ ကြည့် နေသည်။

မှန်ပြူတင်းပေါက်မှ ဝင်နေ သော ကျန်ရှိနေသေးသည့် နေရောင် ၏ အလင်းကြောင့်လည်း ထိုကြိုးကို မြင်နေရသည်။ ကြက်သေသေနှင့် ရပ်ကြည့်နေရာမှ သံပတ်ပေးလိုက် သောစက်ရုပ်ကလေးပမာ မကြည်ပွင့် လှုပ်ရှားလာသည်။

ကြိုးဂွင်းရှိရာသို့ တဖြည်းဖြည်း လျှောက်သွားသည်။

ကုလားထိုင်အနီးသို့ရောက် လျှင် မတွန့်မဆုတ် ကုလားထိုင်ပေါ်သို့ တက်ရပ်သည်။

ဂွင်းလျှောဖြစ်နေသော ကြိုးကို ခေါင်းမှ လျှို၍ စွပ်ကာ လည်မျိုဆီသို့ ဆွဲချပြီး လည်ပင်းတွင် တင်းအောင် ဂွင်းကို ဆွဲလိုက်သည်။

ထို့နောက် ရပ်နေသော ကုလားထိုင် နောက်မှီကို ခြေဖြင့် ကန် လိုက်သည်တွင် ကုလားထိုင်သည် ထိုနေရာမှ အနည်းငယ်လျှောသွားပြီး ပက်လက် လန်လဲကျသွားသည်။

မကြည်ပွင့်၏ ခြေဖဝါးနှင့် နှစ်ပေခန့် ကွာဝေးသော ကျမ်းပြင် အကြားတွင် ပွင့်နေသော တံခါး ဝင်လာသော လေသာလျှင် ရှိတော့ သည်။

***♦***

၄၃

ဘယ်လိုမှ စိတ်ကူးလို့ မရနိုင် အောင်ပါလားကွ"

ရဲမင်းကြီးက သူ့စာပွဲရှေ့တွင် မျက်နှာချင်းဆိုင် ထိုင်နေသော စုံထောက်ဌာနမှရဲဝန်ထောက် လှမော် ကို ပြောရင်း သူ့လက်ထဲမှ အမှုတွဲ ကို စာပွဲပေါ်တွင် ချလိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ"

လှမော်က လေးလေးစားစား ပြန်ပြောသည်။

ဘုရင်ဂျီကျွန်းမှ အလောင်း ဆယ်လောင်းနှင့် ပတ်သက်၍ စုံစမ်း ရန် မင်းကြီးက ရန်ကုန်သို့အကြောင်း ကြားအကူအညီတောင်းရာ စုံထောက် ဌာနမှ ရဲဝန်ထောက် လှမော်နှင့်အဖွဲ့ တစ်ဖွဲ့ရောက်လာခဲ့ပြီး အစီရင်ခံစာကို ဖတ်ကြည့်ကာ ဆွေးနွေး နေခြင်းဖြစ် သည်။

"ကျွန်တော်တို့ ရောက်လာတဲ့ အတွက်လဲ ဘာမှ အကြောင်းမထူး ဘူး။ ဒီကလူတွေက ပြည့်ပြည့်စုံစုံ လုပ်ထားပြီးသားပါ"

လှမော်က ဆက်လက်၍ ပြော သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်းကလေး တစ်ကျွန်းပေါ်မှာ လူဆယ်ယောက် သေတယ်၊ ရှင်တဲ့လူ တစ်ယောက်မှ မရှိဘူး၊ ကျုပ်တော့ စဉ်းစားလို့မရတော့ဘူး"

"ဟုတ်ပါတယ်ခင်ဗျာ"

"သူတို့ကို တစ်ယောက်ယောက်က သတ်မှာပေါ့ လူမော်ရဲ့"

"ဟုတ်ပါတယ်ခင်ဗျာ၊ အဲဒါ ကျွန်တော်တို့ရဲ့ ပြဿနာပါဘဲ။ အဲဒါ ကျွန်တော်တို့အတွက် ပဟေဠိပါဘဲ"

"ဆရာဝန် အစီရင်ခံစာတွေထဲက ဘာမှ အကူအညီမရဘူးလား"

မရဘူးခင်ဗျ၊ ဦးနေအောင်ထွန်းနဲ့ ဗိုလ်ကုသတို့က သေနတ်နဲ့ အပစ်ခံရတယ်၊ ဦးနေအောင်ထွန်းက နဖူးကို အပြစ်ခံရတယ်၊ ဗိုလ်ကုသက ရင်နှလုံးကို အပြစ်ခံရပါတယ်။

ရန်အောင်သိန်း၊ ဒေါ်နှင်းဦးနဲ့ မခင်ဦးတို့က ဆိုင်နိုက်အဆိပ်နဲ့ သေကြပါတယ်။ ရန်အောင်သိန်းနဲ့ မခင်ဦးတို့က ပါးစပ်က မျိုရပြီး၊ ဒေါ်နှင်းဦးကတော့ ဇက်ကျောကနေ ဆေးထိုးအပ်နဲ့ ထိုးသွင်းပေးခံရတာပါ"

"အင်း・・・ဟုတ်တယ်လေ"

"ဖိုးသာအေးရဲ့ ခေါင်းပေါ်ကိုတော့ ပန်းအိုးကျပြီး သေရပါတယ်၊ ဗိုလ်မှူးစံကင်းမောင်ကတော့ နောက်က အုတ်ဆက်ကို တစ်ခုခုနဲ့ အရိုက်ခံပြီး သေပါတယ်။ ကိုချစ်ပိုင်ကတော့ ခေါင်းကို ပုဆိန်နဲ့ အခွဲခံရတယ်။ ဒေါက်တာ လူဇော်မင်းက နှလုံးကို ဓါးနဲ့ထိုးခံရတယ်၊ မကြည်ပွင့်ကတော့ ဇွဲကြိုးချ အသတ် ခံရပါတယ်"

"ဟုတ်ပါပြီ・・・ဟုတ်ပါပြီ・・・သူတို့ဘယ်လို အသတ်ခံရတယ် ဆိုတာကိုသိရပါပြီ မှန်ပါတယ်၊ ဒါပေမဲ့ သူတို့ကို ဘယ်သူသတ်သလဲ၊ ဘာလဲ ဆိုတဲ့ သက်သေခံကလေး ဘာလေး မရဘူးလား၊ တခြားကျွန်းနီးနားခြင်းတွေဆီက ဘာမှ မသိရဘူးလား"

"ဘာမှ မသိရပါဘူး"

"သူတို့ တစ်ခုခုတော့ သိဘို့ကောင်းပါတယ်"

"ဟုတ်ကဲ့ မသိကြပါဘူး"

"ဒီလူတွေကို ဒီကျွန်းပေါ် ဘယ်လိုသွားသလဲဆိုတာတော့ သိရပြီ၊ အဲဒီ မော်တော်ဘုတ်သမားက ဘာပြောသလဲ"

"အဲဒါပေါ့ခင်ဗျာ၊ သူက ဘာမှ မပြောနိုင်ပါဘူး၊ သူလဲ သေပါပြီ"

လူမော်က ပြန်ပြောသည်။ လွန်ခဲ့သည့် တစ်နာရီကျော်ကျော်ခန့်က သူသည် အစီရင်ခံစာ ဖိုင်တွဲကို မင်းကြီးက ထားခဲ့ပါ၊ တစ်နာရီလောက်ရှိမှ ပြန်လာပါဆို၍ ထားခဲ့သည်။

မင်းကြီးသည် အစီရင်ခံစာကို အသေးစိတ်ကြည့်ရန် အချိန်ရဟန်မတူ။ ထိုနေ့မှလည်း မင်းကြီးနှင့်လာရောက် တွေ့ဆုံသောညှော်သည်တွေက ပို၍ များနေသည်ကို တွေ့ရသည်။ မင်းကြီးအနေနှင့် အမှုဖြစ်ပွားသည့် အစီရင်ခံစာအကြမ်းပြင်းကိုသာ ဖတ်ရှုထားနိုင်ပေသည်ဟု လူမော်ရိပ်မိသည်။

"သူ့နာမည်"

"ဘသော်တဲ့ ခင်ဗျာ၊ မော်တော်ဘုတ် ပိုင်ရှင်ပါပဲ၊ ဘရင်ဂျီကျွန်းကို အဲဒီ ညှော်သည်တွေ ပို့ပြီးတဲ့ ညကဘဲ ဆုံးသွားတယ်"

"ဘာဖြစ်လို့ ဆုံးတာလဲ"

"အရက်သောက်တာမှာ အံ့ဖတ်ဆိုပြီး သေတယ်လို့ ပြောပါတယ်၊ ဒီလူက နှလုံးရောဂါအခံလဲရှိတယ်လို့ ပြောကြပါတယ်။

"အင်း・・・ သေတာကလဲကွာ၊ ဒီကိစ္စတွေဖြစ်နေမှဘဲ တိုက်ဆိုင်လွန်းလှတယ်"

"ဟုတ်ကဲ့"

ထူးဆန်းသော လူသတ်မှုဖြစ်၍ ထိပ်သီးပိုင်းမှပင် စိတ်ဝင်စားနေကြသည်။ လူမော်တို့ လူစု မော်လမြိုင်သို့ ရောက်လာစဉ်က မင်းကြီးသည် မြိတ်သို့ တာဝန်တစ်ခုနှင့် ထွက်ခွာသွားခဲ့ရသည်။ ထို့ကြောင့်လည်း နေ့စဉ်စုံစမ်းဖြစ်ပျက် နေသမျှတို့ကို အသေးစိတ်မသိခြင်းဖြစ်သည်။

"တိတ်ရီကော်ဒါ တစ်ခုတွေ့တယ် ဆိုတာကကော . ဘယ်လိုလဲ၊ အဲဒါက အမှုရဲ့ သဲလွန်စကို ရမလိုလို ပြောသံကြားလိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒီလူတွေဘာကြောင့် ဒီလို အသတ်ခံရသလဲ ဆိုတာသာ သိလာရပါတယ်ဗျာ၊ လူသတ်ကောင် ဘယ်သူလဲဆိုတာကို သဲလွန်စမပေးနိုင်ပါဘူး"

"အော် . . . အဲဒီလိုလား"

"ဟုတ်ပါတယ်၊ အသံသွင်းထားတဲ့ စွတ်စွဲချက်တွေကို ကျွန်တော်တို့ အသေးစိတ် ထောက်လှမ်းကြည့်ပါတယ်၊ ကျွန်တော်တို့ လိုတဲ့အချက်အလက်တွေကို ရန်ကုန်က လူတွေကလဲ ကူညီပြီး စုံစမ်းပေးပါတယ်"

"အင်း . . . ပြောပါအုံး"

"ချစ်ပိုင်တို့ လင်မယား . . . မခင်ဦးနဲ့ ချစ်ပိုင်ပေါ့ ခင်ဗျာ၊ စွတ်စွဲချက်အရ စုံစမ်းကြည့်တော့ သူတို့အိမ်တစ်လုံး အမွေရလိုက်တဲ့ အဖွားကြီးဟာ အဆိပ်ကျွေးခံရလို့ သေတာမဟုတ်ပါဘူး၊ အသက်ကလည်းကြီးပြီး ရောဂါကလဲကျွမ်းနေတယ်လို့ အဘွားကြီးကို ဆေးကုတဲ့ ဆရာဝန်က ပြောပါတယ်၊ မဟုတ်တာလုပ်လို့ သေတယ်ဆိုရင်တော့ အဘွားကြီးကို အသက်မရှူနိုင်အောင် နှာခေါင်းပါးစပ်တွေပိတ်ပြီး သတ်တာဘဲ ဖြစ်နိုင်မယ်ဆိုတာ ပြောပါတယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး လင်မယားနှစ်ယောက်စလုံးရုံးရောက်ကြပါတယ်၊ အပြစ်မရှိလို့ ရုံးက လွှတ်လိုက်ပါတယ်"

"အင်း . . . ဟုတ်ပြီ"

"စက်ရှင်မင်းကြီးဟောင်း ဦးနေအောင်ထွန်း ခင်ဗျာ၊ သူကြီးဒဏ်ပေးလိုက်ရတဲ့ မောင်ဆက်ကို ဆရာကတော့ အပြစ်မရှိဘူးလို့ ထင်နေကြပါတယ်၊ တကယ်တော့ မောင်ဆက်ဘက်က တရားလွှတ်တော် အထိ အယူခံဝင်ခဲ့ပါတယ်၊ တရားဥပဒေအရ မောင်ဆက်ကို ကြိုးဒဏ်ကလွဲပြီး ပေါ့စရာ အပြစ်မရှိပါဘူး။ မောင်ဆက် လူသတ်မှုကို ကျူးလွန်ပါတယ်လို့ ပိုပြီးထင်ရှားစေတဲ့ သက်သေခံတွေကတော့ မောင်ဆက်သေပြီးမှတောင် ထပ်တွေ့ကြပါသေးတယ်။ ဆိုလိုတာက ဒီလိုပါ၊ မောင်ဆက် ဟာ မတရားသက်သက် ကြိုးပေးခံရတာ မဟုတ်ပါဘူး၊ တကယ်အပြစ်ရှိတယ်လို့ ဆိုလိုတာပါ"

"အင်း"

"မကြည်ပွင့်ဆိုတဲ့ အမျိုးသမီးအကြောင်း စုံစမ်းလိုက်တော့ နောက်ဆုံး အလုပ်လုပ်ခဲ့တဲ့ ကလေးတင်ဆိုတဲ့ အင်္ဂလိပ်လူမျိုးတစ်ယောက်ရဲ့ သားကလေး ရေနစ်သေဘူးတယ်ဆိုတာ သိရပါတယ်။

ကောင်ကလေး ရေနစ်တာမှာ မကြည်ပွင့်နဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး မကြည်ပွင့် ကိုယ်တိုင်အသက်စွန့်ပြီး ရေကူးလိုက်တဲ့ အကြောင်း သက်သေခံခဲ့တဲ့ လူတော်တော်များများရှိခဲ့ပါတယ်"

"မကြည်ပွင့် တရားစွဲခံရပါသေးတယ်၊ ဒါပေမဲ့ မကြည်ပွင့်ရဲ့ တာဝန်မရှိလို့ ရုံးကဆုံးဖြတ် ပေးခဲ့ပါတယ်၊ အဲဒီဆုံးဖြတ်ချက်ကို ကလေးတင်က ကျေနပ်လို့ဘဲ မကြည်ပွင့်ကို ရှေ့နေခနဲ့ လုပ်သက်ဆုတွေပေးပါသေးတယ်လို့ စုံစမ်းရပါတယ်"

"ဒေါက်တာ လူဇော်မင်း ကကော"

မင်းကြီးက ဖိုင်တွဲကိုလှန်ကာ ရှေ့ဆုံးမျက်နှာတွင် ရေးထားသော လူစာရင်းကို ကြည့်ပြီး မေးသည်။

"ဟုတ်ကဲ့ . . . ဒေါက်တာ လူဇော်မင်းရဲ့ ဆရာဝန်သက်တမ်းမှာတော့ မမြညွန့်ဆိုတဲ့ မိန်းမ တစ်ယောက်ကို အရေးတကြီး ခွဲစိတ်ကုသ ရခဲ့ကြောင်း စုံစမ်းလို့ရပါတယ်၊ မမြညွန့်ဟာ ခွဲစိတ်ခန်းထဲမှာဘဲ သေသွားတာလဲ မှန်ပါတယ်။ ဒါပေမဲ့ ခင်ဗျာ ခွဲစိတ်ခန်းထဲမှာ သေတဲ့ လူတိုင်းဟာ ဆရာဝန် ကြောင့်ပါလို့ စွတ်စွဲနေရင် မခက်ဘူးလား ခင်ဗျာ၊ ရောဂါလွန်နေတာကြောင့် သေမင်းနဲ့ အသက်လုတာမှာ ဆရာဝန်က ရှုံးတဲ့အခါလဲ ရှိတာပါဘဲ"

လူမော်က ရှင်းပြသည်။

မင်းကြီးက သူ့စီးကရက်ဘူးကို လူမော် ရှေ့သို့ တိုးပေးသည်။

"ဖြည်းဖြည်းပြော၊ မောနေမယ်"



www.burmeseclassic.com

www.burmeseclassic.com

မင်းကြီးက ပြုံးစေ့စေ့နှင့် ပြောလိုက်သည်။

လှမော်က စီးကရက်တစ်လိပ်ယူပြီး မီးညှိကာ သုံးလေးဖွာ ဖွာလိုက်သေးသည်။

မင်းကြီးက လှမော် ဆက်လက် ပြောပြမည့် စကားတို့ကို စောင့်မျှော်ရင်း အမည်စာရင်းကို ကြည့်နေသည်။

"ဒေါ်နှင်းဦးကကော ဘယ်လိုလဲ"

"သူနဲ့ လမ်းလျှောက်သွားရင်း ဘောတံတားပေါ်က ကိုယ်ဝန်ဆောင် မိန်းကလေးတစ်ယောက် လိမ့်ကျပြီး ရေနစ် သေသွားပါတယ်၊ ကောင်မလေးရဲ့ ကိုယ်ဝန်နဲ့ ပတ်သက်ပြီး ဒေါ်နှင်းဦးနဲ့ ကောင်မလေး အဆင်မပြေကြဘူးတဲ့ခင်ဗျာ၊ ဘာကြောင့်လဲဆိုတော့ ကိုယ်ဝန်ရှင် ပိုင်ရှင်မပေါ်တာကြောင့်လို့ ဆိုကြပါတယ်။ ကိုယ်ဝန်န ယ်စဉ်ကတော့ ဒေါ်နှင်းဦးက ကိုယ်ဝန်ကို ဖျက်ချဖို့စီစဉ်တယ်ဆို တာလဲ စုံစမ်းလို့ရပါတယ်"

"အင်း...မလွယ်ပါလား။ ဒီအမှုတွေနဲ့ ပတ်သက်ပြီး စုံစမ်းရေး တာဝန်ယူရတဲ့ လူတွေလဲ မနည်းဘူး ထင်ပါရဲ့"

"ဟုတ်ကဲ့ခင်ဗျာ တပ်ဖြန့်ပြီး စုံစမ်းတယ်လို့ဆိုနိုင်ပါတယ်၊ ဒါကြောင့် ကျွန်တော်ဒီက သိချင်တဲ့ အချက်အလက်တွေ အားလုံးကို တပြိုင်တည်းရတာပါ"

"အေး...တစ်ခုပြီးမှ တစ်ခု စုံစမ်းရင်တော့ တစ်နှစ်နဲ့မှ ပြီးပါ့မလား မသိဘူး"

မင်းကြီးက ပြောသည်။

"ရန်အောင်သိန်းကတော့ ကားမောင်းရမ်းတယ်ဆိုတဲ့ နာမည်ရှိပါတယ်၊ ကားရပ်ထားပြီး ကားရှေ့မှာ ကစားနေတဲ့ ကလေးနှစ်ယောက်ကို မမြင်ဘဲ တက်ကြိတ်တဲ့ အပြစ်ပါပဲ၊ ဒဏ်ရိုက်ခံရတယ်၊ လိုင်စင် တစ်နှစ် အသိမ်းခံရတယ်"

"အင်း...ဘရင်ဂျီကျွန်း လူသတ်သမားကတော့ တရားဥပဒေက လွတ်မြောက်ရတဲ့ အမှုတွေကို ဖွတ်စီရင်ချက်ချပြီး အပြစ်ပေးတာဘဲ ထင်ပါရဲ့"

"အဲဒီလို ကလေးငယ်တွေ ကားတိုက်ခံရတဲ့ အမှုတွေမှာတော့ တိုက်တဲ့လူလဲ ထိုက်သင့်တဲ့ အပြစ်ပေးပြီး ကလေးကို အုပ်ထိန်းတဲ့ မိဘတွေကိုလဲ အပြစ်ပေးသင့်တယ်"

"ဘရင်ဂျီကျွန်း လူသတ်သမားတွေတဲ့အခါမှာ အဲဒီ အကြံပေးလိုက်ရမယ်"

မင်းကြီးက ရယ်ရယ်မောမောနှင့် ပြောလိုက်သည်။

"အဲဒီ ဗိုလ်မှူးစံကင်းမောင်နဲ့ ပတ်သက်လို့တော့ ဘာမှ စုံစမ်းလို့ မရဘူးခင်ဗျာ၊ စစ်ပွဲမှာဖြစ်ခဲ့တဲ့ ကိစ္စမို့ကြောင့်ဘဲ ထင်ပါတယ်၊ သူ့ဘက်မှာ စိန်အောင်ကြီးဆိုတဲ့ ဗိုလ်ရှိခဲ့တာ မှန်ပါတယ်၊ သူနဲ့ တော်တော်ရင်းနှီးတဲ့ တပည့်အရင်းဆိုတာရယ်၊ တိုက်ပွဲမှာ ကျသွားတယ်ဆိုတာရယ်သိရပါတယ်"

"နောက် ဗိုလ်တစ်ယောက်ကကော"

"ဟုတ်ကဲ့ ဗိုလ်ကုသပါ။ သူက ကြည်း တပ်မတော်က မဟုတ်ပါဘူး။ စစ်ဝန်ထမ်းတပ်ကို လူတွေမရှိခင်က လဲပီးတပ်လို့ခေါ်တဲ့ အရံတပ်က ဗိုလ်ပါ။ အဲဒီတပ်တွေ ဘယ်လိုဖွဲ့စည်းခဲ့ရတယ် ဆိုတာလဲ မင်းကြီးအသိပါပဲ ပြောစရာမလိုဘူး။ သူတို့တတွေဟာ စစ်သင်တန်းလဲ ကောင်းကောင်း မရလိုက်ကြပါဘူး။ ဒါကြောင့် တိုက်ရေးခိုက်ရေးတွေမှာ ညံ့တဲ့ တပ်တွေလဲ တော်တော်ဘဲ ညံ့ခဲ့ပါတယ်၊ သေနတ်ကိုင်ပြီး အကျိုးရှာချင်လို့ ဝင်တဲ့ လူတွေလဲ ပါလာတယ်။ ရန်သူနဲ့ ရင်ဆိုင်တဲ့အခါမှာ ထွက်ပြေးတဲ့ လူတွေရှိခဲ့သလိုဘဲ အသေခံတိုက်တဲ့လူတွေ ရှိခဲ့ပါတယ်"

"အခု ဗိုလ်ကုသကိစ္စမှာတော့ သူ့တပ်သားတွေက ရှုပ်ရှုပ်ချွံချွံ အသေခံတိုက်ပြီး သူက ထွက်ပြေးခဲ့တဲ့ သဘောပါပဲ"

ဆက်ပါဦးမည်....

ရဲစိုး



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

# စံယဖိုတော့သည့် အချစ်

မြမြလှိုင်

ဘဝသည် အလှည့်အပြောင်းရှိသည်ဆိုသည့် စကားကို သူလက်ခံလိုက်သည်။ ငယ်ရွယ်စဉ်အခါကတော့ ဘာဆိုဘာမှ မသိခဲ့။ ခေါ်လာသည့်နေရာကို လိုက်လာခဲ့သည်။ နေရမည့်နေရာသို့ ရောက်သော်လည်း ကျွဲဘာကိုစားပြီး ထားသလိုနေခဲ့သည်။ သူ့ဘဝသည် ရေရေရာရာ မသိတတ်သေးသည့် သုံးနှစ်သားအရွယ်ကပင် ပြောင်းလဲခဲ့ရသည်။

"မြေးလေး၊ လာ အဘိုးနဲ့လိုက်ခဲ့"

ရေးရေးလောက်သာ မြင်ခဲ့ဖူးသော အဘိုးဆိုသူ အဘခြံ၏နောက်သို့ သူလိုက်လာခဲ့သည်။ အဘခြံမလာခင် ရွာတွင် အဖေနှင့် အမေတို့နှင့် အတူ နေခဲ့ရသည်။ ညနေ စောင်းလျှင် အဖေနှင့် အမေ ပြန်လာလျှင် အမေ့ ...ပိန်လှပ်လှပ်ကို သူမျက်နှာအပ်ပြီး ...ငမ်းမရ စို့သည်။

"သားလေးက သုံးနှစ်ပဲ ပြည့်တော့မယ်၊ နို့က မပြတ်ချင်သေးဘူး"

နို့ကို အားပါးတရစို့နေသည့် သူ့ကို အမေက ပါးစပ်မှ တတွတ်တွတ် ...ဆိုပြီး စကားပြောသည်။ အမေ့ ...သည် သူစို့လေတိုင်း ချိုမြမြနှင့် ...ပြေစေသည်။

"ကဲ···တော်တော့ သားလေး ရယ်။ အမေ့ကိုယ်က ငါးညှီနံ့တွေ နံတယ်။ ရေချိုးလိုက်ဦးမယ်၊ ရေချိုး ထမင်းစားပြီးမှ အိပ်ရာထဲမှာ အမေ ဆက်တိုက်မယ်နော်"

ငါးညှီနံ့သင်းနေသည့် အမေ့ခန္ဓာကိုယ်မှ နို့ရည်သည် သူ့အတွက် မဟာအာဟာရဖြစ်သည်။ ပြည့်ပြည့်တင်းတင်းမရှိတော့သည့် အမေ့နို့ပိန်လေးမှာ နွေးထွေးလှသော အမေ့ရင်ခွင် ဖြစ်သည်။ သည်အဖေ၊ သည်အမေနှင့် ကြမ္မာဆိုးက သူ့ကို ကွဲကွာစေသည်။ မှတ်မိသလိုလို၊ မမှတ်မိသလိုလို ရှိသော ပုံရိပ်တို့က ဝေဝေဝါးဝါးထင်မိသည်။ လူတွေအများကြီး စကားတွေ ပြောကြသည်။

"မနေ့ညဦးပိုင်းကတည်းက လေနဲ့ လှိုင်းက အရမ်းဆိုးနေတာ။ အဲဒါကို နှင်းမှုန်တို့လင်မယားက အကြွေးဆပ်စရာရှိတယ်ဆိုပြီး လှေထွက်တာ"

"အလောင်းတွေကို ကျွဲချောင်းအထက်ဘက်မှာ သွားတွေ့တယ်···။ ကလေးတော့ ဒုက္ခပဲ···"

လူကြီးတွေ စကားပြောကြပြီးနောက် သူ့ကို အဘိုးကြီးတစ်ယောက် လာတွေ့သည်။ ပြောရလျှင် လာခေါ်သည်ဟု ဆိုရမည်။ ဆီမရှိ၊ ချေးညော်အတိနှင့်ရှိသည့် သူ့ခေါင်းက ဆံပင်ကို အဘိုးကြီး၏ လက်ပိန်ခြောက်ခြောက်နှင့် ပွတ်သပ်ပေးသည်။ အမေနှင့် အဖေ့ကို မတွေ့ရလျှင် ငိုချင်လာသည်ကိုပင် အားရပါးရ မငိုရတော့ဘဲ အဘခြံဆိုသည့် အဘိုးကြီးနှင့်အတူ တစ်နေရာသို့ သင်္ဘောစီးသည်။ ကားကြီးပေါ်တွင် ကျပ်ကျပ်သပ်သပ် တိုးတက်စီးလာပြီး ကားပေါ်မှဆင်းသည်နှင့် မောလောက်အောင် လမ်းလျှောက်လာရသည်···။ အာခံတွင်းတွေ ခြောက်လာသည်။ ရေဆာလာသည်။ အဘခြံက သူ့ကို ချီသည့်အခါ ချီသည်။ လမ်းလျှောက်လည်း ခိုင်းသည်။

"သား ရေဆာတယ်···"

"အေး···ဒေအား···အဘိုးနေတဲ့နေရာကိုရောက်ရင် မြေးလေး ရေသောက်ရမယ်နော်"

မနက်စောစောက သင်္ဘောစီးလာစဉ် အဘခြံဝယ်ကျွေးသည့် ကောက်ညှင်းပေါင်းသာ စားခဲ့ရသည်။ ရေနွေးကြမ်းတစ်ခွက် သောက်ရသည်။ ယခုတော့ အဘခြံနှင့် လိုက်လာရင်းက ရေဆာနေသည်။ အဘခြံကလည်း နေပူပူ၊ လမ်းပူပူပေါ် လျှောက်လာရင်းက သူ့ကိုလည်း ချီလာခဲ့ရ၍ မောနေသည်။

"ကဲ··မြေးလေးဖိုးယုန်၊ ဟိုမှာခြံ ကျယ်ကျယ်နဲ့ တိုက်ဖြူဖြူကြီးတွေ့လား"

www.burmeseclassic.com

အဘိုးပြန်၍ သူလှမ်းကြည့်လိုက်သည်။ သူတစ်ခါမှ မတွေ့ဖူး မမြင်ဖူးသော အဆောက်အအုံဖြူဖြူကြီး။ ထိုနေရာ သို့ရောက်လျှင် ရေသောက်ရမည်ဆို၍ ပျော်သွားသည်။ ထိုဖြူဖြူကြီး အဆောက်အအုံကြီး၏ ခြံထဲတွင် အသားမည်းမည်း ဝဝတုတ်တုတ် အရပ်မြင့်မြင့် လူကြီးတစ်ယောက် ခြံကြီး၏ တံခါးကို ဖွင့်ပေးသည်။

“လာမြေး…လာလာ၊ သူဌေးနဲ့ သွားတွေ့ရအောင်”

အဘိုးပြောသည့်စကားလုံးတွေကို သူနားမလည်။ လက်ဆွဲခေါ်၍ သူပါလာသည်။

“မြေးလေး…ဒီနေရာမှာ ဖိနပ်ချွတ်လိုက်”

အဘိုးချွတ်ခိုင်းသည့် နေရာမှာပင် ဖိနပ်ချွတ်လိုက်သည်။ အဘိုးနှင့်လိုက်လာစဉ် ဝယ်ပေးသော ခြေညှပ်ဖိနပ် အသစ်လေးဖြစ်သည်။ ဖိနပ်ကို ချွတ်ပြီးသည်နှင့် ကောက်ယူလိုက်သည်။

“ဟဲ့…ဟဲ့…မြေးလေး၊ ဖိနပ်ကို ပြန်ချထားလိုက်”

အဘိုးပြောသည့်စကားအတိုင်း သူမလုပ်ဘဲ သူ့ဖိနပ်နှစ်ဖက်ကိုသာ ရင်မှာအပ်ထားလိုက်သည်။

“ရတယ် ဦးခြံ၊ လာလေ… ကလေးပဲ။ ဘယ်သိပါ့မလဲ။ သူ့ပစ္စည်းသူမက်တာပေါ့”

အဘိုးထက် အသားဖြူဖြူ လူကြီးတစ်ယောက်က အခန်းထဲရှိကုလားထိုင်လှလှကြီးကြီးအပေါ်တွင် ထိုင်ပြီး စကားဆိုသည်။

“သူလေးက…”

“သူက ကျွန်တော့်တူမ လင်မယားက မွေးတဲ့ မြေးလေးပါ။ တူမရော သူ့ယောက်ျားပါ ပင်လယ်ထဲမှာ ငါးလေ့ထွက်ရင်း မုန်တိုင်းမိပြီး နှစ်ဦးလုံး ဆုံးရှာတယ်။ နီးစပ်ရာ ဆွေမျိုးသားချင်းက ကျွန်တော်ပဲ ရှိတယ်။ ဒါကြောင့် ဒီကလေးကို ခေါ်လာခဲ့ရတာပါ”

အဘခြံ၏စကားကို သနားညှာတာ အားနာစွာဖြင့် အိမ်ကြီးရှင်က လက်ခံလိုက်သည်။ အဘခြံ၏ အိမ်ကြီးရှင်မှာ ဦးမိုးကောင်းဖြစ်သည်။ ဆွေစဉ်မျိုးဆက် ကြွယ်ဝချမ်းသာသူ ဖြစ်သည်။ အင်အားကြီးမားသော ဓနဂုဏ်ကို ပိုင်ဆိုင်ထားသည်။ ထို့အတူ မာနအဟုန်ကလည်း ထည်သည်။ အဘခြံကိုတော့ ခင်မင်ရင်းနှီးမှု ထားသည်။ စေတနာလည်းထားသည်။ ဦးမိုးကောင်းက စေတနာထားသလောက် ဖိုးယုန်တို့ မြေးအဘိုးအား စေတနာမထားနိုင်သူမှာ အိမ်ကြီးတွင် နှစ်ယောက်ရှိသည်။ ထိုသူတို့မှာ ဒေါ်စမ်မီတို့ မောင်နမ ဖြစ်သည်။

ဒေါ်စမ်မီဆိုသူမှာ ဦးမိုးကောင်း၏ ဇနီးဖြစ်သည်။ ဒေါ်တပ်ခေါ်ရသော်လည်း အသက်မှာ သုံးဆယ်ဝန်းကျင်သာ ရှိသေးသည်။ လှသည်၊ ချောသည်၊ ဖြောင့်သည်၊ တောင့်သည်၊ ကိုယ်နေဟန် အလှအပကြွယ်ဝသလို မာနကနည်း ဘဝင်ထိပ်ကပ်နေသည်။

ဒေါ်စမ်မီ၏ အစ်ကိုက ဦးစိတ္တဖြစ်သည်။ ဒေါ်စမ်မီလှသလောက် သူ့အစ်ကိုက ရုပ်ဆိုးသည်။ အသားအရေက ကြမ်းသည်။ ရုပ်ကလည်း ဆိုးသွမ်းသည့်ပုံ၊ အသွင်သဏ္ဌာန်ကို မြင်ရသည်က ရက်စက်သည့်ပုံပင်။ ဦးမိုး ကောင်းက အစဉ်အဆက် စီးပွားရေး သာ အင်တိုက်အားတိုက် ရှာဖွေခဲ့ ၍ လူမှုရေးနှင့် ကင်းဝေးသလို အချ ရေးနှင့်လည်း အလှမ်းဝေးခဲ့သည်… မျက်စိထဲတွင် ချစ်ရမည့်သူကို ရှာမတွေ့ သေး၍ဖြစ်သည်။ အသက်အရွယ် လာသည့်အခါတွင် ရင်ခွင်နွေးထွေး ရန် နုနုရွရွအတွေးလေးတွေ ဝင်လာ သည်။ ဦးမိုးကောင်း ငွေကြေးချမ်းသာ မှုကိုသိကြ၍ အောင်သွယ်တော်တဲ့ ခင်းကြသည်။ အရှန်သင့်၊ အခန်းသင့် အနေအထားကို ဦးမိုးကောင်းက မ လားပေ။ သူချစ်ရမည့်သူသည် သူ့ ခွင်ကို နွယ်ရစ်ပတ်နိုင်ပြီး သူ့ သားကို စိုးမိုးနိုင်သူဖြစ်ရမည်ဟု သ မှတ်ထားသည်။ ထို့အပြင် အေးအ ပူအမျှ ဖေးမနိုင်မည့် လက်တွဲဖေ လည်း ဖြစ်ရမည်ဟု ဆိုသည်။ ဥ မန ပေါ်ကြွယ်ဝစရာမလို၊ မနေ သဘောဖြူ သိမ်မွေ့သူလေးလည်း ဖြ ရမည်။

ဒေါ်စမ်မီသည် ရုပ်ရည်လှပသေ လည်း ဘဝမလှရှာသူ ဖြစ်သည်။ မ မရှိ၊ မိခိုအားထားစရာ ဆွေမျိုးကလည် ကင်း၍ မောင်နှမနှစ်ယောက်မှာ ချို စွာဖြင့် ဘဝကို ရပ်တည်နေရသူဖြ သည်။ ဦးမိုးကောင်း အလုပ်ကိစ္စ နယ်ဘက်သို့ ခရီးထွက်ခဲ့ရာတွင် ဒေ မီတို့မောင်နှမကို ပွဲရုံအလုပ်သမ အဖြစ် တွေ့ရသည်။ သူဌေးဦးမိုးကော အပေါ်တွင် စေသည့်ကျွန်၊ ထွန်သည နွားပမာ ကျိုးနွံလှသည်။ ထိုသို့ ရင်း မကြာခဏ တွေ့ရဖန်များလာသ



www.burmeseclassic.com

www.burmeseclassic.com

အခါတွင် ဒေါ်စံမီအပေါ် ဦးမိုးကောင်း သနားမိသည့် သဒ္ဓါလွန် အကြင်နာ ကျွံရာမှ မေတ္တာပါသွန်မိ၍ တင့်တင့်တယ်တယ် လက်ထပ်ယူလိုက်သည်။

"သူငယ်ချင်းမိုးကောင်း… သူတို့က ဒီအရပ်က မဟုတ်ဘူး။ အရပ်တကာလှည့်ပြီး ပန်းပင်အမျိုးမျိုး၊ ဂမုန်းပင် အမျိုးမျိုး ရောင်းကြရင်းက ဒီပွဲရုံမှာ ဝင်လုပ်ပါရစေ ဆိုပြီး ဝင်လုပ်ကြတာ။ မောင်နှမတော်တယ်လို့တော့ ပြောတာပဲ။ ရုပ်ရည်ချင်းကတော့ မတူတာ မင်းအမြင်ပဲ။ နည်းနည်းတော့ မင်းစဉ်းစားသင့်တယ်…"

ပွဲရုံပိုင်ရှင် သူငယ်ချင်းက သတိပေးဟန့်တားသော်လည်း ရင်မခုန်ဖူးသော လူပျိုရိုင်းကြီးမှာ စံမီဆိုသည့် အလုနတ်သမီးလေးနှင့်ကျမှပင် ရွှေမေတ္တာအနန္တ ဖေချစ်တာ အမှန်ပြ ဖြစ်ရတော့သည်။

"ကျုပ်မှာက ဒီညီမလေးတစ်ယောက်ပဲ ရှိတာ။ တစ်မြို့တစ်ရွာကို တစ်ယောက်တည်း မထည့်နိုင်ဘူး။ ကျုပ်ညီမလေးကို ကျုပ်က စောင့်ရှောက်ရမယ်"

သို့နှင့်ပင် နှမကောင်းစားတော့ မောင်အိမ်ဦးခန်းဆိုသည့်အတိုင်း ဦးမိုးကောင်းတို့အိမ်တွင် လူတွင်ကျယ်လုပ်လာသည်။

"မီလေး…ကလေး။ ဘာမဆို မီလေးလိုချင်တာရှိရင် အစ်ကိုကြီးကို ပြောနော်"

မိမိထက် အသက်များစွာငယ်သော ဇနီးသည်လေးအပေါ်တွင် အလိုလိုက်ကာ အကြိုက်ဆောင်ပေးလေသည်။ ယုယကြင်နာမှုဖြင့် ချစ်ကြင်နာပြလျက်ရှိသည်။

"ဒါပဲနော်…အစ်ကိုကြီး၊ မီက လေ ဟောဒီချစ်လင်ကြီးရဲ့မျက်နှာကို တစ်ရွာထင်ပြီး လိုက်လာတာ။ အပြစ်တွေ့ရင်လည်း မီ့အပေါ်မှာ နားလည်ခွင့်လွှတ်ပေးနော်…နော်"

ဖွဲ့ဖွဲ့နွဲ့နွဲ့ ချွဲချွဲသံသာအညှုအတာ အခရာတွေနှင့် သမုဒယအနေမှ မခွာရက်နိုင်အောင်ကို ဒေါ်စံမီကလည်း ပြောတတ်သည်။ ဦးမိုးကောင်းနှင့် ဒေါ်စံမီတို့ လက်ထပ်သည့်အချိန်တွင် ဖိုးယုန်မှာ ဆယ့်ခြောက်နှစ်သား ရှိပြီ။ ယုန်သွားလေးသဖွယ် ရှေ့သွားလေးနှစ်ခုက အပေါ်လွှာနှုတ်ခမ်း၏ အပြင်ဘက်သို့ လေညင်းခံထွက်နေ၍ ဖိုးယုန်ဟုခေါ်သော်လည်း ခန္ဓာက အသက်အရွယ်ထက် ပိုပြီးထွားနေသည်။ မျက်နှာအနေအထားက တည်ကြည်သည်။ ယုန်လေးကဲ့သို့လည်း ဖျတ်လတ်သွက်လက်သည်။ အဘခြုံအသက်ကြီးလာ၍ အေးအေးချမ်းချမ်း အားယူစေပြီး ဦးမိုးကောင်း လိုအပ်သမျှကို အစစအရာရာ ဖိုးယုန်ကပင် လုပ်ပေးသည်။ နာမည်နှင့် လိုက်အောင်လည်း ယုန်လေးကဲ့သို့ ဖျတ်လက်သည်။ ဦးမိုးကောင်းက ကျောင်းထားပေး၍ ဖိုးယုန် ၁၀ တန်း အောင်သည်။

"ဘဘရယ်…ကျွန်တော် ရတဲ့အလုပ်ဝင်လုပ်ပြီး အဝေးသင်တက်ပါ့မယ်"

"မင်း အလုပ်မလုပ်ပါနဲ့ ကလေးရယ်။ မင်းအလုပ်လုပ်ရင် ဦးခြုံအတွက်ရော ဘဘအတွက်ပါ အဖော်မရှိဘဲ ဖြစ်နေမှာပေါ့။ အဝေးသင်တက်တာတော့ ဘဘကြိုက်ပါတယ်"

"အစ်ကိုကြီးကလည်းလေ ပညာလည်း သင်ပေးပြီးပြီ။ သူ့ဘာသာ သူ့ဘဝဝမ်းရေးအတွက် လုပ်ပါစေတော့"

"ဒါပေါ့။ ကျွန်တော့်ညီမပြောတာ မှန်တယ်။ အလကားလူပိုတွေကို အိမ်ပေါ်မှာ နေခိုင်းရတယ်လို့"

"သူတို့မြေးအဘိုးက အိမ်အတွက် သိပ်အဖော်ရတာ နောက်ပြီး ခမျာများမှာ မီးဖိုဆောင်ရဲ့ ဘေးအခန်းက စတိုခန်းလေးမှာပဲ နေကြတာပါ"

ဆက်ပြီး မပြောကြသော်လည်း ဖိုးယုန်တို့ မြေးအဘိုးကို ဆက်ဆံရာတွင် ဦးမိုးကောင်း၏ရှေ့တွင်တစ်မျိုး၊ ကွယ်ရာတစ်မျိုး ဆက်ဆံကြလေသည်။ ဦးမိုးကောင်း၏ ကွယ်ရာတွင် နှိမ်ပြီး ဆက်ဆံကြသည်။

"အစ်ကိုကြီးရယ်…အဘိုးကြီးက ခြံထဲမှာ ဘာတွေစိုက်ထားမှန်းလဲ မသိဘူး။ မီကြိုက်တာတွေ ပြောင်းစိုက်မယ်နော်"

"ကောင်းပါပြီဗျာ…မီလေးရဲ့ သဘောပါ"

"ဟေး…ဒါမှ မီလေးရဲ့ ချစ်လင်ပေါ့"

သို့နှင့်ပင် ခြံထဲရှိ အဘခြုံစိုက်ထားသည့် ပန်းပင်တွေအားလုံးကို ဖယ်ထုတ်လိုက်သည်။ ဒေါ်စံမီ၏ စိတ်တိုင်းကျ ပန်းပင်၊ ဂမုန်းပင် စသည်တို့ကို ဝယ်ပြီး အိမ်သို့ယူလာသည်။ သူဝယ်လာသည့် အပင်များကို အဘခြုံအား မစိုက်ခိုင်းဘဲ လူငှားပြီး တခြားသူကို ဒေါ်စံမီက ညွှန်ပြပြီး စိုက်ခိုင်းသည်

www.burmeseclassic.com

ဦးမိုးကောင်းအားလည်း သူက သူသိသမျှ ဂမုန်းပင်ရာဇဝင်ကို ခင်းပြသည်။

"ဂမုန်းဆိုတာ အမျိုးမျိုးရှိတယ်။ မီတို့မောင်နှမ နယ်မှာနေတုန်းကဆို ဂမုန်းပင်အမျိုးမျိုးကို ရှာဖွေပြီး လိုချင်တဲ့သူတွေဆီ ပို့ပေးပြီး ရောင်းခဲ့ရတာ"

"ဒါဆို မီလေးက ဂမုန်းပင်တွေအကြောင်း သေသေချာချာ သိမှာပေါ့။ ပြောပြပါဦး"

"ဂမုန်းဖြူတဲ့…သူက ဖြူတယ်။ အရွက်က နန္ဒင်းရွက်နဲ့တူတယ်။ ထူးခြားတာက တစ်နှစ်တစ်ခါ နေရာပြောင်းပြီး ပေါက်တတ်လို့ သူ့ကို ဂမုန်းရွှေလည်လို့လည်း ခေါ်တယ်။ ဂမုန်းဖြူ၊ ဂမုန်းနီ၊ ဂမုန်းနက်၊ ဂမုန်းခွေ့ဘာတဲ့၊ တခြားဂမုန်းနာမည်တွေလည်း အများကြီးရှိတယ်။ ဂမုန်းဘီလူးတဲ့။ အဲဒီ ဂမုန်းပင်ကို မကြာခဏ မြေကြီးနဲ့ အသားစိမ်းရောပြီး မြေစာကျွေးရသလို သွေး စသည်တို့ကိုလည်း လောင်းပေးရတယ်။ အိမ်ကို စောင့်ရှောက်ပေးတယ်။ ဒေါင်းဂမုန်းက ညအချိန်ဆို အရွက်များယှက်ပြီး ဘုရားရှိခိုးတဲ့ပုံလို ပိတ်ပြီးနေတယ်။ ဂမုန်းကွန္တာကျတော့ ညဘက်မှာ လေမတိုက်ဘဲ ယိမ်းကသလို တတ်ကြတယ်။ အဲ…လူလာရင် ရပ်သွားကြရော"

"ဟ…အစ်ကိုကြီးရဲ့ ဇနီးလေးက ဗဟုသုတကြွယ်သားပဲ။ မီလေး ကြိုက်တဲ့အပင် စိုက်ပါ"

သို့နှင့်ပင် ဒေါ်စိမီစိတ်တိုင်းကျ ဂမုန်းပင်စိုက်ဖို့ စီစဉ်တော့သည်။ သူယူလာသည့် အပင်များအား ဦးမိုးကောင်းကို မပြော။ အဘခြံတို့ မြေအဘိုးကိုလည်း မနိုင်။ သူတို့မောင်နှမသာ မြေဖွ၊ စိုက်ပျိုး၊ ရေလောင်း လုပ်ကြသည်။

"ကိုယ်တိုင်လုပ်တော့ လုပ်လုပ်ရှားရှား ဖြစ်တာပေါ့။ ကျန်းမာရေးအတွက်လည်း ကောင်းတယ်လေ"

"ဒီအပင်က သိပ်ရှားတယ်။ အသိတစ်ယောက်က ရှားရှားပါးပါး ယူလာပေးတာ။ ညော့်ခန်းထဲမှာ ကြွေပန်းအိုးနဲ့ အလှထားပြီးစိုက်မှာ…"

ဝယ်လာသော ကြွေပန်းအိုးထဲတွင် မြေဩဇာတို့မထည့်ခင် ပတ္တမြား ကျောက်စိမ်း စသော ကျောက်အမြှုန်းကလေးကိုခံပြီး ဂမုန်းပင်ကို စိုက်သည်။ သူတို့မောင်နှမကိုယ်တိုင် ပြုလုပ်သည်။ လက်နှစ်ဖက်ကို လက်အိတ်စွပ်ပြီးမှ အပင်ကိုကိုင်ကာ ပန်းအိုးတွင်စိုက်ပြီး ပန်းပင်အား ရွှေရည်၊ ငွေရည်လောင်းသည်။

"အဲဒါ ဘာဂမုန်းလဲ မီလေး"

"မယ်တော်ကြီးဂမုန်းလို့ ခေါ်တယ်။ သူ့ကိုစိုက်ထားတော့ အိမ်မှာလည်း ကျက်သရေရှိတယ်။ စီးပွားဥစ္စာလည်း တိုးတယ်လေ။ သူ့အရွက်တွေက ဖားဖားကြီး ထူထူအန်းအန်းနဲ့ နွားသားရေလိုပဲ။ ကျောက်စိမ်းရင့်ရောင်ရှိတော့ ကြည့်ရတာ မျက်စိလည်းအေးတယ်။ နောက်ပြီး အိမ်တွင်းအိမ်ပြင် အမြဲတမ်း အေးချမ်းစိမ်းလန်းစိုပြည်တော့ အစ်ကိုကြီးနဲ့ မီတို့နှစ်ယောက်အတွက် အမြဲတမ်း သာယာစိုပြည်တဲ့ဘဝရှိအောင် နိမိတ်ယူပြီး စိုက်လိုက်တာ…"

ထိုအပင်အား လက်အိတ်စွပ်ပြီးမှ အပင်ကိုကိုင် သည်။ ရေလောင်းခြင်း၊ အရွက်အပင်တို့ကို ထိတွေ့ခြင်း ပြုသည်။ ဦးမိုးကောင်းကလည်း ဒေါ်စိမီ လုပ်သမျှကို စိတ်တိုင်းကျ ပြုလုပ်ခွင့်ပေးသည်။ ချီးသည်၊ ခါးသည် တစ်ခွန်း မပြော။ အဘခြံတို့မြေအဘိုးကလည်း သည်အတိုင်း လက်ပိုက်ကြည့်နေလိုက်သည်။

"အဘ…အဲဒီအပင်က ဘာအပင်လဲဟင်"

"အဘလည်း မသိဘူး မြေးရယ်။ အသက်ကြီးကြီးလာတော့ မျက်စိတွေကလည်း ဝေဝါးတော့ သေသေချာချာ မမြင်ရဘူးကွဲ့။ သူတို့အကျိုးရှိဖို့အတွက် စိုက်တာနေမှာပေါ့"

ဒေါ်စိမီတို့ မောင်နှမသည် ထိုဂမုန်းပင်အား ကိုင်သည့်အခါတွင် လက်နှစ်ဖက်ကို လက်အိတ်စွပ်ရုံမျှမက အရွက်ကြွေတို့ကို သံညှပ်နှင့် သေသေချာချာကောက်ယူပြီး ပလတ်စတစ်အိတ်ထဲ ထည့်သိမ်းထားသည်။

ဒေါ်စိမီတို့ မောင်နှမက စီးပွားရေးကို ဦးဆောင်ချင်ကြသည်။ ဦးမိုးကောင်းကလည်း ယခုတလော စီးပွားရေးလုပ်ငန်း၊ ပွဲရုံလုပ်ငန်းတွေအပေါ် သိပ်ပြီး စိတ်ဝင်စားမှု မရှိ။ တစ်နေ့တည်းတွင် ထိုင်နေတတ်သည်။ ငြီးစားသလိုလိုနှင့် အေးအေးဆေးဆေး နေချင်သည်။

"အစ်ကိုကြီးကြည့်ရတာ … ခုတလော လန်းလန်းဆန်းဆန်းမရှိဘူး။ မီဖျော်ပေးတဲ့ လိမ္မော်ရည်ရော မှန်မှန်သောက်ရဲ့လား"

မနက်အလုပ်ကိစ္စအတွက် မသွားခင် ဒေါ်စိမီက ဦးမိုးကောင်းအတွက် လိမ္မော်ရည်ကို အသီးလတ်လတ်ဆတ်



www.burmeseclassic.com

www.burmeseclassic.com

ဆတ်မှ အရည်ညှစ်ပြီး သကြားအနည်းငယ်ထည့်ကာ အဆင်သင့်သောက်ရန် ပြုလုပ်ပေးခဲ့သည်။

"ညီမလေးကတော့လေ . . . ယောက်ဖကြီးကို တော်တော် ဂရုစိုက်တာပဲ"

အစ်ကိုလုပ်သူဦးစိတ္တက သဘောကျစွာ ရယ်မောရင်း ပြောတတ်သည်။ ထမင်းဟင်းအတွက်ကိုမူ အဘချိုက စီစဉ်ချက်ပြုတ်သည်ကို ဖိုးယုန်က ကူညီပေးသည်။

"ကုန်ပစ္စည်းတွေအတွက် နယ်ဘက်ကို အဝယ်ဆင်းဦးမှ အစ်ကိုကြီးရေ..."

ဦးမိုးကောင်း ထုတ်ပေးထားသည့် ငွေအရင်းအနှီးကို ကိုင်တွယ်သုံးပြီး ဒေါ်စီမိုတို့မောင်နှမနှစ်ယောက် ခရီးထွက်တတ်သည်။ ခရီးထွက်လျှင်လည်း လေးငါးရက်မက တစ်ပတ်လောက်ကြာသည်။ ခရီးထွက်ရာမှ ပြန်လာလျှင်လည်း ဒေါ်စီမိုတို့အား လုပ်ငန်းကိစ္စနှင့် ဘာတစ်ခုမျှ ဦးမိုးက မမေး။ လုံးဝ စိတ်ဝင်စားမှုကင်းသည်။ အဘချိုတို့ ချက်ကျွေးသမျှကို စားသည်။ ဒေါ်စီမိုတို့မောင်နှမ ခရီးထွက်နေလျှင် ဦးမိုးကောင်းက ခြံထဲဆင်းပြီး လမ်းလျှောက်သည်။ အသက်အရွယ်ရလာ၍လားမသိ ဦးမိုးကောင်း၏ ဟန်အမူအရာမှာ အေးဆေးဖြည်းလေး နှေးကွေးလာသည်။

"အစ်ကိုကြီးက ဘယ်လိုဖြစ်ပြီး အိပ်ရာထဲ လဲရတာလဲ..."

ဒေါ်စီမိုတို့ ခရီး ၁၀ ရက် ထွက်သည်။ ပြန်လာသောအခါတွင် အိပ်ရာဆက်တွင် အားအင်တွေ နွမ်းနယ်သော အသွင်နှင့် နေနေသည်ကို တွေ့ရသည်။ ဒေါ်စီမိုမှာ ထိုမြင်ကွင်းကိုမြင်သည်နှင့် စိုးရိမ်ပူပန်စိတ်က ငယ်ထိပ်သို့ တက်လာသည့်ပမာ မျက်နှာအမူအရာက အစ ပြောင်းလဲသွားပြီး အဘချိုအား အပြစ်တင်သောလေသံနှင့် မေးလာသည်။

"သူဌေးကတော်တို့ မောင်နှမ ခရီးထွက်ပြီး မကြာပါဘူး။ ဆရာကြီးလည်း အစားအသောက် ပျက်လာတယ်။ နောက် အားအင်ကုန်ခန်းသလို ဖြစ်လာပြီးတော့ အိပ်ရာထဲ လဲတော့တာပဲ"

"ဆရာဝန် ခေါ်မပြဘူးလား။ ရှင်တို့ ဘာလုပ်နေကြတာလဲ"

"ခေါ်ပြပါတယ်။ ဆရာဝန်က နလုံးက အလုပ်သိပ် မလုပ်ချင်တော့ဘူးတဲ့။ အသက်အန္တရာယ်အတွက် စိုးရိမ်ရတယ်လို့ ပြောသွားတယ်"

"ဆေးရုံတွေဘာတွေတင်ဖို့ မပြောဘူးလား"

"ပြောပါတယ်။ ထူးခြားမှုရှိလာမှာ မဟုတ်ဘူးလို့ ပြောတယ်။ နေ့တိုင်းတော့ လာလာကြည့်ပါတယ်"

အဘချိုတို့ မြေးအဘိုး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ ထိုအတူ ဒေါ်စီမိုတို့ မောင်နှမကလည်း တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်းဆုံသွားသည်။

"အေးလေ...ဒါဆိုလည်း အစ်ကိုကြီးအတွက် ကောင်းမှုကုသိုလ်လေး ဘာလေး လုပ်ပေးရတော့မှာပေါ့"

ဦးမိုးကောင်းရှိသည့် အခန်းထဲမှ ထွက်လာပြီး အစ်ကိုဖြစ်သူ ဦးစိတ္တအား ဧည့်ခန်းသို့ ခေါ်ထုတ်လာခဲ့သည်။

"ဦးလေး...ကျွန်တော် ဘာဝိုင်း ကူပေးရမလဲခင်ဗျာ"

"နေ...နေ...မင်းနေရာမင်းနေ ဒီမှာ ဘာမှလုပ်စရာမရှိဘူး"

ဖိုးယုန် ဧည့်ခန်းဆီသို့ ထွက်လာသည်ကို အတင်းပြန်လွှတ်လိုက်သည်။

မနက်မိုးလင်းသည့်အခါ အိမ်ထဲတွင် ဒေါ်စီမိုတို့မောင်နှမနှစ်ယောက် လှုပ်ရှားပုံကို အဘချိုက တွေ့လိုက်သည်။ အမြင်က ဝေဝါးသော်လည်း ပုံရိပ်များကို မျက်မှန်းတန်းမိ၍ သိခြင်းဖြစ်သည်။ ဒေါ်စီမို၏အစ်ကို ဦးစိတ္တသည် ဧည့်ခန်းကို သန့်ရှင်းရေးလုပ်နေသည့်ဟန်ဖြင့် ဧည့်ခန်းရှိ ပရိဘောဂများကို ဟိုပြောင်းသည်ပြောင်း နေရာပြောင်းသည်။ ဖုန်ခါသလိုလိုနှင့် တစ်ခုခုကို ရှာဖွေနေသလိုပင်။

အဘချိုက ဦးမိုးကောင်း၏အခန်းထဲတွင် နေရစ်ခဲ့သည်။ အခန်းတံခါးကို ပိတ်လိုက်သည်။ နောက်ထပ် လူအဝင်မခံလိုခြင်းဖြစ်သည်။ ဖိုးယုန်မှာ စာကျက်စရာလည်းမရှိ။ အလုပ်လည်းမရှိသည့်အတွက် သူ့ဝါသနာအတိုင်း ဖုန်းကိုယူကာ အေးအေးဆေးဆေး ခြံထဲရှိ တစ်နေရာတွင် သွားထိုင်နေလိုက်သည်။ ဒေါ်စီမိုတို့မောင်နှမနှစ်ယောက်မှာ ဧည့်ခန်းထဲရှိ ဂမုန်းပင်အား နေရာအပြောင်းအရွှေ့ကိစ္စနှင့် အလုပ်ရှုပ်နေကြသည်။

"မမို...တို့ကိစ္စ ဘယ်လိုစဉ်းစားမလဲ"

"ဘာကိုပြောတာလဲ၊ ရှင်ကလည်း ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ..."

"မင်းနဲ့ ဦးမိုးကောင်းနဲ့ လက်ထပ်စဉ်က စဉ်စားစီစဉ်ထားတာလေ"

ဖိုးယုန် မမျှော်လင့်ဘဲ ကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com

ရသော စကားသံတွေဖြစ်သည်။ ဦးမိုးကောင်းနှင့် လက်ထပ်စဉ်က စီစဉ်ထားသည်ဆိုလျှင် ပိုပြီး စိတ်ဝင်စားသွားသည်။ တိုးတိုးလေး သီချင်းဆိုပြီး အသံဖမ်းယူနေစဉ် ဖိုးယုန်နေသည့်အနားသို့ ရောက်လာကြသည်။ ပုဏ္ဏားရိုက်ပင် အုပ်ကာကွယ်နေလျက် ဖိုးယုန် သရက်ပင်အောက်တွင် ရှိနေသည်ကို သူတို့မသိကြ။ ဖိုးယုန်၏ ဖုန်းလေးမှာ ခပ်လှမ်းလှမ်းမှအသံကိုလည်း ဖမ်းယူနိုင်သည်။

"သနားတော့ သနားပါတယ်။ သူ့ခမျာ မှီ့ကို တကယ်ချစ်ရှာတာ။ ရှင်နဲ့ ကျွန်မကို တကယ့်မောင်နှမအရင်း ထင်နေတာ"

"ဒါကတော့ကွာ···"

"ဟုတ်တယ်လေ၊ မှီ့ကိုချစ်လွန်းတော့ ဘာမဆို လိုက်လျောရှာပါတယ်"

"ဒီမှာ မမှီ၊ ကျုပ်က မယားတစ်ယောက်လုံး မျက်နှာလွှဲခဲပစ် ပေးထားရတာ။ ဒီလောက်တော့ အလျော်ပြန်ယူရမှာပဲ"

ကြားရသည့် စကားတို့ကြောင့် ဖိုးယုန် အံ့အားသင့် သလို ဒေါသလည်း ထွက်မိသွားသည်။ ရက်စက်လိုက်သည့် ဖြစ်ခြင်း။

"မင်းကို သူ့ခြံနဲ့အိမ် မလွှဲသေးဘူးလား။ အတွင်းပစ္စည်းတွေရော ဘယ်လောက်ပေးထားသလဲ။ ခု မင်းကိုယ်မှာ ဝတ်ဆင်ထားတဲ့ တစ်ဆင်စာပဲ ငါတွေ့တယ်။ အမွေလွှဲစာချုပ်တွေ ရအောင်လုပ်ပါလို့ မင်းကို ငါအတန်တန် ပြောထားသားနဲ့"

"အချိန်တန်တော့ ရမှာပေါ့ရှင်။ ကျွန်မက သူ့ရဲ့ တရားဝင်ဇနီးမယားပဲလေ"

"ထင်ပါနဲ့ ဒေါ်စိမ့်"

အသံလာရာသို့ ကြည့်လိုက်သည်။ ဖိုးယုန်၊ အဘခြုံနှင့် ဦးမိုးကောင်း၊ ထို့အပြင် ရဲအရာရှိ ယူနီဖောင်းနှင့်တစ်ယောက် ပုဏ္ဏားရိုက်ပင်နောက်မှ ထွက်လာကြသည်။

"ဒီမယ်တော်ကြီးဂမုန်းဟာ··· အဆိပ်ပင်ဆိုတာ အဘခြုံက သိပြီးသား။ ဒီမယ်တော်ကြီးဂမုန်းကို လှတယ်၊ စီးပွားတက်တယ်ဆိုပြီးသာ လူတွေက သိကြတာ။ သူ့ရဲ့အာနိသင်ကို လူတိုင်းမသိကြဘူး။ သိတဲ့လူကနည်းတယ်။ ဒီဂမုန်းရဲ့အရွက်တွေက ထွက်လာတဲ့အစေးဟာ လူ့ရဲ့အသားနဲ့ ထိတွေ့ရင် ပူလောင်စေပြီး ယားယံစေတယ်။ ဒါကြောင့် ဂမုန်းပင်ကို ဖြတ်ရတဲ့အခါ အစေးမထိအောင် ကာကွယ်ရတယ်။ ငရဲမီးလိုပဲ ပူလောင်တယ်။ အသားအရေတွေ ဖူးရောင်လာတာပ။ အရွက်အနည်းငယ်လောက် ကလေးတွေစားမိရင် ပြင်းထန်တဲ့အဆိပ်မိသလို ခံစားရတယ်။ ဒါကို မမှီကသိတော့ အရွက်ခြောက်ကိုသိမ်းပြီး အဖတ်လေးတွေ အနည်းငယ်ထည့်ထည့်ပြီး ဦးမိုးကောင်းကို လိမ္မော်ရည်နဲ့ ထည့်တိုက်တာကို အဘခြုံက အပြောဦးလို့ ဦးမိုးကောင်းက သောက်ဟန်ဆောင်ပြီး သွန်ပစ်တာ။ ခုတော့ ထင်သလို ဖြစ်မလာတော့ဘူးလေ ဒီတော့···"

"ဟင်···ခင်···ခင်ဗျားတို့"

ဦးစိတ္တနှင့် ဒေါ်စိမ့် ပြေးရန် ခြေလှမ်းပြင်သည်။

"ခင်ဗျားတို့ ပြေးလို့မလွတ်တော့ဘူး။ ကိုစိတ္တခေါ် ဓားပြ လူဆိုးကြီး မြသီး၊ ခင်ဗျားတို့ ကျူးလွန်ခဲ့တဲ့ မှုခင်းတွေကို ကျုပ်တို့ ဖော်ထုတ်ပြီးပြီ။ ခု လည်း ဦးမိုးကောင်းကို ပညာပါပါ သတ်ဖြတ်ဖို့ကြံစည်တာတွေကို သက်သေခံတွေနဲ့အတူ မိထားပြီးပြီ"

ဦးမိုးကောင်းကလည်း မီးထွက်မတတ် မျက်လုံးတွေနှင့် နှစ်ယောက်စလုံးကိုကြည့်လျက်···

"မင်းတို့က ငါ့စေတနာနဲ့ ငါ့မေတ္တာကို စော်ကားခဲ့ကြတယ်။ ခုတော့ မင်းတို့စေတနာ မင်းတို့ကို အကျိုးပေးတော့မယ်။ ငါလည်း မတတ်နိုင်တော့ဘူး"

ဦးစိတ္တခေါ် ဓားပြကြီးမိုးသီးက အံကြိတ်လျက်···

"ခင်ဗျားကြီး သေပေတော့···"

ခါးကြားထဲမှ ဓားမြှောင်ကို ရုတ်တရက် ဆွဲထုတ်၍ ဦးမိုးကောင်းကို ပြေးထိုးသည်။ အနီးမှာရှိနေသည့် ဖိုးယုန်က ဦးမိုးကောင်းရှေ့မှ ဝင်၍ ကာကွယ်လိုက်သည်။

"ကဲကွာ···သေစမ်း"

"အား···အ···အ···"

ဓားက ဖိုးယုန်၏ ရင်ဘတ်ထဲသို့ တစ်ဆုံး စူးနစ်ဝင်ရောက်သွားသည်။ ရဲအရာရှိနှင့် ဦးမိုးကောင်းက ဦးစိတ္တခေါ် ဓားပြကြီးမြသီးကို ဖမ်းချုပ်လိုက်ကြသည်။

ဒူးတွေ ညွတ်ကွေးကျသွားရှာသည့် ဖိုးယုန်ကလေးကတော့ သူ့ဘဝကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် ပြုစုပျိုးထောင်ပေးခဲ့ကြသော အဘိုးနှင့် ကျေးဇူးရှင် ဦးမိုးကောင်းကို ဝေဝါးသည့် မျက်ဝန်းများဖြင့် ကြည့်ရင်း။

မြမြလှိုင်



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

# မင်းဂိုဏ်း ဘိုးတော်ဘိုဘင်

(ယခင်လမှအဆက်)



ပန်းချီ စံလွင်မောင်

www.burmeseclassic.com

www.burmeseclassic.com

# ဘိုးဘေးဘီဘင်

မင်းသိခ်

( ယ ခ င် လ မှ အ ဆ က် )

**ကြောက်တတ်သော
ညီအစ်ကိုငါးဦးနှင့် တွေ့ဆုံခြင်း**

ငမသည် မြင်းတစ်စီးနှင့် ခြေဦးတည့်ရာ ထွက်လာခဲ့ရာ ကျွန်းကလေးဟုသော အရပ်သို့ရောက်လျှင် မြင်းကို ရပ်နား၍ မြင်းပေါ်မှဆင်းပြီးနောက် ထမင်းဆိုင်ကိုရှာ၏။ တစ်ဦး နှစ်ဦးကို မေးလိုက်လျှင် ကျွန်းကလေးရွာဦးပိုင်း၌ တဲကြီးတစ်လုံးကို တွေ့မည်ဖြစ်ကြောင်း ထိုတဲကြီးမှာ ညအိပ်၍ရသော ထမင်းဆိုင်ဖြစ်ကြောင်း ပြောလေ၏။ ထို့ကြောင့် ငမသည် မြင်းကိုဆွဲ၍ ထမင်းဆိုင်ကြီးဆီသို့ ခြေလျင်လျှောက်ခဲ့ရာ ထမင်းဆိုင်အနီးသို့ ရောက်လျှင် လူငါးယောက်သည် ထမင်းဆိုင်ရှေ့၌ရပ်၍ စကားပြောနေရာမှ ငင်းအားလှမ်း၍ ကြည့်လိုက်သည်ကို သတိပြုမိလေတော့၏။ ငမသည် ထိုသူများအနီးမှ ဖြတ်သန်း၍ မြင်းချည်တိုင်သို့ သွား၏။ ထိုလူငါးဦးသည် ငမ သွားသည်ကို လိုက်၍ကြည့်ကြ၏။ ငမလည်း မြင်းကို ချည်ပြီးနောက် ထမင်းဆိုင်တဲအတွင်းသို့ ဝင်ရန်ပြင်၍ လျှောက်လာရာ ထိုလူငါးဦးအနီးသို့ရောက်လျှင် ထိုလူငါးဦးသည် ငမအား ခြေဆုံးခေါင်းဆုံးကြည့်၏။ ငမသည် ဤသို့ ကြည့်နေသည်ကို [illegible]စိတ် ဖြစ်ပေါ်လာ၏။ ထို့ကြောင့် -

"ကြည့်လှချည်လား။ ခင်ဗျားတို့နမကို ခိုးသွားတဲ့လူနဲ့ ဆင်တူရိုးမှား ဖြစ်နေလို့လား"

ဟု ရန်စသော စကားကို ပြောလိုက်ရာ ထိုလူငါးဦးအနက် အသက်အကြီးဆုံးလူက -

"စိတ်မဆိုးပါနဲ့ မိတ်ဆွေရာ...။ ဟောဒီနှစ်ယောက် ညီအစ်ကိုအရင်းကျန်တဲ့သုံးယောက်က တစ်ဝမ်းကွဲတွေ။ ကျုပ်တို့က ပဲခူးသားတွေဗျ။ ကျုပ်တို့နမအငယ်ဆုံး မိနက်ကြောဆိုတဲ့ မိန်းကလေးကို ငစ ဆိုတဲ့အကောင်က သွေးဆောင်ဖြား ယောင်းပြီး ခိုးယူသွားလို့ဗျ။ အဲဒီ ငစကို လိုက်ရှာနေတာ။ မိတ်ဆွေက အဲဒီငစနဲ့ အတော်ကို တူတယ်ဗျ။ အဲဒါကြောင့် မိတ်ဆွေကို ကြည့်မိတာပါ"

ဟု ပြောလိုက်ရာ ငမက -

"ဩ်...ဒီလိုလား။ ခင်ဗျားတို့ယောက်ဖနဲ့ ကျုပ်နဲ့က လူချင်းတင်တူတာမဟုတ်ဘူး။ နာမည်လည်း ဆင်တူရိုးမှားပဲ။ ဟိုက ငစ၊ ကျုပ်က ငမတဲ့။ အကူအညီလိုရင်လည်း ပြောပါဗျာ။ ကျုပ်လည်း ကူပြီး ရှာပေးပါ့မယ်"

ဟု ပြောလိုက်လျှင် ထိုသူငါးဦးသည် ကျေးဇူးတင်သောမျက်နှာများဖြင့် ငမကို ကြည့်ကြလေ၏။ ထို့နောက် အသက်အကြီးဆုံးလူက -

"ငစကို ရှာမယ့်သာရှာရတာ တကယ် ရင်ဆိုင်တွေ့ရင် ကျုပ်တို့ငါးယောက်စလုံး သူနဲ့ မယှဉ်ဝံ့ဘူးဗျ။ ဒီကောင်က တကယ်ကျွမ်းတဲ့ ဓားသမား"

ဟု ပြောလိုက်လျှင် ငမက -

"အဲဒီဓားသမားနဲ့ တွေ့ချင်တယ်ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ရဲ့ခြေသည်းလေး နည်းနည်းရှည်နေလို့။ သူက ဓားသမားဆိုတော့ လှီးခိုင်းမလို့"

ဟု ပြောလိုက်လေ၏။

"ကဲဗျာ...ဒီလိုဆိုလည်း နောင်ကြီး ငမ ကျုပ်တို့ကို ကူပါဗျာ။ ခင်ဗျားခြေသည်းအတွက်တော့ မပူပါနဲ့။ ကျုပ်တို့ လှီးပေးပါ့မယ်"

ဟု ပြောဆိုကာ ငနှင့်အတူ တဲကြီးအတွင်း ဝင်လေတော့၏။ ထို့နောက် ငမအတွက် ထမင်းဟင်းလျာများမှာပေးလေ၏။ ငမသည် ထောပတ်ထမင်း၊ ကြက်သားကြော်၊ မရန်းသီးသနပ်၊ ကျောက်ဖရုံသီးဟင်းချိုတို့ဖြင့် မြိန်ရှက်စွာစားပြီးနောက် တောင်ငူဘက်မှလာသော သီးမွှေးငှက်ပျောသီး၊ မင်းတုန်းဘက်မှလာသော မလိုင်ခဲ၊ စလေဘက်မှလာသော ဆီးချိုသီးတို့ကို စားသောက်လေ၏။ ဟို့နောက် ကွမ်းအစ်ကို တောင်းယူပြီးလျှင် ထုံးသုတ်၏။ ရှားစေးခဲတစ်ခဲ ထည့်၏။ ကွမ်းသီးစိတ်နှစ်စိတ် ထည့်၏။ ဆေးရွက်ကြီးကို နှစ်ခါဖဲ့၍ ကွမ်းယာထဲ၌ထည့်၏။ ပြီးလျှင် ပါးစောင်



www.burmeseclassic.com

www.burmeseclassic.com

သောက်ရကြောင်း ပြောဆို၍ ၎င်း၏ ဇာတိအစစ်အမှန်ကို ဖျောက်ပစ်လိုက်လေတော့၏။ ထို့ကြောင့် မြို့အုပ်မင်း၏ သူလျှိုအလန်များသည် ငေကို ခြေရာမခံနိုင်ဘဲ ရှိနေလေတော့သတည်း။

●●●

## ငေ ပြေးရပြီ

ငေ (ခေါ်) ဓာတ်ခိုးသည် ညီအစ်ကိုငါးဦး၏ အိမ်၌ တည်းခိုပြီးနောက် ငစဆိုသူ၏ သတင်းကို နားစွင့်၍ နေခဲ့၏။နောက်ဆုံးတွင် ဖရဲသီးကုန်သည်များမှတစ်ဆင့် ငစဆိုသူသည် ကောလိယ ချောင်းနံဘေးရှိ ထမင်းဆိုင်သို့ မကြာခဏ လာတတ်ကြောင်း သတင်းရရှိသွားလေတော့၏။ ထို့ကြောင့် ငေသည် ငစဆိုသူအား ဖမ်းဆီးရန်အတွက် ဝါးရင်းတုတ်ကြီး တစ်ချောင်းကို မြင်းခေါင်းသို့ တင်ပြီးလျှင် ကောလိယချောင်းဆီသို့ ရှေးရှုခဲ့လေ၏။

(မှတ်ချက် ။ ။ ကောလိယချောင်းဆိုသည်မှာ ယခု ဒိုက်ဦးမြို့နံ့ဘေးမှ စီးဆင်းနေသော ချောင်းကို ဆိုလိုပါသည်။ စာရေးသူ)

ညနေပိုင်းသို့ရောက်လျှင် ကောလိယ ချောင်းနံဘေးရှိ ညအိပ်ထမင်းဆိုင်ကြီးမှာ လွန်စွာမှ လူစည်ကားလှ၏။ ခရီးသည်များ အလျှိုအလျှို ရောက်လာ၏။ မြင်းများကို ချည်တိုင်၌ ချည်ကာပြီး ဆိုင်တွင်းသို့ ဝင်သွားကြ၏။ ဆိုင်တွင်း၌ကား ကညင်ဆီမီးတိုင်များ အလင်းထိန်ညီးအောင် ထွန်းညှိထား၏။ ထမင်းဆိုင်တွင်း၌ ထမင်းစားနေသူများ ထိုကဲ့သို့ လောင်းကစားဝိုင်းများလည်း ရှိ၏ လောင်းကစားဝိုင်းများ၌လည်း လူစည်ကားလျက်ရှိ၏။ ငေသည် ဆိုင်မှ လက်တိုလက်တောင်းခိုင်းသောကလေးအား မြင်းဇက်ကြိုးကိုပေး၍ -

"ဟဲ့ . . .ကောင်လေး၊ မြင်းကို ချည်တိုင်မှာ ချည်ထားရုံနဲ့ မပြီးသေးဘူး။ ရေလည်းတိုက်ဦး၊ အစာရှိရင်လည်း အစာကျွေး။ ကျသလောက် ပေါဒီရှာက သူကြီးဆီမှာသွားတောင်း"

ဟု ပြောလိုက်ရာ ထိုသူငယ်လေးက -

"သူကြီးနဲ့ ခင်ဗျားနဲ့ ဘယ်လိုပတ်သက်လို့တုံး"

ဟု ပြန်၍မေးလိုက်လေ၏။

"ဘယ်လိုပတ်သက်ရမှာတုံးကွ။ သူကြီးသမီးနဲ့ယူမယ့် သတို့သားလောင်းက ငါကွ။ အဲဒီတော့ ငါက သူကြီးသမက်လောင်းပေါ့ကွာ"

ဟု ဓာတ်ခိုးက ပြန်၍ဖြေလျှင် ထိုသူငယ်လေးက -

"မဖြစ်နိုင်တာပဲဗျာ။ သူကြီးသမီး ကောလိယချောင်းထဲမှာ ရေနစ်ပြီးသေတာ သုံးနှစ်ရှိပြီ"

ဟု ပြောလိုက်လျှင် ဓာတ်ခိုးက

"အဲဒါ ခက်တာပေါ့။ ရေနစ်ပြီးသေတာက သူကြီးရဲ့ မယားကြီးက မွေးတာ။ ငါနဲ့ယူမှာက သူကြီးရဲ့ မယားငယ်က မွေးတာ။ သူက ဒီမှာနေတာ မဟုတ်ဘူး။ ပဲခူးမှာနေတာ ပဲခူးသူကွ"

ဟု ဓာတ်ခိုးက ပြောလိုက်ရာ ဆိုင်မှ သူငယ်ကလေးက -

"အဲဒါ လုံးဝ မဖြစ်နိုင်ဘူး။ ကျုပ်တို့သူကြီးဟာ ဒီနေရာကလွဲပြီး ဘယ်နေရာမှ မရောက်ဖူးဘူး။ ပြီးတော့ ခင်ဗျားကို ပြောလိုက်ဦးမယ် သူကြီးက ကျုပ်ရဲ့ ဦးလေးဗျ"

ဟု ပြောလိုက်လျှင် ဓာတ်ခိုးက

"အလကား ကျီစားတာပါ ညီလေးရာ။ ဘာပဲဖြစ်ဖြစ် ငါ့မြင်းကို အစားလည်းကျွေး၊ ရေလည်းတိုက်ပါ။ ကျသလောက် ငါပေးပါ့မယ်"

ဟု ဆိုကာ ဝါးရင်းတုတ်ကြီးဆွဲ၍ ဆိုင်အတွင်းသို့ ဝင်သွားလေ၏။ ထို့နောက် ဆိုင်ထောင့်တွင် ဝါးရင်းတုတ်ကြီးကို ထောင်ထားလေ၏။ ပြီးလျှင် ချဉ်ပေါင်ကြော်ဖြင့် ထမင်းတစ်ပွဲကို မှာစားလေ၏။ ဆိုင်အလုပ်သမားများသည် ထမင်းနှင့် ချဉ်ပေါင်ကြော်ကို လာချပေးရင်း -

"ဒီမှာ နောင်ကြီး၊ ဒီဆိုင်မှာ ကြက်သား၊ ဝက်သား၊ ချေသား၊ ဆတ်သား၊ ယုန်သား၊ ဖွတ်သား၊ ပဒက်သား အကုန်ရတယ်၊ ဘာဖြစ်လို့ ချဉ်ပေါင်ကြော်နဲ့ စားတာလဲ"

ဟု မေးလိုက်ရာ ဓာတ်ခိုးက -

"အသားတွေစားရတာ ညီလို့ကွ။ ငါက မကြာခဏ သက်သတ်လွတ်စားတယ်ကွ။ ဒါကြောင့် အသားမကြိုက်ဘူးကွ"

ဟု ပြန်၍ပြောလိုက်လျှင် ဆိုင်အလုပ်သမား သူငယ်လေးက -

"ဆိုင်ထဲကို ဘာဖြစ်လို့ ဝါးရင်းတုတ်ကြီး ယူလာရတာတုံး။ ဘယ်သူ့ကို ရိုက်မလို့လဲ"

ဟု မေးလေ၏။

ထိုအခါ ဓာတ်ခိုးက -

"တစ်မျိုးမထင်ပါနဲ့ကွာ၊ ငါက အနှိပ်သည်ကွ။ အနှိပ်သည်ဆိုတော့ လက်နဲ့ချည်း နှိပ်နေလို့မရဘူး။ ခြေနဲ့လည်း တက်နင်းရတယ်၊ အဲဒီတော့ ဒီတုတ်ကြီးကိုထောက်ပြီး နင်းရတယ်



www.burmeseclassic.com

www.burmeseclassic.com

လေကွာ။ ကဲ…ကဲ…စိတ်ဖြေဖြင့်ဖြေဖြင့် ထမင်းစားရအောင် မင်းတို့ ငါ့နားက သွားကြပါ"

ဟု ပြောလိုက်ရာ ဆိုင်အလုပ်သမားကလေးများသည် အနားမှ ထွက်သွားကြလေ၏။ လောင်းကစားဝိုင်းများမှာလည်း အလျော်အစား ကြမ်းလှသည်ဖြစ်ရာ "ဟင်"ခနဲ "ဟယ်"ခနဲ အော်သံ ဟစ်သံထွက်လျက်ရှိ၏။ ဓာတ်ခိုးသည် ထမင်းစားရင်း ကြွေဝိုင်းမှ ဒိုင်လုပ်သောသူကို လှမ်းကြည့်၏။ သူသည် အရုပ်အမောင်းကောင်း၏။ ခေါင်းပေါ်မှ သျှောင်ကြီးမှာလည်း လွန်စွာ ကြီးမားလှ၏။ နှုတ်ခမ်းမွေးကြီးမှာလည်း ကျွဲချိုကဲ့သို့ ကော့၍ထောင်နေ၏။ ဓာတ်ခိုးသည် ထမင်းစားရင်း စားပွဲထိုးလေးတစ်ဦးအား မျက်ရိပ်ပြ၍ ခေါ်လိုက်ပြီးလျှင် -

"မင်းတို့ဆိုင် ကစားဝိုင်းကလည်း ကြမ်းလှချည်လား။ သူကြီးက မဖမ်းဘူးလား"

ဟု ခပ်တိုးတိုး မေးလိုက်ရာ -

"ဟောဟို…နှုတ်ခမ်းမွေးကြီး ထောင်နေတဲ့လူဟာ သူကြီးပေါ့များ။ သူက အမြဲတမ်း ဒိုင်ကိုင်တာ။ တစ်ခုတော့ ရှိတယ်။ သူနိုင်ရင် မဖမ်းဘူး။ သူရှုံးရင် ဖမ်းတယ်။ သူရှုံးသွားရင် အိမ်ကို တစ်ခေါက်ပြန်သွားပြီး နောက်တစ်ခေါက်ပြန်လာတာဟာ ဖမ်းဖို့ ပြန်လာတာပဲ"

ဟု ပြန်၍ ပြောလေ၏။

"ဒီလောက် မှုတတဲ့သူကို မင်းတို့ရွာက ဘာဖြစ်လို့ သူကြီးမြှောက်ထားတာတုံး"

ဟု ဓာတ်ခိုးက မေးလိုက်ရာ ဆိုင်အလုပ်သမားကလေးက -

"ကျုပ်တို့ရွာက သူကြီးတွေထဲမှာ သူအကောင်းဆုံးပဲ။ ကျန်တာတွေက သူ့ထက်ဆိုးတယ်။ ဒါကြောင့် သူ့ကို တစ်ရွာလုံးက ချစ်ကြတယ်"

ဟု ပြန်ပြောလိုက်လျှင် ဓာတ်ခိုးသည် စားပွဲထိုးလေးအား ဟန်ပါပါ ပခုံးကို တွန်းပြလိုက်လေ၏။ ထိုအချိန်၌ ဆိုင်ရှင်သည် သူ၏အလုပ်သမားများအား -

"မိုးချုပ်ပြီဟေ့ ဆိုင်တံခါးတွေ ပိတ်လိုက်တော့ အထွက်ရှိပစေ၊ အဝင်မရှိစေနဲ့တော့"

ဟု ပြောဆိုလိုက်လျှင် ဆိုင်အလုပ်သမားများသည် ဆိုင်တံခါးရွက် ပျဉ်ချပ်များကို ယူဆောင်၍ ဆိုင်ကို ပိတ်လိုက်လေတော့၏။ ထိုအချိန်၌ မြင်းစီးလာသော ခရီးသည်တစ်ဦး ရောက်လာပြီးလျှင် ဆိုင်တံခါးကို တဘုံးဘုံး ထုလေ၏။ ထိုအခါ ဆိုင်အလုပ်သမား တစ်ဦးက -

"ဆိုင်ပိတ်လိုက်ပြီ ဝင်လို့မရတော့ဘူး"

ဟု အော်၍ ပြောလေ၏။ ထိုအခါ အပြင်မှ ခရီးသည်က -

"ဆိုင်ရှင်ကို ခေါ်ပေးပါ။ ကျုပ်ဟာ ဆိုင်ရှင်ရဲ့ မိတ်ဆွေပါ"

ဟု အပြင်မှအော်၍ ပြောသောကြောင့် အလုပ်သမားလေးများကလည်း ဆိုင်ရှင်ကို သွား၍ခေါ်ပေးလေ၏။ ဆိုင်ရှင်လည်း တံခါးရွက်နှစ်ခု၏ကြားအနီးသို့ ကပ်ကာ -

"ဘယ်သူလဲ ဖွင့်လို့မရတော့ဘူး။ ဆိုင်ပိတ်ထားပြီ"

ဟု ပြောလိုက်လျှင် အပြင်မှ ခရီးသည်က လွယ်ထားသော ဓားကို ထုတ်၍ တံခါးကြားမှ ဆိုင်ရှင်၏ဗိုက်ကို လှမ်း၍ ထောက်ထားလိုက်လေ၏။ ထိုသို့ ထောက်ထားပြီးလျှင် -

"ဒီမှာ ဆိုင်ရှင်ကြီး၊ ခင်ဗျားက တံခါးမဖွင့်ရင် ကျုပ်က ခင်ဗျားဗိုက်ကို ဖွင့်ရလိမ့်မယ်"

ဟု ပြောလိုက်ရာ ဆိုင်ရှင်က သူ၏အလုပ်သမားများအား တံခါးတစ်ချပ် ဖွင့်ပေးရန် ခိုင်းလိုက်လေတော့၏။ ထိုအခါ ခရီးသည်လည်း အတွင်းသို့ ဝင်လာ၏။ အတွင်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက်တည်း ဆိုင်ရှင်၏လည်ပင်းအား လက်တစ်ဖက်ဖြင့် ဖမ်းကိုင်လိုက်ပြီးလျှင် -

"ထောပတ်ထမင်း မြေပန်းကန် မောက်မောက်မှာထည့်၊ ကြက်တစ်ကောင်လုံး ကြော်ထားတာ အဲဒီပန်းကန်ပေါ်မှာတင်လိုက်။ မရန်းသီးသနပ် နှစ်ပြားထည့်။ ဟင်းချိုမသောက်ဘူး။ လက်ဖက်ခြောက် ကောင်းကောင်း ရေနွေးတစ်ကရား အဲဒါလိုချင်တယ်။ အဲဒါမရရင် ဆိုင်ကို မီးနဲ့ရှို့ပြီး ထွက်သွားမယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဆိုင်အလုပ်သမားလေးက -

"ဟိုမှာ နှုတ်ခမ်းမွေးကားကားနဲ့ ကြွေပစ်နေတာ သူကြီးပဲ"

ဟု ဝင်၍ပြောလေ၏။ ထိုခရီးသည်သည် သူကြီးကို လှမ်း၍ကြည့်ပြီးလျှင် -

"အေး…ငါထမင်းစားပြီးမယ် ပြီးရင် သူကြီးရဲ့ကျောကုန်းကို လက်သီးနဲ့ သုံးချက်ထုချင်တယ်လို့ သွားပြောစမ်း"

ဟု ပြောလိုက်ပြီးနောက် ဆိုင်ရှင်ဘက်သို့လှည့်ကာ -

www.burmeseclassic.com

"အခု • • • ကျုပ်ပြောတဲ့ အစားအသောက်တွေ ကွမ်းတစ်ယာညက် အတွင်းမှာ မရရင် ခင်ဗျားတစ်ကိုယ်လုံးကို ဓားနဲ့ မွှမ်းမယ်"

ဟု ဆက်၍ ပြောလိုက်လေ၏။ ထိုအခါ ထမင်းဆိုင်ရှင်လည်း -

"ရပါစေ့မယ်၊ ရပါစေ့မယ်"

ဟု ထိတ်ထိတ်ပျာပျာဖြင့် ပြန်၍ ပြောလိုက်လျှင် ခရီးသည်လည်း စားပွဲဝိုင်းတစ်ခုအနားတွင် သွား၍ထိုင်လေတော့၏။ များမကြာမီ ထိုထမင်းစားပွဲပေါ်သို့ ထောပတ်ထမင်း၊ ကြက်ကောင်လုံးကြော်၊ မရန်းသီးသနပ်၊ ရေနွေးကြမ်းစသည်တို့ ရောက်လာလေတော့၏။ ဓာတ်ခိုးသည် ထမင်းစားရင်း ထမင်းဆိုင်မှ သူငယ်ကလေးအား -

"ဟေ့ကောင် • • • အဲဒီထမင်းစားပွဲမှာ တစ်ယောက်တည်း ထိုင်နေတဲ့လူကို [illegible]မည်သွားမေးစမ်း"

ဟု ပြောလိုက်ရာ ထမင်းဆိုင်မှ [illegible]ငယ်ကလေးက ထိုခရီးသည်အား -

"ခင်ဗျားနာမည် ဘယ်လိုခေါ်ပါ[illegible]လဲ"

ဟု သွား၍မေးလေ၏။ ထိုအခါ [illegible]ခရီးသည်က -

"မင်းက ဘာလုပ်မလို့လဲ ငါ့[illegible]မည် စေ"

ဟု ပြောလိုက်သည်နှင့် တစ်ပြိုင်[illegible] ဓာတ်ခိုးလည်း ထမင်းစားပွဲမှထ[illegible] နံရံတွင်ထောင်ထားသော ဝါးရင်း[illegible]ကို ယူ၍ ခရီးသည်၏ခေါင်းအား [illegible] နဲနေအောင် ရိုက်ချလိုက်လေ[illegible] [illegible]စလည်း ရှေ့သို့ ငိုက်ကျသွားပြီး [illegible]သွားလေတော့၏။ ထိုအခါ၌ [illegible]သည် စေအား လက်ပြန်ကြိုး

တုပ်လိုက်လေတော့၏။ ပြီးလျှင် စောင်ဖြင့် လုံအောင်ပတ်လိုက်၏။ သူကြီးလည်း ကြွေပစ်နေရာမှ ထလာပြီးလျှင်

"ဘယ်လိုဖြစ်ကြတာလဲ"

ဟု မေးလိုက်လေ၏။ ထိုအခါ ဓာတ်ခိုးက -

"ကျွန်တော့်ညီပါ။ အရက်မူးပြီး ဒီဆိုင်ကို မီးနဲ့ရှို့မယ်ပြောလို့ ရိုက်လိုက်ရတာပါ။ အိမ်ကျရင် အမေ့ကို ဆုံးမခိုင်းရဦးမယ်။ သူကြီးမင်း သွားခွင့်ပြုပါဦး"

ဟု ဆိုကာ စေအား ဆိုင်အပြင်သို့ ထုတ်သွားပြီးလျှင် မြင်းပေါ်သို့ ကန့်လန့်မြောက်လျက်တင်ကာ ထွက်သွားလေတော့သတည်း။

•••

## စေကို ရှာကြပြီ

စေခေါ် ဓာတ်ခိုးသည် စေအား မြင်းနှင့်တင်ကာ ပဲခူးတွင်နေထိုင်သော ကြောက်တတ်သော ညီအစ်ကိုငါးဦးထံသို့ ခေါ်လာလေတော့၏။ ထိုညီအစ်ကိုငါးဦး၏ ခြံတွင်းသို့ ဝင်လိုက်လျှင် ထိုညီအစ်ကိုငါးဦးသည် စေအား ပြေး၍ ကြိုလိုက်၏။

"ဒါက ဘယ်သူလဲ"

ဟု အစ်ကိုကြီးက မေးလျှင် စေက -

"မိနက်ကြောကို ခိုးပြေးတဲ့ စေဆိုတာလေ။ ဝါးရင်းတုတ်နဲ့ရိုက်ပြီး ဖမ်းလာတာ။ ခေါင်းမှာ ဒဏ်ရာနည်းနည်းရသွားတယ်။ ဆေးကုပေးလိုက်ဦး။ တစ်လမ်းလုံးလည်း ဘာမှ ကျွေးမလာဘူး။ ရေလေးဘာလေးတိုက်ပြီး ထမင်းလေးဘာလေး ကျွေးလိုက်ဦး"

ဟု ဆိုသဖြင့် ညီအစ်ကိုငါးဦးလည်း စေကိုပွေ့၍ ချကြလေ၏။ ထို့နောက် ပို၍ စိတ်ချစိမ့်သောငှာ အုန်းပင်နှင့် ကပ်၍ ချည်ထားလိုက်ပြန်၏။

စေ၏ခေါင်းမှ ဒဏ်ရာကို ဆေးထည့်ပေးကြလေ၏။ ပြီးလျှင် စေအား ရေတိုက်ကြရလေ၏။ ထမင်းခွံ့ကြရလေ၏။

ပြီးလျှင် အစ်ကိုကြီးက -

"မိနက်ကြော ဘယ်မလဲ"

ဟု မေး၏။

ထိုအခါ စေက -

"မိနက်ကြောကို ငါရောင်းစားလိုက်ပြီ။ ငါနဲ့ တစ်လပေါင်းတယ်။ ပြီးမှ ရောင်းစားလိုက်တာ"

ဟု ပြောလျှင် အစ်ကိုကြီးသည် လွန်စွာ စိတ်ဆိုးသွားပြီးလျှင် စေ၏ပါးကို "ဖြန်း"ခနဲ ရိုက်ချလိုက်လေတော့၏။ ထိုအခါ စေက -

"ဟဲ့ကောင် • • • မိန်းမလက်ကြီးနဲ့ ရိုက်ရသလား။ မင်းလက်က နုလှချည်လား။ ငါ့ပါးမှာ ခြင်နားနေလို့ ရိုက်ပေးသလောက်ပဲရှိတယ်။ ခွေးမျိုး"

ဟု ပြန်၍ ဆဲလိုက်ရာ အစ်ကိုကြီးလုပ်သူသည် လွန်စွာ စိတ်ဆိုးသွားပြီး ဒေါသလည်း ထွက်သွား၏။ ပြီးရင်ဘတ်ကို လက်သီးနှင့်ထိုးရာ အထိုးခံရသော စေက ရယ်လေ၏။

"မင်းလက်သီးကလည်း မိန်းမလက်သီးလိုပဲ။ ဘာမှလည်း မနာပါလား။ လက်သီးလည်းမထိုးတတ်ဘူး။ လက်သီးဆုပ်စမ်း။ ငါကြည့်မယ်"

ဟု စေက ပြောလိုက်ရာ အစ်ကိုကြီးလုပ်သူသည် ထပ်မံ၍ အရှက်ရပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ကျန်သော ညီအစ်ကို လေးယောက်က စေအား ဝိုင်းဝန်းထိုး ကြိတ်ကြလေ၏။ ထို့နောက် ၎င်းတို့ လေးဦးသည် မောဟိုက်နေကြ၏။

ထို့ကြောင့် စေက -

"လက်စသတ်တော့ မိန်းမလေး ယောက် ငါ့ကိုဝိုင်းပြီး ထိုးကြကြိတ်ကြ လုပ်နေကြတာကိုး"

ဟု ပြောလိုက်လျှင် စေသည် ထလာပြီးနောက် စေ၏ပါးချိန်ကို လက်သီးဖြင့် ခပ်ဆတ်ဆတ် ထိုးလိုက်လေ၏။ "ခွပ်"ခနဲမြည်သွားလေ၏။ စေ၏မျက်နှာသည် တစ်ဖက်သို့ လည်သွား၏။ ထို့ကြောင့် စေက -

"အေး . . . အဲဒါကတော့ ယောက်ျားအစစ် လက်သီးပဲကွ။ တော်တော်လေးနာတယ်။ အဲဒီတော့ လက်သီးနဲ့ထိုးတဲ့အကောင်ကို ငါပြောချင်တယ်။ အဲဒီကောင်တွေနဲ့ မပေါင်းနဲ့။ မိန်းမလျာဖြစ်သွားမယ်။ အခုတောင် မိန်းမလျာဖြစ်ချင်နေပြီ။ ကြိုးနဲ့တုပ်ထားတဲ့လူကို လက်သီးနဲ့ လာထိုးတာက မိန်းမလျာရဲ့ လုပ်ရပ်ကွ"

ဟု ပြောလိုက်ရာ စေသည် စေအား ချည်ထားသော ကြိုးများအား ဖြေပေးလိုက်လေ၏။ ထိုအခါ စေက -

"ကိုယ့်လူ ယောက်ျားပြန်ဖြစ်သွားပြီ။ မိန်းမလျာတွေနဲ့ သိပ်မတွဲနဲ့။ ယောက်ျားဘဝလေး ဆုံးရှုံးသွားလိမ့်မယ်"

ဟု ပြောပြီးလျှင် စေသည် လက်ပမ်းပေါက်ကို တဖြောင်းဖြောင်း ခတ်လေတော့၏။

ထိုသို့ လက်ပမ်းပေါက်ခတ်ခြင်းမှာ တစ်ယောက်နှင့် တစ်ယောက် ယောက်ျားပီပီသသ ထိုးသတ်မည်ဖြစ်ကြောင်း ကြေငြာလိုက်ခြင်းပင်ဖြစ်၏။ ထို့ကြောင့် စေသည် ပြန်၍ လက်ပမ်းပေါက်ခတ်ပြလိုက်လေ၏။ ထို့နောက် ၎င်းတို့နှစ်ဦးသည် အကြိတ်အနယ် ထိုးသတ်ကြလေတော့သည်။

စေက ဒူးပုံနှင့် တိုက်၏။ စေက တံတောင်ဖြင့်ပိတ်၏။

စေက ဖြောင့်လက်သီးထိုး၏။

စေက ခြေဖြင့်ခတ်ပစ်၏။

စေက စေ၏ လည်ကိုချုပ်၏။

စေက စေ၏အရိုက်ကို နှံ၏။

နှစ်ယောက်သား တစ်ဦးကိုတစ်ဦး ထောင်း၏။ ကန်၏။

နက်၏။

ရိုက်၏။

တိုက်၏။

နှစ်ယောက်စလုံး ချက်ကောင်းကို ပြိုင်တူထိမှန်ပြီးနောက် လဲကျမေ့မျောသွားကြလေတော့၏။

ထို့နောက် နှစ်ယောက်စလုံး သတိပြန်၍ရကြ၏။ စေသည် "ဖေါက်" ခနဲ ထ၍ထိုင်ပြီးနောက် လက်ပမ်းပေါက်ခတ်၏။ စေကလည်း လဲနေရာမှ ထိုင်ပြီးလျှင် လက်ပမ်းပေါက်ပြန်၍ ခတ်ပြလိုက်၏။ ပြီးလျှင် တစ်ဦးကို တစ်ဦး -

"ကျေနပ်ပြီလား"

ဟု မေးလိုက်၏။

နှစ်ဦးစလုံးက ကျေနပ်ပြီဖြစ်ကြောင်း အပြန်အလှန် အဖြေပေးလိုက်၍ ထလိုက်ကြလေ၏။

ကြောက်တတ်သော ညီအစ်ကို ငါးယောက်မှာ ထိုင်ခုံ တန်းတစ်ခုပေါ်တွင် စုဝေး၍ ကုပ်ကုပ်ကလေး ထိုင်နေကြလေ၏။

စေသည် ထိုညီအစ်ကိုငါးယောက်အား -

"ဟေ့ . . . ကြွက်ကလေး ငါးကောင်၊ မိနက်ကြောကို ငါနိုးသွားတာ မဟုတ်ဘူး။ မင်းတို့က ငါနိုးတယ်ထင်ပြီး ငါ့နောက်ကို လိုက်နေတာ ငါသိတယ်။ တကယ်ခိုးသွားတာ ဝေ . . . အဲဒီ ဝေဟာ အညာသားကွ။ ဒီကောင် လူခိုး။ သိပ်ပြီးဆိုးတဲ့ကောင်ဆိုတာ ငါကြားဖူးတယ်"

ဟု ပြောလိုက်လျှင် အစ်ကိုကြီး ဖြစ်သူက -

"စောစောက အဲဒီအကြောင်း ပြောရောပေါ့ ကိုရင် စေရယ်။ အခု ကား တစ်ယောက်နဲ့ တစ်ယောက် အထင်တွေ လွဲကုန်ကြပြီ။ ဒါပေမဲ့ ကျွန်တော်တို့ ညီအစ်ကိုငါးယောက်ဟာ ခင်ဗျားတို့ပြောသလို လူကြောက်တွေ ... ဝေနဲ့ မယှဉ်ဝံ့ပါဘူး။ အဲဒီတော့ ... ဖမ်းပြီး မိနက်ကြောကို ကြံဆောင်... ကြပါ။ ကျေးဇူးမမေ့ပါဘူး။ ပစ္စည်း... ကျေးဇူးဆပ်ဆိုလည်း ပစ္စည်းနဲ့ ဆပ်... မယ်"

ဟု ပြောရာ စေက -

"အဲဒါတွေ နောက်မှပြော... အခုတော့ ငါတို့နှစ်ယောက် ထမင်း... ထမင်းလေးဘာလေး ပြင်ကြဦး"

ဟု ပြောရာ အစ်ကိုကြီးဖြစ်သူ...

"ရပါတယ်၊ ရပါတယ်"

ဟု ပြောကာ စေနဲ့ ... ထမင်းပွဲပြင်ဆင်ကာ ကျွေးကြ...

၎င်းတို့နှစ်ဦးသည် ထမင်း... ရက်စွာစား၍ ကွမ်းသီးဖတ်ဖြင့် ... ထားသော ဆေးလိပ်များ ကိုယ်စီ...



www.burmeseclassic.com

www.burmeseclassic.com

လျှင် တစ်ရေးတစ်မော အိပ်စက်ကြလေ၏။

အိပ်ရာမှ နိုးလာလျှင် စနှင့် ငစသည် မြင်းကိုယ်စီ စီးလျက် ထွက်ခွာသွားကြလေတော့သတည်း။

•••

## ဘဲသားဟင်း

စနှင့် ငစတို့သည် မြင်းကိုယ်စီနှင့် ထွက်ခဲ့ကြရာ မော်ဘီဆိုသော အရပ်သို့ ရောက်လေ၏။ ၎င်းတို့နှစ်ဦးသည် ဘဲမွေးသော လူတစ်ယောက်၏ တဲတွင် အဖိုးအခပေး၍ တည်းခိုကြလေ၏။ ဘဲများကိုလည်း တစ်နေ့တစ်ကောင် ချက်၍စားကြကုန်၏။ ဘဲမွေးသူသည် စနှင့် ငစအား -

"ရောင်းရင်းတို့ နှစ်ယောက်ကို အဖိုးစားနားနဲ့ လက်ခံတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ရောင်းရင်းတို့ချက်စားတဲ့ ဘဲဖိုးက ရောင်းရင်းတို့ပေးတဲ့ ငွေထက်များတယ်။ ရောင်းရင်းတို့နှစ်ယောက်ကို ကြာကြာထားရင် ကျုပ်ဘဲတွေ ကုန်တော့မယ်"

ဟု ပြောလေ၏။

ထိုဘဲတဲပိုင်ရှင်၏ အမည်မှာ "ဒေါက်တို"ဟူ၍ ဖြစ်၏။

စသည် ဘွဲမွေးနှုတ်ရင်း -

"ကိုရင်ဒေါက်တိုကို ပြောရဦးမယ်။ လောကကြီးမှာ အဆွေခင်ပွန်းကောင်းရှိခြင်းဟာ ကောင်းမြတ်တယ်။ ဒီ အခုလို အဆွေခင်ပွန်းကောင်း နှစ်ယောက် ရှိခြင်းမှာ ဘဲတွေကို မနမြောပါနဲ့။ ကိုရင်ဒေါက်တိုရဲ့ ဘဲမတွေဟာ ဥတွေဥပေးနေတာပဲ။ ဘဲတွေ တိုးလာမယ်။ ကျုပ်တို့နှစ်ယောက် ဘယ်မှ မသွားဘဲ တစ်နှစ်လုံးစားမှ ဘဲအကောင်သုံးရာခြောက်ဆယ့်ငါးကောင်ပဲ ကုန်မှာပါ။ ဘဲသုံးရာကျော်နဲ့ မိတ်ဆွေကောင်းနှစ်ယောက်ကို လဲတော့မလို့လား"

ဟု ပြောလိုက်ရာ ဒေါက်တိုက

"ကျုပ်က မိတ်ဆွေမလိုချင်ဘူး။ ဘဲပဲလိုချင်တာ။ မိတ်ဆွေ သုံးရာခြောက်ဆယ့်ငါးယောက်နဲ့ ဘဲနှစ်ကောင် ဘယ်ဟာယူမလဲဆိုရင် ဘဲနှစ်ကောင်ပဲယူမှာ။ ဘဲသားက သိပ်ပြီးချိုတယ်။ မိတ်ဆွေတွေက မချိုဘူး။ ဘဲသားက ဗိုက်ဝတယ်။ မိတ်ဆွေရှိလို့ ဗိုက်မဝဘူး။ အဲဒီတော့ ကိုရင်တို့နှစ်ယောက် ဒီတစ်ခါ ဘဲသားချက်စားပြီးရင် သွားကြပေတော့။ ကိုယ့်ဘဲတွေကိုယ်မွေး စိတ်အေးချမ်းသာ နေတော့မယ်"

ဟု ပြောလိုက်ရာ စက ငစ၏ မျက်နှာကို လှမ်း၍ ကြည့်ပြီးလျှင် -

"တကယ်လို့ ငါတို့ မသွားဘူးဆိုရင် မင်း ဘယ်လိုလုပ်မလဲ"

ဟု စက မေးလိုက်လေ၏။

ထိုအခါ ဒေါက်တိုက -

"အိမ်ရှင်နဲ့ ဧည့်သည်ပဲဗျာ။ အိမ်ရှင်က ဧည့်သည် အလိုလိုက်ရမှာပေါ့။ ဘယ်လို အလိုလိုက်မလဲဆိုတာတော့ ဒီမှာကြည့်..."

ဟု ဆိုကာ ဒေါက်တိုသည် အနီးရှိ ကိုင်းခုတ်ဓားကို ဆွဲ၍ စ၏ဇက်ကို ပိုင်းချလိုက်လေ၏။ စသည် မြေတွင် လိမ့်၍ ရှောင်လိုက်လေ၏။ ဒေါက်တိုသည် အတင်းလိုက်၍ ခုတ်၏။ စသည် မြေပေါ်၌ လိမ့်၍လိမ့်၍ ရှောင်နေ၏။ ထို့နောက် ဒေါက်တိုခုတ်ချလိုက်သော ဓားချက်ကို ရှောင်တိမ်းခြင်းမပြုတော့ဘဲ ခြေဖြင့် လှမ်း၍ ထောက်လိုက်၏။ ထိုသို့ ထောက်လိုက်သောကြောင့် ဒေါက်တိုသည် အရှိန်လွန်သွားပြီးလျှင် ဓားလွတ်သွား၏။ ထိုအခါ၌ စသည် "ဆတ်"ခနဲ ခါးကော့ထားလိုက်ပြီးလျှင် ဒေါက်တို၏မျက်နှာကို ခြေဖြင့်ကန်လိုက်ပြီးလျှင် ဒေါက်တိုလွတ်ကျသွားသော ဓားကို ကောက်ယူပြီးလျှင် အဝေးသို့ လွှင့်ပစ်လိုက်လေ၏။

ဒေါက်တိုသည် စအား အတင်းဝင်၍ လက်သီး၊ ဦးခေါင်း၊ ခြေထောက်၊ ဒူးတို့ဖြင့် တိုက်ခိုက်လေ၏။ စသည် ရှောင်ရုံမျှ ရှောင်ပြီးနောက် ဒေါက်တိုအား ပြန်လည်၍ တိုက်ခိုက်ခြင်းမပြုဘဲ အမွေးနှုတ်လက်စဘဲကို ကောက်၍ကိုင်ကာ ဒေါက်တိုတိုက်ခိုက်သမျှကို ဘဲမွေးနှုတ်ရင်း ရှောင်လေ၏။ ဒေါက်တိုသည် လွန်စွာ ဒေါသထွက်လာပြီး တရမ်းကြမ်း တိုက်ခိုက်လေသည်။ ငစသည် ထိုအခါ မီးမွှေးလေတော့၏။ စမှာလည်း ဘဲမွေးနှုတ်ပြီးပြီဖြစ်သောကြောင့် ငစအား ဘဲကို ပစ်၍ပေးလိုက်၏။ ငစလည်း စဉ်းတီတုံးပေါ်တွင် ဘဲကိုခုတ်လေ၏။ စသည် ပြေးရင်းလွှားရင်း ငရုတ်ဆုံနှင့် ငရုတ်ကျည်ပွေ့ကို ပြေး၍ ကောက်ကိုင်လိုက်၏။ ထို့နောက် စသည် ရေတွင်စိမ်ထားသော ငရုတ်သီးအချို့ကို ငရုတ်ဆုံတွင်ထည့်ကာ ပြေးရင်းလွှားရင်း ရင်ဝယ်ပိုက်၍ထောင်း၏။ ဒေါက်တိုသည် ဝါးရင်းတုတ်ကိုဆွဲ၍ စအား လိုက်၍ရိုက်၏။ စသည် ပြေးရင်းလွှားရင်း ရှောင်ရင်းတိမ်းရင်း ငရုတ်သီးကို ဆက်၍ ထောင်း၏။ ငရုတ်သီး ညက်သလောက်ရှိလျှင် ငစသည် ကြက်သွန်ဥများကို စအား ပစ်၍ပစ်၍

www.burmeseclassic.com

ပေး၏။ စေလည်း ကြက်သွန်နီများကို ဖမ်း၍ ရေတ်ဆုံတွင် ထည့်ကာထောင်း၏။ ညက်လျှင် စေသည် မေအား ရေတ်ဆုံ လာ၍ပေး၏။ မေသည် ဘဲသားများနှင့် ရေတ်သီးများကိုနယ်ကာ ဟင်းအိုးစ၍တည် လေတော့၏။ ဒေါက်တိုသည် စေကို ရိုက်၍မထိလျှင် ဟင်းအိုးကို ရိုက်မည်ဟု ပြေးလာ၏။

ထို့ကြောင့် စေသည် ဟင်းအိုးကို မထိရန် ကာကွယ်ရပြန်လေ၏။ ဒေါက်တိုသည် မေကိုလည်းကောင်း၊ စေကိုလည်းကောင်း ကြံ့ရာလူကို ဝါးရင်းတုတ်ဖြင့် နက်လေ၏။ စေနှင့် မေသည် ရှောင်ရင်းတိမ်းရင်း ဟင်းအိုးကို ကျက်အောင် ချက်လေ၏။ ဒေါက်တိုသည် မနိုင်သည့်အဆုံး၌ သဲများကို ဆုပ်ကောက်၍ ဟင်းအိုးအတွင်းသို့ ပစ်ခည်လုပ်ပြန်၏။ ထို့ကြောင့် စေသည် ဟင်းအိုးကို ပြေး၍ဖုံးလိုက်ပြန်လေ၏။

ဤသို့ဖြင့် သုံးယောက်သား တွေးလုံးသတ်ပုတ်၍ ဘဲသားဟင်းချက်နေကြစဉ်၌ တစ်စုံတစ်ယောက်သည် ရောက်ရှိလာလေတော့၏။ ဒေါက်တိုသည် ထိုတစ်စုံတစ်ယောက်ကို မြင်လျှင် လွန်စွာအားတက်၍ သွားလေ၏။ ထိုတစ်စုံတစ်ယောက်က -

"ဘယ်လိုဖြစ်ကြတာတုံး"

ဟု မေးလိုက်ရာ စေက -

"ဒီလို ဖြစ်နေကြတာပဲ"

ဟု ပြန်၍ပြောလျှင် ထိုသူက -

"တစ်ဦးကိုတစ်ဦး လေးလေးစားစား ဆက်ဆံကြပါ ရောင်းရင်းတို့ရယ်"

ဟု သတိပေးလိုက်လေ၏။ ထိုအခါ စေက -

"ဒီအချိန်မှာ ဘဲသားဟင်းအိုးလောက် ဘယ်သူ့ကိုမှ မလေးစားနိုင်ဘူး ရောင်းရင်းရေ"

ဟု ပြန်၍ပြောလိုက်လျှင် ထိုသူက မျက်နှာပျက်သွားလေ၏။ ထိုအခါ ဒေါက်တိုက -

"ဒီမှာကိုရင် ဝေ၊ ဒီနှစ်ကောင်ကတော့ ကျုပ်ကို ကောင်းကောင်း ဒုက္ခပေးနေပြီ။ ကိုရင်ဝေရဲ့ လက်စွမ်းလေးဘာလေး ပြလိုက်စမ်းပါ"

ဟု ပြောလျှင် စေနှင့် မေတို့သည် တစ်ဦးမျက်နှာတစ်ဦး လှမ်း၍ကြည့်လိုက်ကြ၏။ ထို့နောက် မေက ထိုကိုရင်ဝေဆိုသူအား -

"ဒီမှာ ဝေရဲ့ မိနက်ကြောဟာ ကိုရင့်ဆီမှာပဲလား"

ဟု မေးလိုက်ရာ ဝေက -

"ဟုတ်တယ်၊ ပဲခူးက ကောင်မလေးပဲ။ သူ့ရဲဘောနည်းတဲ့ ညီအစ်ကိုငါးယောက်ထဲက အစ်ကိုကြီးဖြစ်သူနဲ့ စေ့စပ်ထားတဲ့ ကောင်မလေးပါ။ အဲဒီကောင်မလေးက သူနဲ့စေ့စပ်ထားတဲ့လူကို မလိုချင်ဘူး။ ကယ်ပါဆိုလို့ ကျုပ်က သွားပြီး ခိုးခဲ့ရတာ။ ကိုရင်တို့နဲ့ ဘယ်လိုပတ်သက်လို့တုံး"

ဟု ဝေက မေးလေ၏။ ထိုအခါ မေက -

"ဒီလိုဆိုရင်တော့ ကိုရင်ဝေကို ကျုပ်တို့ ဖမ်းသွားရလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့နှစ်ယောက်ဟာ အဲဒီကောင်မလေး ပြန်ရဖို့ ဒီကောင်မလေးကို ဖမ်းယူသွားတဲ့လူကို ဖမ်းဆီးဖို့ အဲဒီကောင်မလေးနဲ့ စေ့စပ်ထားတဲ့လူက ငွေပေးပြီး ကျုပ်တို့ကို ခိုင်းလိုက်လို့ပဲ"

ဟု ပြောလိုက်ရာ ဝေက ရယ်လေ၏။ ရယ်ပြီးနောက် -

"ဩော် . . . လက်စသတ်တော့ ခင်ဗျားတို့နှစ်ယောက်က လူမိုက်ကြေးစားတွေပဲ"

ဟု ပြန်၍ပြောလိုက်လေ၏။ ငး သည် ဘဲသားဟင်းအိုးအား ယောက်မ ဖြင့်မွှေရင်း -

"ဟုတ်တယ် ငါတို့နှစ်ယောက် ဟာ ကြေးစားပဲ။ ကြေးတင်မဟုတ်ဘူး သံတွေလည်း စားမှာပဲ။ သွပ်တွေလည်း စားမှာပဲ။ အကုန်စားမယ်ကွာ"

ဟု ပြန်၍ပြောလိုက်လျှင် ငး သည် မေအား တိုက်ခိုက်ရန် ရှေ့ တိုးလာ၏။ စေလည်း ယောက်မအား ဟင်းအိုးမှ နုတ်ပြီးလျှင် အနီးရှိ အင်း အတွင်း ထည့်လိုက်၏။ ထို့နောက် -

"ဩော် . . . မင်းက ငါ့ကို တစ် တစ်လမ်း အကဲစမ်းချင်တာကိုး"

ဟု ဆိုကာ လက်ပမ်းပေါက် တဖြောင်းဖြောင်းခတ်လိုက်လေတော့၏။ ထိုအခါ ဝေသည် စေ၏မျက်နှ အား ခြေဖြင့်လှမ်း၍ ခတ်လိုက်၏။ စေက ခြေကိုဖမ်း၍ လိမ်လိုက်၏။ ငး သည် ကျွမ်းပစ်၍ ထွက်သွား၏။ ... ရာတွင် မေအနီး သို့သွား၍ ကျ ကြောင့် မေက ခြေဖြင့် မျက်နှာ ဖြောင်းခနဲ ခတ်လိုက်သဖြင့် ဝေလည်း ပက်လက်လန်လဲကျ၍ မေ့မြောသွား လေတော့၏။ ထို့နောက်တွင်ကာ ငး နှင့် စေတို့သည် ဝေအား ကြိုး အထပ်ထပ်တုပ်၍ လှည်းပေါ်သို့ တင် လိုက်သည်။ ထို့နောက် ၎င်းတို့သည် ဘဲသားအိုး နူးသည်အထိ စောင့်ပြီး နောက် ဘဲသားဟင်းဖြင့် ထမင်းစား ၏။ ထို့နောက် ဒေါက်တိုအား -

"ကိုရင်ဒေါက်တို ကျုပ်တို့ကို



www.burmeseclassic.com

မမှုပါနဲ့ဗျာ။ ကျုပ်တို့နဲ့အတူ ထမင်းလာပြီးစားပါ။ ဘဲကလည်း ဆုလိုက်တာ မပြော ပါနဲ့တော့။ ကျုပ်တို့ ခုပဲသွားမှာပါ ခင်ဗျားဆီမှာ မတည်းတော့ပါဘူး လာပါဗျာ"

ဟု ခေါ်လေ၏။ သို့ရာတွင် ဒေါက်တိုမှာ မစားဝံ့ဘဲရှိ၏။ သို့သော် စေနှင့် ဝေသည် ဒေါက်တို၏လက်ကို အတင်းဆွဲ၍ ထမင်းဝိုင်းသို့ တွန်းခေါ်လေ၏။ ထို့ကြောင့် ဒေါက်တိုလည်း ဝင်ရောက်စားသောက်ရလေ၏။ ထမင်းစားပြီးသောအခါ၌ စေနှင့် ဝေသည် လှည်းဖိုးနှင့် နွားဖိုးငွေကို အပြီးချေကာ ဝေအား သယ်ဆောင်သွားကြလေတော့သတည်း။

•••

**သုံးယောက်ပေါင်းလောင်းကျော်**

ဤသို့နှင့် ၎င်းတို့ တရွေ့ရွေ့လာခဲ့ကြရာ ကြောက်တတ်သော ညီအစ်ကိုငါးဦး၏အိမ်သို့ တစ်ဖန်ရောက်ရှိခဲ့ကြပြန်လေ၏။

ညီအစ်ကိုငါးဦးအနက် အစ်ကိုကြီး ဖြစ်သူသည် စေနှင့် စေတို့အား မြင်ကြ၍ လှည်းပေါ်တွင် ကြိုးတုပ်ချက်သား ပါလာသောသူကို ကြည့်ပြီးလျှင် -

"ဒါ ဝေလား"

ဟု မေးလေ၏။ ထိုအခါ စေက

"ဟုတ်တယ်၊ ဟုတ်တယ်။ မိနက်ကြောကို ခိုးသွားတဲ့ ဝေဆိုတာပဲ။ နည်းနည်းပါးပါး ရိုက်လိုက်ဦး။ ပြီးရင် ရေ...ဘာလေး တိုက်လိုက်။ ထမင်းလည်း ကျွေးလိုက်"

ဟု ပြောလျှင် ညီအစ်ကိုငါးယောက်သည် ဝေကို ပွေ့၍ ချကြလေ၏။ ထို့နောက် အုန်းပင်၌ကပ်၍ ချည်ထားလိုက်လေ၏။ ထို့နောက် အစ်ကိုကြီးဖြစ်သူသည် ဝေ၏ပါးကို "ဖြန်း"ခနဲ ရိုက်လိုက်လေ၏။ ဝေသည် ၎င်းအား လှမ်း၍ကြည့်ပြီးလျှင် -

"မိန်းမလက်ကြီးနဲ့ ရိုက်တာကိုး"

ဟု ပြောလေ၏။ ထို့ကြောင့် အစ်ကိုကြီးဖြစ်သူသည် ဝေအား ထိုးကြိတ်ကန်ကြောက်ကြလေ၏။ ထို့နောက် ၎င်းတို့သည် မော၍နေလေတော့၏။ ၎င်း၏ညီများကလည်း ဝိုင်းဝန်း ထိုးကြိတ်ကန်ကြောက်ကာ နားနေကြလေ၏။ ထိုအခါ ဝေက -

"မင်းတို့ ငါးယောက်စလုံးဟာ ယောကျ်ားနဲ့မတူဘူး။ မိန်းမတွေလိုပဲ။ မင်းတို့ ငါ့ကိုဝိုင်းပြီး ထိုးကြိတ်ကြတာ အညောင်းပြေသလောက်ပဲ ရှိတယ်"

ဟု ပြောလိုက်လေ၏။

ထိုအခါ စေက -

"ကဲ . . . ညီအစ်ကို ငါးယောက်၊ ဝေကို ရေတိုက်ပါ။ ထမင်းတွေဘာတွေ ကျွေးပါ။ ကြိုးမဖြုတ်ချင်ရင် ခွံ့ပြီး ကျွေးပါ။ ကောင်းကောင်းမွန်မွန် ကျွေးပေတော့"

ဟု ပြောလိုက်လျှင် ကြောက်တတ်သော ညီအစ်ကို ငါးဦးသည် ဝေအား ရေတိုက်သူတိုက်၊ ထမင်းကျွေးသူကျွေး ပြုလုပ်ကြလေ၏။ ထို့နောက် စေနှင့် ဝေကိုလည်း ထမင်းပြင်၍ ကျွေးကြရကုန်၏။ ထမင်းစားပြီးသောအခါ၌ စေနှင့် ဝေသည် တစ်ရေးတစ်မော အိပ်ကြလေ၏။ ကြောက်တတ်သော ညီအစ်ကိုငါးဦးနှင့် ဝေလည်း တစ်ရေးတစ်မော အိပ်ကြ၏။

အိပ်ရာမှနိုးလျှင် ဝေက -

"မိနက်ကြောနဲ့ ကျုပ်နဲ့ ဘာမှ မပတ်သက်ဘူး။ တကယ်ခိုးတာက ဗေဆိုတဲ့ကောင်။ ဗေဟာ အခုဆိုရင် သန်လျင်ဘက်ကို ရောက်နေပြီ။ တကယ်လို့ ကျုပ်ကို ငွေအလုံအလောက်ပေးမယ်ဆိုရင်တော့ ကျုပ်ရှာပေးနိုင်တယ်။ ဒီဗေဟာ နောက်လိုက်နောက်ပါနဲ့ နေတာဆိုတော့ ကျုပ်အတွက် အဖော်လိုတယ်။ အဖော်ကတော့ အခြားမခေါ်ဘူး။ ကိုရင်စေနဲ့ ကိုရင်ဖေကိုပဲ အဖော်အဖြစ် ခေါ်သွားမယ်"

ဟု ပြောလိုက်လျှင် အစ်ကိုကြီး ဖြစ်သူက -

"ကောင်းပါတယ်၊ ကောင်းပါတယ်။ ကိုရင်တို့သုံးယောက် ရှာပေးကြပါ။ ကျုပ်ကလည်း ကိုရင်တို့သုံးယောက်ကို ထိုက်ထိုက်တန်တန် ပေးပါ့မယ်"

ဟု ပြောပြီးလျှင် ရွှေငွေစသည်များ ပေးလေ၏။

၎င်းတို့သုံးဦးသည် နားနားနေနေ နေကြပြီးနောက် ညနေစာစားကြလေ၏။ ညဉ့်နက်၍ လထွက်လာသောအခါ၌ စေ၊ ဖေ၊ ဝေ စသော လူဆိုးကြီးသုံးဦးတို့သည် ဒေါက်အလျားကောင်းသော မြင်းကြီးသုံးကောင်ကို စီးနင်း၍ ဆိုးသွမ်းလှသော ဗေဆိုသူအား ဖမ်းဆီးရန်အတွက် ထွက်သွားကြလေ၏။ ထိုသို့ ထွက်သွားရာတွင် ဝေသည် "ရွှေလမှာ ယုန်ဝပ်လို့"ဟူသော သီချင်းကို အသံပြကြီးဖြင့် သီဆိုသွားလေတော့သတည်း။

*(ဆက်လက်ဖတ်ပါ)*

သမ္ဗုဒ္ဓသတ္တာ ကမ္ဘာ့သကာ

**မင်းသိန်း**

www.burmeseclassic.com



www.burmeseclassic.com

# စီရင်ချက်

ကျော်မြသန်း

*(ယခင်လမှ အဆက်)*

(၃)

လူသည် လောဘသား။

လောဘသည် မကောင်း။

သို့သော် သမ္မာအာဇီဝလောဘသည်မူ ရှိကောင်း၏။

ရှိကောင်းသလို လူအများစုမှာလည်း ရှိကြသည်သာ။

စီးပွားရေးလုပ်ငန်းသမားတို့၏ ခေါင်းထဲတွင် လုပ်ငန်း ဘယ်လိုတိုးချဲ့ရမည်၊ ဘယ်လိုလုပ်ငန်းတစ်မျိုး ထပ်လုပ်ရမည်ကို အမြဲတစေ တွေးတောနေစမြဲရှိကြသည်။

အရေးပါသော ပုဂ္ဂိုလ်များနှင့် ရင်းနှီးသည့်အလျောက် အခွင့်အရေးနှင့် ပတ်သက်သည့် လမ်းကြောပေါ် ဘယ်လိုလျှောက်ရမည်ကိုလည်း သိနေသည်။

တစ်နေ့ ထမင်းစားသောက်ပြီး ဧည့်ခန်းတွင် ထိုင်နေကြရင်း စက်နှင့်တိုက်ကို အပေါင်ထား၍ ဘဏ်မှငွေချေးပြီး လုပ်ငန်းသစ်တိုးချဲ့ရန် ဇနီးဖြစ်သူနှင့် တိုင်ပင်သည်။

စက်နှင့်တိုက်၏ တန်ဖိုးထက် ပိုမိုသောချေးငွေ ရရှိရေးအတွက် အကူအညီပေးမည့် ပုဂ္ဂိုလ်များလည်း ရှိနေသည်။

ဒေါ်မြညွန့်က လုပ်ငန်းတိုးချဲ့မည်ကို သိပ်သဘောမတူချင်သည့် ဆန္ဒစကား ပြောသည်။

အကြောင်းက လက်ရှိလုပ်ငန်းဝင်ငွေမှာ သူတို့မိသားစုအတွက် လုံလောက်ရုံမက ပိုလျှံသည့် အခြေအနေတွင် ရှိသည်။

လုပ်ငန်းတိုးချဲ့လျှင် ခင်ပွန်းသည် ပို၍ပင်ပန်းမည်ကို စိုးရိမ်သည်။ သားကြီးကျောင်းပြီးလို့ လက်တွဲလို့ရသည့် အချိန်ကျမှ လုပ်ငန်းတိုးချဲ့စေချင်သည်။

ဘဏ်ချေးငွေမယူဘဲ တိုးချဲ့မည့် လုပ်ငန်းတွင် အသုံးပြုရန် ဒေါ်မြညွန့် ရထားသည့် အမွေရတနာပစ္စည်းများ ရှိသည်။

ရှေးဟောင်း ထိပ်တန်းစာရင်းဝင် စိန်ထည်များကို ထုခွဲပြီး လုပ်လို့ရမည်မို့ လက်ရှိလုပ်ငန်းနှင့်ပင် မေးလုပ်နေဖို့ ပြောသည်။

"မဟုတ်ဘူးလေ။ အခွင့်အရေးဆိုတာ ပေါ်တုန်းပေါ်ခိုက် ရတုန်းရခိုက် ဖမ်းဆုပ်ထားရမယ်။ ဒီအခွင့်အရေးမျိုးဆိုတာ နောက်တစ်ခါ ပေါ်ချင်မှ ပေါ်မှာ။ ဘဏ်တိုးက နည်းတယ်။ လုပ်ငန်းတိုးချဲ့လို့ရမယ့် ဝင်ငွေနဲ့တွက်ကြည့်ရင် အကျိုးအမြတ်က ကိုယ့်ဘက်မှာ အသာစီးရှိနေတယ်"

"ကျွန်မက သားကြီးရဲ့ ပညာရေးကို ဖိဖိစီးစီး လုပ်ရမှာမို့ အစ်ကိုကြီးကို အကူအညီပေးနိုင်မယ်မထင်လို့ ပြောတာပါ။ ဆန္ဒသိပ်ရှိနေရင်လည်း အစ်ကိုကြီး သဘောပေါ့"

သူတို့ဇနီးမောင်နှံမှာ တိုင်တိုင်ပင်ပင် ပြောဆို လုပ်ကိုင်တတ်သည့် အလေ့အထရှိသည့်အတိုင်း ဦးတင်ထွန်းက ဇနီးဖြစ်သူနှင့် တိုင်ပင်ခြင်းဖြစ်၏။

ဦးတင်ထွန်းက ရှေ့အပတ်ထဲတွင် ရန်ကုန်သို့ သွားမည်။ သားကြီးကိုပါ ခေါ်သွားမည်ဟု ပြောသည်။

"သားကြီးကဘာလုပ်ဖို့လဲ အစ်ကိုကြီး"

"သားကြီးကို ဗဟုသုတအဖြစ် ရောက်သင့်ရောက်အပ်တဲ့ နေရာတွေလည်း ပို့ရင်း သိသင့်သိအပ်တာတွေလည်း ကိုယ်တွေ့မျက်မြင်သိအောင် ခေါ်သွားမှာ။ သူလည်း ရန်ကုန်မရောက်တာ ကြာပြီလေ"

သူတို့ ရန်ကုန်သွားဖို့ သုံးရက်အလို။

ညီဖြစ်သူ ကိုလှထူးက အိမ်ကို ရောက်လာပြီး မမျှော်လင့်သော ဖောက်ချီစကား ပြောလာသည်။

သူလုပ်ငန်းလုပ်ဖို့အတွက် ငွေသုံးသောင်းထုတ်ပေးဖို့...။

"ဘာကွ...လုပ်ငန်းလုပ်ဖို့ ငွေသုံးသောင်း ဟုတ်လား"

"ဟုတ်ပါတယ်"

"နို့...နေပါဦး။ မင်းလုပ်ငန်းက ဘာလုပ်မှာမို့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် ကျောက်သွားတူး မလို့"

"ဘာကွ…ဘယ်လိုပြောလိုက်တယ်၊ ပြန်ပြောစမ်းပါဦး"

"ကျွန်တော်…ဖိုးထောင်တို့နဲ့ ကျောက်တူးလိုက်သွားမလို့"

"ဘယ်ကိုသွားမှာလဲ ဆိုစမ်းပါဦး"

"မိုးကုတ်ဘက်ကိုပါ"

"ဩော်…ဩော်…ဟုတ်ပါ့ကွာ။ မင်းက ဒီလုပ်ငန်းအကြောင်း ဘာများ နားလည်လို့လဲ။ ဘယ်လောက်ထိကော လေ့လာပြီးပလဲ"

"ကျွန်တော် နားမလည်ပေမယ့် ကိုဖိုးထောင်က နားလည်တယ်။ သူ့ အစ်ကိုဝမ်းကွဲက ကျပ်ပြင်မှာရှိတယ်။ သူသွားတာ နှစ်ခေါက်တောင် ရှိပြီ"

"မင်းက အဲဒီလုပ်ငန်းကို ဘယ်လောက်အထိ လေ့လာပြီးပလဲ၊ နားလည်ပြီးပလဲ၊ ကဲ…ဆိုစမ်းပါဦး"

"ကျွန်တော်တို့သုံးယောက် ငွေရင်းအညီအမျှထည့်ပြီး လုပ်မယ်။ ရတဲ့ အကျိုးအမြတ်ပေါ်မှာ ကိုဖိုးထောင် လေးဆယ်ရာခိုင်နှုန်း ယူမယ်။ ကျွန်တော်တို့နှစ်ယောက်က သုံးဆယ်ရာခိုင်နှုန်းရမယ်"

"ငါမေးတာက လုပ်ငန်းသဘောကို ဘယ်လောက်လေ့လာပြီးပလဲ မေးတာပါ"

"ဒါတော့ ဟိုရောက်မှ လေ့လာရမှာပဲ"

"မင်းဟာက စကတည်းက ယဉ်သကို ဖြစ်နေပါရောလား။ လုပ်ငန်းတစ်ခုလုပ်မယ်ဆိုရင် အဲဒီလုပ်ငန်းနဲ့ ပတ်သက်တာကို အကြမ်းဖျင်း မဟုတ်ဘူးနော်၊ အတော်အသင့်လေ့လာပြီး ဖြစ်ရမယ်။ ဆိုပါတော့ကွာ၊ ကျောက်ကို ဘယ်လိုတူးမလဲ၊ ကိုယ်တိုင်လား၊ လူငှားနဲ့လား၊ တရားဝင်တူးမှာလား၊ တရားမဝင် တူးမှာလား၊ တရားမဝင်ဘူးဆိုရင် ဘယ်ပုံဘယ်နည်း တူးမလဲ။ ဘယ်လောက်အထိ တောနက်ထဲကို သွားရမလဲ၊ အဲဒီနေရာမှာ ဘယ်လိုနေကြထိုင်ကြမလဲ၊ ပြဿနာပေါ်လာခဲ့ရင် ဘယ်လိုဖြေရှင်းမလဲ။ ကဲ…ဒါတွေ မင်းဘယ်အတိုင်းအတာထိ လေ့လာပြီး ပလဲ"

"ဟုတ်ကဲ့၊ ကျွန်တော် ဖိုးထောင်ကို မေးစမ်းကြည့်ပြီးပါပြီ။ သူပြောသလောက်ကတော့ သိပ်အခက်အခဲ မရှိပါဘူး။ အောင်မြင်တယ်၊ မအောင်ဘူးဆိုတာတော့ ကံတရားပေါ်မှာ တည်ပါတယ်။ ကျွန်တော်တို့ကို လှည့်လို့မရပါဘူး။ ဖိုးထောင်က ကျွန်တော်တို့အပေါ် ဒီလိုလုပ်မယ့် အပေါင်းအသင်းလည်း မဟုတ်ပါဘူး။ ပြီးတော့ ကျွန်တော်တို့က နှစ်ယောက်ပါ"

"ကဲ…ထားပါတော့လေ။ မင်းပြောတဲ့ဖိုးထောင်က ဘယ်ဖိုးထောင်လဲ၊ နောက်တစ်ယောက်က ဘယ်သူလဲ"

"ဖိုးထောင်ကို အစ်ကိုကြီးသိမှာ မဟုတ်ပါဘူး။ နောက်တစ်ယောက် ထွန်းအေးကိုတော့ အစ်ကိုကြီးသိပါတယ်။ ပန်းထိမ်ဦးဘငွေရဲ့ သားပါ။ ကျွန်တော်နဲ့ ကျောင်းနေဘက်ပဲ"

"ကဲ…ဒီလိုလုပ်၊ ထွန်းအေးကိုတော့ထား၊ ဖိုးထောင်ကို ငါ့ဆီခေါ်ခဲ့၊ ငါမေးစရာရှိတာ မေးချင်တယ်"

လုထွန်း၏မျက်နှာရိပ်မှာ ကျေနပ်ပုံမပေါ်သည့် မျက်နှာရိပ် ဖြစ်သွားသည်ကိုတော့ ဦးတင်ထွန်းကလည်း အမှတ်ပြုလိုက်မိသည်။

လုထွန်းက ဘာမှဆက်မပြောဘဲ မကျေနပ်သည့် အမူအရာဖြင့် ထထွက်သွားသည်။

"ကျွန်တော်ပြန်မယ်"ဟု ပြောသွားသည့်လေသံက ခါတိုင်းပြောနေကျ လေသံမဟုတ်။ တိုသည်၊ ပြတ်သည်။

ညီဖြစ်သူ၏ အပြုအမူကြောင့် ဦးတင်ထွန်းမှာ ထောင်းခနဲ ဖြစ်သွားသော်လည်း ရင်ထဲမှာ ဖြစ်လာသည့် အမျက်ကို အန်ထွက်မသွားအောင် ထိန်းထားလိုက်ရသည်။

ဒေါ်မြညွန့် ခင်ပွန်းသည်နှင့် မတ်ဖြစ်သူတို့ ပြောဆိုနေကြသည်ကို ဝင်မပြောဘဲ နောက်ဖေးဘက်သို့ ဝင်နေသည်။

သူတို့ညီအစ်ကိုနှစ်ယောက်ကိစ္စတွင် ဒေါ်မြညွန့်က တိုက်ရိုက်ဝင်ပြောလေ့မရှိ။ မတ်ဖြစ်သူပြန်သွားမှ အကျိုးအကြောင်း မေးသည်။ ပြောဖို့လိုအပ်သည့် ကိစ္စရှိလျှင် ပြောသည်။

ပြောဖို့ မလိုအပ်သည့် မဆိုင်သော ကိစ္စမျိုးကိုမူ မပြော။

ဦးတင်ထွန်းက ကိုလုထွန်း ငွေတောင်းသည့်အကြောင်းနှင့် ကျောက်အလုပ်လုပ်မည့်အကြောင်းပြောပြသည်။

"အလကားပါ ညွန့်ရာ။ ဒီမှာတောင် လက်ကြောတင်းအောင် မလုပ်တဲ့အကောင်က မဖြစ်နိုင်တဲ့အလုပ်ကို လာပြောတာ ကိုယ်ကတော့ မပေးဘူး။ အဲဒီငွေဟာ ရေထဲပစ်လိုက်မှ ပလုံမြည်ဦးမယ်။ ပေးလိုက်လို့ကတော့



www.burmeseclassic.com

www.burmeseclassic.com

ဘာမှဖြစ်လာမှာ မဟုတ်ဘူး"

"ညွှန့်ကတော့ ဒီတစ်ခါ ပေးလိုက်စေချင်တယ်။ အစ်ကိုကြီးစက်မှာ သူကလည်း သက်ဆိုင်နေတာဆိုတော့ ပေးလိုက်တာပေါ့။ ကုန်လာရင်လည်း··· နောက်တစ်ခါ သူမတောင်းရဲတော့ဘူး။ ညွှန့်ပြောတာက အစ်ကိုကြီးတို့ ညီအစ်ကိုချင်း စိတ်ဝမ်းကွဲပြီး ကတောက်ကဆ မဖြစ်စေချင်လို့ပါ"

ဦးတင်ထွန်းက သူ့ကို သည်လိုအလွတ်သဘော စာရင်းမှတ်ပြီး ပေးလို့မဖြစ်သည့်အကြောင်း၊ သူရသင့်သည့် အကျိုးအမြတ် အပိုဆောင်းယူထားသည့် ငွေတွေရှိသေးကြောင်း၊ ထို့ကြောင့် စာချုပ်စာတမ်းနှင့် လက်မှတ်ထိုးပြီး ပေးမှ ဖြစ်မည့်အကြောင်း ပြောသည်။

ဒါကိုတော့ ဒေါ်မြညွှန့်က မည်သို့မှမပြော။

ဦးတင်ထွန်း ဖိုးထောင်အကြောင်း စမ်းလေ့လာသည်။ ဟုတ္တိပတ္တိသမားမဟုတ်။ ညီဖြစ်သူနှင့် ထူးမခြားနားသောင်ခြောက်ဆယ်သမား။

ခု ကျောက်တူးသွားမည့် သူတို့ယောက်က သောက်ဖော်သောက်ဖက် အပေါင်းအသင်း။ အရက်သမားတာက သူတို့အချင်းချင်း ပြေလည်သည်။ ယုံကြည်သည်။ မူးမူးနှင့် ပြောဆိုကြသည့် စိတ်ကူးယဉ်အိပ်မက်ကို ထားကြသူတွေ။

ဖိုးထောင်ကိုတွေ့ပြီး မေးမြန်းလို့လည်း အကြောင်းထူးစရာမရှိ။

ညီဖြစ်သူထံက နောက်တစ်ကြိမ်တောင်းတာမျိုး မလုပ်ပါဘူးဆို စကားကိုတောင်းပြီး အသိ

သက်သေများရှေ့မှောက်တွင် ယခင်ယူထားသော ငွေပိုများနှင့် ယခုယူမည့်ငွေကို စာရင်းပေါင်းပြီး စာချုပ်စာတမ်းဖြင့်ပေးရန် ဆုံးဖြတ်လိုက်သည်။

ထိုကိစ္စအတွက် ညီဖြစ်သူကို ပွင့်ပွင့်လင်းလင်းပင် ပြောသည်။

"ဟောဒီ···စာအုပ်ထဲမှာပါတဲ့ စာရင်းက မင်းရသင့်ရထိုက်တဲ့ အကျိုးအမြတ်ငွေကို ပေးတဲ့စာရင်း။ ဟောဒီ စာအုပ်ထဲမှာပါတဲ့ စာရင်းက အပိုဆောင်းယူထားတဲ့စာရင်း။ မင်းကိုယ်တိုင် ဟုတ်မဟုတ် သေသေချာချာ ပြန်စစ်။ ငါလုပ်ထားတဲ့ စာရင်းကတော့ အတိအကျပဲ။ မရှင်းတာရှိရင်မေး ခုရှင်းမှ နောင်မရှုပ်မှာ။ ကျေနပ်ပြီဆိုရင် မင်းတောင်းတဲ့ ငွေသုံးသောင်းပါ ပေါင်းပြီး စာချုပ်ချုပ်ရမယ်။ ညီအစ်ကိုနဲ့ လုပ်ငန်းသဘောက တခြားစီ။ အဲဒါကိုတော့ မင်းနားလည်သဘောပေါက်ဖို့ လိုတယ်"

"ဟုတ်ကဲ့···ကျွန်တော်သဘောပေါက်ပါတယ်။ အစ်ကို တန်ဖိုးဖြတ်ပြီး အပြီးအပြတ်ရှင်းမယ်ဆိုရင်လည်း ကျွန်တော် လက်ခံပါတယ်"

"ဩော်···မင်းက ဒီလိုသဘောထားမျိုးတောင် ရှိနေတာကိုး"

"ကျွန်တော်ပြောတာက အစ်ကိုကြီးအပေါ် မကျေနပ်လို့ ပြောတာ မဟုတ်ပါဘူး။ အစ်ကိုကြီးဆုံးဖြတ်ရင် ဘာမဆိုနာခံမယ်ဆိုတဲ့သဘော ပြောတာပါ"

ဦးတင်ထွန်းလုပ်ထားသည့်စာရင်းများမှာ တိကျသည်။ ဘာအတွက်အကြောင်းပြ၍ တောင်းသည်ဆိုသည့်မှတ်ချက် အပြည့်အစုံပါရှိသည်။

မရှင်းလင်းလို့ မေးစရာ ငြင်းချက်ထုတ်စရာ လုံးဝ မရှိ။ ယခုယူမည့် ငွေသုံးသောင်းအပါအဝင် တစ်ပေါင်းတည်း ယူငွေစာရင်း မှာ ခုနစ်သောင်းကျော်ရှိသည်။ ယခင်ယူငွေများကိုမူ စာချုပ်လုပ်မထား။ စာရင်းစာအုပ်ထဲ၌ လက်မှတ်ထိုးတာပဲ ရှိသည်။

ယခု စာချုပ်ကတော့ ရှေ့နေတစ်ယောက်ကိုယ်တိုင် အတိအကျရေးသားပြီး တရားဝင်ချုပ်ဆို လက်မှတ်ရေးထိုးလိုက်သည့် စာချုပ်ဖြစ်သည်။

ကိုလုထူးသာမက ဇနီးဖြစ်သူပါ ပါဝင်လက်မှတ်ထိုး ပေးရသည်။ ပြောတုန်းကတော့ ဟိုနှယ်သည်နှယ်။ လက်မှတ်ထိုးခါနီးကျတော့ ဣန္ဒြေဆည်လို့မရအောင် မျက်နှာပျက်နေသည်။

သတင်းစကားဆိုသည်မှာ ပြန့်လွယ်သည့်သဘော ရှိသည့်အတိုင်း မြို့ပေါ်မှာ ပြန့်သွားသည်။ ညီအစ်ကိုချင်း သည်လိုမလုပ်သင့်ပါဘူးဟု ပြောသူများလည်း ရှိကြသည်။

သို့တစေ အနည်းငယ်သာပါ။

အများစုကတော့ ဦးတင်ထွန်း လုပ်သင့်လုပ်ထိုက်သော လုပ်ခြင်းဖြစ်သည်ဟု ပြောကြသည်။

မည်သို့ပင်ရှိစေ··ဦးတင်ထွန်းကိုယ်တိုင်လည်း စိတ်မကောင်းဖြစ်ရသည်။ မလုပ်မဖြစ် လုပ်လိုက်ရသည်ဟု သဘောမှုပြီး ဖြေသိမ့်လိုက်ရသည်။

လူတွေမှာ သွေးစကားပြောသည်။ ဘယ်လောက်ပဲ စိတ်နာကြည်းစရာရှိရှိ ဇာကယ့် အရေးကြုံလာပြီဆိုသောအခါတွင် ဥပေက္ခာပြု၍ လျစ်လျူမရှုနိုင်



www.burmeseclassic.com

www.burmeseclassic.com

ရာပေ။

ဘဝကို အလေးအနက်မထားသူ ကိုလုထွေးကတော့ ခဏမျှသာ စိတ်ထိခိုက်သွားသော်လည်း သူ့ဝသီအတိုင်း မထုံတက်တေးသာပင်။

* * *

ဦးတင်ထွန်းတို့ သားအဖနှစ်ယောက် ရန်ကုန်သို့ ထွက်ခဲ့ကြသည်။

စက်နှင့်တိုက်ကို အပေါင်ထား၍ ဘဏ်မှ ငွေချေးရန် ဖြစ်၏။ ဒါက အဓိကလုပ်ငန်း။

သားဖြစ်သူကို ခေါ်လာခြင်းမှာ သားဖြစ်သူကို ရောက်သင့်ရောက်ထိုက်သည့်နေရာကို ပို့ရန်နှင့် ရန်ကုန်စီးပွားရေးလောက၏ အခြေအနေများကို လက်တွေ့ပြသရန်နှင့် လေ့လာစေနိုင်ရန် ဖြစ်၏။

လုပ်ငန်းကိစ္စနှင့် ပတ်သက်၍ လူကြီးများထံ ဝင်ထွက် သွားလာရာသို့မှ ခေါ်မသွားခဲ့။ ပြုစုရမည့်သူများကို ပြုစုရသည့် စားပွဲသောက်ပွဲများသို့မူ ခေါ်သွားခဲ့သည်။

လုပ်ငန်းနှင့်ပတ်သက်၍ ဆက်ဆံရမည့် ဆက်ဆံပုံ ဆက်ဆံနည်း အထာသဘောတွေကို သိရှိရန်ဖြစ်သလို စိတ်မပါပေမယ့် စိတ်ပါသယောင် အပြုံးဝေသီ၍ ညက်ညက်ညောညော ပြောဆိုရပုံများနှင့် မည်သို့မည်ပုံ အပေးအယူစကား ကမ်းလှမ်းရပုံများကို သားဖြစ်သူ လေ့လာစေနိုင်ရန် ဖြစ်၏။

"သား တစ်နေ့မှာ မိရိုးဖလာ စီးပွားရေးလုပ်ငန်းကို မင်း ဆက်လုပ်ရလိမ့်မယ်။ စီးပွားရေးလုပ်ငန်းကိစ္စ ပြောတဲ့ဆိုတဲ့အခါ ပါးစပ်ဖျားစကားနဲ့ ရင်ထဲကစကားနှစ်မျိုး ပြောရတယ်။ ပါးစပ်ဖျားက စကားဆိုတာ ရင်ထဲထိမပါပေမယ့် အဆင်ပြေသလို ကောင်းအောင် ကြည့်ပြောရတာမျိုး၊ ပြီးတော့ အပေးအယူကိစ္စ၊ ဒါကမလုပ်လို့မရတဲ့ကိစ္စ၊ လိုချင်တာရှိရင် ကိုယ်ကပေးရမယ်။ တစ်နေရာမှာ အကျိုးအမြတ်ကိုတွက်ပြီး ပေးတတ်ဖို့တော့ လိုတယ်။ ဘာကို မဆို သိအောင် လေ့လာထားရမယ်။ နားနဲ့မျက်စိကို အလကားမထားရဘူး"

ဦးတင်ထွန်းက သားဖြစ်သူကို ထိုသို့လျှင် ပြောစရာရှိသည်ကို တရင်းတနှီး ပြောဆိုသွန်သင်လေ့ရှိသည်။

လောကမှာ အကောင်းနှင့်အဆိုး ခွန်တွဲလျက်ရှိသည်။ လုပ်သင့်တာနှင့် မလုပ်သင့်တာလည်း တွဲစပ်လျက်ရှိသည်။

ဒါကိုလေ့လာပြီး ဝေဖန်ပိုင်းခြားနိုင်သည့် လူဟူသ၍ လျှောက်လှမ်းနေသည့် ဘဝခရီးလမ်းကြောင်းတွင် ဘယ်တော့မှ ကလိန်းကလဲ မဖြစ်။

"ခု သားပညာသင်နေတာ ဘာအတွက်လဲ"

ဦးတင်ထွန်း မေးလိုက်သည့် မေးခွန်းမှာ ဆယ်ကျော်သက်အရွယ်ရောက်သူတိုင်း အလွယ်တကူ ဖြေဆိုနိုင်သည့် မေးခွန်းဖြစ်၏။

တင်မောင်အေးကလည်း မတုံ့မဆိုင်း အဖြေပေးလိုက်သည်။

"ပညာတတ်ဖို့ပါ အဖေ"

ဦးတင်ထွန်းက ပြုံးပြီး ခေါင်းယမ်းလိုက်သည်။

"သားပြောတာ မှန်ပါတယ်။ ဒါပေမဲ့ မလုံလောက်သေးဘူး။ ကျောင်းနေတာ ပညာတတ်ဖို့အပြင် ဘဝရှေ့ရေးအတွက် အရင်းအနှီး ထုထောင်တာဖြစ်တယ်။ ဖေဖေတို့ စီးပွားရေးလုပ်ငန်းမှာ အရင်းအနှီးများရင် အမြတ်များတယ်။ သားပညာသင်တာမှာလည်း ဒီလိုပဲ။ ကျောင်းပညာနဲ့ နိုင်ငံ့ဝန်ထမ်းဝင်လုပ်ပြီ ဆိုပါတော့။ ဆယ်တန်းသမားတစ်ယောက်ရဲ့ လစာနဲ့ ဘွဲ့ရတစ်ယောက်ရဲ့ လစာဟာ ဘယ်တူပါ့မလဲ။ ရိုးရိုး အမ်ဘီဘီအက်စ် ဘွဲ့ရ ဆရာဝန်တစ်ယောက်ရဲ့ ဝင်ငွေနဲ့ အက်စ်အာ အက်စ်၊ အမ်မာစီပီ စတဲ့ အထူးကုဘွဲ့ရတဲ့ ဆရာဝန်ကြီးတွေရဲ့ဝင်ငွေ ဘယ်တူပါ့မလဲ။ ဒါကြောင့် ကျောင်းပညာသင်ကြားနေတာဟာလည်း အရင်းအနှီး စုဆောင်းနေတာပဲ။ အဲဒီ သားသဘောပေါက်ထားဖို့ လိုတယ်"

ဦးတင်ထွန်းက သားဖြစ်သူကို သူ၏အယူအဆ ဥပမာ ဥပမေယျများ နားဝင်အောင် စိတ်ရှည်လက်ရှည် ပြောပြတတ်သည်။

သားဖြစ်သူကို ရန်ကုန်တွင် ကျောင်းထားချင်သည့် သူ၏ဆန္ဒ ခေါင်းထဲက ဖျောက်လို့မရသေး။

ရန်ကုန်ကအပြန်တွင် ဇနီးဖြစ် သူအား နားချ၍ ရန်ကုန်တွင် ကျောင်းထားနိုင်ရန် လိုအပ်သည့်ကိစ္စကိုလည်း လုပ်ခဲ့သည်။

ထို့ကြောင့် သားဖြစ်သူ ရန်ကုန် တွင်နေသည့်အခါ ဘယ်နေရာကို ဘယ် လိုသွားလာရမည်။ ဘယ်နေရာမှာ ဘာ တွေရှိသည်ကို နှံ့စပ်အောင် လိုက်ပြ ခြင်း ဖြစ်၏။

ဆယ်တန်းတွင် ရန်ကုန်မှာ ဖြစ်သည့်အတိုင်း တက္ကသိုလ်ရောက် ရန်ကုန်မှာနေရမည်မို့ သားဖြစ်သူ တင်လေ့လာထားနိုင်စေရန်မှာ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သူအား ရန်ကုန်သို့ ခေါ်လာခြင်းဖြစ်ကြောင်းလည်း ဖြစ်၏။ ကိစ္စများ ပြီးစီးသည့်အခါ သားအဖနှစ်ယောက် ရန်ကုန်မှ ပြန်ခဲ့ကြသည်။

သူက ဘဏ်ချေးငွေကိစ္စအတွက် လိုအပ်သော စာရွက်စာတမ်းများ။ ဒေသဆိုင်ရာအဖွဲ့အစည်းနှင့် အုပ်ချုပ်ရေးဌာနဆိုင်ရာများမှ ထောက်ခံချက်များ ယူရမည်။

ဒါတွေ အကုန်လုပ်ပြီးမှ တစ်ခေါက် ပြန်လာရမည်။ ထိုအခေါက်တွင် ငနီးဖြစ်သူကိုပါ ခေါ်ရမည်။

သူတို့ မြောင်းမြပြန်ရောက်တော့ လေထဲတိုက်အိမ်ဆောက်မည့် စိတ်ကူးယဉ် ကိုလှထူးမှာ သူ့အဖော်နှစ်ယောက်နှင့် မိုးကုတ်တက်သွားပြီ။

ဘယ်သောင်ဆိုက်ပြီး ဘယ်ကမ်းကပ်၍ ဘယ်လိုပုံစံနှင့် ပြန်ရောက်လာမည်ကိုတော့ မပြောနိုင်။

ခု အိမ်ပြန်ရောက်သည်နှင့် စိတ်မကောင်းစရာသတင်းတစ်ခု ထပ်ကြားပြန်သည်။ ညီဖြစ်သူက သူ့မိန်းမ မစမ်းနွဲ့ထံမှ ဆွဲကြိုးနှင့် လက်ကောက်တစ်ရန်ကိုပါ အပိုဆောင်းယူသွားသည် ဆိုသော သတင်း။

ဘယ်သို့ပင်ဆိုဆို သူ၏အပြန်ခရီးမှာ ချွတ်ချုံကျပြီး ပြန်ရောက်လာတော့ သေချာသည်။ မြေကြီး လက်ခတ်မလွဲ ပြောနိုင်သည်။

သည်တစ်ကြိမ် ပြန်ရောက်လာရင်တော့ ခြေငြိမ်သွားတန်ကောင်းပါလို့ပဲ ဆန္ဒပြုရတော့မည်ပါ။

* * *

## (၄)

ရန်ကုန်မှ ပြန်လာပြီးနောက် ဆရာကြီး ဦးဘသော်အား ကန်တော့ရန် ရည်မှန်းပြီး သူ၏ အသုံးစရိတ်ထဲမှဖဲ့၍ ဝယ်လာသည့် တိုက်ပုံအင်္ကျီနှင့် လုံချည်နှင့်အတူ ဆရာကြီး ဦးဘသော်ထံသို့ ရောက်ခဲ့သည်။

"မောင်တင်မောင်အေးပါလား၊ အေး・・・အေး・・・လာထိုင်၊ ကိုတင်ထွန်းတို့၊ မမြသွန်းတို့ရော နေကောင်းရဲ့လား"

"ကောင်းပါတယ် အဘ။ ကျွန်တော်လည်း ဖေဖေနဲ့ ရန်ကုန်ကို လိုက်သွားတာ မနေ့ကပဲ ပြန်ရောက်ပါတယ် အဘကို ကန်တော့ဖို့ လာတာပါ"

တင်မောင်အေးက သူ့လက်ထဲတွင် ပါလာသည့် အထုပ်ကို ဦးဘသော်ရှေ့တွင်ချ၍ ထိချင်းကြီးငါးပါးဖြင့် ဦးဘသော်အား တရိုတသေ ကန်တော့သည်။ ကန်တော့ပြီးမှ ချထားသည့်အထုပ်ကို ယူ၍ ဒူးတုပ်ပြီး ဦးဘသော်အား လက်ကမ်းပေးသည်။

"ဘာများလဲကွ မောင်တင်မောင်အေးရ"

"ကျွန်တော် အဘအတွက် ရည်မှန်းပြီး ဝယ်လာတဲ့ ကန်တော့ပစ္စည်းပါ"

"အမယ်လေးကွာ・・・ကန်တော့တာပဲ။ လက်အုပ်ချီ ကန်တော့လည်း ပြီးတာပေါ့။ ကန်တော့ပစ္စည်း ပါတာ၊ မပါတာ အကြောင်းမဟုတ်ပါဘူး။ မိဘဆရာသမား၊ လူကြီးသူမတွေက ရင်ထဲက ဖြစ်ပေါ်လာတဲ့ ဆန္ဒနဲ့ ကန်တော့လည်း ဖြစ်ပါတယ်ကွာ။ သိတတ်မှုသာ ပဓာနပါကွာ"

တင်မောင်အေးက သူ၏ရင်တွင်းဖြစ် စေတနာအရင်းခံသည့် ကန်တော့ပစ္စည်းကို အဘလက်ခံဖို့ ထပ်မံ၍ ပြောပြသည်။ တောင်းပန်စကား ဆင့်လိုက်ရသည်။

"အေး・・・အေး・・・ထားပါလေ။ အဘကတော့ ဆုပေးရမှာပေါ့။ အဘ ဆုပေးရိုးထုံးစံနဲ့အညီ ဆုထက် အပိုဆောင်းဆုတစ်ခု ပေးချင်တယ်။ ထုံးစံအတိုင်းကတော့ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဒီမိဒီဖနဲ့ ဥမကွဲသိုက်မပျက် အသက်ရှည်အောင် နေနိုင်ပါစေ၊ တိုးတက်ကြီးပွားပါစေ၊ ဘာညာပေါ့ကွာ။ အဲဒါအပြင် အဘ အပိုပေးချင်တဲ့ ဆုတောင်းက ဖခင်နဲ့ တစ်သဝေမတိမ်းတူသော သားကောင်းသားမွန်တစ်ယောက် ဖြစ်ပါစေဆိုတဲ့ ဆုပဲကွ။ အဲဒီဆုကို အဘ ဘာကြောင့်ပေးသလဲဆိုရင်・・"

ဦးဘသော်က သူ၏မိခင်နှင့် ဖခင်တို့အကြောင်းကို ဆက်ပြောပြသည်။

ဦးတင်ထွန်းက ငယ်စဉ်ကတည်းက အေးအေးသက်သက် တည်တည်ငြိမ်ငြိမ် နေထိုင်သည့် စရိုက်ရှိ၍ စာကိုကြိုးစားသည်။ မိဘများကို ဒုက္ခမပေး။

သူ၏ဦးလေးဖြစ်သူ ကိုလှထူးမှာ ငယ်ငယ်ကတည်းက အဆော့သန်သည်။ စာမကြိုးစား။ ကျောင်းပြေးသည်။ ရန်ဖြစ်သည်။ လက်လွန်ခြေလွန် လုပ်တတ်သောကြောင့် မိဘဖြစ်သူများ မျက်နှာပျက်ရသည်။ သူမဟုတ်တာ လုပ်သမျှကို နောက်ကလိုက်ရှင်းရသည်။

ညီအစ်ကိုဟု ပြောရမည်ကလွဲ၍ စရိုက်ချင်း အမူအကျင့်ချင်း လုံးဝမတူ။

ကိုလှထူး၏ ငယ်စရိုက်မှာ ခု

www.burmeseclassic.com

ထက်ထိ မပျောက်သေး။

ဦးတင်ထွန်းကတော့ ယနေ့ထက်တိုင် ငယ်စရိုက်မပြောင်းလဲသေးရုံမက အသက်အရွယ်နှင့် လိုက်ဖက်အောင် ရင့်ကျက်တည်ငြိမ်လာသည်။

စီးပွားရေးကို အလွန်အမင်း ကြိုးစားသလို သိက္ခာကိုလည်း တည်တည်တံ့တံ့ ထိန်းသိမ်းထားသဖြင့် ရှိသည်။

ဦးတင်ထွန်းက အဖေတူသား၊ မိဘအတွက် မိဘအား အထောက်အကူပြုခဲ့သည့် ရတနာစစ်သော သား။

ကိုလုထူးကတော့ မိဘအတွက် ရတနာသည့်သား။

"ဒါကြောင့် အဘက မင်းကို ဖခင်နဲ့ တစ်သဝေမတိမ်းတူသော သားကောင်းသားမွန်တစ်ယောက် ဖြစ်ပါစေလို့ ဆုတောင်းရတာပဲ"

"ဟုတ်ကဲ့...အဘ၊ ပေးတဲ့ဆုနဲ့ ပြည့်စုံအောင် ကျွန်တော်ကြိုးစားပါ့မယ်"

"သာဓု သာဓု သာဓု...မင်္ဂလာစကားပေါ့ကွာ"

"ကြုံတုန်း အဘဆီက ဂီတဗဟုသုတ ကြားပါရစေ အဘ"

"*မင်းက ခုမှ ကျောင်းသားပဲ ရှိ*သေးတော့ အဲဒီဘက်ကို အာရုံမစောင်းစေနဲ့။ ဂီတအနုပညာဆိုတာ ဘယ်တော့မှ လိုက်စားလို့မပြီးဆုံးဘူး။ ပိုသွားတယ်လို့လည်း မရှိဘူး။ လိုနေတာပဲ ရှိတယ်"

"ဟုတ်ကဲ့ပါ အဘ။ ကျောင်းစာကိုလည်း ခုထက်ပိုပြီး ကြိုးစားသွားမှာပါ"

"တို့မြန်မာဂီတဟာ နားထောင်ကောင်းရုံ အဖွဲ့အနွဲ့တွေနဲ့ သီကုံးထားရှိသလို မျိုးချစ်စိတ်ကို လှုံ့ဆွပေးတဲ့ သီကုံးမှုလည်းရှိတယ်။ တို့ဗမာသီချင်းလို ဇာတိမာန်တက်ကြွစေတဲ့ သီချင်းတွေလည်း အများကြီးရှိတာပေါ့။ ခံစားချက်ကို ဖော်ကျူးတဲ့ သီချင်းတွေလည်း ရှိတာပေါ့။ ဥပမာ ဆိုပါတော့ကွာ"

"ချစ်သမျှကို" ပတ်ပျိုးသည် အနောက်နန်းမတော် မမြလေးက သူ့မောင်တော် သာယာဝတီမင်းသားအား သူ ဘယ်လောက်ချစ်ရပါသည် ဆိုတာကို သက်သေထူ ဖော်ညွှန်းပြီး ရေးဖွဲ့ခဲ့သည်။ စကားလုံးစာသား ရွေးချယ်ပုံနှင့် ဖွဲ့နွဲ့ပုံ အလွန်ပီပြင်သည်။

အချစ်ကို ပုံပြုဖော်ပြသည့် ချစ်သမျှကိုပတ်ပျိုးသည် ကမ္ဘာတည်သရွေ့ ဆက်လက်တည်တံ့နေမည့် ပတ်ပျိုးကြီးလို့လည်း ဆိုနိုင်သည်။

မင်းသမီးကြီး လှိုင်ထိပ်ခေါင်တင်၏ နာဂဆဒ္ဒန် ဘောလယ်သည် မောင်တော်ကနောင်မင်းသားနှင့် ဘယ်သို့ဘယ်ပုံ ဖြစ်ခဲ့ရသည်ကို ဖွဲ့နွဲ့တင်ပြထားသော သီချင်း။ ရုပ်နှင့် ခံစားချက်ကို ဆက်စပ်ရေးဖွဲ့သည့် သီချင်း။

"အဲဒီလို ရေးဖွဲ့ထားတဲ့ သီချင်း*ကြီးတွေကို အပြစ်မမြင်ဘဲ [illegible]*ရာလို ခံစားတဲ့လူတွေရှိသလို မိဖုရားတွေရဲ့ လင်မျှော်၊ လင်ကွဲတာကို ပုံချဲ့ရေးဖွဲ့ထားတယ်၊ ပဒေသရာဇ်စနစ်၊ သက်ဦးဆံပိုင်ဘုရင်တွေရဲ့ ဘုန်းတော်ဘွဲ့တွေကို ချီးမြှောက်ထားတယ်လို့ စွပ်စွဲအပြစ်မြင်၊ အပြစ်တင်တဲ့ လူတွေလည်း ရှိတာပေါ့။ ထားပါလေ၊ အဘ ထူးမခြားနားဘွဲ့အကြောင်းကို သဘောလောက် ပြောပြမယ်။ အဲဒါ ဘာလို့ပြောသလဲဆိုတော့ သီချင်းကြီး အခြေခံ ကွဲပြားခြားနားတာကို သိရအောင် အဘက အတိုချုံးပြီး ပြောမှာ"

"ဟုတ်ကဲ့ပါ အဘ၊ ကျွန်တော် စိတ်ဝင်စားပါတယ် အဘ၊ ဒါပေမဲ့ အဘ နားနေချိန်ကိုများ ထိခိုက်မလားလို့"

"မယ်ဘွဲ့မောင်ဘွဲ့ ဘုန်းတော်ဘွဲ့နဲ့ ကွဲပြားတဲ့ သီချင်းကြီးလည်း ရှိတယ်ဆိုတာကို ထူးမခြားနားဘွဲ့ကြီးနဲ့ နှိုင်းယှဉ်ချင်တဲ့ အကြောင်းကို လေ့လာတတ်အောင် နည်းနည်းပြောပြမယ်"

ထူးမခြားနားဘွဲ့သည် အချစ်ဘွဲ့ ဘုန်းတော်ဘွဲ့မဟုတ်။ မြတ်စွာဘုရားရှင်၏ ထူးခြားသည့် ရောင်ခြည်တော်ကို အခြေခံရေးဖွဲ့ထားသည့် ပူဇော်ဘွဲ့။

"ထူးမခြားနားတဲ့ မြတ်စွာဘုရားရဲ့ ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူးပုံကို အခြေခံရေးဖွဲ့ထားတာ၊ တရားသဘောနဲ့ သက်ဆိုင်တဲ့ တေးဘုမ္မာလ သီချင်းကြီးမျိုးတွေလည်း အများကြီးရှိတာပေါ့။ မဂ္ဂင်ရှစ်ပါးဆိုရင် ဝိပဿနာ ဉာဏ်တင်နိုင်ဖို့ ဖွဲ့ဆိုထားတာ။ သီချင်းကြီးတွေရဲ့ နောက်ခံဇာတ်လမ်းတွေကို စာရေးဆရာမောင်ကြည်ရှင်၊ ဘုတလင် ဦးချစ်စိန်၊ မုံရွာဦးလေးခန့်တို့ရဲ့ သီချင်း*ကြီး[illegible]*တွေ ရှိသားပဲ လေ့လာကြည့်ပေါ့ကွာ"

ထိုသို့ ပြောဆိုနေစဉ် ညေ့သည်များ ရောက်လာသောကြောင့် ဦးဘ သော်က ပြောလက်စ စကားကို ရပ်လိုက်ရသလို သူလည်း အလိုက်တသိ ထပြန်ခဲ့ရသည်။

အိမ်ကို ပြန်ရောက်သည့်အခါ မိခင်ကြီးက ဆရာကြီး ဘာတွေပြောလိုက်သည်ကို မေးမြန်းခဲ့သည်။ သူက ဆရာကြီးပြောပြသည်များကို ပြန်လည်ပြောပြရင်း ပပငယ်ဝင်းဝင်း တီးကွက်



www.burmeseclassic.com

www.burmeseclassic.com

ပေးရန် ပြောလိုက်ရသည်။

ဒေါ်မြညွန့်က သားယူပေးသည့် စောင်းကြိုးကို အနည်းငယ်ညှိလိုက်ပြီး အတောတစ်ကြော့ဖြင့် တီးကွက်စ လိုက်သည်။

"ပပငယ်လေး...ဝင်းဝင်း... မှန်ရဝေစောင်... ကိုယ်ရောင်တိုက်ခန်း လင်း..."

သူက တီးကွက်ကို ဂရုတစိုက် နားထောင်၍ မှတ်သားရင်း စည်းဝါး လိုက်ပေးသည်။ တီးကွက်ဆုံးသည့်အခါ သားဖြစ်သူထံ စောင်းကို လှမ်းပေးလိုက် သည်။ ဒေါ်မြညွန့်၏ တိုးညှင်းသော အဆိုနှင့် သူ၏တီးကွက်မှာ အံမဝင် ခွင်မကျသည့်အခါ ဒေါ်မြညွန့်က လက် ပြတားပြီး အံမဝင်သည့် တီးကွက်ကို ပြန်လည်တီးပြသည်။

သားအမိနှစ်ယောက်၏ မျက်နှာ ပေါ်တွင် ကြည်နူးချမ်းမြေ့ရိပ်များ ထင်ပြ လျက်။

* * *

ယခုရက်ပိုင်းအတွင်း ဦးတင်ထွန်း မှာ အိမ်မကပ်နိုင်။

စက်ကိစ္စနှင့် ဈေးငွေကိစ္စအတွက် သွားလာလှုပ်ရှား နေရရုံမက နီးကပ်လာ ဖြစ်သော ရွေးကောက်ပွဲကိစ္စ အထွေ ထွေနှင့် လှုပ်ရှားနေရသည်။

သူတို့မြို့ ရွေးကောက်ပွဲတွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးကိုယ်တိုင် အရွေး ခံသည်။ အရွေးခံမည့် ဝန်ကြီးနှင့် ဦးတင် ထွန်းက ကျောင်းနေဘက်သူငယ်ချင်း။

တစ်နည်းအားဖြင့် သူ၏စီးပွားရေး လုပ်ငန်းတွင် အထောက်အကူ ပြုပေး မည့်သူ။ သို့ကြောင့် သူက အဓိကနေရာ မှ ပါဝင်လှုပ်ရှားနေရသည်။

ညီငယ်ဖြစ်သူက ကစားမက် သည့်အရွယ်မို့ အိမ်မသိပ်မကပ်။

ဝေးဝေးလံလံတော့ မသွား။ အနီး အပါးမှလွဲ၍ ကစားဖော်များနှင့် ဆော့ ကစားနေတတ်သည့်အချိန်က များ သည်။ သူက ညနေ ဘောလုံးကန်သွား သည်မှလွဲ၍ အိမ်မှာပင်အနေများသည်။

မနက်ပိုင်း သူငယ်ချင်းများနှင့် လက်ဖက်ရည်ဆိုင်ထိုင် ပြန်ထွက်တတ် သည်။ နေ့စဉ်တော့ မဟုတ်။ တစ်ခါ တစ်ရံ အပေါင်းအသင်းများ လာခေါ် သည့်အခါ လိုက်သွားတတ်သည်။

သူတို့ အပေါင်းအသင်းများမှာ နေ့စဉ် လက်ဖက်ရည်ဆိုင်ထိုင်သည့် အလေ့အကျင့်တော့ မရှိပေ။

ရုပ်ရှင်ကိုတော့ ဘောလုံးလောက် အလေးအနက် မထား။ တစ်ခါတစ်ရံ အင်္ဂလိပ်ကားကောင်းရင် သွားကြည့် သည်။

တစ်နေ့...

သားအမိနှစ်ယောက် ဖခင်ကြီး ခိုင်းသည့် စာရင်းများ လုပ်ကိုင်ပြီးနောက် ဆန်စက်လုပ်ငန်းအကြောင်း မိခင်ဖြစ် သူအား မေးမြန်းနေရင်းမှ သူတို့ပိုင် ဆန်စက်ကြီးကို စတင်တည်ထောင်သူ အဘိုးဖြစ်သူအကြောင်း စကားစပ်မိ သွားကြသည်။

အဘိုးဖြစ်သူ၏ အမည်မှာ... ဦးမောင်ကြီး။ ဦးမောင်ကြီးမှာ စတီး ဘရားသားကုမ္ပဏီ၏ စပါးအဝယ်တော်။

စတီးဘရားသားကုမ္ပဏီမှာ မျက် နှာဖြူအရင်းရှင်များပိုင်သည့် ကုမ္ပဏီ ဖြစ်၍ ဆန်စပါးအရောင်းအဝယ်လုပ် ငန်းကို အဓိကထားလုပ်ကိုင်သည်။ နိုင်ငံခြားသို့ ဆန်တင်ပို့မှုကို တရုတ် ဘရားသားနှင့် အပြိုင်အဆိုင် လုပ်ခဲ့ သည်။

စတီးဘရားသားမှာ ဆန်စပါးလုပ် ငန်းအပြင် သစ်လုပ်ငန်းကိုလည်း လုပ် ကိုင်သည်။ သစ်လုပ်ငန်းတွင် ဘုံဘေ ဘားမားကုမ္ပဏီကိုတော့ မမီ။

စတီးဘရားသားမှာ ဆန်စပါးလုပ် ငန်း၊ သစ်လုပ်ငန်းများအပြင် ယခင်က မြန်မာနိုင်ငံတွင် တစ်ခုတည်းသာရှိ သော သရက်မြို့ ဘိလပ်မြေစက်ရုံကြီး ကိုလည်း တည်ထောင်လုပ်ကိုင်ခဲ့သည်။

မျက်နှာဖြူအရင်းရှင်ကြီးများ ပိုင် ဆိုင်သည့် ဘီအိုစီ၊ စတီးဘရားသား၊ ဘုံဘေဘားမား ကုမ္ပဏီကြီးသုံးခုမှာ နယ်ချဲ့အင်္ဂလိပ် အုပ်ချုပ်ရေး၏ စီးပွား ရေး ဒေါက်ကြီးသုံးဒေါက် ဖြစ်ခဲ့သည်။

ဗြိတိသျှဘုရင်ခံ အုပ်ချုပ်ရေးအဖွဲ့ ကိုပင် လွှမ်းမိုးချယ်လှယ်နိုင်သည်အထိ ပေါက်ရောက်ခဲ့ကြသည်။

စီးပွားရေးကို စိုးမိုးချယ်လှယ်နိုင် သည့် အဓိကကျသော ဘဏ်လုပ်ငန်း များကိုလည်း မျက်နှာဖြူ အရင်းရှင်ကြီး များကသာ ပိုင်ဆိုင်ကြသည်။

စတီးဘရားသား စပါးဝယ်ယူရန် အတွက် မြန်မာလူမျိုးထဲက ဆန်စပါး အကြောင်း နားလည်ကျွမ်းကျင်သူ ဒေသခံထဲက ရိုးသားသူများကို အဝယ် တော်အဖြစ် ခန့်ထားလုပ်ကိုင်စေသည်။

ကုမ္ပဏီနှင့် တိုက်ရိုက်ဆက်သွယ် ရသည့် အဝယ်တော်နှင့် ကုမ္ပဏီအဝယ် တော်က လက်အောက်ခံခန့်ထားသည့် တစ်ဆင့် ခံအဝယ်တော်များ ရှိသည်။ တစ်ဆင့်ခံ



www.burmeseclassic.com

www.burmeseclassic.com

အဝယ်တော်များမှာ ကုမ္ပဏီနှင့် မသက်ဆိုင်။ ဦးမောင်ကြီးတို့လို တိုက်ရိုက်ခန့်ထားသည့် ကုမ္ပဏီအသိအမှတ်ပြု အဝယ်တော်များနှင့် သက်ဆိုင်သည်။

တစ်ဆင့်ခံ အဝယ်တော်က ငွေကြေးလိမ်လည်မှုနှင့် အရှုပ်အထွေးပြဿနာ ရှိလာလျှင် ဦးမောင်ကြီးတို့နှင့်သာသက်ဆိုင်သည်။ ကိုယ့်ဟာကိုယ်ဖြေရှင်း။ ဖြေရှင်း၍မရလျှင် ဦးမောင်ကြီးတို့က စိုက်လျော်။

ဦးမောင်ကြီးတို့မှာ မြို့ပေါ်မှာထိုင်ပြီး အခန့်သားလုပ်လို့ မရ။ လွယ်အိတ်တစ်လုံး၊ ထီးတစ်ချောင်းနှင့် ကိုယ်တိုင်ကွင်းဆင်းပြီး ရွာကို လျှောက်သွားရသည်။ လက်ခွဲအဝယ်တော်များ ထားရခြင်းမှာ စပါးပို၍ ဝယ်ယူရရှိနိုင်ရန်ဖြစ်၏။

စပါးများများ ဝယ်နိုင်မှ ကုမ္ပဏီမှာ မျက်နှာကောင်းရသည်။ အသိအမှတ်ပြုခံရသည်။ နို့မဟုတ်ရင် . . . ကုမ္ပဏီက သူ့ထက်သူ လူစွမ်းကောင်းကို ပြောင်းခန့်သည်။

နီး . . . နီး . . . လို့ ခေါင်းခါခံလိုက်ရလျှင်' နောက်နှစ် ကျွန်တော်မျိုး ကြိုးစားပါမည်ဟု စောဒကတက်လို့မရ။ တစ်နည်း အသနားခံလို့မရ။ ထီး ကိုင်ပြီး အထုပ်ထမ်းပြန်ရုံသာ။

အဝယ်စာရင်းကိုကြည့်၍ ရက်(စ်) အောရိုက်၊ ဂွတ်ပါမှ နောက်တစ်နှစ်အတွက် သေချာသည်။ ကိုယ့်နယ်မှာ အဝယ်တော်ကြီးဆိုသည့် အမည်နာမတစ်လုံးနှင့် ဝယ်နိုင်သည်။ ဘဝအတွက် အာမခံချက် မရှိ။

ရက်(စ်)နှင့် နီး စကားနှစ်လုံးသည်သာ အဓိက။ ရက်(စ်) အမှတ်ရအောင် ကြိုးစားရသည်။

အသောက်အစား ကင်းသော၊ အလောင်းအစား ကင်းသော၊ အရှုပ်အထွေ ကင်းသော၊ ယုံကြည်စိတ်ချရသူများကို လက်ခွဲအဝယ်တော်အဖြစ် ရွေးချယ်လုပ်ကိုင်စေရသည်။

စိတ်လည်း ချရမည်။ လူရေလည်း လည်ရမည်။ ထိုမျှနှင့် မလုံလောက်သေး။ ရိုးသားကြိုးစား သစ္စာရှိသူမျိုး ဖြစ်ဖို့ကလည်း လိုသေးသည်။

လွယ်မယောင်နှင့် ခက်၊ တိမ်မယောင်နှင့် နက်သည်ဟု ဆိုရမည်သော လုပ်ငန်း။ ငွေရေးကြေးရေးပါသော အလုပ်ဟူသည် မျက်နှာလွှဲ ခဲပစ်လုပ်လို့မရ။

သူတို့၏ သတင်းပလင်းကို အမြဲတမ်း နားစွင့်နေရသည်။ သို့မှသာ တားဆီးရမည့်ကိစ္စကို အချိန်မီ တားဆီးနိုင်မည်။

လက်ခွဲ အဝယ်တော်တွေက အဝယ်တော်ကြီးနှင့် ဆက်ဆံသည့်အခါ ရိုရိုကျိုးကျိုး ခြေသုပ်ပုဆိုး မြွေစွယ်ကျိုးသို့နှယ် ဆက်ဆံကြသည်။ အဝယ်တော်ကြီးဆိုသည့် ရောမ နာမည်ကြီးတစ်လုံးနှင့် ဦးမောင်ကြီးတို့ကုမ္ပဏီကို ရောက်လို့ အသေးစား မျက်နှာဖြူအရာရှိလေး၏ ရုံးခန်းထဲသို့ဝင်သည့်အခါ ဝင်ခွင့်တောင်းပြီး ချက်ချင်းဝင်တွေ့လို့ မရ။

တစ်မေ့တစ်မော အပြင်ခုံတန်းမှာ ထိုင်စောင့်ရသည်။ ဝင်စေ အမိန့်ရလို့ ဝင်သည့်အခါ ဆင်နားရွက်တံခါးကို ဖြည်းညင်းသက်သာစွာ အသာအယာတွန်းဖွင့်ပြီး ရိုရိုကျိုးကျိုးအမူအရာနှင့် ခါးလေးကုန်းပြီး ဝင်ရသည်။ ဖိနပ်မစီးရ ခေါင်းပေါင်း ခေါင်းပတ် မပတ်ရ။

ဦးမောင်ကြီးတို့လို ရေးရိုးပုဂ္ဂိုလ် ကြီးများမှာ သူတို့ခေတ်ကာလက အပြင် သို့ထွက်လျှင် ခြင်းမပါသည့် အုပ်ပေါင်း ပေါင်းလေ့ရှိသည်မှာ အစဉ်အလာ၊

ဘယ်လိုနေရာကို သွားသွား အပ် ပေါင်း မပေါင်းသွားရိုး ထုံးစံမရှိ။ အစဉ် အလာထုံးစံကို ကိုယ့်သားလော အရွယ် မျက်နှာဖြူအရာရှိ အငယ် နှင့် တွေ့သည်သော်မှ အစဉ်အလာ ထုံးစံကို ဖျက်ရသည်။

သို့တစေ သူဆန်စားရဲမှု ဆိုသ မချစ်သော်လည်း အောင့်ကာနမ်း လုပ်ရသည်။ အဝယ်တော်၏ တင် တစ်နှစ် ဝင်ငွေမှာ နည်းနည်းနော မဟုတ်။

ဒါတင်မက သတ်မှတ်စံနှုန်းထ ဝယ်ယူနိုင်သော အဝယ်တော်ကြီးမျ မှာ ထပ်ဆောင်းအပိုဝင်ငွေဟုဆို ကုမ္ပဏီမှပေးသည့် ဆုကြေးငွေကို ခံ ရရှိကြသည်။

တကယ့်စေတနာဖြင့် ပေးသ မျိုးတော့ မဟုတ်။ သူတို့အကျိုးကို ထမ်းဆောင်စေရန် မက်လုံးသ ပေးခြင်းဖြစ်၏။

သူတို့ အသားများများ စား အတွက် အသားကပ်အရိုးကို စော ရေစီးကမ်းပြိုလိုက်ခြင်း ဖြစ်၏။ အ ရှင်မျက်နှာဖြူများ လက်ကိုင်ပြ သဘောထားတစ်ရပ် ရှိသည်။

"ကိုယ့်အတွက် လုပ်ပေး ပေါင်မုန့်အနှားသားတွေကျွေးမှ နို့ ရင် အိမ်ပေါ်က ချော့ကလက်ကို ပြီးခိုးစားလိမ့်မည်ဟူပါ၍"



www.burmeseclassic.com

www.burmeseclassic.com

ဦးမောင်ကြီးတို့လို အဝယ်တော်ကြီးတွေသာ မရှိရင် သူတို့ကိုယ်တိုင်တောဆင်းပြီး စပါးဝယ်ဖို့ ဘယ်ဖြစ်လိမ့်မှာပဲ။ ထို့ကြောင့်လည်း မက်လုံးပေးတာန်တာ ပေးခြင်းဖြစ်သည်။

ဦးမောင်ကြီးတို့လို ရှေးခေတ်လူကြီးများမှာ အဖြုန်းမရှိ။ အသုံးသာရှိသည်။ အသုံးကိုလည်း စစ်စစ်စီစီသုံးသည်။ စားသည့်နေရာ ဝယ်သည့်နေရာတွင် လိုအပ်သည်ထက် ပို၍မစား၊ ပို၍မဝတ်။ ပလွှားလွှား ထောင်ထောင်မားမား လုပ်သည်မျိုး မရှိ။ သူနေရာနှင့်သူ သင့်တင့်မျှတရုံသာ ဝတ်စားကြသည်။ ထို့ကြောင့်လည်း အဝင်နှင့်အထွက် မျှတရုံမက ပိုလျှံကြသည်။

၁၈၆၇ ခုနှစ်၊ ဆူးအက်တူးမြောင်းဆောက်ပြီး နောက်ပိုင်းတွင် ကိုလိုနီနိုင်ငံများတွင် စီးပွားရေးလုပ်ငန်းကြီးများသူထောင်ထားသည့် မျက်နှာဖြူ အရင်းရှင်ကြီးများ လုပ်ငန်းပို၍ ဖြစ်ထွန်းလာသည်။ ရင်းနှီးငွေနှင့် အကျိုးအမြတ်ဝင်ငွေ၊ အချိုးပြဇယားမှာ တန်နေသည်ညှိမရှိဘဲ အတက်ဘက်သို့ ပြခဲ့သည်။

မြန်မာနိုင်ငံ၏ အဓိကထွက်ကုန်ဖြစ်သည့် ဆန်စပါးဈေးနှုန်းမှာ ဆူးအက်တူးမြောင်းဖောက်ပြီးနောက် ခုန်ပျံကျော်လွှား၍ တိုးတက်သွားသည်။

ဆူးအက်တူးမြောင်း မဖောက်ခင်က စပါးဈေးနှုန်းမှာ တင်းတစ်ရာလျှင် ၁၀ ကျပ်၊ ၂၅ ကျပ်မျှသာ ရှိသည်။

တူးမြောင်းဖောက်ပြီးနောက် တင်းတစ်ရာပေါင် ၇၀ ကျပ်မှ ၈၀ ကျပ်ထိအောင် တက်သွားသည်။ သို့တစေ ထိုပေါက်ဈေးကို စပါးစိုက်တောင်သူလယ်သမားကြီးများ မခံစားရပေ။

မြိုးမြိုးမြက်မြက် ခံစားရသူများမှာ ဦးမောင်ကြီးတို့လို အဝယ်တော်ကြီးများနှင့် စတီးဘရားသား အရင်းရှင်ကုမ္ပဏီတို့သာ ဖြစ်၏။

မြန်မာနိုင်ငံ၏ ထိုစဉ်က အမြင့်ဆုံး စပါးဈေးနှုန်းမှာ ၁၉၂၄ ခုနှစ်တွင် ဖြစ်ခဲ့သည့် ပေါက်ဈေးပင်ဖြစ်၏။

၄၆ ပေါင်ကိုက် စပါးတင်းတစ်ရာ၏ ရန်ကုန်ပေါက် ဈေးနှုန်းမှာ ၂၀၀ ကျပ်ဖြစ်၏။ အမြင့်ဆုံး စပါးဈေးနှုန်းပင်။

တောင်သူလယ်သမားကြီးများလက်ဝယ်ပေါက်ဈေးမှာမူ ၁၀၀ ကျပ်မျှသာ ဖြစ်၏။ အဆင့်ဆင့် ခေါင်းပုံဖြတ်ခံခဲ့ကြရသည်။

စပါးဈေး အနိမ့်ဆုံးသို့ ထိုးကျသွားသည်မှာ ၁၉၃၄ ခုနှစ်။ တင်းတစ်ရာ၏ ပေါက်ဈေးမှာ ၅၀ ကျပ်မျှသာဖြစ်၏။ ထိုစဉ်နှစ်က တောင်သူလယ်သမားတို့ လက်ဝယ်ပေါက်ဈေးမှာ ၁၈ ကျပ်မှ ၂၂ ကျပ်အထိသာ ဖြစ်၏။

ဦးမောင်ကြီးမှာ စပါးဈေး တစ်ရှောင်းဆယ်အထက် ရှိခဲ့သည့် ၁၉၂၉ ခုနှစ်အထိ အဆမတန်သော အကျိုးအမြတ်ရရှိခဲ့သည့်အလျောက် ထိုလုပ်ငန်းဝင်ငွေဖြင့် လက်ရှိ ဦးတင်ထွန်း ဦးစီးလုပ်ကိုင်နေသော ဆန်စက်ကြီးကို တည်ထောင်ခဲ့ပေသည်။

"သားတို့အဘိုး ဦးမောင်ကြီးအကြောင်းကို မေမေတို့ မိဘတွေက ပြောပြခဲ့တာပေါ့။ သားတို့ဖေဖေနဲ့ မေမေ့ကို အိမ်ထောင်ချပေးဖို့ စီစဉ်တုန်းက ပြောပြခဲ့တာကို မေမေက မှတ်ထားလိုက်ရတာ။ သားတို့အဘိုး အလုပ်ကို ဘယ်လောက် ကြိုးစားလုပ်ခဲ့ပုံ ငွေစုခဲ့ပုံ၊ စက်တည်တော့မယ်ဆိုတော့မှ အားလုံး အံ့သြတကြီးဖြစ်ကြရပုံတွေလည်း ပါတာပေါ့"

တင်မောင်အေး၏ မျက်လုံးများမှာ သူ၏မိခင်ထံမှ ခွာ၍ အိမ်ဦးခန်းတွင် ချိတ်ဆွဲထားသည့် အဘိုးနှင့်အဘွားတို့၏ ဓာတ်ပုံဆီသို့ ရောက်သွားသည်။

အတန်ကြာမှ မိခင်ဖြစ်သူအား မေးလိုက်သည်။

"အဘိုးဟာ အလုပ်တွေ သိပ်ပင်ပင်ပန်းပန်း လုပ်ခဲ့လို့များ သက်ရှည်နေမသွားရသလား မသိဘူးနော် မေမေ"

"ဒီလိုလည်း မဟုတ်ပါဘူး သားရယ်။ သားတို့ဘိုးဘိုးထက် အလုပ်ပင်ပင်ပန်းပန်းလုပ်ရတဲ့ လယ်သမားကြီးတွေထဲမှာ အသက်ရှည်ရှည် နေရတဲ့သူတွေ အများကြီးရှိတာပေါ့။ တရားသဘောနဲ့ပြောရင် အတိတ်ကံဆိုးလို့ ဆိုရမှာပေါ့ သားရယ်။ မေမေတို့ သဘော်စီးတဲ့အခါ မအူပင်အထိ လက်မှတ်ယူထားရင် ရန်ကုန်အထိ ဆက်စီးလို့ ဘယ်ရမလဲ။ မအူပင်မှာပဲ ဆင်းရမှာပေါ့။ ဘိုးဘိုးလည်း ဒီအတိုင်းပဲပေါ့။ သက်တမ်းက ဒီလောက်အထိပဲလို့ သတ်မှတ်ချက်ပါလာတော့ ဒီလောက်အထိပဲ နေသွားရတာပေါ့"

ထို့မှ ဖခင်ဖြစ်သူအကြောင်း စကားဆက်မိသည်။

ဦးတင်ထွန်းမှာ ပညာထွန်းပေါက်သည်။ ကြိုးလည်းကြိုးစားသည်။ ဆယ်တန်းကိုလည်း အဆင့်မီမီအောင်ခဲ့သည်။ မိဘများ၏ စီးပွားရေးအခြေအနေကလည်း ပြည့်စုံသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့တစေ တက္ကသိုလ်သို့ မရောက်လိုက်ရ။ တက္ကသိုလ်သွားဖို့ ပြင်ဆင်ပြီးကာမှ ဖခင်ကြီးမှာ ရုတ်တရက်ကောက်ကာငင်ကာ လေဖြတ်သွားသည်။

လေဖျန်းရုံမဟုတ်ဘဲ ကိုယ်တစ်ပိုင်း လေဖြတ်သွားသောကြောင့် အိပ်ရာထဲက လုံးဝမထနိုင်တော့။ မိခင်ကြီးကလည်း တရောင်ရောင်သမား။

ဖခင်ကြီး၏ ကျန်းမာရေးနှင့် ဆန်စက်ကိစ္စလုပ်ငန်းကိစ္စမှာ ဦးတင်ထွန်းအပေါ်သို့ ကျရောက်လာသည်။

ညီဖြစ်သူမှာ လုံးဝအားပြု၍ရသူမဟုတ်။ ဖခင်ကြီး ထိုမျှလောက် ဖြစ်နေသည့်တိုင် အပေါင်းအသင်းများနှင့်လည်လိုက်ပတ်လိုက်၊ ပြဿနာပေါ်လိုက်ဖြင့်သာ အချိန်ကုန်နေသည်။

ဖခင်ကြီးကို အင်္ဂလိပ်နည်း၊ မြန်မာနည်းမျိုးစုံဖြင့် ပြုစုကုသသော်လည်း သုံးလကျော်ပဲ ခံလိုက်ရှာသည်။ မလွန်ဆန်နိုင်သော အနိစ္စနောက်သို့ ပါသွားရသည်။ ဦးတင်ထွန်းမှာ တက္ကသိုလ်သွားရေးအစီအစဉ်ကို လုံးဝဖျက်လိုက်ရသည်။ သူ၏ဘဝကို ဆန်စက်လုပ်ငန်းထဲမှာ နစ်မြုပ်လိုက်ရသည်မှာ ယနေ့ထိအောင်ပင်။

"သားတို့အဘိုး ဆုံးပြီး သုံးနှစ်ကျော်ကြာမှ သားတို့အဘွားနဲ့ မေမေ့မိဘတွေ စီစဉ်ပြီး သားအဖေနဲ့ မေမေတို့ လက်ထပ်ခဲ့ကြရတာပဲ။ သားတို့အဘွားက မေမေတို့အိမ်ထောင်ကျပြီး တစ်နှစ်ကျော်ကြာမှ လူကြီးရောဂါနဲ့ ဆုံးသွားရှာတာ။ မေမေ့လက်ပေါ်မှာပဲ အသက်ပျောက်သွားတာပေါ့"

"ဘွားဘွားက ဘိုးဘိုးထက် လေးနှစ်ကျော်လောက် သက်ရှည်နေထိုင်သွားရတာပေါ့နော် မေမေ"

"အေးပေါ့သားရယ်။ မေမေက သားတို့ဘိုးဘိုးနဲ့ အနီးကပ်မနေခဲ့ရပေမယ့် သားတို့ ဘွားဘွားနဲ့တော့ အနီးကပ် နေထိုင်ပြုစုခွင့်ရခဲ့တာပေါ့။ သားတို့ဘွားဘွားဟာ သိပ်ပြီး သဘောထားပြည့်ဝတယ်။ လူကြီးဆန်တယ်။ မေမေ့ကိုလည်း ချစ်တယ်။ သားတို့ဦးလေးအတွက် စိတ်မချတာချနဲ့ မျက်စိမှိတ်သွားရတာပေါ့။ သားကြီးအတွက်တော့ လုံးဝစိတ်ချတယ်လေ။ ဒါကြောင့်လည်း အတွင်းပစ္စည်းအားလုံးကို သားကြီးလက်ထဲ အပ်သွားတာပဲ။ စိန်ရွှေရတနာတွေ ဘယ်လောက်ရှိတယ်ဆိုတာ သားတို့ဦးလေး လုံးဝမသိဘူး။ ဒီနေ့အထိလည်း မသိဘူး။ သားတို့ဖေဖေက ဒါကိုတော့ လုံးဝ မပြောဘူး"

"ဦးလေးကို အပြင်ပန်းကြည့်ရတာ ဒီလောက်ဆိုးမယ်လို့ မထင်ရဘူးနော် မေမေ"

သားပြောလိုက်သည့် ထင်မြင်ချက်စကားကြောင့် ဒေါ်မြညွန့်က ညက်ညက်ကလေး ပြုံးလိုက်သည်။

"သားတို့ဦးလေးအကြောင်း ဘယ်သို့ဘယ်ညာဆိုတာမျိုး မေမေကမပြောစကောင်းဘူး။ မေမေ့မှာ နှုတ်မကျွံအောင် ထိန်းသိမ်းရမယ့် တာဝန်ရှိတယ်။ ခုသားက ထင်မြင်ချက်ပြောလာလို့ မေမေ နည်းနည်းပြောမယ်။ သားသိထားရအောင်လို့ပါ။ ထင်လွယ်တဲ့ဥပမာနဲ့ပြောရရင် သားဦးလေးဟာ ပျော့ပျောနဲ့နံ့တဲ့ ကြောင်ချေးပေါ့။ ဒီလောက်ဆို သားနားလည်ပါလိမ့်မယ်"

"ဖေဖေ့ကိုတော့ ဦးလေးက မလွန်ဆန်ရဲဘူးနော်"

"ဘယ်လွန်ဆန်ရဲပါ့မလဲ သား ရယ်။ ဒီစက်ကြီး တည်တံ့ခိုင်မြဲပြီး တိုး တက်ကြီးပွားလာအောင် သားဖေဖေ တစ်ယောက်တည်း လုပ်ခဲ့ရတာပဲဟာ။ သူက နို့သက်ခံစို့နေတော့လည်း ဘယ် လွန်ဆန်ရဲပါ့မလဲ။ သားဖေဖေက သားကို အားကိုးအားထားပြုရမယ့် သားတစ် ယောက် ဖြစ်စေချင်တာလဲ ဒါကြောင့် ပေါ့။ ဒီစက်ကြီးသာ သားဦးလေးလက် ထဲ ရောက်သွားရင် မီးလောင်တာထက် ဆိုးသွားမှာ သေချာတယ်လေ။ မီး လောင်တာကမှ အစအနကျန်ခဲ့ဦးမယ်။ သားဦးလေးလက်ထဲ ရောက်လို့ကတော့ အစအနမကျန်ဘဲ သူများလက်ထဲ ... လုံးလျားလျား ရောက်သွားမှာ သေချာ တာပေါ့။ မိဘရဲ့ အမွေအနှစ်ဆိုတာ ထိန်းသိမ်းတတ်ရင် ရတနာပေါ့ သား ရယ်။ မထိန်းသိမ်းတတ်တဲ့လူလက်ထဲ ရောက်ရင် ဗလချာပေါ့။ ဒါကိုတော့ သားရင်ထဲမှာ စွဲစွဲမြဲမြဲ မှတ်ထားနော်"

"ဟုတ်ကဲ့ပါ မေမေ၊ ကျွန်တော် ဖေဖေဖြစ်စေချင်သလိုဖြစ်အောင် ကြိုး စားပါ့မယ်"

တင်မောင်အေးက မိခင်ကြီး၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်ပြီး ... လိုက်လှဲလှဲကြီး ကတိပေးစကား ... ကြားလိုက်သည်။

ဒေါ်မြညွန့်မျက်နှာပေါ်တွင် ... သိမ့်အားရသည့် အပြုံးများ ဝေ... သည်။ မိဘနှင့်သားသမီး မေတ္တာ... အယှ အတုံ့အပြန်ရှိခြင်းသည် ... မဖြတ်နိုင်သော ကြည်နူးချမ်း... ဖြစ်စေလိမ့်မည်ပါ။

(ရှေ့လဆက်ရန်)

ကျော်မြ...



www.burmeseclassic.com

www.burmeseclassic.com

**စာရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)ထံမှ နှစ်ပေါင်း(၂၀)နီးပါးက စာတစ်စောင်**

ဆရာဦးအောင်မိုးဇော်(အထက်တန်း နက္ခတ္တဗေဒ၊ လက္ခဏာပညာရှင်)အား ၁၉၇၃-ခုနှစ်တွင် တွေ့ဆုံ၍ ဘဝရေစီးရေးများကို မေးမြန်းခဲ့ရာ ကျွန်တော့်အား ၁၉၇၄ ခု ဩဂုတ်လအတွင်း မြန်မာပြည် အရှေ့မြောက်ဒေသ တိုင်းပြည်သို့ ပညာတော်သင်ခရီး သွားရောက်ရပြီဟု ဟောကြားခဲ့ပါသည်။ ယခုအခါတွင် ဆရာ၏ ဟောကြားချက်များအတိုင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ (၁၅-၈-၁၉၇၄)နေ့တွင် ပညာတော်သင်အဖြစ် သွားရောက်ခဲ့ရပါသဖြင့် အံ့ချီးကာ ဟောကြားခဲ့သော ဆရာ၏ပညာရပ်များကို ချီးကျူး ဂုဏ်ပြုလိုက်ပါသည်။

စိန်ဝင်း
B.E (Mech.)
စက်ပစ္စည်းစက်ရုံ အမှတ်(၁)



၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

(Ex. စာပေဗိမာန်)

အထက်တန်းလက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်

ASTRO-PALMIST EXPERT

သင်တန်းနည်းပြ

အလုပ်ခန်းနေရာ
အမှတ်(၁၄)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အလုပ်ချိန် - နံနက်(၈း၃၀)မှ ညနေ(၆း၀၀)နာရီထိ

---

**မြင့်စေတနာဆေးတိုက်**

**(အရေပြားရောဂါမှန်သမျှဒိဋ္ဌပျောက်ကင်းစေရမည်။)**

# ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း (သမင်ဖြူ)၊ဖြူ နီ နက်ကွက်များ ◆အနာကြီးရောဂါ ◆ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့်အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, EC-ZEMA, RING WORM, DERMATITIS, Etc.

ဆရာ **ဦးခင်မောင်မြင့်** (မြင့်စေတနာဆေးတိုက်) ၊ အမှတ် (၃)၊ ဗိုလ်တောက်ရိပ်မြိမ်၊ ဆိုက်ကုန်-အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့ ဖုန်း-၀၁-၆၆၆၄၇၈၀၉-၇၉၈၈၆၉၁

**ဌာနခွဲ** - အမှတ် (၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့ ၊ ဖုန်း - ၀၂-၂၄၆၀၉၊ ဖုန်း - ၀၉၂၀၀၂၈၄၃

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဘုရင်မကြီး

# ရှင်စောပု

## နန္ဒာမိုးကြယ်

( ယ ခ င် လ မှ အ ဆ က် )

လွှမ်းစရာရှိလျှင် နာစရာနှင့် နာစရာနှင့်ဖြေ၊ နာစရာရှိတော့လည်း လွှမ်းစရာနှင့် ဖြေရမတဲ့လား။

သို့ဆိုလျှင်တော့ ရှင်ဘို့မယ် အပေါ် နာစရာတွေ ရှိနေခဲ့သည်ကို ည်သို့ လွှမ်းစရာနှင့် ဖြေရမည်နည်း။ လွှမ်းလောက်စရာတွေကကော ရှိမှ ရှိပါရဲ့လား။

ခုကျတော့ မင်းသမီးမျက်နှာဖုံး ကျကာ ဘီလူးရုပ်ကြီး ပေါ်လာခဲ့ ပြီ။

'ပခန်းစားတရဖျား'သည် ကျေး တောင်ညီ၏ သစ္စာခံဖြစ်၏။ အင်းဝ ခံတပ်နှင့် ပူးပေါင်းခုခံရန် စီစဉ်ရာ၌ ပခန်းစားတရဖျားသည် ကျေးတောင် ညီ၏ ခြေရင်း၌ ဝပ်စင်းကာ သစ္စာ တော်ခံခဲ့၏။ သည့်အတွက် ကျေး တောင်ညီ အထွတ်အထိပ်သို့ ရောက် တော့ ပခန်းစားတရဖျားအား ဆု လာဘ်ချီးမြှင့်ခဲ့လေသည်။

ထိုဆုလာဘ်ကား ...အခြား မဟုတ်။

ရှင်စောပုပါတည်း။

သည့်အတွက်ကြောင့် နန်းတွင်း သူ နန်းတွင်းသားများစွာ အင်းဝသူ၊ ...သားအပေါင်းတို့အနေဖြင့် ရှင် စောပုအပေါ် သနားကရုဏာသက်ခဲ့ ကြသည်။ နောက်ကွယ်မှ ကြိုးကိုင် သော ရှင်ဘို့မယ်၏ လုပ်ရပ်ကို ရွံ့ ရှာကြသည်။ ကျေးတောင်ညီ့အပေါ်၌ လည်း ကြိုးဆွဲနိုင်သော ရှင်ဘို့မယ် အဖို့ တရဖျားထံ ရှင်စောပုအား လက် ဆောင်ပဏ္ဏာအဖြစ် ချီးမြှင့်ပွဲ၌ အောင် သေအောင်သား စားလိုက်ရသလိုမျိုး ရွှင်လန်းတက်ကြွလျက်ရှိသည်။ သီဟ သူ၏အချစ်ကိုလုယူခဲ့သူအား ကောင်း ကောင်းကြီး လက်စားချေလိုက်ရသလို မျိုး ပီတိဖြစ်နေခဲ့ရသည်။ ရှင်ဘို့မယ်၏ လုပ်ရပ်က ရှင်စောပုအတွက်တော့ သေခြင်းထက် ဆိုးရွားလှပါဘိ။

ချစ်သောသူနှင့် ကွေကွင်းရခြင်း ဒုက္ခ။ မချစ်မနှစ်သက်သောသူနှင့် ပေါင်းဖော်ရခြင်း ဒုက္ခ။

ဝဋ်ကြွေးရှိလျှင် ပြန်ဆပ်ရစမြဲ ဖြစ်သော်လည်း ရှင်စောပုအတွက် ဝဋ်ကြွေးတွေက ဆပ်၍မကုန်နိုင်လောက် အောင် များပြားလွန်းလှပါဘိသည်။

တကယ်ဆိုလျှင် ရှင်ဘို့မယ် အနေနှင့် မိန်းမသားချင်းသော်လည်း ကောင်း၊ မဟာဆီ မဟာသွေးချင်း အပေါ်၌သော်လည်းကောင်း ကိုယ် ချင်းစာတရား ထားဖို့ကောင်းပါသည်။ အင်းဝတိုင်းပြည်၌ ရှင်စောပုကို အလို မရှိတော့ဘူးဆိုပါလျှင် ဟံသာဝတီသို့ ပြန်ပို့မလွှတ်သင့်ပေဘူးလား။

ယခုတော့ လက်စားချေလိုစိတ် ကို အရင်းခံလျက် နှလုံးသားနှင့်၊ ခံစားချက်နှင့် တည်ဆောက်ထားသူ ရှင်စောပုအား လူသားမဆန်လှစွာ သက်မဲ့ပစ္စည်းတစ်ခုနှယ် လက်ပြောင်း လက်လွှဲလုပ်လိုက်ခြင်းက ရက်စက် လွန်းရာကျရုံမက ယုတ်မာရာလည်း ကျပေသည်ကော။

တရဖျားအဖို့ရာမှာတော့ ရှင် စောပုကို ရလိုက်ခြင်းသည် လုံးဝ မျှော်လင့်မထားသော ဆုလာဘ်ထူး ကြီးကို ရလိုက်ခြင်းပဲဟု ထင်မှတ် ထားသည်နှင့်အမျှ အချိန်ရှိသရွေ့ ရှင်စောပု၏ အဆောင်တွင်းမှ မထွက် တော့။

ရှင်စောပု၏အဖြစ်က တရဖျား လက်ခုပ်တွင်းက ရေပမာပင်။

မချစ်သော်လည်း အောင့်ကာ နမ်းနေသည်။ မနမ်းသော်လည်း ပင့် သက်ရှူနေရသည်။ တရဖျား၏ ရမ္မက် နှောင်အိမ်အတွင်း၌ အကျဉ်းကျကာ အသွေးအထပ်တို့ကို ပေးဆပ်နေရ သည်။ ဆန္ဒမပါဘဲနှင့် လိုက်လျောနေ ခဲ့ရပြီ။ သည်အဖြစ်မျိုးကို ကွယ်ရာ၌ ရှင်ဘို့မယ်သည် အားပါးတရနှင့် ကျေ နပ်နှစ်သက်လှစွာ ရယ်မောဟားတိုက် နေမှာ သေချာသည်။

■ ■ ■

"တောက် ...ကျေးတောင်ညီ ဟာ အင်းဝဘုရင်တဲ့လား။ လုံးဝ မကျေနပ်နိုင်စရာပဲ"



www.burmeseclassic.com

www.burmeseclassic.com

အဲ့ကို တင်းတင်းကြိတ်လျက် မကျေမချမ်း ဆိုလိုက်သူက မိုးညှင်း သတိုးပဲ ဖြစ်သည်။

"သားတော်လည်း လုံးဝ မကျေနပ်တာ အမှန်ပဲ ခမည်းတော်"

သည်စကားကို ဆိုလိုက်သူက မိုးညှင်းသတိုး၏သားတော်ငယ် ဝန်းသိုစားပင် ဖြစ်သည်။ ဝန်းသိုစားကား အခြားမဟုတ်။ ဆင်ဖြူရှင်သီဟသူ၏ ကွမ်းတော်ကိုင် အင်းဘဲစားပင် ဖြစ်ပြီး အရှင်သခင် အရေးနိမ့်စဉ်က ကိုယ်တိုင်ဝင်ရောက် ဆင်နွှဲခဲ့သူဖြစ်ပြီး သခင်မ ရှင်စောပုကိုလည်း လေးစားတန်ဖိုးထားသူ ဖြစ်သည်။

"ကျေးတောင်ညီကိစ္စမှာ ရှင်ဘို့မယ်ဟာ အဓိကအချက်ပဲ။ သူ့ရဲ့ ကြိုးကိုင်မှုကြောင့် သခင် ရှင်စောပုခမျာ တရဖျားလက်ထဲ ရောက်ရရှာတယ်။ အရှင်သီဟသူ လုပ်ကြံခံရမှုမှာ ကျေးတောင်ညီနဲ့ ရှင်ဘို့မယ်တို့ ပူးပေါင်းမှုရှိနေတာ ငြင်းလို့မရဘူး ခမည်းတော်"

"အဲဒါကြောင့်ပေါ့ သားတော်ရယ်။ ခမည်းတော်နဲ့ ကျေးတောင်ညီတို့ ဆိုတာဟာ ဘုရင်မင်းခေါင်လက်ထက်ကတည်းက မင်းကြီးရဲ့ သူကောင်းပြု မြှောက်စားမှုကို အတူခံခဲ့ကြရတဲ့ ဘဝတူတွေပဲ။ အခုတော့ သင်းက ရှင်ဘို့မယ်နဲ့ ပူးပေါင်းပြီး အင်းဝဘုရင်ဖြစ်လာတော့ ခမည်းတော်ကို သူ့ရဲ့သစ္စာခံရမတဲ့"

"သစ္စာမခံနဲ့ ခမည်းတော်။ ခုဆို ခမည်းတော်မှာ သားတော်နဲ့ နောင်တော်တို့ ရှိနေပြီပဲဟာ။ ထကြွပုန်ကန်ကြမယ် ခမည်းတော်။ အင်းဝထီးနန်းနဲ့ ထိုက်တန်တာ ခမည်းတော်ပဲ ဖြစ်ရမယ်"

"ခမည်းတော်လည်း သည်အတိုင်းပဲ တွက်ဆထားပါတယ် သားတော်"

သို့ဖြင့် မိုးညှင်းသတိုး ဦးဆောင်လျက် သားတော် မိုးရွှေစားနှင့် ဝန်းသိုစားတို့လည်း စစ်သည်အင်အား များစွာ စုဝေးလျက် အင်းဝကို ထကြွပုန်ကန်လေတော့သည်။

ထိုကဲ့သို့ မိုးညှင်းသတိုး၏ ပုန်ကန်မှုသည် ကျေးတောင်ညီနှင့် ရှင်ဘို့မယ်တို့အတွက်တော့ ပလ္လင်လှုပ်စရာ ဖြစ်လာရသည်။ သည့်အတွက် တောင်ငူစား စောလူးသင်္ချာ၊ တောင်တွင်းစား သီဟပတေ့နှင့် ဘယဂါမဏိ၊ ရာဇသင်္ကြန်တပ်များ၊ သစ္စာတော်ခံလာသည့် အုန်းဘောင်စား လယ်သံဘွား၊ ပခန်းစား တရဖျားတို့နှင့် ရင်ဆိုင်ခဲ့သည်။

အင်းဝ၏ ရေတပ်များသည် မိုးရွှေစား၊ ဝန်းသိုစား ညီအစ်ကို၏ တပ်များကို ကောင်းစွာ မနွှဲရသေး။ မိုးညှင်းတပ် အနားကပ်လာသည်နှင့်ပင် ကစဉ့်ကရဲနှင့် ဆုတ်ခွာထွက်ပြေးကြကုန်သည်။ ကြည်းကြောင်းမှ ချီတက်လာသော မိုးညှင်း၏တပ်များဆိုလျှင် ညီနောင်နှစ်ပါး၏ တပ်နှင့် ပူးပေါင်းကြကာ ရွှေကြက်ယက်မှတစ်ဆင့် အင်းဝ၏ အရှေ့ဘက်သို့ကူးကာ တပ်စွဲထားကြသည်။ ရောဝတီနှင့် ဒုဋ္ဌာဝတီတို့ဆိုလျှင် ရေစီးသံပင် မညက်ညောတော့။ အင်းဝကို လက်လျှော့စေဖို့ရာ နိမိတ်ပြနေသည့်သဘောပေလား မဆိုသာ။

ဤတွင် မိုးညှင်းသတိုးသည် ကျေးတောင်ညီ၏ သစ္စာခံများကို စည်းရုံးသည်။

သစ္စာခံများကလည်း အခြေအနေအရပ်ရပ်ကို နားလည်သွားကြ သည်။ ကျေးတောင်ညီထံ သစ္စာခံ ခြင်းထက် သတိုးမိုးညှင်း၏ အထင်ကြီး မှုကို မခံနိုင်ကြ။ သည့်အတွက် ပခန်း သို့ ပြန်ပြေးသွားသော တရဖျားမှတစ် ပါး အားလုံးသည် ကျေးတောင်ညီနှင့် မပူးပေါင်းတော့ဘဲ မိမိတို့တပ်ကို ပြန် နုတ်သွားခဲ့ကြသည်။ ယုတ်စွအဆုံး ရေရှည်အကျိုးကို မြင်တတ်သော လယ်သံဘွားသည်ပင်လျှင် မိုးညှင်း သတိုးထံမှ လက်ဆောင်ပဏ္ဏာများ ရယူကာ သူ့တပ်ကိုနုတ်ပြီး ပြန်သွား ခဲ့လေပြီ။

သည်တော့ ကျေးတောင်ညီနှင့် ရှင်ဘို့မယ်တို့အဖို့ ဘာလုပ်လို့ ဘာ ကိုင်ရမှန်းမသိအောင် ဖြစ်ခဲ့ရသည်။ ဤတွင် ဘယဂါမဏိနှင့် ရာဇသင်္ကြန် တို့က အကြံဉာဏ်များ ပေးလာ သည်။

"မိုးညှင်းသတိုးကို တုပြိုင်နိုင် တာ အင်အားရှိမှ ဖြစ်လိမ့်မယ်။ သည် တော့ အင်အားစုဖို့ရာ ရခိုင်ကို တာ အကောင်းဆုံးဖြစ်လိမ့်မယ်"

နောက်ဆုံး၌ သည်အကြံ လက်ခံရတော့သည်။

ကုသိုလ်ကံဟူသည် အမြဲ ကောင်းနေသည်တော့ မဟုတ်။ တစ်လက်ပြီးပါက ကြက်တစ်ခုန် ပေဦးတော့မည်။

သူတို့ သွားခဲ့သော ခရီး ပန်းတိုင်ရှိရာ ရခိုင်သို့ပင် မရော စလင်းမှ ရခိုင်သို့အသွား ပဲလွန် အရောက်၌ စိတ်ပန်းလူပန်းဖြစ် ကျေးတောင်ညီ ကံတော်ကုန်ခဲ့သော်

အောင်ပွဲများ ဆက်တိုက် ဖြစ်သော မိုးညှင်းသတိုးအဖို့ နော ဆုံးမှာတော့ အင်းဝကို အလွယ်



www.burmeseclassic.com

www.burmeseclassic.com

သိမ်းပိုက်လိုက်နိုင်ပြီဆိုသည့် သတင်းကို ပခန်းရောက် ရှင်စောပုအဖို့ တရဖျားမှတစ်ဆင့် ကြားသိနေရသည်။

"မိုးညှင်းသတိုးဟာ မြို့စား၊ ရွာစားတွေကို သစ္စာခံအဖြစ် သိမ်းသွင်းနေတယ်။ ကျုပ်ကတော့ သင်း ဘယ်လိုပဲ သစ္စာခံခိုင်းခိုင်း သစ္စာခံဖို့ စိတ်မကူးဘူး။ ပခန်းကို ခိုင်မာသထက် ခိုင်မာအောင် လုပ်မယ်။ ပြီးရင် မိုးညှင်းသတိုးကို နိုင်အောင်တိုက်မယ်။ နိုင်လို့ကတော့ ကျုပ်ဟာ အင်းဝဘုရင်ဖြစ်ပြီ။ သည်တော့ ရှင်စောပုလည်း ကျုပ်ရဲ့ တောင်ညာစံ မိဖုရားခေါင်ကြီးဖြစ်ပြီပဲပေါ့ ဟုတ်ပလား"

အလိုက်သင့်သာ ခေါင်းညိတ်လိုက်ရသော်ငြား ရှင်စောပုစိတ်ထဲ လေးလေးနက်နက် မရှိ။ စိတ်အာရုံတစ်ခုလုံးလည်း နောက်ကျိနေဆဲ။

"စစ်ဘုရင်တွေဟာ အာဏာရူးတွေပါပဲ။ သူတို့အာရုံထဲမှာ အာဏာရဖို့ပဲ ရှိနေကြတယ်။ အပြစ်မဲ့ ပြည်သူပြည်သားတွေကို ဘာမှ နားလည်စာနာမှု မရှိကြပါကလား။ စစ်ဆိုတာဟာ ငြိမ်းချမ်းရေးအတွက်တော့ အရိပ်ည်းကြီးပဲ"

ရှင်စောပုအဖို့ ကြီးပြင်းဖြတ်သန်းခဲ့ရာ ကာလတစ်လျှောက် မုန်းတီးရှုံ့ရှာဖွယ်ကောင်းသော စစ်ကိုကြားလည်းမကြားချင်တော့။ ကြုံလည်း မကြုံချင်တော့။

ထိုအချိန်ဝယ် မိုးညှင်းသတိုး၏ အင်အားမှာ ကြီးထွားနေခဲ့ပေပြီ။

သည့်အတွက်ကြောင့်လည်း ‥ သီရိတြိဘဝနာဒိတျ ပဝရပဏ္ဍိတဓမ္မ ရာဇာဘွဲ့မည်ရည်ဖြင့် အင်းဝထီးနန်းကို စိုးစံသည့် မိုးညှင်းမင်းတရားကြီး ဖြစ်ခဲ့ရပေပြီ။ အထွတ်အထိပ်သို့ ရောက်ပြီဖြစ်သည့်အတွက် အိမ်တော်ပါ မင်းလှညက်ကိုပင် မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်ခဲ့သည်။ အိမ်ရှေ့စံကား သားတော်ကြီး မိုးရွှေစား။

"ခမည်းတော်ဘုရား ... တရဖျားဟာ သစ္စာမခံဘဲ ပခန်းကို ခြေကုပ်ယူလို့ ထောင်ထားခြားနားဖို့ လှုပ်ရှားနေတယ်၊ အဲဒါကို တိုက်ခိုက်ဖို့ရာ ခွင့်ပေးပါ ခမည်းတော်"

သားတော်ငယ် ဝန်းသိုစား၏ ခွင့်ပန်လာသော စကား။

"တိုက်ရမှာပေါ့ကွယ်။ သင်းက ပုဂံ၊ စလေ၊ စကု၊ ပခန်းငယ်၊ စလေ၊ ပြည် စတဲ့ နယ်စားပယ်စားတွေကိုပါ စည်းရုံးထားသတဲ့။ အေးလေ၊ တွေ့ကြသေးတာပေါ့"

သို့ဖြင့် မိုးညှင်းမင်းတရား ကိုယ်တော်တိုင် ပခန်းကို စစ်ချီတော့သည်။

ခုနစ်ရက်ပင် မပြည့်လိုက်။

ပခန်းလည်း မိုးညှင်းမင်းတရားအောက်သို့ ကျရောက်ခဲ့ရပေပြီ။ ပုန်ကန်ထောင်ထားခြားနားသူ တရဖျားကို နှောင်တည်းလျက် ရှင်စောပုနှင့် ဝင်တွေ့သည်။

တွေ့တော့လည်း တကယ့်ကို တလေးတစား။

"ကျန်းခံ့သာလို့ မာတော်မူပါရဲ့လား မိဖုရားကြီး"

"ကျန်းမာပေမဲ့ စိတ်ကတော့ တစ်နေ့ကလေးမျှ မချမ်းသာပါဘူး ရွှေနန်းရှင်ဘုရား"

"မပူပါနဲ့တော့ ... မိဖုရားကြီး။ သည်ကနေ့ကစလို့ မိဖုရားကြီးရဲ့ဘဝဟာ အသွင်ပြောင်းလဲသွားပါပြီ။ စိတ်လက်ချမ်းသာစွာနဲ့ အင်းဝမှာ စံတော်မူရပါတော့မယ်။ ကျေးတောင်ညီလည်း သူ့အကုသိုလ်နဲ့သူ ဘဝကို နိဂုံးချုပ်သွားခဲ့ပါပြီလေ၊ [illegible] ရောက်တဲ့အခါ အရင်လိုပဲ အဆောင်အယောင်တွေနဲ့ စိတ်လက်ချမ်းမြေ့စွာ စံစားတော်မူရပါစေ့မယ်"

"ရွှေနန်းရှင်ဘုရား ... ရှင်စောပုအနေနဲ့ ဘယ်လိုအဆောင်အယောင်မျိုးတွေကိုမှ စွဲလမ်းတက်မက်ခြင်း မရှိတော့ပါဘူး။ ရတနာသုံးပါးကို စိတ်လက်ချမ်းသာစွာနဲ့ ဆည်းကပ်ကိုးကွယ်ခွင့်ရရင်ပဲ ကျေးဇူးတော်က အတိုင်းမသိပါ ရွှေနန်းရှင်ဘုရား"

"စိတ်ချပါ မိဖုရားကြီးရယ်။ မိဖုရားကြီးအလိုရှိသမျှ အားလုံးဖြစ်စေရမယ်"

"ဝမ်းမြောက်ဝမ်းသာ ရှိလှကြောင်းပါဘုရား"

မိုးညှင်းမင်းတရားအဖို့ သီဟသူကို လေးစားချစ်ခင်ရင်း ရှိခဲ့သည်။

သည့်အတွက်ကြောင့်လည်း ‥ သီဟသူ တမြတ်တနိုးရှိခဲ့သော ရှင်စောပုအား လေးစာရင်းစွဲရှိကာ ကတိစကားအတိုင်းပင် ဆက်လက်ချီးမြှင့်ခဲ့ပါ၏။

သို့ဖြင့်ပင် ရှင်စောပုအဖို့ မိုးညှင်းမင်းတရားကြီး၏ မိဖုရားဖြစ်ခဲ့ပြန်တော့သည်။

ကံကြမ္မာကား ဆန်းကြယ်လွန်းလှပေစွ။

■ ■ ■

ကံကြမ္မာကား ခုနီ၊ ခုဝါ၊ ခုပြာ၊ ခုမှိုင်း အချိန်တိုင်းမှာတော့ တိမ်လွှင်းပမာ ပြောင်းလဲတတ်သော သဘောရှိပေသည်။

"သခင်မဘုရား ... စစ်ကိုင်းဘက်မှာ ဟံသာဝတီကနေ စာပေကျမ်းဂန်သင်ယူဖို့အတွက် ရဟန်း



www.burmeseclassic.com

www.burmeseclassic.com

ကလေးနှစ်ပါး ရောက်နေတယ်လို့ သတင်းရပါတယ်ဖုရား"

"ဟင် ... ဟုတ်လား"

မျှော်လင့်မထားသော စကားကို ကြားလိုက်ရသည့်အတွက် ရှင်စောပု အဖို့ ပါးစပ်အဟောင်းသား ဖြစ်သွား ရသည်နှင့်အမျှ ... ရင်ထဲမှာလည်း အတိုင်းမသိ ဝမ်းသာသွားခဲ့ရသည်။ သည်ရဟန်းနှစ်ပါးကို ဖူးတွေ့လိုက်ရလျှင်ဖြင့် ဟံသာဝတီအပေါ် လွှမ်းဆွတ်ရခြင်းအနေအထားမှာ အတိုင်းအတာတစ်ခုအထိတော့ လျော့ပါးလိမ့်မှာ သေချာသည်။ သည့်အတွက် ဝမ်းမြောက်ဝမ်းသာစွာဖြင့် အဆောင်တော်တွင်းသို့ ဆွမ်းစားပင့်ဖို့ စီစဉ်စေတော့သည်။ သည်ကိစ္စအတွက် မိုးညှင်းမင်းတရားကလည်း ကြည်ဖြူစွာဖြင့်ပင် လိုက်လျောခွင့်ပြုခဲ့သည်။

သို့ဖြင့်ပင် ရှင်စောပုအဖို့ ဣန္ဒြေ သိက္ခာတော်နှင့် ပြည့်စုံလှသည့် မွန်ရဟန်းတော်ကလေးနှစ်ပါးကို ဆွမ်းလုပ်ကျွေးခွင့် ရသည်နှင့်အမျှ တရားဒေသနာတော်များကိုလည်း နာကြားခွင့်ရခဲ့သည်။

ရဟန်းတော်ကလေး နှစ်ပါးတွင် အကြီးဆုံးသည် အရှင်ဓမ္မဓရဖြစ်ပြီး အငယ်ရဟန်းတော်မှာ အရှင်ဓမ္မညာဏ ဖြစ်ချေသည်။

အရှင်ဓမ္မဓရသည် စာပေကျမ်းဂန်တို့ကို ပိုမို၍ တတ်မွန်၏။ အပြောအဆို လိမ္မာကျွမ်းကျင်၏။ ရဟန်းဝါနုသေးသော်လည်း ထေရ်ကြီးဝါကြီးနှင့်မခြား ရင့်ကျက်ကာ ကြည်လင်သော အဆင်းသဏ္ဍာန်နှင့် ပြည့်စုံသည်ဟု ဆိုရမည်။ ထိုအရှင်တို့နှင့် စကားစမြည် ပြောရဆိုရမည်ဆိုလျှင် ရှင်စောပုအဖို့ ဘယ်သောအခါမှ ဝလင်သည်ဟူ၍ မရှိခဲ့။

"အရှင်ဘုရားတို့ ... ဟံသာဝတီနန်းတွင်းထဲမှ ဘယ်လိုအရေးကိစ္စတွေ ရှိနေတယ်ဆိုတာ တပည့်တော်မ သိချင်ပါတယ်ဘုရား"

"အင်းလေ ... ဒကာမကြီး အနေနဲ့ ဟံသာဝတီက ခွဲခွာလာခဲ့ရတဲ့ ကာလတွေဆိုတာကလည်း နည်းမှ မနည်းတာကလား။ သည်တော့လည်း သိချင်ရှာမပေါ့လေ။ ဒကာမကြီးဟာ စစ်မက်မဖြစ်ပွားရေး၊ ဟံသာဝတီငြိမ်းချမ်းရေးအတွက် အနစ်နာခံခဲ့တဲ့အတွက် ဟံသာဝတီပြည်သူပြည်သားအပေါင်းဟာ ကျေးဇူးတင်မဆုံး ဖြစ်ရတာနဲ့အမျှ ရင်သွေးရတနာလေးတွေကို ခွဲခွာသွားရတဲ့အတွက် ကရုဏာသက်လို့မဆုံးနိုင်အောင် ဖြစ်နေကြပါတယ် ဒကာမကြီး"

သည်လိုဆိုတော့လည်း ပြည်သူပြည်သားအပေါင်းတို့သည် သူ့အပေါ် အရေးတယူနဲ့ အလေးမူကြပါကလားဟု တွေးတောရင်း ရှင်စောပုအဖို့ ကျေနပ်သလိုလို ဖြစ်ရပါသေးသည်။

"ဒကာတော် ဗညားရံလည်း ကျန်းခံ့သာလို့ မာတော်မူပါတယ်။ ပြီးတော့ ဒကာမကြီးရဲ့ ရင်သွေးတော်တွေကိုလည်း ရင်အုပ်မကွာ ကျွေးမွေးပြုစု စောင့်ရှောက်ပါတယ် ဒကာမကြီး။ ဟံသာဝတီမှာ ဗညားဓမ္မရာဇာ ကံကော်ကုန်ပြီးတဲ့နောက် ဗညားရံကပဲ ဟံသာဝတီထီးနန်းကို စိုးစံတော်မူခဲ့တယ် ဆိုပါတော့"

"သည်စကားကြားရတော့ ဝမ်းသာ,ဝမ်းနည်း ဖြစ်ရပါတယ်ဘုရား"

"ဒါဟာ ပုထုဇဉ်တွေမှန်သမျှ ရှောင်လွှဲလို့မရနိုင်တဲ့ လောကဓံတရားတွေပဲလေ။ အင်းဝမှာ မင်းပြောင်းမင်း လွဲတွေဖြစ်ပြီး ဒကာမကြီးမှာ သော... ပင်လယ်ဝေခဲ့ရတာတွေ သတင်းသဲ့သဲ့ ကြားရပါရဲ့။

သည်အဖြစ်တွေကို ဂေါတမ ဘုရားရှင်ရဲ့ တရားတော်နဲ့ နှလုံးသွင်း ကြည့်ပြီး အကြွေးဟောင်းတွေကို ကျေ... အောင် ပြန်ဆပ်နေရတာပဲလို့ သဘော... ထားလိုက်ပါ ဒကာမကြီး။ လောကမှာ ဘယ်သူတွေ မကောင်း မကောင်း... ကိုယ့်ဘက်ကတော့ ကောင်းဖို့လို... တယ်။ မကောင်းမှုရှောင်၊ ကောင်းမှု... ဆောင်ပြီး ဖြူအောင်စိတ်ကို ထား... လိုပါတယ်။ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ပါနဲ့။ သူတော်ကောင်း... သူတော်မြတ်တွေကို နတ်ကောင်း... က စောင့်ရှောက်ကြပါလိမ့်မယ်"

ရဟန်းတော်၏ အပူငြိမ်း... ဒေသနာများကြောင့် လေးပင်... သောအရာများ ပေါ့ပါးသွားရသည်... အမှန်ပင် ဖြစ်သည်။

"အရှင်ဘုရားတို့ ... အရှင်... ဘုရားတို့ အင်းဝကိုရောက်လာခဲ့... ဟာ တပည့်တော်မကို သောက... ကနေ ဆွဲထုတ်ကယ်မနေသလို... ဘုရား။ သည်ကနေ့ကစပြီး တပည့်... တော်မကို ပစ္စည်းလေးပါး ဒါယိကာ... အဖြစ် မှတ်ယူတော်မူပါ။ သီတင်း... တိုင်းလည်း ဆွမ်းစားကြွရောက်... မူပါ အရှင်ဘုရားတို့"

"သာဓု ... သာဓု .. သာဓု ဒကာမကြီး"

■ ■ ■

သည်လိုနှင့်ပင် ... မွန်ရဟန်း... ကလေးနှစ်ပါးသည် ရှင်စောပုအား... ကိုးကွယ်ရာဖြစ်လာခဲ့သည်။ အဆောင်... တော်တွင်းသို့လည်း ဝင်ခွင့်...



www.burmeseclassic.com

www.burmeseclassic.com

ခွင့် ရထားလေသည်မို့ ရှင်စောပုနှင့် ရဟန်းငယ်နှစ်ပါးတို့မှာ တစ်ပတ်ထက် တစ်ပတ် ရင်းနှီးမှုများ တိုးတက်လာခဲ့တော့သည်။

ဇာတိမြေအပေါ် အလွမ်းပြေရသည်။

သောကအပူမီးတွေ ငြိမ်းတန်သလောက် ငြိမ်းရသည်။

ရှင်ဓမ္မနှင့် ရှင်ဓမ္မညာဏတို့သည် စာပေကျမ်းဂန်တို့ကို အတန်အသင့် သင်ကြားပြီးကြသည့်အခါ ဂမ္ဘီရဝိဇ္ဇာမရ လောကီပညာရပ်များကို လေ့လာလိုက်စားကြပြန်သည်။

သည်ကာလအတွင်းမှာပင် ရှင်စောပုအဖို့ သွေးလေဖောက်ပြားလေသလား မသိ။ မသိမသာ ကြုံလှီဖျော့တော့လာခဲ့သည်။ နာဖျားမကျန်းဖြစ်လာခဲ့သည်။ သည်အဖြစ်ကို မိုးညှင်းမင်းအနေဖြင့် ဂရုမစိုက်နိုင်အား။

သူ့အဖို့ လက်ဝယ်ရရှိပြီးသောအင်းဝကို တည်ငြိမ်မှုရှိအောင်၊ သစ္စာခံများ ထကြွမှုမရှိရလေအောင် ကွပ်ကဲနေရသည်။ ပောင်းနွမ်းဆွေးမြည့်ပြိုလာသော နန်းတော်အား သူ့ဘက်ထက်၌ သစ်လွင်တောက်ပလာစေရန် အသစ်ပြန်လည်တည်ဆောက်ရေးကို လုံးပန်းနေရသည်။ သည့်အတွက် မိဖုရားဆောင်များသို့ ဝင်ရန်အချိန်ပုံမှန် မပေးနိုင်ခဲ့။ ရှင်စောပု၏ ကျန်းမာရေးအတွက်လည်း နန်းတွင်းသမားတော်ကြီးများကိုသာ လွှဲအပ်ထားခဲ့သည်။

နန်းတွင်းသမားတော်ကြီးများ ကျော်လည်းကျော်ကြား၊ တော်လည်းတော်ကြပါပေသည်။ သို့ပါသော်လည်း လူနာတစ်ယောက်အား ရောဂါ ... သင့်အောင်ပေးတတ်ခြင်း မရှိပါက ဘယ်မှာလာ၍ ဝေဒနာပျောက်ကင်းမှာတဲ့နည်း။

ရှင်စောပု၏ ဝေဒနာကား သက်သာလာခြင်းမရှိခဲ့။ ပင့်ဆောင်ထားသော မွန်ရဟန်းကလေးတွေ ကြွလာသည့်တိုင် ခါတိုင်းကဲ့သို့ ခရီးဦးကြိုမပြုနိုင်ရှာ။ သည်အနေအထားကို ရှင်ဓမ္မရေက သဘောပေါက်သည်။

“ဒကာမကြီးရဲ့ ရောဂါဟာ ထူးထူးထွေထွေ မဟုတ်သလို ကံနာဝဋ်နာလည်း မဟုတ်ပါဘူး။ စိတ်ကြောင့်ဖြစ်ရတဲ့ ရောဂါဝေဒနာပါ”

“မှန်ပါတယ် ဘုရား။ တပည့်တော်မအဖို့ ဟံသာဝတီကို တွေးမိတိုင်း လွမ်းဆွတ်မဆုံးနိုင်ဖြစ်ရသလို အဖမဲ့ရှိမက အမိရင်ခွင်နဲ့လည်း ဝေးနေကြရရှာတဲ့ ရင်သွေးငယ်လေးတွေအတွက် တွေးမိတိုင်း ဖြေမဆည်နိုင်အောင် ခံစားနေရတာမို့ ကြာရင်ဖြင့် လုံးပါးပါးတော့မှာ အမှန်ပါပဲဘုရား”

“မဟုတ်သေးပါဘူး ဒကာမကြီးရယ်။ ရောဂါဝေဒနာကို သိရင် ဆေးဆိုတာ ရှိစမြဲပါ။ သင့်လျော်အပ်စပ်အောင် ပေးတတ်ဖို့ပဲ လိုပါတယ်။ ဒါထက် ဒကာမကြီးရဲ့ လက္ခဏာနဲ့ ဇာတာတော်တို့ကို ဦးဇင်းတို့ စစ်ဆေးကြည့်ပါရစေဦး”

သို့ဖြင့် ရဟန်းတော်နှစ်ပါးလည်း ရှင်စောပု၏ လက္ခဏာနှင့် ဇာတာတော်တို့ကို စေ့စပ်သေချာစွာ စစ်ဆေးကြည့်ရှုကြသည်။

“ဒကာမကြီး ... ဘယ်လိုမှ စိတ်သောက မရောက်ပါနဲ့တော့။ ဒကာမကြီးဟာ သောကအပူတွေ မငြိမ်းမချင်း၊ အထွတ်အထိပ်ကို မရောက်မချင်း ဘယ်လိုမျိုးမှ အသက်ဘေးအန္တရာယ် ကျရောက်မှာမဟုတ်ပါဘူး။ မကြာခင်မှာပဲ အဆိုးအညံ့တွေ မှန်သမျှ ကင်းပျောက်ပြီး အေးချမ်းသာယာတဲ့ ဘဝထဲကို ရောက်ရတော့မှာပါ။

ဘာ့ကြောင့်လဲဆိုတော့ ဒကာမကြီးရဲ့ ဒါန၊ သီလ၊ ကုသိုလ်၊ ဘာဝနာတွေကြောင့်ပေါ့။ အခုခံစားနေရတဲ့ ဒုက္ခတွေ၊ စိတ်သောကရောက်စရာတွေ ဆိုတာဟာ အကောင်းဖြစ်ချင်လို့ အဆိုးရှေ့ကခံတဲ့ သဘောပါ။ ဒကာမကြီးရဲ့ ကံဇာတာကို တွက်ချက်ကြည့်လိုက်တဲ့အခါ သာမန်ပုဂ္ဂိုလ် မဟုတ်ဘူးဆိုတာ ထင်းနေတာပါပဲ။ သည်တော့ နွားသိုးမှန်ရင် ချိုချက်မကင်းသလို အထွတ်အထိပ်ရောက်မယ့်သူဆိုတာလည်း ကံကြမ္မာလေပြင်းမုန်တိုင်းတွေရဲ့ ရိုက်ခတ်မှုကို ခံရမှာပဲ။

ဒကာမကြီးဟာ သာမန်မဟုတ်ပါဘူး။ အထွတ်အထိပ်ရောက်ပြီးတဲ့နောက် သာသနာတွေကိုလည်း စိတ်တိုင်းကျ ပြုရမယ့်သူပါ။ ဒါ့ကြောင့် အပရိကဖြစ်တဲ့ ကိစ္စတွေကို ခေါင်းထဲထည့်မထားပါနဲ့တော့။ ကိုယ်ရောစိတ်ပါ ကျန်းမာပါမှ ဒကာမကြီးအလိုကျတဲ့ ဘဝကို စိတ်တိုင်းကျ တည်ဆောက်နိုင်ပါလိမ့်မယ်”

သည်စကားကြားရတော့ ဝမ်းသာမိသွားတာ အမှန်ပဲဖြစ်သည်။ သို့ရာတွင် ကြာကြာတော့ ဝမ်းမသာနိုင်အား။

“ဒါဟာ ငါ့ကို စကားအလိမ္မာသုံးပြီး နှစ်သိမ့်သွားတာပဲ ဖြစ်လိမ့်မယ်။ ဘယ်လိုပဲတွေးတွေး ငါ့အဖြစ်က ရှေ့တိုးလည်း ထမ်းပိုး၊ နောက်ဆုတ်ပြန်တော့လည်း လှည်းတုတ်ဆိုတာမျိုးလို ဖြစ်နေတယ်။ သည်လိုမျိုး

www.burmeseclassic.com

ဟုတ်လာနိုး၊ ဟုတ်လာနိုး တအုံအုံ တဖွေးဖွေးနဲ့တော့ ဘဝဟာ ရှင်လျက်နဲ့ သေနေရတာမျိုးပဲ ဖြစ်လိမ့်မယ်။ မသေချင်အချိန်ကလေးမှာတော့ ဇာတိမြေ ဟံသာဝတီရဲ့ လေကိုရှူ၊ ရေကြည်ကိုသောက်၊ မြေပေါ်လျှောက်ချင်ပါသေးတယ်''

ထို့ကြောင့်ပင် နောက်သီတင်းပတ်ကို ရောက်လာတော့ ရှင်မမွဲရေအား လက်ရှိဆန္ဒအမှန်ကို ဖော်ထုတ်ရင်ဖွင့်လိုက်တော့သည်။

''တပည့်တော်မရဲ့ ဆန္ဒအမှန်ကတော့ ဟံသာဝတီကို ပြန်ချင်တာပါပဲ ဘုရား''

''ပြန်ချင်တော့လည်း ပြန်ရတာပေါ့လေ''

''သူများတွေအတွက်တော့ ... ဟုတ်ချင်ဟုတ်ပါလိမ့်မယ်။ တပည့်တော်မအတွက်တော့ အင်မတန်မှ ခက်ခဲလှပါတယ်ဘုရား။ တကယ်တော့ တပည့်တော်မဟာ လူသာမန်တွေလို လွတ်လပ်ခြင်းမရှိတဲ့ လက်ဆောင်အရုပ်ကလေး တစ်ရုပ်ပါပဲဘုရား။ အရှင်ဘုရားတို့က ပြန်ချင်တော့လည်း ပြန်ရတာပေါ့လေလို့ဆိုတော့ ပြန်ဖို့အစီအစဉ်ရှိပြီနဲ့တူပါရဲ့''

''ရှိလို့လည်း မိန့်တာပေါ့ ဒကာမကြီးရဲ့။ အဲသည်အခါ ဒကာမကြီးကိုပါ တစ်ပါတည်း ခေါ်သွားကြမယ်လေ''

တကယ်တော့ ... ကြားရသည့်စကားတွေက ဌာနေလွမ်းသူ ရှင်စောပုအတွက် အားရတက်ကြွဖို့ရာ ကောင်းလှချေ၏။ သို့သော်ငြား ရှင်စောပုအဖြစ်က လန်းမရွှင်သာရယ်ပါ။

''တပည့်တော်မ ပြန်လိုက်ခဲ့ရင် ငြိမ်သက်အိပ်မောကျနေတဲ့ အင်းဝဟာ နိုးထလာပြီး ဟံသာဝတီကို စစ်ခင်းဖို့ရာ မျက်နှာထသစ်ဦးမှာပဲလေ။ ဒါဆိုရင် တပည့်တော်မဟာ ငြိုဟ်ဆိုးတစ်ကောင် ဖြစ်သွားတော့မှာပေါ့။ တပည့်တော်မတော့ ဘဝကို လက်မြှောက်ပေးလိုက်ပါပြီ။ အရှင်ဘုရားတို့သာ ဟံသာဝတီကို ပြန်ကြွပြီး ဘာသာ၊ သာသနာကို စည်ပင်ထွန်းကားအောင် ဆောင်ရွက်ကြပါတော့''

''မဟုတ်သေးပါဘူး ဒကာမကြီး''

နေရာတကာမှာ အချိန်အခါဆိုတာ ရှိပါတယ်။ အခွင့်သာ အခါပေးတာတွေ ရှိပါတယ်။ ဦးဖင်းတို့ စီစဉ်ကြတဲ့အခါမှာ အခြေအနေအရပ်ရပ်ကို မျက်စိမှိတ်ပြီး ကိုယ်ဖြစ်ချင်တာကိုချည်းပဲ ဖွတ်နှစ်ဆောင်ရွက်လို့ မရမှန်း နားလည်သဘောပေါက်ခဲ့ကြပြီးသားပါ။

ခုအချိန်ဟာ ... ဒကာမကြီးအတွက် အချိန်ကောင်း အခါကောင်းဆိုရင် မမှားဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒကာမကြီးရဲ့ဇာတာမှာ သည်အချိန်ဟာ ဇာတိမြေနဲ့ သဟဇာတဖြစ်ဖို့ ပြနေတယ်။ ပြီးတော့ မိုးညှင်းမင်းတရားအဖို့မှာလည်း သူ့ပလ္လင်တည်မြဲဖို့ ရှုပ်ထွေးနေတဲ့ တိုင်းရေးပြည်ရေးတွေကို ဖြေရှင်းဖို့ရာပဲ ခေါင်းထဲရှိနေတယ်။ မိဖုရားတွေမှာ အာရုံမကျ၊ အလေးအနက် မထားချိန်မှာ ဒကာမကြီးရဲ့ ပြည်တော်ပြန်ခရီးဟာ သိပ်ပြီးခဲယဉ်းမှာ မဟုတ်တော့ဘူး။

တွက်ချက်ကြည့်တဲ့အခါမှာလည်း အန္တရာယ်ကျရောက်မယ့်နိမိတ်တွေ မမြင်ရဘူး။ သည်တော့ အပြစ်ဖို့စရာ မရှိရလေအောင် မင်းတရားကြီးကို ခွင့်တောင်းကြည့်ပါ။ သည်လိုမှ အခြေအနေပေးမလာတဲ့အခါ ဦးဖင်းတို့မှာ အကြံအစည်ကောင်းတွေ ရှိပါတယ်။ ဒကာမကြီးအတွက် ကျိန်းသေအောင်မြင်ရမယ့် အကြံအစည်တွေပါ''

အားရစရာမှ တကယ့်ကို အား စရာ။

''အခွင့်သာခိုက်မှ မလိုက်နိုင် ကတော့ အမိုက်နင့်ပြင် မရှိတော့ ရှင်စောပုရေ'' ဟူ၍ သဘောပေါ် လိုက်ရပါသည်။ အရှင်နှစ်ပါးတို့ လည်း ဟံသာဝတီကိုပြန်ဖို့ရာအတွက် လက်ရွေးစင်လူများကို စုထားနှင့် ပြီ။ စားရေရိက္ခာနှင့်တကွ လှေ မှာလည်း အဆင်သင့်။

သည်တော့ အစီအစဉ်အတိုင်း ချိတ်ရည်နှင့် ကနခိုစေ့ကို ရော ဖျော်စပ်ထားသော ဆေးရည် သောက်ချလိုက်သည်။

ဆေးတန်ခိုးကား အာနိသင် ထက်လှပေစွ။

သွေးဝမ်းတို့ မရပ်မနား သွား တော့သည်။ ကိုယ်ခန္ဓာမှာလည်း ချည့်နဲ့နဲ့။

သည်အကြောင်းကို မင်းတရား ထံ ရွှေနားတော်သွင်းလေတော့ ရောက်ရှုစားပြီး သမားတော်တို့ကို ဆောင်ကာ ကုသစေခဲ့၏။ သမား တော်တို့မှာလည်း တစ်ဖက်လှည့် ရှင်စောပု၏ တန်ခိုးလက်ဆောင် ယူထားကြသည်ဖြစ်ရာ မင်းတရား အား ရောဂါအလွန်သည်းထန် ကူးစက်နိုင်သည့်အကြောင်းကိုပါ သာထိုးထိုးကလေး လျှောက်တင် လေသည်။

''အင်းလေ ... သတ္တဝါ ကံတစ်ခုပေပဲ။ သဗ္ဗေသတ္တာ က ကာပေါ့လေ။ မိဖုရားဆန္ဒရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com

လုပ်ဆောင်ပါစေ"

"အရှင်မင်းကြီး . . . သခင်မ ဖုရားဟာ သူ့ရောဂါဟာ ကျွန်တော်မျိုးတို့ရဲ့ ဆေးဝါးနဲ့ မပျောက်နိုင်။ မြို့ပြင်ထွက်ပြီး ဗလိနတ်စာကျွေးပြီး တိုင်တည်ဆုတောင်းပါမှ ရောဂါအရှင်း ပျောက်နိုင်မယ်လို့ ယုံကြည်နေပါတယ် ဘုရား"

"ဒါဆိုလည်း မိဖုရားရဲ့လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးရမှာပေါ့"

ရှင်စောပုအဖို့ မြို့ပြင်ထွက်ဖို့ အခွင့်အလမ်း ရချေပြီ။

သို့ရာတွင် အပြင်သို့ထွက်ရာ၌ အင်းဝသူ အင်းဝသားတို့ တွေ့မြင်သွား၍မဖြစ်။

တွေ့မြင်သွားပါက ရှင်စောပုတို့၏ လှုပ်ရှားမှုအစုစု၊ နောက်ဆုံး . . . အင်းဝမှ ထွက်ပြေးမှုတို့သည် မင်းနားတစ်ထောင်သို့ ပေါက်ကြားသွားနိုင်သည်။ ထိုအခါတွင် မဖြစ်သင့်တာတွေ ဖြစ်ကုန်တော့မည်။ မင်းတရားကြီးအဖို့ စိတ်ကြည်သာနေလျှင် အကြောင်းမဟုတ်။ စိတ်အလိုမကျဖြစ်၍ အခန့်မသင့်ပါက . . . မင်းတို့မျက်စောင်း အကြောင်းအရှေး ဖြစ်သွားနိုင်သည်။

သည်တော့ လှုပ်ရှားမှုသည် ညအချိန်ကာလကျမှသာလျှင် အကောင်းဆုံး။

ရဟန်းနှစ်ပါး၏ အစီအစဉ်က ...သပ်ရပ်ရှိမှုမက အကွက်လည်း ...လှသည်။ ရှင်စောပု၏ အဆောင်...၌ ရည်မြင့်စွာ တရားဟောတော်...ပြီး ဂမ္ဘီရပိဋကရှ လောကီအတတ်...ရပ်များဖြင့် ရှင်စောပုမှတစ်ပါး ...ဆောင်တွင်းရှိ တရားနာပရိသတ် ...ကို အိပ်မောကျစေခဲ့သည်။ ထို

အခါ ရှင်စောပုအား ဖျာလိပ်အတွင်း ဝင်စေပြီး ဖျာလိပ်အား သက်နိုးတို့ဖြင့် ရစ်ပတ်ကာ တင်ကြိုခေါ်ဆောင်လာသော အားကောင်းမောင်းသန် မွန်ဒါယကာကို ထမ်းစေ၏။

မြစ်ဆိပ်ဆင်းရာ လမ်းတစ်လျှောက် တွေ့မြင်ကြသူများက စပ်စုမေးမြန်းကြ၏။

"အရှင်ဘုရားတို့ . . . သင်္ကန်းလိပ်ကြီးကလည်း ကြီးလှပါကလား"

"ဟုတ်ပါရဲ့။ အဲဒါ ဒကာမကြီး ရှင်စောပု လှူဒါန်းလိုက်တာလေ။ ကြီးဆို စောင်တွေ၊ ခေါင်းအုံးတွေကို ဖျာနဲ့လိပ်ထားတာကလား"

"သြော် . . . သြော် . . . ဒါကြောင့်ကိုး"

စပ်စပ်စုစု လုပ်လိုသူများ ကျေနပ်သွားကြသည်။

မြစ်ကမ်းစပ်သို့ ရောက်လျှင် အမှောင်ရိပ်တစ်နေရာကိုရှိလျက် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ လူသူအရိပ်လေးပါး ကင်းပြီဆိုတော့မှ ကြိုတင်စီစဉ်ထားသည့်အတိုင်း ပေါ့ပါးလှစွာသော ဝါးသရိုးကိုင် ယွန်းလှေကို ရေချကာ ရှင်စောပုအား လှေဝမ်းတွင်းသို့ ဝင်ခိုအောင်းစေ၏။

ထို့နောက် ရှင်ဓမ္မဇရက ပဲ့ကိုင်၍ ရှင်ဓမ္မညာဏက လှော်ခတ်သည်။

ရေဝတီမြစ်ရေပြင်ကား မှိန်ပျပျလရောင်အောက်၌ လှိုင်းကြက်ခွပ်ကလေးများနှင့် တ္တန္တြေရလှသည်။ သိမ်သိမ်မွေ့မွေ့ ရှိလှသည်။ ထိုသို့သော အနေအထားတွင် အင်းဝမှ စုန်ဆင်းလာသော ဝါးသရိုးကိုင် လှေကလေးသည် တရိပ်ရိပ် ပြေးလျက်ရှိချေသည်။

နောက်တစ်နေ့ရောက်တော့ ...နန်းရှင်ထံသို့ သတင်းရောက်လာခဲ့သည်။

"မိဖုရားရှင်စောပုဟာ ရဟန်းနှစ်ပါးရဲ့ အကူအညီနဲ့ အင်းဝကနေ စုန်ဆင်းထွက်ပြေးသွားပါပြီ အရှင်မင်းကြီး"

အခြားအခြားသော မင်းတွေသာ ဆိုလျှင်ဖြင့် ဤသို့သောလုပ်ရပ်အတွက် အမျက်ပြင်းစွာထွက်ကာ လိုက်လံဖမ်းဆီး ခေါ်ဆောင်နိုင်းမည်။ သို့တည်းမဟုတ် မထိမဲ့မြင် ပြုရကောင်းလားဟုဆိုကာ တွေ့ရာသင်္ချိုင်းဓားမဆိုင်းဘဲ ခုတ်ပိုင်းစီရင် ခိုင်းချင်ခိုင်းပေလိမ့်မည်။

သို့ပါသော်ငြား မိုးညှင်းမင်းတရားကား ဤသို့မဟုတ်။

ရှင်စောပု၏ ဘဝကို ခံစားနားလည်၍ ရခဲ့သည်။ မည်သူမဆို အနှောင်အဖွဲ့မှ ရုန်းထွက်ကာ လွတ်လပ်စွာ ပျံသန်းမှုကို နှစ်လိုကြောင်းလည်း သဘောပေါက်သည်။ ပြီးတော့ အရွယ်တွေကလည်း စကားပြောလာခဲ့ပြီ။

"မှူးမတ်အပေါင်းတို့ . . မိဖုရားရှင်စောပုနောက် မလိုက်ကြပါနဲ့တော့။ သူလည်း အိုပါပြီ။ ငါလည်း အရွယ်မငယ်တော့ပါဘူး။ လွတ်လပ်ခွင့်ပေးလိုက်ပါပြီ။ သူသွားလိုရာ သွားပါစေတော့"

ရှင်စောပု၏ ကံကြမ္မာအလှည့်အပြောင်းကား နေခြည်မှာ ရွှေရည်လောင်းတော့မည့်သဘောပေပေထား။


(ဆက်ပါဦးမည်)

နန္ဒာမိုးကြယ်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သေပြီးသော်မှ ပြန်ရှင်ရ၏ (၂)

( ဧ ရာ ဝ င် ပြ န် အ ခ န် း ဆ က် ရ သ )

## မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

ထူးခြားသည်ကား ဘရက်၏ လက်ရေးသည် ခါတိုင်းကဲ့သို့ မညီမညာ မသေမသပ် မဟုတ်ဘဲ သပ်သပ်ရပ်ရပ် စိစိရိရိဖြင့် လှပနေ၏။ ထို့ကြောင့်လည်း လီပိုးက ထိုထူးခြားချက်ကို ဂရီနေးအား မြင်စေလို၍ စာကို သူ့မျက်စိရှေ့တွင် ထောင်ပြလိုက်ခြင်း ဖြစ်၏။ ဂရီနေးသည် ထိုစာကို တစ်ကြောင်းချင်း ဖတ်၍နေကြောင်း၊ စာရွက်ပေါ်တွင် အာရုံစိုက်၍ ဘယ်ညာအထက်အောက် ရွေ့လျားနေသော သူ၏ မျက်လုံးများအရ အကဲခတ်သိရှိနိုင်ရ၏။

လီပိုးက စာတစ်မျက်နှာပြီးဆုံး၍ နောက်တစ်မျက်နှာ လှန်လိုက်သော အခါ၌လည်း ပထမစာမျက်နှာအတိုင်း မျက်လုံးကစားကာ တစ်ကြောင်း ချင်း ဖတ်ရှုနေကြောင်း အံ့သြဝမ်း ...ာက်စဖွယ် တွေ့မြင်ရ၏။ သို့ဖြင့် ...က ဆရာဝန်ကို -

“သစ်ပင်တွေလို အသိဉာဏ် ...နေသူဟာ စာဖတ်နိုင်ပါသလား” ...မြန်းစုံစမ်း။ ဆရာဝန်က ဂရီနေး ...ခြေအနေကို စစ်ဆေးသုံးသပ်ပြီး ... တစ်နေ့တွင် အဖြေတစ်ခုပေး ...၏။ ထိုအဖြေသည်ကား ဂရီနေး တစ်ယောက် လုံးလုံးလျားလျား အသိဉာဏ်ကင်းမဲ့နေသူ မဟုတ်တော့ကြောင်းပင်တည်း။ သူတို့မောင်နှံသည် အချင်းချင်း အချစ်ပြသင်္ကေတဖြင့် စတင်ဆက်သွယ်ကြ၏။ မျက်စိတစ်ဖက် မှိတ်ပြခြင်းသည် ဟုတ်တယ်၊ နှစ်ချက်မှိတ်ပြခြင်းသည် မဟုတ်ဘူး ဟူသော သင်္ကေတစနစ်ဖြင့် ဆက်သွယ်ခြင်းမျိုးဖြစ်၏။ ဥပမာ “နာကျင်နေသလား”ဟု လီပိုးက ပို့က်ဘုတ်ပေါ်တွင် ရေးပြပြီး မေးလျှင် နာကျင်နေပါက ဂရီနေးက မျက်စိတစ်ချက်မှိတ်ပြမည်။ မနာကျင်ဘူးဆိုလျှင် ဂရီနေးက မျက်စိနှစ်ဖက် မှိတ်ပြမည်။ ဤနည်းဖြင့် လီပိုးသည် ဂရီနေး၏ ခံစားနေရမှုများကို မေးမြန်းအဖြေရှာ သိရှိနိုင်၏။ အကယ်၍ ဂရီနေးတစ်ယောက် ပြင်းပြင်းထန်ထန် ဝေဒနာခံစားနေရကြောင်း သိရှိရလျှင် လီပိုးသည် ဆေးကုသရေးအဖွဲ့၏ အကူအညီကို ရယူ၏။

ဂရီနေး၏ တိုးတက်မှုဖြစ်စဉ်ကို ဆရာဝန်တွေက အံ့သြဖွယ်ရာ ဖြစ်ရပ်ဆန်းတစ်ခုဟူ၍သာ လက်ခံယုံကြည်ထားကြ၏။ ဆရာဝန်တစ်ဦးကမူ လူနာဂရီနေးကို နာတာရှည် ဒက္ခိတတစ်ဦးအဖြစ် အထောက်အကူကိရိယာများသုံးပြီး ဖေးမစောင့်ရှောက်သွားရန် လီပိုးကို အကြံပြု၏။ သို့ရာတွင် ခေါင်းမာသူ လီပိုးက သူမ၏ခင်ပွန်းလောင်း ဂရီနေးသည် ပြန်လည် နာလန်ထူလာနိုင်မည်ဟု ခိုင်ခိုင်မာမာ ယုံကြည်ထားလေသည်။

**ဤမောင်နှံနှင့် ဆေးပညာရှင်တို့ ဝိရောဓိဖြစ်နေကြရသည့် အကြောင်းကား အဆိုပါ သမားတော်တို့သည် လွန်ခဲ့သော နှစ်ပေါင်း ၄၀၀ ခန့်ကတည်းကပေါက်ဖွားခဲ့သည့် ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ သိပ္ပံအယောင်းကြီးကို ဆက်လက်ဆုပ်ကိုင်ထားကြသောကြောင့်ပင် ဖြစ်၏။**

နှစ်ဆယ်ရာစု နှောင်းပိုင်းတိုင်အောင် ဆရာဝန်များ လက်ခံယုံကြည်ထားကြသည်ကား ဦးနှောက်ဟူသည် အကန့်များဖြင့် ဖွဲ့စည်းထားသော စက်ကိရိယာတစ်မျိုး ဖြစ်သည်။ တစ်ကန့်ချင်းစီက လူ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများအလိုက် သီးခြားစီ ဆက်သွယ်ထိန်းကွပ် အာရုံခံ လုပ်ဆောင်နေကြရကြောင်း။ အကန့်တစ်ကန့် ပျက်စီးသွားပါက ၎င်းနှင့်သက်ဆိုင်သည့် ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com

အစိတ်အပိုင်းသည် အထိန်းအကွပ်မဲ့ ဖြစ်သွားရကာ စွမ်းဆောင်နိုင်မှု ရပ်ဆိုင်းသွားရသည်ဟူ၍ ဖြစ်၏။ ယခုအခါ၌မူကား ဦးနှောက်ဟူသည် သူတို့တားမြစ်ထားသည်ထက် လူတို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် ပိုမိုလိုက်လျောညီထွေ ဆက်ဆံနိုင်သော စွမ်းရည်မျိုး ရှိကြောင်း သိရှိလာကြပြီ ဖြစ်၏။

ဂရိနေးအဖို့ ဆေးရုံတွင်ရှိနေစဉ်ကာလအတွင်း သူ၏ ဦးနှောက်ပိုင်းဆိုင်ရာ ကုသခံယူမှုအတွက် အလွန်ပင်အချိန်နည်းပါးခဲ့ရ၏။ အကြောင်းမူကား အဆုတ်အအေးမိရောဂါ၏ တိုက်ခိုက်ခံရမှုကြောင့် သေလောက်သော အခြေအနေမျိုးသို့ နှစ်ကြိမ်ရောက်ရှိခဲ့ရ၍ ဖြစ်သည်။ သို့ဖြင့် သူ၏အသက်ကို လုယူရန်အတွက် အချိန်အတော်ပေးလိုက်ရ၏။ တစ်နည်းအားဖြင့် ကြားဖောက်ဝင်လာသော ရောဂါကို ကုသနေရသဖြင့် လပေါင်းအနည်းငယ် ကြာညောင်းသွားခဲ့ရခြင်း ဖြစ်၏။

မြောနေရာမှ သတိပြန်လည်လာပြီးနောက် ရက်သတ္တပတ် အနည်းငယ်ခန့်အကြာတွင် သူ၏နှမဖြစ်သူ ဆူစနာ ဆေးရုံသို့ ရောက်လာသည်။ သူနာပြုဆရာမတစ်ဦးက သူတို့အနီးသို့ ချဉ်းကပ်လာပြီး "စောင့်ကြည့်ကြပါ"ဟုပြောကာ ဂရိနေး၏ လည်ကုပ်၌ အပေါက်ဖောက်၍ အဆုတ်ဆီသို့ သွင်းထားသော ပိုက်၏အဝတွင် လက်ချောင်းတစ်ချောင်းဖြင့် ထိုးပိတ်ထားလိုက်၏။ ထို့နောက် ဆူစနာဆီသို့ လက်ညှိုးညွှန်ပြပြီး "ဒါ ဘယ်သူလဲ"ဟု ဂရိနေးကို မေးလိုက်၏။ "ဟိုင်း...ဆူဇီ"ဟု ဂရိနေးက နှုတ်ဆက်လိုက်ရာ လီပိုးခမျာ ထခုန်မိမတတ် ဝမ်းသာသွားရရှာ၏။

"တကယ့်ကို စိတ်လှုပ်ရှားစရာကောင်းတဲ့ နေ့တစ်နေ့ပါပဲ"ဟု လီပိုးက အားပါးတရ ပြော၏။

ဂရိနေး၏ နာလန်ထနိုင်မှုနှင့်ပတ်သက်၍ ဆရာဝန်များအနေဖြင့် လက်ရှိ ဆေးသိပ္ပံပညာအရ မည်သို့မျှ ရှင်းမပြတတ်နိုင်လောက်အောင် ဖြစ်နေကြရ၏။ သို့ရာတွင် သူတို့က လီပိုးအား သတိပေးကြသည်မှာ ဂရိနေးနှင့် ပတ်သက်၍ နောက်ထပ် ထူးခြားဆန်းကြယ်သော တိုးတက်မှုဖြစ်စဉ်မျိုးတွေ ပေါ်ပေါက်လာလိမ့်မည်ဟု မျှော်လင့်ချက်ထားရန်ပင် ဖြစ်၏။ အကြောင်းကား သူ့ဦးနှောက်ထဲသို့ စိုက်ဝင်သွားခဲ့သည့် ပုဆိန်၏ အသွားက အာရုံခံထိန်းချုပ်ဆက်သွယ်မှုပြုနိုင်လောက်သော အစိတ်အပိုင်းများကို ဖျက်ဆီးခဲ့ပြီးဖြစ်၍ လေဖြတ်ခံရသည့် ဒုက္ခိတဘဝမျိုးသို့ရောက်ရှိဖို့က သေချာသလောက်ပင် ဖြစ်နေသောကြောင့်တည်း။ အဖြစ်နိုင်ဆုံး မျှော်လင့်ချက်တစ်ခုကတော့ သူ့လက်ချောင်းကလေးများအနက် တစ်ချောင်းတလေ လှုပ်ရှားလာနိုင်စေရန်ပင် ဖြစ်၏။ သို့မှသာ ဘီးတပ်လျှပ်စစ်ကုလားထိုင်ပေါ်တွင် ထိုင်ပြီး ခလုတ်အပိတ်အဖွင့်အတွက် ထိုလက်ချောင်းကို သုံး၍ သူ့ဟာသူ မောင်းနှင်နိုင်မည်ဖြစ်ကြောင်း ဆရာဝန်တစ်ဦးက အကြံပြုပြောပြ၏။

ဂရိနေး၏ အခြေအနေ ပိုမိုကောင်းမွန်လာစေရန် ဆေးရုံမှ အမြန်ဆုံး ဆင်းသင့်ပြီဖြစ်ကြောင်း လီပိုးတစ်ယောက် နားလည်သဘောပေါက်သွားရပြီ ဖြစ်၏။ သူ့ကို ကနေဒါနိုင်ငံ ... ကာမြို့ရှိ ဦးနှောက်ဒဏ်ရာရရှိသူများနှင့် စိတ်ရောဂါကုသရေးဆိုင်ရာ နာလ... ထဆေးရုံတွင် တက်ရောက်ကုသ... စေရန် ကနေဒါတပ်က စီစဉ်ဆော... ရွက်ပေးခဲ့သည်။

**တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့**

ဂရိနေး၏ နာလန်ထနိုင်မှု အ... အနေနှင့် ပတ်သက်၍ ထိုဆေး... ဆရာဝန်များက သံသယဖြစ်နေ... သော်လည်း သူတို့စမ်းသပ်စစ်ဆေး... ဆေးဝါးကုသပေးမှု လုပ်ငန်းကိုဆော... ဆက်လက်ပြုလုပ်ပေးကြ၏။ စ... ပြောလာနိုင်မှု စွမ်းရည်အပါအဝင် အခြားအာရုံခံနိုင်မှု စွမ်းရည်များ ပြ... လည်ရရှိနိုင်ရေးအတွက် ရူပဗေဒ ... ကျင့်ခန်းများကို ဖိဖိစီးစီး ပြုလုပ်ပေး... စေခဲ့ကြ၏။ သို့ဖြင့် တဖြည်းဖြည်းချင်း ပုံမှန်အခြေအနေမျိုးသို့ ပြန်လည်... ရောက်ရှိလာရ၏။ သို့ရာတွင် နိုင်... မာမာတော့ မဟုတ်သေးချေ။

သိမြင်ဆင်ခြင်နိုင်မှု စွမ်းရည်... ပြန်လည်ရရှိတိုးတက်လာသည်နှင့်အမျှ ဂရိနေးသည် လက်ရှိ သူ၏အခြေအနေ... ဖြစ်စဉ်တို့ကို သိရှိနားလည်လာ၏။ ... ဘာဖြစ်ခဲ့ရသည်ကို မှတ်မိလာ၏။

"အာဖဂန်က ဖုန်မှုန့်တွေရဲ့ အနံ့... ကို ရှူရှိုက်လာရသလို ခံစားမိရတယ်" ဟု သူက ပြောပြ၏။

သို့ရာတွင် ရုပ်ပိုင်းဆိုင်ရာ ပြ... လည်ထူထောင်ရေးအတွက် လေ့ကျင့်... ပေးမှုများ၌ စိုးရိမ်ပူပန်မှု၊ စိတ်မာ...

www.burmeseclassic.com

မှုတို့ကြောင့် ထိရောက်မှု နည်းပါးခဲ့ရ၏။ သူ့ကို တီဗွီ(T.V)နားတွင်ထား၍ မဖြစ်။ အကြောင်းမှုကား အာဖဂန်စစ်ပွဲများသတင်းကို တီဗွီဖန်သားပြင်ပေါ်တွင် တွေ့မြင်မိရပါလျှင် သူ့အဖို့ ဆောက်တည်ရာမရ ဖြစ်တတ်၏။

"ခင်ဗျားဟာ အခု အာဖဂန်နိုင်ငံမှာ ရောက်နေတာ မဟုတ်တော့ဘူးသေး။ ဒါ့ကြောင့် ဘာမှ စိုးရိမ်ထိတ်လန့် ပူပန်နေစရာ မလိုတော့ဘူး"

သူ့ကို ရုပ်ပိုင်းဆိုင်ရာ လေ့ကျင့်ပေးနေသူ သမားတော်တစ်ဦးက သတိပေးရင်း အားပေးစကားပြောကြားခြင်း ဖြစ်၏။ အာဖဂန်နိုင်ငံ၊ ရှင်ကေးကျေးရွာကြီးတွင် ရောက်ရှိနေခဲ့စဉ် ကြုံတွေ့ခဲ့ရသော နောက်ဆုံး ဖြစ်ရပ်ဖြစ်စဉ်ကို သူမှတ်မိ သတိရလာသည်။

"ကျွန်တော်ဟာ နိုင်ငံခြားသား တစ်ယောက်ဖြစ်ပြီး စစ်ယူနီဖောင်းဝတ်ထားသူ ဖြစ်နေတယ်။ ဒါ့ကြောင့် ကျွန်တော့်ကို ရန်သူလို့မြင်ပြီး ရုတ်တရက် လုပ်ကြံခဲ့တဲ့ ဒီကောင်ကလေး (အဗ္ဗဒုလ်ကရင်မ်)ကို ကျွန်တော်က ခွင့်လွှတ်ရမှာပေါ့ဗျာ"

ဟု ဂရီနေးက အာယာတမထားဘဲ ပြောကြားခဲ့သည်။ ခြောက်လခန့်ကြာ၍ ဂရီနေးကို ဆေးရုံမှဆင်းခွင့်ပြုလိုက်၏။ သူ၏ ပြန်လည်နာလန်ထမှု အခြေအနေမှာ တန်းဆုံးသို့ ရောက်ပြီ။ သည့်ထက် မပိုနိုင်တော့ဟု ဆေးရုံမှ ဆရာဝန်များက ဆုံးဖြတ်၍ သူ့ကို ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ခြင်း ဖြစ်၏။

သို့ရာတွင် ဂရီနေး၏ နာလန်ထမှု အခြေအနေက သည့်ထက်မပိုနိုင်တော့ဟူသော အချက်ကို လီပိုးတို့ ဇနီးမောင်နှံက လက်မခံနိုင်ခဲ့ချေ။ ထို့ကြောင့် လီပိုးက မိမိကို ကူညီပေးနိုင်မည့် အဖွဲ့သစ်တစ်ဖွဲ့ကို ဖွဲ့စည်းလိုက်၏။

**ကိုယ်ထူကိုယ်ထ သူတို့ဘဝ**

စစ်တပ်မှ ရရှိခဲ့သော လူမှုဖူလုံရေး ထောက်ပံ့ကြေးဖြင့် သူတို့အိမ်အသစ်၏ မော်တော်ကားရုံကို အားကစားရုံအဖြစ် ပြုပြင်ပြောင်းလဲလိုက်၏။ ရူပဗေဒဆေးကုပညာရှင်များနှင့် သွားရောက်တိုင်ပင်ပြီး အနီးကပ် ပြုစုစောင့်ရှောက်ပေးနိုင်မည့် သူနာပြုအကူတစ်ယောက်ကို အမြဲတမ်း ငှားရမ်းထားလိုက်၏။ ထို့နောက် သူမသည် ဂရီနေးနှင့် လက်တွဲပြီး သူ၏ ရုပ်ခန္ဓာနှင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးအတွက် အစွမ်းကုန် လုပ်ဆောင်ပေးလေတော့သည်။

အာရုံပိုင်းဆိုင်ရာ ထိန်းကွပ်မှုနှင့် ပတ်သက်သော ဦးနှောက်၏ အစိတ်အပိုင်းများ ပြန်လည်သန်စွမ်းလာစေရန် လေ့ကျင့်ခန်းကို နေ့စဉ် အချိန်တစ်နာရီကြာအောင် ပြုလုပ်စေသည်။ ထိုသို့ ပြုလုပ်နေစဉ် စိတ်ဓာတ်တက်ကြွလျက်ရှိကြောင်း ဂရီနေး၏ မျက်နှာတွင် ပေါ်လွင်လျက်ရှိသည်။ ထိုအချက်က လီပိုးကို ပိုမိုအားတက်စေခဲ့သည်။

ဂရီနေးတစ်ယောက် ဒွံမလျှော့ဘဲ အားကြိုးမာန်တက် လေ့ကျင့်နေနိုင်ခြင်းမှာ သူ၏ စိတ်ကူးယဉ်အိပ်မက်တစ်ခုကြောင့်လည်း ဖြစ်၏။ ထိုစိတ်ကူး အိပ်မက်သည်ကား သူလုံးဝပြန်၍ နာလန်ထူလာနိုင်မည်။ ဇနီးလောင်း လီပိုးကို ထိမ်းမြားလက်ထပ်မည်။ ထိုမင်္ဂလာဆောင်အခမ်းအနားတွင် သူသည် သတို့သမီးကိုလက်တွဲ၍ မင်္ဂလာလျှောက်လမ်းတွင် တစ်နစ်ကိုယ် ကြွလှမ်းကြမည် ဟူ၍။

သို့တစေ လက်ရှိအခြေအနေ၌ သူ့ကြွက်သားတွေက အလွန်တင်းမာပြီး ကျုံ့နေရကား ခြေဖဝါးနှစ်ခုက သိမ်းငှက်၏ ခြေထောက်ပိုင်း ပုံစံမျိုး အောက်ဘက်သို့ ကုပ်ကွေးလျက်ရှိနေကြ၏။ တစ်ရက်သ၌ သူသည် ဒေါက်တာပင်နီ ဆိုသူထံသို့ ဆက်သွယ်အကူအညီတောင်းခံကြည့်မိ၏။ ထိုဆရာဝန်သည် အရိုးဘက်ဆိုင်ရာ ခွဲစိတ်ကုသသည့် သမားတော်ကြီးတစ်ဦး ဖြစ်ပြီး ဂရီနေး၏ ဒဏ်ရာဒဏ်ချက်နှင့် ကုသမှုမှတ်တမ်းများကို တွေ့မြင်ဖတ်ရှု လေ့လာဖူးသူ ဖြစ်၏။

"ခင်ဗျားကို ကျွန်တော် ကူညီနိုင်တယ်"ဟု ဒေါက်တာ ပင်နီက သူ့ကို ပြန်ကြားလိုက်၏။ ဒေါက်တာပင်နီသည် အရိုးအဆစ်ပုံစံမမှန်သော ကလေးငယ်များကို ကုသရန်အတွက် အီလီဇရော့(ဗ်) (ခေါ်) ကိရိယာတစ်မျိုးကို တီထွင်ပြုလုပ်ထားသူ ဖြစ်၏။ ယင်းသည် လက်ကောက်အဝိုင်းကဲ့သို့ ပုံစံမျိုးဖြစ်ပြီး အတွင်းဘက်၌ အပ်ချွန်ကလေးများ တပ်ထား၏။ ထိုကိရိယာဖြင့် လက်၊ ခြေထောက် စသည့် ခန္ဓာအစိတ်အပိုင်းတို့၌ စွပ်ထားပြီး အတိုးအလျှော့ ပြုလုပ်လျှင် အပ်ချွန်ကလေးများက အရိုးထိအောင် ထိုးစိုက်ကြ၏။ ထိုကိရိယာဖြင့် ဂရီနေး၏ ခြေထောက်



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဖက်ကို ကုသပေးခဲ့သည်။ တစ်ရက်လျှင် တစ်စင်တီမီတာနှုန်းဖြင့် ပြန်စန့်ခဲ့ရာ နောက်ဆုံးတွင် ခြေဖဝါးနှစ်ဖက်စလုံး ပုံမှန်အတိုင်း ပြန်ဖြစ်လာ၏။ ခြေဖဝါးအနေအထားများ ပုံမှန်ပြန်ဖြစ်လာသောအခါ ဂရီနေးသည် ပေါင်ရင်းဆီမှ ခြေဖျားအထိ ခြေထောက်လေ့ကျင့်ခန်းတွေ ပြုလုပ်လာနိုင်သည်။ အဖေးအကူဖြင့် မတ်တတ်ရပ်လာနိုင်သည်။ ဆေးဝါးတိုက်ကျွေးမှုများ၊ ခန္ဓာကိုယ်အစိတ်အပိုင်း လှုပ်ရှားစေမှုများနှင့် စိတ်ဓာတ်ရေးရာ လေ့ကျင့်ပေးမှုများကြောင့် ဂရီနေး၏ အခြေအနေသည် ပုံမှန်တိုးတက်လာခဲ့ရ၏။

"နည်းနည်းလေးပဲဖြစ်ဖြစ် သူ့ဟာသူ လှုပ်ရှားနေတာမျိုးကို တွေ့မြင်ရလေတိုင်း ကျွန်တော် ရင်ခုန်ခဲ့ရပါတယ်။ ဝမ်းသာကြည်နူးလွန်းလို့ပေါ့ခင်ဗျာ" ရုပဗေဒဆေးကုပညာရှင် ဘိုနီလမ်လေးက ပြောခဲ့ခြင်းဖြစ်၏။

သည်ကနေ့ဆိုလျှင် ဂရီနေး၏ သိမြင်ဆင်ခြင်နိုင်စွမ်းရည်သည် လုံးဝ ပုံမှန် ပြန်ဖြစ်လာခဲ့ရလေပြီ။ သူနှင့် လီပိုးတို့သည် "ဂရီနေး၏ ဘဝဖြစ်စဉ်အကြောင်း" အမည်ရှိ စာအုပ်တစ်အုပ်ကို ရေးသားပြုစုလျက် ရှိနေကြ၏။

"ကျွန်တော့်ရဲ့အသက်ကို ရှေးဦးပြုစုနည်း (First Aid) နည်းနဲ့ အရင်ဦးဆုံး ကယ်တင်ခဲ့တဲ့ ဆေးတပ်သားကိုတော့ အသည်းထဲနိုက်လောက်အောင် ကျေးဇူးတင်မိခဲ့ရပါတယ်။ သူ ကျွန်တော့်ကို နောက်ဆုံးတွေ့ခဲ့ရတဲ့အချိန်ဟာ ဦးနှောက်အစအနတွေ စင်ထွက်ပြီး မြေပြင်ပေါ်လဲကျနေချိန် ဖြစ်ပါတယ်။ မရှုရက်စရာ အဲဒီမြင်ကွင်းကြောင့် သူ မျက်ရည်ကျခဲ့ရတယ်လို့ ဆိုပါတယ်" ဂရီနေးက စကားတစ်လုံးချင်းစီကို ပြတ်တောင်းပြတ်တောင်း ပြောဆိုနေရသော်လည်း စကားလုံးတွေက ပီပီသသ ရှိ၏။

"အသက်ရှင် ရပ်တည်နိုင်ရေးအတွက် မိနစ်တိုင်းမှာ အတတ်နိုင်ဆုံး ကြိုးပမ်းအားထုတ်ပါ။ ကိုယ့်အသက်ရှင်နိုင်ဖို့ဆိုရင် ကိုယ့်ရဲ့ ရှိုးတွင်းခြင်ဆီကိုတောင် ဖောက်ပြီး စုပ်ယူပါ။ ဘဝဆိုတာ ဘယ်အချိန်မှာ အဆုံးသတ်မယ်ဆိုတာ ကိုယ်မှမသိနိုင်ဘဲကိုးခင်ဗျ" ဤကား ဒဿန။

**ဆရာဝန်တွေ ဘာ့ကြောင့်တွက်ကိန်းမှားခဲ့**

ဂရီနေးနှင့် ပတ်သက်၍ ဆရာဝန်တွေ တွက်ကိန်းမှားခဲ့ကြခြင်း၏ အဓိကအချက်မှာ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ သိဝရီပောင်းကို သူတို့က တရားသေဆုပ်ကိုင်ထားခဲ့မိကြသောကြောင့်ပင် ဖြစ်၏။ တစ်နည်းအားဖြင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ၏ တောင်းဆိုမှုအတွက် ဦးနှောက်၏ လိုက်လျောညီထွေ ပြန်လည်ဖြည့်ဆည်းပေးနိုင်မှု စွမ်းရည်နှင့် ဂရီနေးတို့ မောင်နှံ၏ ငွဲလုံ့လတို့ကို လျော့၍ တွက်မိခဲ့ကြသောကြောင့်ပင် ဖြစ်၏။

"ဦးနှောက်ဟူသည် အစိတ်အပိုင်းများဖြင့် ပေါင်းစပ်ဖွဲ့စည်းတည်ဆောက်ထားသော မလှုပ်မရှား တည်ငြိမ်နေသည့် စက်ကိရိယာတစ်မျိုးဖြစ်သည်။ အစိတ်အပိုင်းတစ်ခု ပျက်ယွင်းလျှင် အခြားအစိတ်အပိုင်းတစ်ခုက ယင်း၏နေရာတွင် အစားဝင်၍ ဖြည့်ဆည်းလုပ်ဆောင်ပေးနိုင်သည်" ဟူသော သီဝရီအသစ်ကို ဂရီနေးက လက်တွေ့ ပြသခဲ့လေပြီ။

ကနေဒီယန်အမျိုးသားတက္ကသိုလ်မှ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ပညာရှင် ရိုင်ယန်နှင့် စတီဖင်ဆိုသူတို့က ဂရီနေး၏ ဦးနှောက်ကို စကင်(န်) (Scan) ရိုက်၍ ကြည့်ရှုစစ်ဆေးခဲ့ကြ၏။ လေ့လာသုတေသနပြုခဲ့ကြ၏။ အဓိကအားဖြင့် ဦးနှောက်၏ ယိုယွင်းသွားခဲ့ရသော အစိတ်အပိုင်းနေရာတွင် အစားဝင် ဖြည့်ဆည်းဆောင်ရွက်ပေးသည့် အစိတ်အပိုင်းအခြေအနေကို လေ့လာစစ်ဆေးကြခြင်းပင် ဖြစ်သည်။ ပထမအကြိမ်ရိုက်ကူးသည့် စကင်(န်)ကို ကြည့်ရှုစစ်ဆေး လေ့လာပြီးနောက် ဂရီနေးသည် သူ၏ ဘယ်ဘက်လက် လှုပ်ရှားနိုင်ရေးအတွက် ရုပဗေဒလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့၏။ ထိုလေ့ကျင့်မှုများက သူ၏ ဦးနှောက်အတွင်းရှိ အာရုံလှုံ့ဆော် ထိန်းချုပ်မှု အစိတ်အပိုင်းအသစ်ကို ဖန်တီးအသက်ဝင်စေခဲ့ကြောင်းနှင့် စွမ်းရည်ပြန်လည်ရရှိနိုင်ခဲ့ကြောင်း သုတေသီများက တွေ့မြင်သိရှိခဲ့ကြရ၏။ ဂရီနေး၏ ခြေထောက်များနှင့် ပတ်သက်၍လည်း ဤနည်းအတိုင်းပင် တွေ့မြင်သိရှိကြရလေသည်။

ဂရီနေးသည် သူ၏ ဦးခေါင်းထိပ်တည့်တည့်ကို ပုဆိန်ဖြင့် ခုတ်ခံရပြီးနောက် ငါးနှစ်ကြာအောင် ရှိဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်း



www.burmeseclassic.com

www.burmeseclassic.com

ကျင့်ခဲ့သောကြောင့် သူ့ဦးနှောက် အစိတ်အပိုင်းများရှိ အာရုံလွှဲဆော် ထိန်းကွပ်မှု စွမ်းရည်ကို ပြန်လည်ရရှိနိုင်ခဲ့ရခြင်း ဖြစ်၏။ ရုပ်ပိုင်းနှင့် စိတ်ပိုင်း လေ့ကျင့်ခန်းများကို စိတ်ရှည်ရှည် ဇွဲရှိရှိ ပြုလုပ်ပေးနိုင်လျှင် ဦးနှောက်အတွင်းမှ အာရုံလွှဲဆော် ထိန်းကွပ်မှုစွမ်းရည်ကို ပြန်လည်ပြည့်ဝစေနိုင်ကြောင်း ဂရီနေး၏ ဦးနှောက် စကင်(န်)မှတ်တမ်းများက သက်သေပြလျက်ရှိနေ၏။ ဦးနှောက်ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြသည့် အခြားလူနာများလည်း သူ့လို ဇွဲရှိရှိနှင့် လေ့ကျင့်နိုင်ကြမည်ဆိုလျှင် ဤသို့ လေ့ကျင့်စေနိုင်ရေးအတွက် သူ့ဇနီး လီပိုးကဲ့သို့ ကူညီပံ့ပိုးပေးကြမည်ဆိုလျှင် အလားတူ အကျိုးတရားမျိုးကို ရရှိခံစားနိုင်ကြမည်ဖြစ်၏။

၂၀၁၀ ပြည့်နှစ်၊ ဇူလိုင် ၁၄ ရက်

ဂရီနေးသည် လီပိုးညီမ၏အိမ် အနောက်ဘက်ပိုင်းတွင် အတွဲအထူးအကူမပါဘဲ မျဉ်းပြိုင်ဘားတန်းနှစ်ခု အကြား၌ မတ်တတ်ရပ်လျက် ရှိ၏။ သာမန်ရိုးရိုးလေး ကျင်းပသော ထိုချစ်ခွယ် မင်္ဂလာဆောင်အခမ်းအနားလေး တွင် သူနှင့် လီပိုးတို့ ထိမ်းမြားလက်ထပ်ကြတော့မည် ဖြစ်သည်။ ဂရီနေးသည် သပ်ရပ်သောဝတ်စုံကို ဆင်မြန်းထားပြီး လီပိုးကလည်း သစ်လွင်လှပသည့်ဝတ်စုံကို ဆင်မြန်းထား၏။ မင်္ဂလာဆောင်နံ့တို့ သစ္စာဆိုမည်ပြုသောအခါ ဘားတန်းကိုင်ထားသည့် သူ့လက်ကို ဆွဲကာပြီး ဂရီနေးက ထိုင်ချလိုက်၏။ သတို့သမီး လီပိုးက သူနှင့်ယှဉ်တွဲ၍ ထိုင်၏။ အားနေပြီဖြစ်သော သူ့လက်ဖြင့် လီပိုး၏ လက်ချောင်းကလေးတစ်ချောင်းတွင် ဂရီနေးက မင်္ဂလာလက်စွပ်ကို စွပ်ပေးလိုက်၏။ သူတို့ရှေ့တွင် ဆွေမျိုးမိတ်သင်္ဂဟများ၊ မိသားစုများနှင့် ဗန်ကူးဗားဆေးရုံမှ ဆရာဝန်တစ်ဦးဖြစ်သူ ကျွန်တော်အပါအဝင် ဧည့်ပရိသတ် ၁၃၀ တို့ ရှိနေကြလေရာ အားလုံးက အားပါးတရ ကောင်းချီးသြဘာပေးကြလေသည်။

လီပိုး၏ ဘဝတစ်သက်တာတွင် မမေ့နိုင်သည့်အချိန်သည်ကား သူနှင့် လီပိုးတို့ တွဲကကြချိန် ဖြစ်၏။ မျဉ်းပြိုင်ဘားတန်းနှစ်ခုအကြား၌ ဂရီနေးက ရပ်နေပြီး လီပိုးက သူ့ကို ဖက်ထားသည်။ မော်ကြည့်လိုက်တော့ . . .သူ့မျက်နှာ အကြည်နူးဆုံး ပြုံးနေတာကို ကျွန်မ တွေ့မြင်ရတယ်" လီပိုးက ကျွန်တော်တို့ကို ပြောပြခြင်းဖြစ်၏။

"ထူးခြားဆန်းကြယ်မှုကို ကျွန်ုပ် ယုံကြည်တယ်"ဟူသော သီချင်း၏ စာသား ပထမအကြောင်းကို ဆိုလိုက်သည်နှင့် ကျွန်တော်အပါအဝင် ပရိသတ်ကြီးက ခုန်၍ထပြီး သူတို့ကို ဝိုင်းပတ်ကခုန်ကြလေတော့၏။

(ကနေဒါနိုင်ငံ၊ ဗန်ကူးဗားဆေးရုံမှ မြန်မာပြည်သား ဒေါက်တာလင်းဇော် ရေးသားပေးပို့လိုက်သော ပြဇာတ်ဆန်သည့် တကယ့်ဖြစ်ရပ်အမှန် ဇာတ်လမ်းကား ဤတွင် ပြီးဆုံးလေပြီ။)

**မနသကျော်ဝင်း(အမျိုးသားစာပေဆုရ)**


## အနန္တသိဒ္ဓိစွမ်းအားပြဒါးရှင် အဆောင်ဓာတ်လုံး
## ဘော် + ဘင် + ပြဒါးသွတ်

ဤလေးပါးတို့သည် မူလဓာတ်ပေါင်းပစ္စည်းများဖြစ်သဖြင့် ထင်ပေါ်ကျော်ကြားလာဘ်လာဘ ပေါကြွယ်လှပြီး လူတိုင်းလိုအပ်သော ဝီယ-လာဘ-ခနု-ပညာ စသည်တို့အတွက် သေချာစီမံ၍ ကောင်းသောအချိန်၊ ကောင်းသောနက္ခတ်နှင့် ကြံ့ကြိုက်ချိန်၊ သမထကျင့်စဉ်စွမ်းအားဖြင့် ရောယှက်ပေါင်းစည်း သိဒ္ဓိပြီးအောင် အဆောင်ပြဒါးရှင်ဓာတ်လုံးကို ပါရမီဓာတ်ခံရှိသူများထံ သတင်းကောင်း ပါးလိုက်ပါသည်။

အဆိုပါ ပြဒါးရှင်ဓာတ်လုံးကို ဆောင်ထားခြင်းအားဖြင့်. . .

ဖော်ပြပါအကျိုးထူးများ ရရှိပါလိမ့်မည်။

၁။ ကျရောက်မည့်၊ ကျရောက်လတ္တံ့သော ဘေးဆိုးများ ကာကွယ်နိုင်ခြင်း။

၂။ ဝီယ+ခနု၊ လာဘ၊ ပညာရေး စသည်တို့ကို ရရှိနိုင်ခြင်း။

၃။ အတိုက်အခိုက် စုန်း၊ နတ်၊ သိုက် စသော နှောင့်ယှက်မှုကို ကာကွယ်နိုင်ခြင်း။

၄။ ပြည်တွင်းပြည်ပ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း သွားရာတွင် ဆောင်ထားခြင်းဖြင့် ဘေးရန်အသွယ်သွယ် ကင်းပြီး လိုရာခရီးကို ရောက်နိုင်ခြင်း။

၅။ စာမေးပွဲဖြေဆို လူတွေ့စစ်ဆေး စသော ကိစ္စများအောင်နိုင်ခြင်း စသော ကောင်းကျိုးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံသော အဆိုပါ အဆောင်ပြဒါးရှင်လုံးကို အလိုရှိပါက. . .

နေ့စဉ် နံနက် ၉:၀၀ နာရီမှ ညနေ ၃:၀၀ နာရီထိ

**ရောင်ပြန်မဂ္ဂဇင်းတိုက်**

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၁၀၂၂၄၃၁

www.burmeseclassic.com

# ဝင်းဖြောင်



www.burmeseclassic.com

www.burmeseclassic.com

# ဘဝတစ်ပါးရောက်တဲ့တိုင် ခွင့်မလွှတ်နိုင်

ဝင်းသောင်(ရမည်းသင်း)

“ဝုတ်…ဝုတ်…ဝုတ်”

“ဝေါ…ဝေါ…ဝုတ်”

“အီ…အီ…အီ…အီ”

“မချိုမြရေ…ဧည့်သည်လာတယ်ထင်တယ်။ ခြံဝသွားကြည့်စမ်းပါ”

အောင်နက်နဲ့ ရန်လုံ ခွေးကြီးနှစ်ကောင် အိမ်အောက်တွင် အိပ်နေရာမှ လျှပ်တစ်ပြက်ထိုးဟောင်ကာ လျင်မြန်စွာ လှုပ်ရှားလိုက်တဲ့ အသံကြောင့် ကျွန်တော်သည် အောက်ထပ် မီးဖိုဆောင်တွင် ကျွန်တော့်ဇနီး မဒေါင်းနဲ့အတူ ထမင်းဟင်းချက်ပြုတ်နေသော တူမ မချိုမြကို သတင်းစာဖတ်နေရာမှ လှမ်းပြောလိုက်ပါတယ်။

ဧည့်သည်လာတယ်ထင်တယ်။ ခြံဝသွားကြည့်စမ်းပါဟု ကျွန်တော့်ထင်မြင်ချက်ကို ထည့်ပြောလိုက်ခြင်းမှာ အောင်နက်နဲ့ ရန်လုံတို့သည် ပထမတစ်ဟုန်ထိုး တိုက်ခိုက်မယ့်ဟန်နဲ့ အိပ်နေရာက ဝေါခနဲထကာ လှုပ်ရှားလိုက်ပြီး ဟောင်လိုက်ကြသော်လည်း ချက်ချင်းဆိုသလိုပင် နှစ်ကောင်လုံး အီခနဲ အသံပြုကာ အမြီးကိုယ်စီလှုပ်၍ မူလသူတို့အိပ်သောနေရာ အိမ်အောက်သို့ ပြန်ဝင်လာကြသဖြင့် ကျွန်တော့်အိမ်ရှေ့ ခြံဝတွင် ရောက်နေသူသည် သူစိမ်းမဖြစ်နိုင်။ ကျွန်တော့်အိမ်သို့ မကြာခဏ အဝင်အထွက်ရှိသူသာ ဖြစ်နိုင်ကြောင်း သိသာပါတယ်။ ဒါကြောင့် ကျွန်တော့် ထင်မြင်ချက်ကို တစ်ပါတည်း ထည့်ပြောလိုက်ခြင်း ဖြစ်ပါတယ်။

အောင်နက်နဲ့ ရန်လုံတို့အကြောင်း တစ်ဆက်တည်းပြောရမယ်ဆိုရင် ကျွန်တော် နယ်မြို့တစ်မြို့မှာ တာဝန်ထမ်းဆောင်စဉ် အိမ်နီးချင်း အိမ်တစ်အိမ်က မိခင်ခွေးမကြီး သားပေါက်ပြီး တစ်ပတ်အတွင်း သေဆုံးသွားသဖြင့် ခွေးလေး ငါးကောင် ကျန်ခဲ့ရာ ခွေးရှင်အနေဖြင့် ခွေးသားပေါက်လေးများ ရှင်သန်အောင် ဆက်မွေးရန် အခက်အခဲဖြစ်နေသဖြင့် တူမ မချိုမြက အိမ်မွေးတိရစ္ဆာန်များကို ချစ်တတ်သူပီပီ အုန်းခွံရင့်ရောင်နှင့် အနက်ရောင် ခွေးသားပေါက်လေးနှစ်ကောင်ကို ပိုင်ရှင်ထံမှ တောင်းယူကာ နွားနို့တိုက်မွေးမြူခဲ့ရာက အခုအချိန်မှာတော့ အားကောင်းမောင်းသန်ဆိုသလို အိမ်ရှင်များကို တစ်ပြန်တစ်လှည့် စောင့်ရှောက်နေကြသော ခွေးကြီးများအဖြစ် ရောက်ရှိနေပြီဖြစ်ပါတယ်။ သခင်အပေါ် သစ္စာရှိတဲ့နေရာမှာလည်း ကပ်ပါးကပ်ပြောင်၊ စားပြီးနားမလည်တဲ့ လူအမည်ခံ လူတွေထက် အများကြီး သာပါတယ်။ ကုန်ကုန်ပြောစို့ဆို ကျေးဇူးမသိတတ်တဲ့ လူနဲ့ သစ္စာရှိခွေးကို မနှိုင်းအပ်ပါဘူး။ ခွေးသိက္ခာကျပါတယ်လေ။

“ဘယ်လိုလဲ အစ်ကိုကောင်း။ စာရေးနေတာလား”

“သတင်းစာဖတ်နေတာပါ…။ ကိုသန်းလွင်တစ်ယောက် ပျောက်ချက်သား ကောင်းနေပါလား”

“ဟုတ်တယ် အစ်ကိုကောင်း။ အငြိမ်းစားယူပြီးပေမယ့် အစ်ကိုကောင်းလို စာရေးဆရာမဟုတ်တော့ အိမ်စရိတ် အပိုဝင်ငွေလေး ဘာလေး ရှာရတဲ့သူမို့ နယ်ဘက်ထွက်ပြီး စီးပွားရှာနေရတယ်လေ”

ကိုသန်းလွင်သည် မချိုမြ ကြိုဆို ခြံတံခါးဖွင့်ပေးပြီးနောက် ကျွန်တော်နှင့် တွေ့သာမြင်သာသော အကွာအဝေး အရောက်တွင် သူ့ဝသီ သူ့အမူအကျင့်အတိုင်း သူ့ပါးစပ်က စက်သေနတ်ပစ်



www.burmeseclassic.com

www.burmeseclassic.com

သကဲ့သို့ အထက်ပါအတိုင်း ပြောဆိုကာ ကျွန်တော့်အိမ်ဧည့်ခန်းသို့ ဝင်လာပါတယ်။

"ကိုသန်းလွင်···မတွေ့တာကြာပြီနော်၊ ထိုင်ပါဗျာ"

ကျွန်တော်သည် ကျွန်တော်၏ လုပ်ဖော်ကိုင်ဘက် မိတ်ဆွေ ကိုသန်းလွင်အား ကြိုဆိုနှုတ်ဆက်၍ ဧည့်ခန်းတွင်းရှိ ဆက်တီတွင်ထိုင်ရန် ခရီးဦးကြိုပြုလိုက်ပါတယ်။

"ဒါနဲ့ အစ်ကိုကောင်း၊ မမဒေါင်း မတွေ့ပါလား"

"ရှိပါတော် ရှိပါ့။ ညီမ မချိုမြ ခြံတံခါးသွားဖွင့်တော့ ဟင်းအိုးကအသင့် အနေအထား မရောက်တရောက် ရှိနေလို့ လက်စသတ်ပေးနေရလို့ပါတော်။ ဒါနဲ့ မြမြထွေးတို့သားအမိ မပါဘူးလား"

"ဟုတ်ကဲ့။ အဲဒါပြောမလို့ မမဒေါင်း။ စောစောက ချက်လက်စဟင်းအိုး လက်စသတ်ပေးနေရတယ်လို့ ကြားမိသလားလို့"

"အေးလေ၊ မချိုမြချက်လက်စကို လက်စသတ်ပေးရတာကို ပြောတာပါ။ အဲဒါ ဘာဖြစ်လို့လဲ ကိုသန်းလွင်"

"လက်စသတ်လို့ မရသေးဘူး မမဒေါင်း။ နောက်က မြမြထွေးတို့သားအမိ လိုက်လာကြဦးမှာ။ သူတို့သားအမိက ဘယ်လောက်စားလဲဆိုတာ မမဒေါင်း အသိပဲ။ ဒါကြောင့် ထပ်ပြီးချက်ရပြုတ်ရဦးမှာမို့ လက်စသတ်လို့ မရသေးဘူးလို့ ကျွန်တော် ပြောတာ"

"ဟယ်···ဝမ်းသာလိုက်တာ။ မတွေ့တာကြာပြီ။ ညီမလေးမြမြထွေးနဲ့ ဟူမလေး မြချူသံလွင်တို့ကို လွမ်းနေတာနဲ့ အတော်ပဲ"

မဒေါင်းသည် ကိုသန်းလွင်၊ မြမြထွေး မိသားစုနှင့် အရာရှိရိပ်သာကြီး တစ်ခုတွင် အနေကြာ အတူနေထိုင်ခဲ့ရပြီး သမီးလေး မြချူသံလွင်ကို ငယ်ကပင် ချစ်ခင်ရင်းစွဲရှိပြီး သံယောဇဉ်ရှိခဲ့သည်။ ဒါကြောင့် သမီးအရင်း သွေးသားရင်းကဲ့သို့ ချစ်ခဲ့သူ ဖြစ်သည်။ ယခုတွေ့ရတော့မည် ဆိုတော့ အတိုင်းအထက်အလွန် ဝမ်းသာမိတော့သည်။ ဒါကြောင့် လွမ်းနေတာနဲ့ အတော်ပဲဟု သူ့နှုတ်က ထွက်သွားခြင်းဖြစ်သည်။

"ဒါနဲ့ အစ်ကိုကောင်း၊ အောင်နက်နဲ့ ရန်လုံကြီးတို့ကတော့ အစ်ကိုကောင်းတို့အတွက် အလွန်အားကိုးရတဲ့ ကိုယ်ရံတော်ကောင်း သက်တော်စောင့်ကြီးတွေပဲဗျ။ ခြံဝင်းတံခါးရှေ့ ကျွန်တော် ရောက်ရောက်ချင်း အစ်ကိုကောင်းတို့ အိမ်က လူတစ်ယောက်ယောက် တွေ့လိုတွေ့ငြား လှမ်းကြည့်ရုံရှိသေး ကျွန်တော့်ကို သူစိမ်းတစ်ယောက်ထင်လားမသိ။ နှစ်ကောင်လုံး ဝေါခနဲ ရောက်လာပြီး ခြံတံခါးကို ပတတ်ရပ် ဖိုက်မယ့်ဟန် ပြင်လိုက်တာ ကျွန်တော် တော်တော်လန့်သွားတယ်။ ကျွန်တော်က ဟော့ကောင်···ရန်လုံနဲ့ အောင်နက်ငါပါကွလို့ သူတို့အမည်ခေါ်ပြီး အသံပြုလိုက်တော့မှ အငြိမ်းနှံ့ပြီး အိမ်အောက်ပြန်ဝင်သွားတယ်။ မွေးရကျွေးရကျိုးနပ်လိုက်တာ အစ်ကိုကောင်းရာ။ အများအားဖြင့် သက်ရှိသတ္တဝါတွေထဲမှာ ခွေးဆိုတဲ့ သတ္တဝါတွေက သစ္စာအရှိဆုံး။ သခင်သာတဲ့အခါမှာလည်း သခင်နဲ့ အတူ ရှိနေပြီး သခင်နံ့ချာသွားတဲ့အ… မှာလည်း သခင်နဲ့ မခွဲမခွာ နေ… ကြတယ်"

"ဒါကြောင့် တချို့မိဘတွေ… သားဆိုး၊ သမီးဆိုးတွေနဲ့ ပြဿနာ… ခုခုကြုံတိုင်း နင်တို့မွေးရတာ … စပ်တယ်။ နင်တို့မွေးမယ့်အစား … ရတာကမှ အိမ်အတွက်ရော အိမ်… တွေအတွက်ပါ အစောင့်အနေ … တယ်။ နင်တို့ကို မွေးမိတာ အ… အရှောက်မရတဲ့အပြင် အိမ်ဖော… မယ့်ဟာတွေလို့ ပြောလေ့ရှိကြ…"

"ဟုတ်တယ် ကိုသန်းလွင်၊ … တော်လည်း ကြားဖူးတယ်"

"အဲဒီ မိဘများက ပြော… စကားအတိုင်း ကျွန်တော် မြေ… ဒေသ ခရိုင်မြို့ကြီးတစ်မြို့မှာ … တပ်ဖွဲ့မှူးတာဝန် ထမ်းဆောင်ခဲ့… ကျွန်တော်ကိုယ်တိုင် ကြုံခဲ့ဖူးတယ် … အစ်ကိုကောင်း"

"ဟာ ···အတော်ပဲ ကိုသ… လွင်။ ကျွန်တော်သိချင်တယ်ဗျာ"

ကျွန်တော်သည် စာရေးသူ … ယောက်ပီပီ ကျွန်တော့်အတွက် … ကောင်းတစ်ပုဒ် ရလိုရငြား ပြော… ကိုသန်းလွင်ကို တောင်းဆိုလိုက်… တယ်။

"အဖြစ်က ဒီလိုဗျ···အစ်… ကောင်း။ အဲဒီခရိုင်ရဲဝန် ဒီနေ့အ… ခရိုင်ရဲတပ်ဖွဲ့မှူး ရုံးစိုက်တဲ့မြို့မှာ … သတ်မှုကြီး ဖြစ်ခဲ့တယ်။ ထူးခြားတာ… အဲဒီမြို့မှာ လွန်ခဲ့တဲ့ ၁၀ နှစ်ကာ… အတွင်း အမှုကြီး ၁၀ မျိုး အမှု… အနက် အကြီးဆုံးအမှု အမျိုးအ…



www.burmeseclassic.com

www.burmeseclassic.com

လူသတ်မှုဆိုတဲ့အမှု တစ်ခါမှ မဖြစ်ခဲ့ဖူးဘူး။ ဒါကြောင့် ကြားရသူတိုင်း ဟာခနဲ ဟင်ခနဲ ဖြစ်သွားကြပါတယ်။

အဲဒီခရိုင်မြို့ကြီးမှာက အမှုကြီးဖြစ်ဖို့နေနေသာသာ သာမန်အမှုလေးတွေတောင် အလွန်ဖြစ်ခဲပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ တိုင်းဒေသကြီးက ချီးမြှင့်တဲ့ မှုခင်းဖြစ်ပွားမှု အနည်းဆုံးဆုကို အဲဒီခရိုင်မြို့မ ရဲစခန်းက နှစ်စဉ်ရရှိခဲ့တဲ့ အစဉ်အလာ ရှိခဲ့ပါတယ်။

ကဲ . . . အဲသည်အစဉ်အလာကောင်းရှိခဲ့တဲ့ မြို့မှာမှ လူသတ်မှုဖြစ်ခဲ့ရတာ"

"အဲဒီလူသတ်မှုက ဘယ်လိုဖြစ်တာလဲ ကိုသန်းလွင်"

"အဘွားကြီး တစ်ယောက်တည်း အိမ်မှာရှိနေချိန် အလစ်အငိုက် ချိန်ကိုက် ပစ္စည်းယူ၊ လူသတ်သွားတာပေါ့ အစ်ကိုကောင်းရယ်"

"တရားခံ ဘယ်လောက်ကြာမှ မိလဲ"

"နှစ်လပြည့်ဖို့ ခြောက်ရက်အလို ... မိပါတယ်"

"ရှောင်တိမ်းသွားလို့လား"

"မဟုတ်ဘူး . . . အစ်ကိုကောင်း။ ... ပုန်းသီးတရားခံမို့ တစ်မြို့တည်းမှာ ...နေပါလျက် ကျွန်တော်တို့ ရှာမတွေ့ ...ပေါ့"

"ပြစ်ချက်ဟောင်းရှိတဲ့သူတွေ ဆွဲ ...ဘူးလား ကိုသန်းလွင်"

"ဒုစရိုက်မှု ပြစ်ချက်ဟောင်းရှိတဲ့ ...တွေအပြင် ရပ်ကွက်မြို့ရွာတွေထဲ ... ဒိုက်ရန်ဖြစ်ဖူးတဲ့ သူတွေတောင် ...ဘဲ ဆွဲစစ်ခဲ့ပါတယ်။ ဒါပေမဲ့ မထူးခြားခဲ့ဘူးဗျ။ ဘယ်ထူးခြားပါ့မလဲ၊ ခုတ်ရာတခြား ရှရာတခြားဖြစ်ပြီး တရားခံဟာ ကျွန်တော်တို့မျက်စိအောက်မှာပဲ ကပ်ပျောက်နေတာကိုး။ မိချင်တော့လည်း ကျွန်တော်တို့ဖမ်းမမိတဲ့ တရားခံကို အသတ်ခံခဲ့ရတဲ့ အဘွားကြီးဒေါ်မြချစ်ကိုယ်တိုင် ဖမ်းပေးခဲ့ပါတယ်"

"ဘယ်လို . . . ဘယ်လို ကိုသန်းလွင်။ အမှုမှာ အသတ်ခံခဲ့ရတဲ့ အဘွားကြီးဒေါ်မြချစ်က ဖမ်းပေးတယ် ဟုတ်လား"

"ဟုတ်ပါတယ် အစ်ကိုကောင်း။ ကျွန်တော် အငြိမ်းစားယူခါနီးမှ ကံကောင်းတယ်ပြောရမလားပဲ။ အဘွားကြီးသာ မကယ်ရင် ကျွန်တော် လက်ရှိအဆင့်နဲ့ အငြိမ်းစား ရချင်မှရမယ်။ ဘာလို့လဲဆိုတော့ အမှုကြီးကို တစ်ပတ်အတွင်း မဖော်ထုတ်ရကောင်းလားဆိုပြီး နယ်ထိန်းအရာရှိ ဒုရဲအုပ်(စခန်းမှူး) သိန်းထွန်းနဲ့ နယ်ထိန်းအဖွဲ့ဝင်အားလုံး အမှုကြီးဖြစ်ပြီး တစ်ပတ်ကျော်တော့ တိုင်းဒေသအသီးသီးနဲ့ ပြည်နယ်ဒေသအသီးသီး ပြောင်းရွှေ့တာခံလိုက်ရသလို တစ်လထက်ကျော်သွားပြန်တော့ စခန်းမှူးနဲ့ မြို့နယ်မှူးတွေလည်း ပြောင်းရွှေ့တာ ခံရပြန်တယ် အစ်ကိုကောင်း။ ခရိုင်ရဲတပ်ဖွဲ့မှူးဖြစ်တဲ့ ကျွန်တော့်ကိုတော့ ရဲတပ်ဖွဲ့ ဌာနချုပ်က ဆင့်ခေါ်ပြီး ခရိုင်မင်းကြီးရေ . . . အသတ်ခံရမှု နှစ်လအတွင်း ပေါ်ပေါက်အောင် စစ်ဆေးဖော်ထုတ်ဖို့ သတိပေးချင်လို့ ခေါ်တာပါတဲ့။ သတ်မှတ်ကာလအတွင်း ပေါ်ပေါက်အောင် ကြိုးကြပ်ဆောင်ရွက်ပါတဲ့။ အကယ်၍ နှစ်လကျော်သွားရင် ပြောင်းရွှေ့အမိန့် ရတာနဲ့ တစ်ပတ်အတွင်း ပြောင်းရွှေ့နိုင်အောင် ကြိုတင်ပြင်ဆင်ထားပါတဲ့။ မပြောမပြီး မတီးမမြည်ဆိုသလို တာဝန်အရမို့ ပြောရတာပါတဲ့။ စိတ်မကောင်းပါဘူးတဲ့။ သတ်မှတ်ရက်ရောက်ဖို့ တစ်ပတ်တောင် ကျန်သေးလို့ ကြိုးစားကြည့်ပါဦးလို့ ခေါ်သတိပေးတာ ခံခဲ့ရတယ်။ ဒီကိစ္စအတွက် ဘယ်သူ့ကိုမှ အပြစ်မပြောလိုပါဘူး။ အစ်ကိုကောင်းတို့၊ ကျွန်တော်တို့ ခေတ်က ဒဏ်ပေး/ဒဏ်ပေး စနစ်နဲ့ ကြုံခဲ့ကြတာကိုး။ တကယ်တော့ သတ်မှတ်ရက်ရောက်လို့မှ အမှုမဖော်ထုတ်နိုင်ခဲ့ရင် ကြီးကြပ်မှုအားနည်းတယ်ဆိုတဲ့ စွဲချက်နဲ့ သွားရောလဟယ်ဆိုပြီး အမိန့်ထုတ်မယ်လို့ ရာဇသံခေါ်ပေးတာပါ"

"ဒဏ်ပေး/ဒဏ်ပေးစနစ်လို့ ပြောသွားတဲ့ ကိုသန်းလွင်စကားကို ကျွန်တော် သတိထားမိပါတယ်။ ကျွန်တော်နဲ့ ကိုသန်းလွင်တို့ တာဝန်ထမ်းဆောင်ခဲ့ကြချိန်က ယခုခေတ်လို ဒီမိုကရေစီလမ်းပေါ် လျှောက်နေတဲ့ကာလ မဟုတ်သေးဘူး။ ဒါကြောင့် အဲဒီခေတ်က ဝန်ထမ်းအများစုဟာ ဆုရတာထက် ဒဏ်ထိကြတာ များတာကို ... ပြီး ကိုသန်းလွင် ပြောလိုက်တယ်ဆို... ကျွန်တော် နားလည်သဘောပေါက်... တယ်။ သွားရောလဟယ်ဆိုတဲ့ ... ကို ကျွန်တော်တို့ခေတ်က ... များအားလုံး သိပြီးသားမို့ ... မပြတော့ဘူးနော် အစ်ကို..."

x x x



www.burmeseclassic.com

www.burmeseclassic.com

"တီ···တီ···တီ"

"ဟော···မြမြနဲ့ သမီးလေး ချူချူတို့ လာပြီ။ ညီမ မချိုမြရေ··· ခြံတံခါးဖွင့်ပေးလိုက်ပါဦး"

မချိုမြ ခြံတံခါးဖွင့်ပေးပြီးနောက် ခဲရောင် ဆလွန်းကားလှလှလေးတစ်စီး ခြံထဲသို့ ငြိမ့်ငြိမ့်လေး လိမ့်ဝင်လာသည်။ ပြီးတော့ ကားလေးကိုရပ်ကာ အငြိမ်းစားဒုရဲမှူးကြီး ဦးသန်းလွင်၏ဇနီး ဒေါ်မြမြထွေးနဲ့ သမီးမြချူသံလွင်တို့ ကားလေးပေါ်က ဆင်းလာကြသည်။

"ဟယ်···ညီမလေးမြမြ နေကောင်းတယ်နော်။ မမဒေါင်း သိပ်သတိရတာပဲ"

"မြတို့ကလည်း သတိရပါတယ် မမဒေါင်းရယ်။ သမီးလေးချူချူ ကျောင်းကိစ္စ၊ စာတမ်းပြုတဲ့ကိစ္စတွေကြောင့် မလာဖြစ်တာပါ။ အခုတော့ သူ့ကိစ္စတွေ ပြီးပြီလေ"

"သမီးလေးချူချူ···သမီးငယ်စဉ်တုန်းက ဘဘနဲ့ ကြီးမေတို့က ချူချူကို ကြီးလေလှလေ၊ လှမယ့်ဒေါင်းမျိုး ဒေါင်းမလေးလို့ ပြောခဲ့တာ သမီးမှတ်မိလား"

"ဟုတ်ကဲ့···မှတ်မိပါတယ် ကြီးမေ"

"အေး··အခု ဘဘနဲ့ ကြီးမေတို့ ပြောခဲ့သလို ဒေါင်းပျိုမလေးလို လှပတဲ့ အပြင် အလှကို အယဉ်ဆင့် ဂုဏ်တင့်ဆိုသလို ပညာကလည်း မဟာဘွဲ့တောင် ရပြီဆိုတော့ ကိုသန်းလွင်တို့၊ မြမြထွေးတို့ ချူချူကို မွေးရကျိုးနပ်ပါတယ်ကွယ်"

"ကဲ···ကဲ···မကြီးဒေါင်းနဲ့ မချိုမြတို့ရေ၊ ခင်ဗျားတို့ ညီအစ်မ၊ တူဝရီးတွေ ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်နေတာနဲ့ ထမင်းဟင်းအိုးတွေ တူးကုန်တော့မယ်။ စကားပြောတာ ခဏဖြတ်ပြီး လုပ်စရာရှိတာ ဆက်လုပ်ကြဦး။ ကဲ···မြမြနဲ့ သမီးလည်း အိမ်ပေါ်လာပြီး ဘဘကောင်းကို နှုတ်ဆက်။ ပြီးရင် တို့ကန်တော့ကြရအောင်"

ကိုသန်းလွင်သည် ကားနားရပ်ကာ စကားလက်ဆုံ ကျနေကြသော မဒေါင်း၊ မချိုမြ၊ သူ့ဇနီးနှင့် သမီးချူချူတို့ကို ဝရန်တာမှ လှမ်းပြောလိုက်သည်။

"အစ်ကိုကောင်း···နေကောင်းလား"

"ကောင်းပါတယ်။ ညီမတို့မိသားစုတွေလည်း ကျန်းကျန်းမာမာ တွေ့ရလို့ ဝမ်းသာပါတယ်။ သမီးလေး ချူချူရဲ့ အောင်မြင်မှုအတွက်လည်း အဘ ဂုဏ်ယူဝမ်းသာပါတယ် သမီး"

"ဟုတ်ကဲ့ ဘဘ၊ ကျေးဇူးတင်ပါတယ်"

"ကဲ···ကဲ၊ သမီးတို့လည်း ဘဘကောင်းကို နှုတ်ဆက်ပြီးပြီ။ ကြီးမေတို့၊ အန်တီချိုတို့နဲ့ မီးဖိုဆောင်မှာ ချက်ရင်းပြုတ်ရင်း စကားတွေပြောကြဦး"

ဒီလိုနဲ့ ကိုသန်းလွင် ပြောပြနေတဲ့ အဘွားကြီးဒေါ်မြချစ် အသတ်ခံရမှု အကြောင်း ဆက်ပြောဖြစ်ကြသည်။

"ဒါနဲ့ ကိုသန်းလွင်၊ လူသတ်တရားခံကို အသတ်ခံရတဲ့ အဘွားကြီး ဒေါ်မြချစ်ကိုယ်တိုင် ဖမ်းပေးတယ်ဆိုတာ ကျုပ်နားမရှင်းဘူး။ ဘယ်လိုလဲ ပြောပြစမ်းပါဦးဗျ"

"ဒီလိုပါ အစ်ကိုကောင်း။ ကျွန်တော်တို့ အစ်ကိုကောင်းတို့ဟာ စစ်ဆင်ရေး အသီးသီးမှာ တိုက်ပွဲဝင်ခဲ့တဲ့ စစ်သားတွေပဲ။ ဘယ်လို အရပ်ဒေသကို မဆို တာဝန်ပေး စေလွှတ်ပါစေ ကျေကျေနပ်နပ်ကြီး သွားပြီး တာဝန်ထမ်းဆောင်ဝံ့တဲ့သူတွေပါ။ ရဲတပ်ဖွဲ့ရောက်မှ ကြီးကြပ်မှုအားနည်းတယ်ဆိုတဲ့ မရေမရာ အကြောင်းပြချက်နဲ့ ပြောင်းရွှေ့ခံရမယ်ဆိုရင်တော့ စိတ်ထဲက ခံပြင်းလှတယ်ဗျာ။ နောက်ပြီး ကျွန်တော် ပြောင်းရွှေ့ရောက်ရှိတဲ့နေရာက ဝန်ထမ်းတွေကို ကျွန်တော် ဘယ်လိုအုပ်ချုပ်မလဲ။ သူတို့တွေရဲ့ ဝေဖန်သံတွေ၊ ပြောကြဆိုကြတဲ့အသံတွေ ကြားနိုင်သိနိုင်မယ်ဆိုရင်···တစ်ခွန်းတစ်ပါဒမှ အကောင်းပါမယ် မထင်ဘူးဗျ အစ်ကိုကောင်းရ။ ဒါလည်း အပြစ်မဆိုသာပါဘူး။ အပြစ်နဲ့ ကျွန်တော်က အပြောင်းခံရတာကိုးလို့ ဖြေရမှာပေါ့။ တကယ်တော့ အဲဒီအပြစ်မျိုးက လူတစ်ယောက်ရဲ့ ဘဝကိုပါ သတ်ပစ်လိုက်သလို အပြစ်မျိုးလို့ ကျွန်တော်ခံယူတယ်ဗျာ။ ဒါပေမဲ့ ကျွန်တော် ကံကောင်းခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ဖြစ်ခဲ့တဲ့ လူသတ်မှု တရားခံ နှစ်ယောက်ကို မမျှော်လင့်ဘဲ အလွယ်တကူဖမ်းပြီး···သက်သေ အထောက်အထားအပြည့်အစုံနဲ့ ခိုင် တရားရုံးမှာ တရားစွဲတင်နိုင်ခဲ့လို့ပါပဲ။ အဖြစ်က ဒီလိုပါ အစ်ကိုကောင်း"

"ကျွန်တော့်ကို ဌာနချုပ်က ခေါ်ယူသတိပေး မှတ်တမ်းတင် လ မှတ်ထိုးခိုင်းတဲ့နေ့က ကျွန်တော်အခြေ ပဲ စိတ်ကသိကအောင့် ဖြစ်မိတယ် ဘယ်သူ့ဘယ်ဝါကို မကျေနပ်ရမ



www.burmeseclassic.com

www.burmeseclassic.com

လည်း မသိဘဲ မကျေမနပ် ဖြစ်မိနေတာလေ။ ကျွန်တော်တို့ တပ်ဖွဲ့ဝင်တွေ နေ့မနားညမနား အားထည့်ဆောင်ရွက်နေပါလျက် လူသတ်တရားခံကို ရှာမတွေ့ဘဲဖြစ်နေတာ လူသတ်ကောင်တွေက ရှိန်းဆာယာဘုံမောက် ကိုယ်ပျောက်နိုင်ကြလို့လားဆိုတဲ့ အတွေးလည်း ဝင်မိတယ်။ ကျွန်တော် ကိုယ်ရည်သွေးတာ မဟုတ်ဘူး။ လက်ရုံးပြောင်းပြီး တာဝန်ထမ်းဆောင်လာကတည်းက စခန်းမှူး၊ မြို့နယ်မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးဆိုတဲ့ အဆင့်တိုင်းမှာ ကျွန်တော် တာဝန်ခံဆောင်ရွက်ရတဲ့ နယ်မြေ မြို့နယ်၊ စခန်းပိုင်အတွင်း ဖြစ်ပွားခဲ့တဲ့ အမှုကြီးအားလုံးနဲ့ ထူးခြားဖြစ်စဉ်မှုခင်းအားလုံး မဖော်ထုတ်နိုင်တဲ့ အမှု တစ်ခုမှမရှိခဲ့ဖူးဘူး။ အဘွားဒေါ်မြချစ် အသတ်ခံရတဲ့ အမှုကျမှ ကိုယ်ကျနည်းတော့မလိုဖြစ်ပြီး နှစ်လပြည့်ခါနီး ခြောက်ရက်အလိုမှာ အဘွားဒေါ်မြချစ်ရဲ့ ကျေးဇူးကြောင့် ကြီးကြပ်မှုအားလည်းဆိုတဲ့ စွဲချက်တင် ဝါးလုံးရှည်နဲ့ ကြက်ခုတာခံရမယ့် ဘေးက လွတ်ခဲ့တာပေါ့

× × ×

"ခရိုင်တပ်ဖွဲ့မှူးခင်ဗျာ…အဘွားဒေါ်မြချစ်သမီးနှစ်ယောက် တွေ့ခွင့်တောင်းပါတယ်"

"အေး…"

ခရိုင်ရဲတပ်ဖွဲ့မှူးရဲ့ ကိုယ်ရေးအရာရှိ အောင်မင်းမောင်က သတင်းပို့လိုက်ရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး သန်းလွင်က ချက်ချင်း ခွင့်ပြုလိုက်ပါတယ်။

"မညီညီနဲ့ မပိုပိုတို့ ညီအစ်မ အမှုအတွက် သတင်းထူးများရှိလို့လား"

"ဟုတ်ကဲ့၊ သတင်းထူးရှိပါတယ်ရှင့်"

"ဒါဆို ပြောပြပါဗျာ"

ရေနစ်နေတဲ့သူမှာတောင် မြက်တစ်ပင်ဟာ အသက်ရှင်ရေးအတွက် အားထားစရာ ဖြစ်နိုင်သလို အမှုတစ်ခုအတွက် အစတစ်စ ထွက်လာရင်လည်း ငုပ်နေတဲ့တရားခံ ချက်ချင်းဖော်နိုင်တာပဲဆိုတဲ့အတွေး ခရိုင်မှူး သဘောပေါက်တယ်။ ဒါကြောင့် ပြောပြပါလို့ မညီညီနဲ့ မပိုပိုတို့အား သွက်လက်စွာတောင်းဆိုလိုက်ခြင်း ဖြစ်ပါတယ်။

"ကျွန်မ ဒီနေ့မနက် ၃ နာရီလောက်က အိပ်မက်မက်တယ် ရဲမှူးကြီး"

"ဟုတ်ကဲ့ ပြောပါ။ ဆက်ပြောပါ မညီညီ"

"အိပ်မက်ထဲမှာ ကျွန်မတို့အမေက ဟဲ့…သမီးညီညီ၊ ငါ့ကိုသတ်ပြီး ရွှေထည်ပစ္စည်းနဲ့ ငွေထည်ယူသွားတာ တခြား လူမဟုတ်ဘူး။ သမီးတို့သိပ်ချစ်တဲ့ မင်းနိုင်နဲ့ နောက်ကောင်တစ်ကောင်ပဲ။ လူငယ် မလိမ်မိုး မလိမ္မာအရွယ်မို့ မိုက်တာပဲဆိုပြီး ခွင့်လွှတ်မလို့ပဲ။ ဒါပေမဲ့ အမေလှူဖို့ရည်စူးပြီး မှပ်ထားတဲ့ ရွှေငွေလည်းယူ၊ အမေ့ကိုလည်း ရက်စက်စွာ သတ်ခဲ့တာမို့ အမေတော့ ခွင့်မလွှတ်နိုင်တော့ဘူး။ ရဲကို သွားတိုင်ပါလို့ပြောပြီး ရုတ်တရက် ကျွန်မမြင်ကွင်းက ပျောက်ကွယ်သွားတယ်။ အမေ့ကိစ္စနဲ့ ပတ်သက်ပြီး တာဝန်ရှိတဲ့ ရဲမှူးကြီးတို့အဖွဲ့တွေလည်း ကျွန်မတို့အိမ် ဝင်ထွက်နေတာလည်းတစ်ကြောင်း၊ အမေ့ကိစ္စဖြစ်ပြီးကတည်းက ကျွန်မတို့ ညီအစ်မမှာ စားလည်း ဒီစိတ်၊ သွားလည်း ဒီစိတ် ဆိုသလို ဖြစ်နေလို့ စိတ်စွဲပြီး အိပ်မက်မက်တာပဲ ထင်မိတယ်။ ဒါပေမဲ့ မနက်က ကျောင်းမသွားခင် ကျွန်မတို့နဲ့ တစ်ဝိုင်းတည်းအတူနေတဲ့ ဆရာမဒေါ်ခင်လေးက အိပ်မက်မက်ကြောင်း လာပြောတယ်။ ကျွန်မလည်း ကျွန်မမက်တဲ့ အိပ်မက်အကြောင်း မပြောပြသေးဘဲ ဆရာမ မက်တဲ့ အိပ်မက်အကြောင်း ပြောပြပါဦးဆိုတော့ ဆရာမ ဒေါ်ခင်လေးက ကျောင်းသွားရဦးမှာဆိုတော့ တိုတိုပဲ ပြောသွားပါတယ်။ ဆရာမ မခင်လေး မက်တဲ့အိပ်မက်က တူမ မခင်လေး ငါ့ကိုသတ်တာ တခြားလူမဟုတ်ဘူး။ မင်းနိုင်နဲ့ နောက်ကောင်လေး တစ်ယောက်ပဲ။ ဒွေးလေး သမီးတွေကို ပြောပြလိုက်ပါတဲ့။ ဒါဆို တော်ရုံတိုက်ဆိုင်မှု မဟုတ်တော့ဘူး။ ဒါကြောင့် ကျွန်မတို့ညီအစ်မ ရဲမှူးကြီးဆီ လာပြောပြတာပေါ့"

"ကဲ…မညီညီ ဒီအိပ်မက်တွေ အကြောင်း ဘယ်သူ့ကိုမှ မပြောပြပါနဲ့ဦး။ အခုအချိန်ကစပြီး ကျွန်တော်တို့ အိပ်မက်ကိစ္စ သီးခြားလှုပ်ရှားမယ်။ ထူးခြားချက်ကို ဒီနေ့ညနေမှာ မညီညီတို့ဆီ ကျွန်တော် သင့်ရာနည်းနဲ့အကြောင်းကြားပါ့မယ်နော်"

ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မညီညီတို့ ညီအစ်မသည် ပြောသင့်တာတွေ ပြောကြပြီး နှုတ်ဆက်ကာ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ပြန်ခဲ့ကြပါတယ်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

တရားခံ မိချင်တော့လည်း လွယ် လိုက်တာ။ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးက ရဲတပ် ဖွဲ့ဝင်များ စတင်လှုပ်ရှားချိန် တစ်နာရီ အတွင်း မြို့မဈေးကြီးကြီးတောင်ဘက် ရှိ ဘိလိယက်ခုံတွင် ဘိလိယက်ထိုး နေတဲ့ မင်းနိုင်ကို ဖမ်းမိပြီး မင်းနိုင်နှင့် အတူတကွ ပြစ်မှုကျူးလွန်ခဲ့တဲ့ ဖြိုး မောင်ကို သူ၏နေအိမ်မှာ ဖမ်းမိခဲ့ပါ တယ်။ ဖမ်းဆီးရမိခဲ့ပြီးနောက် အစ်ကို ကောင်းရေ လုပ်ထုံးလုပ်နည်းနဲ့အညီ အမှုတည်ဆောက်ပြီး သက်သေခံ ပစ္စည်း အစုံအညီနဲ့ တရားရုံး စွဲတင် နိုင်ခဲ့ပါတယ်။ အဲဒီ ကောင်လေးတွေ ထောင်ဒဏ် ၁၀ နှစ်စီ ကျသွားကြပါ တယ်။

တကယ်တော့ . . . ဒီလူသတ်မှု အကြောင်း ပြောချင်တာ မဟုတ်ပါဘူး အစ်ကိုကောင်း။ ကျေးဇူးမသိတတ်သူ၊ ခွေးလောက်မှသစ္စာမရှိတဲ့ သူတွေဟာ ဒီလောကထဲမှာ အများကြီးရှိပြီး မိမိ တို့ပတ်ဝန်းကျင် မိမိတို့မျက်စိအောက် မှာပဲ ပုန်းခိုနေတတ်ကြတယ်ဆိုတဲ့ အကြောင်း ပြောချင်တာပါ။

အခုလည်း . . . လူသတ်တရားခံ မင်းနိုင်ကိုကြည့်။ အဲဒီကောင်လေး အဖေဟာ အသတ်ခံရတဲ့ အဘွားကြီး ဒေါ်မြချစ်နဲ့ မောင်နှမအရင်း ဆွေမျိုး စပ်ရင် မင်းနိုင်ဟာ ဒေါ်မြချစ်ရဲ့ တူ အရင်း။ မညိုညို မပိုပိုတို့နဲ့ဆို မောင် နှမတစ်ဝမ်းကွဲ တော်တယ်။ မညိုညို တို့အိမ်က အထက်တန်းကျောင်းနဲ့ နီး တဲ့အတွက် မင်းနိုင်က ထမင်းစား ကျောင်းဆင်းချိန်ဆို အဲဒီအိမ်မှာပဲ ဝင် စားတဲ့အတွက် အစ်မတွေက မောင် ငယ်အတွက် တခုတ်တရ ထမင်းဟင်း ကို ပြင်ထားပေးတယ်။ ကြီးတော်ကြီး ဒေါ်မြချစ်ကလည်း အသစ်ကျပ်ချွတ် ထောင်မလဲသဲကော်ဆိုတဲ့ ငွေစက္ကူ လေးတွေ မင်းနိုင်အတွက် မုန့်ဖိုး အိတ် ထဲထည့်ပေးဖို့ အသင့်ပြင်ထားလေ့ရှိပါ တယ်။ သူတို့မိန်းမတွေကြားမယ် သွေး သားယောက်ျားလေးဆိုလို့ မင်းနိုင်တစ် ယောက်ပဲ ရှိတယ်မို့လား။ သိပ်ချစ်ကြ တာပေါ့။

တစ်ခါတစ်ရံ မင်းနိုင် ထမင်းစား မလာဘူးဆိုရင် ပိုပိုဟာ မျက်စိပျက် မျက်နှာပျက်နဲ့ နိုင်လေး နေမကောင်း ဖြစ်နေသလားပဲဆိုတဲ့အတွေးနဲ့ ကော်ဖီ ဓာတ်ဘူးထဲအပြည့်ထည့်၊ နံကထိုင်မုန့် ပါဝယ်ပြီး ကျောင်းအထိ သွားကျွေး တတ်တယ်။ မင်းနိုင် အဝတ်အစား ကျောင်းယူနီဖောင်းကအစ ပိုပိုက လျှော်ပေး၊ မီးပူတိုက်ပေးရတာလေ။

မင်းနိုင်ဟာ ယောက်ျားတန်မဲ့ ပပ်ချွဲနပ်ချွဲ အတော်တတ်တယ်။ သူလို ချင်တာရှိရင် ဒေါ်မြချစ်ကို ကြီးမေကြီး၊ ပိုပိုနဲ့ ညိုညိုတို့ကိုလည်း ပိုပိုကြီးနဲ့ ညို ညိုကြီးဆိုတဲ့ အသုံးအနှုန်းတွေ ဖော ဖောသီသီသုံးပြီး ကပ်ချွဲတော့တာပဲ။ နှစ်ခါမချွဲရဘူး။ တန်းရတာပဲ။ အခု လည်း ရေတံသီးပေါ်ရင် "ရလေး" စက် ဘီးသစ် ဝယ်ပေးမယ်လို့ ကြီးမေကြီး ဒေါ်မြချစ်က ကတိပေးထားပြီးသား။ ဒီလောက်ကောင်းတဲ့ ဆွေရင်းမျိုးရင်း မိသားစုအပေါ် ဒီကောင်လေး လုပ်ရက် တယ်"

"ဟုတ်တယ် . . . ခွေးလိုကောင်၊ နောက်ဘဝမကူးခင် ဒီဘဝမှာပဲ ဝဋ် လည်မှာပါ"

"ဟာ . . . အစ်ကိုကောင်း၊ ဒီလို ကောင်မျိုးကို ခွေးနဲ့ မနှိုင်းပါနဲ့ အစ်ကို ရာ။ ခွေးသိက္ခာကျပါတယ်။ ဘယ်ခွေး မဆို အစာတစ်ဆုပ် ထမင်းတစ်လုတ် ကျွေးတဲ့ ကျေးဇူးရှင်သခင်ကို ဘယ် တော့မှ နောက်ကျောဓားနဲ့ထိုးတဲ့ အပြ အမှုမျိုး မလုပ်တတ်ကြဘူးလေ"

"ဆောရီးပါ ကိုသန်းလွင်၊ ကျွန် တော်က ပြောလေ့ပြောထရှိတဲ့အတိုင်း ခွေးမျိုးတို့ ခွေးကောင်တို့ဆိုတာမျိုးလို ပေါ့ပေါ့ပြောလိုက်မိတာပါ။ ခင်ဗျားပြော တာ မှန်ပါတယ်။ ခွေးတိုင်းခွေးတိုင်း သခင့်အပေါ် သစ္စာရှိကြပေမယ့် လူ အမည်တပ်ပြီး ခွေးလောက်မှ သစ္စာ မရှိတဲ့လူတွေ၊ ဥပမာ . . . မင်းနိုင်တို့လို ကောင်တွေ ဟောဒီလောကကြီးမှာ အများကြီးမှ အများကြီးပဲဆိုတာ ကျွန် တော်လည်း လက်ခံပါတယ်ဗျာ"

ကျွန်တော့်မိတ်ဆွေ ကိုသန်းလွင် ရေးဟောင်းနှောင်းဖြစ်တွေ ပြောကာ ထိုစဉ်က မကျေမနပ်ဖြစ်ခဲ့တဲ့အကြောင်း ခံစားချက်အပြည့်နဲ့ ပြောပြနေတာကို ကျွန်တော် နားလည်ခံစားတတ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ကြုံဖူးတာ မို့ သူ့လိုပဲ စိတ်ကသိကအောင့် ဖြစ်ခဲ့ ဖူးပါတယ်။

ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေ ဟာ ကိုယ့်အပိုင်ရဲစခန်းနယ်မြေအတွင်း အမှုကြီးတစ်ခု ဖြစ်တာနဲ့ ပထမ အပိုင်အတွင်းက ဖြစ်ချက်ပေါင်းရှိသ



www.burmeseclassic.com

www.burmeseclassic.com

တွေ၊ ပြီးတော့ ဆက်စပ်မြို့နယ်တွေက ပြစ်ချက်ပေါ်ဆာင်းရှိခဲ့သူတွေနောက် အဓိကထား လိုက်ပြီး တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်ကြတဲ့ အစဉ်အလာရှိကြပါတယ်။ တရားခံကိုလည်းမိတတ်ပါတယ်။ အဲသလို ဆောင်ရွက်ရတာ မှန်ပေမယ့် အခု ကိုသန်းလွင်လို ခုတ်ရာတခြား ရှရာတခြားဖြစ်ကာ မျက်စိအောက်မှာရှိနေတဲ့ တရားခံကိုမမိဘဲ လွတ်နေတတ်ပါတယ်။ ဘာလို့လဲဆိုတော့ သူက ပြစ်ချက်ပေါ်ဆာင်းမရှိသေးတဲ့သူမို့ သူ့ကို အများက တရားခံလို့ မထင်ကြဘူး။ ဒါကြောင့် လွတ်နေတာ။ အဲဒီလို တရားခံမျိုးကို ရွက်ပုန်းသီး တရားခံလို့ ခေါ်ကြပါတယ်။ ပြစ်ချက်ပေါ်ဆာင်းရှိတဲ့ တရားခံမျိုးလို ချက်ချင်းမမိနိုင်ဘဲ အချိန်အတော်ကြာ လွတ်နေတတ်ကြပါတယ်၊ ရဲလက်ရောက်ပြီဆိုရင် သိပ်ပြီး ရှည်ရှည်ဝေးဝေး စစ်မေးနေစရာမလိုဘဲ ချက်ချင်းဝန်ခံပြီး အိတ်သွန်ဖာမှောက် တစ်ခုမကျန် ပြောတော့တာပဲ။

ခေတ်တစ်ခေတ် ပြောင်းတာနဲ့ စနစ်တွေလည်း အံ့ဝင်ခွင်ကျ ပြောင်းကုန်တယ်။ ဒီဘက်ခေတ်ရဲ့ တပ်ဖွဲ့ကို ပဲကြည့်၊ တပ်ဖွဲ့ဝင်တွေ ကိုယ်တိုင်လည်း သူ့အဆင့်နဲ့သူ တက်ကြွလန်းဆန်းနေတယ်။ ဝတ်ရတဲ့ ယူနီဖောင်းကြည့်မလား။ ချပ်ဝတ်တန်ဆာတွေကြည့်မလား။ ခံ့ခံ့ညားညားနဲ့ သားသားနားနားရှိတယ်။ ဒါကြောင့် လူတွေက လေးစားတယ်။ ဟိုတုန်းကတော့ ယူနီဖောင်းက ကျသလိုဝတ်ကြပြီး ချပ်ဝတ်တန်ဆာကလည်း ရောင်စုံ ကပေါက်တိကပေါက်ချာတွေမို့ လူထုအမြင်မှာ ကလေးကလား ဖြစ်နေတတ်တယ်။ ဒီကြားထဲ စီးလာတဲ့ကား ကြည့်ဦးမလား။ အများအားဖြင့် ရဲတပ်ဖွဲ့ပိုင်ကား မဟုတ်ဘူး။ ကြုံသလို ဆွဲစီးလာတဲ့ကား၊ ဒီခေတ်ကျတော့ အများအမြင်ပဲ။ အရာရှိများလည်း သူ့အဆင့်နဲ့သူ နိုင်ငံတော်က သတ်မှတ်ထုတ်ပေးထားတဲ့ ကားကောင်းကားသန့်တွေ သုံးနိုင်သလို လှည့်ကင်း၊ ရပ်ကင်း၊ စောင့်ကြည့်ကင်းတွေအတွက်လည်း မီးဆလိုက်တဝင်းဝင်းနဲ့ ဥဩသံ သောသောညံအောင် တပ်ဆင်ထားတဲ့ ယာဉ်ကောင်းယာဉ်သန့်တွေ။ မီးလောင်မလား၊ ရေကြီးမလား၊ မှုခင်းဖြစ်မလား၊ သဘာဝဘေးကြုံမလား၊ ဥဩသံတွေ တစီစီနဲ့ ပေါခနဲ ဒိုင်းခနဲ ရဲဇာနည်များ ချက်ချင်းရောက်လာတာ တွေ့ရမယ်။ အကြိုက်ဆုံးကတော့ ခေတ်မီလက်နက်တွေ တပ်ဆင်ပေးထားတာ ကျုပ်တော့ အကြိုက်ဆုံးပဲ"

"ဘယ်လိုလဲ။ ဒီညီအစ်ကိုနှစ်ယောက် စကားတွေပြောလို့ကို မဆုံးတော့ဘူးလား။ ကဲ・・・ထမင်းစားကြမယ်၊ ကြွပါ"

"ဒီနေ့ ကြားရသမျှ စကားတွေထဲမှာ မမဒေါ်င်း အခုပြောလိုက်တဲ့ ထမင်းစားကြမယ်၊ ကြွပါဆိုတဲ့စကားက နားဝင်အချိုဆုံးပဲ အစ်ကိုကောင်း"

**ဝင်းသောင်(ရမည်းသင်း)**


# ပဌာန်းရွှေကျမ်းရတနာဒီပံ
# ရွှေအလင်းတိုင်

ပဌာန်းဆက် အားကောင်း၍ လူ့ဘုံလောကတွင် ကျင်လည်နေထိုင်လျက်ရှိကြသော ပါရမီရှင်များအတွက် အားထားစရာ ပဌာန်းရွှေကျမ်း ရတနာဒီပံ ရွှေအလင်းတိုင် ပေါ်ထွက်လာပါပြီ။

ဤသို့ ပေါ်ထွက်ရအောင်လည်း ပဌာန်းရွှေကျမ်းကျင့်စဉ်ကို အဓိဋ္ဌာန်တင် သမထစွမ်းအင်ဖြင့် စီမံ၍ထားသဖြင့် ပါရမီရှင်များ လိုအပ်သော ကိစ္စအဝဝကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

အထူးသဖြင့် လျှို့ဝှက်စီမံထားသော ဂမ္ဘီရပစ္စည်းတစ်မျိုးနှင့် တွဲဖက်၍ စီမံထားပါသည်။ အသေးစိတ်သိလိုသူများ လူကိုယ်တိုင်ကြွရောက်၍ မှာယူနိုင်ပါသည်။

----- ဆက်သွယ်ရန် -----

**ရောင်ပြန်မဂ္ဂဇင်းတိုက်**

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊
ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၁၀၂၂၃၃၁




www.burmeseclassic.com

www.burmeseclassic.com

မောင်ယဉ်မွန် (မောင်နေခြည်)

# ကေယာ ၁၃ ဦးနှင့် ကျောက်ခေါင်းချုပ် ဒါရှုပ်ကော်ပို [၁၇]

ယခင်လမှအဆက်



ပန်းချီ စံလွင်မောင်

www.burmeseclassic.com

www.burmeseclassic.com

# မာယာဒေဝီ နှင့် ကျောက်စိမ်းရုပ် အရှုပ်တော်ပုံ (၁၇)

မောင်ယဉ်မွန်(မောဝ်နေခြည်)

ယ ခင် လ မှ အ ဆက်

မာယာဒေဝီ၊ ကျော်စွာ၊ တပ်မှူးလေးဝဏ္ဏနှင့် ဗိုလ်အာယုတို့ မောရိယရှမ်းကုန်းမြင့်မှ မြင်းကိုယ်စီဖြင့် ပြန်ခဲ့ကြသည်။ သူတို့တွေ ပဥ္စာလကောင်းသို့ အရင်မသွားပါ။ ကျောက်မြောင်းမှနေ၍ ဟန်လင်းနယ်သို့ ခရီးဆက်ခဲ့ကြသည်။ ဟန်လင်းနယ်သည် ဆားကျင်းမြောက်များစွာ လုပ်ကိုင်နေသော နယ်ဖြစ်သည်။ ထိုနယ်မှ ထွက်ရှိသမျှ ဆားများကို တိဘက်ကုန်သည်ကြီးများက ဝယ်ယူလျက် တကောင်းသူဌေးကြီးထံ ရောင်းချနေကြောင်း သိရသည်။ ထို့ကြောင့် ထိုနယ်မှ ထွက်ရှိသော ဆားအားလုံးကို မာယာဒေဝီမှ စာချုပ် ချုပ်ဆို၍ ဈေးကောင်းပေးဝယ်ကာ ဝယ်ယူပါတော့၏။

ထိုသတင်းကြားသည်နှင့် သခွတ်တောနယ်မှ ဆားကျင်းပိုင်ရှင်များလည်း ရောက်လာကြပြီး မာယာဒေဝီထံ ဆားရောင်းရန်အတွက် စာချုပ်ချုပ်ဆိုကြတော့၏။ ထိုရရှိသမျှ ဆားများကို ဆားကျင်းပိုင်ရှင်များက ကျောက်မြောင်းအရောက်ပို့ကြမည်။ ကျောက်မြောင်းရောက်မှ ဧရာဝတီမြစ်ကြီးအတိုင်း မာယာဒေဝီလှေကြီးဖြင့် ပဥ္စာလရွာအရောက် သယ်ယူကြရပေမည်။

ဗိုလ်အာယုမှာ ဟန်လင်းရွာသားကြီးဖြစ်၍ မာယာဒေဝီတို့ ဟန်လင်းမှာ ရှိနေခိုက် စားရေး၊ နေရေး၊ သွားရေး၊ လာရေးကအစ အဆင်ပြေခဲ့ရသည်။

"သခင်မလေး··သခင်မလေး··ကျွန်တော်တို့ သခွတ်တောက ဆားကျင်းပိုင်ရှင်တွေကို သူကြီးအိမ်ခေါ်ပြီး ရိုက်နှက်နေပါပြီ၊ ကယ်ပါဦး"

ဟု သခွတ်တောရွာသားနှစ်ဦး မြင်းနဲ့ရောက်လာပြီး သတင်းပို့သည်။

"သူကြီးက ဘာကြောင့် အဲဒီလို လုပ်ရတာလဲ"

ဟု မာယာဒေဝီက မေးကြည့်သည်။

"တိဘက်တွေက သခင်မနဲ့ ကျုပ်တို့ရွာသားတွေ ဆားအရောင်းအဝယ်လုပ်တာ မကြိုက်လို့ မောရတောင်က ဓရာဇာဆီ တိုင်တယ်၊ ဒါနဲ့ မောရတောင်က စစ်သည်တော်တွေ စေလွှတ်ပြီး ခုလို ဖမ်းလားဆီးလား လုပ်တော့တာပေါ့"

ဟု သခွတ်တောရွာသားက ရှင်းပြသည်။

"ဘယ်လိုလုပ်ကြမလဲ သခင်မ"

ဟု ဝဏ္ဏက မေးလိုက်သည်။

"ကိုဝဏ္ဏနဲ့ ဦးအာယု ဒီမှာစောင့်နေပါ၊ လာ··ကျော်စွာ တို့ လိုက်သွားရအောင်"

ဟု ဆိုကာ မာယာဒေဝီ အိမ်ပေါ်မှဆင်း၍ သခွတ်တောသို့ မြင်းကိုယ်စီဖြင့် ထွက်ခဲ့သည်။

သခွတ်တောနှင့် ဟန်လင်းက မဝေးပါ။ မာယာဒေဝီတို့ သခွတ်တောရောက်ချိန်မှာ အိမ်တိုင်းရှေ့တွင် ကညင်မီးတိုင်များက လင်းလက်နေဆဲဖြစ်၏။

www.burmeseclassic.com

သူကြီးအိမ်ရှေ့ ဝင်းတံခါးကြီးလည်း ပိတ်ဆို့ထားခြင်း မရှိ၍ အလွယ်တကူ ပင် မြင်းကိုယ်စီဖြင့် ဝင်ရောက်ခဲ့ကြ သည်။

'ရပ်' ဟု ဝင်းအတွင်းဝင်မိမှ အမိန့်ပေးသံ ထွက်လာသည်။ ထိုအမိန့် ပေးသူအား မာယာဒေဝီက ဓားအိမ် ဖြင့် ဖြောင်းကနဲ မြည်အောင် ရိုက်ချ ပြီး ရှေ့သို့ဆက်ခဲ့သည်။ ကျော်စွာနှင့် ရှာသားနှစ်ဦးမှာလည်း မာယာဒေဝီ နောက်မှ အသင့်ပင် လိုက်ပါခဲ့၏။

ဆားကျင်းထောင်ကြီးများကို ကြိုးနှင့်တုပ်လျက် ရိုက်နှက်နေသူများ ရပ်တန့်သွားပြီး မာယာဒေဝီတို့ထံ ပြေးလာခဲ့ကြသည်။ မာယာဒေဝီ ဣန္ဒြေမပျက် မြင်းပေါ်မှ ဆင်းလိုက် သည်။ ကျော်စွာတို့လည်း မြင်းပေါ်မှ ဆင်း၍ ကြောက်လန့်ခြင်း ကင်းမဲ့စွာ ရှေ့သို့တိုးသွားရင်း…

"မင်းတို့ခေါင်းဆောင် ဘယ်မှာ လဲ"

ဟု မာယာဒေဝီက မေးလိုက် သည်။ ထိုအချိန်မှာပင် လူကြီးတစ်ဦး နှင့် တိဘက်နှစ်ဦးတို့ အိမ်ပေါ်မှ ဆင်းလာပြီး…

"ငါ့အလုပ်ကို ဘယ်လိုကောင် က လာရောက်နှောင့်ယှက်တာလဲ၊ အားလုံး မသာပေါ်သွားချင်လို့လား"

ဟု ဆိုကာ မာယာဒေဝီရှေ့ မှောက် ရောက်လာသည်။

"နင်က ခုတော့ ဒီအချိုးမျိုး ဖြစ်နေပြီပေါ့လေ"

ဟု ဆိုကာ 'ဖြောင်း…ဖြောင်း' မြည်အောင် ဓားအိမ်ဖြင့် နှစ်ချက်ဆင့် ကာ ထိုသူ၏ ပါးကို ရိုက်ချလိုက် တော့၏။ ထိုအခါ မောရတပ်သား များက မာယာဒေဝီတို့အား ဝိုင်းထား လိုက်ကြသည်။

"မင်း..မင်း..ငါ့ကို စော်ကား ရဲတယ်၊ ငါက မောရတောင်မှာ စံမြန်း နေတဲ့ ဓဇရာဇာ ဘုရင်မင်းမြတ်ကြီးရဲ့ စစ်သူကြီးဆိုတာ နင် နားမလည်ဘူး လား"

ဟု ထိုလူကြီးက ကြိမ်းဝါး လိုက်ပြန်သည်။

"ဘာစစ်သူကြီးလဲ၊ ကိုင်းဟယ်၊ ကိုင်းဟယ်၊ 'ဖြောင်း..ဖြောင်း'၊ ဒီမှာ လှေသမားကြီး၊ ငါ ဘယ်သူဆိုတာ သေသေချာချာကြည့်စမ်း၊ ကြည့်စမ်း ပါ၊ ကြည့်လိုက်စမ်းပါ"

ဟု မာယာဒေဝီက ခိုင်းလိုက် ရာ ထိုသူက သူ့ပါးသူပွတ်ရင်း မာယာဒေဝီကို ကြည့်လိုက်ရတော့၏။

"သခင်မလေး…သခင်မလေး မသေဘူးနော်၊ ကျွန်တော်မျိုးက သခင်မလေး ကျောက်တောင်ကြီး ပြို တော့ ပါသွားလို့ သေပြီထင်နေခဲ့တာ ပါ သခင်မလေးရယ်"

ဟု ဆိုကာ ဒူးထောက်ချလိုက်ပြီး

"အားလုံး သခင်မလေးကို ဒူး ထောက် ခစားကြ"

ဟုလည်း သူ့စစ်သည်များကိုပါ တစ်ဆက်တည်း အမိန့်ပေးလိုက်တော့ ၏။

"ကျော်စွာ…ဟိုမှာ ကြိုးတုပ်ခံ ထားရတဲ့ ဆားကျင်းထောင်တွေ အားလုံး လွှတ်ပေးလိုက်"

ဟု မာယာဒေဝီက ခိုင်းလိုက် သည်။ ထိုသူများကလည်း လွှတ်လာ သည်နှင့် မာယာဒေဝီရှေ့ ဒူးထောက် လိုက်ကြသည်။

"မောင်မင်းတို့…အဆင်ပြေကြ ရဲ့လား၊ ငါအသိနောက်ကျသွားတော့ နည်းနည်းနာကြမှာပေါ့၊ မင်းတို့ ဒီလို ဖြစ်ရတာ ဟိုတိဘက်နှစ်ကောင် ကြောင့် ဖြစ်တယ်၊ မောင်မင်းတို့ ဒီနှစ်ကောင်ကို ရှင်းပစ်လိုက်ကြ"

ဟု ခိုင်းလိုက်သည်နှင့် တိဘက် နှစ်ဦး ထွက်ပြေးရန် ကြိုးစားတော့ ၏။ မလွတ်ပါ။ မာယာဒေဝီက ကျော ပေါ်မှ လေးနဲ့မြားယူ၍ ပစ်ချလိုက် သဖြင့် တိဘက်နှစ်ဦးလုံး အသက်ဆုံး ရတော့၏။

"လှေသမားကြီး ရှင့်မှာ စစ်သည် အင်အား ဘယ်လောက်ပါခဲ့လဲ"

ဟု မာယာဒေဝီက မေးလိုက် သည်။

"ငါးဆယ်ပါပါတယ်၊ ဘာများ ခိုင်းစရာရှိလို့ပါလဲ သခင်မလေး"

"မနက်ခရီးထွက်မယ်၊ ဟင်း လင်းကို လာခဲ့ကြပါ"

ဟု မာယာဒေဝီက ပြောလိုက် ရာ…



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်ကိုခရီးထွက်မှာလဲ"

ဟု လေှသမားကြီး မေးမည် အပြုတွင် မာယာဒေဝီက လက်ကာပြပြီး…

"မနက်ဆက်ဆက်လာခဲ့ပါ"

ဟု ဆိုကာ မာယာဒေဝီနှင့် ကျော်စွာတို့ ဟန်လင်းသို့ ပြန်ခဲ့တော့၏။

ဝဏ္ဏနှင့် ဦးအာယုမှာ မာယာဒေဝီတို့အလာကို ရင်တထိတ်ထိတ်ဖြင့် စောင့်ကြိုနေကြရသည်။ မာယာဒေဝီတို့ ပြန်မရောက်သေး၍ မအိပ်နိုင်ကြပေ။ ထိုအချိန်တွင် မြင်းခွာသံကြားရသဖြင့်…

"ဟော…ပြန်လာပြီ"

ဟု ဆိုကာ ဝဏ္ဏအိမ်အောက်သို့ ဆင်း၍ကြိုသည်။

"အဆင်ပြေခဲ့ရဲ့လား သခင်မ"

ဟု ဝဏ္ဏက မြင်းကြိုးရပ်လိုက်သည်နှင့် ဆီး၍မေးလိုက်သည်။

"ကိုဝဏ္ဏ…မနက်ဖြန် ခရီးထွက်မယ်"

ဟု မာယာဒေဝီက ဆိုလိုက်ပြန်သည်။

"ဗျာ…ဒါဆို ဒီည အဆင်မပြေခဲ့ဘူးပေါ့"

ဟု ဦးအာယုက ဝင်၍မေးလိုက်၏။

"အဆင်ပြေပါတယ် ဦးအာယုရယ်၊ မနက်ဖြန်မှာ သခွတ်တောရောက်နေတဲ့ မောရတပ်တော်နဲ့အတူ ပဉ္စာလသွားကြမယ်၊ ပဉ္စာလမှာ ဈေးတည်ဆောက်တဲ့အခါ မောရတပ်က ဦးဆောင်ပြီး တည်ဆောက်တာဆိုတော့ နောက်နောင် ဘယ်သူနဲ့မှ အရှုပ်အရှင်း မရှိတော့ဘူးပေါ့"

ဟု မာယာဒေဝီက ရှင်းပြမှ အားလုံးသဘောပေါက်ရတော့၏။

အမှန်တော့ ပဉ္စာလနယ်သည် စိန္ဒ်တိုင်းသားတို့ သိမ်းပိုက်ထားသောနယ်မြေမဟုတ်ပါ။ လွတ်လပ်သော ဗရမ္မာတို့၏ နယ်မြေတစ်ခုသာ ဖြစ်သည်။ ထိုနယ်မြေကို ခြေကုပ်ယူ၍ မာယာဒေဝီ လုပ်ငန်းစမည်။ ထိုသို့ လုပ်ငန်းစရာတွင် ယခု ဗရမ္မာတို့၏ အရှင်သခင် မောရတောင်မှ ဓေရာဇာ၏ တပ်တော်သားများ ပါဝင်လျှင် ဗရမ္မာအားလုံး အမြင်ရှင်းသွားမည်မှာ သေချာလှပေ၏။ ထိုညက မာယာဒေဝီ သူ၏ ရှေ့လုပ်ငန်းစဉ်အား တွေးလျက် ကြည်နူးမဆုံး ဖြစ်ရသောကြောင့် တော်တော်နှင့်ပင် အိပ်၍မပျော်ခဲ့ပေ။ မိုးလင်းပိုင်းရောက်ကာမှ မှေးကနဲ အိပ်ပျော်သွားတော့၏။

"သခင်မလေး…မောရတပ်တွေ ရောက်နေပါပြီ"

ဟု ဝဏ္ဏ သတင်းပို့မှ မာယာဒေဝီ အိပ်ရာထက်က လူးလဲထလိုက်ရတော့၏။

"ဦးအာယုက မောရတပ်တွေကို တစ်ခုခုကျွေးထားပေးပါဦး"

ဟု ဆိုကာ မာယာဒေဝီ မျက်နှာသစ်ရတော့၏။ ဦးအာယုက ခေသူမဟုတ်ပေ။ မနေ့ညက သခင်မ မာယာဒေဝီစကား ကြားရပြီးနောက် ကောက်ညှင်းဆန်များ ရေစိမ်၍ မနက်အစောကြီး ထချက်ခဲ့သည်။ ခုတော့ အားလုံးပင် ကောက်ညှင်းပေါင်း အဝစားလိုက်ကြရ၏။

စားသောက်ပြီးသည်နှင့် ခရီးထွက်ခဲ့သည်။ ဟန်လင်း၊ သခွတ်တောနယ်များမှာ မြင်းအလွန်ပေါသဖြင့် မာယာဒေဝီတို့အတွက် လိုအပ်သော မြင်းများကို ဆားကျင်းထောင်များက ပေးလိုက်ကြသည်။ ဧရာဝတီ၏ အနောက်ဘက်ဒေသသည် တောထူသော်လည်း တောင်ကြီးကြီးမားမား မရှိသဖြင့် ခရီးကတွင်သည်။ ထိုည မလည်မှာပင် တစ်ညနားကြသည်။ မလည်သည် မိဖုရားနာဂဆိန် နေထိုင်စဉ်က စည်ကားသလို ရှိခဲ့သော်လည်း ယခုတော့ နာဂဆိန် မရှိ၍ထင့် တိတ်ဆိတ်ငြိမ်သက်လှပေ၏။ နောက်နေ့မနက်တွင် စောစောထ၍ ခရီးဆက်ခဲ့ကြသည်။ ထိုနေ့က ထူးဆန်းသည်မှာ 'သော' ဟု အမည်ရှိသော တောကြီးဖြတ်ကြသောအခါ လွန်စွာမှ လှပသော ရွှေသမင်များကို မြင်တွေ့ကြရသည်။

"ဗရမ္မာတောလိုက်မုဆိုးမှန်ရင် ရွှေသမင်ကို ဘယ်တော့မှ မပစ်ဘူးဗျ"

ဟု ဦးအာယုက ဆိုသည်။ ထို့ကြောင့်ပင် ထင်ပါ၏။ ရွှေသမင်



www.burmeseclassic.com

www.burmeseclassic.com

များက လူကိုပင် မကြောက်ပါပေ။

နေဝင်ချိန်မှာပင် မာယာဒေဝီတို့ အဖွဲ့ ပဥ္စာလရွာသို့ ရောက်ခဲ့ကြသည်။

"မမမာယာ လာတာနဲ့ အတော်ဖြစ်သွားပြီ"

ဟု နန္ဒက ဆီးကြို၍ ဆိုလိုက်လေ၏။

"ဟဲ့ တို့ရောက်တာနဲ့ ဘာအတော်ပဲ ဖြစ်ရတာလဲ"

ဟု မာယာဒေဝီက မေးလိုက်ရာ…

"မနက်ဖြန်မနက် နန္ဒရဲ့မင်္ဂလာပွဲဗျ သခင်မလေးရဲ့"

ဟု ဦးကာလုက ဆိုလိုက်တော့၏။

"ဘာ…မင်းက မိန်းမယူတော့မယ်၊ ဘယ်ကမိန်းကလေးနဲ့လဲ"

ဟု မာယာဒေဝီက တအံ့တသြဖြင့် မေးလိုက်တော့၏။

"ဒီပဥ္စာလသူပါပဲ၊ သူ့နာမည်က ခင်တင့်တဲ့"

ဟု နန္ဒက မရဲတရဲပင် ဖြေလိုက်ရ၏။

"အင်း…ဘာလိုလိုနဲ့ မင်းတို့လေးတွေတောင် အရွယ်ရောက်လာကြပြီကိုး"

ဟု မာယာဒေဝီက လေးလေးပင်ပင် ညည်းညူလိုက်သည်။

"ကျော်စွာ လာ၊ မင်းကို ငါပြစရာရှိတယ်"

ဟု ဆိုကာ နန္ဒက ကျော်စွာကို ခေါ်ထုတ်သွားတော့၏။

ထိုညက လူတွေများသဖြင့် ဝဏ္ဏတဲမှာအချို့၊ မာယာဒေဝီလှေပေါ်မှာတော့ မန်လည်လူငယ်များ ရှိသဖြင့် ဆိပ်ကမ်းအနီးမှ တဲကြီးများမှာပင် မောရစ်သည်များကို နေရာချပေးလိုက်ကြသည်။

"စစ်သူကြီး…ခင်ဗျားနဲ့ မာယာဒေဝီသခင်မလေးက ဘယ်မှာစတွေ့တာလဲ"

ဟု ညရောက်သည်နှင့် ဝဏ္ဏက စပ်စုကြည့်သည်။

"ကျုပ်မှာ သခင်မလေးတို့ ဒီတိုင်းပြည် မဝင်ခင်တည်းက နောက်တော်ပါးမှာ ခစားလာခဲ့ရသူပါဗျာ"

ဟု ဆိုကာ မာယာဒေဝီတို့ တကောင်းပြည်သို့ ဝင်ရောက်လာကြပုံကို သူသိသမျှ ရှင်းပြသည်။

"အင်း…ကံအကြောင်းမလှရှာတဲ့ သခင်မလေးဘဝက သနားစရာပါလား"

ဟု ဝဏ္ဏက ဆိုလိုက်တော့၏။

ကံအကြောင်းမလှရှာသူ မာယာဒေဝီမှာ ထိုညက တော်တော်နှင့် အိပ်မပျော်ပါ။ ဓရောဓာအကြောင်း တွေးမိလေတိုင်း နာဂဆိန်၏ ရွံရှာစက်ဆုပ်ဖွယ်မျက်နှာကြီးသာ ပေါ်လာတော့၏။

"နာဂဆိန်ရယ် မကြာမီ နင့်ရဲ့ ဇာတ်သိမ်းခန်း ရောက်တော့မှာပါ"

ဟု တွေးကာ ဖြေသာအောင် ဖြေလိုက်ရတော့၏။

နောက်နေ့မနက်တွင် နန္ဒနှင့် ခင်တင့်တို့၏ မင်္ဂလာပွဲကြီး စပါတော့၏။ ထိုမင်္ဂလာပွဲက ရိုးရှင်းသည်။ ဂုဏ်တွေ၊ ရွှေတွေ၊ ငွေတွေ၊ ပကာသနတွေ လုံးဝမှုမပါ။ သတို့သမီးအိမ်ရှေ့မှာ သက်ငယ်မိုး ဝါးမဏ္ဍပ်ကြီးထိုး၍ ကြွလာသမျှလူအပေါင်းကို ကောက်ညှင်းပေါင်း နှမ်းထောင်းနိုင်နိုင်နှင့် ကျွေးသည်။ မင်္ဂလာပွဲလာသူများမှာ သတို့သမီး သတို့သားထက် အနီရောင် ဝတ်ဆင်ထားသော မာယာဒေဝီ၏ အလှကို ပို၍ငေးမောကြရပေ၏။

မောင်နန္ဒ မခင်တင့်တို့ နှစ်ဦး အကြင်လင်မယား ဖြစ်သွားကြောင်း နတ်ဆရာက နတ်ရေစင် ပက်ဖျန်းကာ ကြေညာလိုက်သည်နှင့် မင်္ဂလာကိစ္စ ပြီးမြောက်ခဲ့ရတော့၏။ ထိုသို့ နတ်ဆရာက ကြေညာနေခိုက်မှာပင် မြက်ခမောက်ကြီးများဆောင်းလျက် မြင်းစီးသမား လူတစ်စု မင်္ဂလာအိမ်ရှေ့သို့ ရောက်လာတော့၏။ ထိုသူတို့ကို မြင်လိုက်ရသဖြင့် သတို့သားနန္ဒလေးမှာ အိမ်ပေါ်မှ အပြေးဆင်းလျက်…

"ဦးဦးသု…ဦးဦးသု…မမမာယာရောက်နေတယ်"

ဟု ပြောလိုက်သည်။

"ဘယ်မှာလဲ မာယာဒေဝီ"

ဟု သုဇိလက မြင်းပေါ်မှဆင်းရင်း အသံကျယ်ကျယ်ဖြင့် မေးလိုက်ရာ…

"ဒီမှာ…မင်းရဲ့မာယာဒေဝီ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုကာ မာယာဒေဝီကိုယ်တိုင် အိမ်ပေါ်မှ ဆင်းလာသည်။

"ရွှေတွေနဲ့ ကျောက်စိမ်းရုပ်ဘယ်မှာလဲ"

ဟု ဆက်၍မေးလိုက်ရာ မာယာဒေဝီက သုဇိလ၏ နားရွက်ကိုဆွဲ၍ ရောဝတီမြစ်ကမ်းဘက်သို့ ထွက်လာတော့၏။ ပရိသတ်များမှာတော့ အံ့ဩမဆုံးနိုင်ဖြစ်၍ ကျန်ရစ်သည်။ အံ့ဩမည်ဆိုပါက အံ့ဩလောက်ပါ၏။ နှုတ်ခမ်းမွေးစစ မုတ်ဆိတ်မွေးတစ်လက်မလောက်နှင့် ဖြူဖြူထွားထွား ယောကျ်ားပီသသော သုဇိလဆိုသူအား ဖြူဖြူဖွေးဖွေး သေးသေးသွယ်သွယ် မိန်းကလေးတစ်ဦးက နားရွက်ဆွဲ၍ ခေါ်သွားခြင်းမှာ သူတို့အတွက် အမြင်ဆန်းနေပေ၏။

"လူရှေ့မရှက် သူရှေ့မရှောင် နှုတ်စည်းမစောင့်လို့ နင့်ကို ငါ စိတ်ပျက်တာ သိလား၊ ခု နင် ဘယ်က လာတာလဲ။ သုန္ဒရ ငါတို့ဆီ ရောက်လာတယ်၊ နင့်ကို လိုက်ရှာတာတဲ့၊ သုန္ဒရနဲ့ကော တွေ့ရဲ့လား"

ဟု မာယာဒေဝီက စီကာပတ်ကုံး မေးလာတော့၏။

"ဒါ ငါ့လှေ"

ဟု ဆိုကာ နှစ်ယောက်သား လှေပေါ်တက်ခဲ့ကြသည်။

"သိပါတယ်၊ သုည မင့်လူတွေက ရွာပြန်သွားကြပြီလား"

ဟု သုဇိလက သုညကို တစ်ဆက်တည်း မေးလိုက်လေသည်။

"ရွာမပြန်ပါဘူး၊ ဒီလှေကြီးကို သူတို့ စောင့်ရှောက်နေကြတာပါ၊ ခုတော့ နန္ဒမင်းသားလေးရဲ့ မင်္ဂလာပွဲ သွားကြတယ်"

ဟု သုညက ဆိုလိုက်သည်။ ထိုစဉ်မှာပင် ကျော်စွာနှင့် နန္ဒတို့က ကောက်ညှင်းပေါင်း၊ ငါးကြော်များ ယူ၍ မင်္ဂလာအိမ်မှ ပြန်လာခဲ့ကြသည်။

"မြန်မြန်စားကြ၊ စားပြီးရင် ငါနဲ့ လိုက်ခဲ့ကြ"

ဟု ဆိုကာ မာယာဒေဝီ လှေကြီးပေါ်မှ အခန်းတွင်းဝင်၍ အဝတ်များ လဲလိုက်တော့၏။

သုဇိလ ကောက်ညှင်းပေါင်းစားရင်း စဉ်းစားရတော့၏။ ယခုတွေ့နေရသော မာယာဒေဝီသည် သူသိခဲ့သော မာယာဒေဝီမှ ဟုတ်ပါလေစဟုလည်း တွေးသည်။ မာယာဒေဝီ အစစ် ဆိုပါလျှင် ပါးပေါ်တွင် အမာရွတ်ကြီး ရှိနေရမည်။ ခု မာယာဒေဝီတွင် လုံးဝအမာရွတ်ကြီး မရှိပါပေ။ ထိုသို့ဆိုပါလျှင် မာယာဒေဝီ အတုများလားဟုလည်း စဉ်းစားနေမိတော့၏။

"စားပြီးရင် သွားကြမယ်"

ဟု မာယာဒေဝီ အခန်းတွင်းမှ ထွက်လာပြီး ဆိုလိုက်တော့၏။ သုဇိလတို့ မနေသာပါ။ မာယာဒေဝီ ခေါ်ဆောင်ရာသို့ ပါခဲ့ရလေသည်။

"ကိုဝဏ္ဏ ရှင့်လူတွေကော အသင့်ဖြစ်ပြီလား"

ဟု ဝဏ္ဏ၏ တဲကြီးရှေ့ရောက်သည်နှင့် မာယာဒေဝီက မေးလိုက်သည်။

"အားလုံး အသင့်ဖြစ်လို့ သွားနှင့်ကြပါပြီ၊ စစ်သူကြီးရဲ့လူတွေ အားလုံးလည်း သွားနှင့်ကြပြီ"

ဟု ဝဏ္ဏက ပြန်ပြောသည်။

"ဒါဆို သွားကြစို့"

ဟု ဆိုကာ ဝဏ္ဏ၏ တဲရှေ့မှ ထွက်ခဲ့ကြပြန်သည်။

ပဉ္စာလရွာ၏ တောင်ဘက်တွင် မနိမ့်မမြင့် တောင်ကုန်းလေးရှိသည်။ ထိုတောင်ကုန်းလေးသည် သစ်ပင်များ ထူထပ်၍နေသော်လည်း အပြန့်ကျယ်သည်ကို တွေ့ရ၏။ ပဉ္စာလတပ်သားများနှင့် မောရတပ်သားများသည် ထိုတောင်ကုန်းပေါ်မှ သစ်ပင်ကြီးငယ်များကို တစ်ပင်မကျန် တူးဖော်၍နေကြသည်။

"သုဇိလ..ဒီတောင်ကုန်းပေါ်မှာ ပဉ္စာလဈေးကြီးတည်မယ်၊ ဈေးရဲ့ အနောက်ဘက်မှာ အိမ်တွေဆောက်မယ်၊ ဈေးရဲ့တောင်ဘက် ဟိုမြင့်မြင့် တောင်ပေါ်မှာ နန်းတော်တည်မယ်၊ နေရာကတော့ ပြောဖို့မလိုအောင် ကောင်းတယ်၊ ဟိုအနောက်ဘက် တောင်မြင့်မြင့်ပေါ်မှာ စမ်းရေတွေ ထွက်နေတာ တွေ့ရတယ်။ အဲဒီစိမ့်စမ်းရေတွေကို သစ်ခေါင်းနဲ့ မြောင်း



www.burmeseclassic.com

www.burmeseclassic.com

သွယ်ပြီး ဒီတောင်ပေါ်အရောက် သွယ်ယူမယ်၊ ဒါဆို ရေလည်းမရှားတော့ဘူး"

ဟု မာယာဒေဝီက သူ့အစီအစဉ်ကို သုဇီလအား ရှင်းပြသည်။

"ဟိုတောင်ကုန်းပေါ်မှာ နန်းတော်တည်မယ်ဆိုတော့ ဘုရင်က ဘယ်မှာလဲ၊ ဓေရာဇာကိုခေါ်ပြီး နန်းတင်မှာလား"

ဟု သုဇီလက မေးလိုက်သည်။

"တော့၊ ဓေရာဇာအတွက် ငါက ဒီလောက်ကြိုးစားလုပ်မတဲ့လား၊ နန်းတော်ကြီး ဆောက်ပြီးရင် ငါကိုယ်တိုင် ဘုရင်မကြီးအဖြစ် ရွှေနန်းတက်မယ်၊ နင်က အမတ်ချုပ်ကြီးပေါ့"

ဟု ဆိုလာပြန်သဖြင့် သုဇီလ အံ့သြရတော့၏။

"**သုဇီလ** နင့်လူတွေခေါ်ပြီး ငါ့လုပ်ငန်းမှာ **ကူညီ**ပါ၊ ငါနန်းတက်ရင် သူတို့တွေကိုလည်း နေရာပေးရမှာပေါ့"

ဟု ဆိုလာသဖြင့် သုဇီလ ဘာမှ ပင် ပြန်မေးမနေတော့ပေ။ ရွာတွင်း ပြန်ဝင်၍ သူ့လူများကိုသာ ရှာ၍ ခေါ်လာရတော့၏။

ငါးရက်မြောက်သောနေ့တွင် ကျောက်သွေးဂူမှ နန္ဒိသေန၊ သုန္ဒရ၊ ဘိုးသဏ္ဍ၊ အဘသုခတို့ ပဉ္စာလရွာသို့ ရောက်လာကြပြန်သည်။

"မာယာဒေဝီ…နင့်အသက်ကို ကယ်ခဲ့တာ ဒီက ဘိုးသဏ္ဍပေါ့"

ဟု **သုဇီလက** မာယာဒေဝီအား ပြောပြလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဘိုးဘိုးရယ်၊ မာယာမှာ အမေမွေးတဲ့အသက် မရှိတော့ပါဘူး၊ ဘိုးဘိုးပေးတဲ့အသက်ပဲ ရှိပါတော့တယ်၊ ဘိုးဘိုးသဏ္ဍနဲ့ ဘသုခတို့ သမီးရဲ့လှေကြီးပေါ်မှာ အေးအေးဆေးဆေး အနားယူကြပါ၊ မာယာကတော့ အလုပ်တွေများနေလို့ ညရောက်မှ စကားပြောကြတာပေါ့"

"ရပါတယ် သမီးရယ်၊ အဘိုးတို့လည်း တတ်နိုင်သလောက် ဝိုင်းဝန်းကူညီရမှာပေါ့"

ဟု ဆိုကာ သူညတို့အုပ်စု ဆိုင်းဘုတ်ကြီး ပြုလုပ်ရာသို့ သွားရောက်၍ ကူညီကြသည်။

ဆိုင်းဘုတ်ကြီးမှာ ခြောက်ပေမျှ ရှည်ပြီး ပေဖျဉ်နှစ်ချပ်စပ်ကာ ဟသ်ာ ပြဒါးသုတ်လိမ်းထားသဖြင့် နီနီရဲရဲကြီးဖြစ်သည်။ ထိုအနီပေါ်တွင် ဆေးအဖြူရောင်ဖြင့် **'ပဉ္စာလတကောင်းမြို့'** ဟု ရေးလိုက်သောအခါ လှပခံ့ညားသော ဆိုင်းဘုတ်ကြီးတစ်ခု ဖြစ်လာတော့သည်။

သုဇီလနှင့် ပါလာသော ရာမတို့အုပ်စုက ကြီးမားလှသော ကျွန်းပင်ကြီးလှဲ၍ စည်ကျစ်ရန် ထွင်းကြသည်။ ဘိုးသဏ္ဍနှင့် ဘဘသုခတို့ နှစ်ဦးကတော့ စည်တော်ကြီး ပြုလုပ်ရန်အတွက် သားရေများကို ရေစိမ်ကာ သားရေကြီးများ လှီးကြရသည်။

"ဘိုးစိဏ္ဍကြီး ပါလာရင် သူလည်း ပျော်ရှာမှာဗျ"

ဟု ဘသုခက စကားစလိုက်သည်။

"ဒီမြို့တည်ပြီးရင် ဘိုးစိဏ္ဍတင်မကပါဘူး၊ ဟိုမှာရှိတဲ့သူတွေအားလုံး ဒီကိုခေါ်မှာပေါ့ဗျာ၊ ကျောက်သွေးဂူအရပ်မှာ တစ်သက်လုံးနေလို့ ဘယ်ဖြစ်နိုင်မှာလဲ"

ဟု ဘိုးသဏ္ဍက ဆိုလိုက်ပြန်၏။

"ဒါနဲ့ ခင်ဗျားပြောတော့ မာယာဒေဝီရဲ့ပါးမှာ မြင်ရက်စရာမရှိအောင် သေရာပါ အမာရွတ်ကြီး ရှိတယ်ဆို၊ ခုတော့ သူ့ပါးမှာ ဘာအမာရွတ်မှ မတွေ့ပါလား"

ဟု ဘသုခက မေးလိုက်ပြန်၏။

"ဟုတ်ပါ့ဗျာ၊ ကျုပ်လည်း အဲဒါ စဉ်းစားနေတာ၊ အလွန်အစွမ်းထက်တဲ့ သမားတော်တစ်ဦးနဲ့တွေ့လို့ အမာရွတ်တွေ လုံးဝပျောက်ကင်းသွားအောင် ကုသပေးလိုက်တယ် ထင်ပါရဲ့"

ဟုသာ ဘိုးသဏ္ဍ ဇဝေဇဝါ ဆိုလိုက်တော့၏။

ဈေးနေရာ မြေညှိပြီးသည်နှင့် မာယာဒေဝီ ထိုမြေပြင်ပေါ်တွင် ရွာသူရွာသားများနှင့် သူ့လူတွေအားလုံး ဖိတ်ခေါ်ကာ ရှေ့လုပ်ငန်းအတွက် ဆွေးနွေးပွဲ ပြုလုပ်သည်။ ဆွေးနွေးပွဲ မစမီ ရေးဆွဲထားသော ဆိုင်းဘုတ်ကြီးများကို ဦးစွာပြ၍…

"ဒီဆိုင်းဘုတ်က ဒီနေရာမှာ



www.burmeseclassic.com

www.burmeseclassic.com

ိက်ထူမှာဖြစ်တယ်၊ **'ပဉ္စာလတကောင်း** **ဈေး'** တဲ့။ ပဉ္စာလတကောင်းဈေးကြီး ာ ဟိုဘက်ကမ်းဈေးထက် စည်ကား စေရမယ်၊ ပဉ္စာလသူ မိန်းမပျိုလေး ကိုင်းအတွက် ရောင်းချစရာ ပစ္စည်း တွေ ထုတ်ပေးသွားမှာ ဖြစ်ပါတယ်။ ကိုဆိုင်းဘုတ်က **'ပဉ္စာလတကောင်း** **မြို့'** တဲ့။ အဲဒီဆိုင်းဘုတ်ကြီးကို ဧရာ တီမြစ်ဘက် မျက်နှာမူပြီး စိုက်ထူ ာပါ။ ဟိုတစ်ခုက **'ပဉ္စာလရွှေနန်း** **တော်'** တဲ့။ ဟိုတောင်ကုန်းပေါ်မှာ ရွှေ န်းစိုက်ထူသွားမှာ ဖြစ်ပါတယ်''

''ဒီလိုလုပ်ရတာကတော့ စိန့် ကိုင်းသားတွေ သိမ်းပိုက်ထားတဲ့ ာကောင်းမြို့တော် ပြန်လည်အရယူ င်အောင် ဖြစ်ပါတယ်။ စိန့်တိုင်းသား တွေကို ပြန်လည်မောင်းထုတ်ပြီးသည့် ိုင် မင်းနေပြည်တော်ကို ဒီပဉ္စာလ ာ စိုက်ထူမြဲ စိုက်ထူသွားမှာပါ။ ာကြောင့်ဆိုတော့ တကောင်းတိုင်း ား ဗရမ္မာများဟာ ဟိုဘက်မှာထက် ဘက်မှာ ပိုများပါတယ်။ ဆိုလိုတာ တော့ မင်းနဲ့ပြည်သူ၊ ပြည်သူနဲ့မင်း မြဲရှေ့လက်တွဲသွားမှာ ဖြစ်တယ်ဆို သဘောပါ။

ပဉ္စာလတကောင်းရွှေမြို့တော် ည်ပြီးတာနဲ့ ဆိပ်ကမ်းဈေးဟာ ဟို ်ကမ်းဈေးထက် အစစအရာရာ အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါ ယ်။ တိုင်းတစ်ပါးက ဝင်လာတဲ့ ဘော်တွေ ဟိုဘက်ကမ်း မကပ်နိုင် အောင် စစ်သည်တော်များက ဟန့် တားရမယ်။ ဒီအရေးကို မောရစ်သူ ကြီးရယ်၊ သုဓိလရယ်၊ တပ်မှူးဝဏ္ဏ ရယ် တိုင်ပင်ဆွေးနွေးပြီး ဆောင်ရွက် ပါ။

တစ်ဆက်တည်းပြောလိုတာက ပဉ္စာလတကောင်းမြို့တော် တည်ဆောက် ရာမှာ ပဉ္စာလရွာသူရွာသားများ ပါဝင် ကူညီပေးကြပါ၊ ဒီမှာလာပြီး ဝိုင်းလုပ် ဝိုင်းစားသဘော လုပ်ပေးကြပါ။ ချက် စရာ ဆီ၊ ဆန်၊ ဆား အားလုံး ဒီမှာ ရှိပြီးသား ဖြစ်ပါတယ်။ လှေသမား ကြီး ဦးကာလုနဲ့ ဗိုလ်အာယုတို့က လိုအပ်သလောက် လူတွေခေါ်ပြီး ကျောက်မြောင်းဆိပ်မှာရောက်နေတဲ့ ဆားတွေ သွားယူကြပါ။ အားလုံးကို ကျေးဇူးတင်ပါတယ်''

မာယာဒေဝီ စကားဆုံးသည်နှင့် လက်ခုပ်သံများ ကွင်းလုံးလျှံ၍သွား တော့၏။

ထိုနေ့မှစ၍ ညိုမြ၊ မြမေနှင့် ခင်တင့် အပါအဝင် ပဉ္စာလရွာက လူကြီးနှင့် လူငယ်အားလုံး မာယာဒေဝီ ၏ မြို့တော်တည်ဆောက်ရေးအတွက် သစ်ခုတ်၊ ဝါးခုတ် လုပ်အားပေးကြ သည်။

မကြာပါ။ မောရိယရှမ်းကုန်းမြင့် မှ လူငယ်များလည်း ရောက်လာကြ သည်။ အားရစရာကောင်းသည်မှာ ထိုလူငယ်အဖွဲ့တွင် လှပဖြူဖွေးသော ရှမ်းပျိုဖြူလေးများ ပါလာခြင်းပင် ဖြစ်သည်။ သူတို့လေးများကို မင်း တရားက ဈေးရောင်းပင် သင်၍ပေး လိုက်သည် ဆိုပေ၏။ ရှမ်းပျိုဖြူလေး များ ရောက်လာ၍ အပျော်ဆုံးလူမှာ ကျော်စွာဖြစ်သည်။ အဘယ်ကြောင့် ဆိုပါမူ သူတို့အဖွဲ့တွင် အေးမိုးပါ၍ ဖြစ်သည်။

ဈေးကြီးတည်ဆောက်ပြီးသည်နှင့် ဈေးဖွင့်ပွဲ ပြုလုပ်သည်။ ဆိုင်ကြီးများ မှာ ပြည်တွင်းဖြစ်၊ နိုင်ငံခြားဖြစ် အားလုံးရောင်းချသည်။ ဈေးကလည်း ဟိုဘက်ကမ်းဈေးထက် ချိုသာအောင် ရောင်းချပေးနေသဖြင့် စိန့်တိုင်းသား ကုန်သည်ကြီးများပင် စိတ်ဝင်တစား လာရောက်ကြည့်ရှု ဝယ်ယူကြပေ၏။

''သုဓိလ··ငါကတော့ ဈေးကြီး ဖွင့်ပြီးပြီ၊ နင်တို့လုပ်ရမယ့် စိန့်တိုင်း က ကုန်ပစ္စည်း ဝင်ထွက်သွားလာမှု ဖြတ်တောက်ရေးစီမံကိန်း စပေတော့''

ဟု မာယာဒေဝီက သုဓိလကို စေခိုင်းတော့၏။

မာယာဒေဝီ ဈေးကြီးဖွင့်နိုင်ရန် ကသိဏ်းတောင်မှ ယူလာသောရွှေ၊ ဘိုးသဏ္ဌ ပါလာသောရွှေ၊ သူညတို့ အဖွဲ့အား သုဓိလ ဆုချထားသော ရွှေ တွေအားလုံးကိုပင် အရင်းအနှီးအဖြစ် ပြုလုပ်ခဲ့ရသည်။ ရှမ်းကုန်းမြင့်မှ ဘိန္နက ရာဇာမင်းကလည်း လိုသလောက် အားလုံး ထောက်ပံ့ကူညီသည်။ ထိုသို့ အလုပ်တွေများနေသည့်ကြားမှ မန်လည် ရွာသားလူငယ်စုတို့က ဒူးလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com

မြားတွေကို အဆက်မပြတ် ပြုလုပ်ကြသည်။

ဘသုခလည်း တပည့်များမွေး၍ တေးလုံလက်နက်များ ပြုလုပ်ပေးတော့၏။ ဘသုခလုပ်ငန်းခွင်ကို လူငယ်များ စိတ်ဝင်စားသဖြင့် ပန်းပဲဖိုကြီးများ တိုးချဲ့လိုက်ရသည်အထိ စည်ကားလာတော့၏။ ထိုသို့ဆိုပါမူ မာယာဒေဝီ၏ အောင်ပွဲသည်ကား လက်တစ်ကမ်းမျှသာ လိုပေတော့သည်။

◆

"ဘာ..မာယာဒေဝီက ပဉ္စာလတကောင်းမြို့တော်တည်ပြီး ရွှေနန်းတက်မယ် ဟုတ်လား မိတ္တ"

ဟု နာဂဆိန်မိဖုရားကြီးက မေးလိုက်သည်။

"အမှန်ဖြစ်ကြောင်းပါ သခင်မကြီး..."

ဟု မိတ္တက ဆိုလိုက်သည်။

"ကပ္ပရာဇာစစ်သူကြီးကော ခုဘယ်ရောက်နေသလဲ"

ဟု နာဂဆိန်မိဖုရားက ဆက်၍ မေးလိုက်သည်။

"ကပ္ပရာဇာစစ်သူကြီးကိုယ်တိုင် ဦးဆောင်ဦးရွက် ပြုလုပ်ပေးနေကြောင်းပါဘုရား"

ဟု ဗလကလည်း ဆိုလိုက်၏။

"မဖြစ်ဘူး၊ မဖြစ်ဘူး၊ မောင်တော်ဘုရားထံ အမြန်သံတော်ဦးတင်မှဖြစ်မယ်"

ဟု ပြောလိုက်ချိန်မှာပင်...

"ဘာများသံတော်ဦးတင်ဦးမှာလဲ နားလည်ရယ်"

ဟု ဓရောဇာက သားတော်လေး ဝိရာဂအား ရွှေလက်ဆွဲ၍ နာဂဆိန်မိဖုရားကြီး အဆောင်တော်ပေါ်သို့ တက်လာတော့၏။

"မှန်လှပါ တကောင်းအနောက်ဘက် ဧရာဝတီမြစ်ကမ်းဘေးမှာ မာယာဒေဝီက ပဉ္စာလတကောင်းမြို့သစ်ကြီး တည်ဆောက်နေကြောင်းပါဘုရား..."

ဟု နာဂဆိန်က ပြောလိုက်ရာ ဓရောဇာ မျက်နှာတွန့်လှုပ်သွား၏။ သို့သော် ရာဇက္ကန္ဒြေမပျက်အောင် အတတ်နိုင်ဆုံးထိန်းလျက်...

"မဖြစ်နိုင်တာ နှမတော်ရယ်၊ မာယာဒေဝီက ကျောက်တောင်ကြီး ပြိုကျလို့ တစ်ကိုယ်လုံး ဒဏ်ရာတွေရတဲ့အပြင် အတိတ်ကို မေ့နေတာပါ"

ဟု ဆိုလိုက်လေ၏။

"အဲဒါတွေကို မောင်ဘုရား ကိုယ်တော်တိုင် မြင်ခဲ့ရလို့လား၊ သုဓိလရဲ့ လှည့်ကွက်တွေ မဖြစ်နိုင်ဘူးလား"

ဟု နာဂဆိန်မိဖုရားက ဆိုလိုက်ရာ ဓရောဇာအတွက် တွေးစရာတွေ ဖြစ်ရပြန်တော့၏။

အမှန်တော့ မာယာဒေဝီဟာ ငယ်ရွယ်စဉ်ကတည်းက သွက်လက်ထက်မြက်သည်။ မဟုတ်မခံစိတ်ရှိပြီး မာန်မာနကြီးသည်။ သူဖြစ်ချင်တာ မှန်သမျှ မဖြစ်မနေ ကြိုးစားသည်။ အရှုံးဟူသမျှ လုံးဝမရှိရအောင် အမြဲပင် နိုးကြားနေသူလည်း ဖြစ်သည်။ ယခု ရွှေမြို့တော်သစ် တည်ဆောက်ခြင်းမှာ ရှမ်းကုန်းမြင့်သို့ ထွက်ခွာသွားသော ဘိန္နကရာဇ်မင်းနဲ့များ ဆက်သွယ်မိလို့လားဟု ဓရောဇာ တွေးရပေတော့၏။

"ဟဲ့ မိတ္တ၊ မာယာဒေဝီက မြို့တော်သစ်တည်ပြီး ဘာတွေဆက်လုပ်မယ်လို့ သတင်းရသလဲ"

ဟု ဓရောဇာက မေးကြည့်တော့...

"မှန်လှပါ၊ ယခုဆိုပါလျှင် ပဉ္စာလဈေးကြီး ဆောက်ပြီး၍ ဈေးကြီးတောင်ဘက်ကုန်းမြင့်မှာ နန်းတော်ကြီး ဆက်လက်တည်နေကြောင်းပါ အရှင်"

ဟု မိတ္တက ဆိုလိုက်၏။

"ဘုရင်က ဘယ်မှာလဲ၊ စဉ်းစဉ်းစားစားပြောပါ မိတ္တရယ်"

ဟု ဓရောဇာက မယုံသလို ဆိုပြန်၏။

"မှန်လှပါ၊ ရွှေနန်းတော်ကြီး တည်ဆောက်ပြီးရင် မာယာဒေဝီ သခင်မကိုယ်တိုင် ဘုရင်မအဖြစ် ရွှေနန်းတက်တော်မူမှာပါ အရှင်"

ဟု ဗလကပါ ဆိုနေပြန်သည်။

"ဟဲ့ ဒါဆို မဖြစ်တော့ဘူး ကပ္ပရာဇာ အမြန်ခေါ်မှဖြစ်မယ်၊ ဘယ်



www.burmeseclassic.com

www.burmeseclassic.com

ရောက်နေသလဲ”

ဟု မေးလိုက်ရာ…

“မှန်လှပါ၊ မာယာဒေဝီရဲ့ ရွှေနန်းတော်သစ်ကြီး တည်ဆောက်ရာမှာ ကပ္ပရာဇာကိုယ်တိုင် ဦးဆောင်ပေးနေကြောင်းပါ အရှင်”

ဟု မိတ္တက ပြန်ပြောသည်။

ဓရာဇာ ဘာမှမပြောနိုင်တော့ပေ။ မိမိ ထိုအခြေသို့ရောက်အောင် မာယာဒေဝီကပင် ဦးဆောင်၍ ပြုလုပ်ပေးခဲ့သည်။ မာယာဒေဝီ ထိုသို့ပြုလုပ်ပေးခြင်းမှာ တစ်နေ့ သူမသာလျှင် မိဖုရားခေါင်ကြီး ဖြစ်ရမည်ဟု မျှော်လင့်ခဲ့သည်။ ဒါကိုသိလျက်နှင့် မာယာဒေဝီအား ဓရာဇာ ဥပေက္ခာပြုခဲ့မိသည်။ ခုတော့ မိဖုရားကြီး မဖြစ်လိုက်ရသူ မာယာဒေဝီက သူကိုယ်တိုင်ပင် ဘုရင်မကြီးဖြစ်အောင် ကြိုးစားပေတော့မည်။

“ဒါတွေအားလုံးက ငါ့ရဲ့အမှားတွေပါ မာယာဒေဝီရယ်”

ဟု ဆိုကာ ဓရာဇာ၏ ပါးပြင်ပေါ်သို့တိုင် မျက်ရည်ကြည်တို့ စီးဆင်းလို့လာတော့၏။

ဖခင်ကြီး ငိုနေသဖြင့် ဝိရာဂမင်းသားလေးလည်း လိုက်၍ငိုသည်။ နာဂဆိန်မိဖုရားကတော့ အောက်နှုတ်ခမ်းကို တင်းတင်းကိုက်လျက် ရှေ့ဘာဆက်လုပ်ရမည်နည်းဟုသာ စဉ်းစားခန်းဝင်လို့နေတော့၏။

“မိတ္တနဲ့ဗလ..ကပ္ပရာဇာ စစ်သူကြီးကို အမြန်ပြန်ခေါ်ခဲ့”

ဟု နာဂဆိန်မိဖုရားက ဆိုလိုက်လေရာ…

“လုံးဝသွားမခေါ်နဲ့၊ ဒီအရေးဟာ လူတွေ အသိခံလို့ လုံးဝမဖြစ်ဘူး၊ လူတွေသိသွားရင် အားလုံး မာယာဒေဝီရှိရာ ထွက်သွားကြလိမ့်မယ်၊ စိတ်အေးအေးထားပါ နှမတော်၊ ကျုပ် အကောင်းဆုံးဖြစ်အောင် စီမံပါ့မယ်”

ဟု ဆိုကာ ဓရာဇာ နာဂဆိန်၏ အဆောင်တော်မှ ပြန်ဆင်းသွားတော့၏။

ဓရာဇာ ဘာလုပ်လို့ ဘာကိုင်ရမည်မသိ။ ယခုလို အရေးအကြောင်းပေါ်လာမှ သူ့လူတွေဖြစ်ကြတဲ့ သုန္ဒရ၊ နန္ဒိသေန၊ သုဇိလတို့ကို သတိရလာသည်။

“မဖြစ်ဘူး၊ သုဇိလတို့တွေကို အမြန်ခေါ်ခိုင်းမှ”

ဟု တွေးကာ မိတ္တနှင့် ဗလကို ခေါ်၍…

“ဟဲ့ မိတ္တနဲ့ ဗလ မင်းတို့ ကျောက်သွေးဂူသွားပြီး သုဇိလ၊ နန္ဒိသေန၊ သုန္ဒရတို့ကို အမြန်ခေါ်ခဲ့ပေတော့”

ဟု ပြောလိုက်ရာ…

“မှန်လှပါ၊ သူတို့သုံးဦးအပြင် ဘိုးသက္ကာ၊ ဘသုခတို့တွေပါ မာယာဒေဝီအနီးမှာ ရောက်နေကြောင်းပါ အရှင်”

ဟု မိတ္တက ဆိုလိုက်တော့၏။

သွားပြီ။ တစ်လောကလုံး မာယာဒေဝီရဲ့လူတွေ ဖြစ်ကုန်ပြီ။ ခုတော့ ဗရမ္မာတို့ရဲ့ တကောင်းပြည်ကြီးမှာ ကမ္ဘာ့ပထမဆုံးဘုရင်မကြီး ရွှေနန်းတက်တော်မူပေတော့မည်။ ဓရာဇာ ဘာဆက်လုပ်လို့ ရတော့မည်နည်း။ သူ့အတွက် လုပ်လို့ရတာဆို၍ တစ်ခုသာရှိသည်။ ထိုတစ်ခုကတော့ မာယာဒေဝီ စိန့်တိုင်းသားများအား တော်လှန်တိုက်ခိုက်သောနေ့မှာ မောရတောင်မှာ ရှိသမျှ အင်အားဖြင့် ပါဝင်ကူညီပေးရန်သာလျှင် ရှိပေတော့၏။

“မိတ္တနဲ့ ဗလ မောင်မင်းတို့ နှစ်ယောက် ပဥ္စာလကို ပြန်သွားပါ၊ မာယာဒေဝီ စိန့်တိုင်းသားတို့ကို ပြန်လည်တိုက်ထုတ်မည့်ရက် သိရတာနဲ့ အမြန်ပြန်လာခဲ့ကြ၊ အဲဒီတိုက်ပွဲမှာ ငါတို့တွေ မာယာဒေဝီဘက်က စစ်ကူပေးရလိမ့်မယ်၊ ဒါဟာ ငါတို့တွေ ဗရမ္မာတို့အတွက် ပေးဆပ်ခြင်းဖြစ်တယ်။ ကိုင်း…ကိုင်း သွားကြပေတော့”

ဟု ဆိုကာ မင်းမြတ်ရာဇာ နားနေဆောင်ဘက်သို့ ထွက်ခွာသွားပေတော့၏။

ရှေ့လဆက်ရန်

**မောင်ယဉ်မွန်(မောဝ်နေခြည်)**



www.burmeseclassic.com

www.burmeseclassic.com

မင်းဓမ္မကုန်းတော်

# လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး

(ကျောက်တော်ကြီးဘုရား)

# လှူခွင့်ကြုံခိုက် လှူလိုက်စေချင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားသော **လောကချမ်းသာ အဘယ လာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)**ကို ဂေါပကအဖွဲ့ မှ ဘုရားဖူးပြည်သူများ စိတ်ချမ်းသာစွာ ဖူးမြော်နိုင်ရေး၊ ဘုရားကြီးဝန်းကျင်တွင် လုပသန့်ရှင်းရေး၊ ဘုရားကြီးရေရှည်တည်တံ့ပြီး သာသနာတော် တည်တံ့ရေး အတွက်ရည်စူး၍ လုပ်ငန်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဘုရားကြီး၏ဂန္ဓကုဋိတိုက်ကြီးကို အမြင်တင့်တယ်သပ္ပါယ်စေရန် ရွှေရေး ရွှေဆေးများ ခြယ်သလှူဒါန်းနိုင်ရန်လည်း (၆) ကြိမ်မြောက်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါတွင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ဂေါပကအဖွဲ့က ဂန္ဓကုဋိတိုက်ကြီးအား အောက်ဖော်ပြပါနေရာများကို ရွှေဆေး၊ ဆီဆေးတို့ကို ခြယ်သလှူဒါန်းမည် ဖြစ်ပါသည်။

ထိုအလှူတော်ကြီးတွင် ဒါနပြုလှူဒါန်းသူများအနေဖြင့် တစ်ဦးခြင်းဖြစ်စေ၊ မိသားစုလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ သဒ္ဓါစိတ်ရှိသမျှ လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးရှိန်အောင်ဗိုလ်၊ ဦးညွန့်မောင်၊ ဦးကြည်လှ၊ ဦးစိန်လှိုင်၊ ဦးသိန်းဝင်း၊ ဦးမောင်မောင်မြင့်အေး၊ ဦးခင်မောင်ဆက်၊ ဦးဇော်ဇော်ဦး၊ ဦးကြင်ခိုင်၊ ဦးအောင်ဝေယျ၊ ဦးတင်မြင့်တို့က တစ်ဦးလျှင် ကျပ် တစ်သိန်းစီ မ,တည်လှူဒါန်းပါသည်။

## လှူဒါန်းနိုင်သော ကုသိုလ်တော်များမှာ....

| | | | |
|---|---|---|---|
| ၁။ | စောင်းတန်းလက်ရမ်း (၁၀ ပေ)တစ်ကွက် ဆေးသုတ်ကုန်ကျစရိတ် | = | ၃၅,၀၀၀ိ/- |
| ၂။ | ရွှေဆေးသုတ်ခြင်း(၁)ကျင်းသုတ် ကုန်ကျစရိတ် | = | ၈၀,၀၀၀ိ/- |
| ၃။ | စောင်းတန်းတိုင်လုံး(၁)လုံး (ပန်းဆွဲပါ) ဆေးသုတ်ကုန်ကျစရိတ် | = | ၉၀,၀၀၀ိ/- |
| ၄။ | ဂန္ဓကုဋိတိုက်အရံဘုံဆောင်(၁)ဆူ ဆေးသုတ်ကုန်ကျစရိတ် | = | ၆၅,၀၀၀ိ/- |
| ၅။ | ဂန္ဓကုဋိတိုက်ပင်မဘုံဆောင် ဆေးသုတ်ကုန်ကျစရိတ် | = | ၂၂,၀၀,၀၀၀ိ/- |
| ၆။ | ဂန္ဓကုဋိတိုက်သွပ်အမိုး ဆီဆေး(၁)ကျင်း ကုန်ကျစရိတ် | = | ၆၀,၀၀၀ိ/- |
| ၇။ | စောင်းတန်းမျက်နှာကျက် (၁)ဆောင်(၃၀ ပေ× ၂၄ ပေ)ဆေးသုတ်ကုန်ကျစရိတ် | = | ၂၇,၀၀,၀၀၀ိ/- |
| ၈။ | ကျုံးကူးဆောင်(၁)ဆောင်ဘုံဆောင်ဆေးသုတ်ကုန်ကျစရိတ် | = | ၁၄,၅၀,၀၀၀ိ/- |
| ၉။ | စောင်းတန်းဘုံဆောင်(၁)ဆူ ဆေးသုတ်ကုန်ကျစရိတ် | = | ၆,၅၀,၀၀၀ိ/- |

ထိုအလှူများကို စိတ်ဝင်တစား ဒါနပြုလိုသူများအနေဖြင့်

မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ကို ဖူးမြော်ကြည်ညို၍

မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးရုံး ♦ ဖုန်း-၀၁-၆၄၂၂၁၀၊ အင်းစိန်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ♦ ဖုန်း-၀၁-၆၄၂၂၃

မင်းဓမ္မကုန်းတော်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ အဖွဲ့ခေါင်းဆောင် ♦ ဖုန်း-၀၉ ၅၀၆၇၇၇၇၊ ဘဏ္ဍာရေးမှူး ♦ ဖုန်း-၀၉ ၄၂၁၀၁၉၅၁၀၊

ရုံးအဖွဲ့မှူး ♦ ဖုန်း-၀၉ ၇၃၁၃၀၆၀၅၊ တို့သို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

**ဂေါပကအဖွဲ့**

www.burmeseclassic.com

www.burmeseclassic.com

# လောကချမ်းသာ ထာဝရ အလှူတော်ငွေပဒေသာပင် သားစဉ်မြေးဆက် ဆက်လက်ရှင်သန်နေမည့် အလှူတော်

အသက်အရွယ် အို၊ နာ၊ သေ ဘေးမှ မလွတ်ကင်းနိုင်သော လူသားများဖြစ်၍ ရောက်လေရာရာ အရပ်ရှိဘုရားများတွင် ငွေပဒေသာပင် စိုက်ထူလှူဒါန်းမှုမျိုးသည် ဗုဒ္ဓဘာသာဝင်များအတွက် ဒါန မျိုးစေ့ အပင်စိုက်ပျိုးခြင်းဖြစ်ပါသည်။ ထိုအလှူသည် သားစဉ်မြေးဆက် ဆက်လက် ရှင်သန်နေမည့် အလှူတော်ဖြစ်၍ ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းပင်ဖြစ်ပါသည်။

ထိုကဲ့သို့ ငွေပဒေသာပင် စိုက်ထူခြင်းဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး အစွန့် ရှည်အောင်ဆောင်ရွက်နိုင်ပြီး၊ ငွေပဒေသာပင်မှရရှိသော အသီးအပွင့်တို့သည် စေတီဘုရားများအား ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှုအတွက် ပူပန်မှုများ ကင်းဝေးသကဲ့သို့ လှူဒါန်းသူများအတွက်လည်း တူညီသောအကျိုးတရား ခံစားရရှိနိုင်ပါသည်။ ဘုရားဖူးလာရောက်သူများအတွက်လည်း လှူရိုးလှူစဉ် အလှူဒါနမျိုးများအနက် ထူးကဲသော ဒါနတစ်မျိုးဖြစ်ပြီး နောက်တစ်ကြိမ်ဘုရားဖူးလာရောက်ပါက မိမိတို့လှူဒါန်းမှုကိုအမှတ်ရစေ၍ ကုသိုလ်တရား အကျိုးကျေးဇူးများလည်းရနိုင်သဖြင့် ၎င်းအကျိုးကို ရည်ရွယ်ကာ• • •မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားသော လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၊ ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့မှလည်း ထို ငွေပဒေသာပင်များကို တစ်ပင်လျှင် ကျပ်တစ်သောင်းဖြင့် စိုက်ထူလှူဒါန်းနိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ပါသဖြင့် ဘုရားဖူးလာ သူတော်စင်အပေါင်းလည်း မိမိတို့၏ အလှူဒါနကို သားစဉ်မြေးဆက် ဆက်လက်ရှင်သန်နေမည့် အလှူတော်အဖြစ် ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဂေါပကအဖွဲ့ဝင်များဖြစ်သည့်• • •

ဦးညွန့်မောင် + ဒေါ်လှမြိုင်မိသားစု၊ ဦးကြည်လှမိသားစု၊ ဦးစိန်လှိုင် + ဒေါ်အေးမြင့်မိသားစု၊ ဦးသိန်းဝင်း + ဒေါ်အေးအေးမြင့်မိသားစု၊ ဦးမောင်မောင်မြင့်အေး + ဒေါက်တာစောယုနွယ် မိသားစု၊ ဦးခင်မောင်ဆက် မိသားစုတို့မှလည်း တစ်ဦးလျှင် ငွေပဒေသာပင် (၁၀)ပင်အတွက် လှူဒါန်းငွေကျပ် တစ်သိန်းစီဖြင့် စတင်လှူဒါန်းခဲ့ပါသည်။

၎င်းငွေများကို မြန်မာ့စီးပွားရေးဘဏ် အင်းစိန်တွင် စာရင်းအမှတ် (SP 044561)ဖြင့် စာရင်း ဖွင့်လှစ်အပ်နှံထားပြီး၊ ငွေပဒေသာပင်များမှရရှိသော အသီးအပွင့်များဖြင့်သာ ဘုရားကြီးကိုပြုပြင် ထိန်းသိမ်း စောင့်ရှောက်မည်ဖြစ်ပါသည်။

**ဂေါပကအဖွဲ့ရုံး ◆ ဖုန်း - ၆၄၄၈၆၀၊ ၆၄၄၈၅၈၊ ၆၄၄၈၅၇**

**ဂေါပကအဖွဲ့**

www.burmeseclassic.com

www.burmeseclassic.com

# အိုအေစစ်

(Oasis)



www.burmeseclassic.com

www.burmeseclassic.com

# တန်ပြန်ဝဋ်

## အမ်နိုင်း (Oasis)

နယ်စပ်မြို့လေးတစ်မြို့ရဲ့ နာမည်ကြီး စားသောက်ဆိုင်တစ်ခု၊ ထိုစားသောက်ဆိုင်ရဲ့ VIP ခန်းတစ်ခန်းထဲမှာတော့ ထိုမြို့ရဲ့ လူကုံထံစာရင်းဝင်တစ်ယောက်ဖြစ်တဲ့ စက်လှေသူဌေး ကိုတိုးမင်းနဲ့ သူငယ်ချင်းသုံးယောက်။ တစ်မြို့တည်းသားချင်းတွေပေမယ့် အလုပ်ကိုယ်စီနှင့် မဆုံဖြစ်ကြသောသူတို့တွေ၊ ဆုံတုန်းဆုံခိုက် အချိန်လေးမှာတော့ စားရင်းသောက်ရင်း ရှေးဟောင်းနှောင်းဖြစ်များ ပြောရင်းဖြင့် တဝါးဝါးတဟားဟား ပွဲကျနေကြသည်။

"ဟေ့ကောင် တိုးကြီး၊ ဒီနေ့ မင်း ဒကာခံရမှာနော်"

"ဟာ…စိတ်သာချ သူငယ်ချင်းတို့ရေ၊ မင်းတို့ကြိုက်သလောက်သာဆွဲ အေးဆေးပါကွ၊ ငါက မင်းတို့အတွက် အထူးစပယ်ရှယ်အမြည်းတစ်မျိုးတောင် စီစဥ်ထားတာနော်"

ပြောရင်း တစ်ဆက်တည်းမှာပင် ကိုတိုးမင်းက စိတ်တာ ကောင်လေးကို လှမ်းခေါ်လိုက်လေသည်။

"ဟေ့…ညီလေးရေ၊ ကိုယ်ပြောထားတဲ့ စပယ်ရှယ်အမြည်းလေး လုပ်ပါဦးကွ"

"ဟုတ်ကဲ့ပါ…အစ်ကို"

ခဏအကြာ အဝတ်စတစ်စအုပ်ထားသော တွန်းလှည်းလေးနှင့်အတူ စိတ်တာကောင်လေး ပြန်ရောက်လာသည်။

"ဟ…တိုးကြီးရ မင်းအမြည်းက ဘာတုံးဟ"

"ကြည့်လေကွာ၊ မင်းတို့ကလည်း ဒါ စပယ်ရှယ်မီနူးဟ၊ ငါကြိုမှာထားရတာကွ၊ ဟေ့ညီ…စကွာ"

ကိုတိုးမင်း စကားဆုံးတာနဲ့ စိတ်တာကောင်လေးက အုပ်ထားသောအဝတ်စကို ဆွဲလှန်လိုက်သည်မှာတော့ -

"ဟာ…ဟင်"

ကိုတိုးမင်း သူငယ်ချင်းတွေပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ ဟုတ်ပါသည်။ သူတို့မြင်လိုက်ရသည့် မြင်ကွင်းကတော့ လှောင်ချိုင့်ထဲတွင် ထည့်ထားသော မျောက်ကလေးတစ်ကောင်ပါပေ။ အရက်၊ သို့မဟုတ် မူးယစ်စေသော အရာတစ်ခုခု တိုက်ကျွေးထားခြင်းခံထားရသလို မျောက်ကလေးမှာ ရီဝေလျက်။ သူတို့တွေ သဘောပေါက်လိုက်လေပြီ။ သူငယ်ချင်းတိုးမင်းပြောသော စပယ်ရှယ်မီနူးဆိုသည်မှာ မျောက်အရှင်လတ်လတ်၏ ဦးနှောက်ပင် ဖြစ်သည်ဆိုတာကို။

စိတ်တာကောင်လေးက လှောင်ချိုင့်ထဲကနေ မျောက်ကလေးကို သိမ်းလိုက်စဥ် တစ်ခဏမှာတော့ သေဘေးကိုသိနေသည့်အလား မျောက်ကလေးမှာ ရီဝေဝေဖြစ်နေသည့်ကြားကပင် အတင်းအော်ဟစ်ကာ ရုန်းကန်လေပါတော့သည်။

"ဟာ…ဟေ့ကောင်တိုးကြီးရာ၊ သနားပါတယ်ကွာ၊ မလုပ်ပါနဲ့ဟ၊ ငါတို့ တခြားဟင်းပွဲတွေ မြည်းရအောင်ပါကွာနော်"

"အေး…ဟုတ်တယ်ကွ၊ ငါတို့တော့ စိတ်မရဲဘူးကွာ၊ မစားပါရစေနဲ့ဟ၊ မလုပ်ပါနဲ့ကွာ"

"ဟာ…မင်းတို့ကောင်တွေကလဲ၊ ယောကျ်ားမဟုတ်တာကျနေတာပဲကွာ၊ သတ္တဝါဆိုတာ လူ့ချုတ်မှ ကျွတ်တာကွ နောက်ပြီး မျောက်ဦးနှောက်က ဘယ်လောက်ကောင်းတယ်မှတ်တုန်း၊ အားရှိတယ်ကွ၊ ငါတို့ ခွန်အားတွေတိုးပွားစေတာပေါ့ကွာ၊ ကဲ…ကဲ…မင်းတို့မစားလည်းနေပေါ့ကွာ၊ ငါကတော့ မြည်းနေကျပေါ့။ ဟားဟားဟား…ကဲ…ညီလေး၊ ဆက်လုပ်ပေါ့"

သူငယ်ချင်းတွေ တားနေသည့်ကြားထဲမှပင် ကိုတိုး မင်းတစ်ယောက် မျောက်ကလေး၏ဦးနှောက်အား အရက်ဖြင့်မြည်းရန် တက်ကြွနေလေသည်။ စိတ်တာကောင်လေးက အော်ဟစ်နေသည့် မျောက်ကလေးကို မချီကာ စားပွဲအလယ်မှ ချိန်သားကျ အပေါက်ဖောက်ထားသော အပေါက်ကလေးထဲသို့ မျောက်ကလေး၏ ခေါင်းကို ထိုးသွင်းလိုက်ပြီး ကျန်သည့်ခန္ဓာကိုယ်ကိုတော့ စားပွဲအောက်ပိုင်းမှာ မလှုပ်နိုင်အောင် တုပ်ချည်ထားလိုက်လေသည်။ ထို့နောက် အော်ဟစ်နေသော မျောက်ကလေးပါးစပ်ထဲသို့ အဆို့တစ်ခုဖြင့် အသံမထွက်စေရန် ဆို့ထားလိုက်လေသည်။ စားပွဲပေါ်တွင်တော့ ဓားတစ်ချောင်း၊ တူအသေးလေးတစ်လက်၊ ဇွန်း၊ ခက်ရင်းနှင့် ဖန်ခွက်တို့က အဆင်သင့်ပင်။

မျောက်ကလေးမှာ ပါးစပ်ကို အဆို့ဖြင့် ပိတ်ထားခြင်းခံရသောကြောင့် အသံလည်းမထွက်နိုင်၊ တုပ်နှောင်ထားသော အနှောင်အဖွဲ့များကိုလည်း ရှိသမျှအား လေးဖြင့် သနားစဖွယ် ရုန်းကန်နေလေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ အစားဘီလူးစီးနေသည့် ကိုတိုးမင်း တစ်ယောက်တော့ဖြင့် သနားရကောင်းမှန်း မသိ။ စားပွဲပေါ်မှ တူကိုကောက်ကိုင်ပြီး မျက်ရည်များကျကာ အတင်းရုန်းကန်နေသည့် မျောက်ကလေး၏ခေါင်းအား မညှာမတာ ခပ်ဆဆလေး ထုချပစ်လိုက်သည်။ လေးငါးချက်ချက် ထုအပြီးမှာတော့ . . .ရုန်းကန်နေသည့် မျောက်ကလေးမှာ တဖြည်းဖြည်း ငြိမ်ကျသွားလေတော့သည်။

ထို့နောက် ကိုတင်းမင်းက အသင့်ချပေးထားသော ဓားဖြင့် မျောက်ကလေး ဦးခေါင်း၏ သုံးပုံတစ်ပုံကို လှီးပစ်လိုက်သည်။ လှီးထားသော ဦးခေါင်းခွံကို ဖယ်လိုက်သည်နှင့် မျောက်ကလေး၏ တလှုပ်လှုပ်ဖြစ်နေဆဲ ဦးနှောက်ဖွေးဖွေးများက ပေါ်လာပါလေတော့သည်။ ကိုတိုးမင်း တစ်ယောက်ကတော့ဖြင့် မျောက်ကလေး၏ ရှင်သန်နေဆဲဖြစ်သော ဦးနှောက်ဖွေးဖွေးများကို တပ်မက်စွာဖြင့် ဇွန်းဖြင့် တစ်ဇွန်းချင်းခပ်ကာစားလိုက် အရက်ကလေး တစ်ငုံသောက်လိုက်ဖြင့် ဆက်ရက်မင်းစည်းစိမ် ခံနေလေတော့သည်။ သူငယ်ချင်းများကတော့ ကိုတိုးမင်းကိုကြည့်ရင်း စိတ်မသက်မသာဖြစ်ရုံမှတစ်ပါး မတတ်နိုင်ပါချေ။

နောက်တစ်လခန့်ကြာသောအခါ -

"ဟာ . . .တောက်၊ သွားပါပြီကွာ ငါတော့ ဘဝပျက်ပါပြီ"

ကိုတိုးမင်းတစ်ယောက် အကြီးအကျယ် ဒေါသထွက်နေလေသည်။ သူ၏ ကုန်ပစ္စည်းအပြည့်တင်ဆောင်သော စက်လှေမှာ ပင်လယ်တွင် မုန်တိုင်းမိပြီး နစ်မြုပ်သွားသည်ဟူသော သတင်းကြောင့်ပင်။ ဒီတစ်ခေါက် အချိုကြီးချမည်ဟု ဆိုကာ ငွေအရင်းအနှီးများစွာ အသုံးပြုထားသဖြင့် သူ၏ ဆုံးရှုံးမှုမှာ မနည်းလှပေ။ စိတ်ညစ်ညစ်နှင့် အရက်ချည်းဖိသောက်နေမိတော့သည်။ မိသားစုကိုလည်း ဂရုမစိုက်။ ကြာတော့ မိန်းမကမကြည့်ချင်တော့။

"ဒီမယ်...ကိုတိုးမင်း၊ ရှင်စိတ်ညစ်တာကလည်း ညစ်တာပေါ့ရှင်။ ဒါပေမဲ့ ခုလို အရက်ချည်းသောက်နေလို့ ဘယ်ဖြစ်မလဲ။ ရှင့်မှာ မိန်းမနဲ့ကလေး ရှိသေးတယ်ဆိုတာကိုရော ရှင်သတိရသေးရဲ့လား"

"တောက် . . .ဟိတ်ကောင်မ နင့်ပါးစပ်ကို ပိတ်ထားစမ်း။ နားငြီးတယ်။ ဆက်ပြောရင် ငါလက်ပါမိတော့မယ် ဒီမှာ ညစ်နေတာနော်"

မိန်းမနဲ့ တစ်ယောက်တစ်ခွန်း စကားများရင်း မိန်းမက သားလေးလက်ကိုဆွဲကာ အိမ်ပေါ်မှ ဆင်းသွားသည်။ မိန်းမ မရှိတော့ ကိုတိုးမင်းတစ်ယောက် အထိန်းအကွပ် မရှိတော့။ နေ့နေ့ညည အချိန်ပြည့်သောက်သည်။ တစ်ရက်...

သူငယ်ချင်းများနှင့် ဆိုင်မှာထိုင်သောက်ရင်း ထုံးစံအတိုင်း မျောက်ဦးနှောက်အမြည်း မှာပြန်သည်။ ကိုတိုးမင်းအကြောင်း သိနေသည့် သူငယ်ချင်းများမှာလည်း စိတ်မသက်သာစွာဖြင့် သနားစရာမျောက်ကလေးအဖြစ်ကို မျက်စိလွှဲနေရုံမှအပ မတတ်နိုင်ပါ။ သူတို့ သူငယ်ချင်းအကြောင်း သူတို့သာ အသိဆုံးပင်မလား။ စားသောက်ပြီး ဆိုင်က အထွက် -

"ဟင် . . .သားလေး၊ မိန်းမ"

ဟုတ်ပါသည်။ ကိုတိုးမင်း တွေ့လိုက်ရသည်က သူတို့ဆိုင်ရှေ့ မျက်နှာချင်းဆိုင် စားသောက်ဆိုင်တစ်ခုထဲသို့ သားလေးလက်ကိုဆွဲကာ ဝင်သွားသည့် သူ့မိန်းမနှင့် သူ့သားလေး။ မိန်းမနှင့် သားလေးက သူ့ကို မမြင်။ ကိုတိုးမင်း ဒယီးဒယိုင်နှင့်ပင် ဆိုင်ရှေ့သို့ အပြေးထွက်သွားသည်။

"ဟာ . . .ဟိတ်ကောင်တိုးကြီး၊ ခဏစောင့်ဦးဟ။ ဟာ...ဒီကောင်ကွာ"

သူငယ်ချင်းတွေ ဇွတ်အတင်းအော်ဟစ်ကာ တားမြစ်နေသည့်ကြားထဲမှပင် ကိုတိုးမင်းတစ်ယောက် တစ်ဖက်ကားလမ်းသို့ ပြေးထွက်သွားသည်။ မူးနေသည့် ကိုတိုးမင်းတစ်ယောက် သားဇော၊ မိန်းမဇောဖြင့် တစ်ဖက်ကားလမ်းသို့ မဆင်မခြင်ဖြတ်ကူးလိုက်စဉ်မှာတော့

"ကျွိ . . .ဒုန်း"

"ဟာ . . .တိုက်ပြီဟေ့"

အရှိန်ပြင်းစွာ မောင်းနှင်လာသော ဆယ်ဘီးကားကြီးနှင့် တိုက်မိလေတော့သည်။

"ဟာ...တိုးကြီးရာ ဖြစ်ရလေကွာ"

"ငါတို့ ဇွတ်ဆွဲနေတဲ့ကြားက မင်းကွာ . . .တောက်"

သူငယ်ချင်းတွေ မြင်တွေ့လိုက်ရသည်ကား သူတို့သူငယ်ချင်း၏ အသက်မဲ့ခန္ဓာ။ ကားဘီးအောက်ထဲ ခေါင်းဝင်သွားသဖြင့် ဦးခေါင်းတစ်ခုလုံး ကြေမွကာ ပြားချပ်ပြီး ဦးနှောက်တွေ လွင့်စဉ်ထွက်ကာ မြင်မကောင်းရှုမကောင်း။ ကိုတိုးမင်း အလောင်းကိုကြည့်ရင်း သူငယ်ချင်းများအားလုံးရဲ့ မျက်လုံးထဲမှာ မြင်ယောင်လာမိတာကတော့ အသက်သေးကြောင့် မျက်ရည်တွေတွေကျလျက် ရုန်းကန်နေသော မျောက်ကလေး။ ထိုမျောက်ကလေး၏ ဦးခေါင်းကို တူဖြင့်ထုကာ ရှင်သန်နေဆဲ မျောက်ဦးနှောက်ကို အားပါးတရ မြိန်ရှက်စွာစားသုံးနေသော သူတို့သူငယ်ချင်း တိုးကြီး၏ ပုံရိပ်များ။


"သူငယ်ချင်းရေ ဖြစ်လေရာဘဝမှာ ဒီလိုအဖြစ်ဆိုးတွေနဲ့ ကင်းဝေးပါစေလို့ ငါတို့ဆုတောင်းပေးလိုက်ပါတယ်ကွာ ဆုတောင်းပေးလိုက်ပါတယ်"

ဩော် . . .ဝဋ်ကြွေးကြမ္မာ မလွတ်သာပါလား။

**အမ်နိုင်း(Oasis)**

၀၉-၇၉၁၂၇၂၆၀၂

www.burmeseclassic.com



# ငါးဆူရှင်

မောင်အောင်မြင့် (မိတ္ထီလာ)

လွန်ခဲ့သော နှစ် ၇၀ ခန့် ၁၉၄၇ ခုနှစ်၊ ဧပြီလ လွတ်လပ်ရေးရပြီးချိန်က ဖြစ်သည်။ စာရေးသူမှာ ထိုအချိန်က အသက် ၁၅ နှစ်ခန့် ကြီးကောင်ဝင် လူပျိုပေါက်စအရွယ် ခုနစ်တန်းကျောင်းသား ဖြစ်သည်။

မိမိ၏မိခင်ကြီး စေခိုင်းချက်အရ ဦးလေးဝမ်းကွဲနှင့်အတူ (ကျောင်းပိတ်ရက်ဖြစ်၍) ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ် အရှေ့ပိုင်း ပင်လယ်စပ်ရှိ "ပဂိုင်"ရွာကြီးသို့ ငါးပိ၊ ငါးခြောက် ဝယ်ရန် ရောက်ရှိစဉ်က တွေ့ရှိကြားသိခဲ့သော ဖြစ်ရပ်တစ်ခု ဖြစ်သည်။ အဆိုပါ ပင်လယ်ကမ်းစပ်ရှိ "ပဒိုင်"ရွာကြီးမှာ အိမ်ခြေ ၆၀ ခန့်ရှိပြီး ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ရွာကြီးနှင့် ၁၅ မိုင်ကျော်ဝေးပြီး လှည်းဖြင့်သွားပါက တစ်နေ့ခရီး ဖြစ်သည်။

မိမိတို့တစ်ဝရီးနှစ်ယောက် ပဂိုင်ရွာလယ်ရှိ အိမ်ကြီးရှင်ပိုင်ရှင် ငါးလုပ်ငန်းရှင် (အင်းပိုင်) ဦး(          )အိမ်တွင် (ဦးလေးဖြစ်သူ ငါးခြောက်ကုန်ဝယ်လာတိုင်း တည်းနေကျဖြစ်၍) တည်းကြပါသည်။ မိမိတို့တည်းခိုသော အိမ်ကြီးမှာ ခြေတံရှည် နှစ်ဆောင်ပြိုင် ၄ × ၃ ပင် အိမ်မြင့်ဖြစ်ပါသည်။ ၎င်းရွာရှိ အခြားအိမ်များမှာလည်း ခြေတံရှည်အိမ်များ ဖြစ်ကြသည်။ ဝါးထရံကာနှင့် ပျဉ်ကာ၊ ဝါးကပ်မိုးနှင့် သွပ်မိုးသာ (စီးပွားရေးကွာခြားမှုအရ) ကွဲပြားမှုရှိသည်။

ပင်လယ်နှင့်နီးကပ် (ပင်လယ်စပ်)ဖြစ်၍ ပင်လယ်ဒီရေတက်လာသည့်အခါ၌ ဒီရေနှင့် လွတ်ကင်းအောင် ယခုလို ခြေတံရှည်အိမ်များ ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။ မိမိတို့တည်းခိုသော အိမ်ရှင်မှာ ငါးလုပ်ငန်းရှင် (အင်းသူကြီး)ဖြစ်သည့်အလျောက် အိမ်အနီးမြေမြင့်ပိုင်းတွင် ငါးမျိုးစုံ သိုလှောင်ထားသော ရာဝင် စဉ့်အိုးကြီးများ ထားရှိသည်ကို တွေ့မြင်ရသည်။

၎င်းပြင် ပင်လယ်ပြင်နှင့် အင်းများမှ နေ့စဉ်ဖမ်းဆီးရရှိသော ငါးများနှင့် အခြားမှ လက်ကားဝယ်ယူရရှိသော ငါးမျိုးစုံကို ငါးအမျိုးအစားအလိုက် ငါးခြောက်၊ ငါးပိကောင်၊ ငံပြာရည် စသဖြင့် အသီးသီးလုပ်ကိုင်နေမှုများကိုလည်း တွေ့မြင်ခဲ့ရသည်။ (စီးပွားရေးအရ အင်းအ၁းရှိသလောက် တစ်ပိုင်တစ်နိုင် စီးပွားရေးနှင့် ဝမ်းစာရေးအတွက် မိရိုးဖလာ အလုပ် ဖြစ်ကြောင်း သိရှိရသည်။)



www.burmeseclassic.com

www.burmeseclassic.com

အဆိုပါ အင်းသူကြီးအိမ်တွင် တည်းခိုစဉ် ရောက်စက အိမ်တိုင်းမှာ သိုလှောင်ထားရှိသော ရေထွက်ပစ္စည်းများ၏ အနံ့အသက်များကြောင့် လူစိမ်းဖြစ် အတွေ့အကြုံနည်းသဖြင့် မိမိတို့အဖို့ စားမရ၊ အိပ်မရ ဖြစ်ခဲ့စားရသည်။ မိမိတို့ဧည့်သည်များကို ထမင်းကျွေးရာတွင် အဆိုပါ ငါးမျိုးစုံ သိုလှောင်ထားသော စဉ့်အိုးထဲမှ ငါးအရှင်များကို ချက်ခါနီးမှ ထုတ်ယူခုတ်ထစ်ပြီး ဟင်းချက်ကြသည်ကို တွေ့မြင်ရ၍လည်း စားမရခြင်း ဖြစ်ပါသည်။

သို့ရာတွင် ရက်သတ္တ တစ်ပတ်ခန့်ကြာသောအခါ နေသားအကျင့်ရလာသဖြင့် အဆင်ပြေသွားပါသည်။

အထူးသတိထားမိသည့် ထူးခြားချက်တစ်ခုမှာ မိမိတို့တည်းခိုနေသည့် (အင်းသူကြီး) ငါးလုပ်ငန်းရှင်၏ အိမ်အနီး တောင်ကုန်းမြင့်ပေါ်တွင် နတ်ကွန်းသဖွယ် အဆောက်အဦအတွင်း သာမန်လူကြီးအရွယ်မျှရှိသော လူပုံတူရုပ်တုတစ်ခု ငါးဖမ်းရာတွင် အသုံးပြုကြသည့် ပစ္စည်း(ဂါး)များကို ရွှေအတိချထားပြီး ပူဇော်ထားခြင်းနှင့် စားသောက်ဖွယ်ရာများ နေ့စဉ် "ပသ"ထားသည်။ အံ့သြဖွယ်ရာ တွေ့မြင်ခဲ့ရသည်။

မိမိတို့တူဝရီးနှစ်ယောက် တည်းခိုသည့် အိမ်ရှင် (အင်းသူကြီး) ဦး----တွင် အသက် ၂၂ နှစ်ခန့်ရှိ မျက်လုံးမျက်ဖန်ကြည်လင်ရွှန်းပ၊ အရပ်မနိမ့်မမြင့်၊ အနေတော်ကိုယ်လုံးကိုယ်ထည် အချိုးအစားကျနတောင့်တင်းသော မပိန်မဝ အပျိုများပိုင်ရှင် သမီးပျိုတစ်ဦး ရှိသည်ကို မိမိတို့ရွာရောက်စက တွေ့မြင်ရပါသည်။ ငါးခြောက်နှင့် ငါးပိကောင်ကုန်များ လိုသလောက်မရနိုင်သဖြင့် စောင့်ဆိုင်းနေရ၍ ရက်ကြာလာသည်နှင့်အမျှ အဆိုပါ အင်းသူကြီး (အိမ်ရှင်)၏ သမီးဖြစ်သူ မ---- နှင့် ပြောရဲဆိုရဲ တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးမှုရှိလာခဲ့သည်။

ငါးလုပ်ငန်းရှင်(အိမ်ရှင်)က ၎င်းတွင် သားယောက်ျားမရှိဘဲ အဆိုပါ တစ်ဦးတည်းသောသမီးနှင့် မိမိအား သဘောတူသဖြင့် ဆန္ဒရှိလျှင် ၁၀ တန်းအောင်က သမီးနှင့် လက်ထပ်ရန် မိမိဦးလေးအား ဖွင့်ဟတိုင်ပင်ကြောင်း ဦးလေးက အသိပေးပါသည်။ အိမ်ရှင်(အင်းသူကြီး)၏ သမီးကလည်း အတူနေကြာလာသဖြင့် မိမိအပေါ် မေတ္တာသက်ဝင် ချစ်ခင်နှစ်သက်မှုရှိကြောင်း သူမ၏ မျက်လုံးအကြည့်၊ ဧည့်ခံကျွေးမွေးဆက်ဆံသည့် အမူအရာများ ထူးခြားစွာ တွေ့မြင်ရသည်။

ဤသို့ တစ်ဦးနှင့်တစ်ဦး ရင်းနှီးမှု ပြောရဲဆိုရဲရှိလာသည့်အလျောက် ၎င်းတို့ရွာ(ပဂိုင်) ထိပ်ကုန်းမြင့်တွင် နတ်ကွန်းသဖွယ် အဆောက်အဦတွင် လူပုံရုပ်တုနှင့် ငါးဖမ်းကိရိယာများ (ငါးများ၊ ပိုက်ကွန်များ)ကို ရွှေချထားပြီး ငါးလုပ်ငန်းရှင်(အင်းသူကြီး)များက ပူဇော်ပသ(ကိုးကွယ်)ထားရှိမှု အကြောင်းကို သိရှိခွင့်ရခဲ့ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ----ခန့်က အဆိုပါရွာ(ပဂိုင်)တွင် ငါးလုပ်ငန်းနှင့် ပတ်သက်၍ (အကြားအမြင်)ရှိသူတစ်ဦး ပေါ်ပေါက်ခဲ့သည်။ ၎င်း၏အမည်မှာ ဦး----ဖြစ်၍ ငါးလုပ်ငန်းရှင်(အင်းပိုင်သူကြီး)တစ်ဦးဖြစ်သည်။ ပဂိုင်ရွာဇာတိ ငါးဖမ်းလုပ်ငန်းအဖြစ် အင်းအများအပြားကို အစိုးရထံမှ လေလံဆွဲလုပ်ကိုင်ခြင်းဖြင့် ချမ်းသာကြွယ်ဝသူ ရွာ၏ လူ့ဂုဏ်တန်သူဌေးကြီးတစ်ဦးလည်းဖြစ်သည်။

အဆိုပါ အင်းသူကြီး ဦး----အနေဖြင့် သူ၏အတွေ့အကြုံရင့်ကျက်မှု ဘဝပေးအသိများကြောင့် ယနေ့ ဘယ်အင်းတဲ ဘာငါးမျိုး(အမျိုးအစား) ဖမ်း၍ရနိုင်မည် (သို့) ငါးရမှုများမည်၊ နည်းမည် စသဖြင့် နီးစပ်ရာ အင်းပိုင်ရှင် (သို့) ငါးလုပ်ငန်းရှင်များအား ပြောကြားလေ့ရှိကြောင်း။ ၎င်းပြောသည့် အတိုင်းလည်း လက်တွေ့တွင်လည်း မှန်ကန်မှုရှိသဖြင့် ဦး----မှာ အကြားအမြင် အတွေ့အကြုံများခဲ့သူအဖြစ် ပဂိုင်ရွာအပါအဝင် အခြားနီးစပ်ရာရွာများမှ ငါးလုပ်ငန်းရှင် များက အားကိုးခဲ့ရ၊ ချဉ်းကပ်အသိအမှတ်ပြု ယုံကြည်ကြသည်။

ပင်ကိုယ်ကပင် အဆိုပါ အင်းသူကြီး ဦး----မှာ ပဂိုင်ရွာ၏ မျိုးရိုးစဉ်ဆက် ငွေကြေးချမ်းသာကြွယ်ဝသူဖြစ်ပြီး ယခုကဲ့သို့ ပဂိုင်ရွာနှင့် အခြားရွာများမှ ယုံကြည်မှုရရှိသဖြင့် ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသော သူဌေး(အကြားအမြင်ရသူ)ကြီးအဖြစ် ထင်ရှားပါသည်။

၎င်း၏ဇနီးတွင်လည်း သားတစ်ယောက်သာ ထွန်းကား(မွေး)ခဲ့ရာ မိသားစုနည်းသဖြင့် အရွယ်ရောက်ချိန်တွင် မိမိတို့ရွာမှ ငါးလုပ်ငန်းရှင်ကြီးတစ်ဦး၏ သမီးနှင့် လက်ထပ်ပေးပြီး ငါးလုပ်ငန်း(အင်းများကို လေလံဆွဲ တစ်ဆင့်ပြန်ရောင်းခြင်း)ကို ဦးစီးလုပ်ကိုင် အမွေပေးခဲ့သည်။

အဆိုပါ ၎င်း၏သားမှလည်း သမီးတစ်ဦးတည်းသာ မွေးဖွားသဖြင့် အကြားအမြင်ရ အင်းသူ/ဦး----မှာ မိမိမှ မွေးသောမြေးဦး မ----အား ငုံထားမတတ် ချစ်သမြ



www.burmeseclassic.com

www.burmeseclassic.com

၎င်းပိုင်အိမ်ကြီးရခိုင် အပါအဝင် ၎င်းပိုင် ငါးအဝဝ(အင်းများကို) သားဖြစ်သူအားမပေးဘဲ မြေးဦး မ----ကို အမွေအဖြစ်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။ ငါးအကြားအမြင်ရ အင်းသူကြီး ဦး---- သက်ရှိထင်ရှားရှိစဉ်က ရန်ကုန်မြို့ရှိ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်ကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်ရန် ဆန္ဒဖြစ်ပေါ်သဖြင့် မိမိဇနီး၊ သား၊ ချွေးမ၊ မြေးဦးတို့နှင့်အတူ မိသားစုတို့ ပဂိုင်ရွာမှ ရန်ကုန်မြို့သို့ ဆင်းလာကြပြီး ရွှေတိဂုံဘုရား အရှေ့ဘက်ရှိ မိမိတို့နှင့်ရင်းနှီးသော ဆရာတော်(ဘုန်းကြီးကျောင်း)ထံတွင် တည်းခိုကြသည်။

ညပိုင်းတွင် ရွှေတိဂုံစေတီတော် ကုန်းဘောင်ပေါ်သို့ မိသားစုနှင့်အတူ တက်ရောက်ပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ပါသော်လည်း ၎င်း၏မျက်စေ့တွင် ရွှေရောင်တဝင်းဝင်းဖြင့် တင့်တယ်ကျက်သရေရှိလှသော ရွှေတောင်ကြီးသဖွယ် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ပုံတော်ကို မမြင်ရ၊ ရွှေတိဂုံစေတီတော်ကြီးအစား ငါးမျိုးစုံသာပေါ်လာသဖြင့် စိတ်သောကဖြစ်၊ ဆင်းရဲမှု ခံစားခဲ့ရသည်။

နောက်နေ့နံနက်ခင်းပိုင်းတွင်လည်း အဆိုပါ ရွှေတိဂုံဘုရားကြီးအား သွားရောက်ဖူးမြော်ရာ ယမန်နေ့ညနေကအတိုင်း ရွှေတိဂုံစေတီတော်ကြီးနေရာတွင် ငါးမျိုးစုံသာ(ပေါ်လာ) မြင်တွေ့ရသဖြင့် စိတ်၏ဆင်းရဲခြင်းမှတစ်ဆင့် ဒေါသပေါက်ကွဲလာပြီး ရန်ကုန်မြို့တွင် နောက်ညမအိပ်တော့ဘဲ မိသားစုနှင့်အတူ ကားငှားပြီး ရန်ကုန်မှ ပဂိုင်ရွာသို့ ပြန်လာခဲ့ကြသည်။

ပဂိုင်ရွာသို့ ရောက်ပြီး နောက်တစ်နေ့တွင် အင်းသူကြီး သူဌေးကြီး ဦး----မှာ ၎င်းပိုင် ငါးဖမ်းပစ္စည်းများကို ရွှေချပြီး ရွှေတိဂုံစေတီမြတ်ကြီးအစား ၎င်းအသက်သေဆုံးသည်အထိ ကိုးကွယ်သွားကြောင်း သိရှိရသည်။ အဆိုပါ အင်းများပိုင်(အကြားအမြင်ရ) သူဌေးကြီး၊ အသက် ၇၀ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။

၎င်းကွယ်လွန်သွားပြီးနောက်တွင် ငါးလုပ်ငန်းနှင့် ပတ်သက်ပြီး အင်းသူကြီးများအား ပူးပြီး မည်သည့်အင်းက ငါးဘတ်၊ ငါးရံ့၊ ငါးပုတ်၊ ငါးကြီး၊ ငါးသေး စသဖြင့် ငါးအမျိုးအစားခွဲခြားရရှိနိုင်ကြောင်း ပြောဆိုမှုများသည်။ မှန်ကန်တိကျမှုရှိသဖြင့် ၎င်းအား အကြားအမြင်ရ "ငါးဘုရင်"အဖြစ် အသိအမှတ်ပြု ယုံကြည်ချက်ဖြင့် ၎င်း ဦး----၏ ပုံတူထုလုပ် ရွှေချ၍ ၎င်းအသက်ထင်ရှားရှိစဉ်က ရွှေချကိုးကွယ်ထားသော ငါးဖမ်းကိရိယာများနှင့်အတူ ရွာဦးကုန်းမြင့်တစ်နေရာတွင် အဆောက်အဦ ဆောက်လုပ်ကိုးကွယ်(ပသ)ထားကြောင်း ၎င်းပဂိုင်ရွာမှ မိမိနှင့်ရင်းနှီးသော မိတ်ဆွေများက ပြောပြသိရှိရသဖြင့် အဆိုပါ အကြားအမြင်ရ အင်းသူကြီး ဦး——၏ ထူးဆန်းသော ဘဝကံကြမ္မာအတွက် စိတ်မကောင်းဖြစ်မိသည်။

အဆိုပါ ပဂိုင်ရွာမှ အကြားအမြင်ရ ဦး----အနေဖြင့် သက်ရှိထင်ရှားရှိစဉ် ဘဝတစ်လျှောက် ကံငါးပါးအနက် အသက်ပေါင်းများစွာ (ငါးများ) ဖမ်းဆီးကျူးလွန်သတ်ဖြတ်မှု ပယောဂ အကုသိုလ်ကံ ပါဏာတိပါတာကြောင့် ရွှေတောင်ကြီးသဖွယ် ကြည်ညိုသပ္ပါယ်လှစွာသော လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးမြော်ကန်တော့ မြင်တွေ့ခွင့်မရရှိသော လောက၏ ပြစ်ဒဏ်များ ခံစားရခြင်းဖြစ်ကြောင်း လေ့လာသိရှိခဲ့ရသည်။

၎င်းသေဆုံးပြီးနောက်ပိုင်းတွင်လည်း အောက်ပါအတိုင်း အဆိုပါ "ငါး"အကြားအမြင်ရ အင်းများပိုင်သူဌေးကြီး ဦး——မှာ ငါးလုပ်ငန်းအစွဲကြောင့် မကျွတ်မလွတ်(နာနာဘာဝ)အဖြစ် ရောက်ရှိသွားပြီး လူ့ဘဝပုံစံအတိုင်း ငါးဖမ်းရနိုင်မှု အသိပေးမှု(အကြားအမြင်)ပူးပြီး ပြောဆိုမှုများ မှန်ကန်မှုရှိသဖြင့် ပဂိုင်ရွာ အပါအဝင် ပတ်ဝန်းကျင်ရွာများမှ ငါးလုပ်ငန်းရှင်(အင်းသူကြီး)များ၏ ယုံကြည်ဆည်းကပ်ကိုးကွယ်ရာ အကြားအမြင်ရှိသူနာနာဘာဝအဖြစ် ထင်ရှားလျက်ရှိကြောင်း အပြည့်အစုံ သိရှိခဲ့ရသည်။

ပဂိုင်ရွာသူ အဆိုပါ(အကြားအမြင်ရ) အင်းသူဌေးကြီး၏မြေးမ( )နှင့် မိမိ(စာရေးသူ)တို့နှစ်ဦးမှာလည်း အနေဝေးသဖြင့် ဖူးစာဆုံဆည်းမှုလည်း ပြတ်တောက်ခဲ့ရသည်။

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် အရှေ့ပိုင်း ပင်လယ်စပ်တစ်နေရာရှိ ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်သော ပဂိုင်ရွာရောက်ခိုက် တွေ့မြင်သိရှိသော အင်းများပိုင်သူဌေးကြီး (ငါးအကြားအမြင်ရ)သူ၏ ထူးဆန်းအံ့ဩဖွယ် သံဝေဂရဖွယ် အဖြစ်အပျက်မှန်ကို ငါးဘုရင်အမည်ဖြင့် ပြန်လည်ရေးသားတင်ပြခြင်း ဖြစ်ပါသည်။

**မောင်အောင်မြင့်(မိတ္ထီလာ)**



www.burmeseclassic.com

www.burmeseclassic.com

# ခင်ပွန်းကြီးဆယ်ပါး သာသနာ့ဗိမာန်တော်

## တည်ထားဖြစ်မြောက်ရေးအတွက်

## ဝေနေယျပဋ္ဌာန်းဆက် ဆွေတော်မျိုးတော် အလှူရှင်များအား

## တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်ခြင်း

ရခိုင်ပြည်နယ်၊ သံတွဲမြို့ ဆုတောင်းပြည့် သဒ္ဓါကျောက်တောရမဟာအောင်မြေ သာသနာတော်မြတ်ကြီးသည် ယခင် ရှေးနှစ်ပေါင်းများစွာ လူသူကင်းမဲ့ပြီး ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် မည်သူမျှ တည်ထားဆောင်ရွက်နိုင်ခြင်း မရှိ၊ ချုံနွယ်များနှင့် တောကြီးတမျှ မြင်သူနလုံး ယူကျုံးမရ သာသနာအတွက် ဖြေမဆည်နိုင်ရှိခဲ့ရာ -

ယခုအခါတွင် သမိုင်းတစ်ခေတ် ရာဇဝင်မှတ်တမ်းမော်ကွန်းတွင် ကျန်ရစ်စေမည့် သာသနာ့အာဇာနည် ဦးအာစာရ လင်္ကာသိရိ(ပင်မသဲအင်းဂူအဖွဲ့ချုပ်၊ တိုက်ခွဲအမှတ်-၂၁) အရှင်မြတ်သည် (၁၆-၂-၁၉၉၅)ခုနှစ်တွင် ရောက်ရှိ၍ ယနေ့ထက်တိုင် ပညတ်ဂါမ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမ ကိုးကွယ်လက်ခံမှု လုံးဝ(လုံးဝ)မရှိ။ တစ်ပါးတည်း တောရစုတင် အကျင့်မြတ် ပဋိပတ်တရားဒေသနာနှင့်အညီ အကျင့်သီလ သမာဓိ စရဏာစွမ်းအားဖြင့် ဝေနေယျ ဆွေတော်မျိုးတော်၊ (၇)ရက်သော ပဋ္ဌာန်းဆက် သားသမီးများကောင်းမှု အကြောင်းပြု၍ တည်ထားဆောင်ရွက်လုပ်ကိုင်နေဆဲ ဖြစ်ပါသည်။

ယခုအခါ ဆုတောင်းပြည့် သဒ္ဓါကျောက်တောရမဟာအောင်မြေ ရင်ပြင်တော်ထက်တွင် အလျား ပေ-၅၀၊ အနံ ပေ-၃၀ ရှိ ခင်ပွန်းကြီးဆယ်ပါး သာသနာ့ဗိမာန်တော် နှစ်ထပ်တည်ထားဆောက်လုပ်နေပါသည်။ သို့ပါသောကြောင့် စေတနာရှင် ဝေနေယျများအနေဖြင့် တစ်ဦးတစ်ယောက်တည်းဖြစ်စေ၊ အသင်းအဖွဲ့များနှင့်ဖြစ်စေ ပါဝင်လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်အပ်ပါသည်။

### လှူဒါန်းနိုင်သော အလှူဝတ္ထု

| | |
|---|---|
| (၁) အလျား ၁၅ ပေ × အနံ ၁၀ ပေ ဘုရားကျောင်းဆောင်အတွက် | (၁၅)သိန်း |
| (၂) ၁၀ ပေ ပတ်လည် တစ်ခန်းအတွက်(အရေအတွက် ၁၅ ခန်း) | (၁၀)သိန်း |
| (၃) ၇ ပေ × ၃ ပေ ကျွန်းပြတင်းတံခါးမကြီး တစ်ချပ် (လိုအပ်မှု ကျွန်းပြတင်းတံခါးမကြီး ၄ ချပ်) | ၂၅၀,၀၀၀/- |
| (၄) ရေချိုးခန်း ကုဋီတွဲလျက် တစ်ခန်းအတွက် | (၁၀)သိန်း |
| (၅) အပေါ်ထပ်တက်လှမ်း လှေကားတစ်စင်း(စတီး) | (၁၂)သိန်း |
| (၆) ကြမ်းခင်းစတီးပန်းပြား ၈ ပေ × ၄ ပေ တစ်ချပ် (လိုအပ်မှု ၁၇ ချပ်) | ၅၀,၀၀၀/- |
| (၇) တိုင် ၆ ပေ × ၃ ပေ (T) တစ်ချောင်း (လိုအပ်မှု ၁၆ ချောင်း) | ၅၀,၀၀၀/- |
| (၈) နဂါးရုံရုပ်ပွားတော်အား စတီးလက်ရန်းကာရံမှုအတွက်(ပေ-၈၀) | ၁,၅၀၀,၀၀၀/- |
| (၉) ကျိုက်ထီးရိုးစေတီ အထက်ပစ္စယံတွင် စတီးလက်ရန်းကာရံမှုအတွက် | ၁,၅၀၀,၀၀၀/- |

**ပြည်တွင်း။ ပြည်ပ ဝေနေယျများအနေနှင့် ဆက်သွယ်လှူဒါန်းလိုပါလျှင်**

Ph: 09-43141254, 09-421737919, 09-5119407

CB Bank : 0053 6001 0000 6583, KBZ Bank : 9503 0518 7430 8733

www.burmeseclassic.com

www.burmeseclassic.com

# ဈေးရောင်းကောင်းစေရာ နှငယ်ကိုးလုံး စမဆောင်ပါ

ဝင်းဇော် (သုံးဆယ်)

နယ်မြို့တွင်နေထိုင်သော အမေအိုရှိရာ ပြန်သွားစဉ် ဈေးဝန်းတစ်နေရာ၌ ကျောင်းနေဘက်သူငယ်ချင်း လွင်ဦးနှင့် တွေ့သည်။ လွင်ဦးက ဘွဲ့ရပြီးကတည်းက အစိုးရဝန်ထမ်း မလုပ်ပဲ သူ့မိဘမျိုးရိုးလုပ်ငန်းဖြစ်သော ကုန်ရောင်းကုန်ဝယ် အလုပ်ကိုသာ လုပ်နေသည်။

"သူငယ်ချင်း နေကောင်းတယ်မဟုတ်လား"

ဟု ကျွန်တော်က မေးလိုက်သည်။

"နေကောင်းပါတယ် မကောင်းတာက အရောင်း အဝယ်ပဲ"

"ဟင်..."

"ဟုတ်တယ်၊ အရောင်းအဝယ်မကောင်းတာ ကြာပြီ။ မင်းကိုတွေ့ချင်တာ အတော်ဖြစ်သွားတယ်။ လာကွာ၊ လက်ဖက်ရည်ဆိုင်ထိုင်ရင်း စကားပြောရအောင်"

သို့နှင့် ကျွန်တော်နှင့် လွင်ဦးတို့သည် လမ်းဘေးမှ လက်ဖက်ရည်ဆိုင်သို့ လာခဲ့ကြသည်။ လက်ဖက်ရည်ဆိုင် ထဲတွင် ထိုင်နေသော အသိမိတ်ဆွေများကို နှုတ်ဆက်နေရသည်။

"မင်းအမေဆီကို မင်းပြန်လာတတ်တယ်လို့ ပြောကြတယ်။ ငါက မင်းကို တွေ့ချင်နေတာကြာပြီ။ မင်း ဘယ်နေ့လာမှန်းမသိလို့"

"ငါက ရုံးပိတ်ရက် အဆင်ပြေတဲ့နေ့ကို လာရတာ။ အမေနဲ့ထိုင်ပြီး စကားပြောနေရတော့ ဘယ်သူ့ဆီမှ မသွားဖြစ်ပါဘူး"

"မင်းရေးတဲ့ စာမူတွေဖတ်ရတယ်။ မင်းက ယတြာ ဆောင်းပါးတွေရေးနေတော့ မင်းဆီက ဈေးရောင်းကောင်းတဲ့ ယတြာကို တောင်းမလို့"

"အခြားသူတွေကိုတောင် ယတြာပေးနေတာ။ မင်းက ငါ့ရဲ့သူငယ်ချင်းပဲ ပေးရမှာပေါ့။ ငါ့အဘိုးသင်ကြားပေးခဲ့တဲ့ နှငယ်ကိုးလုံးစမယတြာကို ပေးမယ်။ ပထမဦးစွာ မင်း ဈေးထဲသွားပြီး ကြေးပြားရအောင်ရှာခဲ့။ နှစ်လက်မပတ်လည် အနာအဆာမရှိတဲ့ ကြေးပြားကို ယူခဲ့နော်"

လွင်ဦးက ဈေးဝန်းထဲသို့ ထွက်သွားသည်။ ကျွန်တော်က လက်ဖက်ရည်သောက်ရင်း ဂျာနယ်တစ်စောင်ကို ဖတ်နေမိသည်။ ခဏကြာလျှင် လက်ဖက်ရည်ဆိုင်ထဲသို့ လွင်ဦးဝင်လာသည်။ သူ့လက်ထဲတွင် ကြေးပြားလေးကို ကိုင်ထားသည်။

"ငါက အမေ့ဆီကို အလုပ်အားမှ လာရတာဆိုတော့ ဈေးရောင်းဈေးဝယ် လုပ်နေတဲ့ ငါ့သူငယ်ချင်းတွေ ငါ့မြို့သားတွေကိုလည်း ဒီယတြာလုပ်နည်းကို ပြောပြလိုက်ပါကွာ။ ငါ့ရဲ့မေတ္တာလက်ဆောင်ပေါ့။ ဒီယတြာကို ဆောင်ရွက်ရမယ့် နေ့သားအလိုက် အချိန်တွေကို အရင်ရေးမှတ်ထားကွာ"

ကျွန်တော်က ကျွန်တော်၏ ဒိုင်ယာရီစာအုပ်ထဲမှ စာရွက်ကိုဖြုတ်၍ပေးရင်း ပြောသည်။

### ယတြာစီရင်ရမည့်အချိန်

**တနင်္ဂနွေသားသမီးအတွက်** နံနက် ၁၀ နာရီ ၂၉ မိနစ်မှ နေ့လယ် ၁ နာရီ ၁၂ မိနစ်အတွင်း ဆောင်ရွက်ရမည်။

**တနင်္လာသားသမီးအတွက်** နေ့လယ် ၁ နာရီ ၃၃



www.burmeseclassic.com

www.burmeseclassic.com

မိနစ်မှ ညနေ ၃ နာရီ ၄၈ မိနစ်အတွင်း ဆောင်ရွက်ရမည်။

**အင်္ဂါသားသမီးအတွက်** ညနေ ၃ နာရီ ၄၉ မိနစ်မှ ညနေ ၆ နာရီတိတိအချိန်အတွင်း ဆောင်ရွက်ရမည်။

**ဗုဒ္ဓဟူးသားသမီးအတွက်** နံနက် ၆ နာရီမှ နံနက် ၈ နာရီ ၂၅ မိနစ်အတွင်း ဆောင်ရွက်ရမည်။

**ကြာသပတေးသားသမီးအတွက်** နံနက် ၈ နာရီ ၂၆ မိနစ်မှ နံနက် ၁၀ နာရီ ၂၈ မိနစ်အတွင်း ဆောင်ရွက်ရမည်။

**သောကြာသားသမီးများအတွက်** နံနက် ၁၀ နာရီ ၂၉ မိနစ်မှ နေ့လယ် ၁ နာရီ ၁၂ မိနစ်အတွင်း ဆောင်ရွက်ရမည်။

**စနေသားသမီးအတွက်** နေ့လယ် ၁ နာရီ ၁၃ မိနစ်မှ ညနေ ၃ နာရီ ၄၈ မိနစ်အတွင်း ဆောင်ရွက်ရမည်။

ကျွန်တော်က သားရေအိတ်ထဲမှ ပေတံ ခဲတံနှင့် ကညစ်တံတို့ကို ထုတ်လိုက်သည်။

"ဟာ…နေဦးဟ။ ငါနာရီကြည့်ဦးမယ်။ ဩော်… ၁၀ နာရီ ရှိနေပြီကွ။ နံနက် ၆ နာရီက ၈ နာရီအတွင်း ယတြာက ဆောင်ရွက်ရမှာကွ။ မင်းက ဗုဒ္ဓဟူးနေ့သား"

ကျွန်တော်နှင့် လွင်ဦးက တစ်ဦးမျက်နှာကို တစ်ဦး ကြည့်မိကြသည်။


"လွင်ဦး…ဒီယတြာက ငါဆောင်ရွက်လို့ မရဘူး။ မင်းကိုယ်တိုင် နံနက် ၆ နာရီက ၈ နာရီအတွင်း မင်းရဲ့ မွေးနေ့မှာ ကိုယ်တိုင်ဆောင်ရွက်ရမယ်။ ငါက ညအိပ်လို့မရဘူး။ မနက်ဖြန် အလုပ်ဆင်းရမှာဆိုတော့ ညနေပြန်မယ်။ ကြေးပြားမှာ ကညစ်နဲ့ ဘယ်လိုရေးရမယ်။ ဘယ်လိုမန္တန်ရွတ်ရမယ်ဆိုတာ ငါ စာရွက်ပေါ်မှာ အသေအချာ ရေးပြခဲ့မယ်"

"အေး…ငါမှတ်ထားပါ့မယ်"

ကျွန်တော်က စာရွက်တစ်ရွက်ကိုထုတ်ပြီး…

"ပထမဦးစွာ ဒီနေရာမှာ ကယုက် ယယုက်ကိုချရေးမယ်။ ဒုတိယ (ဝ)စမကိုချရေးရမယ်။ တတိယက (ဝ)စမကို နငယ်ကိုးလုံးနဲ့ လက်ယာရစ်ရံရမယ်။ စတုတ္ထက (ပိ)စမကို အလယ် နငယ်အထက်မှ ရံရမယ်။ ပဉ္စမကတော့ ကကြီး ယကြီး၊ ထကြီး၊ ဌကြီး ကြီးလေးလုံးကို ရံရမယ်။ စမတစ်လုံးချတိုင်း အရပ်ာံ လာဘံ သိဒ္ဓိလို့ ရွတ်ဆိုရမယ်။ နငယ်ကိုး လုံး စမပုံသဏ္ဍာန်က ဒီလိုကွ"

ဟု ဆိုကာ အောက်ပါအတိုင်း ရေးဆွဲပြလိုက်ပါ သည်။




"ကြေးပြားပေါ်မှာ စမတွေကို ကညစ်နဲ့ ချရေးပြီးရင် ဦ ရှင်သီဝလိ ဘုန်းတန်ခိုးရှိမြတ်စွာရဟန္တာ ထိပ်မှာမြတ်ဖျား ကိုယ်တော်ထား နားမှာကိုယ်တော်ကျိန်း ခပ်သိမ်းလိုရာရ ကာယဝတီ မနောချိ သုံးလီဩကာသ ရှိသေမြတ်နိုး ကျွန်ရှိခိုး တန်ခိုးကိုယ်တော်ပြ ဆုတောင်းပတ္တနာသ လို့ မန္တာန် ၃၇ အုပ်မန်းပြီး တာနဲ့ အဲဒီနငယ်ကိုးလုံး စမကြေးပြားကို ဈေးဆိုင်လူမြင်တ နေရာမှာ ချိတ်ဆွဲထားရင်ထား ပျဉ်ပြားမှာ ကပ်ရိုက်ထား လည်းရတယ်။ အဲဒီနေ့ကစပြီး မင်းဈေးဆိုင် အရောင်းအဝ ကောင်းပြီသာမှတ်။ မှတ်မိတယ်နော်"

ကျွန်တော်သည် လွင်ဦးကို မှာကြားပြီးသည်နှင့် အ အိုရှိရာသို့ သုတ်ခြေတင်ပြေးခဲ့ပါသည်။

ဝင်းဇော်(သုံးဆယ်)
၀၉-၂၆၁၄၃၃



www.burmeseclassic.com

www.burmeseclassic.com

# ကျန်းမာကြစေ ဆုမွန်ခြွေ

သိဒ္ဓိစံ(မင်္ဂလာကုန်း)

ရှင်သန်ရာ လူ့လောကတွင် ကျန်းမာရေးသည် တစ်စိတ်တစ်ဒေသအားဖြင့် အရေးကြီးသော အခန်းကဏ္ဍက ပါဝင်လေ၏။ ကျန်းမာရေးကြောင့် လူဖြစ်ရှုံးကာ လူလုံးမလုဖြစ်နေကြသူ များစွာရှိပါသည်။ ကျန်းမာရေးမကောင်းသဖြင့် အလုပ်အကိုင်၊ ရာထူး၊ လုပ်ငန်းစီးပွားများ ပျက်စီးဆုံးရှုံးသွားကြသူ များစွာရှိပါသည်။ ကျန်းမာရေးမကောင်းသဖြင့် ငွေကြေးအကုန်အကျခံပြီး ဆေးဝါးကုသ နေစေကာမူ သေမင်းလက်သို့ အသက်ပေးအပ်လိုက်ရသူ များစွာလည်း ရှိနေကြပါသည်။

ဖြစ်ပျက်ပြောင်းလဲနေသော သင်္ခါရလောကကြီးတွင် အိုဘေး၊ နာဘေး၊ သေခြင်းဘေး ဟူသည်မှာ ကျန်းမာရေးနှင့် ပတ်သက်ဆက်နွှယ်မှု ရှိနေပါ၏။ ကျန်းမာရေးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရနှင့် ပတ်သက်ကြောင်းကို မြန်မာ့ဆေးကျမ်းများတွင် ဖော်ပြထားပါ၏။

ဗေဒင်ပညာ၏ လက်ရိုးတွက်နည်းတွင် လဂ်ဌာနမှ ၈ တန့်ဖြစ်သော မရဏဘာဝကို ကျန်းမာရေးနှင့် သက်ဆိုင်သည်ဟု ပြဆိုထားပါသည်။ ၈ တန့်ဘာဝတွင် ပါပဂြိုဟ်ရပ်တည်ခြင်း၊ ၈ တန့်ဘာဝ သခင်ပါပကဏ္ဍရှိရပ်ခြင်း၊ ၈ တန့်ဘာဝသခင် အတ္တမိခြင်းတို့ ကြုံပါက ဇာတာရှင်သည် ကျန်းမာရေး ချို့ချာပျော့ညံ့ပြီး အသက်ဘေးကြုံသည်အထိ ကံကြမ္မာညံ့စေနိုင်ပါသည်။

ထို့အပြင် လက္ခဏာပြင်၌ အာယုလမ်းကြောင်းပျက်ခြင်း၊ ကျွန်းခံခြင်း စသည့်အပြစ်များ ရှိပါကလည်း ကျန်းမာရေးညံ့စေနိုင်ပါသည်။

လက်ဆန်းပညာတွက်နည်းတွင် အာယုဂြိုဟ်သည် ကျန်းမာရေးကို ပြဆိုလေ၏။ အာယုဂြိုဟ်သည် အညံ့အနိုက်ဖြစ်နေခြင်း၊ မကောင်းသော အနိဋ္ဌ ဌာနတွေ၌ ကျရောက်နေခြင်းတွေ ဖြစ်ပါက ကျန်းမာရေးကို ဆိုးဝါးစွာ ထိခိုက်စေတတ်ပါသည်။

ထိုသို့ကြုံသောအခါ မကြာခဏ ကျန်းမာရေးညံ့တတ်ကြပါသည်။ ရက်ရှည်စွာ ဆေးဝါးကုသမှုမျိုးကို ခံယူရတတ်ကြပါသည်။ ဆေးဝါးကုသမှုတွေ ခံယူပါသော်လည်း ရောဂါ မပျောက်ကင်းခြင်း၊ ဝေဒနာမသက်သာခြင်းတွေလည်း ဖြစ်စေနိုင်ပါသည်။

ထိုအခါမျိုးတွင် ကျန်းမာရေး အမြန်ပြန်ကောင်းစေရန်အတွက် လိုအပ်လာ၏။ ဆေးဝါးကုသချက်တွေ ထိရောက်မှုရှိဖို့ လိုအပ်လာပါသည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရတွင် ကံကြောင့် ကျန်းမာရေးညံ့သည် ဆိုပါက ကျန်းမာရေးကောင်းမွန်စေသော ယတြာတစ်မျိုး ရှိပါသည်။

အာယုဂြိုဟ်သည် ကျန်းမာရေးဂြိုဟ်ဖြစ်သောကြောင့် အာယုဂြိုဟ်၏ ဓာတ်မှန်ဖို့ လိုအပ်ပါသည်။ အာယုဂြိုဟ်ဓာတ် မှန်စေဖို့အတွက် အာယုဂြိုဟ်ဓာတ် အကြိုက်ဖြစ်စေသော လှူဖွယ်ဝတ္ထုများကို ဘုရားလှူဆုတောင်းခြင်းအားဖြင့် ကျန်းမာရေးကောင်းမွန်စေနိုင်ပါသည်။

နေ့သားသမီးအလိုက် စီမံ၍ ဆောင်ရွက်ရသော ယတြာနည်း ဖြစ်ပါသည်။

တနင်္ဂနွေသားသမီးများ မကျန်းမမာဖြစ်သည့်အခါ အာယုဂြိုဟ်ရဲ့နေ့ဖြစ်သော တနင်္လာနေ့၌ တနင်္လာ၏ ဓာတ်မိတ်ဖက်ဖြစ်သော ကြာသပတေးနံ (မြေဓာတ်)အရ ပေါင်မုန့် ၁၉ ချပ်ကို စေတီ၏ တနင်္လာထောင့်မှ ဘုရားတွင်လှူ၍ ဆုတောင်းရမည်။

တနင်္လာသားသမီးများသည် အင်္ဂါနေ့၌ စေတီ၏ အင်္ဂါထောင့်မှနေ၍ (လေဓာတ်)အရ ယပ် ၁၂ လက်ကို ဘုရားလှူဆုတောင်းရမည်။



www.burmeseclassic.com

www.burmeseclassic.com

| မွေးနေ့ သား/သမီး | လှူရန် ရက်/နေ့ | လှူဖွယ်ပစ္စည်း | စေတီ၏ ထောင့်အရပ် |
| --- | --- | --- | --- |
| တနင်္ဂနွေ | တနင်္လာနေ့ | ပေါင်မုန့် ၁၉ ချပ် | တနင်္လာထောင့်မှ ဘုရား |
| တနင်္လာ | အင်္ဂါနေ့ | ယပ် ၁၂ လက် | အင်္ဂါထောင့်မှ ဘုရား |
| အင်္ဂါ | ဗုဒ္ဓဟူးနေ့ | အချိုရည် ၂၁ ခွက် | ဗုဒ္ဓဟူးထောင့်မှ ဘုရား |
| ဗုဒ္ဓဟူး | စနေနေ့ | ဆီမီး ၆ တိုင် | စနေထောင့်မှ ဘုရား |
| ကြာသပတေး | ဗုဒ္ဓဟူးနေ့ ညနေ | ယပ် ၈ လက် | ရာဟုထောင့်မှ ဘုရား |
| သောကြာ | တနင်္ဂနွေနေ့ | ဆီမီး ၁၀ တိုင် | တနင်္ဂနွေထောင့်မှ ဘုရား |
| စနေ | ကြာသပတေးနေ့ | ကိတ်မုန့် ၁၅ ချပ် | ကြာသပတေးထောင့်မှ ဘုရား |

အင်္ဂါသားသမီးများသည် ဗုဒ္ဓဟူးနေ့၌ စေတီ၏ ဗုဒ္ဓဟူးထောင့်မှနေ၍ သောကြာနံ(ရေဓာတ်)အရ အချိုရည် ၂၁ ခွက်ကို ဘုရားလှူဆုတောင်းရမည်။

ဗုဒ္ဓဟူးသားသမီးများသည် စနေနေ့၌ စေတီ၏ စနေထောင့်မှနေ၍ တနင်္ဂနွေနံ (မီးဓာတ်)အရ ဆီမီးခြောက်တိုင် ဘုရားလှူဆုတောင်းရမည်။

ကြာသပတေးသားသမီးများသည် ဗုဒ္ဓဟူးနေ့ညနေ ရာဟုအချိန်၌ အာယုဂြိုဟ်ရာဟုနံ၏ ဓာတ်မိတ်ဖက်ဖြစ်သော ယပ်ရှစ်လက်ကို ရာဟုထောင့်တွင် ဘုရားလှူ၍ ဆုတောင်းရမည်။

သောကြာသားသမီးများသည် တနင်္ဂနွေနေ့၌ အာယုဂြိုဟ် တနင်္ဂနွေ၏ ဓာတ်မိတ်ဖက်အရ စနေနံ မီးဓာတ်ဖြစ်သော ဆီမီး ၁၀ တိုင်ကို စေတီ၏ တနင်္ဂနွေထောင့်တွင် ဘုရားလှူ ဆုတောင်းရမည်။

စနေသားသမီးများသည် ကြာသပတေးနေ့၌ စေတီ၏ ကြာသပတေးထောင့်မှနေ၍ ဘုရားကို ကြာသပတေးဂြိုဟ်၏ ဓာတ်မိတ်ဖက်ဖြစ်သော တနင်္လာနံ မြေဓာတ်အရ ကိတ်မုန့် ၁၅ ချပ် ဘုရားလှူဆုတောင်းရမည်။ သိသာရှင်းလင်းစေရန် အတွက် ဇယားကွက်နှင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါ သည်။

အထက်ပါ ယတြာအတိုင်း ယုံကြည်စွာဖြင့် ပြုလုပ် ဆောင်ရွက်ကြပါလျှင် ကျန်းမာရေးအညံ့များမှ ကင်းဝေးနိုင် မည်ဖြစ်ပါသည်။ ဆေးဝါးကုသချက်များ ထိရောက်မြန်ဆန် လာပြီး အလျင်အမြန်ဖြင့် ရောဂါဝေဒနာများ သက်သာ ပျောက်ကင်းလာမှာ ဖြစ်သည်။

သိဒ္ဓိစံ(မဂ်လာကျွန်း)
၀၉-၃-၂၀၁၃



www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အရယ်ာ ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင် (ခေါင်းဆေးကျွန်း)၊ ပဲခူး (ဒေးစွန်ပါ)၊ သန်လျင် (ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်း အမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီး များ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက် သည် (မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထီနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

ဆိုင်အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း ရန်ကုန်မြို့ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၁၁၈၈
နံနက် (၈း၃၀) နာရီ မှ နေ့လယ် (၁၂း၃၀) နာရီ။
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့ ဖုန်း-၀၉-၈၇၂၆၃၂၂၇၂
ညနေ (၄း၀၀)နာရီ နောက်ပိုင်း



# အောင်ဝိဇ္ဇာမိုရ်ဆေးတိုက် (လိုင်စင်အမှတ်အမှတ် ၁/၂၀၁၅-တဆထလ/၂၇၄၆)

- အမျိုးသားများ ဆန္ဒအားနည်း၊ သေ/ညို၊ အားမထိန်းနိုင်၊ ပန်းလန်းပြီး ရုတ်တရက်ညှိုးနွမ်းခြင်း၊ ရာနှုန်းပြည့် မစွမ်း ဆောင်နိုင်ခြင်းများအတွက် အကြောအားတိုး စွမ်းရည်မြှင့် သောက်ဆေး၊ လိမ်းဆေးများဖြင့် ပျောက်ကင်းနိုင်ပါပြီ။ (TMR 011176,77) (1114)
- လိပ်ခေါင်းတွင်း/ပြင်၊ စအိုဝဖုသီးထွက်၊ စအိုတစ်ဆို့ ရောင်ရမ်းခြင်း၊ သွေးကျခြင်း၊ သငန်ရည်ထွက်ခြင်း၊ အကြိတ်အဖု ဂရင်ဂျီနာ ဖြစ်ခြင်းတို့ကို အောင်ဝိဇ္ဇာမိုရ်လိပ်ခေါင်းနှင့် စအိုရောဂါ ပျောက်ဆေးများဖြင့် ပျောက်နိုင်ပြီ။ (1208Y 7942)
- ခရာသင်း၊ သမင်ဖြူ၊ နှင်းခူစို/ခြောက်၊ အရေပြားရောဂါများ၊ ကာလသားရောဂါဆေးများလည်း ရပါပြီ။
- **ဆေးတိုက်အမှတ် ၈၆၊ ၉၄လမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်၊ ဖုန်း**-(09-5016372) 09-796136095, 09-5033839, 09-786252440, 09-778084724

□ **ပင်မဖြန့်ချိရေး**

ကိုဝင်းမြင့်-မဘောဘီ (01-226382)၊ ဒေါ်ဝင်း (မြန်မာ့ဂုဏ်ရည်) (01-394313)၊ မေတ္တာမွန် (လမ်းမတော်)၊ ဆေးရာဇာ (ရွှေဘုံသာ-လယ်)၊ အာရောဂျ (သိမ်ကြီးဈေး)၊ သီဟ (056-21678 သန်လျင်)၊ ဦးတင်ဋ္ဌေ (053-26261၊ ပြည်)၊ မန္တလေး-အောင်ရတနာ (02-35061)၊ ကောင်းသန့် (02-30365)၊ အောင်သုခ (ဈေးချို 09795547955) ပျဉ်းမနား ပွဲကတော် (067-22658) ကေရီ (067-21286)၊ မကွေး ကိုတူးတူး (09-401556740)၊ သဇင် (09-450542802 ဘူးသီးတောင်)၊ အေးရတနာ (09-5350403 တောင်ငူ)၊ Standard တောင်ကြီး (မြို့မဈေး)၊ အေးမေတ္တာ (မိတ္ထီလာ)

❖ ဆေးခန်းခွဲ (လုံး၀) မရှိပါ။ ❖


www.burmeseclassic.com

www.burmeseclassic.com

# ကြောင်မီးကူပင်

ဦးကုန်း-ဇော်ဝင်းမောင်

မြန်မာလူမျိုးတို့ ထမင်းဝိုင်းတွင် နှစ်သက်စွာ စားသုံးကြသည်မှာ ငါးပိရည်နှင့် အတို့အမြှုပ်(တို့စရာ)ပါလျှင် ထမင်းမြိန်သည်ဟု ပြောဆိုလေ့ရှိပါသည်။ ထိုထမင်းဝိုင်းတွင် ငါးပိရည်နှင့် တွဲဖက်၍ ချဉ်၊ ဖန်၊ ချို၊ ဆိမ့်၊ ခါး စသည့် အသီးအရွက်တို့ကို ရေတိုသီးစပ်စပ်နှင့် ထမင်းစားသုံးသည့်အခါ ကိုယ်တွင်းဝမ်းတွင်းပူလာပြီး နဖူးမှချွေးများ နှာရည်များပင် ထွက်လာတတ်ပါသည်။ ထို့ပြင် ဟင်းချိုပူပူသောက်ပြန်လျှင် တစ်ကိုယ်လုံး ချွေးများထွက်ကာ ကျန်းမာရေးနှင့် ညီညွတ်သဖြင့် ငါးပိရည်နှင့် အတို့အမြှုပ်(တို့စရာ)များကို နှစ်သက်ကြခြင်း ဖြစ်ပေသည်။

အတို့အမြှုပ်ဆိုရာတွင် အချဉ်ဓာတ်ဖြစ်နေသော မုန်လာဥ၊ မုန်လာရွက်၊ ကြောင်လျှာသီး၊ သရက်ကင်း၊ ပဲစောင်းလျားသီး၊ ခံတက်ချဉ်တို့ ဖြစ်ပေသည်။ တချို့ အချဉ်ကြိုက်သူများက ငါးပိရည်ပန်းကန်ထဲသို့ သံပရာသီး၊ ရောက်သီးအရည်ညှစ်ထည့်၍လည်းကောင်း၊ မရမ်းသီး၊ သံပရာသီးစိတ် (အနေတော်) ရောက်သီး စသည့်အချဉ်အရသာကို ငါးပိရည်နှင့် တွဲဖက်သုံးဆောင်ကြပါသည်။

ခံတက်ချဉ်သည် ခံတက်ရွက်ကို အချဉ်ဖြစ်အောင် ပြုလုပ်ထားသဖြင့် စားသုံးရာတွင် နူးညံ့ပြီး ခါးသက်သက်အရသာတွင် အချဉ်ဓာတ်ပါနေ၍ ငါးပိရည်နှင့် အလွန်လိုက်ဖက်ပါသည်။ တချို့က ခံတက်ချဉ်ကို လက်သုပ်အဖြစ် စားသုံးတတ်ကြပါသည်။

ခံတက်ပင်ဟု ဆိုရာတွင် ရေခံတက်၊ ကုန်းခံတက်ဟူ၍ ခေါ်ဝေါ်ကြကြောင်း သိရှိရပါသည်။ ခံတက်ပင်နှင့် ပတ်သက်၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ(ဒု-နှာ-၂၉၂)၌ သေတတစ္ဆေဟူသော ပါဠိတစ်ခု ပြဆိုထားပါသည်။ ခံတက်ပင်ကို မဟာဋီကာ (ဒု-နှာ-၄၅၇) တွင် သေတတစ္ဆေဟု ပါရှိကြောင်း သိရပါသည်။

ထို့ပြင် မိနရက္ခဟု ဆိုပါသည်။ ဤမိနရက္ခကို မဟာဋီကာ နိဿယမှ မိန်ပင်ဟု ပါဠိပျက်အနက် ပြန်ဆိုပြီး နောက် အောက်ခြေမှတ်ချက်တွင် -

"ဤပုဒ်၏အနက်ကို မြန်မာပြန်ဆိုထားသော ကျမ်းဟောင်းတို့၌ မတွေ့ရသေး။ သို့ဖြစ်၍ မိနရာသီပုဒ်ကို မိန်ရာသီဟု ပြန်ဆိုသကဲ့သို့ ဤသည်၌လည်း မိနပုဒ်ကို မိန်ဟု ပါဠိပျက်အားဖြင့် ပြန်ဆိုထားသည်ဟု ညွှန်းဆိုထားပါသည်။

ဤမျှ ခဲရာခဲဆစ် ကတ်ကတ်သတ်သတ် ရှိသော ပါဠိဝေါဟာရကို ပရမတ္ထသရူပဘေဒနီကျမ်း (ဒု-နှာ-၅၉၂) ၌ ကြောင်မီးကူပင်ဟု ပြန်ဆိုထားပါသည်။ ထို့ကြောင့် သေတစ္ဆေ = ရေခံတက်ဖြူပင် (ဝါ) ကြောင်မီးကူပင်ဟုလည်း ခေါ်ဆိုထားကြောင်း တင်ပြအပ်ပါသည်။

**ဦးကုန်း ဇော်ဝင်းမောင်**

**မှီငြမ်းပြု ။** ။ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ရေးသား စီရင်အပ်သော ပရမတ္ထသရူပဘေဒနီကျမ်းမှ ထုတ်နှုတ်ဖော်ပြ ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# လက်တွေ့အသုံးချ မြန်မာ့ရိုးရာ ဆေးမြီးတိုများ

## သုတေသီဆရာငြိမ်း

### နောက်ကြောတက်နေသလား၊ ဇက်ကြောထိုးသလား

စာရေး စာဖတ်ခြင်း များလျှင်ဖြစ်ဖြစ်၊ လက်နှိပ်စက်၊ ကွန်ပျူတာ တရစပ် ရိုက်မိလျှင်ဖြစ်ဖြစ်၊ မျက်မှန်ပါဝါ ဒီဂရီ လျော့နည်းလျှင်ပဲဖြစ်ဖြစ်၊ ရုပ်ရှင်၊ တီဗီ၊ ဗီဒီယို၊ ကွန်ပျူတာ ဂိမ်း၊ အင်တာနက် အကြည့်များလျှင်ဖြစ်ဖြစ်၊ ဇက်ကြောတွေ၊ နောက်ကြောတွေ တောင့်တင်းပြီး လွန်စွာမှ အနေရ အထိုင်ရ ခက်လှပါသည်။ ထိုသို့ဖြစ်လျှင် နောက်ကြောတက်သည်။ ဇက်ကြောထိုးသည်ဟု ဆိုလေ့ရှိကြပါသည်။

ထိုသို့ နောက်ကြောတက်နေ၊ ဇက်ကြောထိုးနေပါက သက်သာပျောက်ကင်းရလေအောင် မည်သို့ လုပ်ရပါမည်နည်း။

နည်းသိလျှင် မခက်ပါ။

ဦးစွာ ပတဲကောပင်ကို ရှာပါ။ ရလျှင် ပတဲကောပင်မှ အမြစ်ကို တူးဖော်၍ ထိုပတဲကောမြစ်အား ရေသန့်သန့်ဖြင့် ဆေးကြောပါ။ ထို့နောက် နေပူပူတွင် ခြောက်သွေ့အောင် လှန်းပါ။ (နေပူရှိန် အလွန်ပြင်းထန်ပါက တစ်နေ့သာ လှန်းပါ။ သို့မဟုတ်ဘဲ ရက်ဆက်လှန်းပါက ပတဲကောမြစ်အတွင်း ရေဓာတ်တို့ ခန်းခြောက်သွားပါလိမ့်မည်။ ရေဓာတ် အတန်အသင့်ရှိပါမှ ဆေးစွမ်းအာနိသင် ပိုမိုထက်မြက်ပါမည်။ အခြောက်အသွေ့လွန်က ဆေးစွမ်းအာနိသင် ယုတ်လျော့ပါသည်။ သို့ဖြစ်၍ မစိုမခြောက် အနေအထားဖြစ်ရပါမည်။)

ထိုသို့ နေလှန်း၍ ရလာသော ပတဲကောမြစ်အား ကျောက်ပျဉ်ပေါ်၌ ရေနှင့် ခပ်ပျစ်ပျစ်သွေးပါ။ ရသောဆေးရည်ကို သိမ်းဆည်းထားပြီး ဟင်းသောက်ဇွန်း တစ်ဇွန်းစာကို မနက်တစ်ကြိမ်၊ ညအိပ်ရာဝင်ချိန်တစ်ကြိမ် သောက်သုံးပေးပါ။

အဆိုပါ ပတဲကောဆေးမြစ်ရည်အား နေ့စဉ်သောက်သုံးပေးပါက နောက်ကြောတက်ခြင်း၊ ဇက်ကြောထိုးခြင်း ဝေဒနာတို့အပြင် မျက်ရိုးကိုက်ဝေဒနာပါ သက်သာပျောက်ကင်းသွားပါလိမ့်မည်။ ဤဆေးနည်းကို ဖော်စပ်၍ အညောင်းထိုင်ရသည့်အလုပ် လုပ်ကိုင်ရသူတို့အနေဖြင့် လက်စွဲပြုကာ သုံးစွဲသင့်ပါကြောင်း။

### နနွင်းကို ဘယ်လို အသုံးချရသလဲ

နနွင်းဟူသည် မီးဖိုချောင်ဝင် အိမ်ရှင်မများ၏ လက်စွဲဖြစ်ပါသည်။ နနွင်းပင်မှဥသောဥအား အမှုန့်ကြိတ်ခြင်းဖြင့် နနွင်းမှုန့်ဟူ၍ ဖြစ်လာပါသည်။

နနွင်းကို မီးဖိုချောင်သုံးပစ္စည်းအပြင် ဆေးဖက်ဝင်ပစ္စည်းအဖြစ် မည်ကဲ့သို့ သုံးစွဲကြပါသနည်း။

နည်းသိလျှင် မခက်ပါ။

မြန်မာတိုင်းရင်း သမားတော်များအဖို့ နနွင်းကို လက်ကိုင်ဆေးအဖြစ်

(၁) အမျိုးသမီးတို့ ပဋိသန္ဓေတည်နေစဉ်မှ မွေးဖွားပြီးသည်အထိ နနွင်းကို အသုံးပြုရ၏။

(၂) ပဋိသန္ဓေရှိစဉ် သွေးလေညီညွတ်စေရန် စားဆေး၊ လိမ်းဆေး၊ ချွေးအောင်းဆေး စသဖြင့် အသုံးပြုသည့်အပြင် မွေးဖွားပြီးနောက် သွေးသားစင်ကြယ် သွေးသစ်လဲသည်အထိ စားဆေး၊ လိမ်းဆေးအဖြစ် အသုံးပြုရ၏။

(၃) ကိုယ်ဝန်ဆောင်စဉ် ကာလ၌ နနွင်းကို မှန်မှန်စားပေးခြင်းဖြင့် ဆီး၊ ဝမ်း လေမှန်၍ မွေးဖွားရာတွင် လွယ်ကူစေ၏။ မီးဖွားပြီးနောက် မီးယပ်သွေးတက်လျှင် နနွင်းမှုံကို



www.burmeseclassic.com

www.burmeseclassic.com

ရှုပေးရ၏။ ငယ်ထိပ်ကို အုံပေးရ၏။

(၄) ဇက်ကြောထိုး၊ နောက်ကြောတက်၊ မီးယပ်ခေါင်းကိုက်ပါက နနွင်းမှုန့်ကို မီးကျီခဲပေါ်ဖြူး၍ ရှုပေးခြင်းဖြင့် သက်သာပျောက်ကင်းစေ၏။

(၅) မီးဖွားပြီး အသားအရေအေးခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများ ဖြစ်ခဲ့သော် နနွင်းကို သောက်ပေးခြင်းဖြင့်လည်းကောင်း၊ နမ်းဆီဖြင့် လူးပေးခြင်းဖြင့်သော်လည်းကောင်း ပျောက်ကင်းစေပါ၏။

(၆) မီးဖွားပြီးနောက် သွေးမသန့်ခြင်းများ၊ မီးယပ်ချုပ်ထခြင်း၊ မီးယပ်ပူပြန်ခြင်း၊ အပူနှံနေခြင်းကြောင့် သီတပိတ်ယားနာများ၊ အကွက်ထခြင်း၊ အဖုအပိမ့်ထွက်ခြင်းများ ဖြစ်ခဲ့သော် နနွင်းကို သောက်ပေး၊ လိမ်းပေးရ၏။

(၇) သားမြတ်ရောင်ခြင်း၊ နာကျင်ကိုက်ခဲခြင်းဖြစ်ခဲ့လျှင် နနွင်း၊ ဘိန်းရွက်၊ ပဒိုင်း သုံးပါးဆတူရောကြိတ်ပြီး အုံပေးပါက သက်သာပျောက်ကင်းပါ၏။

(၈) မီးယပ်သွေးဖောဖြစ်လျှင် နနွင်းကို ဟင်းလျာများ၌ ပိုပိုသာသာထည့်ကာ စားပေးရ၏။

(၉) သားအိမ်မသန့် ရောဂါပျောက်ဆေး၊ မျက်စဉ်းဆေး၊ ခေါင်းကိုက်၊ နာစေးရောဂါပျောက်ဆေး၊ သွေးဝမ်းကိုက်ခြင်း၊ သွေးအန်ခြင်းဝေဒနာတို့ ပျောက်ဆေး၊ ဆီးရောဂါပျောက်ဆေး၊ ဝါသင့်နာပျောက်ဆေး၊ နန်းတွင်းမီးမကင်ဆေး၊ သူငယ်နာ ပေါင်းချုပ်ဆေးကြီး၊ သူငယ်နာ ချွဲယိုင်ဆေး၊ နဝင်္ဂန်းဆေးကျော်၊ ညှော်ခံဆေး စသည်ဖြင့် နနွင်းနှင့်ပတ်သက်၍ ဆေးမြီတိုများ ဆေးနည်းရှည်များ ရှိကြပါ၏။

ထို့ပြင် တိုင်းရင်းဆေးဆရာတို့ လက်စွဲ တိုင်းရင်းဆေး (၅၇) မျိုးတွင် အချို့အချို့သော ဆေးဖုံများ၌ နနွင်းသည် အပါအဝင်ဖြစ်၏။

နနွင်းကား အိမ်ရှင်မတို့အတွက် ဟင်းလျာချက်ပြုတ်ရာတွင်သာ အသုံးဝင်သည်မဟုတ်။ ရောဂါဝေဒနာ အမျိုးမျိုးတို့နှင့် ပတ်သက်၍ သက်သာပျောက်ကင်းရလေအောင် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုနေလေသည်တကား။

## နံ့သာဖြူဆိုတာ ဘာတွေစွမ်းသလဲ

နံ့သာဖြူ သင်းသင်းလေးကို လူတိုင်း စွဲမက်ကြပါသည်။

အမွှေးနံ့သာဆိုသည်မှာ နံ့သာဖြူကို အစွဲပြု၍ ပြောဆိုသော စကားပင် ဖြစ်ပါလိမ့်မည်။ သနပ်ခါး အရောင်းဆိုင်များတွင်လည်းကောင်း၊ ပရဆေးဆိုင်များတွင်လည်းကောင်း ဝယ်ယူရရှိနိုင်ပါသည်။ သို့ရာတွင် နားလည်တတ်ကျွမ်းသူများနှင့် ဝယ်ဖို့လိုပါ၏။ အကြောင်းမူ အတုတွေက နေရာတိုင်းတွင် မှိုလိုပေါက်နေသည်မဟုတ်ပါလား။ အချို့က နံ့သာဖြူအနံ့သွင်းပြီး နံ့သာဖြူအစစ်ဟူ၍ လိမ်ညာရောင်းချကြသည်။

နံ့သာဖြူအစစ်ကို သွေး၍ ကိုယ်လက်တို့တွင် လိမ်းနိုင်ပါသည်။ မျက်နှာပြင်ကိုမူ မလိမ်းကျံသင့်ပါ။ အခန့်မသင့်လျှင် တင်းတိပ်များ ထွက်လာတတ်၍ ဖြစ်ပါသည်။ နံ့သာဖြူအစစ်မှာ ဆေးဖက်ဝင်ပါ၏။

မည်သို့ အသုံးဝင်ပါသနည်း။

ကလေး၊ လူကြီး၊ လူရွယ်၊ လူငယ်မရွေး အခန့်မသင့်လျှင် ဖျားနာတတ်ပါသည်။ ဖျားနာ၍ အပူကြီးပါက နံ့သာဖြူကို ကျောက်ပျဉ်တွင် ရေနှင့် ခပ်ပျစ်ပျစ်သွေးပါ။ ဖျားနာသူ၏ နလုံးနေရာတည့်တည့်တွင် လိမ်းအုံပေးပါ။ နံ့သာဖြူ ခြောက်သွေ့သွားပါက ထပ်ခါထပ်ခါ လိမ်းကျံပေးပါ။ အပူကျသွားပြီး သက်သာသွားပါလိမ့်မည်။ ဖျားနာပြီး အိပ်မပျော်နိုင်ဖြစ်ပါက နဖူးနေရာကို လိမ်းကျံပေးရပါမည်။

မကြာမီမှာပင် သက်သာပျောက်ကင်းသွားပါလိမ့်မည်။

## နှင်းခူအတွက် စိတ်မပျက်နှင့်

နှင်းခူဆိုသည်မှာ အရေပြားရောဂါတစ်မျိုး ဖြစ်၏။ ပွေး၊ ဝဲ၊ ဂျိုတ်၊ ဒက် စသော ရောဂါများထက် ဆိုးရွားသော အရေပြားရောဂါပင် ဖြစ်ချေ၏။ နှင်းခူပေါက်ပြီဆိုပါက တော်ရုံတန်ရုံနှင့် ပျောက်ခဲလှ၏။ လက်ခုံ၊ ခြေခုံ စသောနေရာကောင်းတို့တွင် ပေါက်တတ်ပြီး ထူပိန်းနေတတ်ကာ ကုပ်ဖဲ့ပါကလည်း သန်ရှည်တရွရွ ဖြစ်နေတတ်သည်။

သည့်အတွက် နှင်းခူဝေဒနာ စွဲကပ်ပြီဆိုပါက ပျောက်ကင်းအောင် မည်ကဲ့သို့ ပြုလုပ်ရမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com

နည်းသိက မခက်ပါ။

ရှေ့ဗီမိုးလွတ် လက်ဖက်ခြောက် (ရေနွေးကြမ်းတွင် ခပ်ရသည့် လက်ဖက်ခြောက်အကောင်းစား) လက်တစ်ဆုပ် လောက်ယူပြီး ဒယ်အိုး၌ ကြွပ်ရွနေအောင် လှော်ပေးပါ။ (သုံးမိနစ်ခန့်လှော်လျှင် ရပါပြီ။) ထိုအခါ သံဆုံသန့်သန့်တွင် ဖြစ်စေ၊ စက္ကူခင်းထားသော ပျဉ်ပေါ်၌ဖြစ်စေ အမှုန့်ရအောင် ထောင်းပါ။ ပုလင်းဖြင့် မှုန့်ညက်နေအောင် ချေပါ။ ထို့နောက် ပုလင်းသန့်သန့်တွင်ဖြစ်စေ၊ ဘူးသန့်သန့်တွင်းသို့ဖြစ်စေ ထည့်ပါ။ ပြီးလျှင် (ခေါင်းလိမ်းသည့်) အုန်းဆီစစ်စစ်ကို ထည့်၍ သမအောင် မွှေပေးပါ။ လက်ဖက်ခြောက်မှုန့်နှင့် အုန်းဆီတို့မှာ အချိုးအဆ တူရပါမည်။

ထို့နောက် နှင်းခူအနာပေါ်သို့ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ပျက်ကွက်ခြင်းမရှိဘဲ ဆေးဝင်အောင် လိမ်းပါ။ လိမ်းကျံပြီး မကြာခင်မှာပင် အနာဖေးများ ကွာကျလာပါလိမ့်မည်။ ယားလည်း ယားယံလာပါလိမ့်မည်။ စိတ်ထဲ မည်သို့မျှ မအောက်မေ့ပါနှင့်။ ရက်ကြာလာသည်နှင့်အမျှ အရောင်မှိန်လာပြီး နဂိုမူလအသားအတိုင်း ချောလာပါလိမ့်မည်။ ဤတွင် ဆေးကို ရပ်မထားဘဲ ဆက်လိမ်းပေးပါ။ တစ်လခန့်အကြာတွင် နှင်းခူဝေဒနာမှာ ယူပစ်သလို သက်သာပျောက်ကင်းသွားပါလိမ့်မည် ဖြစ်ပါကြောင်း။

## ပန်းနာရင်ကျပ် ဘယ်လိုအမြစ်ပြတ်ရမလဲ

ပန်းနာရင်ကျပ် ဝေဒနာမှာ အခံရခက်သောဝေဒနာ ဖြစ်ပါသည်။ အသက်ရှုလမ်းကြောင်းတွင် ဖြစ်ပေါ်သော ဝေဒနာ ဖြစ်လေရကား အသက်ရှုခြင်းဖြင့် အသက်ရှင်နေရသူအဖို့ ကြီးစွာသော ရောဂါတစ်ရပ်ဟုပင် ဆိုရပါလိမ့်မည်။

ပန်းနာရင်ကျပ်ဝေဒနာအတွက် ခေတ်မီဆေးဝါးများစွာ ရှိကြပါသည်။ ငွေကုန်ကြေးကျလည်း ရှိပါလိမ့်မည်။

ဤ၌ ပန်းနာရင်ကြပ်ဝေဒနာအတွက် ငွေကုန်ကြေးကျသက်သာပြီး သက်သာပျောက်ကင်းစေသော မြန်မာ့ရိုးရာ ဆေးတစ်လက်ပင် ဖော်ပြလိုပါသည်။

မြန်မာနိုင်ငံရှိ အညာဒေသအရပ်၌ အလေ့ကျ ပေါ်များစွာ ပေါက်လေ့ရှိသော အပင်တစ်မျိုး ရှိပါသည်။ ထိုအပင်မှာ ငြှေးကြီးပင်ခေါ် ကွဲဘောက်ပင် ဖြစ်ပါသည်။ ထိုအပင်၏ အရွက်များကို ခူးယူပါ။ (၎င်းငြှေးကြီးပင်ခေါ် ကွဲဘောက်ပင် ဆိုသည်မှာ ချိုးဆိတ်လိုက်ပါက နွားနို့ရောင် ဖြူဖြူအစေးများ ထွက်လာတတ်ပါသည်။)

ထိုအဖြူစေးများကို ခံယူပြီး ငြှေးကြီးအရွက်တို့ကို စိမ်ထားရပါမည်။ ထို့နောက် နေပူတွင် ခြောက်အောင်လှန်းရပါမည်။ ခြောက်သွေ့ပြီဆိုမှ လိပ်ပြီး တစ်ဖက်မှ မီးရှို့ပါ။ ကျန်တစ်ဖက်မှ ထွက်လာသော အငွေ့မှိုင်းကို ရှူပေးပါ။ ထိုသို့ တစ်နေ့လျှင် သုံးလေးကြိမ်ခန့် ရှူပေးပါက တစ်ပတ်အတွင်းမှာပင် အသက်ရှူမဝခြင်း၊ ပန်းနာရင်ကျပ်ထခြင်း ဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

## ပွေးအတွက် သွေးပျက်နေသလား

"မိုးဆို တောင်က ပွေးဆို ပေါင်က" ဆိုသည့် စကားရှိပါသည်။ အဓိပ္ပာယ်မှာ တောင်အရပ်မှသာ တကယ့်မိုးဖြစ်ပြီး ပေါင်တွင်ပေါက်သော အနာဆိုသည် ပွေးပင်ဖြစ်သည်ဟု ဆိုလိုဟန်ရှိပါသည်။ ပွေးသည် အဝိုင်းကွက်သေးသေးက စဖြစ်ပြီး အဝိုင်းနှုတ်ခမ်းသား၌ အဖုငယ်ကလေးများရှိပြီး အဝိုင်းတွင်းရှိ အသားမှာ ထူပြိန်းနေတတ်ပါသည်။ ကုတ်ဖဲ့လျှင် သန့်ရည်များထွက်ပြီး ပို၍ ကြီးထွားလာတတ်ပါသည်။

အကယ်၍ ပွေးပေါက်နေလျှင် သက်သာပျောက်ကင်းအောင် မည်သို့ ပြုရပါမည်နည်း။

အခေါက်ပါသည့် တမာသားအား လက်တစ်ဆစ်ခန့် ချိုးယူပါ။ ၎င်းကို သန့်ရှင်းစွာ ရေဆေးပြီး ကျောက်ပျဉ်၌ ရေနှင့်သွေးပါ။ အရည် မပျစ်မကျဲ သွေးပြီးသည်နှင့် ပေါင်ပေါ်တွင် ပေါက်နေသော ပွေးကွက်ပေါ်သို့ ခပ်ထူထူ လိမ်းပေးပါ။ လိမ်းပြီးသည်နှင့် ပွေးဝဲယားနာဖြစ်သည့် အရေပြားတစ်ဝိုက်တွင် ယားစပ်စပ် ဖြစ်လာပါလိမ့်မည်။ စိတ်အလိုလိုက်ပြီး မကုတ်မဖဲ့မိပါစေနှင့်။ ထိန်းချုပ်ထားပါ။

တမာခေါက်၊ တမာသွေးရည်နှင့် ပွေးဝဲယားနာအား တစ်နေ့လျှင် သုံးကြိမ်လိမ်းပေးပါ။ သုံးရက်အတွင်း ပွေးဝဲယားနာဖြစ်သည့် အရေပြားသည် ညိုမည်းလာပြီး နောက်ထပ် ပွေးအသစ် ထပ်မထွက်လာတော့ပါ။ နောက်ရက်တွေမှာလည်း လိမ်းပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

တမာ၏ စွမ်းအားကြောင့် မကြာခင်မှာပင် ပွေးအတွက် သွေးပျက်စရာမလိုတော့ဘဲ ရဲရဲဝံ့ဝံ့ ခါးတောင်းကျိုက်နိုင်တော့မည် ဖြစ်ပါကြောင်း။

## ပန်းသေပန်းညှိုး ဖြစ်ခဲ့လျှင်

အချို့အချို့သော ယောက်ျားများအဖို့ ဆန္ဒရှိရာ မလိုက်နိုင်သည့် ပန်းသေ၊ ပန်းညှိုး ဖြစ်ခြင်းကြောင့် စိတ်သောကရောက်ကြရပါသည်။

အဆိုပါ ရောဂါအတွက် အကောင်းဆုံးမှာ ခေါင်ရမ်းပန်း ဖြစ်ပါသည်။

ခေါင်ရမ်းပန်းကို ဆွဲလွဲပန်းဟုလည်း ခေါ်ကြသည်။ အချို့သော အရပ်၌ "မသာပန်း"ဟုလည်း ခေါ်ကြသည်။ အရပ်ဒေသကိုလိုက်၍ အခြားအခေါ်အဝေါ်များလည်း ရှိနိုင်ပါသည်။ အိမ်ခြံစည်းရိုးများ၊ ပန်းခြံများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဥယျာဉ်ခြံမြေများတွင် အလှပန်းအဖြစ်လည်း စိုက်ပျိုးထားသည်။ အရွက်မှာ စိမ်း၍ အရွက်စိမ်းများတွင် ခွေးသွားစိပ်သဏ္ဍာန်များ ရှိပါသည်။

ပန်းသေညှိုးဖြစ်ပါက

ခေါင်ရမ်းပန်း အနီပွင့် ၁၀ ပွင့်ကိုရှာပါ။ ရလျှင် ရေစင်အောင်ဆေး၍ ရေနွေးကို အအေးခံပါ။ အဝကျယ်သော ဖန်ပုလင်းတွင် ငှက်ပျောဖူးပုလင်းပြည့်အောင် ထည့်ပါ။ ထို ရေနွေးအအေးခံထဲသို့ ခေါင်ရမ်းပန်း ၁၀ ပွင့်ကို ထည့်ပါ။ ပြီးလျှင် သကြား ၁၀ သားကို ထည့်ပါ။ တစ်ပတ်တိတိ စိမ်ထားပါ။ တစ်ပတ်ခန့်ကြာသောအခါ စိမ်ရည်သဘောမျိုး ဖြစ်လာပေမည်။ ၎င်းစိမ်ရည်ကို နံနက်သုံးဇွန်း၊ ညနေသုံးဇွန်း (ဟင်းခတ်သော စတီးဇွန်းဖြင့်) သောက်နိုင်ပါသည်။

ရောဂါကြီးလျှင် နေ့လယ် သုံးဇွန်း ထပ်မံသောက်နိုင်ပါသည်။ ၎င်းဆေး၏ အရသာမှာ ချိုချဉ်၍ ပြင်းသောအရသာ ရှိပါသည်။ ဆေးသောက်ပြီးသောအခါ အနည်းငယ် မူးတူးတူးရီဝေဝေ ဖြစ်လာတတ်ပါသည်။ နောက်တော့ ဘာမှ မဖြစ်တော့ပါ။

## ပန်းမညှိုးအောင် ဘယ်လိုဆေးဖော်ရမလဲ

ယောက်ျားတစ်ယောက်အဖို့ ပန်းသေ၊ ပန်းညှိုးခြင်းသည် လူစဉ်မမီသော ရောဂါဝေဒနာဟု ခေါ်ဆိုနိုင်၏။ ထို ရောဂါဝေဒနာနှင့်အတူ လိင်စိတ်ကုန်နေသူများ၊ သုက်ခန်းနေသူများအဖို့ အောက်ပါအားတိုးဆေးကို ဖော်စပ်၍ စားသုံးပေးနိုင်ပါသည်။

ငါးကြီးသား (ငါးကြင်းသား) ၁၅ ကျပ်သား
ကြက်သွန်နီဥသေး ၁၀ ကျပ်သား
ကြက်သွန်ဖြူဥတစ်လုံး ၄ ပဲသား
ချင်းခြောက် ၄ ကျပ်သား
ဇီယာ ကျပ်သား
နနွင်းမှုန့် ၂ ကျပ်သား

ကြက်သွန်ကို အလုံးလိုက် ရေဆေးအခွံနွှာ၍ ညက်အောင်ထောင်းပါ။ အခြားအရာများကိုလည်း အမှုန့်ထောင်း၍ ရောပါ။ ငါးကြီးသားကို ထောပတ်နှင့် ဆားအနည်းငယ်ထည့်၍ နာနာနယ်ပေးပြီး နနွင်းရွက်နှင့် လုံအောင်ထုပ်၍ ကောက်ရိုးမီးကျီထဲတွင် အုံ့ထားပါ။ (မီးမပြင်းစေရ)

နပ်လောက်လျှင် အသားကိုထုတ်၍ သံပရာရည်ဆမ်းပါ။ ပင်စိမ်းရွက် လက်တစ်ဆုပ်ကို နုပ်နုပ်စင်း၍ ထည့်ပါ။ ယင်းကို ထမင်းနှင့်စားပါ။ ဝမ်းမီးထက်သူ၊ အရွယ်ကောင်းသူ ဖြစ်ပါက ကောက်ညှင်းငချိပ်ပေါင်းနှင့် စားပေးပါ။ (ကြက်သွန်နီဥကြီးထက် ဥသေးက ဗီတာမင်စီဓာတ် ပိုမို၏။) ထိုသို့ စားပေးခြင်းဖြင့် ပန်းညှိုးရောဂါ ပျောက်ကင်း၏။

## ဖနောင့်အတက်ပေါက်လျှင် ဘယ်လိုလုပ်ရမလဲ

ဘယ်သွားသွား၊ ဘယ်လာလာ လူတိုင်း မဖြစ်မနေ အသုံးပြုရသည်ကား ခြေအင်္ဂါပိုင်း ဖြစ်ပါ၏။ ခြေထောက်၌ ခြေဖဝါးသည် ကြမ်းပြင်၊ မြေပြင်တို့နှင့် ထိတွေ့နေရမြဲဖြစ်သည်။ မိမိတို့အဖို့ ခြေကို သန့်ရှင်းအောင် ထားခြင်းဖြင့် မလိုအပ်သော အနာရောဂါဝေဒနာများမှ တားဆီးကာကွယ်ရာ ရောက်ပါသည်။

ခြေဖဝါးဟူသည် သန့်ရှင်းမှုမရှိလျှင်၊ ဂရုမစိုက်လျှင် အသားမာတက်ခြင်း၊ ငါးမျက်စိထွက်ခြင်း၊ ဖနောင့်များကွဲ



www.burmeseclassic.com

www.burmeseclassic.com

အက်ခြင်းတို့ ဖြစ်ပေါ်တတ်ပါ၏။ အထူးသဖြင့် ခြေဖနောင့်၌ အတက်ထွက်လျှင် လွန်စွာမှ ဆိုးရွားလှပါ၏။ ခြေဖနောင့် အတက်ပေါက်သူ အချို့ဆိုလျှင် ပျောက်လိုပျောက်ငြားဟုဆိုကာ မီးဖုတ်ထားသော ဆားပုံပေါ်သို့ ဖနောင့်ဖြင့် တက်နင်းကြ၏။ ကြက်သွန်ဖြူဥကို ထောင်း၍လည်းကောင်း၊ ချင်း၊ လင်းနေတို့ကို ထောင်း၍လည်းကောင်း၊ မြင်းချေးနှင့် မိဿလင်တို့ကို နယ်၍ထောင်းကာ အတက်ထွက်သော ဖနောင့်အား အဝတ်ဖြင့် စည်းကြ၏။ သက်သာသည်လည်းရှိသလို မသက်သာသည်လည်း ရှိပေ၏။

ထိုသို့ဆိုပါက ဖနောင့်အတက်ထွက်လျှင် သက်သာပျောက်ကင်းအောင် မည်ကဲ့သို့ ပြုလုပ်ရပါမည်နည်း။

နည်းသိလျှင် မခက်ပါ။

ခြေထောက်ဖြင့် ရှေ့သို့မလျှောက်ဘဲ နောက်သို့ပြောင်းပြန်လျှောက်သော လေ့ကျင့်ခန်းကို မကြာခဏပြုလုပ်ပေးပါ။

ငွေကုန်ကြေးကျ လုံးဝမရှိဘဲ မကြာခင်ကာလအတွင်း သက်သာပျောက်ကင်းသွားလိမ့်မည် ဖြစ်ပါကြောင်း။

## ဖားပြုပ်ကိုက်ခံရလျှင်

ဖားအမျိုးပေါင်းများစွာ ရှိကြပါသည်။ ဖားပြုတ်အပါအဝင် စားဖား၊ ဖားလက်တက်၊ ဖားပုံ၊ ဖားခုံညင်း၊ ဖားသေးပန်း၊ ကျောက်စံကေး အစရှိသည်တို့ ဖြစ်ကြပါ၏။

ထိုအထဲမှ ဖားပြုတ်သည် ကိုက်တတ်သော သတ္တဝါဖြစ်၏။

ထိုသို့ ဖားပြုတ်ကိုက်၍ ပြင်းထန်စွာ အနာရခဲ့ပါက မည်ကဲ့သို့ ပြုလုပ်ရပါမည်နည်း။

နည်းသိလျှင် မခက်ပါ။

မြေကြီးဖြင့် ပြုလုပ်ထားသော အုတ်နီခဲစများကို အမှုန့်ပြုလုပ်ပါ။ အမှုန့်များရလာပါက ဖားပြုတ်ကိုက်ခံရသော ဒဏ်ရာများပေါ်သို့ ဖြူးပေးပါ။ အနာနေရာကိုလည်း အမှုန့်များအား ရေဖျော်၍ လူးပေးပါ။ အနည်းငယ်လည်း ရေဖြင့်သောက်ပေးပါ။

ဖားပြုတ်ကိုက်ခါစဖြစ်လျှင် လိမ်းရုံမျှနှင့်ပင် တစ်မဟုတ်ချင်း သက်သာပျောက်ကင်းစေပါသည်။ ကိုက်ခါစမဟုတ်ဘဲ ငါးရောင်သောအခါမျိုးနှင့် ကြုံလျှင်မူကား (ဒဏ်ရာမှာရောင်ရမ်းလာလျှင်) ၎င်းအုတ်ခဲမှုန့်ကိုပင် ကန်စွန်းရွက်၊ ဘူးရွက် ရရာအရွက်များနှင့် ရောခြေကာ ထောင်းပေးပါ။

ထိုအဖတ်များအား ဖားပြုတ်ကိုက် ဒဏ်ရာပေါ်သို့ လိမ်းပေး၊ အုံပေးပါက ဖားပြုပ်ကိုက်ခံရခြင်း ဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

## ဖန်ခါးပင်ကို ဘယ်လိုအသုံးချမလဲ

မြန်မာတို့၏ ထမင်းဟင်းလျာဝိုင်း၌ အတို့အမြှုပ်တို့ဟူသည် ပါရှိရစမြဲဖြစ်သည်။ အတို့အမြှုပ်ဟုဆိုရာ၌ အညွန့်၊ အရွက်၊ အမြစ်၊ ဥ၊ အသီး၊ အနှံ့ ချဉ်ဖတ် စသဖြင့် အမယ်စုံရှိကြသည့်အနက် ဖန်ခါးသီးသည်လည်း အသီးအနေဖြင့် ပါဝင်၏။ အစေ့ကြီးကြီး အသားပါးကာ ထိုပါးလွှာသော အသားကိုပင် မက်မက်စက်စက် တို့မြှုပ်စားသောက်တတ်ကြသည်။ စစချင်း အရသာမှာ ဖန်သလိုလို၊ ခါးသလိုလိုနှင့် နောက်ဆုံး အချိုဓာတ်ကို ပေးစွမ်းပါသည်။ တော်ရုံသင့်ရုံ တို့မြှုပ်ပါက ထမင်းမြိန်၍ အာဟာရဖြစ်သော်လည်း အလွန်အမင်း တို့မြှုပ်ပါမူ ဆီးချုပ်၊ ဝမ်းချုပ် ဖြစ်တတ်သည်ကို သတိပြုရပါမည်။

ဖန်ခါးပင်သည် အဘယ်ကဲ့သို့ ဆေးဖက်ဝင်ရပါလေသနည်း။

နည်းသိလျှင် မခက်ပါ။

ဖန်ခါးပင်သည် ဆီးရောဂါအတွက် အထူးပင် အသုံးဝင်လှပါ၏။ ဆီးရောဂါဝေဒနာအတွက် ဆေးဝါးများ ဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြုလေ့ရှိသော ဆေးဖက်ဝင်အပင်လည်း ဖြစ်ပါသည်။

ဖန်ခါးသီးကို အမှုန့်ပြု၍ သိန္ဓောဆားနှင့် ဆတူရောစပ်ပါ။ ဆေးတစ်ခွက်စာပမာဏ ကောက်ဖီဇွန်းတစ်ဇွန်းကို ရေအေးနှင့်တစ်ကြိမ် သောက်ပေးရန် ဖြစ်ပါသည်။

ဤဆေးကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် သောက်ပေးခြင်းဖြင့် ဆီးနှင့်ပတ်သက်သော ရောဂါများကို သက်သာပျောက်ကင်းစေပါ၏။



www.burmeseclassic.com

www.burmeseclassic.com

သဘာဝ အသီးအနှံများကား သုံးတတ်လျှင် ဆေး ဖြစ်စေပါကြောင်း။

## ဗေဒါပင်ဟာ ဆေးဖက် ဘာတွေဝင်သလဲ

ဗေဒါပင်သည် ရေပေါ်နေ နှစ်ရှည်ခံအပင်မျိုးဖြစ်၏။ အမျှင်ထူ၍ အမြစ်များစွာရှိပြီး အမြစ်များသည် ရေတွင် ပေါ်လောမျောနေတတ်သလို ရေအောက်ထဲတွင်လည်း အမြစ်တွယ် နေနိုင်ပါသည်။ အရွက်တံများ၏ အောက်ဖက်တွင် ဖောင်းကြွနေသော ဥများ၊ ဖော့များကြောင့် ဗေဒါပင်အအုံကြီး တစ်ခုလုံးသည် ရေပေါ်တွင် ခပ်မြင့်မြင့် ခပ်ကြွားကြွား ရှိနေနိုင်ပါသည်။

ဗေဒါပင်၏ အမြစ်အမွှာများသည် အညစ်အကြေး တစ်ချို့ကို စုပ်ယူနိုင်သဖြင့် မသန့်ရှင်းသောရေသည် အတန်အသင့် သန့်ရှင်းသောရေများ ဖြစ်သွားပါသည်။ ဗေဒါ၏ ပဥ္စင်းပါးကို မြေဆွေးအဖြစ် အသုံးပြု၍ သဘာဝဓာတ်မြေဩဇာအဖြစ် အသုံးပြုပါက အပင်၊ အသီး၊ အရွက်တို့ကို သန်မာကြီးထွားစေနိုင်ပါ၏။ ဗေဒါသည် လူတို့အတွက် အဝတ်အထည်တို့ကိုသာမက ဆေးဖက်အဖြစ်လည်း အသုံးဝင်စေပါ၏။

## အသည်း၌ ကျောက်တည်ရောဂါဖြစ်နေလျှင်

ရေကန်၊ ရေကြည်များ၌ ပေါက်လေ့ရှိသော ဗေဒါမနုမရင့်တစ်ပင်ကို သန့်ရှင်းစင်ကြယ်စွာ ဆေးကြော၍ အမြစ်များကို ဖယ်ရှားပြီး ကျန်သည့်အစိတ်အပိုင်းများ အားလုံးကို သမအောင် ရောနယ်ကာ သမားရိုးကျ ဟင်းချက်သကဲ့သို့ ချက်ပြုတ်စားသောက်ပေးရပါမည်။

## ဆီးချိုရောဂါဖြစ်နေလျှင်

ရေကြည်၊ ရေချို၊ ရေကန်များတွင် ပေါက်လေ့ရှိသော ဗေဒါပွင့် အတော်များများကိုခူး၍ အခြောက်လှန်းထားပါ။ ၎င်းဗေဒါပွင့်ခြောက်ကို ရေနွေးကြမ်း၌ ခပ်၍ ရေနွေးသောက်သကဲ့သို့ သောက်ပေးပါ။ ဆီးချိုဝေဒနာ သက်သာပျောက်ကင်း သွားပါလိမ့်မည်။

## ဘယ်သစ်သီးနဲ့ ဘယ်ရောဂါ အပ်စပ်သလဲ

အစာမကြေကျက်သော ဝေဒနာရှင်အား ပန်းသီး၊ လိမ္မော်သီး၊ သစ်တော်သီး၊ စတော်ဘယ်ရီသီး၊ သံပရာသီးနှင့် သံပယိုသီးတို့ကို ကျွေးပါ။ ဝေဒနာရှင် ခံစားနေရသည့် အစာမကြေကျက်သော ဝေဒနာ သက်သာပျောက်ကင်းချမ်းသာမည်။

စပျစ်သီး၊ သဖန်းသီး၊ စပျစ်ခြောက်နှင့် စွန်ပလွံသီးတို့သည် အစာကြေကျက်စေရာ၌ အကောင်းဆုံးအသီးများ ဖြစ်ကြ၏။ ခန္ဓာကိုယ် အားခွန်ဗလကိုလည်း ဖြစ်စေ၏။

ကျောက်ကပ်ရောဂါကို ကုသရာ၌ သခွားသီး၊ လိမ္မော်သီး၊ ဖရဲသီးနှင့် ကဆစ်သီး (တခမသီး)တို့သည် အထူးပင် ကောင်းမွန်လှပေ၏။ ထိုအသီးတို့ကို စားသောက်သည့်ရှိသော် ဆီးများစွာ သက်စေခြင်း၊ ကျောက်ကပ်တွင်းရှိ ကျောက်များ အစိတ်စိတ်အမြွှာမြွှာ ကွဲစေ၏။ နေ့စဉ်နေ့တိုင်း စားသောက်ပေးပါက ကျောက်ကပ်အတွင်းရှိ ကျောက်များ အစိတ်စိတ်အမြွှာမြွှာဖစ်ကာ ဆီးလမ်းကြောင်းမှ အပြင်သို့ ထွက်ကျစေ၏။ ကျောက်ကပ်တွင်းမှ ထိုးအောင့်ခြင်းများကို ပျောက်ကင်းစေလိုက သခွားသီးကိုစားပါ။ မုချ သက်သာပျောက်ကင်း၏။ ဖရဲသီးနှင့် ကဆစ်သီးတို့သည် အသင့်တော်ဆုံး အသီးများ ဖြစ်ကြပေ၏။

လူများသည် သဘော်သီးကို များများစားပေပါက ဘယ်သောအခါမျှ ဝမ်းမချုပ်နိုင်၊ ပုံမှန်စားသောက်ပေးသွားခြင်းဖြင့် ဝမ်းဗိုက်ပိုင်းဆိုင်ရာ မည်သည့်ရောဂါမျှ ဖြစ်မလာနိုင်ပါ။

အမျိုးမျိုးသော ရောဂါတို့၌ သစ်သီးကို တစ်ခုမဟုတ် တစ်ခု စားသောက်ခြင်းသည် မုချ အကျိုးများပေ၏။ သစ်သီးကို များစွာစားခြင်းဖြင့် ခန္ဓာကိုယ် ကြံ့ခိုင်ခြင်းနှင့် ရောဂါ အန္တရာယ်ဒဏ်ကို ကြံ့ကြံ့ခံနိုင်စွမ်းရှိပေ၏။

အရည်ရွှမ်းသောသစ်သီး (သံပရာ၊ လိမ္မော်၊ ကမ္ဘလာ ရောက်ချို၊ ကျွဲကော) စသည့် သစ်သီးများကို စားသုံးပေးခြင်းဖြင့် မျက်နှာပြင်ပေါ်မှ မှဲ့ခြောက်များ၊ ဝက်ခြံများ၊ တင်းတိပ်များ ပျောက်ကင်းသွားပါလိမ့်မည်။

– သုတေသီဆရာငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

# အုံပွယ်ထူးဆန်း ဆေးစွမ်းကောင်းများ

## မျိုးသန်းထွန်းကို(ရေစကြို)

### မောင်းထောင်ဦးကျော်လှ၏ ပုံမနှိပ်ရသေးသော ဆေးနည်း သံချိုများ

### မြွေဆေးနည်းဖွဲ့ဆိုသော သံချို

အန္တရာယ်ရန် ဒဏ်စွယ်ပေါက်မိတဲ့ မြွေဟောက်ကောင်၊ မြွေပွေးတို့ သေဘေးကို ကုခါမနိုင်တဲ့ မွေးချစ်ဖကျုပ်အဖေ၊ ရှေးအခါ ကျေးရွာစုံမှာ၊ ဆေးကုသူမြွေဆရာရှားသောကြောင့် လေးငါးတိုင်သုံးတိုင်ခွဲက၊ မစဲအောင်ဝင်းခြံပေါက်လို့ လှဲ(လှည်း)ရောက်ကြချေ။

သူ့အစေးငယ်က နှမ္မေးစွာ၊ ထွက်လာတည့်လို့ မျက်စိကိုဝင်လျှင်ကန်းသတဲ့၊ ခင်တန်းတောင် တောင်လမောင်းရယ်က၊ ရှားစောင်းပြင်ပင်သက်ရင်းနှင့် ချက်ချင်းသွေးကာ သွတ်ပါတော့ ဆေးသပွတ်ကြီးသုံးထွေးမဆုံး မသေကြဘူး လူ့ခပင်း၊ ရေတ်ကောင်းမှာ လောင်းကာထည့်လို့ အစေ့ရေခုနှစ်ပြူးနှင့် သုံးဦးပင်အရင်းဆေးတို့၊ ကျောက်ပျဉ်မှာ တင်ကာသွေးလို့ ကြာမနေးခင် လက်တလောဖြင့် ဓာတ်လျှော့လျှင် ချမ်းသာရပါလိမ့် ဒါနကိုဝေဖန်လို့ မြွေမှန်လျှင် သေကံမရောက်ဟု သွေးဖျော်ကာ ဆေးအကျော်ကို သောက်မိရင် ဘေးပျောက်လို့ကင်း။

### ဝမ်းကိုက်၊ ဝမ်းရောင်၊ ဆီးချို သက်သာပျောက်ကင်း စေတတ်သော ဆေးနည်းကို ဖွဲ့ဆိုသောသံချို

ဆေးတစ်ခွက်ကယ်က၊ သွေးပျက်ခါ(ကာ) အပူများသို့ ရှူးများယောင်မသောင်သာခဲ့ရှု၊ နောင်အခါ ကြောင်လျှာခါက်ကိုတဲ့ သွေးသောက်က ပျောက်လှုချေ။ မချမ်းသာဝမ်းလျှော့လို့၊ ဝမ်းဖောဝမ်းရောင်လိုက်သည်ပြင်၊ ဝမ်းကိုက်သူအဖြာဖြာတို့ မာလကာသီး၊ ဝါမှည့်ကိုဖြင့် ရှာတဲ့ကာယူလို့ပေးရရင်၊ အူအေးစွာ ဘေးဘယာလွင့်လို့၊ သွေးသင့်လှပေ၊ ဓာတ်ဆရာပရမတ္ထာကျမ်းငယ်နှင့် တတ်ကျွမ်းကျင်ဗေဒင်ကိုသိပေတဲ့၊ ဘုရားကြီးတောင်အရှေ့ရွာသစ်တွင်မှာ၊ နယ်ရှစ်ခွင်ပညာကျော်သည့် သမားတော်ဆရာပွင့်ငယ်က၊ ကောင်းမွန်စွာအကြောင်း အလွင့်သင့်သောကြောင့် မောင်းထောင်နှင့်မိတ်ဆွေ၊ စေတနာထပ်ပွား။

မှတ်ပါလေ ဓာတ်အာပေါ်ကြောင့် ခန္ဓာလျှော့ကာ၊ ဇီဝိန်ပြုတ်မည့်နယ်၊ ဆီးချုပ်ပုံ မခံအုံး(ဦး)နိုင်က၊ တစ်လုံးသံပရာနှင့် ပန်းကန်မှာမြန်စွာဖျော်လို့ လျှာပေါ်မှာမျိုလို့ သုံးလိုက်ရင် ပျောက်လွယ်သည်။

ကျောက်တည်အုံး(ဦး)စေတော့၊ ဘယ်ရုံးငယ်သည် ဂတ်ကာယ်က မဖမ်းလာပေါင် ချမ်းသာတဲ့အတတ်ပါဘဲ(ပဲ) ယမ်းတစ်မတ်သာ။

### အရက်မူးလျှင် သောက်ရသော ဆေးနည်းကို ဖွဲ့ဆိုသော သံချို

အသက်ပင်တာမရှည်တတ်ဘု၊ တစ်ခွက်တစ်ပြည် အရက်ရည်ကို၊ သောက်သူတို့၊ မျက်ပေါက်ကို သူမဖြံတဲ့အပြင် အူအသည်းမှာ မခံမရပ်နိုင်ဘု၊ ချွဲအတ်ဖတ်ဆို့လို့နှင်၊ အမူးရည်မပြေရှာလို့ ဒူးခွေကာ မြေမှာလဲတော့၊ သဟာသက်အဖော်ဟူသရွေ့က တွဲပွေ့ယူငင်၊ အရပ်ကိုတိုင်ပင်လို့၊ ပါးစပ်တွင်နှမ်းဆီနှင့်လောင်းကြင့်၊ လည်ချောင်းသို့တင် မဝင်ကယ်ဆယ်ချင်လို့မဖြစ်သေး။

လယ်ပြင်မှာ မြင်ပါအုံး(ဦး)ကြလိမ့်၊ အလုံးအနေ ရုံးပတီလောက်မကြီးပြီဟု ကုလားပဲသီးလို အမွှေးတွေက ရှဉ်နှင့် နွေလမှာ ပေါ်စမြဲပ၊ စည်းနဲ့ပင်ခြေကာထောင်းလို့၊ နှာခေါင်းဝယ်နှာသို့ မှုတ်တဲ့ပြင်၊ ပါးစပ်မှသည် အရည်ကို



www.burmeseclassic.com

www.burmeseclassic.com

လောင်းလို့လည်း ချောင်းတစ်ခို ရေမျိုသို့ပေါက်ခဲ့ရင် အမှုဝေဒနာ အထူးပြေလို့ပျောက်ပါလိမ့် ရှုးရောက်တို့သေး။

**လေနာကို သက်သာပျောက်ကင်းသည့် လျက်ဆားနည်းကို ဖွဲ့ဆိုသောသံချို**

ဆေးအရင်းယပ်က လေးညှင်းပါသွင်းကာနေးလို့၊ သိန္ဓောတစ်ဖြာနှင့် သဘော်ကမှာဆားဖြူ ပုပ်ကဲပြင်း ပရုတ်ကယ်ပင်နွယ်ချိုနှင့် ဇာတိပ္ပိုလ်ပြွမ်းကာစလို့၊ ပန်းနနှင့်ပန်းမပါ ဆေးနှစ်ကျပ်တို့ ဒွေးထပ်ခါနှစ်ပြန်နှောလေဟု သိန္ဓောမှာ ဩဇာတစ်ခြားပေမို့ လျှာဖျားတွင်တင်သည့် လက်ကယ်နှင့် ဆားလျက်ဖို့ရာ

အသည်းအအူတိုင်း ခွဲပူထိုးတဲ့ ချောင်းဆိုးသည့် ဝေဒနာနှင့် လေအနာ၊ ထွေရာ စသည်တို့ကင်းပ၍ ပျော်ပေ ရာ၊ ကြေအညာကျော်ကြားသော နဝါရောဂါရှင်းကြလိမ့် ခံတွင်းမှာ ငန်ချဉ်ချဉ်နှင့် အသံဝင်၊ အသံအင့်ပြင်၊ ချွဲထသူ လူပါရှင်တို့ မအူပင် တိုင်းနယ်ချုပ်တဲ့ ဂုဏ်အုပ်တော်အာစရိ၏ အဆုံး နောင်သုံးဆောင်တော့သိရပါလိမ့် ဘုန်းကြီးလျက်ဆား။

**သူငယ်ငိုသော် ဆီမန်းလိမ်းရန် ဖွဲ့ဆိုသောသံချို**

ဣတိပိသောဘဂဝါကစလို့ လောကထိရပ်ပါလေ၊ နှစ်ဆယ်ကျော်ဂုဏ်တော်ရှစ်လုံးကို သက်ဆုံးတိုင်လူကို မှုတို့သုံးကြသေး။ သုံးဆယ်ကျော်ခုနစ်အုပ်ထိ၊ မန်းမှုတ်၍ နှမ်းဆီရေ၊ သီသေနှင့်နဖူး။ ကလေးသူငယ်တစာစာနှင့် မွေးမာတာထွေးပိုက်လို့၊ ကျွေးတိုက်ကျီ၊ မြိုက်ရည်ခွံရက်နှင့်၊ လူးလွန်ကာအငိုတိုးရင်းဖြင့် အို့…အိုသာဆိုကာ သိပ်ရုံမျှ မစောင်းတာ၊ စောင်းကာအိပ်လိမ့် ခေါင်းထိပ်ကလူး။

**ဆင်ကပိုးဆေးကို ဖွဲ့ဆိုသော သံချို**

လေးဆယ်ရှယ်ငါးဆယ်ရောက်သူတို့ စားသောက်ရန် ခြောက်ခွန်ရှစ်ထိ၊ ဆေးမြစ်ကလွယ်တကူ၊ မင်းကိုကာဆိုသူဆိုကြင့် ဆင်ကပိ ပင်ပျိုသစ်ကယ်တို့၊ အမြစ်မှာ အလွန်ရှည်တတ်တဲ့၊ ရေးဦးတည်ပြုပါရပ်တွင်မှ၊ တူးဖြတ်လို့ယူ၊ ငယ်နိုင်မှာကိုင်ထွာစင်းလို့၊ ဖျာကျင်ကာနေပူသွေ့ခဲ့ရင်၊ ထောင်းထု၍ စဉ်ကာယူ၊ ပုလင်းဖြူနှင့် ထည့်ကာထား။

ဆေးတပ်ပါးပါးပဲ၊ သွေးအသားအရေကြောလေဆုတတ်တဲ့၊ ထားသူမှာအခြားလူမဟုတ်ပါဘူး၊ ကျွန်ုပ်ပင် ရက်စဉ်သုံး မျက်လုံးဝယ်မှုန်မဆင်ရဘူး၊ ဆံပင်မှာသဏ္ဍာန်ယဉ်ပိတုန်းကဲ့သို့ သွားမကြွေခါးခွေမကုန်းပါဘူး၊ အားလုံးပင် အရွယ်ကြီးသူတို့ ဆင်ပြောင်ကို ယဉ်အောင်စီးနိုင်မှ၊ ခရီးမှန်တာရှည်သွားနိုင်တဲ့ စကားယဉ်အောင်ဆိုပါ၊ ဆင်ကပိုနွဲ့ယ်ကတိုးလာလျှင် ချီးကာဖဲ့ ကိုးဆယ့်ခြောက်ပါး။

**စားခုတ်မိက စတီမန်းကိုဖွဲ့ဆိုသော သံချို**

"သိမ်ပုပ်၊ ကုက္ကဲ့ချွာဟ"နှင့် မာဂဓေါ်ထာ၊ သွေးစိမ်းပင် ရှင်ရှင်ထွက်ခဲ့ရင်၊ လူလက်ခြေကိုယ်ဝယ်ပါတဲ့၊ အထည်သာငယ်ခွာစုတ်လို့ သွေးသုတ်ကာခန်းပါကလေတော့၊ ရှမ်းများနည်းနာ၊ မကျည်းငုတ်တိုကုက္ကိုက်လွဲရင်ဖြင့်၊ ဥနဲ့ပင် နဘဲပင်များတို့ လျင်လျားစွာ သွားကာလုပ်ပါကြ၊ စားခုတ်တဲ့စားချက်ရာ ထွက်လာလိမ့်အစေး။

ရေးအထည်သွေးရည်နှင့် သုတ်ခဲ့တဲ့ အဝတ်စုတ်ကို ယူကာသွားလို့၊ စားခုတ်ရာ သစ်ပင်သို့ရောက်တော့၊ ကျော နောက်ပြန် သစ်ပင်သို့ညှပ်ခဲ့ပေ၊ အငန်အစပ်သာ အနာကို မထိစေနှင့်၊ စခန်းမကွာခင်၊ ချမ်းသာဘိပါလိမ့်၊ ရှမ်းစတီနည်း။

**မသင့်သောစာတ်စာများကို ဖွဲ့ဆိုသော သံချို**

အဖြာဖြာအစားမှားလို့ လျှာဖျားတောင်ရောင်လို့ရမ်းကြလျှင်၊ တောင်ကမ်းယံ၊ ကမူမော့ဆီက ခရမ်းကစော့ပျောက်တတ်စွာ၊ ဘော့စကိုင်းငယ်လို့၊ တောမှိုင်းဝေပွေလို့ ယူကာတော့ အရွက်ကယ်ထုထုနှင့် နက်အဖြူကြက်ဆူစေ့ကိုပြင် ယူ၍ပင် သူငယ်များတို့၊ အလည်သွားရာ ကစားရာကဆောင်လို့ စားတော့တက်ရာ၊ မခံသာအန်ကာအော့ရင်ဖြင့်၊ ကစောကို တစ်ထွေဖက်လို့၊ ထန်းလျက်အချို ယူကာပေးရင်ဖြင့် အူအေးလိမ့်လည်ချောင်းမှာ၊ မထောင်တာဘုအော့နလုံး မှတ်ပါလေတော်ဆရာမိန့်လိုက်တဲ့ အဆိမ့်လွန်အချိုကို စားစေ အခါးမှာအချဉ်ညွန်းလို့၊ အချဉ်လွန်လျှင် အငန်နဲ့သိမ်းရမတဲ့ အငန်တိမ်းလျှင်၊ အဖန်နဲ့အုပ်လေတော့ အကာလေးတကာကို ကျွေးစရာလုပ်ပါပဲ၊ ဆေးချုပ်နိဂုံး။



www.burmeseclassic.com

www.burmeseclassic.com

### သားဖွားရေမန်းကို ဖွဲ့ဆိုသောသံချို

ကျွန်းဓမ္မုဒေသာဖို့ ပေလ္လာတွင်ငွေဇဝါကညစ်ကယ်နှင့်၊ ဒေသနာအစစ်တွေ့မှုတင်လို့ထုတ်ပေခါ၊ ရှင်ဗုဒ္ဓါဃောသာရဟန်းကြောင့် စာကျမ်းစောင်အလုံးစုံရှိကြသ၊ သုံးပုံပိဋကတ်တော်၊ ပြင်သိယိုသိဟဠာက၊ ကလိကမာ၊ ပဇီပဇာလုပ်ကြသံထုပ်တင် သံတိုက်စိုက်တဲ့၊ သံတိုက်မှာ သံတံခါးနှင့်နံထားသည် ဖွင့်မပေးဘု၊ ခွင်းရေးပိုင်ဦးခိုင်လုပ်တဲ့၊ ဂိုဏ်းအုပ်တွေအတန်တန်တို့က၊ ကုက္ကိုစ္စအဟုတ်အမှန် မပြောသောကြောင့် ဗုဒ္ဓဃောသာဆရာသာဝက် တစ်ဦးကဲ့သို့ ပန်ဖူးဆင် နမကာရနှင့် ဦးချပူဇော်။

သုဂတ၊ သုဂတက စပါလို့၊ ပန်သသည်။ အကြိမ်ကြိမ်တို့အတိတ် ပါရစေသို့ဆိုက်တော့၊ ဤတိုက်မှာခြံအရံနှင့်အတန်တန် ကြံဖန်လို့ထားတဲ့၊ သံတံခါးဟာသိကြားလားလို့ဖွင့်လေသို့ အလင်္ကာသဖြင့် ဘာသာပေါ်သ၊ သာသနာတော်မြောက်စားချီး၊ ဣတ္ထိယာအရွယ်တန်လို့၊ ပဋိသန်ကိုယ်ဝန်ခသူတို့၊ ဆယ်လကြာမမွေ့တာအားဖြင့် တံခါးမှာသံတံကျင်ကဲ့သို့ မဖွားမြင်သားပြင်သို့၊ မထွက်သောကြောင့် ပင်္ဂသက်ရှု မျက်ဖြူဆိုက်ရင်ဖြင့်၊ မှာလိုက်မည်၊ သုဂတံကစပါလို့၊ သတ္တခုနှစ်ကြိမ်တည့်၊ တဟိတ်ဟိတ်တိုင်အောင် ရေကမန်းလို့ သောက်ပါပေ။ မကြောက်စရာတမ်းပကျူပ်စမ်းသည့်ထိုဂါထာနှင့် ချမ်းသာသူအလီအတော်များလို့ ဇရမ်းဝါကိုဆီကြော်နှင့်စားလှပေ့။ ကံကမ္မဇာ မြန်စွာသွားပါလိမ့်သားနှင့်သမီး။

### နားကိုက်

မုရိုးရွက်၊ ထောပတ်သုတ်မီးကင် နွေးနွေးပူပူလေး အရည်ညှစ် နားထဲထည့်ပေးပါ။

### မျက်နှာအသားပျက်ကွက်(အနုကွက်)

မုရိုးအမြစ်ခြောက်အောင်လှန်း အမှုန့်ပြု ပျားရည်နှင့်ထေပါ။ ရွှေးကြီးစေ့ခန့်လုံး၊ တစ်ခါစားသုံးလုံး တစ်နေ့သုံးကြိမ်စားပါ။

### တစ်ကိုယ်လုံး ဖူးရောင်ရမ်းရောဂါ

သပွတ်ခါးသီး သုံးပိုင်းပိုင်း၊ ရေထည့်ပြုတ်၊ သုံးခွက်တစ်ခွက်တင် တစ်ရက်အအေးခံပါ။ ပျားရည်နှင့် ဆတူရောပါ။ မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ထမင်းစားဇွန်းတစ်ဇွန်းသောက်ပါ။

### သားသမီးခြားချင်ရင်

တမာသီးနဲ့ တမာခေါက် အခြောက်လှန်း။ အမှုန့်ပြု၊ ညအိပ်ရာဝင်တိုင်း တစ်ဇွန်းသောက်ပါ။

### လေဖြတ်ရောဂါ

သဘော်သီးဝမ်းပျဉ်းခွဲ၊ မြန်မာကြက်ဥအထဲထည့်၊ လုံအောင်ပိတ်၊ နှစ်ခြမ်းပြန်ကွာမထွက်အောင် ကြေးနန်းဖြင့်တုပ်ပါ။ မီးပူပူမှာ ဖုတ်ပါ။ သဘော်ထဲက ကြက်ဥထုတ်ပြီး လူမမာကျွေးပါ။

### မျက်စိတိမ်ရောဂါ

လေညှင်းပွင့် ထုခြေပါ။ ပျားရည်ထဲ ထည့်စိမ်ပါ။ မျက်စဉ်းလုပ်ခတ်ပါ။

### ဝက်ရူးပြန်ရောဂါ

ကြက်သွန်နီထုထောင်း။ လူနာနှာဝတေ့ပေး။ အရည်ညှစ်၊ နှာဝထည့်ပေးပါ။

### ဆီးချုပ်၊ ဝမ်းချုပ်၊ ဝမ်းရောကျုပ်ချုပ်

ဆားနှင့် နနွင်း နှစ်ကျပ်သားစီရော၊ ငါးမူးသားတစ်နာရီခြားလျက်စား။ သုံးကြိမ်ဆက်တိုက်လုပ်ပါ။ ဆားနှင့်နနွင်းကိုလျော့၊ နံနက် တစ်မူးသားစီ လျက်ပေး။

### အရိုးကျိုးပေါင်းရောဂါ

ပေါက်ပန်းဖြူပွင့် ပြုတ်စားပါ။

### အသည်းကြီး၊ အသည်းရောင် အသားဝါ

တောင်ဆီးဖြူ ပဥ္စငါးပါး သုံးခွက်တစ်ခွက်တင် ပြုတ်သောက်ပါ။ မြင်းခွာရွက်ပြုတ်စား၊ သုပ်စား။



www.burmeseclassic.com

www.burmeseclassic.com

**ကလေးမွေးရခက်ပြသနာ**

ဖရဲမြစ်ပျစ်ပျစ်သွေး၊ နွားနို့ထောပတ်ရော၊ ယောနိကို လိမ်းပေး၊ ပွတ်ပေးပါ။

**အနာပဆုပ် အဖုအကျိတ်**

မယ်ဇယ်ရွက်၊ ကောက်ညှင်းနဲ့ ဆတူထောင်း၊ ကြိတ်၊ ဆားလည်းထည့်ပါ။ အနာအုံပေးပါ။ အရည်စွတ်ပေးပါ။

**အိပ်မပျော်**

မြတ်လေးပန်းအခြောက် အမှုန့်လုပ်၊ ပျားရည်နဲ့တော၊ ညအိပ်ခါနီး ဇွန်းငယ်နဲ့ တစ်ဇွန်းစားပါ။

**ညောင်းညာကိုက်ခဲ၊ သွေးတိုး၊ ခြေမသယ်ချင်၊ လက်မသယ်ချင်**

သပြေခြောက် အမှုန့်လုပ်၊ တစ်နေ့ ဟင်းစားဇွန်းတစ်ဝက်၊ နှစ်ကြိမ်သောက်ပါ။

**အမျိုးသမီးယောနိ အနံ့အသက်ဆိုး၊ အဖြူဆင်း၊ ကိုက်၊ ကွဲ၊ ယား**

ပေါက်၊ မာလကာရွက် ဖန်ရည်စိမ်။

**အနံ့ အပုပ်နံ့ထွက်သော်**

ပျဉ်းတော်သိမ်သိပ်၊ သင်္ဘောရည်လိမ်းသုတ်ပေးပါ။

**လက်မောင်းရင်း၊ ရင်ခေါင်းအကျိတ်**

မန်ကျည်းသီးအစေ့၊ ကွမ်းစားထုံး၊ ပျားရည် သုံးမျိုး ဆတူကြိတ်၍ အုံပေးပအံ။ ကပ်ပေးပါ။

**တအေ့အေ့ လေပြိုရောဂါ**

ရေနွေးဆူဆူ ကန့်ကလာထည့် အရည်သောက်ပါ။

**သွေးမမှန်၊ သွေးဝမ်းသွား အမျိုးသမီး**

ပူဒီနာထောင်း၊ အရည်ညှစ်၊ တစ်နေ့ သုံးကြိမ် သောက်ပါ။ လက်ဖက်ရည်အကြမ်းပန်းကန် တစ်ဝက် ထန်းလျက်နည်းနည်း ထည့်သောက်ပါ။

**သားအိမ်လျှော၊ အောင့်**

ဖလံတောင်ဇေး အခြောက်လှန်း၊ အမှုန့်လုပ်၊ အုန်းဆီနှင့်ဖော်၊ စအိုကိုလိမ်း။

**ယောက်ျားတို့နာ၊ အူကျရောဂါ**

မိန်းမပစ္စည်း မီးမြှိုက်ရှူ။

**အနာအမြစ်**

လဝန်းဂမုန်း ပဒ္ဒငါးပါး ထုထောင်းကြိတ်၊ အနာမှာ အုံ၊ အဝတ်နဲ့စည်း။

**နှုးဆန့်မရ၊ ကွေးမရ**

မရိုးစေ့ကို သွေးလိမ်းပေးပါ။

**ဝမ်းချုပ်ပြသနာ**

မန်ကျည်းသီး၊ ဆီးဖြူ၊ ငှသီးတစ်ဝိသသစီရ၊ ဆားလော် ၁၅ ကျပ်သား၊ ညကင်သမအောင်လုပ်၊ ဆီးသီးခန့် စားပါ။

**ခွေးလေးယားသီး မစူးအောင်**

ဆီးဖြူသီးနှစ်လုံး ဝါးစားပြီးသွား။

**ညော်ဝင် သတိလစ်**

ကွမ်းရွက်နဲ့ လက်ဖက်ခြောက်ထောင်း၊ အရည်ညှစ် သတိလစ်သူ ပါးစပ်ထဲ လောင်းထည့်။

**အတွင်းအား မမှန်**

ရခိုင်ငှက်ပျောတစ်ပင်လုံး အရည်ညှစ်၊ အပင်,အမြစ် အရွက် တစ်နေ့တစ်ဇွန်း နှစ်ကြိမ်သောက်။

**လက်ဖဝါး၊ ခြေဖဝါးပူ**

သပြေသီး ထုထောင်း၊ အရည်ညှစ်၊ ခြေဖဝါး လက်ဖဝါး သုတ်ပေးပါ။ လိမ်းပေးပါ။ သပြေသီးရွက်လည်း ကပ်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

**ဆီးသွေးပါ**

နေစာမြက်အမှုန့်ပြု၊ ဒိန်ချဉ်နဲ့ ရောသောက်ပါ။

**နှလုံးခုန်၊ နှလုံးတုန်၊ အဆုတ်ရောင်**

မြင်းခွာရွက် လက်တစ်ဆုပ်၊ ဆင်တုံးမနွယ် လက်တစ်ဆုပ် သင့်ရုံ ရေဖြင့် ကျိုပါ။ တစ်ပွက် နှစ်ပွက် ဆူလျှင် သောက်ပါ။

**အဆုတ်ရောင်**

ဂုံမင်းသီးတောင့် သွေးလိမ်းပေးပါ။

**မကွဲရ**

တမာရွက်ခြောက် ပြာချ မကွဲရ လိမ်းပေးပါ။

**သည်းခြေပျက်၊ ဝမ်းကျနာ**

ကောက်ညှင်းကို နွားနို့နဲ့ ချက်စား။

**အာခံတွင်း အဖုအကြိတ်**

သပြေခေါက်ပြုတ် ငုံပါ။

**မျက်လုံးထိခိုက်မိဒဏ်**

ဆင်တုံးမနွယ် လက်လေးလုံးလောက် ထုထောင်း၊ ရေသန့်နှင့်စိမ်၊ တစ်ညမျက်စိခတ်ပေးပါ။

**ရင်ကျပ်**

ကုက္ကိုရွက်နနု ခိုသားနဲ့ ချက်ကျွေး။

**မီးယပ်သွေးကျ၊ အဖြူဆင်း**

လက်ပံပွင့် ထောပတ်နှင့်သမ၊ သိန္ဓော နည်းနည်း ထည့်ကြော် ချက်စား။

**အိပ်မပျော်၊ နှလုံးသည်းခြေပူလောင်၊ နားလေထွက်**

မန်ကျည်းစေ့လက်တစ်ခုပ် တစ်ညရေစိမ်၊ အခွံခွာလှန်းပြီး အမှုန့်ပြုလုပ်။ ကြံသကာ သုံးကျပ်သားနှင့်ရော၊ စေးအောင်လုပ်၊ ဧရာတ်ကောင်းစေ့လောက်လုံး၊ တစ်နေ့သုံးကြိမ်သောက်။

**ပန်းသေရောဂါ**

ခပေါင်းကြီးစေ့ တစ်မတ်သား၊ ဧရာတ်ကောင်းနှစ်စေ့နဲ့ ရောစပ်စားပါ။

**ခရုသင်းရောဂါ**

သမဲပင်အဆီထုတ်၊ အနာကိုလိမ်း။ သမဲပင်အဆီထုတ်ပုံမှာ သမဲကိုင်းကို ချိုးလိုက်၊ တစ်ဖက်က မီးရှို့ တစ်ဖက်က အဆီထွက်လာမည်။ သမဲအဆီကို အနာမှာ ပွတ်ပေးပါ။

**အရိုးပျော့**

ရှိန်းခို မီးဖုတ်ပြီး ခွဲပေးပါ။

**သွေးလုံး၊ လေလုံး**

မြင်းခွာရွက်နှစ်ကျပ်သား၊ သကြားထည့်၊ ရေထည့်၊ တစ်ဝက်ခန့်ရအောင်ကျို၊ တစ်နေ့ နှစ်ကြိမ်သောက်။

**ငှက်ဖျားရောဂါ**

ကုက္ကိုရွက်သတ္တုရည် အကြမ်းပန်ကန်တစ်လုံး၊ ဆားနည်းနည်းထည့်၊ ည/နံနက် သောက်ပါ။

**ပလိပ်ရောဂါ**

ထုံး၊ နနွင်း၊ သံချောင်း။ သံချောင်းမီးဖုတ်၊ ထုံးပုံးတစ်ခုထဲထည့်၊ နနွင်းထည့်ရောမွှေ၊ ရေထည့်မီးဖုတ်ပြီး သံချောင်းကို ထုံး၊ နနွင်းပုံးထဲထည့်၊ အဲဒီအရည် သောက်ပါ။

**အစာအိမ်နာ၊ လေနာ**

ဗီးကြမ်းရင့်ရင့် ပါးပါးလှီး၊ အခြောက်လှန်း၊ အမှုန့်ပြု၊ နွားနို့နဲ့သောက်။ ဆေးမှုန့် စားပွဲဇွန်းတစ်ဇွန်း နွားနို့နဲ့ တစ်နေ့ သုံးကြိမ်သောက်ပါ။

**မျိုးသန်းထွန်းကို(ရေစကြို)**



www.burmeseclassic.com

www.burmeseclassic.com

# ထူးတဲ့ ဘူးသီးထမင်း

## ဘိုးဘိုးအောင်က လေ့လျော် ဘိုးမင်းခေါင်က ပြည့်ကျော်

■ မော်တင်သိန်းဇော်

တစ်နေ့ ဝါဆိုလလယ်နံနက် မိုးတွေ သဲကြီးမဲကြီး ရွာချနေချိန်၌ စာရေးသူမှာ ထီးမယူခဲ့မိ၍ ဘုရားကြီး၏ တောင်ဘက်မုခ်ကြီးဆီသို့ ပြေးခိုဝင်စဉ်တွင် ဘဝတူ ထီးမပါ ဆိုသလိုပင် ရုတ်တရက် အမှတ်မထင်မျှ မမျှော်လင့်ဘဲ လျှပ်တစ်ပြက်ကလေး ခေတ္တခဏမျှသာ တွေ့မြင်ကြုံကြိုက် ဆုံဆည်းခဲ့ရသည့် ထူးကဲဆန်းပြားသော အသွင်မှန်များရှိသော မိုးစိုနေသော အံမေကြီးတစ်ဦးဖြစ်သူထံမှ ထိုအမေကြီးဖြစ်သူ၏ ဘဝအကြောင်းခြင်းရာနှင့် ကိုယ်တွေ့များ၊ ကျင့်စဉ်များ၊ ဂါထာအဆောင်လက်ဖွဲ့အစီအရင်များ၊ ဂမ္ဘီရအတွေ့အကြုံများ၊ ဓာတ်နတ်လောကီဆိုင်ရာများကို အခွင့်ကောင်းယူ အချိန်လုပြီး မရမက အပူတပြင်းဆိုသလို မေးမြန်းနှာခံခဲ့မိပါသည်။ ရေးမှတ်ခဲ့ပါသည်။

ထိုနေ့ဆီက အသားအရေက ဖြူဝင်း၊ မျက်နှာပြင်က အေးချမ်းကြည်လင်၊ အသံကသာယာပြီး အရပ်က လေးပေခန့်မျှရှိကာ သီလ၊ သမာဓိ၊ သိက္ခာနှင့် အကျင့်ဘာဝနာတို့နှင့် လောကီရေးရာကိုလည်း နှံ့စပ်ကျေညက် တတ်သိပုံရပြီး အိုမင်းမစွမ်း အရွယ်အိုကြီးနှင့် ဟိုးအဝေးဆီက တစ်ဦးတည်းမျှ လာရောက်ခဲ့သော ထိုအမေကြီးအား စာရေးသူက အထူးတလည်မျှ ကြည်ညိုအထင်ကြီး အံ့သြလေးစားမိ၍ မိုးမတိတ်မီ အချိန်အတွင်း၌ အချိန်ကို အမြန်လု၍ အစွမ်းကုန်မျှ မေးမြန်းစပ်စု၍ မှတ်သားမိခဲ့ပါသည်။ မှတ်စုစာအုပ်နှင့် စာရေးဆရာ ကုန်ကြမ်းအဖြစ် ရယူမိခဲ့ပါသည်။ တစ်ကဏ္ဍစီ လိုတိုရှင်း၊ အမြန်အပူတပြင်းဆိုသလို စာရေးသူက ထိုအမေကြီးအား နှာခံမေးမြန်းမှတ်သားခဲ့ရာ၌ ထိုအမေကြီးဖြစ်သူက စာရေးသူအား တည်ငြိမ်သိမ်မွေ့စွာနှင့် -

(၁) ဗုဒ္ဓနုဿတိကတော့ ဥပုသ်စောင့်တယ်။ တရားထိုင်တယ်။ သက်သတ်လွတ်စားတယ်။ ဘုရားတွေတည်တယ်။ ပဲခူး၊ လှည်းကူး၊ ပျဉ်းမနား၊ ပဲနွယ်ကုန်း၊ ရွှေနီ၊ ဆံမြိတ်ခုံတို့ နှင့် အခြားနေရာဒေသများတို့၌ တည်ခဲ့သည်ဟု သိရှိရပါသည်။ ဂန္ဓာရီတွေလှည့်တယ်။ ဝိဇ္ဇာပွဲ၊ နတ်ပွဲ၊ ဓာတ်ပွဲ၊ သိုက်ပွဲ၊ ဘိုးတော်မယ်တော်ပွဲတွေ ပေးခဲ့တယ်။ ဘုရားတွေ အများအပြား လှည့်လည်ရင်းပေါ့။

(၂) ဂါထာမှာတော့ အထူးသဖြင့် ဓမ္မစကြာနဲ့ ပရိတ်ကြီး ၁၁ သုတ်။ ဓမ္မစကြာနှင့် ပရိတ်ကြီး ၁၁ သုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ထုံဝင်ပြီး ထိုဘုရားသောက်တော်ရေများနှင့် ဆေးမန်း၊ ရေမန်း၊ ပယောဂမန်း အဖွင့်အဖြစ် အသုံးပြုနိုင်သည်စာ သိရှိရပါသည်။

(၃) ပုဂ္ဂိုလ်ပိုင်းမှာတော့ အဖေကြီး ဘိုးမင်းခေါင်၊ ဘိုးဘိုးအောင် အစရှိတဲ့ ဝိဇ္ဇာဓိုရ်ကြီးတွေ အားလုံးတို့နဲ့ အနောက်မင်္ဂြိမ မဟာဘာဘာ၊ ဆာဒူးကြီးတို့ကို ပူဇော်ပသယုံကြည်တယ်။ စာရေးသူအား သုဿန်ဂါထာမန္တန်ဆန်း အဆိုအရွတ်တွေကို ဒလစပ် မနားတမ်း ဆက်တိုက် အားကုန်မျှ လည်ပင်းကြောထောင်အောင် သံကုန်မျှရွတ်ကာ စာရွက်ပေါ်တွင် အမြန်အဆန် ထုံဝင်ဓာတ်ဝင်၍ ရေးချပေးခဲ့သော ထိုအနောက်မင်္ဂြိမ၊ မဟာဘာဘာ၊ ဆာဒူးကြီး၏ အောင်ဂါထာ စမဆုတောင်းကိုပါ ယှဉ်တွဲ၍ တင်ပြထားပါသည်။ ထိုအမေကြီး၏ ဩဝါဒအရ ယင်းအောင်ဂါထာစမစာတမ်းကို ဆောင်သက ကျန်းမာ၊ ချမ်းသာ၊ ဘေးကင်း၊ လာဘ်ရွှင်၍ အောင်စေတတ်သည်ဟု သိရှိရပါသည်။

(၄) ကျင့်စဉ်များ အထိုင်စခန်းအနေနှင့် အထူးသဖြင့် ပဲခူးမြို့ ဒေးစွန်ပါစေတီတော်မြတ်ကြီးပါ။ ဒေးစွန်ပါမှာရှိတဲ့ ရွှေစွန်ပါ၊ ငွေစွန်ပါ၊ ပတ္တမြားစွန်ပါ၊ စိန်စွန်ပါ၊ ကျောက်ထီးဆောင်းနဲ့ အထက်တောင်ပေါ်စေတီတော်မြတ်ကြီးမှာ ကျင့်ကြံအားထုတ်ခဲ့တယ်။ အခြားအထက်အညာဒေသ အနှံ့အပြားတွေမှာလည်း အားထုတ်ခဲ့တယ်ဟု ပြောပါသည်။ အထနှင့် အသွား အလှည့်စခန်းတွေကတော့ အများကြီး အများကြီးပင် ရှိခဲ့သည်ဟု သိရှိရပါသည်။

(၅) အသက်ရှည်ခဲ့ရေးနှင့်ပတ်သက်၍ ယခုနေခါတွင်

www.burmeseclassic.com

အသက် ၈၀ ကျော် ၉၀ တွင်းရှိနေကာ ကိုယ်တိုင်မှုဆိုးမဘဝနှင့် ဘဝတူပင်ဖြစ်သော သမီးမုဆိုးမဖြစ်သူ ရောဂါသည်နှင့် မြေးရင်သွေးကလေးများကို ရှာဖွေကျွေးမွေးနေရရှာပြီး ကမ္ဘာစစ်ကြီးတွေ၊ ရထား၊ ကား၊ ရေ စသဖြင့် ဥပဒ္ဒေကဘေးဆိုးကြီးတွေ၊ အဆိပ်ရှိသတ္တဝါဆိုးများ၏ ဘေးဥပဒ်ဝေဒနာတွေ၊ မသူတော် လူဆိုးတို့၏ ဘေးအန္တရာယ်တွေ၊ အဆုတ်ရောဂါဆိုးတွေ၊ သေလုမျောပါး ခံစားရင်ဆိုင် ကြုံတွေ့ခဲ့ရသည့် ဘဝဖြစ်အင်အဆိုးတွေ စသဖြင့် လောကဓံတရားတို့၏ နှိပ်စက်ခဲ့မှုတွေကို ဘဝတစ်လျှောက်လုံး အလူးအလဲမျှ ခံစားရင်ဆိုင် ဖြတ်ကျော်ခဲ့ ကြုံခဲ့ရသော်လည်း အသက်ရှင်ကာ အသက်ရှည်ခဲ့ဖြစ်သည်။ ထိုအမေကြီးက ထိုနေ့က ဒီလိုသားရဲ့ လွန်ခဲ့တဲ့နှစ် ၅၀ ခန့်ဆီက အမေက ပဲခူးမြို့ ဒေးစွန်ပါစေတီကြီးမှာ အပြင်းအထန်မျှ တရားအားထုတ်ခဲ့တယ်။ ကျင့်ကြံပွားများခဲ့တယ်။ ခင်ပွန်းသည်နဲ့ အတူပေါ့။ ထိုအတူကံကောင်းကံထူးလို့ တောင်တော်တစ်ပိုက်ရှိ ကျောင်းတော်နှင့် ဝိပဿနာတတ်စခန်းတစ်ခုမှာ အထင်ကရ သာသနာပြုမယ်တော်ကြီး ယောဂီကြီးတစ်ပါးတို့ တွေ့ဆုံရပြီး ချဉ်းကပ်မှီခိုခွင့်ရခဲ့တယ်။ အဲဒီကျေးဇူးကြီးမားတဲ့ မယ်တော်ကြီးကျွေးသည့် ဒါနပြုသည့် ဘူးသီးချက် သက်သတ်လွတ်ထမင်း (ဘုရားဖူးတို့နှင့် ညှိသည်ဟူသမျှတို့ကို သက်သတ်လွတ်ဘူးသီးချက်ဟင်းနှင့် ထမင်းအဖြူ အကြမ်းပန်းကန် နှစ်ပန်းကန်စာတို့ကို အမိတ္တာန်ထူးတို့နှင့် ဒါနပြုကာ ညှိခံကျွေးမွေးသည်။ ထူးဆန်းသော ထိုဘူးသီးချက်နှင့် ထမင်းအကြမ်း ပန်းကန်နှစ်ပန်းကန်ကို မှီဝဲစားသုံးခံစားကြရသည့် ပုဂ္ဂိုလ်တို့မှာ ထူးဆန်းလှစွာ အားအင်များရှိလာပြီး သုံးလေးရက်မျှ မဆာလောင်။ ပုဂ္ဂိုလ်ပေး သိဒ္ဓိဝင်ဟင်းနှင့် သိဒ္ဓိဝင်ထမင်းဆန်းဟု သိရှိရပါသည်)များကို ရက်လနှစ်ချီ၍ စားသုံးမှီဝဲခဲ့ရတယ်။ ထိုအတူ ပွင့်တော်မူခဲ့ပြီးဖြစ်တဲ့ ဂေါတမမြတ်စွာဘုရားရှင်ရဲ့ အသွေး၊ အသား၊ အသွေးရီတော် မြတ်တော် (ပဲစေ့ခန့်မျှ ရှိသည်။ ကြက်ဥအနှစ်အရောင်ရှိသည်။ မှီဝဲစားသုံး မျိုချလိုက်က အလွန်အထူးမျှ အရသာထူး အရသာဆန်းများရှိကာ ဆိမ့်လှသည်ဟု သိရှိရပါသည်)ကိုလည်း ကံထူးကဲလွန်းလို့ တစ်ကြိမ်မျှ စားသုံးမှီဝဲခွင့်ရခဲ့တယ်။ အဲ・・・အမေ့ရဲ့ခင်ပွန်းကတော့ မယုံလို့ မစားခဲ့ဘူး။ ဒီနေ့အထိ အမေ့အနေနဲ့ သတ်ကွင်း၊ သေကွင်းကြီးတွေကို အများကြီး အများကြီးပဲ ကြုံခဲ့ဖူးတယ်။ နှာတစ်ဖျား၊ လက်တစ်လုံးခြား ပွတ်ကာသီကာကလေးမျိုးတွေနဲ့ အများကြီး လွတ်ခဲ့ဖူးတယ်။ ခင်ပွန်းသည်ကတော့ အရင်အစောကြီးပဲ ဆုံးသွားခဲ့ပြီး ခုအထိ အသက်ရှည်နေ၊ ရှင်နေ၊ တရားပြုနေရတာ အတိတ်ကံ ယခုဘဝ သီလတရားတို့နဲ့ ဘဝမှာ အံ့ဩတမောကြီး အဆန်းတစ်ကြယ်ကြီးဆိုသလို မြတ်စွာဘုရားရှင်ရဲ့ ဓာတ်မြတ်တော်တို့နဲ့ ကျေးဇူးရှင် သာသနာပြုမယ်တော်မြတ်ကြီး ဒါနပြုကျွေးတဲ့ ဓာတ်သိဒ္ဓိထူး ဂမ္ဘီရကြီးဝင် သက်သတ်လွတ် ဘူးသီးချက်ဟင်းနဲ့ ထမင်းအကြမ်း နှစ်ပန်းကန်တို့ကို စားသုံးမှီဝဲခဲ့ရလို့ ထင်တယ်သားဟု အားတက်သရော မမောမပန်းစတမ်းမျှ စေတနာဗရပွနှင့် ရှင်းပြရှာပါသည်။

အချိန်တွေလည်း အတော်အတန်မျှကြာသလို မိုးလည်းတိတ် အရှာရပ်စပြုနေပြီဖြစ်ကာ လူချင်းခွဲ၍ လိုရာခရီးသို့ ဆက်လှမ်း၍ ပြန်ကြရန် သင့်လျော်ခဲ့ပြီဖြစ်သဖြင့် စာရေးသူက ထိုမိခင်ကြီး အမေအိုကြီးအား နောက်ဆုံးဩဝါဒကျင့်စဉ်ဆောင်ပုဒ်နဲ့ ပုတီးစိပ်အဖွင့်ဂါထာအတို နှစ်ခုကို ရှိခိုးဦးတင်နှင့် တောင်းခံရာ ဘာသာနဲ့တရားမြဲ၊ သီလကိုစွဲ၊ စိတ်ကောင်းထား၊ တူညီဖို့အမြဲကြိုးစား၊ မတရားနဲ့မရှိုးသားတာတွေကိုရှောင်၊ အဖွင့်အနေနဲ့ကတော့ "ဥုံ အရဟံ သိဒ္ဓိအောင် ဘဝဓာဆိုတဲ့ ဂါထာတိုကို အမြဲစိပ်ရွတ် အသုံးချဆောင်သဟု မိန့်ဆို အကြံပြုပြောကြားခဲ့ပါသည်။ အထက် စာမူခေါင်းစီးပါ ဝိပဿနာခရလမ်းကြောင်းလာ ဘိုးဘိုးအောင်က လေ့လျော် ဘိုးမင်းခေါင်က ပြည်ကျော်ဟူသည့် ကြီးမြတ်လှသော နိမိတ်ပုံဥဒါန်းကိုလည်း အသံဩဇာအပြည့်နှင့် ထက်သန်တက်ကြွစွာ ရှုရလှစွာ ကျူးရင့်ပါသည်။ ဆိုပြပါသည်။ ပြီးသော် အမေကြီးသည် စာရေးသူအား မေတ္တာပွားပြီး ဘုရားကြီးပေါ်ဆီသို့ ဖြည်းညင်းစွာ တက်လှမ်းသွားပါတော့သည်။

ဝိပဿနာခရလာများ၊ ဂမ္ဘီရဝင်များ၊ ဖြစ်ရပ်ဆန်းကြယ် အဖြစ်ထူးများ၊ ဂါထာမန္တန်များကို လိုက်စားလေ့လာတတ် ရှုတ်တတ်သူများကို လေ့လာနိုင်ကြပါရန် ကိုယ်တွေ့ကြုံတစ်ရပ်ကို အရင်းအတိုင်းတစ်ဆင့် လက်ကမ်းတင်ပြအပ်ပါသည်။

မှတ်ချက်။ ။ ပထမံဘိုးဘိုးအောင်က ထိုအမေကြီးအား ပဓာန အဓိက ဦးသျှောင်ဆရာရင်းသခင်အဖြစ် လမ်းစဉ်ဆိုင်ရာများအတွက် စေစားညွှန်ကြားခဲ့၍ စောင့်ရှောက်သည်ဟု သိရှိရပါသည်။ သာသနာပြု ဂန္ဓာရတို့အတွက် အထင်ကရ ချီးမြှင့်ခဲ့သည်။ မစခဲ့သည်ဟုလည်း သက်ရှည်ဘေးကင်း သိရှိရပါသည်။

သာသနာပြု အမေကြီးတို့အား ရိုကျိုးစွာ ကန်တော့လျက်・・・

မော်တင်သိန်းဇော်ဇ



www.burmeseclassic.com

www.burmeseclassic.com



ကချင်ဆေး ဆရာမကြီး ဒေါ်ကော့ဇာ၏ သမီး

## ကချင်ဆေးဆရာမကြီး

# ဒေါ်နန်းဝှု

မှ

## လေမဖြတ်၊ အကြောရောဂါကြိုတင်ကာကွယ်လိမ်းဆေး

ယာယီတိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - ၀၁၀၁ Y ၁၀၇၄

လေဖြတ်၊ လေဖြန်း၊ ပါးတစ်ခြမ်းရွဲ့ခြင်း၊ အာရုံကြောအားနည်းခြင်းများ၊ ဇက်ကြော နောက်ကြောတက်ခြင်း၊ ခါးကြောတစ်လျှောက် အမြောင်းထပြီးတက်ခြင်း၊ အကြောကပ်၊ အကြောလွဲ၊ အကြောရောင်ရမ်းကာ ကိုက်ခဲခြင်း နှင့် အကြောရောဂါအမျိုးမျိုး၊

လူကြီးလူငယ်မရွေး အကြောရောဂါအမျိုးမျိုးနှင့် ၊ လေဖြတ်ခြင်းမခံရအောင် ကြိုတင်ကာကွယ်လိုသူများ ဆရာမနှင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

**အစွမ်းထက်သော ကချင်ရိုးရာနည်းစနစ်အတိုင်း ကုသပေးသည်။**

## ဆရာမနှင့်တွေ့ချိန်

✱ မြစန္ဒာဆေးတိုက် ✱ အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၈၇၀၉၇

(နံနက် ၁၂ နာရီ မှ ညနေ ၄ နာရီထိ) "တနင်္ဂနွေနေ့တိုင်းပိတ်သည်"

✱ နေအိမ်ဆေးခန်း ✱ အမှတ်(၃၁၆)၊ စိမ်းကိန်း (၁)လမ်း၊ သခင်ဖိုးလှကြီးလမ်း၊ တောင်ဥက္ကလာပမြို့။

(နံနက် ၇ နာရီ မှ ၁၁ နာရီထိ) တဆင့်/ဖုန်း - ၀၉-၄၂၅၀၁၁၈၇၅, ၀၉-၇၉၉၅၉၃၁၉၈,

၀၉-၇၉၉၅၉၃၂၂၆

www.burmeseclassic.com

www.burmeseclassic.com

# ကိတ္တာဂုရက်

■ အောင်(ပညာရေး) လင်းကတော

ကျွန်တော်သည် အလပြ သက်ပြည့်ငြိမ်းတစ်ဦး ဖြစ်ပါသည်။ ဗေဒင်လက္ခဏာပညာရပ်များကိုလည်း ဝါသနာပါ လေ့လာခဲ့သူဖြစ်ပါ၏။ သာမန်လူတန်းစား အလွှာစုံဝန်းကျင်တွင် ရက်ရာဇာ၊ ပြဿဒါးရက်များကဲ့သို့ (ဗေဒင်၊ လက္ခဏာ ပညာရှင်များမှအပ) အများစု အသိနည်း၊ အသုံးနည်းပါးနိုင်မည့် ကိတ္တာဂုရက်ဆိုသည်ကို မျှဝေပေးလိုပါသည်။ ပါဠိအဆိုလေးနှင့် ဖြစ်ပါ၏။

"ရဝိကောာ၊ စတုစန္ဒရာ၊ ဘုမ္မောအဋ္ဌ၊ ဗုဒ္ဓနဝ၊ ဂုရုပဉ္စာ၊ တြိယောသောကြာ၊ သောရီအဋ္ဌ၊ ကိတ္တာဂုတိ၊ ပဝုစ္စတိ၊ မြဟ္မာနံပိ၊ နဝိဝတိ"ဟူ၍ ညွှန်းဆိုထားပါသည်။

(၁) နွေ ဆန်း၊ ဆုတ် (လပြည့်ကျော်ဟုလည်းသုံး) ၁ ရက်။ (၂) လာ ဆန်း၊ ဆုတ် ၄ ရက်။ (၃) ဂါ ဆန်း၊ ဆုတ် ၈ ရက်။ (၄) ဟူး ဆန်း၊ ဆုတ် ၉ ရက်။ (၅) တေး ဆန်း၊ ဆုတ် ၅ ရက်။ (၆) ကြာ ဆန်း၊ ဆုတ် ၃ ရက်။ (၇) နေ ဆန်း၊ ဆုတ် ၈ ရက်။

မည်သည့်နှစ် မည်သည့်လဦးမဆို မြန်မာလဆန်း ၁ ရက်၊ လဆုတ် ၁ ရက် တနင်္ဂနွေနေ့ ကျရောက်နေပါက၊ မြန်မာလဆန်း ၄ ရက်၊ လဆုတ် ၄ ရက် တနင်္လာနေ့ဖြစ် ကျရောက်ဖြစ်နေပါက ပွဲလမ်းသဘင် အခမ်းအနားကြီးများ၊ မင်္ဂလာအခါကိစ္စကြီးများ မပြုအပ်၊ မဆောင်ရွက်သင့်ဟု မှတ်သားဆင်ခြင်သတိမူ ရှောင်ကြဉ်ရမည်။ ရှောင်ထိုက်ရှောင်အပ်ကြောင်း ဆိုလိုရင်းဖြစ်ပါသည်။ (အထက်ဖော်ပြပါ ရက်တို့ကိုလည်း သိနားလည်သဘောပေါက်ရပါမည်)

ပြဟ္မာမင်းပင်လျှင် အသက်အန္တရာယ်ရှိနိုင်သည်ဆိုသောရက်များဟု ကိတ္တာဂုတိ၊ ပဝုစ္စတိ၊ ပြဟ္မာနံပိ၊ နဝိဝတိ ဖွင့်ဆိုရှိပါ၏။ စာရေးသူပင် အလွန်အကျူးဆိုထားသည်ဟု ထင်ခဲ့မိပါသည်။

ကိုယ်တွေ့ကြုံမှ ယုံကြည်ရပါသည်။ စာရေးသူမှာ ဗေဒင်လက္ခဏာ အခါပေးဆရာတစ်ဦး မဟုတ်သဖြင့် ကာယကံရှင်တို့၏ ပွဲလမ်းသဘင်ရက်ဓာတ်တွင် ဖြစ်ပျက်ပြီးမှ ကိတ္တာဂုရက် ဟူသည်တို့နှင့် တိုက်ဆိုင်လွန်းသည်ကို ထူးခြားစွာ တွေ့ရှိရခြင်း၊ သတိမူမိဖြစ်ခြင်းတို့ကြောင့် ရှောင်ကြဉ်သင့်သည့် ရက်နေ့တို့ကို ရှောင်နိုင်ကြပါရန် ဤဆောင်းပါးကို ရေးသားရခြင်း ဖြစ်ပါသည်။

စာရေးသူ၏ရွာတွင် သဘာဝဘေးဒဏ် (ငလျင်နှင့် မိုးထန်မှု)ကြောင့် ပျက်စီးခဲ့သော စေတီပုထိုးနှစ်ဆူကို အလှူရှင်များက ပြုပြင်ထီးတော်တင်ခဲ့ပြီး အောင်ပွဲအဖြစ် စစ်ကိုင်းတိုင်း မန္တလေး နာမည်ကြီးဇာတ် ရပ်သီရွာသိ နယ်သိဖြစ်ပါ၏။

ဇာတ်အဖွဲ့နှင့် ပရိသတ်အချို့ ပြဿနာဖြစ်ကာ ပွဲဦးည စတင်ချိန်မှာပင် ပွဲပျက်ခဲ့ရခြင်းဖြစ်ပါသည်။ (၁၇-၆-၂၀၁၇) ၁၃၇၉ ခု၊ နယုန်လဆုတ်(လပြည့်ကျော်) ၈ ရက် စနေနေ့သည် ကိတ္တာဂုဆိုသည့် ရက်ဖြစ်နေကြောင်း သတိထားမိရပါသည်။

(၂၇-၁၂-၂-၁၅) ၁၃၇၇ ခု၊ နတ်တော်လဆုတ် ၁ ရက် တနင်္ဂနွေနေ့ အလှူအောင်ပွဲတွင်လည်း အလှူရှင်များနှင့် ဇာတ်အဖွဲ့ စာချုပ်စည်းကမ်းမညီ မပြေမလည်ဖြစ် ဗရုတ်ဗရက် ပွဲပျက်မတတ် ဖြစ်ခဲ့ခြင်း။

ဤ ရက်၊ လ၊ ခုနှစ်များမှာ မှတ်သားမှု ချို့ယွင်းချက်ကြောင့် မှားယွင်းမှုရှိနိုင်ပါသည်။ ဖြစ်ပျက်ခဲ့မှုများကား အမှန်ဖြစ်ပါသည်။

၁၃၇၇၊ တန်ခူးလဆန်း ၅ ရက် ကြာသပတေးနေ့ ဘုန်းကြီးပျံအန္တိမပွဲရက်တွင်လည်း ခိုက်ရန်ဒေါသ ခွန်းကြီးခွန်းငယ် ရိုက်မောင်းပုတ်မောင်း ဆရာဒါယကာများ ဖြစ်ခဲ့ခြင်းစသည်တို့ကို တွေ့ကြုံခဲ့ရပါသည်။

ကျွန်တော်ကား ပညာရှင်မဟုတ်ပါသဖြင့် အကြောင်းကြောင့် အကျိုးဖြစ်ခဲ့ပုံများကို ကောင်းကျိုးများသာ ဖြစ်စေလိုသော ဆန္ဒမွန်ဖြင့် တင်ပြရခြင်းဖြစ်ပါသည်။

ပညာရှင်များမှ လမ်းညွှန်ပေးမှု အထူးမျှော်လင့်လျက်

အောင်(ပညာရေး) လင်းကတော



www.burmeseclassic.com

www.burmeseclassic.com

# ကျန်းမာရေးရာ ကျမ်းထွက်စကား

# ဗဟုသုတဖြစ်ဖွယ်ရာများ

မြဂုဏ်ရည်

## နိဒါန်း

"သုသသုတောန သုတောယန ဝါဘ္ဘဋ္ဌောနေဝ ဝါဘ္ဘဋ္ဌော နာဓိတောစရကော ယေနသောဝေဝဇ္ဇော ယမကိတ်ရော"

ယေန = အကြင်ဆေးသမားသည်၊ သုသုတော = သုသုတ သံဟိတာ ကျမ်းကို၊ နသုတော = မသင်မကြား မလိုက်နာဖူးသေးဘဲ၊ ဝါဘ္ဘဋ္ဌော = ဝါဘ္ဘဋ္ဌဆရာသည်၊ ရစိတော = စီရင်အပ်သော၊ ဝါဘ္ဘဋ္ဌော = ဝါဘ္ဘဋ္ဌသံဟိတာကျမ်းကို၊ နောသုတော = စင်စစ်မလွဲ၊ မကြားနာဖူးသေးဘဲ နှင့်လည်းကောင်း။ ယေန = အကြင်ဆေးသမားသည်၊ စရကော = စရကံဟိတာကို၊ နာဓိတေစ = သင်လည်း မသင်ကြားဖူးသေး‌ချေ၊ သောဝေဇ္ဇော = ထိုဆေးသမားသည်၊ ယမကိတ်ရော = သေမင်း၏ စေတမန်ဟူ၍၊ မတော = သိအပ်ပေ၏။

## 'အနောက်'အတွက် 'အရှေ့'က အစိက (အခြေခံ)

အနောက်ဥရောပသား ဆေးကုဆရာများသည် ခရစ်တော်မပေါ်မီ အထက်ကျော်ကာလကပင် ဂရိလူမျိုးများက အိန္ဒိယမှ အရှေ့တိုင်းဆေးကျမ်းနှင့် ကုသနည်းလမ်းများကို လေ့လာလိုက်စား သင်ယူခဲ့ကြခြင်းများရှိသည်။ ခရစ်တော်ပေါ်ပြီးနောက် (AD-800) ခန့်က အာရပ်လူမျိုးတို့က သက္ကတဆေးကျမ်း ဘာသာပြန်များကို အမှီပြု၍ "ယူနန်နီ ဆေးနည်း"များကို စတင်လိုက်သည်။ ထို့နောက်မှဆက်၍ ဥရောပတိုက်သားများကလည်း ခရစ်သက္ကရာဇ် အလယ်ခေတ်လောက်တွင် ဆေးပညာလိုက်စား၍ ပြုပြင်ထားသော ကျမ်းတို့တွင် "စရကသံဟိတာကျမ်းကြီး"မှ အကိုးအကားတို့ကို ယူခဲ့သည်။ -

ပညာရှင်ကြီး "ဒဗလျူဟန်းတား" ရေးသားသော "အိန္ဒိယလူမျိုးများ၏ အတိုချုပ်ရာဇဝင်အတ္ထုပ္ပတ္တိကျမ်းတွင်

"In medicine the Bramans learned nothing from the Greeks, but taught them much. Arab medicine was founded on translations from Sanskrit word about 800 A.D Mediaeval European medicine, in its turn, down to the Seventeenth century, was, in many important respects, based upon the Arabic. The Indian physician Charaka was quoted in European books of medicine written in the middle ages, A Brief history of the Indian peoples."

(p.65 by W.W. Hunterken Holt, Cummer, near Oxford 1892.)

ထို့ပြင်တစ်ဝ ပညာရှင်ကြီး "မက္ကဒေါ်နယ်"ရေး "သက္ကတစာပေ အတ္ထုပ္ပတ္တိကျမ်း"တွင် (သိပ္ပံပညာမှာလည်း ဥရောပတိုက်က အိန္ဒိယတိုက်သို့ ပညာကြွေးဆပ်ရန် အတော်ပင်များလှပေသည်)ဟု ဖော်ပြထားသည်မှာ -

In science too, the debt of Europe to Indian his been considerable. [ History of the Sanskrit Literature by Macdonell.]



www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြပါအထောက်အထားတို့ကို အကြောင်းပြုသော် ဥရောပတိုက် ဆေးပညာသည် အာယုဗ္ဗေဒဆေးကျမ်းအဆုဆူကို အခြေခံ၍ ခွဲထွင်ခြင်းကို ဗဟုသုတအရာ သိစရာဖြစ်သည်။

ဤနေရာတွင် ထူးခြားစွာ ရှိနေသည်မှာ အင်္ဂလိပ်ပညာရှင်တို့၏ စည်းကမ်းမှုအတိုင်း ဆေးကျောင်းများသို့ တက်ရောက်သင်ကြား ဆရာဝန်ဘွဲ့လက်ဝယ်ရရှိသူတို့သည် ဆေးကုသနိုင်ပါသော်လည်း ကုသရန်ဆေးကို ဝယ်ယူရန်လိုသည်။ အာယုဗ္ဗေဒဆေးကျမ်းကို သင်ကြားကျေညက် ကောင်းစွာတတ်မြောက်ခြင်းရှိသော မြန်မာတိုင်းရင်းဆေးဆရာ/သမားတော်တို့သည်ကား ကိုယ်ပိုင်ဆေးဖော်စပ်၍ လူနာကို ကုသနိုင်ခြင်းပင်ဖြစ်သည်။

မြန်မာတိုင်းရင်းဆေးဖြင့် ကုသခြင်းအမှု လူနာကိုပြုသူ ဆေးဆရာ/သမားတော်တို့သည် ဆေးကုသခြင်းပြုရာ၌ ဆေးသက်သက်နှင့်သာမဟုတ်။ ဗေဒင်ပညာ ဗေဒင်တွက်နှင့် အတိတ်နိမိတ်၊ တဘောင်စနည်း စသည် စွက်ဖက်၊ ဂါထာ၊ မန္တန်၊ အင်းသတ္တိတို့လည်း ပါနေသည်ကို ထူးထူးခြားခြား တွေ့ရပါသည်။ ကျမ်းထွက်စကားများဖြစ်၍ အားထားရပါသည်။

## မင်းဒဏ်ပေးထိုက်သော ကျမ်းထွက်စကား ဆေးသမားဆိုသည်မှာ

အကြင်ဆေးသမားသည် သက်သက်သော ဆေးကိုသာလျှင်သိ၏။ ထိုမှတစ်ပါး ရောဂါ၏ နိဒါန်း ပုဗ္ဗရုပ်ကို မသိမမြင်သည်ဖြစ်အံ့။ ပြည့်ရှင်မင်းက မိမိ၏တိုင်းနိုင်ငံ၌ ထိုဆေးသမားကို ဆေးမပေးစေအပ်။ အကယ်၍ ပေးငြားအံ့ အလိုရှိတိုင်း သတ်ပုတ်ခြင်းစသော မင်းဒဏ်ကို ပေးထိုက်၏။

## ဆေးသမားတို့ ကောင်းကျိုးမှန်စွာ ရမည်သောချာကျမ်းမှာလာ

. . . ရှေးဦးစွာ သမားသည် သတိပြုရမည်ကား ဆေးကုခြင်းအမှုသည် မည်သည့်အခါမှ အကျိုးမယုတ်။ အဘယ်ကြောင့်ဆိုသော် အချို့သောသူ၌ ဆေးပညာသည်ရှိသော် ဥစ္စာကြေးငွေရ၏။ အချို့သောသူ၌ အဆွေခင်ပွန်းဖြစ်၏။ အချို့သောသူ၌ ကုသိုလ်ဖြစ်၏။ အချို့သောသူ၌ ကျော်စောသတင်းရ၏။ အကယ်၍ အကြင်ဆေးသမားသည် ဆိုခဲ့ပြီးသော အကျိုးတစ်စုံတစ်ရာမျှမရသော် ဆေးအမှုကို အလေ့အကျင့် ပရိစယပြုသဖြင့် ကျွမ်းကျင်လိမ့်မည်။

## ဆေးကျမ်းမှာလာ သူနာတို့အိပ်မက် ဆေးဆရာဆင်ခြင်သိစေရာ

သူနာ၏ အိပ်မက်၌ . . .

၁။ ဦးခေါင်းပြတ်သူ၊ အဝတ်အနီဖြစ်စေ၊ အနက်ဖြစ်စေ ဝတ်ဆင်သောသူ၊ နှာခေါင်းပြတ်သောသူ၊ နားပြတ်သောသူ၊ အနက်ဖြစ်သောအဝတ်၊ ကြိုးဆွဲချသူ၊ လူတို့ကို ရိုက်နှက်နေသောသူတို့ကို မြင်မက်လျှင် မကောင်း။

၂။ ကျွဲ၊ မြည်း၊ ကုလားအုပ်တို့ကို စီး၍ တောင်အရပ်သို့သွားရသည် မြင်မက်သော် ထိုသူနာမကောင်းအံ့။

၃။ မိမိကိုယ်သည် ရေ၌နစ်မြုပ်နေသည်ကိုလည်း ကောင်း၊ မီး၌လောင်ကျွမ်းနေသည်ကိုလည်းကောင်း၊ ခြင်္သေ့၊ သစ်၊ ကျား အစရှိသည်တို့သည် မိမိကို ကိုက်စားသည်ဟူ၍လည်းကောင်း၊ ဆီမီးငြိမ်းသည်ဟုလည်းကောင်း၊ ဆီ၊ အရက်စသည်ကို သောက်ရသည်ဟူ၍လည်းကောင်း၊ သံကိုဆောင်ရသည်ဟူ၍လည်းကောင်း၊ ကျက်ပြီးသော ထမင်းကို စားရသည်ဟူ၍လည်းကောင်း၊ တွင်း၌ကျသည်ဟူ၍လည်းကောင်း မြင်မက်လျှင် ကျရောက်ခံစားရဆဲ ရောဂါဝေဒနာ ကုစား၍ မရအပ်။

၄။ သူတောင်းစား၊ အဆွေခင်ပွန်း၊ သူမြတ်၊ သူတော်ရဟန်း၊ ပုဏ္ဏား၊ နွား၊ မီးတို့နှင့် ဘုရားဖူးရခြင်း အစရှိသည်တို့ကို မြင်မက်အံ့။ ထိုသူနာသည် လျင်စွာအမြန် ရောဂါဝေဒနာကင်းခြင်းတို့ ရောက်၏။

၅။ ရွှံ့ညွှန်မှအပသို့ ထွက်ရခြင်း၊ ရန်သူတို့ကို အောင်မြင်ခြင်း၊ ရထားစီး၍သွားရခြင်း၊ သားငါးသစ်သီးတို့ကို စား



www.burmeseclassic.com

www.burmeseclassic.com

**ရခြင်း။** မသွားလာအပ်သော အဂမနိယနှင့် မေထုံပြုရခြင်း။ **မိမိဦးခေါင်း**ကို ကျင် ကြီးလိမ်းကျံခြင်း၊ ငိုရခြင်း၊ မိမိသေခြင်း၊ သားစိမ်းစားရခြင်းတို့ကို မြင်မက်သော် ထိုသူနာဋ္ဌ လျင်မြန်စွာ အနာကင်းအံ့။

၆။ မျှော့၊ မြွေ၊ ပိတုန်း၊ ခြင်၊ မှက် ကိုက်သည်ကို မြင်မက်လျှင် ထိုသူနာဋ္ဌ လျင်မြန်စွာ အနာကင်းအံ့။

## ကျန်းမာရေးရာ အရိပ်ကပြောသော နိမိတ်

ပတိဆာယာ= မှန်ကြေးမုံ၊ ရေမျက်နှာပြင် အစရှိသော ကြည်လင်တောက်ပြောင်သော အရာဝတ္ထုတို့၌ ကျရောက်၍ ထင်မြင်အပ်သော ရုပ်အဆင်းသဏ္ဌာန်ကို "ပတိဆာယာ"ဟု ခေါ်၏။

ဆာယာ= နေ၊ မီး အစရှိသော အလင်းရောင်တို့တွင် ကျရောက်၍ ထင်မြင်အပ်သောအရိပ်ကို "ဆာယာ"ဟုခေါ်၏။

"ပတိဆာယာ"သည် အကြောင်းမဲ့ ဖောက်ပြန်တုန် လှုပ်ခြင်း၊ ဦးခေါင်းကင်းမဲ့ခြင်း၊ ဦးခေါင်းနှစ်လုံးရှိခြင်း၊ ကြောက်မက်ဖွယ် ဖောက်ပြန်သော ဦးခေါင်း၊ မျက်နှာ စသည်တို့ကို ထင်မြင်ခြင်းရှိပါက ထိုသူ၏ အသက်အာယုသည် ဆုံးခန်းတိုင် ရောက်လေပြီဟု သိအပ်သည်။

## မန္တန်တန်ခိုးနှင့် သားဖွားလွယ်စေမည်

"မုတ္တာယာသာဝိမုတ္တဥ္စ၊ မုတ္တာ သူရိယေနရမ္မယော မုတ္တော၊ သဗ္ဗဘယာ ဂဗ္ဘောဒေဟိ၊ မာစိရမာစိရ-သွားဟာ"

အထက်ပါမန္တန်ဖြင့် ရေကို ခုနစ်ကြိမ်မန်းမှုတ်၍ ကိုယ်ဝန်ဆောင်မိခင်လောင်းကို သောက်စေသည်ရှိသော် သားကို ချမ်းသားစွာ ဖွားမြင်၏။

## သားဖွားလွယ်စေသော ကျမ်းပြု 'အင်း'

| | | |
|---|---|---|
| ၁၆ | ၆ | ၈ |
| ၂ | ၁၀ | ၁၈ |
| ၁၂ | ၁၄ | ၄ |

အထက်ပါအင်းကို ရေစိမ်၍ ကိုယ်ဝန်ဆောင်မိခင်လောင်းကို သောက်စေသည်ရှိသော် သားကို ချမ်းသာစွာ ဖွားမြင်စေ၏။

မှတ်ချက်။ ။ သားဖွားလွယ်မန္တန်နှင့် အင်းကို လက်တွေ့အသုံးပြုဖူးပါသည်။

## ပရိတ်မေတ္တာ သစ္စာစကားကြောင့် ကျန်းမာပကတိ 'မင်းခေါင်'ရ၏

မြန်မာ့စာပေသိုက်ဝင် ရှင်မဟာရဋ္ဌသာရ ဆရာတော်သည် ဒုတိယမင်းခေါင်(သက္ကရာဇ် ၇၄၂) နာမကျန်းရှိသောအခါ လျှောက်ထားပင့်ဆောင်သည့်အတွက် "ရတနသုတ်"၊ "မေတ္တသုတ်"၊ "မောဂ္ဂျင်သုတ်"ပရိတ်များကို ရွတ်၍ သစ္စာစကားဆိုသည့်အတွက် ဒုတိယမင်းခေါင် အဖျားရောဂါပျောက်၍ ကျန်းမာပကတိ ရှိတော်မူကြောင်းကို ဦးဆန်းထွန်း(မန်းတက္ကသိုလ်)၏ "လိုရာသုံး ဂါထာမန္တန်များစာအုပ်"တွင် ဖတ်ရှုမှတ်သားရှိရာမှ ကျန်းမာရေးရာ ရှင်မဟာရဋ္ဌသာရ ဆရာတော်မြတ်၏ သစ္စာစကားကို ရေးပြလိုက်ပါသည်။

၁။ မဋ္ဌိမတိုက်၊ ပြည်ကြီး၌ဝယ်၊ အောင်မြိုက်သာစည်၊ ဝေသာပြည်တွင် သုံးမည့်လူ့ဖျာ၊ မြတ်ဘုရားလျှင်၊ တရားဒေသနာ၊ မှန်လှစွာသည်၊ မေတ္တာရတနသုတ်၊ အဟုတ်လွှဲ့ဘိ၊ ယံကိဉ္စိကို၊ မုနိရှင်တော်၊ အာနန်ခေါ်၍၊ ဖျော်ဖျော်ရွတ်မန်း၊ ရေစင်ဖျန်းက၊ နေဝန်းရောင်ကျောက်၊ အမိုက်ပျောက်သို့၊ ရောက်တုံ့ အပြား၊ ဘေးသုံးပါးလည်း၊ ထွားထွားညက်ကြေ၊ ငြိမ်းဖူးလေသို့၊ ဟုတ်ပေမှန်စွာ၊ ဤသစ္စာကြောင့်၊ ဖျားနာပျောက်ပြယ်၊ မင်းမြတ်နွယ်သည်၊ ပန်းနှယ်လျှင် စောလန်းစေသော။

၂။ ရမ္မက်ကိလေ၊ ဆယ်ခုမြေသား၊ မြတ်ထွေအပေါင်း၊ ထေရ်မြတ်လောင်းတို့၊ ရိုက်ချောင်းကြေညာ၊ ချီအံ့အာသည်၊ မဟာကဿပ၊ မြတ်ထေရ်လျှင်၊ မထပျောင်းအိ၊ နာဖျားရှိသော်၊ မုနိထွတ်တင်၊ ထိုချစ်ရှင်လင်၊ မောဂ္ဂျင် ခုနစ်ဦး၊ ရွတ်သံကျူး၍၊ မြူးမြူးပုံ့ပုံ့၊ နာရင်းလွှဲ့က၊ အီခံကျန်းတော၊ လွတ်လျှင်ဆော၏၊ မှန်သောစကား၊ သစ္စာအားကြောင့်၊ နာဖျားမရှိ၊ သမာဓိနှင့်



www.burmeseclassic.com

www.burmeseclassic.com

သတိသမ္ဗောဇ္ဈင်၊ သက်တော်ရှည်၍၊ ကြံ့ခိုင်မပျိုင်း၊ စီးပွားလှိုင်လျက်၊ မြန်တိုင်းထွန်းပေါ်၊ မင်းမြတ်ကျော်သည်၊ ကိုယ်တော်လျှင်ဆော၊ ကျန်းစေသော။

၃။ အခါတစ်ပါး၊ သုံးလူ့ဖျားလျှင်၊ ငါးပါးခန္ဓာ၊ လေးဖြာဓာတ်မ၊ မမျှသောအား၊ လွန်ချောက်ချားသော်၊ တရားဗောဇ္ဈင်၊ ခုနစ်အင်ကို၊ အရှင်စုန္ဒ၊ ရွတ်စေရကာ၊ ခဏချင်းဝယ်၊ အဖျားပြယ်သို့၊ ဘုန်းကြွယ်မြတ်စွာ၊ သုံးလူ့ချာလျှင်၊ အီသာရှင်လန်း၊ ကိုယ်တော်ကျန်းဟု၊ ဥဒါန်းသဘော၊ ဤသို့ဟော၏၊ ဟုတ်သောမှန်စွာ၊ ဤသစ္စာကြောင့်၊ ဖျားနာပျောက်တွေ၊ ကြာဖက်ရေသို့၊ လျှောကြွေရွှေ့ရွှေ့၊ တစ်နေ့တစ်ပါး၊ ကြွားကြွားကြွကြွ၊ ကြောင်းကြောင်းထလျက်၊ ရှင်ပျံ့ပြုံးရယ်၊ မင်းမြတ်နွယ်သည်၊ လနယ်လျှင်ဆော၊ ဆန်းစေသော။

ဆေးကုသသောသူတို့ ထားအပ်သော ပရိတ်တော်တို့လာ မေတ္တာတရားနှင့် ဆိုအပ်သော သစ္စာစကားတို့ကြောင့် ဆိုင်ရာ ရောဂါဝေဒနာခံစားနေရသူ လူနာတို့အတွက် ကျန်းမာရေးရာ အကျိုးသက်ရောက်ပုံနှင့် သုတ္တသံဓမ္မဇာတ်တော်လာ သစ္စာစကား ဆိုရုံသက်သက်ဖြင့် အသက်မသေ၊ ကြောင်းစုံအင်ကို ထောက်ထားသက်သေပြုရပေသည်။

## ဆောင်းပါးအဆုံး စာနိဂုံး

မနုဿတ္တ ဘာဝေါ ဒုလ္လဘော = အနုဿတ ဘာဝေါ = လူ့ဘဝ လူ့အဖြစ်ကို၊ ဒုလ္လဘော = ရနိုင်ခဲ၏ဟု ဗုဒ္ဓမြတ်စွာဟောကြားတော်မူသကဲ့သို့၊ အာရောဂျံပရမံလာဘံ = အာရောဂျံ အနာရောဂါကင်းရှင်း ကျန်းမာခြင်းသည်၊ ပရမံ-မြတ်သော၊ လာဘံ-မည်၏ဟုလည်း မိန့်မှာဟောထားခြင်း ရှိပါသည်။ လူ့ဘဝကို ရတုန်းရခိုက် ကိုယ့်အကျိုး အများအကျိုးကို ဆောင်ရွက်နိုင်ပါမှ လူဖြစ်ရကျိုးနပ်ပါမည်။ မကျန်းမမာရှိပါလေက အသက်မသေဖြား အချည်းနှီးသာ ဖြစ်ပါချေ၍ ရဟန်းရှင်လူ၊ ရသေ့ယောဂီ၊ ပညာရှိသူတို့သည် လူတို့အတွင်း ကျန်းမာခြင်းရှိအောင် ကျန်းမာရေးရာ ကိစ္စများအတွက် လမ်းဟောင်းကိုလျှောက်ရင်း လမ်းသစ်ကိုလည်း တီထွင်ကြံဆလျက် ဝိဇ္ဇာသိပ္ပံနည်းမျိုးစုံစွာဖြင့် ဆေးမျိုးစုံစွာ ကုထုံးနည်းအဖုံဖုံကို ဖော်ထုတ်၍ လက်တွေ့အသုံးချနေသည်ကို ငါ-သူ လူတကာ ကမ္ဘာအသိပင် ဖြစ်ပါသည်။

ရောဂါဝေဒနာ၌ အတွင်းရောဂါဝေဒနာဟု ဆိုအပ်သော ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ အာကာသဓာတ်တို့ပျက်၍ မကျန်းမမာရှိသည်ကို ဆေးအားကိုး၊ ဂါထာ၊ မန္တန်၊ ယတြာပြုနှင့် ကုစား၍ ရပင်ရဖြားသော်လည်း အပြင်ရောဂါဝေဒနာဟုဆိုအပ်သော ဗုဒ္ဓဟောကြား ကံငါးပါးကို မသိကျိုးကျွန် မျက်ကွယ်ပြု၍ စိတ်နောက်ကိုယ်ပါ လောဘ၊ ဒေါသ၊ မောဟ စေခိုင်းရာအတိုင်း လော်လီဖောက်ပြားအဓမ္မကိုဆောင်၍ ရရှိအပ်သော ဆိုးကျိုး၊ ရောဂါဝေဒနာတို့အတွက်မှာကား ကျန်းမာရေးရာ ဘယ်ဆေးမမီ အသက်ကိုပင် ရုတ်ခြည်းချတတ်စေ၍ ဖြူမည်းမခြား၊ လူမျိုးမရွေး ဘာသာကွဲပြားစေမူလည်း အဓိက(အခြေခံ) လူတို့စောင့်ထိန်းအပ်သော ကံငါးပါးကို သတိနှင့်ယှဉ် လိုက်နာရန်တော့ လိုပါကြောင်းကို ရေးသားဖော်ပြ၍ ဆောင်းပါးအဆုံး စာနိဂုံးပြုလိုက်ရပေသည်။

မြဂုဏ်ရည်

ရည်ညွှန်းကိုးကားစာ

၁။ အာယုဗ္ဗေဒ သိရောမဏိ ဆေးကျမ်းကြီး။
၂။ ကမ္ဘာ့အာယုဗ္ဗေဒ ဆေးကျမ်းကြီး(တတိယတွဲ)။





www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်ချစ်တဲ့သူ သူများယူ စိတ်ထဲက အလွန်ပူတာ

သစ္စာဝါဒီ ဆရာမြတ်စောလင်း

သယ်န်းကျွန်း၊ ကျိုက္ကစံဘုရား အရှေ့ဘက်မှခ်ရှိ ကျွန်ုပ်၏ ဆိုင်ခန်းရှေ့သို့ နောက်ဆုံးပေါ် မော်ဒယ်အသစ် ကားလေးတစ်စီး ထိုးဆိုက်လာ၏။ ကားပေါ်မှ နှစ်ဆယ်ကျော် သုံးဆယ်ဝန်းကျင် အမျိုးသမီးတစ်ဦးသည် ကျွန်ုပ်၏ ဗေဒင် ဟောခန်းအတွင်းသို့ ဝင်လာတော့၏။ ကျွန်ုပ်အားမြင်လျှင်

"ဆရာ···ထိုင်ခွင့်ပြုပါ"

"ဩော်···ထိုင်ပါထိုင်ပါ ဗေဒင်မေးဖို့ လာတာပဲ ထိုင်ခုံမှာထိုင်ရမှာပေါ့"

"ဆရာ···ဂျွန်မ ဗေဒင်မမေးချင်ဘူး"

"ဗျာ···"

ကျွန်ုပ်သည် အာမေဋိတ်သံပင် ထွက်သွား၏။ ကျွန်ုပ် ဗေဒင်ခန်းထဲဝင်လာပြီးမှ ဗေဒင်မမေးချင်ဘူးတဲ့။

"ကဲ ···ပြောပါဦး၊ ဒါဆို ဆရာ့ကို ရုပ်ချော၊ မချော ကြည့်ဖို့လာတာလား···ဟဲဟဲ"

ကျွန်ုပ်သည် အရွှန်းဖောက်၍ ပြောလိုက်သောအခါ သူသည် ပြုံး၍ ကျွန်ုပ်မျက်နှာအား စိုက်ကြည့်နေရာမှ ခေါင်း ကိုင့်ထားလိုက်ပြီး -

"ကျွန်မ ယတြာလုပ်ချင်လို့ လာတာပါ"

"ဩော်···သမီးရယ် ဆရာက ဗေဒင်မမေးချင်ဘူး ဆိုတော့ နတ်ပူးပြီးများ ဟောရမှာလားလို့"

"ဆရာက ရယ်စရာပြောတတ်တယ်နော်"

ကျွန်ုပ်သည် မုင်သက်သတ်လိုက်ပြီး သူမအား ခပ်တည်တည်ကြည့်၍ -

"သမီးဝင်လာကတည်းက ဘာကိစ္စဆိုတာ ဆရာတို့ ပညာရှင်တွေက သိပြီးသားပါ။ သမီးရောက်တာက တနင်္ဂနွေ ချိန်မှာလေ။ အိုးအိမ်၊ အိမ်ထောင်၊ အုပ်စု အဆင်မပြေ မှုကြောင့် ရောက်လာတာ မဟုတ်လား"

"မှန်ပါတယ်ဆရာ။ ကျွန်မ အိမ်ထောင်ကျတာ ဆယ် နှစ်ရှိပါပြီ။ ကလေးနှစ်ယောက်နဲ့ပါ။ ခု ကျွန်မအမျိုးသားက နောက်အငယ်ပေါ်နေတယ် ဆရာ။ အစကတော့ ကျွန်မ စိတ်ရှည်သည်းခံပြီး နေပါတယ်။ ကလေးနှစ်ယောက်က လည်း ရှိနေတော့ စိတ်ရှည်ရှည်နဲ့ နေပါတယ်။ ခုတော့ ဒီပုံဆိုရင် အခြေအနေက ပိုဆိုးလာတော့မှာမို့ ဆရာ့ဆီ ပြေး လာခဲ့တာပါ"

ကျွန်ုပ်သည် ကိန်းဂဏန်းတို့ကို စဉ်းစားရင်း သူမ ပြောသော စကားများကို နားထောင်နေလိုက်သည်။

"သမီးအမျိုးသား နာမည်က ဘယ်သူလဲ"

"ကျော်ကျော်ပါ ဆရာ"

"တနင်္လာသားလား"

"ဟုတ်ပါတယ် တနင်္လာသားပါ"

"သမီးမွေးနံနဲ့ နာမည်ကရော"

"သမီးက နေရွှေရာပါ စနေသမီးပါ"

"သမီးယောကျ်ားနဲ့ချစ်ကြိုက်ကြတဲ့ ကလေးမနာမည် ကရော"

"သိမ့်သီတာအောင်တဲ့ ဆရာ၊ မွေးနံတော့ မသိဘူး"


"နာမည်အရဆိုရင် သောကြာပေါ့"

"ဟုတ်ပြီ ဒါဆို နားထောင်။ ပထမဆုံး တစ်ခါသုံး ပန်းကန် နှစ်ချပ်ရှာ။ ကြက်ဥ နှစ်လုံးရှာပြီးရင် အဲဒီကြက်ဥ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ ခါးထောက်ပြီး လက်ညှိုးထိုးရန်တွေ့နေတဲ့ပုံဆွဲ။ နှစ်လုံး စလုံးပေါ်မှာ ဆွဲရမယ်။ တစ်လုံးက ယောက်ျားပုံ။ တစ်လုံး က မိန်းမပုံ။ နှစ်ယောက် မျက်နှာချင်းဆိုင်ထားရမယ်။ ပန်းကန် ပြားထဲမှာ ဆန်ထည့်ပြီး ဆန်ပေါ်မှာ ကြက်ဥကို ထောင်ထား။ ရှာတော်ရှင် နတ်ကွန်းနတ်နန်းမှာ ကြက်ဥပန်းကန် နှစ်ချပ် ရှေ့မှာ မီးနှစ်တိုင်ထွန်း။ ဖြစ်ချင်တဲ့ဆန္ဒကိုပြော။ အဲဒီကြက်ဥ မှာ မွေးနေ့နဲ့ နာမည်ရေး။ ကိုယ့်ဆန္ဒကို ရှာတော်ရှင်၊ နယ် တော်ရှင်၊ နတ်တို့ကို တိုင်တည်ပြီး မီးငြိမ်းအောင်စောင့်။ မြန်မြန်မီးငြိမ်းစေချင်ရင် မှိုင်းခံစက္ကူအဖြူပတ်ပြီးထွန်း။ ဒါမှ မဟုတ် ဆရာ့ဆီက အင်းဖယောင်းတိုင်ယူသွား။ မီးထွန်းပြီး အပြန်မှာ သမီးအမျိုးသား တနင်္လာသားကျော်ကျော်ရဲ့ ကြက်ဥကို အိတ်နဲ့ထည့်ပြီးယူလာ။ ဟိုကောင်မလေး သိမ့်သိ တာဆိုတဲ့ ကြက်ဥကို လက်က အလွယ်တကူကိုင်လာခဲ့။ အိမ်မရောက်ခင် လမ်းခုလတ်မှာ ကိုယ်ဖြစ်စေချင်တာတွေ ကို ပြည့်ပြည့်စုံစုံပြောပြီး လမ်းပေါ်ကို အဲဒီကြက်ဥ ပေါက်ခွဲ ပစ်လိုက်။ သမီးအမျိုးသားနာမည်ပါတဲ့ ကြက်ဥကို အိမ်ဝန်း ခြံထဲ ရောက်မှခွဲ။ အဲလိုလုပ်လိုက်ရင် ရက်သတ္တတစ်ပတ် အတွင်းမှာ သမီးဖြစ်ချင်တာတွေ ဖြစ်သွားလိမ့်မယ်"

ဝါခိုမိုးသည် တသိမ့်သိမ့်ရှာနေ၏။ ကျွန်ုပ်၏ဆိုင်ရှေ့ သို့ ကားလေးတစ်စီး ထိုးဆိုက်လာ၏။ ကားပေါ်မှ အမျိုးသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦး ကလေးနှစ်ယောက်နှင့်အတူ ဆင်းလာကြ၏။ အမျိုးသမီးသည် ပြုံးရွှင်သော မျက်နှာနှင့်

"ဆရာ သမီးကို မှတ်မိလား။ နေရဥ္စရာလေး။ ဒါ·· သမီးအမျိုးသား ကိုကျော်ကျော်ပါ ဆရာ။ ဆရာ့ဆီ ဝါဝင်ဝင်း ကန်တော့ရင်းနဲ့ အမျိုးသားစီးပွားရေးကိစ္စလေး ဆွေးနွေးတိုင် ပင်ရအောင်လို့ပါ။ ဆရာ့ရဲ့ ယတြာအစွမ်းကြောင့် သမီးတို့ မိသားစု ပျော်ပျော်ရွှင်ရွှင်နေရပါပြီ ဆရာ။ ဒီပစ္စည်းလေးတွေနဲ့ ဒီငွေကို ကျွန်မတို့ ကန်တော့ပါရစေ ဆရာ"

နေရဥ္စရာသည် အဝတ်အစား၊ အာဟာရ၊ ဆေးဝါး ဘာသာရေးသုံး ပစ္စည်းများနှင့်အတူ ငွေထည့်ထားသော လယ်သာသားရေပိုက်ဆံအိတ်နှင့်အတူ အပြည့်ထည့်ထား သောငွေများကို လက်နှစ်ဖက်ဖြင့်ကိုင်၍ ကြမ်းပြင်တွင် ဒူးတုပ် ထိုင်ပြီး ကျွန်ုပ်အား ကန်တော့နေ၏။ ကျွန်ုပ်သည် ဆုများပေး ၍ ထိုသို့ကန်တော့ခံနေရခြင်းသည် ကျွန်ုပ်တော်၍မဟုတ် မြစ်ငယ်မြို့မှ ကျွန်ုပ်၏ဆရာ ဆရာဦးကျော်ညွှန့်၏ ပညာများ ကြောင့်သာဖြစ်သဖြင့် စိတ်ထဲမှနေ၍ ဆရာကြီး သရေဒယ ပညာရှင် မြစ်လောင်းရွာမှ ဦးကျော်ညွှန့်အား ဂါရဝပြုနေမိ တော့သတည်း။

ကျေးဇူးရှင်အား ရှိခိုးပါ၏

**သစ္စာဝါဒီ ဆရာမြတ်စောလင်း**

၁၉-၉၉၅၇၂၉

www.burmeseclassic.com

www.burmeseclassic.com

သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိခ်၏ နည်းစနစ်အတိုင်းဟောသည်

# ဒေါက်တာစောယုနွယ်

တကယ်ဆိုတော့ . . . .

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာမိမိ အသိဆုံးပါ။ ဒါပေမဲ့ ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ဓမ္မတာပါပဲ။ ပြည်ဖုံးကား နောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါ ကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။ အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသ လိုက်ရတာကြောင့် ဒီစာမျက်နှာမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် . . .



အမှတ် (၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊ ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀
၀၉-၇၈၉၉၅၉၅၆၇

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် အဖက်ဖက်က စိတ်ချမ်းသာစရာတွေ ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ ပျော်စရာတွေ များလွန်းလို့ အမှားအယွင်းတွေလည်း တွေ့တတ်ပါ တယ်။ ဘာလုပ်လုပ် နှစ်ခါပြန်ဖြစ်တတ်တယ်။ အလှူအတန်းပြုရခြင်း၊ မင်္ဂလာပွဲ များ စီစဉ်ပေးရခြင်းများ ပြုလုပ်ရတတ်တယ်။ လုပ်ငန်းသစ်များ စတင်ရတတ် တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ ဘုရား ဆင်းတုတော်၊ ပုံတော်များ ကြွလာမယ်။ အလွန်ကောင်းသောနိမိတ် ဖြစ်ပါတယ်။ ဤကာလအတွင်း စီးပွားအလွန်ကောင်းသကဲ့သို့ ကိုယ်ကျင့်တရား အထူးအရေး ကြီးသောအချိန် ဖြစ်ပါတယ်။ ကိုယ်ကျင့်တရားပျက်သော် ဒုက္ခရောက်တတ် တယ်။ ယခုကာလတွင် အိမ်ထောင်မပြုရပါ။ အိမ်ထောင်ပြုလျှင် တည်မြဲသော အိမ်ထောင် မဖြစ်နိုင်ပါ။ ရွှေနှင့် ရတနာပစ္စည်းများ ဝင်မယ်။ ငွေရှာရလွယ်ကူပေ မယ့် စုဆောင်း၍ မရပါ။ ငွေဝင်လျှင် ကိုင်မထားရ၊ ရွှေဝယ်ထားပါ။ မြေကိစ္စ၊ အမွေအနှစ်ကိစ္စများ ကြုံရတတ်တယ်။ အောင်မြင်သွားမှာပါ။ စိတ်မပူပါနှင့်။ ကံကောင်းနေတဲ့ကာလမို့ ယခင်က ကိုယ့်ကို နှိမ်ခဲ့တဲ့သူတွေက ပခုံးပေါ် ထမ်းတင်နေမယ့် အချိန် ဖြစ်ပါတယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အဆင်မပြေဖြစ်မယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရ တတ်တယ်။ ကျန်းမာရေးအနေဖြင့် အစားမှား၊ ဆေးမှားခြင်း၊ သွားဒုက္ခပေးခြင်းများ ကြုံရမယ်။ မြောက်အရပ်သို့ ရေလမ်းခရီး မသွားပါနှင့်။ အဆိပ်ရှိသောအကောင် အကိုက်ခံရတတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅) နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ယပ်အဖြူရောင်(၁၂)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

သောကြာ၊ အင်္ဂါ

### ကံကောင်းသောနံပါတ်

၂၂၊ ၄၄၊ ၂၄

### အထူးသတိပြုရန်

မိမိအိမ်တွင် လင်စုံမယားဖက် ဧည့်သည်များ ညအိပ်ညနေ လက်မခံပါနှင့်။ ဆိတ်သားရှောင်ပါ။ သစ္စာပန်း မထိုးပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း မုန့်လက်ကောက်(၆)ခု လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် စည်းစိမ်ဥစ္စာတွေ တိုးတက်လာပါလိမ့်မယ်။ ကိုယ့်ရဲ့ မိဘတွေကိုလည်း ပြန်လည်ကျွေးမွေးစောင့်ရှောက်နိုင်တဲ့ ကာလဖြစ်တယ်။ စီးပွား သိသိသာသာတက်မယ်။ သိကြားမလိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာ မြင့်တက်သွားလိမ့်မယ်။ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်း ဟောင်းများ ပြန်ပေါ်တတ်တယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ အထက်လူကြီး ဆရာသမားများလို ပုဂ္ဂိုလ်မျိုးကလည်း ကြည့်ရှုစောင့်ရှောက်တတ်တယ်။ မိတ်ဆွေကောင်း၊ ဆရာ ကောင်း တွေ့မယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ ပညာကောင်းရခြင်းများ ကြုံမယ်။ စာမေးပွဲတစ်ခု ဝင်ရောက်ဖြေဆိုလျှင် အောင်မြင်မယ့်ကာလ ဖြစ်ပါတယ်။ ပြည်ပ ကလည်း ကိုယ့်ကို လာရောက်ဖို့ ခေါ်ယူတာမျိုး ကြုံတွေ့ရတတ်တယ်။ မြေတစ်ကွက်လည်း ဝင်တတ်တယ်။ မိမိအိမ်မှာ စေ့စပ်မင်္ဂလာပွဲ လုပ်ရတတ်တယ်။ သူများမင်္ဂလာပွဲကိုလည်း ကိုယ်က ပါဝင်လုပ်ဆောင်ပေးရတတ်တယ်။ လွတ်လပ်ပြီး အရွယ်ရောက်သူဆိုလျှင် အိမ်ထောင်ကျတတ်တယ်။ အဖိုးတန် ကျောက်မျက်ရတနာတစ်ခု ဝင်လာတတ်တယ်။ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ ရင်းနှီးသူများနှင့် အဆင်မပြေ လမ်းခွဲရခြင်းများ ကြုံရတတ်တယ်။အမှုအခင်းများ နှင့် ပတ်သက်ရတတ်တယ်။ စိုးရိမ်စရာ မရှိပါ။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်ပါလိမ့်မယ်။ စက်ပစ္စည်းအသစ်များ ဝင်မယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက်နှင့် ပတ်သက်ပြီး စိတ်ညစ်ရတတ်တယ်။ ကျန်းမာ ရေးအနေဖြင့် နှလုံးနှင့် ပတ်သက်၍ ကျန်းမာရေးညံ့ခြင်း၊ ဒူး၊ နား ဒုက္ခပေးခြင်းများ ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ (၅)ညွန့်၊ တံခွန်ဖြူ(၂၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ အင်္ဂါ

### ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

### ကံကောင်းသောနံပါတ်

၅၅၊ ၃၃၊ ၃၅

### အထူးသတိပြုရန်

ယခုကာလအတွင်း နာရေး လုံးဝမသွားပါနှင့်။ ညအိပ်ညနေ နာတာရှည် လူမမျှား လာရောက်ဆေးဝါးကုသ ါက လက်မခံပါနှင့်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ဘုရားတွင် ကြာသပတေးနေ့တိုင်း ဆီထမင်း(၈)ပုံ၊ စံပယ်ပန်း(၈)ကုံး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းနေပါတယ်။ မပြည့်စုံတာတွေ ပြည့်စုံလာမယ်။ ဖြစ်ချင်တာတွေ မုချဖြစ်လာမှာပါ။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်း လုပ်ရတတ်တယ်။ လုပ်ငန်းအသစ်ပေါ်ခြင်း(သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်သော အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ လုပ်ငန်းနှင့် ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ လုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သောကာလ ဖြစ်တယ်။ မင်္ဂလာဆောင်လျှင် စည်ကားသော မင်္ဂလာဆောင်ဖြစ်မယ်။ ခရီးအကျိုးပေးသော ကာလဖြစ်တယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ပြည်ပခရီးသွားမည်ဆိုလျှင် ယခုကာလတွင် ပြုလုပ်ပါက ကံကောင်းတတ်တယ်။ ယခုကာလတွင် အိမ်ဆောက်ပါက အိမ်ကြီးအိမ်ကောင်းရ၍ အကျိုးပေးသောအိမ်မျိုး ရတတ်တယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများ ဝင်လာတတ်တယ်။ ယခုကာလတွင် ဝယ်သော ရွှေထည်ပစ္စည်းသည် ရာသက်ပန် အကျိုးပေးတာမျိုး ဖြစ်တတ်တယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ စက်ပစ္စည်းများ အသစ်လဲရခြင်း ထွက်နေသော စက်ပစ္စည်းများ ပြန်ဝင်မယ်။ မြေကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ လူမျိုးခြား၊ ဘာသာခြားတွေ မစတတ်ပါတယ်။ ငွေအထုပ်အထည်နှင့် ရတတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများ ဝင်တတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်က လိမ့်ကျတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီ တွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ငြိမ်းချမ်းရပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၄၊ ၆၂၊ ၄၆၊ ၄၂

### အထူးသတိပြုရန်

ယခုကာလတွင် အိုးပိုင်အိမ်ပိုင် ရနိုင်သော ကာလဖြစ်သောကြောင့် သူတစ်ပါး၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို လက်ခံခြင်းမျိုး မပြုလုပ်ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း လက်သုပ်ဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် မရသေးတာတွေ ရလာမယ်။ ရပြီးသားပစ္စည်းတွေလည်း တိုးပွားလာတတ်တယ်။ အလှူအတန်းကိစ္စတွေလည်း ကြုံတွေ့ရတတ်တယ်။ ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ မိမိအလုပ်မှလည်းကောင်း၊ ထီပေါက်၍လည်းကောင်း ဝင်လာတတ်ပါတယ်။ လက်ရှိအခြေအနေထက် အဆပေါင်းများစွာ စီးပွားတက်လိမ့်မယ်။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေး အောင်မြင်လိမ့်မယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်တဲ့သူဆိုရင်တော့ လုပ်ငန်းတွေ အများကြီး တိုးချဲ့ရတတ်တယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေ မြင့်တက်ခြင်း ကြုံရလိမ့်မယ်။ ပညာရေးကိစ္စ၊ သင်တန်းကိစ္စများကို အခြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ရွှေထည်ဝယ်လျှင် အသစ်များ ဝယ်သင့်တယ်။ အဟောင်း မဝယ်သင့်ပါ။ ဆွေမျိုးအကြီးအကဲနှင့် ပတ်သက်ပြီး ကျန်းမာရေး ညံ့တဲ့သတင်းတွေ ကြားရတတ်တယ်။ လက်အောက်ငယ်သား တပည့် သားသမီးများနှင့် ပတ်သက်ပြီး စိတ်ပူပင်ရတတ်တယ်။ ပြည်ပခရီးသွားရကိန်း ရှိတယ်။ ခရီးလည်း မကြာခဏ သွားရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နှင့် ဦးခေါင်း ဒုက္ခပေးတတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ထီးဖြူ(၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၂၁၊ ၂၇၊ ၄၂၊ ၄၆

### အထူးသတိပြုရန်

မိမိအိမ်အနီးအနားတွင် ကလေးတစ်ယောက် ရေနစ်သောနိမိတ်၊ အရူးတစ်ယောက် ကခုန်သော နိမိတ်တွေ့ပါက ဝင်လာစရာရှိသော လာဘ်လာဘများ နှောင့်နှေးတတ်သောကြောင့် ကျွန်ုပ်နှင့် လာရောက်တွေ့ဆုံပါ။ ပြေပျောက်သွားအောင် ကူညီပေးပါမယ်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ငွေထီး(၉)လက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့တတ်ပါတယ်။ အလုပ်အကိုင် အဆင်မပြေမှုလေးတွေ ကြုံတွေ့ရတတ်တယ်။ အလုပ်အပြောင်းအလဲတွေ မလုပ်ပါနှင့်ဦး။ အထက်လူကြီးက ငြိုငြင်တတ်တယ်။ ကိုယ့်ကို မနာလိုတဲ့သူတွေရဲ့ ပြစ်တင်ပြောဆိုခြင်း ခံရတတ်တယ်။ အခုရောက်ရှိနေတဲ့ကာလအတွင်း တပို့တွဲလ၊ ပြာသိုလများ ပါရင်တော့ ပိုပြီးဂရုစိုက်ပါ။ အလုပ်အကိုင် ညံ့ပေမယ့် စုတ်ကောင်းလာဘ်ကောင်းဝင်ခြင်း၊ အချစ်ရေးကောင်းခြင်း ကြုံရတတ်တယ်။ အိမ်ထောင်ရှင်များဖြစ်လျှင် သားသမီးရတနာများ ထွန်းကားတတ်တယ်။ ပြည်ပနဲ့ အဆက်အသွယ်ကောင်း ရလိမ့်မယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားရင် ယခုကာလတွင် လှုပ်ရှားလိုက်ပါ။ အောင်မြင်မှု ရတတ်တယ်။ မြေတစ်ကွက် ဝင်တတ်တယ်။ မြေကွက်နဲ့ ပတ်သက်ပြီး ငွေဝင်ကိန်း ရှိပါတယ်။ သင်တန်းတစ်ခု တက်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နဲ့ ပတ်သက်တဲ့ဝေဒနာ ခံစားရတတ်တယ်။ ခြေထောက်တွင် ထိခိုက်ဒဏ်ရာ ရတတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ယပ်အဝါရောင်(၁၇)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ ကြာသပတေး

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၁၂၊ ၃၅၊ ၃၄

### အထူးသတိပြုရန်

ယခုကာလအတွင်း ရွှေငွေပေါင်နှံခြင်း၊ ချေးငှားခြင်း၊ အာမခံလုပ်ခြင်းများ လုံးဝမပြုလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ဘုရားတွင် လမုန့်(၅)ခု လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းသစ်လုပ်ရန် အကြံအစည်ကောင်းများ၊ အဆက်အသွယ်ကောင်းများ ပေါ်လာလိမ့်မယ်။ ဤကာလအတွင်း ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမားစရန် မကောင်းသေးပါ။ စိန်ထည် ပစ္စည်း၊ စက်ပစ္စည်းများ ဝင်လိမ့်မယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ဘိုးတော်တု၊ ဆရာတုများ ရောက်လာတတ်တယ်။ မသွားချင်သော ခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ အိမ်ထောင်ပြုလျှင် ကောင်းပါတယ်။ မိမိအိမ်မှာ ကိုယ်ဝန်ဆောင်သည် ရှိလျှင် အထူးသတိပြုပါ။ အိမ်မှာ မမွေးရ။ ဆေးရုံမှာ မွေးပါ။ ဖခင်ဖြစ်သူနှင့် စိတ်ဝမ်းကွဲတတ်တယ်။ ပတ်ဝန်းကျင်ရဲ့ ပြစ်တင်ပြောဆိုခြင်းမျိုး ခံရတတ်တယ်။ မြေကိစ္စ အမွေကိစ္စအတွက် အနည်းငယ် စကားပြောရတတ်တယ်။ ယခုကာလတွင် အမှုမဖြေရှင်းရ၊ တတ်နိုင်သလောက် အချိန်ဆွဲပါ။ မဖြစ်မနေ ရှင်းရမယ်ဆိုရင် အရှုံးပေးလိုက်ပါ။ ကျန်းမာရေး အနည်းငယ် ညံ့တတ်တယ်။ အသက်ကြီးသောသူများအဖို့ လေဖြန်းခြင်း၊ လေဖြတ်ခြင်း ကြုံမယ်။ လူငယ်များအဖို့ ရေနစ်ခြင်း၊ ရေနှင့် ပတ်သက်၍ အန္တရာယ်ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့် (ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

ကြာသပတေး၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၃၅၊ ၃၀၊ ၁၃

### အထူးသတိပြုရန်

ယခုကာလတွင် ကားပွတ်တိုက်မိခြင်း၊ ငွေပျောက်ခြင်း၊ သူခိုးခိုးခံရခြင်းမျိုး ကြုံရတတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း ဆွမ်းပွဲပေါ်၌ ဆီဆမ်း၍ အုန်းသီးစိတ်တင်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့တတ်ပါတယ်။ သွားဖို့ကြံရွယ်ထားတဲ့ ခရီးစဉ်တွေ ပျက်သွားတတ်တယ်။ ဒါပေမဲ့ မထင်မှတ်သောခရီး၊ မရည်ရွယ်သောခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက် ခရီးသွားရတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ လူမျိုးခြားက ကူညီမှုပေးတတ်တယ်။ ပြည်ပခရီးသွားမယ်ဆိုရင် ဒီကာလမှာ သွားလိုက်ပါ။ အနည်းငယ် စိတ်အနှောင့်အယှက်ဖြစ်စရာ ကြုံရပေမယ့် အောင်မြင်မှု ရရှိမှာပါ။ မိသားစုအတွင်းမှာ စိတ်ဝမ်းကွဲစရာတွေ ကြုံရတတ်တယ်။ ကိုယ်ရည်ရွယ်တာတခြား၊ မိသားစုဖြစ်ချင်တာကတခြား ဖြစ်နေတတ်တယ်။ အတတ်ပညာတစ်ခု သင်ကြားရတတ်တယ်။ ဝန်ထမ်းဆိုရင်တော့ အလုပ်နှင့် ပတ်သက်တဲ့ သင်တန်းတက်ခြင်း၊ စာမေးပွဲဖြေဆိုခြင်းများ ကြုံရတတ်တယ်။ ငွေဝင်နည်းပေမယ့် ထိကံကောင်းတဲ့ကာလ ဖြစ်ပါတယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူတွေအဖို့ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ အလုပ်တွင် အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေလိမ့်မယ်။ လက်ရှိအလုပ်အကိုင် ပြောင်းချင်စိတ် ပေါ်လာမယ်။ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေရင်းများနှင့် လမ်းခွဲရတတ်တယ်။ အလှူပွဲ၊ မင်္ဂလာပွဲများ ရက်ရွှေ့ရတတ်တယ်။ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အစာအဆိပ်ဖြစ်ခြင်း၊ ခြေထောက်၊ ခါး၊ သွား ဒုက္ခပေးခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူ(၅)ညွှန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၁၊ ၄၃၊ ၅၇

### အထူးသတိပြုရန်

ယခုကာလတွင် မည်သည့်ပစ္စည်းမှ မငှားရမ်းပါနှင့်။ ငှားလျှင် ဆုံးရှုံးသွားတတ်တယ်။ အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြောင်းခြင်း မပြုပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ဂဏာနိုဆွမ်း(၁၂)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် အလုပ်တွေ မမောနိုင်၊ မပန်းနိုင် လုပ်ရပြီး လုပ်သမျှ အလုပ်တွေ အလွဲအလွဲအချော်ချော် ဖြစ်တတ်တယ်။ ပင်ပန်းသလောက် မအောင်မြင်ဘူး ဖြစ်တတ်တယ်။ ကိုယ့်အပူတင် မဟုတ်ဘဲ မိသားစုအပူ ပတ်ဝန်းကျင်အပူတွေလည်း ကိုယ့်ကို လာဟပ်စေပါတယ်။ မိသားစုဝင်တွေထဲက ကျန်းမာရေးညံ့လို့ ဆေးခန်းတွေ မကြာခဏ သွားရတတ်တယ်။ ရပ်ဝေးက သက်ကြီးရွယ်အိုတွေ အိမ်ကို ဆေးဝါးကုသဖို့ လာတည်းလျှင် လက်မခံပါနှင့်။ ရုတ်တရက် ကျန်းမာရေးညံ့ပြီး ဆုံးပါးသွားတတ်ပါတယ်။ ခရီးများ မကြာခဏ သွားရတတ်တယ်။ ခရီးကောင်းတွေပါ။ ဒါပေမဲ့ ကူးသန်းသွားလာ ရောင်းဝယ်ခြင်းမျိုး လုံးဝမပြုလုပ်သင့်ပါ။ ယခုကာလအတွင်း ကဆုန်လ၊ ဝါခေါင်လများ ပါဝင်နေရင် မိမိအိမ်သူ ဇနီးမယားနဲ့ စကားများခြင်း၊ အခြားအမျိုးသမီးများနှင့် စွပ်စွဲပြောဆိုခံရခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ ယခုကာလတွင် ငွေလည်း ဆုံးရှုံးတတ်တယ်။ စက်ပစ္စည်း ဒုက္ခပေးတတ်တယ်။ ရွှေနှင့် ရတနာပစ္စည်းများ ထွက်ခြင်း၊ ပေါင်နှံရခြင်းများ ကြုံရတတ်တယ်။ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခါးအောက်ပိုင်း ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ထီးနီ(၁၀)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

သောကြာ၊ တနင်္ဂနွေ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၆၊ ၆၁၊ ၁၃

### အထူးသတိပြုရန်

ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုတွင် သွေးထွက်သံယို ဖြစ်တတ်သဖြင့် အထူးဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်က ဘုရားတွင် အုန်းသီးကို ခြစ်ပြီး ကြွေပန်းကန်နှင့်ထည့်၍ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

### ဒေါက်တာစောယုနွယ်

(၂၀၁၈-ခုနှစ်၊ ဖေဖော်ဝါရီလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၄၃၀၃၀၊ ၀၉-၇၇၉၉၅၉၅၆၇

## တနင်္ဂနွေသားသမီးများအတွက်

**ယတြာ**

မိတ်ဆွေတစ်ဦးကို စပါကလင် ဝယ်တိုက်ပါ။

စက်ပစ္စည်းအဟောင်းတွေ ဝင်လာမယ်။ မြေကိစ္စ၊ အမွေကိစ္စ စကားပြောရမယ်။ သားသမီးအတွက် စိတ်ပူရတတ်တယ်။ လူမျိုးခြား အောက်လက်ငယ်သားတို့ကြောင့် ပူပင်သောက ရောက်ရမယ်။ ငွေနှင့် ပတ်သက်၍ ပူပင်သောက ရောက်ရတတ်တယ်။

## တနင်္လာသားသမီးများအတွက်

**ယတြာ**

မိတ်ဆွေတစ်ဦးကို ရွှေကြည်ဆန္ဒင်းမကင်း ဝယ်ကျွေးပါ။

ပျော်ရွှင်စရာကောင်းတဲ့ အလုပ်တွေ လုပ်ရတော့မယ်။ ငွေတွေလည်း ရမယ်။ ကိုယ်လုပ်သမျှ အောင်မြင်ပြီး အရာထင်တတ်တယ်။ အဖက်ဖက်မှာ စိတ်ချမ်းသာစရာတွေ ကြားရမယ်။ ငယ်ရွယ်သူများ ယခုကာလတွင် အိမ်ထောင် မပြုသင့်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

ငွေကုန်ကြေးကျ များနေမယ်။ အညှို့များ ရှိနေတတ်တယ်။ အစစအရာရာ သတိကြီးစွာ ထားရမယ်။ မိမိအပေါ် မကောင်းကြံခြင်း၊ မကောင်းပြောခြင်းများ ခံရတတ်တယ်။ တရားရုံးနှင့် ပတ်သက်ရတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို နန်ကထိုင်မုန့် လက်ဆောင်ပေးပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

အလုပ်တွေ များများလုပ်ရမယ်။ ဝန်ထမ်းတွေအဖို့ သင်တန်းတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုအတွင်း ဝင်ရခြင်းများ ကြုံရမယ်။ အထက်လူကြီး၊ ကြီးကဲသူတို့က ကူညီမ,စမယ်။ ဘာသာရေးနှင့် ပတ်သက်သောပုံများ ဝင်လာမယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်တစ်ဗူး လက်ဆောင်ပေးပါ။

---

## ကြာသပတေးသားသမီးများအတွက်

ငွေအစုလိုက် အပုံလိုက် ဝင်တတ်တယ်။ အလှူအတန်း မုချပြုလုပ်ရတတ်တယ်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်မယ်။ ခရီးမကြာခဏ ထွက်ရတတ်တယ်။ စွပ်စွဲပြောဆိုခြင်း ခံရမယ်။ သင်တန်းတစ်ခု တက်ရတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဒူးရင်းသီးမုန့် လက်ဆောင်ပေးပါ။

---

## သောကြာသားသမီးများအတွက်

အချစ်ရေးတွင် သဘောထားကွဲလွဲတတ်တယ်။ ပြည်ပခရီး သွားရတတ်တယ်။ အလုပ်တွင် အတိုက်အခံ ပြိုင်ဘက်ပေါ်တတ်တယ်။ အကြီးအကဲက ကိုယ့်ကို ငြိုငြင်တတ်တယ်။ အလုပ်ပြောင်း၊ နေရာပြောင်းရတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ရေခွက်တစ်ခွက် လက်ဆောင်ပေးပါ။

---

## စနေသားသမီးများအတွက်

မထင်မှတ်သောခရီး သွားရမယ်။ လူမျိုးခြားနှင့် အကျိုးပေးမယ်။ ငွေများဝင်ပေမယ့် အကုန်အကျ များနေမယ်။ မိမိလုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေဖြစ်မယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်မုန့်တစ်ခု လက်ဆောင်ပေးပါ။

---

## ရာဟုသားသမီးများအတွက်

လူပျို၊ အပျို ဖြစ်ပါက ချစ်သူကြင်ဖက်နှင့် တွေ့ရတတ်တယ်။ စက်ပစ္စည်းတစ်ခု ဝင်လာတတ်တယ်။ သင်တန်းတစ်ခု တက်ရတတ်တယ်။ ငွေရှာရလွယ်ပေမယ့် အဆင်မပြေ ဖြစ်တတ်တယ်။ လူမျိုးခြား ဒုက္ခပေးတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို စာအုပ်တစ်အုပ် လက်ဆောင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## ထေရဝါဒ ဗုဒ္ဓသာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း(ရန်ကုန်) ဩဝါဒခံယူပွဲနှင့် အသင်းကြီး (၁၅)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနား ကျင်းပ



ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ ဒေါပုံမြို့နယ် အခြေစိုက် ဗုဒ္ဓသာသနာ ထေရဝါဒ ထိန်းသိမ်းစောင့်ရှောက်ရေး အသင်း(ရန်ကုန်) အသင်းကြီး၏ ဩဝါဒခံယူပွဲနှင့် အသင်းကြီး (၁၅)နှစ်ပြည့် အခမ်းအနားကို (၁၉-၁၁-၂၀၁၇)နေ့ နံနက် ၈း၄၅ နာရီအချိန် (မြို့နယ် မိုးလုံလေလုံ အားကစားခန်းမ) ယမုံနာလမ်းမကြီး၊ မဟာဗန္ဓုလတံတားအနီး၊ ဒေါပုံမြို့နယ်တွင် ကျင်းပခဲ့ပါသည်။ ၈း၅၀ နာရီအချိန် နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ပြီး အခမ်းအနားဖွင့်လှစ်ပြီးနောက် ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူပြီး ဆရာတော်ကြီးများ ၏ ဩဝါဒကထာများကို နာကြားကြပါသည်။ ထို့နောက် အသင်းနာယကကြီးများ၊ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အမှုဆောင်များ၊ အလှူရှင်များက ဆရာတော်ကြီးများအား လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့ပြီး ဆရာတော်ကြီးများအား ဆွမ်း၊ ချိုချဉ်ခဲဖွယ်များ ဆက်ကပ်ကြပါသည်။

ကြွရောက်လာကြသည့် ဧည့်ပရိသတ် ၅၀၀ ကျော်အား နံနက်စာဖြင့် ဧည့်ခံကျွေးမွေးပြီး အသင်းတံဆိပ်ပါ အိတ်နှင့်တကွ အသင်း(၁၅)နှစ်ပြည့် မဂ္ဂဇင်း၊ အသင်းပြက္ခဒိန် ပဋ္ဌာန်းစာအုပ်ကြီးနှင့် တရားတိတ်ခွေ (၁)ခွေစီပါ ပေးဝေချီး မြှင့်ခဲ့ပါသည်။

ဒေါက်တာသက်ဆွေ

## သာယာကုန်း ဓမ္မပူဇာသဘင် ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက် ဓမ္မာရုံဝတ်အသင်းကြီးမှ ကြီးမှူး ကျင်းပသော ပထမအကြိမ် ဓမ္မပူဇာသဘင်ကို (၁-၁၂-၂၀၁၇)ရက်နေ့တွင် သီတဂူအရှင်တိက္ခသာရ(ကထိက)(သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ ရန်ကုန်)၊ (၂-၁၂-၂၀၁၇)ရက်နေ့တွင် အရှင်ဝေပုလ္လဇောတိ(ခိုနားရာဆရာတော်)(သာသနာ့ခေ ဓမ္မာစရိယ)နှင့် (၃-၁၂-၂၀၁၇)ရက်နေ့တွင် စစ်ကိုင်း ခင်မကန်ဆရာတော် အရှင်ခေမိန္ဒ(မဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာတော်တို့မှ သုံးညတိုင်တိုင် ညစဉ် ၇ နာရီအချိန်တွင် တရားဒေသနာတော်များ ဟောကြားတော်မူခဲ့ပါသည်။


အင်ကြင်း

www.burmeseclassic.com

www.burmeseclassic.com



## ရည်စူးကုသိုလ်



(၁၇-၁၀-၂၀၁၇)နေ့က ဘဝတစ်ပါးမှ ဘဝသစ်သို့ ပြောင်းသွားရှာသော ဒေါ်ညွန့်ညွန့်ရီ၏ ခင်ပွန်း ဦးမောင်မောင်မြင့် (၆၉)နှစ်အား ရည်စူးပြီး ဇနီး၊ သားသမီး မိသားစုများက ၎င်းကျန်ရစ်ခဲ့သော ကျောက်စိမ်းလက်စွပ်တစ်ကွင်း၊ ရွှေကြယ်သီး တစ်စုံတို့အား ပြည်မြို့ အနောက်ဘက်ကမ်း ရွှေဘုံသာမုနိဘုရား အနီးရှိ ပရဟိတတောင်ပေါ်၌ ဦးကျော်သူ(ဥက္ကဌ) နာရေးကူညီမှု အသင်း(ရန်ကုန်) ဦးစီး၍ တည်ထားကိုးကွယ်ဆဲဖြစ်သော "မဟာ ပဏ္ဍိတ ပရဟိတအောင်တော်မူ" စေတီတော်တွင် (၅-၁၁-၂၀၁၇)နေ့က ကွယ်လွန်သူအား ရည်စူး၍ သွားရောက်လှူဒါန်း ခဲ့ကြပါသည်။

ကွယ်လွန်သူသည် အသက်ထင်ရှား ရှိစဉ်ကလည်း ဘုရားတည်၊ ကျောင်းဆောက် စသည့် ဒါနကောင်းမှု၊ သီလ ကောင်းမှု၊ ဘာဝနာကောင်းမှုများ ဆောင်ရွက်ခဲ့သည့်အတွက် ယခု ကျန်ရစ်သူများ ပြုပေးသော ကုသိုလ်အား သာဓုခေါ်ဆိုနိုင်ပြီး လျှင် တစ်ဆင့်ထက်တစ်ဆင့်မြင့်သော ဘုံဗိမာန်တို့၌ စံစားရပါ စေသားဟု ဆုမွန်ကောင်းတောင်းလျက် ထိုကုသိုလ်အား လူသာဓု နတ်သာဓု ခေါ်ဆိုနိုင်ရန် ရေးသားတင်ပြလိုက်ပါသည်။

ရှယ်လီသိန်းမောင်(စိန့်မိုက်ကယ်)

---

## လေအန်ကုန်း အမှတ်(၂) စာအုပ်မိတ်ဆက်ပွဲ



ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄၄)လမ်းရှိ ဓမ္မာရုံကြီးတွင် (၂၇-၁၀-၂၀၁၇)နေ့ နံနက် ၁၀ နာရီတွင် လေအန်ကုန်း အမှတ်(၂) စာအုပ်မိတ်ဆက်ပွဲ ကျင်းပရာ အခမ်းအနားမှူး အောင်သျှင်သူက ဆောင်ရွက် ခဲ့ပါသည်။ အစီအစဉ်အရ ရှေးဦးစွာ မြန်မာနိုင်ငံ စာရေး ဆရာအသင်း ဗဟိုအမှုဆောင် ဆရာဦးစိုးဝင်း(တက္ကသိုလ် စိုးယဉ်)မှ အဖွင့်အမှာစကား ပြောကြားပြီး ဆရာမင်းရုံးယဉ် က မှဒိတာစကား ပြောပါသည်။ ၎င်းနောက် ဆရာ သက်ဆွေနှင့် ဆရာမ မအိတို့က မုဒိတာစကားများ ပြော ကြားကြပြီးနောက် ဆရာကောင်းမြတ်(ခရာတော)မှ မဂ္ဂဇင်းထုတ်ဝေရခြင်းအကြောင်း ရှင်းလင်းတင်ပြ ပြောကြားပြီးနောက် ၁၂း၀၀ နာရီတွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

ရွှေဆောင်တင်ဆွေ

www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းပြည်ပ သာသနာပြုမယ်တော်ကြီး ဒေါ်နန္ဒမာလာ၏ အလှူတော်မင်္ဂလာ



ပြည်တွင်းပြည်ပ သာသနာပြုမယ်တော်ကြီး ဒေါ်နန္ဒမာလာ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဘုမိဖဿမြတ်စွာဘုရားကြီး ပုံစံတူ ကိုးတောင်ပြည့် ချမ်းသာအောင်မြင် မြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနီယပူဇော်ပွဲကြီးနှင့် ဗန်းမော်ဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသအား ဦးထိပ်ထား၍ တောင်ကိုရီးယားနိုင်ငံတွင် တည်ထားကိုးကွယ်မည့် "ငြိမ်းချမ်းအေးရွှေစေတီ" အတွက် ငွေကျပ်သိန်းကိုးဆယ်တိတိအား မတည်လှူဒါန်းပွဲ ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့ သံတံတားရပ်ကွက်၊ ခေမာသီဝံကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်တော်မူသော ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဘုမိဖဿမြတ်စွာဘုရားကြီး ပုံစံတူ "ကိုးတော်ပြည့် ချမ်းသာအောင်မြင် မြတ်စွာဘုရားကြီး" အား ဗုဒ္ဓပူဇနီယပူဇော်ပွဲကြီး ကျင်းပပူဇော်ရာတွင် ခေမာသီဝံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တခေမိန္ဒ(ဓမ္မာစရိယ-ဝိနယဝိဒူ) မြို့နယ်သံဃနာယက အကျိုးတော်ဆောင် ဆရာတော်အား အမှူးထား၍ ပင့်သံဃာ(၄၅)ပါးတို့ကို ပြည်တွင်းပြည်ပသာသနာပြု မယ်တော်ကြီး ဒေါ်နန္ဒမာလာနှင့် တပည့်သာဝကများမှ ဆွမ်း၊ ဘောဇဉ် ဒါတုဗ္ဗဝတ္ထုအစုစု ဆက်ကပ်လှူဒါန်းပွဲကို ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့ ခေမာဝံကျောင်းတိုက်၌ ၁၃၇၉-ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်၊ (၂၃-၁၂-၂၀၁၇)စနေနေ့တွင် နံနက် ၉ နာရီမှ နေ့လည် ၁၂ နာရီအထိ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ ည ၇ နာရီမှ ၁ နာရီအထိ တေးသံရှင် အဆိုတော် မနော်နှင့် အနုပညာရှင်များမှ တေးဂီတများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြောင်းလည်း သိရှိရသည်။


## အောက်ပါဌာနများသို့ လှူဒါန်းလိုပါလျှင် . . .

❖ HIV ပိုးကူးစက်ခံ မိဘမဲ့ကလေးများ၏ သုခရိပ်မြုံဂေဟာ (၀၁-၅၈၁၉၅၅)❖ဆည်းဆာရိပ် ဂီလာနဘိုးဘွားရိပ်သာ (၀၉-၇၃၀၁၈၀၀၇)❖နာရေးကူညီမှုအသင်းသို့ လှူဒါန်းလိုလျှင်ဖြစ်စေ၊ အကူအညီလိုလျှင်ဖြစ်စေ ဆက်သွယ်ရန် (၀၁-၆၃၉၄၉၀)၊ (၀၁-၇၀၉၂၇၇)၊ (၀၁-၅၈၁၃၆၃)၊ (၀၁-၇၀၄၇၈၄)


www.burmeseclassic.com